
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အောင်စေပိုင် စီစဉ်ဖန်တီးသည်

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ မတ်လ

အတွဲ(၈)၊ အမှတ်(၉)

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
ခိုင်မာပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံ့ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ရှင်သန်သော မျိုးချစ်စိတ်ဓာတ်ဖြင့်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။**

BURMESE CLASSIC .com

**သက်တော်မြဲဂါထာ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဂစ္ဆထ တုမှေ ဘိက္ခဝေ ယထာဝိဟာရံ၊ အရက္ခိယာ ဘိက္ခဝေ တထာဂတာ။

www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- ရွှေတိဂုံကုန်းတော်ပေါ်မှ ရာဇမုနိ ... သက်နှင်းဆွေ(ပုပ္ပါး) ၆
- ဆန္ဒထုတ်ဖော် နှစ်ကိုယ့်တစ်စိတ်..... ... ပန်းတနော်နောင်လတ် ၁၆
- သမိုင်းဝင်မျှော်လေးမျှော ဗုဒ္ဓရုပ်ပွားလေးဆူဘုရားများ ... မြမဥ္ဇူဝေ(ကျုံမငေး) ၄၀
- သရေခေတ္တရာခေတ် သမိုင်းဝင် ရွှေပလ္လင်မှော် ... ဦးကျော်(ပြည်) ၅၆
- ဟိုပုံးသီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီး ... ဗေဒသုတေသီဆရာမျိုး ၆၄
- ရွှေပေါင်းသမိုင်းဝင် အောင်တော်မူစေတီတော်နှင့်.. ... မောင်ထည်ဝါ(မျော်ဘွယ်) ၁၃၄


## ဘာသာရေးသုတ/ရသဆောင်းပါး


- [illegible] ... စိန်ကျော်ဦး ၁၂
- [illegible] ... မေတ္တာရှင်ရွှေပြည်သာ ၁၉
- [illegible]..... ... မင်းထက်ကျော်(B.Sc) ၃၀
- [illegible] ... မွှာစရိယဦးငွေလှိုင် ၃၄
- [illegible] ... ခေတ္တရာဆရာကျော် ၄၆
- [illegible] ... တက္ကသိုလ်သျှင်သီရိ ၄၉
- [illegible] အရုပ်မှတ်နှာနှင့်ကိုယ်ကျင့်တရား ... ကိုနေဦးမောင် ၅၉
- [illegible] ... ကိုအေးမြင့်(ရွှေ/သု) ၈၁
- [illegible](၁) ... ဆန်းဝင်း(အောင်မြေ) ၉၃
- ဝဋ်ကြွေးဟူသည် ... သက်ငြိမ်းဦး ၁၁၄


BURMESE CLASSIC .com

## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- ဘေးရန်ကင်းပဓာရဏာ ... ကိုဖိုးတင်အောင် ၆၁
- အဆီးအတား အန္တရာယ်များမှ..... ... ချစ်မုန်းခင်(ကြို့ပင်ကောက်) ၇၄
- အုံ့ဖွယ်ရှစ်ပါးနှင့်..... ... ကိုရွှေမြသန်း(သမိုင်း) ၁၀၂
- သီဟဗာဟုမင်းကြီး အမြဲရွတ်ဖတ်သရဇ္ဈာယ်သော... ... ဆရာမင်းသုဖြ ၁၀၉
- အတိုက်အခံကြုံနေရသူများအတွက် ... ဝသုန်ဟိန်းထက် ၁၁၃
- ပဋ္ဌာန်းဆရာတော်ကြီးနှင့်ဂမ္ဘီရမြို့တော် ... တက္ကသိုလ်သီရိစေတနာ ၁၂၅
- အလုပ်ကောင်းကိုရ အလုပ်ကောင်းမှာမြဲ ... သက်နှင်းဆွေ(ပုပ္ပါး) ၁၆၂


## တိုင်းရင်းဆေး


- ဆေးစွမ်းထက်မှန် တရုတ်နံနံ ... သျှင်ထွေး(သန်လျင်) ၁၁၁
- ကြစုပင်ခေါ် ဖန်ခါးသီး ... နှောင်းသစ် ၁၂၉
- ငှက်ဖျားပျောက်ဆေး ... ဦးကိုလေး(ထန်းတစ်ပင်) ၁၆၀
- ဝဲနှင်းခူ အစိုနာအတွက် ဆေးတစ်လက် ... မိုးဟိန်းကျော်(လပွတ္တာ) ၁၉၂
- ရေယုန်နာပျောက်ဆေးတစ်နည်း ... ကိုသက်ရှည် ၂၄၀
- ရာသီအေးအေး ချင်းပြုတ်ရည်နွေးနွေး ... စ,မ အောင် ၂၅၅
- ၉၆-ပါးသော ရောဂါပျောက်ဆေး ... ရောမြေထွန်းထွန်း ၂၉၄
- အစာအိမ်အချဉ်ဖောက် စွဲ၍သောက် ... လှစွမ်းမြင့်(နတ်မောက်) ၂၉၈
- အရက်၏ဆိုးကျိုးကြောင့်.... ... ရောမြေ[illegible]ဝေ ၂၈၀
- ဆေးဖက်ဝင်ပေါက်ပန်းဖြူ ... ကျော်[illegible]ဆွေ ၃၁၃


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

30 JAN 2014



## ဗုဒ္ဓဝင်ရသ


| | | | |
|---|---|---|---|
| ာင်ဝင်စောင့်နတ်ထံ သားဆုပန်ကြသူများ | ... | ကျော်သန်းစံ | ၅၃ |
| ္တိမင်းသမီးလေးလို လှချင်ရင်..... | ... | သန်းဝင်း | ၇၈ |
| ာင်းမှုကံ တစ်ဖန်ပြန်သော် | ... | ပေါ်လွင်ဦး(ရေး) | ၁၀၆ |
| န်သမ်းသို့ ကူးခဲ့လေသော ခေမာမိဖုရား | ... | မောင်သာမန်(ဇီးကုန်း) | ၁၃၉ |




## အထွေထွေသုတ၊ ရသဆောင်းပါး

BURMESE CLASSIC .com


| | | | |
|---|---|---|---|
| ာဘ်ပီတ်စေသည့်အကြောင်းများ | ... | နန္ဒာဦးကျော် | ၁၃၁ |
| ာတ်ဝိဇ္ဇာဇော်ဂျီနှင့်..... | ... | မျိုးမောင်မောင်(ကပခ) | ၁၄၄ |
| ာအခါင်းလောင်း ဆော်မောင်းလိုက်ပြီ | ... | သဲတစ်ပွင့် | ၁၅၄ |
| န်ကြယ်ထူးဆန်း အင်တာနက်ပုံရိပ်များ | ... | မောင်ဝေအေး | ၁၈၆ |
| ာဘနှင့်မိရိုးဖလာ အယူအဆ..... | ... | ပဥ္စသီ | ၂၀၆ |
| ညာဉ်ပုံရိပ် | ... | ဌေးအောင်သင်း | ၂၀၉ |
| အုပ်စင် | ... | သုတအံ့ | ၂၁၂ |
| ေကြီးမြွေ သည်းခြေစစ်မစစ်..... | ... | ညွန့်ဝင်း(နတ္တလင်း) | ၂၂၃ |
| ၂၀၁၄ ကောဇာ ငြိုဟ်စီး ငြိုဟ်မြင်များနှင့်... | ... | ဦးဇေယျာကို | ၂၃၅ |
| ူးဆန်းထွေလာ ဤကမ္ဘာ | ... | မောင်လင်းအောင် | ၂၆၂ |
| ္မမြန်မာဘုရင်များနှင့်..... | ... | လှစံ(ပညာရေး) | ၂၇၅ |




## ဂမ္ဘီရဆန်းကြယ်ပတ္တမြား


| | | | |
|---|---|---|---|
| ိမ်ဝင်ပုတီး..... | ... | နန်းပွင့်စံ(အင်းတော်လေး) | ၉၂ |
| ာခင်က သူတို့ဝိညာဉ် | ... | မင်းရဲကျော် | ၁၂၀ |
| ာက်ကြီးရဲ့ကျေးဇူး | ... | စိုးယဉ်ထွန်း | ၁၄၈ |
| ြးဆီနီအိပ်မက် | ... | စိုးဝေ | ၁၅၆ |
| ူးချောင်းမောင်စိန် | ... | မင်းတိုင်ပင်(မြရောင်မြေ) | ၁၇၈ |
| ာမလွန်သို့ အလည်တစ်ခေါက်ရောက်ခဲ့သူ | ... | မောင်မောင်မိုးအောင် | ၁၈၈ |
| ာင်ဘို့တစ်လုံးနှင့်လူခြောက်ယောက် | ... | မောင်ထွဋ်ကောင်း | ၂၀၁ |
| ူနယ်မြေ သူ့ပိုင်နက် | ... | ကိုဘုန်းဝေ | ၂၁၅ |
| င်နှင်းသရက်ပင်နှင့်ထိပ်နီကြီး | ... | လွမ်းသျှင်နောင်(မဟာသာရွာ) | ၂၂၆ |
| ေ့ွသတ္တာ..... | ... | သုခ | ၂၄၁ |
| ိုက်နန်းသို့ပြန်ကြလေပြီလား | ... | ကိုဇော် | ၂၅၆ |
| ြည်က သမီးအတွက် | ... | တင်မောင်မောင်(ပေါက်ကုန်း) | ၂၇၁ |
| ာလေးဝင်ပေါက်မှ ဝင်နိုင်ထွက်နိုင်သော..... | ... | မ ဟိန်းထိဝ် | ၂၈၁ |
| ည်ညတာမြင်တွေ့ခဲ့သော ဖြစ်ရပ်ဆန်း | ... | င်မောင်မောင်သန်း(သုံးဆယ်) | ၂၈၆ |
| ောင့်အရှောက်လည်းကြောက်ပါသည် | ... | မေ င်မြင့်မား(ဗိုလ်ကလေး) | ၂၉၅ |
| ်ဖြစ်သွားသောတောင်း | ... | ဂါဦးနွန်းကို | ၂၉၉ |
| ာရာနွံမှ လွတ်မြောက်ရာလမ်း | ... | မြမြလှိုင် | ၃၀၄ |
| ်လင်းတ | ... | ထွန်းတောက် | ၃၀၉ |






www.burmeseclassic.com

www.burmeseclassic.com

30 JAN 2014


[illegible]
[illegible]
[illegible]
[illegible] (BED)
[illegible]
[illegible]
[illegible]
[illegible] A7 Group
[illegible] - မိမိလေး ယုန်လေး
[illegible] - ယဉ်ခင်ဆု
[illegible] - ကျော်ခင်မောင်
[illegible] - မောင်မြင့်ဌေး
[illegible]
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စက္ကူ၊ ကျော်စိုးညိန်း၊ ဆုးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီမောင်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
[illegible] (၁၁)လမ်း(အထက်)
[illegible]
ဖုန်း - [illegible]
**[illegible]** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(တောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။


| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျှံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြွတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ


- အကြံပြုစာမှတ်နှာ ... ခေတ္တရာဆရာကျော် ၁၈၃
- ဘင်နှင့်ခိုက်ကိုဝေဖန်ခြင်း ... သစ္စာဝါဒီမြတ်စောလင်း ၁၉၉
- သူ့ကိုနိုင်လို အမြစ်ဖြိုဟ် ... ဆရာဦးမြတ်စံ ၂၂၄
- ငွေလည်ပတ်ဖို့လိုချင်ရင်. . . . ... မောင်တင်ကြွယ်(ပြည်) ၂၃၃
- အဖြေများစွာ အလယ်ကိန်းမှာ ... ကျော်မိုးလွင်(ဝါးခယ်မ) ၂၆၉
- ချိန်စက်လို့ အိမ်တက်စို့ ... ဂမ္ဘီရဆရာပွင့် ၂၈၅
- ဝယ်သူမပြတ်ရန် အစီမံ ... ဝသုန်ဟိန်းထက် ၂၉၂


## အသုံးချပညာရပ်များ


- ၂၀၁၄၊ မတ်လ၊ ကောင်းကင်ဖြိုဟ် ရပ်တည်မှု
၁၂ ရာသီ လင်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၀၆၈
- ၂၀၁၄၊ မတ်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၁၉၅
- ဘဝပုစ္ဆာအဖြေရှာ ကဗ္ဗာ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၂၀
- ၂၀၁၄၊ မတ်လအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၊ကုဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွဋ်ခေါင် [illegible]
- နာမက္ခရဲ့ဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၅၁
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... အောင်အတိတ်အောင်နိမိတ်ဆရာ ၃၁၅


www.burmeseclassic.com

www.burmeseclassic.com

# ဝမ္ဗဒါန



အရန်စေတီငယ်မှ ရောင်ခြည်တော်ကွန့်မြူးနေပုံ
ရွှေစာရံဘုရား၊ သထုံမြို့၊

www.burmeseclassic.com

www.burmeseclassic.com





ရာဇမုနိဘုရား
ရွှေတိဂုံစေတီတော်၊ ဗဟန်းမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံကုန်းတော်မှ ရာဇဝင်များ

| သက်နှင်းခွေပုပ္ပါး |



၂၀၁၄ ခုနှစ်၊ မတ်လ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ဟိုတုန်းကတည်းက ရွှေတိဂုံဘုရားသို့ ရောက်လျှင် ကျွန်တော် စိတ်ဝင်တစား သွားဖြစ်သည့်နေရာ တစ်နေရာ ရှိသည်။

နောင်တော်ကြီးစေတီ၏ မြောက်ဘက်ကပ်လျက်တွင် အမြဲလိုလို စိမ်းစိုအုပ်ဆိုင်းနေသည့် ပန်းရုံကြီးတစ်ခုရှိသည်။ ထိုပန်းရုံကြီးက ဘာပန်းပင်ဆိုတာပင် ယခုအထိ ကျွန်တော် မသိပါ။ သို့သော် ထိုပန်းရုံကြီးကို ကျွန်တော် စိတ်ဝင်တစား ရှိခဲ့သည်။

ဟိုတုန်းကတော့ ပန်းရုံသာမက၊ အခြားသစ်ပင်ကြီး တချို့လည်း ရှိနေသေးသည်ဟု ကျွန်တော်ထင်သည်။ အရာ အားလုံးကိုတော့ ကျွန်တော် မမှတ်မိတော့ပါ။ အမှန်ကို ဝန်ခံရလျှင် ထိုပန်းရုံကြီးကို စပြီး သတိထားဖြစ်ချိန်က ကျွန်တော့်အရွယ် တော်တော်ငယ်သေးသည်။ ပြီးတော့ ကျွန်တော် က ရန်ကုန်မှာအမြဲနေခဲ့သူမဟုတ်သဖြင့် ရွှေတိဂုံဘုရားပေါ်သို့ ရောက်သည့် အရေအတွက်ကလည်း နည်းခဲ့သည်။ မှတ်မှတ်ရရဆိုလျှင် ခုနစ်တန်းကျောင်းသား အရွယ်လောက်မှာ ရန်ကုန်ကို စပြီး ရောက်ဖူးခဲ့တာ ဖြစ်သည်။ ထို့နောက် တက္ကသိုလ်တက်ဖို့ ပြင်ဆင်နေသည့် အချိန်၊ ကျွန်တော့်အသက် ၁၇နှစ်လောက်တွင် ရန်ကုန်မှာ ၆လလောက် နေဖြစ်ခဲ့စဉ်က ထိုပန်းရုံကြီးကို သတိထားဖြစ်ခဲ့တာ ဖြစ်သည်။ ထိုစဉ်က ဘုရားတက်ဖြစ်တိုင်း ဘာရယ် မဟုတ်ဘဲ ထိုပန်းရုံအောက်မှာ ထိုင်ဖြစ်သည်။ ထိုပန်းရုံ အောက်မှာက ရေတွေ စိမ့်ယိုနေသည့် ရေထွက် စမ်းတွင်း သေးသေးလေး ရှိသည်ဟု ကျွန်တော် မှတ်မိနေသည်။ ထို ရေထွက် စမ်းရေတွင်းလေးမှ ရေအေးအေးလေးတွေကို လက်ခုပ်ဖြင့် ခပ်ယူပြီး မျက်နှာကို ဆွတ်၊ ဆံပင်တွေကို သပ်၊ မျက်စဉ်းခပ်၊ နည်းနည်းလောက်သောက်တာမျိုးတွေ လုပ်ခဲ့ဖူးတာ မှတ်မိနေသေးသည်။ အန္တရာယ်ကင်းအောင် လုပ်ခြင်းဖြစ်သည်။

ထိုနေရာတွင် ကျွန်တော် လုံးဝ မမေ့နိုင်သည့်အရာ တစ်ခုလည်း ရှိသေးသည်။ ကျွန်တော် အလွန်ကြောက်သည့် မြွေတွေ ရှိနေခြင်းပင်။ မြွေက သက်ရှိမြွေတော့ မဟုတ်။ လွန်စွာ လက်ရာမြောက်သည့် ကျောက်ဆစ်ရုပ်တု မြွေတွေ ဖြစ်သည်။ နစ်ကောင်ဟု ထင်သည်။ ရေတွေ စိုနေသည်။ မြွေ၏ မျက်လုံးတွေ အသက်ဝင်နေတာကိုလည်း ခပ်ရေးရေး မှတ်မိနေပါသေးသည်။

ငယ်စဉ်ကတည်းက မြွေကို ကျွန်တော် အလွန် ကြောက်ပါသည်။ မြွေရုပ်ကိုပင် စေ့စေ့မကြည့်ဝံ့။ သို့သော် ထိုအချိန်က ရွှေတိဂုံဘုရားသို့ရောက်တိုင်း ထိုမြွေရုပ်တွေ အနားသို့ ဘာကြောင့် ဝင်ထိုင်ဖြစ်သည် မသိ။ ထိုရေစင်ကို လည်း ဘာကြောင့် သောက်သုံးခဲ့မိသည် မသိ။

ထိုနေရာနှင့်လည်း ဘာကြောင့် အကျွမ်းတဝင် တရင်း တနှီးဖြစ်နေခဲ့သည် မသိ။ ကျွန်တော့် မသိစိတ်က စေ့ဆော် ခဲ့တာပဲလား။ သေချာတာကတော့ ထိုနေရာလေးကို ယနေ့ တိုင် ကျွန်တော့်မှတ်ဉာဏ်ထဲတွင် သံယောဇဉ်ကြီးမားစွာပင် ပြက်ပြက်ထင်ထင် မှတ်မိနေခဲ့လေသည်။

(၂)

ကျွန်တော့်အသက် ၂၉နှစ်လောက်အရွယ်၊ စရဏ လမ်းကြောင်းပေါ်သို့ တစိုက်မတ်မတ် လျှောက်နေမိချိန်တွင် ရွှေတိဂုံသို့ တစ်ခေါက်ရောက်ပြန်သည်။ ထိုအချိန်က ရှမ်း ပြည်နယ်ဘက်တွင် အခြေချ နေထိုင်နေချိန်ဖြစ်ရာ ရန်ကုန်နှင့် အဝေးအလှမ်းဝေးသွားခဲ့သည်။ ရန်ကုန်ကို တကူးတက လာပြီး သစ္စာအဓိဋ္ဌာန်ဝင်ဖြစ်ခြင်း ဖြစ်သည်။ မှတ်မှတ်ရရ ဆိုရလျှင် ထိုနှစ်တွေက ရန်ကုန်သို့ သုံးခေါက်တိတိရောက် ဖြစ်သည်။ ရွှေတိဂုံကို ဖူး၊ သစ္စာပြု အဓိဋ္ဌာန်ဝင်ပြီး ချက်ချင်း ပြန်ရသည်။

မနက်ပိုင်း ရထားမှ ဆင်းသည်နှင့် ခရီးဆောင်အိတ် ကြီးကို လွယ်ပြီး ရွှေတိဂုံကို ဝင်ဖူးသည်။ သစ္စာပြုတာတွေ



www.burmeseclassic.com

www.burmeseclassic.com



အဓိဋ္ဌာန်ဝင်တာတွေ ပြုရသည်။ ပြီးလျှင် ည-ရထားဖြင့် ပြန်သည်။ တတိယမြောက်အခေါက်မှာတော့ ကိုးရက် သောက် ကြာကြာနေပြီး အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့သည်။

ထိုအချိန်တွင်လည်း ကျွန်တော် တခုတ်တရ ရောက်သွားဖြစ်ခဲ့သည်မှာ ထိုပန်းရုံလေးပဲ ဖြစ်သည်။ သို့သော် ထိုပန်းရုံလေးက ပုံစံပြောင်းသွားခဲ့လေပြီ။ မြွေရုပ်တွေလည်း မရှိတော့။ သစ်ပင်တချို့လည်း မရှိတော့။ ပန်းရုံကြီးသာ ရှိနေသည်။ ပန်းရုံကတော့ အောက်မှာ အင်္ဂတေခံနှင့် ပို၍ သပ်ရပ်သွားသည်။

ကျွန်တော်သည် ထိုပန်းရုံအနီးမှာ ထိုင်ပြီး ပန်းရုံကြီး အောက်သို့ လှည့်ကာ ကျကျနန ကန်တော့ဖြစ်ခဲ့သည်။

"မောင်သက်နှင်းဆွေ··· ရွှေတိဂုံဘုရားကို ရောက်ရင် အဲဒီနေရာကို ရောက်အောင်သွား။ အဲဒီ ပန်းရုံကြီးအောက် တည့်တည့်မှာ အခု ဆရာတို့ ခံယူထားတဲ့ ပညာရပ်ရဲ့ လျှို့ဝှက်ချက်တွေ ရှိတယ်။ အထူးသဖြင့် ဆရာတို့ ပညာရဲ့ ဆေးတော်တွေကို အဲဒီပန်းရုံအောက်က လိုဏ်ဂူလေးမှာ ဌာပနာပြီး သိမ်းဆည်းထားခဲ့တယ်လို့ ဆိုတယ်။ ဆိုလိုတာက အဲဒီနေရာဟာ ဆရာတို့ ခံယူထားတဲ့ ပညာရပ်ရဲ့ လျှို့ဝှက်ချက် နေရာထူးတစ်ခုပဲ"

ကျွန်တော့်ဆရာက ထိုသို့ မှာကြားလိုက်ကတည်းက ကျွန်တော် သံယောဇဉ်ရှိခဲ့ဖူးသည့် ထိုနေရာလေးသည် ကျွန်တော့်အတွက် ပို၍ အဓိပ္ပာယ်ရှိသွားခဲ့လေတော့သည်။

"မြွေရုပ်တွေကလည်း ဆရာတို့ ပညာရဲ့ သင်္ကေတတစ်ခုမဟုတ်လား။ အဲဒီအောက်မှာ မြွေအစစ်တွေ ရှိတယ်လို့လည်း ပြောကြတယ်။ ပြီးတော့ အဲဒီ စမ်းရေတွင်းက ရေစင်တွေက သိဒ္ဓိအစွမ်းရှိတယ် ဆိုပါတော့။ အဓိကကတော့ အဲဒီနေရာကို ရောက်ရင် ဆရာသခင်တွေကို ကန်တော့ဖို့ မမေ့နဲ့။ မေတ္တာခံယူဖို့ မမေ့နဲ့။ ပညာခံယူဖို့ မမေ့နဲ့။ သစ္စာခံယူဖို့ မမေ့နဲ့။ ပြီးတော့ သက်ဆိုင်ရာ ဆရာတွေနဲ့ ပညာရပ်နဲ့ ပတ်သက်တဲ့ အစောင့်အရှောက် ပုဂ္ဂိုလ်တွေကိုရော၊ မြွေတွေ၊ နဂါးတွေကိုရော အထူးအာရုံပြုပြီး မေတ္တာပို့သတာ၊ အမျှဝေတာတွေ လုပ်ဖို့ မမေ့လေနဲ့"

ကျွန်တော့်ဆရာက ထိုသို့ အတိအကျမှာကြားလိုက်လေသည်။

သို့သော် ရေထွက်စမ်းတွင်းမှ ရေစင်တွေလည်း မရှိတော့။ မြွေတွေလည်း မရှိတော့။ ဘာပဲဖြစ်ဖြစ်၊ ထိုနေရာလေးသည် ကျွန်တော့်အတွက် လေးလေးနက်နက် အဓိပ္ပာယ်ရှိနေသည့် နေရာထူးလေး ဖြစ်နေတာကတော့ အမှန်ပင်။

(၃)

၂၀၁၃ - မိုးရာသီတစ်နေ့မှာ ဖြစ်သည်။

ရာဇမုနိဘုရားကို ဖူးမြော်ကန်တော့ပြီးချိန်မှာ ပန်းရုံလေးဘက်သို့ လှည့်ပြီး ဆရာသခင်တွေကို အာရုံပြုကာ ကျွန်တော် ကန်တော့လိုက်သည်။

ထိုပန်းရုံနှင့် ကပ်လျက်၊ နောင်တော်ကြီးဘုရားပရိဝုဏ်ကို ကျောပေးထားပြီး ရာဇမုနိဘုရား တည်ရှိနေသည်။

"အဲဒီပန်းရုံကို ဘာဖြစ်လို့ ကန်တော့တာလဲ ဆရာ"

ကျွန်တော့်တပည့် ကိုစိုင်းငွေလင်းဦးက ကျွန်တော့်ကို ထိုသို့ မေးလိုက်ခြင်းဖြစ်သည်။

"ဒါက ဆရာတို့ ခံယူထားတဲ့ လောကီပညာ၊ ဂန္ဓာရီပညာတွေနဲ့ ဆိုင်တဲ့ ဆရာတွေ၊ ပုဂ္ဂိုလ်တွေရဲ့ အမှတ်အသားနေရာတစ်ခုမို့ ကန်တော့တာပါကွာ။ မေတ္တာလည်း ခံယူတယ် ဆိုပါတော့။ ကုသိုလ်အဖို့ဘာဂကိုလည်း အမျှပေးဝေတာလည်း ပါတာပေါ့"

ကျွန်တော်ရှင်းပြလိုက်တော့ သူကလည်း ပန်းရုံလေးဘက်သို့ လှည့်ပြီးထိုင်ကာ ကျကျနန ကန်တော့လေသည်။

ကျွန်တော့်အပေါ် သံယောဇဉ်ကြီးမားစွာဖြင့် နှစ်ရှည်လများ အမြဲလိုလိုလိုက်ပါပြီး ပါရမီဖြည့်ပေးနေသူတွေထဲမှာ သည်တပည့် လူငယ်လေး၊ ရောဝတီဘက်မှာ တာဝန်ထမ်းဆောင်နေသည့် ကိုစိုင်းက ထိပ်ဆုံးမှာ ရှိနေသည်။ လွန်ခဲ့သည့် ၁၀နှစ်ကျော်လောက်က ရှမ်းပြည်နယ်မှ နေ့ချင်းပြန်

www.burmeseclassic.com

သို့ ကျွန်တော် အပြီးပြောင်းလာခဲ့ပြီး ၂နှစ်လောက်အကြာတွင် စိုင်းငွေလင်းဦးလည်း ရန်ကုန်သို့ စုန်ဆင်းလာခဲ့သည်။ ဘဏ်တစ်ခုမှာ အလုပ်လုပ်ရင်း အလျဉ်းသင့်တိုင်း ကျွန်တော့်ဆီ ရောက်လာတတ်သည်။ ကျွန်တော် ဘုရားသွားလျှင်လည်း လိုက်ပါ အဖော်ပြုပေးတတ်သည်။ ကျွန်တော် စာပေတိုက်၊ မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်တွေဆီ သွားလျှင်လည်း သူ ပါလာတတ်သည်။ ကျွန်တော် ကော်ဖီဆိုင်ထိုင်လျှင်လည်း သူ ပါတတ်သည်။

အမှန်တော့ စိုင်းငွေလင်းဦးက ကျွန်တော့်ထံမှ လောကီပညာရေး၊ ကဗ္ဗာကိစ္စ၊ စာကိစ္စတွေနှင့် ပတ်သက်၍ရော ဘာပညာမှ သင်ယူခဲ့တာ မဟုတ်။ သူ့အလုပ်သူလုပ်ရင်း ကျွန်တော့်အပေါ် သံယောဇဉ်ကြီးစွာဖြင့် အလျဉ်းသင့်တိုင်း ကျွန်တော့်ဘေးမှ လိုက်ပါအဖော်ပြုပြီး ပါရမီဖြည့်ပေးနေခြင်းသာဖြစ်သည်။ ယခု နောက်ပိုင်းနှစ်တွေမှာ ကျွန်တော်က တပည့်ချွေးရံသင်းပင်းတွေနှင့် မနေဖြစ်တော့ဘဲ တစ်ကိုယ်တော် သီးသန့်သွားလာနေဖြစ်သည်။ သို့သော် စိုင်းငွေလင်းဦးကမူ ကျွန်တော့်အနားမှာ ဟိုတုန်းကလိုပဲ တပူး တွဲတွဲရှိနေမြဲ။ သူလည်း ဘဏ်တစ်ခုမှာ အရာရှိငယ်တစ်ဦးဖြစ်နေလေပြီ။ ခေတ်အမြင် စူးရှ ထက်မြက်သည့် ပညာတတ် လူငယ်တစ်ယောက်ဖြစ်သည့်အတွက် ဘယ်နေရာမှာဖြစ်ဖြစ် အလိုက်တသိ တာဝန်ကျေတတ်သည်။

"အေးကွာ၊ ကြုံကုန်း တစ်ခုတော့ ပြောပြထားဦးမယ်။ အဲဒီ လောကီပညာနဲ့ ဆိုင်တဲ့ ကိစ္စတွေကိုတော့ မင်း သိပ်စိတ်ဝင်စားဖို့ မရှိဘူး ထင်ပါတယ်။ ဒါပေမယ့် ဟောဒီ ရာဇမုနိဘုရားကတော့ မင်းတို့လို ရာထူးဌာနန္တရနဲ့ ဆိုင်တဲ့ သူတွေအတွက် အရေးပါတဲ့ နေရာထူးတစ်ခုပဲ။ အဲဒါလေးကိုတော့ မှတ်ထားသင့်တယ်"

ထိုနေ့က မိုးကလေး ခပ်စွေစွေရွာနေသည့်နေ့ ဖြစ်သည်။ တနင်္လာနေ့ဖြစ်၍ ဘုရားပေါ်မှာ လူရှင်းနေသည်။ စိုင်းငွေလင်းဦးက အလုပ်မှ ခွင့်တစ်ရက်ယူပြီး ကျွန်တော် အဓိဋ္ဌာန်ဝင်နေသည့်ကိစ္စအတွက် ကန်တော့ပွဲတွေ ပြင်ဆင်တာမှအစ အဓိဋ္ဌာန်ဝင်နေချိန်မှာပါ ဘေးမှစောင့်ပြီး ကူညီလုပ်ကိုင်ပေးနေခဲ့ခြင်းဖြစ်သည်။ အဓိဋ္ဌာန်ပြီး၍ ဘုရားလှည့်ဖူးရင်း ရာဇမုနိဘုရားရှေ့မှာ ခဏဝင်ထိုင်ဖြစ်ခိုက် စကားပြောဖြစ်ခြင်း ဖြစ်သည်။ ရာဇမုနိဘုရားရှေ့မှာ မိုးလုံသည့် အမိုးတစ်ခုရှိသည်။ အောက်မှာလည်း အခင်းကော်ဇောတွေ ကျကျနနခင်းထားသည်။

"ဟုတ်…ဆရာ။ ဟိုတုန်းက နိုင်ငံတော်အကြီးအကဲ လူကြီးတချို့ ဒီဘုရားကို ကိုးကွယ်ခဲ့ကြတယ်ဆိုတာတော့



ကြားဖူးတယ်"

ဟု စိုင်းငွေလင်းဦးက ပြောသည်။

"အဲဒါလည်း ဟုတ်ချင် ဟုတ်မှာပေါ့ကွာ။ ထားလိုက်ပါ။ သူများ ကိုးကွယ်လို့ လိုက်ကိုးကွယ်တာ၊ ပူဇော်တာမျိုး မလုပ်ပါနဲ့။ ကိုယ့်ဘာသာ ယုံကြည်သက်ဝင်လို့ ပူဇော်တာပဲ ကောင်းပါတယ်။ ဆရာကတော့ ရာဇမုနိ ဆိုတဲ့ ဘွဲ့အမည်တော်ကို အဓိကထားပြီး ပူဇော်ဖြစ်တာပါ"

အမှန်ကို ဝန်ခံရလျှင် ကိုယ်လုပ်ချင်တာတွေ စွတ်လုပ်နေပြီးမှ ကိုယ့်ရာထူးတည်မြဲဖို့၊ တိုးတက်ဖို့ ဘုရားကို ခုတုံးလုပ်ကာ ကိုးကွယ်ဆည်းကပ်သော အတ္တအစွယ်ပြူးသည့် လူကြီးမျိုးတွေကို ကျွန်တော် လုံးဝ သဘောမကျပါ။ ထိုလူမျိုးတွေ ကိုးကွယ်ဆည်းကပ်တိုင်း လိုက်ပြီး ဆည်းကပ်တာမျိုးလည်း လုံးဝ မလုပ်ချင်ပါ။

သို့သော် သည်ရုပ်ပွားတော်ကိုတော့ ကျွန်တော့်သဒ္ဓါစိတ်ကကို အလိုလိုကြည်နူးကာ အလေးအမြတ်ထားမိနေခဲ့သည်။

"ဆရာ့မိတ်ဆွေတချို့ကို ဒီဘုရားမှာ လာပြီး ဖူးဖို့၊ အဓိဋ္ဌာန်ဝင်ဖို့၊ သစ္စာပြုဖို့၊ ပွဲလှူဖို့၊ ဆုတောင်းဖို့ အကြံပေးခဲ့ဖူးတယ်။ တော်တော်များများလည်း ထူးခြားသွားခဲ့ကြတယ်"

စိုင်းငွေလင်းဦးက ကျွန်တော့်စကားကို စူးစူးစိုက်စိုက် နားထောင်နေသည်။ အပြင်မှာ မိုးလေးက တဖွဲဖွဲရွာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းအမျိုးမျိုးကြောင့် အလုပ်ကိစ္စ အခက်အခဲကြုံနေတဲ့သူတွေ၊ အလုပ်လျှောက်ပြီး အလုပ်မရဘဲ ဖြစ်နေတဲ့သူတွေ၊ ရာထူးလျှော့ကျမလို ဖြစ်နေတဲ့သူတွေ၊ ရာထူးအထိ ဖင့်နွှေးနေတဲ့ သူမျိုးတွေကို ဒီဘုရားမှာ အဓိဋ္ဌာန်ဝင်ဖို့ တိုက်တွန်းခဲ့ဖူးတယ်။ ထူးခြားသွားကြတာ လက်တွေ့ပါပဲ။ အခုဆိုရင် စင်္ကာပူလို နိုင်ငံရပ်ခြားမှာ ရောက်နေကြတာ။ ဆရာက အွန်လိုင်းကနေ ဒီဘုရားရဲ့ ပုံတော်ကို ပို့ပေးပြီး ကြည်ညိုခိုင်း၊ ပူဇော်ခိုင်းလိုက်တယ်။ တတ်နိုင်သလောက် အဓိဋ္ဌာန်ဝင်ပြီး ဆုတောင်းခိုင်းလိုက်တယ်။ ထူးခြားသွားကြတာပါပဲ"

ကျွန်တော်သည် ပြောနေရင်းနှင့် ရာဇမုနိ ရုပ်ပွားတော်မြတ်၏ မျက်နှာတော်ကို လှမ်းပြီး ကြည်ညိုဖြစ်ပြန်သည်။

"ဒါလည်း ရှေးဟောင်း တန်ခိုးကြီးဘုရားတစ်ဆူပဲဖြစ်တော့မယ် ထင်တယ်နော် ဆရာ"

ဟု စိုင်းငွေလင်းဦးက တွေးတွေးဆဆ ပြောသည်။

"ဟုတ်မှာပါ။ အမှန်ပြောရရင် ဒီဘုရားသမိုင်းကို ဆရာ မသိဘူး။ လေ့လာကြည့်မိတာမျိုးလည်း မရှိခဲ့ပါဘူး။ ဆရာ့စိတ်ထဲက ယုံကြည်စိတ်၊ အားကိုးစိတ် အလိုလိုဖြစ်နေလို့ ကိုယ်တိုင်လည်း ဖူးပြီး သူများတွေကိုလည်း တိုက်တွန်းနေမိတာပါ"

ကျွန်တော့်စကားအဆုံးတွင် စိုင်းငွေလင်းဦးက…

"ဒါနဲ့ ဆရာ၊ ဒီအတိုင်းဖူးပြီး ဆုတောင်းရုံပဲလား။ တခြားကျင့်စဉ်အနေနဲ့ လိုက်နာစရာရော ရှိသေးလား"

ဟု မေးလေသည်။

"ရှိတယ်၊ ရှိတယ်။ အဲဒါကလည်း အရင်ကတည်းက မင်းသိပြီးသားကိစ္စပါ။ **သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ၂၁ ခေါက် ပူဇော်တာပဲလေ။ ဒါပေမယ့် ဒီဘုရားမှာ အလုပ်ကိစ္စအတွက် အဓိဋ္ဌာန်ဝင်ပြီး ဆုတောင်းတော့မယ် ဆိုရင်တော့ အဲဒီထက်ပိုပြီး အသေးစိတ် ဆောင်ရွက်စရာလေးတွေလည်း ရှိတယ်။** ကြုံတုန်း မင်းလည်း မှတ်ထားလေ။ လိုအပ်တော့ ဆောင်ရွက်ရတာပေါ့။ မင့်မိတ်ဆွေတွေကိုလည်း ပြောပြပေးရတာပေါ့"

ဟု ဆိုကာ ကျွန်တော်က ရာဇမုနိဘုရားတွင် အလုပ်ကိစ္စအတွက် အဓိဋ္ဌာန်ဝင်သင့်ပုံလေးကို ပြောပြမိလိုက်သည်။

"အလုပ်ကိစ္စက သိပ်အရေးကြီးနေတယ်၊ ရာထူးကလည်း ကြီးကြီးမားမား အနေအထားရှိတယ် ဆိုရင်တော့ ကန်တော့ပွဲပါ လှူပြီး အဓိဋ္ဌာန်ဝင်သင့်တယ်။ ကန်တော့ပွဲဆိုတာကတော့ ဟောဟို ဘုရားစောင်းတန်းမှာ ရောင်းပေးနေတဲ့ ပွဲကိုပဲ ဝယ်ပြီး ပူဇော်လို့ ရပါတယ်။ ဒါပေမယ့် အဲဒီကန်တော့ပွဲမှာ ခပ်ကြီးကြီး တံခွန်လုံးအဖြူ (၉)လုံးတိတိကို ပွဲရဲ့ ပတ်ပတ်လည်မှာ လုလုပပ ဝေဝေဆာဆာဖြစ်အောင် ထိုးစိုက် ပြင်ဆင်ပြီး ပူဇော်ပေးသင့်တယ်။

ပြီးတော့ အဲဒီအချိန်မှာ သောက်တော်ရေ ၆ခွက်တိတိ လှူသင့်တယ်။ သစ္စာပန်းခိုင် ၂၁ခိုင်ကိုလည်း ပန်းအိုးနဲ့ ပူဇော်သင့်တယ်။ အလင်းတိုင်ကိုတော့ ၆တိုင်ထုပ်ထဲက အတိုင်အတုတ် ၆တိုင် ပူဇော်သင့်တယ်။ အမွှေးတိုင်ကလည်း ၆တိုင်ပေါ့ကွာ။ ပြီးမှ ပွဲနဲ့အတူ အဲဒါတွေကို ဒီဘုရားရှေ့မှာ အဆင်ပြေပြေ တင့်တင်တယ်တယ်လေးဖြစ်အောင် ပူဇော်လှူဒါန်းပြီး ကျကျနန ဘုရားရှိခိုးလိုက်ပေါ့။ ပြီးရင် အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ကိုယ်ဖြစ်ချင်တာကို လေးလေးနက်နက် ဆုတောင်းလိုက်ပေတော့။ **ဆုတောင်းတယ် ဆိုတာ အတုမရှိတဲ့ ဘုရားရှင်ရဲ့ တန်ခိုးတော် မေတ္တာတော်ကို ခံယူပြီး ကိုယ်ဖြစ်ချင်တဲ့ ကိစ္စကို အလွယ်တကူဖြစ်လာအောင် ကိုယ့်အတွင်းစိတ်မှာ နက်နက်ရှိုင်းရှိုင်း အတည်ပြုပေးလိုက်တာလို့ ဆိုပါတော့။** ဒါပေမယ့် **အဲဒီထက် ပိုပြီးလေးနက်တဲ့ အကြောင်းတရားတွေလည်း အများကြီး ရှိနေပါသေးတယ်**"

စိုင်းငွေလင်းဦးက ကျွန်တော်ပြောတာတွေကို စိတ်ဖြင့် အသေအချာမှတ်နေလေသည်။ ပြီးမှ…

"အဓိဋ္ဌာန်ဝင်ဖို့ကရော ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

ရှင်ဖြူရှင်လှဘုရား (၄၇၄-၁၃၂၇) အား
အသစ်တစ်ဖန် တည်ဆောက်ပြုပြင်ခဲ့သော

# (ရတနာ့ဂူ ကျော်ကြားသော) ဒိပါဒေမြ ဆရာတော် အရှင်နန္ဒာသိရိ၏ ထေရုပ္ပတ္တိအကျဉ်း

စိန်ကျော်ဦး(10D)



www.burmeseclassic.com

www.burmeseclassic.com

ရှင်ဖြူရှင်လှစေတီတော်ကြီးကို အလောင်းစည်သူမင်း ...ကြီးက သက္ကရာဇ် ၄၇၄ ခုနှစ်တွင် တည်ထားကိုးကွယ် ...တော်မူခဲ့ခြင်း ဖြစ်ပါသည်။

"ရှင်ဖြူရှင်လှ"ဟူသော ဘွဲ့အမည်ခေါ်တွင်ရခြင်း ...ကြောင်းမှာ အလောင်းစည်သူမင်းတရားကြီး ဖောင်စကြာ ... ဇမ္ဗူဒိပ်သို့ လှည့်လည်တော်မူရာ ဇမ္ဗူသပြေပင်သို့ ...ရောက်တွင် သိကြားမင်းက ဆက်သသည့် ဘုရားသခင် ...တော်ထင်ရှားရှိစဉ်က ထိုင်တော်မူသော မြကျောက် ...မှ၍ ထုလုပ်ထားသည့် "ရှင်ဖြူ"ဘွဲ့တော်ရှိ ဗုဒ္ဓရုပ်ပွား ...တော်တစ်ဆူနှင့် ဇမ္ဗူသပြေပင် တောင်ကိုင်းမှ ဖြတ်၍ ...လုပ်ထားသည့် "ရှင်လှ"ဘွဲ့တော်ရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ



... ထည့်သွင်းဌာပနာ၍ တည်ထားကိုးကွယ်ခဲ့သဖြင့် "ရှင်ဖြူ ...ဘုရားကြီး" သို့မဟုတ် "ရှင်ဖြူရှင်လှ စေတီတော်ကြီး" ...သော ဘွဲ့အမည်ခေါ်တွင်ရခြင်း ဖြစ်ပါသည်။

ဘုရားစေတီတော်ကြီးမှာ ပြင်းထန်စွာ အကြိမ်ကြိမ် ...သော မြေငလျင်ဒဏ်များကြောင့် ပြိုကျ ပျက်စီးခဲ့ရာ ... သာသနာပြု ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ အကြိမ်ကြိမ် ...သော်လည်း ပြီးမြောက်အောင်မြင်ခြင်းမရှိဘဲ အုတ်ပုံ ... ပုံတိတိကြီး ဖြစ်နေခဲ့ပါသည်။



အဆိုပါ အုတ်ပုံအတိဖြစ်နေသော ရှင်ဖြူရှင်လှစေတီတော်ကြီးကို ၁၃၂၄ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ဒီပါမြေချောင် သာသနာပြု ပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်တော်မူသည့် ဆရာတော် အရှင်နန္ဒာသီရိ မထေရ်မြတ်က ကြီးစွာသော လုံ့လ ဥဿဟဖြင့် အသစ်တစ်ဖန် ပြုပြင်တည်ဆောက်ခဲ့ရာ ယခု ဖူးမြင်နေရသည့် ကြည်ညို သပ္ပာယ်လှစွာသော စေတီတော်ကြီးအား သုံးနှစ်အတွင်း အံ့ဩလောက်အောင် ပြီးစီးအောင်မြင်ခဲ့ပါသည်။

စစ်ကိုင်းတောင်ရိုး သာသနာ့ကျက်သရေဆောင် အဆူဆူသော ဘုရားစေတီတော်အပေါင်းတွင် ရှင်ဖြူရှင်လှဘုရားကြီးမှာ တစ်ဆူအပါအဝင်ဖြစ်ပြီး ရှင်ဖြူရှင်လှဘုရားကြီး၏ ဆွမ်းတော်ကပ်ပွဲရက်မှာ နှစ်စဉ် တော်သလင်းလကွယ်နေ့ဖြစ်ပါသည်။

## ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာကို အဖ ဦးဖိုးရှောင်၊ အမိ ဒေါ်ချင်းတို့မှ ကောဇာသက္ကရာဇ် ၁၂၇၈ ခုနှစ်၊ နယုန်တန်ခူးလပြည့်ကျော် ၁၂ရက်၊ စနေနေ့နံနက်တွင် စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ပေါက်ချောင်းကျေးရွာ၌ မိရိုးဖလာသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

မွေးချင်းညီအစ်ကိုမောင်နှမ ၆ဦးရှိရာတွင် စတုတ္ထမြောက် သားရတနာဖြစ်ပါသည်။ ငယ်မည်မှာ "မောင်ပေါ်" ဖြစ်ပါသည်။

www.burmeseclassic.com


### သာသနာ့ဘောင်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာ သက်တော် ၁၄ နှစ်အရွယ်တွင် ရွာထိပ်ရှိ ဖောင်တော်ဦးကျောင်းဆရာတော် ဦးကေလာသထံ ရှင်သာမဏေပြု၍ သာသနာ့ဘောင်သို့ ရောက်တော်မူပါသည်။ ဘွဲ့အမည်မှာ ရှင်နန္ဒာသီရိ ဖြစ်ပါသည်။

ရှင်သာမဏေဘဝတွင် စစ်ကိုင်းတောင်ရိုး ရတနာရုံသီ ရေကန်ချောင်ဆရာတော်ကြီး အရှင်ဉာဏိန္ဒာဘိဝံသထံတွင် ပိဋကတ်စာပေများ သင်ယူပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

သာသနာပြုလုပ်ငန်းများကို ကြီးစွာသော လုံ့လ ဥဿာဟဖြင့် ပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်တော် မူနိုင်သော ဒီပါမြေချောင်ဆရာတော် အရှင်နန္ဒာသီရိ မထေ မြတ်သည် သက်တော် (၇၀)၊ ဝါတော် (၅၀)အဝင် ၁၃၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်နေ့ နံနက် ၁၀နာ ၅၅မိနစ်အချိန်တွင် စစ်ကိုင်းမြို့ ထူပါရုံ ရွှေကျောင်းကြီး စာသင်တိုက်၊ ရတနာပုံ အုတ်ကျောင်းတော်၌ ဘဝနတ်ထံ



ကောဇာသက္ကရာဇ် ၁၂၉၇ ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် စစ်ကိုင်းတောင်ရိုး၊ ရတနာရုံသီချောင် ဆရာတော် အရှင် ဉာဏိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ အဆိုပါကျောင်း ဒါယိကာမများဖြစ်သည့် ဒေါ်ဆင့် ဒေါ်ကောင်းမိ ညီအစ်မနှစ်ဦး၏ ပစ္စယာနုဂ္ဂဟဖြင့် ကိုရင် နန္ဒာသီရိသည် ရဟန်းတော် ဦးနန္ဒာသီရိအဖြစ်သို့ ရောက်တော်မူပါသည်။

ရဟန်းသိက္ခာ နှစ်ဝါအရတွင် ရေကန်ချောင် ဆရာတော် အရှင်ဉာဏိန္ဒာဘိဝံသ၏ မိန့်ကြားချက်အရ မန္တလေးမြို့အနောက်ပြင် ချမ်းသာကြီးအနောက်တိုက် စာချဆရာတော် ဦးလက္ခဏထံတွင် ဋီကာကျော်စာဝါလိုက်ပါသည်။

ပျံလွန်တော်မူပါသည်။ ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော် ကို ရှင်ဖြူရှင်လှဘုရား၏ မြောက်ဘက် မြေမဇ္ဈာဗိမာ တော်တွင် ပူဇော်နိုင်ပါသည်။

### ရုပ်ကလာပ်တော်၏ ထူးခြားချက်များ

၁။ ဆေးရည်မစိမ်ဘဲ ပုပ်သိုးမှု မရှိခြင်း။

၂။ သွားတော်များ နဂိုအတိုင်းတည်ရှိခြင်း။

၃။ ဆံတော်များ ရှည်လာခြင်း။

၄။ ခြေသည်း၊ လက်သည်းတော်များ ရှည်လာခြင်း။

၅။ အဓိဋ္ဌာန်ပြု၍ လုပ်ငန်း၊ အကြံအစည်များ ဆောင်ရွ



www.burmeseclassic.com

www.burmeseclassic.com

ပါက ထူးခြားစွာ အောင်မြင်ခြင်း။

### ဒီပါမြေချောင် တည်တော်မူခြင်း

သက္ကရာဇ် ၁၃၀၂ ခုနှစ်တွင် ရဟန်းတော် ဦးနန္ဒာသီရိသည် မူလ သီတင်းသုံး နေထိုင်တော်မူရာ ရတနာရံသီ ရေကန်ချောင်၏ အနောက်ဘက် ကုန်းမြင့်မြေရှိ ပြိုကျပျက်စီးလျက်ရှိသော ရှင်ဖြူရှင်လှဘုရားကြီး၏ အနောက်



မြောက်ဘက် ရာဟုထောင့်ရှိ ကမ်းပါးယံစောင်းကို ဖဲ့လျက် ဒီပါမြေချောင်ကို တည်တော်မူပါသည်။ လေးကျွန်းဒီပါ တစ်ကမ္ဘာလုံး ငြိမ်းချမ်းသာယာ မြေစေရန် ရည်ရွယ်၍ "ဒီပါမြေချောင်"ဟု ရဟန်းတော် ဦးနန္ဒာသီရိကိုယ်တော်တိုင် သမုတ်ခဲ့ခြင်းဖြစ်ပါသည်။ ရဟန်းသိက္ခာ ၅ဝါတွင် ရဟန်းတော် ဦးနန္ဒာသီရိသည် ဒီပါမြေချောင် ကျောင်းထိုင်ဆရာတော် ဦးနန္ဒာသီရိအဖြစ် ရောက်တော်မူပါသည်။

ဆရာတော် ဦးနန္ဒာသီရိသည် ၁၃၀၇ခုနှစ်တွင် ဒီပါမြေချောင်ကို ပရိယတ္တိ စာသင်တိုက်အဖြစ် ဖွင့်လှစ်ပါသည်။ စာသင်တိုက်ဖွင့်လှစ်ပြီး တစ်နှစ်အကြာတွင် စာသင်တိုက်ကို ညီတော် ဦးသုဇာတနှင့် သီတင်းသုံးဖော်တို့အား လွှဲအပ်၍ ဆရာတော် ဦးနန္ဒာသီရိသည် ပရိယတ္တိစာပေ ဆက်လက်သင်ယူရန် ပခုက္ကူ စာသင်တိုက်ကြီးများသို့ ကြွတော်မူပါသည်။ ထိုသို့ ကြွတော်မူပြီး ၄နှစ်ခန့် ကြာညောင်းသောအခါ ဒီပါမြေချောင်သို့ ပြန်လည်ကြွရောက်တော်မူပြီး ရဟန်းငယ်၊ သာမဏေတို့အား ပရိယတ္တိစာပေသင်ကြား ပို့ချတော်မူပါသည်။ ဒီပါမြေ စာသင်တိုက်သည် စာအောင် သံဃာအများအပြား အောင်ချက်အကောင်းဆုံးဟု ထင်ရှား ကျော်ကြားပြီး အစိုးရ ပထမပြန် ငယ်၊ လတ်၊ ကြီးနှင့် ဓမ္မာစရိယများ ပေါ်ထွန်းစေခဲ့ပါသည်။

### ဘုရားစေတီတော်များ ပြုပြင်တည်ဆောက်တော်မူခြင်း

ဒီပါမြေချောင် ဆရာတော် ဦးနန္ဒာသီရိသည် ရဟန်းသိက္ခာဝါတော် ၆ဝါအရ သက္ကရာဇ် ၁၃၂၄ ခုနှစ်မှ စတင်၍ ယိုယွင်းပျက်စီးနေသည့် ဘုရားစေတီများ ပြုပြင် တည်ဆောက်ခြင်း သာသနာပြု လုပ်ငန်းများကို ၁၃၄၅ ခုနှစ်အထိ ၂၁နှစ်တိုင်တိုင် ကြီးစွာသော လုံ့လ ဥဿာဟဖြင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် စရဏတရားတို့ကြောင့် ဆရာတော်၏ သာသနာပြုလုပ်ငန်းများမှာ ပြီးပြည့်စုံစွာ စွမ်းဆောင်နိုင်ခဲ့သည်ချည်းသာ ဖြစ်ပါသည်။

ဆရာတော် ဦးနန္ဒာသီရိ ပြုပြင်တည်ဆောက်တော်မူခဲ့သည့် ဘုရားစေတီတော်ကြီးများမှာ -

၁။ စစ်ကိုင်းတောင် ရှင်ဖြူရှင်လှ ဘုရားကြီး
၂။ စစ်ကိုင်းမြို့ ပွဲဆိပ်ရပ် ထူပါရုံဘုရား
၃။ စစ်ကိုင်းမြို့ ရွှေကျောင်းလောကမာရဇိန်
၄။ စစ်ကိုင်းမြို့ လောကချမ်းသာဘုရား
၅။ စစ်ကိုင်းမြို့ လောကရန်အောင်ဘုရား
၆။ စစ်ကိုင်းမြို့ စေတီလှ
၇။ စစ်ကိုင်းမြို့ ထုံးဘိုရပ်၊ လုံးတော်ကြီးဘုရား
၈။ အင်းဝမြို့ ဆင်ကျုံး၊ လောကသရဖူ စေတီတော်
၉။ အင်းဝမြို့ ဈေးချိုတိုက်နယ်၊ တုသသစေတီတော်
၁၀။ အင်းဝမြို့ ဈေးချိုတိုက်နယ်၊ တိသသစေတီတော်
၁၁။ အင်းဝမြို့ ဈေးချိုတိုက်နယ်၊ ဇိနစေတီတော်
၁၂။ အင်းဝမြို့ ဈေးချိုတိုက်နယ်၊ လောကမာန်အောင် စေတီတော်
၁၃။ အင်းဝမြို့ ဈေးချိုတိုက်နယ်၊ ငါးမာရ်အောင် စေတီတော်
၁၄။ အင်းဝမြို့ ဈေးချိုတိုက်နယ်၊ တဝဂူစေတီတော်တို့ ဖြစ်သည်■

* * *

စိန်ကျော်ဦး*(10D)*



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒထုတ်ဖော်

# နှစ်ကိုယ့်တစ်စိတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်

ပန်းတနော် နောင်လတ်



၁၉၇၀-၇၁ ပညာသင်နှစ်ကနေ ၁၉၇၅-၇၆ ပညာသင်နှစ်အထိ ဧရာဝတီတိုင်း၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ အင်းမကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်းမှာ စာရေးသူက မူလတန်းပြ ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

အဲဒီအချိန်က စာရေးသူက ကံ့ကော်ကျောင်းရဲ့ ဦးစီးပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တသုမနရဲ့ အရိပ်အာဝါသမှာ ခိုလှုံပြီး တပည့်အဖြစ် အေးငြိမ်းစွာ နေခဲ့ရတာပါ။

စာရေးသူနဲ့ အတူတူ တပည့်ဖြစ်သူတွေကတော့ မောင်အောင်မင်း၊ မောင်တင်လှိုင်၊ မောင်သိန်းထွန်း၊ စဖိုကြီးလို့ လူသိများခဲ့တဲ့ မောင်သန်းဦး စတဲ့သူတွေပါပဲ။

ဆရာတော်ကြီးနဲ့ ပတ်သက်တဲ့ ဝေယျာဝစ္စအားလုံးကို လိုလေသေးမရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ ကပ္ပိယကြီး



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ဘကြီးခိုလို့ ခေါ်တဲ့ ဘကြီး ဦးစိန်ခိုဖြစ်ပါတယ်။

◈◈◈

အခုအခါမှာ ရောဝတီတိုင်းက ရောဝတီတိုင်းဒေသကြီး ဖြစ်နေပါပြီ။ အင်းမ အခြေခံပညာ အလယ်တန်းကျောင်းက အင်းမ အခြေခံပညာ အထက်တန်းကျောင်း ဖြစ်နေပါပြီ။ အင်းမရွာလည်း စံပြကျေးရွာဖြစ်နေခဲ့ပါပြီ။ စာရေးသူကိုယ်တိုင်ကလည်း မူလတန်းကျောင်းအုပ်ဆရာကြီးဘဝနဲ့ သက်ပြည့် အငြိမ်းစား ပညာရေးဝန်ထမ်းဖြစ်နေတာ ငါးနှစ်သက်တမ်းထဲ ရောက်နေပါပြီ။

စာရေးသူတို့ တပည့် ဒါယကာ၊ ဒါယိကာမတွေရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ကံ့ကော်ကျောင်းရဲ့ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုမနလည်း ပျံလွန်တော်မူပြီးပါပြီ။ ဆရာတော်ကြီး ဘဒ္ဒန္တသုမန ဘဝနတ်နန်း စံမြန်းတော်မူခဲ့တာက ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၅ရက်၊ ခရစ်သက္ကရာဇ် (၇-၁၂-၂၀၁၃) စနေနေ့၊ ည ၈နာရီအချိန်မှာ ဖြစ်ပါတယ်။

ဘဝနတ်နန်း စံမြန်းတော်မူသွားတဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုမနရဲ့ ရုပ်ကလာပ်တော်နဲ့ ပတ်သက်တဲ့ စံကျောင်းတော်ပင့် အစီအစဉ်၊ အန္တိမအဂ္ဂိ ဈာပနအစီအစဉ် အစရှိတဲ့ အစီအစဉ်အားလုံးကို လိုလေသေးမရှိအောင် ဦးစီးဆောင်ရွက်ပေးတော်မူခဲ့တာက အင်းမ စံပြကျေးရွာ ဓမ္မသုခကျောင်းရဲ့ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသပါပဲ။

ဓမ္မသုခကျောင်းရဲ့ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ ဆိုတာ သာသနာ့ဓဇ ဓမ္မာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယ ရတ္တညုမဟာ နာယက၊ မြို့နယ် သံဃာ့နာယက(ရွှေကျင်) ဥက္ကဋ္ဌ၊ ပန်းတနော်ကျောင်းကုန်း၊ ကျုံပျော်၊ အိမ်မဲ၊ ဓနုဖြူ ငါးမြို့နယ်လုံးဆိုင်ရာ အင်းမ ဝိနည်းပြန်ဗွာနရဲ့ မဟာနာယက ဆရာတော်ဖြစ်ပါတယ်။

သာသနာရေးဆိုင်ရာ ဘွဲ့တော်များစွာ ဆက်ကပ်တော်မူခြင်း ခံယူတော်မူခဲ့ရပြီးဖြစ်တဲ့ သာသနာ့ အာဇာနည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသက သူ့ရဲ့ ဆန္ဒ စေတနာအရ တည်လှူတော်မူတဲ့ "နှစ်ကိုယ့်တစ်စိတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်" နဲ့ ပတ်သက်လို့ စာရေးသူကို အခုလို ပြောကြားခဲ့ပါတယ်။

"ကျုပ်က ဓမ္မသုခကျောင်းမှာ သီတင်းသုံးနေတုန်းတစ်ည၊ သန်းခေါင်ယံအချိန်မှာ ခါတိုင်းလိုပဲ ဝိပဿနာဘာဝနာတရားကို ရှုမှတ်ပွားများ ဆင်ခြင်ခဲ့တယ်။ ဆင်ခြင်



နေဆဲ စိတ်ထဲ သန့်စင် ကြည်လင်နေပေမယ့် ဆင်ခြင်ပြီးတဲ့အချိန်မှာ တွေးမိတာက လောကလူသားတွေမှာ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ပရိဒေဝတွေ တယ်များပါလား။ ဒါကြောင့် လူ့အမျိုးမျိုး စိတ်အထွေထွေဖြစ်နေတာပဲ။ လူတွေ ဘယ်လောက်ကွဲကွဲ စိတ်တစ်မျိုးတည်း ဖြစ်နေရင် သိပ်ကောင်းမယ်။ ဖြစ်နေတဲ့ စိတ်က ကောင်းကျိုးလိုရာဆန္ဒပြည့်ဝအောင် တူတူညီညီ စည်းစည်းရုံးရုံး ဆောင်ရွက်တဲ့ စိတ်ရှိရင် သိပ်ကောင်းမှာပဲ။ အဲဒီလို စိတ်ကူးမိခဲ့တယ်။ ကျုပ်ကိုယ်တိုင်လည်း ဘဝသံသရာမှာ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေ၊ ကိုယ်နဲ့ ပေါင်းသင်းဆက်ဆံရတဲ့ လူတွေအားလုံးက ကိုယ်နဲ့အတူတူ ကိုယ့်လိုပဲ ကောင်းကျိုးဆောင်ရွက်တဲ့ စိတ်တစ်စိတ်တည်းရှိပြီး ကောင်းကျိုးဆောင်ရွက်တဲ့ လူတွေ ဖြစ်စေချင်ခဲ့တယ်။

ကျုပ်တို့ ကိုးကွယ်တော်မူတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်ကလည်း သတ္တဝါတိုင်းကို လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေကို ကောင်းတဲ့ စိတ်၊ ကောင်းမှုကုသိုလ်ပြုတဲ့ စိတ်တွေ မွေးပြီး ကောင်းမှုသုခကို ရစေချင်တဲ့ စေတနာ မေတ္တာထားတော်မူတာပဲ။

အဲဒီလို တွေးမိပြီး ရဟန်းသံဃာတော်တွေ၊ ရှင်သာမဏေတွေ၊ သီလရှင်တွေ၊ ဒါယကာ, ဒါယိကာမတွေ


www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသခင်က ကိုယ်ခန္ဓာတွေ ဘယ်လောက်ကွဲကွဲ ကောင်းတဲ့စိတ် တစ်စိတ်တည်းရှိဖို့၊ ကိုယ်နှစ်ကိုယ် ရှိတာတောင်မှ ကောင်းတဲ့စိတ် တစ်စိတ်တည်း ထားကြဖို့ ဆုံးမတော်မူတဲ့အနေနဲ့ ပြသတဲ့ သဘောနဲ့ "နှစ်ကိုယ့်တစ်စိတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်"ကို ကျုပ်ကိုယ်တိုင် ဦးစီးပြီး ဉာဏ်တော် ဇပေမြင့်တဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော် တည်လှူပူဇော်တာ ဖြစ်တယ်။

အင်းမ စံပြကျေးရွာ၊ ဓမ္မသုခကျောင်းရဲ့ သာသနာ့မြေထဲမှာ နှစ်ကိုယ့်တစ်စိတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော် တည်လှူပူဇော်တာက ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ ပြာသိုလဆုတ်မှာ ဖြစ်ပါတယ်"

ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသက သူကိုယ်တိုင် ရေးသားပူဇော်တော်မူတဲ့ "နှစ်ကိုယ့်တစ်စိတ် ဘုရားရှိခိုး"ကို အခုလို ရွတ်ဆိုပြပြီး စကားနိဂုံး အဆုံးသတ်ခဲ့တော့တာပါပဲ။

**နှစ်ကိုယ့်တစ်စိတ် ဘုရားရှိခိုး**

ဒွိဓာကာယ ဧကစိတ္တံ၊
ဆဗ္ဗသံ ဒုက္ကရ ကာရိယံ၊
မဟာဗောဓိ အာလမ္ဗိတွာ၊
ဝန္ဒေ ဘဂါန မာလယံ။

ဆဗ္ဗသံ - ရက်၊ လ၊ ခုနှစ် သက္ကရာဇ် တွက်စစ်စုရုံး၊ ခြောက်နှစ်တို့ ကာလပတ်လုံး၊ ဒုက္ကရ ကာရိယံ - လူသာမန်တို့ ကျင့်ကြံဖို့ဝေး၊ ကြံတွေးရုံမျှ၊ ကြက်သီးထလောက်စရာ အကျင့်တော် အဖြာဖြာကို၊ မညာမသက်၊ ကျင့်ဖို့အတွက်ဖြင့်၊ သက်ရှယ် ၂၉နှစ်၊ ပျိုမျစ်နုနယ်၊ ငယ်တုန်းရွယ်တွင်၊ ရင်ဝယ် လိုက်ဖို၊ သံဝေပိုဖို့၊ သူအိုတစ်ဖြာ၊ သူနာတစ်ထွေ၊ သူသေတစ်ခန်း၊ ရဟန်းတစ်သွယ်၊ တကာယ်ပုံရိပ်၊ နတ်ဖြဟိတ်ကြောင့်၊ ရွှေစိတ်မသာ၊ တောသို့ခွာလျက်၊ တောင်တော်ထက်တွင်၊ ဇွဲစိတ်ယှဉ်၍ ရိုးတွင် ရေးပုံး၊ လူလုံးမလှ၊ ပိန်လျလျဖြင့်၊ ဗုဒ္ဓဖြစ်ရန် ကျင့်ကြံကြိုးကုတ်၊ အားထုတ်တော်မူနေပုံကို လည်းကောင်း…

မဟာဗောဓိ - ရာသုံးခုကြံ၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့တွင်၊ ဗောဓိပင်ခြေ၊ ပလ္လင်ဗွေထက်၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေလျက်၊ ငါးထွေမာန်စစ်၊ ရန်အညစ်ကို၊ ခေတ်ဇာတိလုံး၊ ပဲ့တင်ချိုးအောင်၊ ချေမှုန်းဖျက်ရှင်း၊ အောင်ပွဲခင်းကာ၊ ပုဒ်အာဟု၊ သုံးဖြာဉာဏ၊ ကိုယ်ပိုင်ရလျက်၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညာဏ်ရှင်၊ ဘုရားသခင်အဖြစ်သို့၊ စင်စစ်မသွေ၊ ရောက်ရှိတော်မူခဲ့ပေသော၊ ဘဂါန မာလယံ - ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်တို့၊ လွှမ်းခြုံတည်ရာ၊ မဟာပုရိသာ၊ အာဇညဟု၊ ကမ္ဘာ့တန်ဆာ၊ ရတနာအထွဋ်၊ အတုလွတ်ကင်း၊ တရားမင်းကြီး ဖြစ်တော်မူပုံကို လည်းကောင်း…

အာလမ္ဗိတွာ - စိတ်မှာ အာရုံ၊ စွဲမြဲထုံ၍၊ ယုံကြည်လေးစား၊ အစသဒ္ဓါပွားလျက်၊ ဒွိဓာကာယ ဧကစိတ္တံ - ကိုယ်က နှစ်ကိုယ်၊ စိတ်က တစ်စိတ်၊ ပုံရိပ်ထူးခြား၊ နှစ်ကိုယ့်တစ်စိတ် ရုပ်ရှင်တော်မြတ်ဘုရားကြီးကို၊ အပဟံ - အံ့ဩစရာ ဖူးရပါသဖြင့်၊ စိတ်မှာ ရွှင်ဘိ၊ ပီတိရွှန်းစို၊ ကြည်ညို သဒ္ဓါ၊ ကိုယ်မှာ ပြည့်လျှံ၊ အမှန်မသွေ၊ ဖြစ်ပေါ်ခဲ့ရပါပေသော ဘုရားတပည့်တော်သည်…

ဝန္ဒေ ဝန္ဒာမိ - ခြောက်နှစ်ကြာညောင်း၊ ဘုရားအလောင်းတော်၊ ဖြစ်ကြောင်း မျှော်၍၊ အဖော်မရှိ တစ်ကိုယ်တည်းဖြင့်၊ ဉာဏ်ကြီးမျှော်မြင့်၊ ကျင့်ကြံတော်မူသဖြင့်၊ ငါးဝရန်မာန်၊ အောင်ပွဲခံလျက်၊ ဉာဏ်တော် သဗ္ဗညုတ၊ ကိုယ်တိုင်ရ၍၊ ကိုးဝဂုဏ်တော်၊ ပြည့်စုံကျော်ကြား၊ မြတ်ဘုရားကို၊ လေးစားကြည်ညို၊ သဒ္ဓါပိုလျက်၊ လက်ဆယ်ဖြာ ထိပ်မှာမိုးပြီး ရှိခိုးကန်တော့ပါ၏ ဘုရား ■

* * *

ပန်းတနော်ခနောင်မိတ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ တန်ခူးလဆန်း ၄ရက်(၁၂-၄-၂၀၀၅)နေ့တွင် တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင်၊ ရွှေပြည်သာ ဓမ္မရိပ်သာကြီးအတွင်းမှ ဦးစိုးကြီး+ ဒေါ်ညွန့်ရီ မိသားစုများက ဆရာတော်အား သီက္ခာထပ်၊ ရဟန်းခံ၊ သီလရှင်ဝတ်၊ ၄၇သိန်းတန် ကျောင်းဆောင်သစ်တစ်ဆောင်၊ ကျမ်းစာအုပ်များ၊ ရန်ကုန်မြို့ရှိ မန္တလေးကျောင်း အတွက် အသံဖမ်းစက်တစ်လုံး လှူဒါန်းခြင်း ရေစက်ချ အလှူတရားပွဲတွင် ဟောကြားအပ်သော "စန်လမ်းနှင့် ဆန်လမ်း" တရားတော်။

အဲဒီလမ်းနှစ်လမ်းမှာ များသောအားဖြင့် လူသားတွေဟာ စန်လမ်းကို အလိုက်များကြတယ်။ ဆန်လမ်းကို သိပ်ပြီးတော့ မလိုက်ဘူး။

စုန်လမ်းဆိုတာ အကုသိုလ်လမ်း၊ ဆန်လမ်းဆိုတာ ကုသိုလ်လမ်း။ ရေစုန်ဟာ သိပ်သက်သာတာ။ ဘာမှ လော်စရာ ခတ်စရာ မလိုဘူး။ အသာလေး လှေပေါ်ထိုင်လိုက်သွားရင် ပါသွားတာပဲ။ ဒါပေမယ့်လို့ စုန်လမ်းရဲ့ နောက်ဆုံး ပန်းတိုင်က သမုဒ္ဒရာထဲ ရောက်ပြီးတော့ လှိုင်းတွေ၊ ဝဲတွေ ရိုက်ပြီးတော့ ရေနစ်ပြီး သေရတယ်။

ရေဆန်ကျတော့ ကူးခတ်ရတာလည်း ပင်ပန်းတယ်။ လှေကိုလည်း လျှာထွက်မတတ် လော်ရတယ်။ သိပ်ပင်ပန်းပါတယ်။ ဒါပေမယ့်လို့ ဆန်လမ်းရဲ့ နောက်ဆုံး ပန်းတိုင်က ရေသည် မြင့်ရာကနေ နိမ့်ရာကို စီးဆင်းတဲ့အတွက်ကြောင့် ဆန်လမ်းရဲ့ အဆုံးကျတော့ ရေတွေ စတင်စီးဆင်းရာ တောင်ထိပ် ကမ်းပါးပေါ် ရောက်သွားတယ်။ ရေတံခွန်အပေါ်ဆုံး ရောက်သွားတာပေါ့။ အဲဒီကျတော့ သာယာလှပတဲ့ ရှုခင်းတွေကို တောင်ပေါ်ကနေ ကြည့်ခွင့်ရမယ်။ ဒါက ဥပမာ ပေးလိုက်တာပေါ့။

ပရိသတ်တို့ရေ··· စုန်လမ်းဆိုတာ အကုသိုလ်လမ်းကို ပြောတာ။ အင်မတန်မှ လွယ်ကူတယ်။ ဆိုကြပါစို့။ အရက်သောက်ဖို့ ဘာမှ မခဲယဉ်းဘူး။ အရက်သမားတွေ ပေါလိုက်တာ။ အရက်သောက်ဖို့ သင်တန်းတက်စရာ မလိုဘူး။ ဖဲရိုက်ဖို့၊ နှစ်လုံး, သုံးလုံး ကစားဖို့၊ လောင်းကစားလုပ်ဖို့ ဘာမှပင်ပန်းစရာမလိုဘူး။ တအားပေါတာ၊ ခိုးသမားတွေ အများကြီးပဲ။ ဒါ စုန်လမ်းကို ပြောပြနေတာ၊ လွယ်ကူပုံ။

အပါယ်ကျမယ့် လမ်းတွေ ဘယ်လောက်လွယ်သလဲ။ အပျော်အပါး မိန်းမတွေ လိုက်စားဖို့ ဘာမှ သင်တန်းတက်စရာမလိုဘူး။ လွယ်လွယ်လေးပဲ။ အကုသိုလ်အလုပ်တွေက အပါယ်ကျမယ်လေ။ ဒါ စုန်လမ်းခေါ်တယ်။

ကုသိုလ်လမ်းက ဆန်လမ်းပဲ။ ဒါနပြုကြတယ်၊ သီလဆောက်တည်ကြတယ်။ ဘာဝနာပွားကြတယ်။ အဲဒါ ဆန်လမ်း။ လူတိုင်း မလုပ်နိုင်ဘူး။ ခဲယဉ်းတယ်။

အဲဒီ ဆန်လမ်းရဲ့ နောက်ဆုံး ပန်းတိုင်က လူချမ်းသာလည်း ရမယ်။ နတ်ချမ်းသာလည်း ရမယ်။ မိမိက ဆုတောင်းတတ်ပြီးတော့ ဝိပဿနာတရားတွေ နာကြား ရှုပွားမယ်ဆိုရင် နိဗ္ဗာန်ချမ်းသာထိ ပို့ပေးမယ်။ အဲဒါ ဆန်လမ်း။

တခြားပုဂ္ဂိုလ်များ မဆိုထားနဲ့၊ လင်မယားပင် ဖြစ်စေကာမူ၊ လမ်းသွားတာချင်း မတူရင်၊ ကုသိုလ်လမ်းနဲ့ အကုသိုလ်လမ်း လျှောက်လှမ်းပုံချင်းမတူရင် ရောက်တဲ့ ဘုံဌာနချင်းလည်း တူမှာ မဟုတ်ပါဘူး။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ပုံစံတစ်ခု ထုတ်ပြမှာပေါ့။

◈◈◈

ဗာရာဏသီပြည်မှာ နန္ဒိယနဲ့ ရေဝတီ ဆိုတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ နန္ဒိယက ဆန်လမ်းလျှောက်တဲ့ ပုဂ္ဂိုလ်။ ရေဝတီက စုန်လမ်းလျှောက်တဲ့ ပုဂ္ဂိုလ်။ သူတို့ မရခင်စပ်ကြားတုန်းက နန္ဒိယဟာ အင်မတန်လိမ္မာတဲ့ လူလိမ္မာလေးတစ်ယောက်ဖြစ်တယ်။

မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေး စီးပွားရေးကိုလည်း ရှာတယ်။ ကုသိုလ်လည်း ရှာတယ်။ စီးပွားရေးလည်း ရှာတယ်။ ဒီပုဂ္ဂိုလ်များကို လူ့ပရမတ္တလို့ ခေါ်တယ်။

ယောဂီတို့ရေ··· လူလေးမျိုးရှိတယ်။ တရားနာရင်းနဲ့ ဒုလ္လဘ ဦးဇင်းများလည်း စဉ်းစား။ ငါတို့ဟာ တရားမနာခင်အချိန်တုန်းက ဘယ်လူထဲမှာ ပါသလဲ၊ ကိုယ့်ကိုယ်ကို စစ်ပါ။

(၁) လူငရဲသား၊
(၂) လူတိရစ္ဆာန်၊
(၃) လူပြိတ္တာ၊
(၄) လူ့ပရမတ္တ···

တဲ့။ အဓိပ္ပာယ်လေး နားထောင်ပါ။

**လူ့ငရဲသား** ဆိုတာ ငရဲကျသွားရင်လေ အဲဒီပုဂ္ဂိုလ်များဟာ ဆင်းရဲတွေကို ဆက်တိုက် ခံစားရတယ်။ နားချိန်မရှိဘူး။ ငရဲရှစ်ထပ်ရှိတယ်။ လူ့ပြည်နဲ့ အနီးဆုံး ငရဲကို သိဉ္စိုင်းငရဲခေါ်တယ်။


www.burmeseclassic.com

www.burmeseclassic.com

လူပြည်က နေပြီးတော့ ယူဇနာတစ်သောင်းငါးထောင် သေးတဲ့ အရပ်မှာ ရှိတယ်။ တစ်ယူဇနာမှာ မိုင်အားဖြင့် နှစ်မိုင်ရှိတယ်။ သိဦ္ဒင်းငရဲဟာ သက်တမ်းအတိုဆုံးပေါ့။ အနှံ့တဲ့ ငရဲတွေက သက်တမ်းရှည့်ရှည်သွားတယ်။

ငရဲကို ကျသွားပြီဆိုရင် ငရဲခံရမယ့် ငရဲသားရဲ့ ခန္ဓာကိုယ်ကြီးဟာ ခြောက်မိုင်လောက် ကြီးမားတဲ့ ခန္ဓာကိုယ် ကြီး ဖြစ်သွားတယ်။ ဘာဖြစ်လို့ ကြီးသွားသလဲတဲ့။ သူ့ကို ဓားနဲ့ ခုတ်၊ လှံနဲ့ ထိုးကြတဲ့အခါမှာ မလွတ်အောင်ပေါ့။ ဓားကြိုက်ခုတ်လို့၊ ထိုးလို့ရအောင် အကုသိုလ်ကံက သူ့ရဲ့ ခန္ဓာကိုယ်ကို အကြီးကြီးလုပ်ပေးလိုက်တယ်။ ပြီးတော့ ဓားနဲ့ ခုတ်တဲ့အခါမှာ၊ လှံတွေနဲ့ ထိုးကြတဲ့အခါမှာ ပိုပြီးတော့ နာကျင်အောင် အကုသိုလ်ကံတွေက သူ့ရဲ့ ခန္ဓာတစ်ကိုယ်လုံးကို အသားနုတွေဖြစ်အောင် လုပ်ပေးလိုက်တယ်။

အသားနုဆိုရင် ထိရင် ပိုနာတယ်လေ။ ပိုနာအောင် အကုသိုလ်က ဖန်တီးပေးတာ။ သိပ်ကြောက်ဖို့ ကောင်းတယ်။ ရောက်လာတဲ့ ငရဲသားကြီးကို နှိပ်စက်မယ့် ငရဲ ကောင်များက ပက်လက်လှန်လိုက်တယ်။ ပက်လက်လှန်ပြီး တော့ ထန်းသီးလုံး ပမာဏရှိတဲ့ သံမှိုကြီး ငါးချောင်းနဲ့ ရိုက်တယ်။ ရင်ဘတ်မှာ တစ်ချက်ရိုက်တယ်။ မြေကြီးနဲ့ ကပ်ပြီးတော့ မလှုပ်နိုင်အောင်ပေါ့။ လက်ကြီး ကား ပြီးတော့ လက်နှစ်ဖက်မှာ တစ်ချက်စီ ရိုက်တယ်။ ခြေထောက်ကားပြီးတော့ ခြေထောက်နှစ်ဖက်မှာ တစ်ချက် စီ ရိုက်တော့ လှုပ်လို့ မရတော့ဘူး။

အဲဒီအချိန်ကျမှ ငရဲကောင်တွေက အဲဒီ ငရဲသားကို ပုဆိန်တွေနဲ့ ဖြတ်ကြတယ်။ လှံတွေနဲ့ ထိုးကြတယ်။ ဓားတွေနဲ့ ခုတ်ကြတယ်။ ပုဆိန်တွေနဲ့ ခုတ်ကြတယ်။ ဟာ…အော် ညည်းပြီး သွေးတွေလည်း ပေကျံလို့။

အဲဒီလို အခုတ်အထစ်ခံရတာ သေလည်း မသေရဘူး။ ဘယ်လောက် ကြောက်စရာကောင်းတဲ့ အကုသိုလ်လဲလို့။ သေသွားရင် တော်သေးတယ်။ မသေရဘူး။ အကုသိုလ်ကံ ကုန်ရင် သိဦ္ဒင်းငရဲရောက်သွားရင် နှစ်ပေါင်း လူ့သက်နဲ့ ဆိုရင် အနှစ်ကိုးသန်း ဆက်တိုက်ခံရတယ်။ မနားရဘူး။

ထိုင်းစားကြည့်စမ်း ပရိသတ်တို့။ အဲဒီ ငရဲသားအနေနဲ့ ဒီလို ခံနေရတဲ့ အချိန်အတွင်းမှာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေ လုပ်ခွင့်ရရဲ့လား။ မရဘူးနော်။

ဒီအတိုင်းပါပဲ၊ တချို့လူသားတွေဟာ လူတော့ လာ ဖြစ်တယ်။ ဒါပေမယ့်လို့ ဘာသာရေးလည်း ဘာမှမသိ။ ဘာမှမသိတဲ့အတွက်။ အဖေ အမေတွေက ဗုဒ္ဓဘာသာဝင်ဖြစ် လို့သာ ဗုဒ္ဓဘာသာဝင်လိုက်ရတယ်။ ဘာစာပေမှလည်း မဖတ်၊ တရားလည်း မနာ၊ ပညာရှိထံလည်း မမေးမြန်းတော့ ဘာမှမသိဘူးပေါ့။

အဲဒီတော့ သူ ဘာလုပ်လဲ။

ဟာ…ငါတို့ လူ့ဘဝအနှစ်သာရဆိုတာ စီးပွားဥစ္စာ ရွှေငွေတွေပဲ ဆိုပြီးတော့ တစ်သက်လုံး ရှာနေတယ်နော်။ ဒီလို ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။

အခု ပုဂ္ဂိုလ်တွေ ပိုဆိုးပေါ့။ အဲဒီလို ရှာဖွေတဲ့အခါမှာ မကောင်းတဲ့နည်းနဲ့ စီးပွားရှာတယ်။ သူများအသက်သတ်ပြီး တော့ စီးပွားရှာတယ်။ သူများဥစ္စာခိုးပြီးတော့ စီးပွားရှာတယ်။ သူများကို လိမ်ညာပြီးတော့ စီးပွားရှာတယ်။

ဒီတော့ ဥပဒေနဲ့ ငြိပြီးတော့ ဟော…ထောင်ကျရော။ ထောင်ကျတော့ ရဲဘက်စခန်းပို့၊ ထောင်သားများ၊ ရဲဘက် စခန်းက ပုဂ္ဂိုလ်များဟာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေ လုပ်ခွင့်ရရဲ့လား။ မရဘူးနော်။

ဟော…ငရဲသားတွေနဲ့ သွားမတူဘူးလား။ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်များကို မှတ်လိုက်စမ်းပါ၊ လူ့ငရဲသားလို့၊ အဲဒီလို ကိုယ် မဖြစ်အောင် ကြိုးစားနော်။

**လူ့တိရစ္ဆာန်။** တိရစ္ဆာန်ဆိုတာ အိပ်တယ်၊ စားတယ်၊ ကာမဂုဏ်ခံစားတယ်။ ဒါန၊ သီလ၊ ဘာဝနာ ဘာမှမလုပ်ဘူး။ ထို့အတူပဲ တချို့လူသားဟာ စီးပွားရေးတော့ ရှာလိုက်တာ၊ သိန်းပေါင်း ရာနဲ့ ထောင်နဲ့ သောင်းနဲ့ချီပြီးတော့ ချမ်းသာတယ်။ ဒါပေမယ့် သူ ဘာလုပ်သလဲ။ အိပ်တယ်၊ စားတယ်၊ ကာမဂုဏ်ခံစားတယ်။ ဒါန၊ သီလ၊ ဘာဝနာ ဘာတစ်ခုမှ မလုပ်ဘူး။ လုပ်ချင်စိတ်လည်း မရှိဘူး။ အဲဒီလို နဲ့ သေသွားတယ်ပေါ့၊ အဲဒီလို လူစားမျိုးဟာ ဗုဒ္ဓက လူအစစ် မဟုတ်ပါဘူးတဲ့။ လူ့တိရစ္ဆာန်တဲ့။

**လူ့ပြိတ္တာ။** ပြိတ္တာဆိုတာ တစ္ဆေ သရဲ မှင်စာ၊ ဥစ္စာစောင့်၊ အားလုံးဟာ ပြိတ္တာထဲမှာ ပါတယ်။ အဲဒီ ပြိတ္တာတွေဟာ သူတို့ရဲ့ ဝမ်းရေးလေးကို တစ်သက်လုံး ရှာရတာ။ ဘယ်တော့မှလည်း မဝဘူး။

လူတွေ ထွေးတဲ့ တံတွေးတွေ၊ နပ်တွေ၊ သလိပ်တွေ ကို လျှောက်ကောက်စားရတယ်။ ဝလည်း မဝဘူး။ ဝမ်းရေး လေးကို ရှာစားရင်းနဲ့ သေသွားကြတယ်။ ဘာကုသိုလ်မှ လုပ်မသွားနိုင်ဘူး။

ထို့အတူပဲ၊ တချို့ လူသားတွေကျ ဆင်းရဲလိုက်တာ။ ဘာကုသိုလ်မှ မလုပ်နိုင်ဘူး။ ဒီ ဝမ်းလေးရှာစားပြီးတော့ သေသွားကြရတယ်။ အဲဒီလူသားမျိုးကို လူ့ပြိတ္တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com

လူ့ပရမတ္တ ဆိုတာ စီးပွားရေးကို သမ္မာအာဇီဝကျကျ ပေါ့၊ ကောင်းတဲ့နည်းနဲ့ အပြစ်ကင်းတဲ့ အလုပ်နဲ့ လူတန်းစေ့ နေနိုင်အောင် ရှာဖွေတယ်။ ဒါတင်ပဲလား၊ မပြီးသေးဘူး။ ခြေ့ာ်... ဒီ စီးပွားဥစ္စာတွေ ငါတို့တစ်ဘဝတာ သုံးရတာ။ သံသရာမပါဘူး။ သံသရာမှာက ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားတွေပဲ ပါတာ။ စီးပွားရေး၊ ကုသိုလ်ရေး နှစ်မျိုးလုံး ကြိုးစားနိုင်တဲ့ လူသားက လူ့ပရမတ္တဖြစ်တယ်။

အခုလို ကျောင်းအလှူဒါနဟာ အင်မတန်မှ အကျိုးအာနိသင် ကြီးမားပါတယ်။ ကောင်းကျိုးရတဲ့ သာဓက နှစ်ခု ပြောပြမယ်။ ပထမတစ်ခုက ပန်းဒကာ ကိုတင်မြင့်တဲ့။

သူက စာရေးဆရာပေါ့။ မြစ်ကြီးနားမှာ အိမ်ငှားနဲ့ နေရတယ်။ ဒကာကြီးက စက်ချုပ်တယ်။ နောက်တော့ ငွေလေး စုဆောင်းမိတော့ စာအုပ်လေးပါ အရောင်းအဝယ် လုပ်တယ်။ နို့ဆီလည်း အရောင်းအဝယ်လုပ်တယ်။ သူက လူ့ပရမတ္တ ဆိုတော့ စီးပွားရေးလည်း ရှာတယ်။ ကုသိုလ်ရေးလည်း ရှာတော့ ဒီဒကာကြီးဟာ တရားတွေ လိုက်စားတယ်။ မိုးကုတ် ဝိပဿနာတရားဆို ဟောနိုင်တယ်။

အဲဒီလို ကြိုးစားလိုက်တာလေ၊ စီးပွားရေးတွေ တက်လာလိုက်တာ။ နောက်ဆုံး သူတို့ဟာ ကိုယ်ပိုင်တိုက်တွေ၊ ခြံတွေ ဝယ်ဖို့ ပိုက်ဆံပြည့်စုံလာတယ်။ ဒါ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကပေါ့။

အဲဒါနဲ့ သူတို့ မြစ်ကြီးနားမြို့မှာ တိုက်နဲ့ ခြံဝယ်ဖို့ လိုက်စပ်တာလေ၊ အံ့သြစရာပဲ ဝယ်လို့မရဘူး။ ဘယ်သူမှ မရောင်းဘူးတဲ့။ ဒီတိုက်တစ်လုံးဝယ်ဖို့ စရန်သတ်ပြီး နောက်နေ့ သွားဝယ်၊ မရောင်းတော့ဘူးတဲ့။

လင်မယားနှစ်ယောက်လုံးက -

*"ဟယ်...ငါတို့ ဘယ်လိုအကုသိုလ်တွေ ရှိပါလိမ့်။ သူများအိမ်ငှားနေတာ ကြာပြီ၊ အခု ကိုယ်ပိုင်တိုက်နဲ့ ခြံနဲ့ နေချင်လို့ ဝယ်တော့လည်း ရောင်းမယ့်သူက တစ်ယောက်မှ မရှိဘူး"*

ဒကာကြီးက ရဟန်းဘဝလည်း နေဖူးတယ်။ ဗုဒ္ဓစာပေတွေလည်း သင်ဖူးတော့ သူ့မိန်းမကို တိုင်ပင်တယ်။

"မိန်းမ... မင်းနဲ့ ငါနဲ့ဟာ အတိတ်ဘဝတုန်းက အဆောက်အအုံလှူဖူးတဲ့ ဒါနမရှိလို့ အခုလို အိမ်ဝယ်တိုင်း မရဖြစ်နေတာ။ မင်း သဘောတူရင် ငါတို့ တိုက်နဲ့ ခြံ မဝယ်တော့ဘူး။ အဲဒီတိုက်နဲ့ ခြံဝယ်မယ့်ငွေတွေကို ဘုန်းကြီးကျောင်းဆောက်လှူပစ်မယ်"

မိန်းမကလည်း သဘောတူတယ်။ လှူပါတဲ့။



လင်မယားနှစ်ယောက် စိတ်တူကိုယ်တူနဲ့ စာသင်တိုက်တစ်တိုက်သွားပြီးတော့ တစ်ထပ်တိုက်ကျောင်းတစ်ကျောင်းဆောက်လုပ်လှူပစ်လိုက်တာ။ အိမ်အငှားနဲ့ပဲ ဆက်နေမယ်ဆိုပြီးတော့ ဝမ်းသာအားရ လှူလိုက်တယ်။

အဲဒီတော့ မှတ်လိုက်ကြ၊ အဲဒီလို ဒါနပြုတိုင်းပြုတိုင်း ကုသိုလ်ပြုတိုင်းပြုတိုင်း ဇော (၇)ချက်ရှိတယ်။ အဲဒီဇော (၇)ချက်မှာ စေတနာ (၇)ချက် ဇောတယ်။

အဲဒီ ဇော (၇)ချက်မှာ ပထမဇော စေတနာလေးက ဒီဘဝမှာ ကောင်းကျိုးပေးတယ်။ သတ္တမဇော စေတနာလေးက ဒုတိယဘဝမှာ ကောင်းကျိုးပေးတယ်။ အဆောက်အအုံ လှူတယ်ဆို အဆောက်အအုံတွေ ပြန်ပေးတာပေါ့၊ အလယ် ဇော ၅ချက် စေတနာက တတိယဘဝက စပြီးတော့ နိဗ္ဗာန် မရမချင်း လိုက်ပြီးတော့ ကောင်းကျိုးပေးတယ်။

သူတို့လင်မယားနှစ်ယောက် စေတနာက ထက်သန် ကောင်းမွန်လိုက်တာက ဒီဘဝမှာတင် သူတို့ကို ကောင်းကျိုး ပေးတယ်။ အဲဒီလိုနေရင်းနဲ့ ဒီဒကာကြီးက တစ်ခါတော့ မြစ်ကြီးနားမြို့က ဥပမာ- မြိတ်မြို့မှာဆိုရင် သိမ်တော်ကြီး ဘုရားလိုပေါ့၊ ဘုရားမှာ သူက မိုးကုတ်ဝိပဿနာတရား ဟောပေးတယ်။ အဘွားကြီးတစ်ယောက်က သူ့[illegible]ကို နာပြီးတော့ အသိဉာဏ်တွေ ရှင်း၊ တရားရသွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာ အဘွားကြီးက ဝမ်းသာပြီးတော့ "ငါ့ကို အပါယ်တံခါး ပိတ်အောင် ဟောပေးတယ်။ ငါ့သားလေး မင်း ငါ့အပေါ် ကျေးဇူးကြီးတယ်။ အဘွားမှာ သားသမီးမရှိဘူး။ အဘွားနေတဲ့ တိုက်နဲ့ ခြံကို ငါ့သားကို ပေးပါတယ်" ဆိုပြီး ပေးတယ်။

အဲဒါ ပန်းဒကာ ကိုတင်မြင့်တို့ လင်မယားနှစ်ယောက် အမည်နဲ့ တိုက်နဲ့ ခြံကို လွှဲပေးလိုက်တယ်။ အခု သူတို့ တိုက်တွေ ခြံတွေ ရသွားတယ်။ အဲဒါ ပဌမဇော စေတနာ၊ ဒီဘဝတင် ကောင်းကျိုးရသွားတယ်။

သူတို့ရဲ့ သတ္တမဇော စေတနာက သူတို့ နောက်ဘဝကျရင်လည်း အဲလို အဆောက်အအုံတွေ ရဦးမယ်။ အလယ်ဇော ၅ချက်စေတနာက သူတို့ နိဗ္ဗာန်မရောက်မချင်း ဓမ္မန္တာပမပြစ်မချင်း လိုက်ပြီးတော့ ကောင်းကျိုးတွေ ပေးဦးမယ်။

ဒါကြောင့် အခု ဒီက ကျောင်းအလှူရှင် မိသားစုများလည်း ဝမ်းသာကြပေါ့။ ဒီအကျိုးတွေ ငါတို့ရမယ်ဆိုပြီးတော့ နော်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို လူ့ပရမတ္တလို့ ခေါ်တယ်။

◈◈◈

နောက်တစ်ယောက် နန္ဒိယ သူကြွယ်။ စီးပွားရေးလည်း ရှာတယ်။ ကုသိုလ်ရေးလည်း ရှာတယ်။ အဲဒါနဲ့ နန္ဒိယ အရွယ်ရောက်လာတော့ မိဘနှစ်ပါးက အိမ်ထောင်ချပေးချင်တယ်။

"ငါ့သား မင်းကို အိမ်ထောင်ချပေးချင်တယ်"

"အမေ… အိမ်ထောင် မချနဲ့။ စိတ်ချင်း သဘောချင်း တူမှ ကောင်းတာ။ မတူရင် မကောင်းဘူး"

"ဟာ… တူတာ ရှာမှာပေါ့ သားရယ်"

အဲဒါနဲ့ ရေဝတီ ဆိုတဲ့ မိန်းကလေးကို သူတို့ သွားပြီး ပေးကြတယ်။ ရေဝတီနဲ့ စေ့စပ်ကြောင်းလမ်းတဲ့အခါ နန္ဒိယက ပြတ်ပြတ်သားသားပြောသတဲ့။

"မိန်းကလေး… ငါက ရတနာသုံးပါးနဲ့ မိဘကို အမြတ်တနိုး ဦးထိပ်မှာ ထားတယ်။ မင်း ငါ့ကို ယူချင်ရင် ငါ့လို ရတနာသုံးပါးနဲ့ ငါ့မိဘများကို ဦးထိပ်မှာ ထားပြီးတော့ ကြည်ညိုနိုင်ရင် မင်း ငါနဲ့ ပေါင်းလို့ ရမယ်"

ပေါ့။ အမှန်ကတော့ ရေဝတီက လုံးဝ သဒ္ဓါတရား မရှိဘူး။ ဒါပေမယ့်လို့ နန္ဒိယ သူကြွယ်တို့က ချမ်းသာကြွယ်ဝတော့ နန္ဒိယရဲ့ အမေ၊ အဖေတွေကလည်း သင်ထားတယ်။

"သမီး… ရတနာသုံးပါးကို ကြည်ညိုလိုက်၊ အမေ အဖေတို့ကိုလည်း လေးလေးစားစား ပြုစုလိုက်၊ ဒါဆို ပြီးကို ယူမှာ"

ဆိုတော့ သူကြွယ်ပိုင်ဆိုင်တဲ့ ဥစ္စာစည်းစိမ်တွေကို သူက လိုချင်တာနဲ့ပဲ "ကျွန်မလည်း ကြည်ညိုပါတယ်" ဆိုပြီးတော့ ဟန်ဆောင်ပန်ဆောင်ပေါ့လေ။ ယူလိုက်ကြတယ်။

ယူပြီးတော့ နန္ဒိယက ကုန်ရောင်းကုန်ဝယ်လေ။ အဝေးသွားရတယ်ဆိုတော့ အဲဒါ ကုန်ရောင်းကုန်ဝယ်လည်း သွားရော ရေဝတီကို အကုန်မှာခဲ့တယ်။

"ငါ့မိဘနှစ်ပါးကို သေချာလုပ်ကျွေးပါ။ ငါ့အိမ်မှာဆိုရင် ရဟန်း သံဃာတွေ အမြဲတမ်း ဆွမ်းခံလေ့ရှိတယ်။ ဆွမ်းစားလည်း အမြဲတမ်း ကြွကြတယ်။ မင်း သေသေချာချာ လုပ်ကျွေးပါ။ ပြုစုပါ။ လှူဒါန်းပါ။ တောင်းစားတဲ့ ပုဂ္ဂိုလ်များ ငါ့အိမ်ကို အမြဲလာတယ်။ အဲဒါ မင်း ကျွေးမွေးပါ"

ဟု မှာပြီးတော့ ထွက်သွားရော။

အဲဒါ ပရိသတ်များရေ… ဟန်ဆောင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ကြာရင် ပေါ်တာပဲ။ အကြာကြီး ဟန်ဆောင်လို့ မရဘူး။ ခဏပဲ။

နန္ဒိယ သူကြွယ်လည်း သွားရော အဲဒီ ရေဝတီဟာ သူ့ပကတိ စိတ်တွေ ပေါ်လာရော။ သူလည်း စည်းစိမ်တွေ ကိုင်ရရော။ အဲဒီမှာတင် ရဟန်း သံဃာတွေကို လုံးဝ မလှူတော့ဘူး။ အလှူတွေ ဖြတ်ပစ်လိုက်တယ်။ တောင်းစားတဲ့ ပုဂ္ဂိုလ်များ လာရင်လည်း သူ့အစေခံတွေကို ရိုက်နှက်လွှတ်ခိုင်းတယ်။ ဘာဒါနမှ မပြုတော့ဘူး။ အဲဒီမှာတင် ရဟန်း သံဃာတွေ ဆိတ်သုဉ်းသွားတယ်။

နန္ဒိယသူကြွယ် ပြန်လာပြီး အဲဒီသတင်းကြားတော့ တစ်ခါတည်း ဆူပူကြိမ်းမောင်းတော့တာပေါ့။

"မင်း ဟန်ဆောင်တာပဲ။ လင်မယားဘဝရောက်မှတော့ နှင်ချလို့တော့ မကောင်းဘူး။ ဒါပေမယ့် မင်းစေတနာ မင်းကို အကျိုးပေးပြီ"

ဆိုပြီးတော့ အဲဒီနေ့က စပြီး နန္ဒိယသူကြွယ်က ရေဝတီကို လုံးဝ ပိုက်ဆံပေးမကိုင်ဘူး။ သူ့ကို ကျွန်မနေရာမှာပဲ ထားလိုက်တော့တယ်။ ဇနီးမယားနေရာကို မထားတော့ဘူး။ အဲဒါ ရတနာသုံးပါးအပေါ် မကြည်ညိုတဲ့ ဆိုးကျိုးဟာ ဒီဘဝမှာတင် မကောင်းကျိုးပေးတယ်။

နန္ဒိယသူကြွယ်ကိုယ်တိုင်ပဲ မသေမချင်း စီးပွားလည်း ရှာ၊ ကုသိုလ်လည်း ရှာ၊ အမေ-အဖေကိုလည်း ကျွေးမွေးပေါ့။ နောက်ဆုံး သူက ကုသိုလ်ထဲမှာ အားအကောင်းဆုံး ကုသိုလ်ကို ငါလုပ်မယ်ဆိုပြီး ဘုရားအမှူးရှိတဲ့ သံဃာများအတွက် လေးထပ်ကျောင်းကြီး ဆောက်လုပ်ပြီး လှူသတဲ့။ ကျောင်းဆောင်လည်း လှူပြီး၊ ရေစက်လည်း ချပြီးရော

www.burmeseclassic.com

လူ့သက်နဲ့ဆိုရင် နှစ်ပေါင်း သုံးကုဋေနဲ့ အနှစ် ခြောက်သန်း အသက်ရှည်တဲ့ တာဝတိံသာနတ်ဘုံမှာ နန္ဒိယသူကြွယ်နေဖို့အတွက် ဗိမာန်ကြီး ကြိုပြီးတော့ ပေါက်တယ်။ ကြည့်နော်၊ အလှူရှင် မသေသေးဘူး။ ဗိမာန်ပေါက်နေပြီ။ ကျောင်းအလှူဒါနဟာ အဲသလောက် အားကောင်းပါတယ်။

အဲဒါ ဘယ်လိုလုပ်သိသလဲဆိုတော့ အရှင်မောဂ္ဂလာန်မထေရ်ကြီးက လက်တွေ့တရားတွေ အမြတ်မ်း ဟောလေ့ရှိတယ်။ ရှင်မောဂ္ဂလာန်မထေရ်က နတ်ပြည်ကိုလည်း သွားတယ်။ သွားပြီးရင် နတ်သမီးတစ်ယောက်ကို သွားမေးတယ်။ သူ့ဗိမာန်ကြီးက လှလိုက်တာ၊ ရွှေဗိမာန်ကြီးပေါ့။ ရှင်မောဂ္ဂလာန်က မေးတယ်။

"အသင်နတ်သမီး… အသင် လူ့ဘဝက ဘာကုသိုလ် လုပ်ခဲ့လဲ"

"တပည့်တော်မ… တခြားကုသိုလ် မလုပ်ခဲ့ပါဘူး။ ကိုယ့်ကို ရှာဖွေကျွေးမွေးတဲ့ လင်သားဟာ အိမ်ဦးနတ်ပဲဆိုပြီး ကိုယ့်ရဲ့ လင်သားကို တပည့်တော်မဟာ ရိုသေခဲ့ပါတယ်။ လင်က ဘယ်လောက်ပင် ဆူဆူ,ဆဲဆဲ,ရိုက်ရိုက် တပည့်တော်မ ဒေါသ မဖြစ်ဘူး။ သည်းခံခဲ့တယ်။ အဲဒီလို လင်သားကို သည်းခံခဲ့တဲ့ ကုသိုလ်ကြောင့် နတ်ပြည်ရောက်တာ"

တဲ့။ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက နောက် နတ်သမီးတစ်ယောက်ကို သွားမေးတယ်။

"နင်…ဘာကြောင့် နတ်ပြည်ရောက်ရသလဲ"

"တပည့်တော်မကတော့ ဆွမ်းခံတဲ့ ကိုယ်တော်တစ်ပါးကို သရက်သီးတစ်လုံးလှူခဲ့ဖူးတယ်။ အဲဒီအလှူကို တပည့်တော်မ သတိရလို့ အခု နတ်ပြည်ရောက်တယ်"

ဆိုတယ်။ လိပ်စာလည်း မေးတယ်၊ ဘယ်ရပ်ကွက်၊ ဘယ်မြို့ပေါ့။

ရှင်မောဂ္ဂလာန်က လူ့ပြည်ကျတော့ ပြန်ဟောတယ်။

"မင်းတို့ ကုသိုလ်လုပ်ကြနော်။ ဘယ်မြို့ ဘယ်ရပ်ကွက်က ဘယ်သူဟာ ဆွမ်းခံကိုယ်တော်တစ်ပါးကို သရက်သီးတစ်လုံးလှူတာနဲ့ နတ်ပြည်ရောက်သွားပြီ။ ဘယ်သူကတော့ ယောက်ျားကို သည်းခံလို့ နတ်ပြည်ရောက်တယ်"

အကုန်ပြန်ဟောတယ်ပေါ့။ ဒါကြောင့် လူတွေဟာ သဒ္ဓါတရားပိုဖြစ်ကြတယ်။

ရှင်မောဂ္ဂလာန်က ငရဲလည်း သွားတယ်။ တန်ခိုးကြီးတာကိုး။ ငရဲသွားပြီးရင်လည်း မေးတယ်။

"မင်းက ဘာပြုလို့တုန်း"

"တပည့်တော်ကတော့ အရင်ဘဝက ငါးဖမ်းသမား လူကြီး
ပါ ဘုရား"

"ဘာလို့ ငရဲကျတုန်း"

"တပည့်တော် ဘုရားပစ္စည်းတွေ၊ ကျောင်းပစ္စည်းတွေ
စားခဲ့ပါတယ် ဘုရား။ ဒါကြောင့် ငရဲကျတာပါ ဘုရား"

လူ့ပြည်ကျတော့ ဟောကောင်တွေ…ဟိုမှာ ငါးဖမ်းသမား
တွေ ငရဲရောက်နေပြီ။ ဘယ်ရပ်ကွက်က ဘယ်သူဆိုပြီး
အတိအကျဟောတာ။ နာမည် ဘယ်သူပေါ့။ ဘယ်လိုစား
ခဲ့တယ်၊ အခု ငရဲမှာ ဘယ်လိုခံရတယ်ဆိုပြီး ရှင်မောဂ္ဂလာန်
က ဟောတော့ ငါးဖမ်းသမားတွေလည်း ကြောက်လန့်ပြီး လူ
ကောင်းတွေ ဖြစ်ကုန်တာပေါ့။

ရှင်မောဂ္ဂလာန်က အဲလိုပဲ နတ်ပြည်တက်,တက်သွား
တော့ ဗိမာန်ကြီးတစ်ခုကို သွားတွေ့တယ်။ ပိုင်ရှင် နတ်သား
နတ်သမီး မရှိဘူးလေ။ အခြွေအရံတွေပဲ ရှိတယ်။ အဲဒီတင်
ရှင်မောဂ္ဂလာန်က မေးတယ်။

"အခြွေအရံ နတ်သမီးတွေ… ဗိမာန်ကြီးကို ဘယ်သူ
ပိုင်တာလဲ"

"အရှင်ဘုရား… ပြီးခဲ့တဲ့ရက်က ကျောင်းရေစက်
လျှတဲ့ နန္ဒိယသူကြွယ် ပိုင်တာပါ။ သူ့အတွက် ကြိုပြီးတော့
ဗိမာန်ပေါက်တာ"

တဲ့။ ဩော်…အံ့ဩစရာပဲ။ အဲဒါ လူ့ပြည်ပြန်ရောက်
တော့ ဘုရားကို သွားပြီးမေးတယ်။

"မြတ်စွာဘုရား… လူ့လောက လူသားတစ်ယောက်
ဟာ ကျောင်းအလှူဒါန၊ အဆောက်အအုံဒါနပြုပြီးတော့
အဲဒီအလှူရှင် မသေခင် နတ်ပြည်မှာ ဗိမာန်ပေါက်တယ်
တာ ရှိပါသလား ဘုရား"

ဘုရားရှင်က ရှင်မောဂ္ဂလာန်ထက် အရင်မြင်တာပေါ့
"မောဂ္ဂလာန်… သင်ကိုယ်တိုင် နန္ဒိယ သူကြွယ်ရဲ့
ဗိမာန်ကို တွေ့ခဲ့ပြီမဟုတ်လား။ ငါ့ကို ဘာလို့ မေးသလဲ"

"တွေ့ခဲ့ပါတယ် ဘုရား"

"အေး၊ ဗိမာန်ပေါက်နိုင်တယ်"

အဲဒီမှာ မြတ်စွာဘုရားက ဂါထာတစ်ဂါထာဟော
တယ်။ ဂါထာရဲ့ အဓိပ္ပာယ်လေးကတော့ ဒီအိမ်က နေပြီး
တော့ အဝေးထွက်သွားတဲ့ ပုဂ္ဂိုလ်ပေါ့လေ၊ ပြန်လာလို့ရှိရင်
အိမ်သားတွေဟာ ဝမ်းပန်းတသာ ကြိုဆိုသလိုပဲတဲ့။

လူ့ဘဝနေတဲ့အခိုက်မှာ စီးပွားရှာသလို ဒါန၊ သီလ
ဘာဝနာကုသိုလ်တွေကိုလည်း ရှာဖွေဆည်းပူးတဲ့ ပုဂ္ဂိုလ်မှာ
သေတဲ့အခါ နတ်ပြည်ရောက်လို့ရှိရင် နတ်ပြည်က နတ်သား



www.burmeseclassic.com

www.burmeseclassic.com

နတ်သမီးတွေက ဝမ်းပန်းတသာ ကြိုဆိုတယ်ဆိုတဲ့ ဂါထာကို ဟောတော်မူပါတယ်။

အဲဒါနဲ့ ဆိုကြပါစို့. သက်တမ်းကုန်တဲ့အခါမှာ သေလွန်တော့ နန္ဒိယသူကြွယ်က နတ်ပြည်ရောက်သွားတယ်။ ရေဝတီက ကျန်ခဲ့တယ်။ ယောကျ်ားသေတော့ စည်းစိမ်ဥစ္စာအားလုံးကို ရေဝတီ ပိုင်သွားတယ်။

◈◈◈

အဲဒီအချိန်မှာ ရေဝတီက အငြိုးနဲ့ သံဃာတွေကို ဆဲစက်တယ်။

"နင်တို့ ရဟန်းတွေကြောင့် ငါ့ယောကျ်ားက ငါ့ကို ထားနေရာက နတ်ပယ်ပြီးတော့ ကျွန်မ,နေရာမှာ ထားတယ်။ နင်တို့ကို ကလဲ့စားချေမယ်"

ဆိုပြီးတော့ အလှူခံလာတဲ့ ရဟန်းတွေကို ဆဲဆိုထုတ်တယ်။

တောင်းစားတဲ့ သူတောင်းစား ပုဂ္ဂိုလ်များကို ရိုက်နှက်ထုတ်တယ်။ လူတွေကို ရဟန်းသံဃာတွေကို ကြည်ညိုပျက်အောင် လုပ်တယ်။ ပထမတစ်ရက် ရဟန်း သံဃာတွေကို တကယ်ကို ကွာခြေရှိရှိနဲ့ ဘုဉ်းပေးပြီးတော့ ကြွစေတယ်။ နောက် လူတွေ အထင်မှားအောင် ထမင်းဟင်းတွေကို ကြမ်းပြင်ပေါ် ပစ်ချ၊ ညစ်ပတ်အောင် လုပ်ပြီးတော့ ဘေးက လူတွေကို ခေါ်ပြတယ်။



"တွေ့လား။ ကျွန်မယောကျ်ား ကိုးကွယ်တဲ့ ရဟန်းသံဃာတွေ ဘယ်လောက် ညစ်ပတ်လဲ။ ဘယ်လောက် အဆင့်အတန်းမရှိလိုက်သလဲ။ ကြည့်စမ်း၊ တိရစ္ဆာန်တွေစားသလို စားသွားတာ"

ဆိုပြီး လူတွေကို ပြ သူ့ဘက် ပါအောင် လိမ်ညာပြီးတော့ ပြောတယ်။ အဲဒါနဲ့ သူ့အိမ်မှာ နန္ဒိယသေတဲ့အချိန်က စပြီးတော့ အလှူခံ ပုဂ္ဂိုလ်တစ်ယောက်မှ မရှိတော့ဘူး။ ဒီလိုစုံတွဲမျိုးကို "လင် နတ်သား၊ မယား သူသေကောင်"လို့ ခေါ်တယ်။

နောက်တစ်ခုက မယား နတ်သမီး၊ လင် သူသေကောင်။ မယားက ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေ ဝါသနာပါတယ်။ လင်က လုံးဝ ဝါသနာမပါဘူး။ မယားက သေရင် နတ်သမီးဖြစ်လိမ့်မယ်။ လင်ကတော့ အသေကောင်ကြီးလိုပဲ ကုသိုလ်မတိုးဘူး။ အဲလိုစုံတွဲမျိုးကိုတော့ မယား နတ်သမီး၊ လင် သူသေကောင်တဲ့။

တတိယမြောက်ကတော့ လင် သူသေကောင်၊ မယား သူသေကောင်။ လင်မယားနှစ်ယောက်စလုံး ဘာသာရေး ဝါသနာပါဘူး။ ဒီ့လို စားသောက်၊ ဒီလိုနေ၊ ဒီလိုသေသွားကြ အပါယ်သွားကြတာပဲ။ နှစ်ယောက်လုံး ကုသိုလ်တွေ မတိုးလို့၊ လူသေကောင်နဲ့ တူလို့၊ ဒီစုံတွဲမျိုးကိုတော့ လင် သူသေကောင်၊ မယား သူသေကောင်တဲ့။

နောက်ဆုံး လင် နတ်သား၊ မယား နတ်သမီး။ လင်မယားနှစ်ယောက်လုံး ညီလိုက်တာ၊ သဒ္ဓါတရားချင်း၊ အကြည်ညိုပုံချင်း တူကြတယ်။ နှစ်ယောက်လုံး ကုသိုလ်တွေ လုပ်ကြတယ်။ နှစ်ဦးလုံးဟာ နတ်သား၊ နတ်သမီးတွေ ဖြစ်ကြမှာမို့ လင် နတ်သား၊ မယား နတ်သမီးလို့ ခေါ်တယ်။

နန္ဒိယသူကြွယ်တို့ ဇနီးမောင်နှံဟာ လင် နတ်သား၊ မယား သူသေကောင်ဖြစ်တယ်။ နောက်ဆုံး ယောဂီတို့ - သူ့ရဲ့ အကုသိုလ်ကံတွေက ကြီးမားလွန်းအားကြီးတော့ ဝေဿဝဏ်နတ်မင်းကြီးက ဗာရာဏသီဘေးက လူတွေပါ သံဝေဂ ရအောင်၊ ရတနာသုံးပါးကို ရေဝတီကဲ့သို့ မစော်ကားနိုင်အောင်၊ မနိုပ်စက်နိုင်အောင်ဆိုပြီးတော့ စံပြအနေနဲ့ ငရဲချတော့မယ်။

အမှန်ကတော့ ငရဲကျမယ့် အကုသိုလ်ကံက ရှိပြီးသားပါ။ ဒါပေမယ့်လည်း သူ့ ငရဲကျတာကို တစ်ပြည်လုံး သိသွားစေချင်တယ်။ ဒါကြောင့် အင်မတန်ကြီးမားတဲ့ ဘီလူးကြီးများက ဗာရာဏသီပြည်ထဲမှာ လှည့်ပြီးတော့ တစ်မြို့လုံး ကြားအောင် ဟစ်ကြွေးကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်များ··· ဒါ ဒဏ္ဍာရီမဟုတ်ဘူး။ တကယ့်ဖြစ်ရပ်။ ဗုဒ္ဓကိုယ်တိုင် ပြန်ဟောခဲ့တာ။ ဘယ်လို ဟစ်ကြွေးလဲဆိုတော့···

"ဟရာဏသီ ပြည်သူပြည်သားတို့··ရတနာသုံးပါးကို စော်ကားတဲ့ ရေဝတီကို ဒီနေ့က,စ နောက် ၇ရက်မြောက်နေ့မှာ ဘီလူးများကိုယ်တိုင်လာပြီးတော့ အရှင်လတ်လတ် ဘင်ပုပ်ငရဲကို ဆွဲပြီးချမယ်"

လို့ တစ်မြို့လုံးကြားအောင် ဟစ်ကြွေးသွားတယ်။ ရေဝတီလည်း ကြားသွားတော့ ကြောက်လိုက်တာ။ အဲဒီကျတော့ သူက ချမ်းသာတာကိုး။ ခုနစ်ထပ်တိုက်ကြီးရဲ့ အပေါ်ဆုံးထပ် တက်ပြီးတော့ ခေါ်လို့မရအောင် တံခါးပိတ်နေတယ်။ ရပါ့မလား။

ယောဂီတို့···အပါယ်လေးဘုံဆိုတာ မရှိဘူးလား။ အကုသိုလ်မလုပ်ရင် ကျပါ့မလား။ အခု ရေဝတီမြစ်ကြီး ရှိတယ်။ ပင်လယ်ကြီး ရှိတယ်။ အဲဒီရေထဲကို မဆင်းရင် ရေနစ်စရာလိုသလား။ ရေထဲဆင်းမှ နစ်မှာ။ ဒီအတိုင်းပါပဲ။ အပါယ်လေးပါးရှိတယ်။ ကြောက်စရာမလိုဘူး။ အကုသိုလ်လုပ်မှ ကျမှာ။ အကုသိုလ်မလုပ်ရင် မကျဘူး။ ဟုတ်တယ်မဟုတ်လား။

အခု ရေဝတီ အကုသိုလ်လုပ်တယ်လေ။ ကျရမှာပေါ့။ ဘီလူးတွေက ဆွဲမချလည်း ကျမှာပဲ။ ဘီလူးတွေက ကျန်တဲ့ လူတွေပါ သံဝေဂ ရစေချင်လို့ ဟစ်ကြွေးပြီးတော့ကို ပြောတာ။ သူသေရင် ကျမှာပါပဲ။ သူလုပ်တဲ့ အကုသိုလ်ကံက ချတာပါ။ အပေါ်ယံကြည့်ရင်တော့ ဘီလူးတွေက ငရဲဆွဲချတယ်။ တကယ့်အတွေးအခေါ်နဲ့ ကြည့်ရင်တော့ သူလုပ်တဲ့ အကုသိုလ်ကံက ဆွဲချတာပါ။

ခုနစ်ရက်လည်းပြည့်ရော ဘီလူးကြီးနှစ်ကောင်ဟာ ကောင်းကင်ကနေ ရောက်လာပြီးတော့ သူတို့တန်ခိုးနဲ့ တံခါးဖွင့်စရာမလိုဘူး။ လက်မောင်းနှစ်ဖက်က ကိုင်ပြီး ဆွဲခေါ်သွားတယ်။ အားလုံးမြင်ကြရတယ်။ ငရဲတန်းမကျဘူး။ နတ်ပြည်ခေါ်သွားတယ်။ သူ့ကို လက်တွေ့ပြချင်လို့။

တာဝတိံသာနတ်ပြည်ရောက်တော့ နတ်သမီးတစ်ထောင်နဲ့ နတ်စည်းစိမ်တွေ ခံစားနေတဲ့ သူ့ယောက်ျား နန္ဒိယကို ရေဝတီက မှတ်မိတယ်။ နတ်ပြည်ဆိုတာ ချမ်းသာအပြည့်။ စားချင်တာ အကုန်စားလို့ရတယ်။ နတ်သြဇာဆိုတာလေ မြူဖွေးပြီး အိနေတာပဲတဲ့။ စားချိန်မှာ စားလိုက်ရုံပဲ။ ရှာဖွေစရာမလိုဘူး။ နတ်သြဇာ စားမယ်ဆို အနားရောက်လာ စာလိုက်ရုံပဲ။ ပြီးတော့ အညစ်အကြေးစွန့်စရာမလိုဘူး။ လူတွေလို မိခင်ဝမ်းထဲမှာ ဆယ်လ၊ ပျင်းနေအောင်မနေရဘူး။ နတ်သမီးဖြစ်မယ်ဆိုရင်လည်း ၁၈-နှစ်အရွယ်ရောက်ပြီးသားပေါ့။ ဗိမာန်ပဒေသာပင်တွေ အကုန်ရှိပြီးသားသွားဖြစ်တယ်။ ချမ်းသာတွေ ပြည့်လို့။ ဆင်းရဲချိန် တစ်ချိန်မှ မရှိဘူး။ တာဝတိံသာဆိုရင် လူ့သက်နဲ့ နှစ်ပေါင်း သုံးကုဋေနဲ့ အနှစ်ခြောက်သန်း အသက်ရှည်တယ်။

အဲဒီတော့ နတ်စည်းစိမ်တွေနဲ့ ခံစားနေတာလည်း မြင်ရော ရေဝတီက ဘေးက ဘီလူးကြီးနှစ်ကောင်ကို ပြောတယ်။

"အဲဒါ ကျွန်မ လင်ဘဝက ယောက်ျားပဲ၊ ကျွန်မကို နတ်ပြည်မှာ ထားခဲ့ပါ"

"အောင်မာ···အခုမှ အကောင်းကြိုက်တယ်။ နင်နဲ့ မတန်ဘူး။ နင့်ကို သံဝေဂ ရအောင် ပြတာ။ ကုသိုလ်ကံဟာ ကောင်းကျိုးပေးပြီးတော့ အကုသိုလ်ကံဟာ မကောင်းကျိုးပေးတယ်ဆိုတာ နင့်ကို ခေါ်ပြတာ။ ဒီနေရာ နင့်နေရာ မဟုတ်ဘူး"

တဲ့။ အဲဒီ တာဝတိံသာနတ်ပြည်ကို ခေါ်ပြပြီးတော့ ရေဝတီကို ဘင်ပုပ်ငရဲကို ဆွဲခေါ်သွားတယ်။ ဘင်ပုပ်ငရဲဆိုတာ အညစ်အကြေးတွေ၊ ပိုးလောက်တွေ အပြည့်ရှိနေတယ်။ ညစ်ညမ်းတဲ့ အနံ့တွေလည်း ရှူရတယ်။ အော်ကလီဆန်စရာတွေပေါ့။ ပြီးတော့ ဘင်ပုပ်ငရဲမှာ ရှိတဲ့ ပိုးလောက်တွေက ရေဝတီရဲ့ အသားတွေကို ဖောက်စားတယ်။ သေလည်း မသေရဘူး။

ငရဲကြီးရှစ်ထပ်ရှိတယ်။ ငရဲတစ်ထပ် တစ်ထပ်မှာ ငရဲငယ် ငါးထပ် ခြံရံတယ်။ ဘင်၊ ပြာ၊ လက်၊ သန်၊ ကြိမ်ပတ်ရံ။ ဘင်ဆိုတာ ဘင်ပုပ်ငရဲ၊ ပြာဆိုတာ ပြာပူငရဲ၊ ပြာတွေက ပူနေတယ်။ အဲဒီပြာထဲ ထည့်လိုက်ရင် ခန္ဓာကိုယ်က ကြေသွားတာပေါ့။

လက်ဆိုတာ လက်ပံတော ငရဲ။ လက်ပံတောမှာ အပင်ကြီးတွေ ရှိတာ။ အပင်အောက် ထိုင်တာနဲ့ အပေါ်က လက်ပံပွင့်ရဲ့ အပွင့်တွေ၊ အရွက်တွေ၊ အသီးတွေဟာ လက်နက်တွေချည်းပဲ။ ဓားတွေ၊ လှံတွေ၊ ပေါက်ဆိန်တွေဖြစ်လို့။ အဲဒါတွေ ပြုတ်ကျတော့ လက်တွေ၊ ခြေတွေ၊ ခေါင်းတွေ ပြတ်၊ အဲလိုခံရတာပေါ့။ ဒါက လက်ပံတောငရဲ။

သန်ဆိုတာ သန်လျက်ရွက်တော ငရဲ။ သန်လျက်ရွက်တောက အရွက်တွေက စိမ်းလို့နေတယ်။ ဒီတောထဲကို သွားတဲ့ ငရဲသားတွေရဲ့ လက်တွေ ခြေတွေ အကုန်ဖြတ်တာပဲ။ အဲဒါ သန်လျက်ရွက်တောငရဲ။ မသွားလို့လည်း မရ

www.burmeseclassic.com

ဘူး။

ကြိမ်ဆိုတာ ကြိမ်ပိုက်ချောင်းရဲ့။ အဲဒီချောင်းကြီးထဲမှာ ကြိမ်တွေ ရှိတယ်။ ရေဆာတယ်ဆိုရင် အဲဒီကြိမ်ပိုက်ချောင်းထဲ ပစ်ချလိုက်တာပဲ။ အဲဒီကြိမ်တွေကလည်း လက်ထိရင် လက်ပြတ်၊ ခေါင်းထိ ခေါင်းပြတ်ပဲ။ ပြတ်လည်း မသေရဘူး။ အသစ်ပြန်ဖြစ်၊ အသစ်ပြန်ခံရတာပဲ။

အဲဒါက ငရဲကြီးတစ်ထပ်ကို ကျပြီးရင် အရန် ငရဲငယ် ငါးထပ်မှာ အဆစ်ထပ်ပြီးတော့ ခံရပါတယ်။ အဲဒါ ယောဂီတို့ ဈေးဝယ်တဲ့အခါ အဆစ်မတောင်းဘူးလား။ များများ တောင်းထားကြ၊ ငရဲကျရင်လည်း အဆစ်ပေးတယ် သိလား။ ငရဲကြီးတစ်ထပ်ပြီးရင် အဆစ်ငါးထပ် ငါးထပ် ပြန်ခံရတယ်။

အခု ဒီ 'သစ်ညီနောင် ဓမ္မရိပ်သာကြီးထဲမှာ တရားစခန်းဖွင့်တာ သာမန်ကာလျှံကာ မဟုတ်ဘူး။ အဲဒီ အပါယ်ငရဲကို လုံးဝမကျစေတဲ့ တရားတွေ ပေးမှာ၊ ဟုတ်လား။ အပါယ်မကျတာလောက် ဝမ်းသာစရာကောင်းတာ ရှိရဲ့လား။ ဒါကြောင့် ဝိပဿနာတရားများကို စိတ်ပါလက်ပါ နာကြနော်။ ဘယ်တော့မှ ငရဲမသွားရဘူး။ ဒါကြောင့် အပါယ်ငရဲကျခြင်းအကျိုးတွ ဦးပဥ္စင်း တစ်ပြည်လုံး လှည့်ပြီးတော့ တရားပြပေးနေတာ။ ဦးဇင်း မြိတ်ရောက်ကတည်းက ပြောတယ်လေ။ ဦးဇင်းမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ဖွေးလေးပါ မလိုပါဘူး။ ရန်ကုန်မှာ နေလည်း ဖျာတစ်ချပ်နဲ့ အိပ်တာပဲ။ ကော့သောင်းမှာ နေလည်း ဖျာတစ်ချပ်စာပဲ အိပ်တာပဲ။ မြိတ်မှာလည်း ဖျာတစ်ချပ်စာပဲ။ ဘာမှ မထူးပါဘူး ဟုတ်လား။

ဘာဖြစ်လို့ မြိတ်ကို လိုက်လာတုန်းဆိုတော့ အခုလို အကာ၊ ဒကာမများ အဲလို အပါယ်ငရဲတွေ မသွားစေချင်ဘူး။ ဒီ ဝိပဿနာတရားတွေ သိရင် ဘယ်တော့မှ အပါယ်မကျတော့ဘူး။ ငရဲ ဘယ်တော့မှ မသွားရတော့ဘူး။ အဲဒီ ငရဲကို မသွားအောင် လုပ်ပေးတာကလည်း ဟောဒီ ဝိပဿနာတရားပဲ ရှိတယ်။ ဒါကြောင့် အပါယ်ငရဲ မကျတာဟာ ပထမနိဗ္ဗာန်။ ဟို ရုပ်တွေ နာမ်တွေ မရှိ ချုပ်ပျောက်တာက ကိုယ်နဲ့ မဆိုင်ဘူး။ အဲဒါ ရဟန္တာတွေ သွားတဲ့ နိဗ္ဗာန်။

ယောဂီတို့··ပုထုဇဉ်ဘဝက နေပြီးတော့ သောတာပန်ဖြစ်ရင် ပထမ ခံစားရမှာ အဲဒါပဲ။ အပါယ် ဘယ်တော့မှ သွားရတော့ဘူး။ ကဲ - ဝမ်းသာစရာ မကောင်းဘူးလား။ အဲဒါ တရားသာ သေချာနာ၊ သေချာရှုမှတ်၊ ဘယ်တော့မှ အပါယ်မသွားဘူး။

ကြည့်စမ်း၊ အခုတော့ ရေဝတီ အပါယ်သွားရတော့မယ်။ ဘင်ပုပ်ငရဲနား ရောက်လာကြတယ်။ သူသွားရမယ့်နေရာကျတော့ အိုး · · ·ပုပ်စော်တွေက နံနေတာပဲ။ နှစ်ပေါင်းများစွာက ခံခဲ့တဲ့ ငရဲကြီးကိုး။

အဲဒီကျမှ ရေဝတီက ငိုပြီးတော့ တောင်းပန်တယ်။

*"ကျွန်မကို ပြန်ပြီးတော့ လူ့ပြည်ပို့ကြပါ။ ကျွန်မ ရတနာသုံးပါးကို ဆည်းကပ်ပါတော့မယ်။ ကုသိုလ်တွေ လုပ်ပါတော့မယ်။ ကျွန်မကို ပြန်ပို့ကြပါ"*

လို့ တောင်းပန်ပါတယ်။ ဘယ်ရတော့မတုန်း။ သူ့အကုသိုလ်က များနေပြီလေ။ အဲဒီမှာတင် ရေဝတီရဲ့ လက်နှစ်ဖက်ကို ဘီလူးကြီးနှစ်ကောင်က ကိုင်ပြီး ဘင်ပုပ်ငရဲထဲ ပစ်ချလိုက်တာပေါ့။ အခုထိ ဘင်ပုပ်ငရဲမှာ ခံနေရတယ်။ အကုသိုလ်မကုန်မချင်း မလွတ်သေးဘူး။ နှစ်ပေါင်း (၂၅၄၇) နှစ် ရှိပါပြီ။

ဒါကြောင့် ဒကာ၊ ဒကာမတို့ ဒီလင်မယားနှစ်ယောက်ကို ကြည့်လိုက်လို့ရှိရင် တစ်ယောက်က ဆန်လမ်း၊ တစ်ယောက်က စုန်လမ်းနော်။ စုန်လမ်းဆိုတာ မလွယ်ဘူးလား။ မျှောလိုက်ရုံပဲ။ အရက်သောက်ဖို့ လွယ်တယ်။ အပျော်အပါးလိုက်စားဖို့ လွယ်တယ်။ လောင်းကစားလုပ်ဖို့ လွယ်တယ်။ သူများဥစ္စာခိုးဖို့ လွယ်တယ်။ မကောင်းတာ လုပ်ရတာ ဘာမှ မပင်ပန်းဘူး။ လုပ်တဲ့လူလည်း ပေါတယ်။ အခု ဒုလ္လဘများ ဒီတရားလေးကို သေချာမှတ်သွားကြ၊ စုန်လမ်း မလိုက်ကြနဲ့။ အပါယ်ငရဲကျတော့လည်း လွယ်တယ်။ အပါယ်ငရဲမှာ အများကြီးပဲ။

အေး၊ နတ်ပြည်တို့၊ နိဗ္ဗာန်တို့ကျတော့ ရောက်တဲ့ပုဂ္ဂိုလ်နည်းပြန်ရော။ ဆန်လမ်းလေ။ ပင်ပန်းတယ်။ ဒါကြောင့် ဆန်လမ်းကို ကြိုးစားပြီးတော့ လုပ်ကြ၊ ဟုတ်လား။ ကဲ - လင်္ကာလေး ဆိုကြည့်။

**စုန်လမ်း ဆန်လမ်း ဤနှစ်လမ်း**
**ခွဲခြမ်းသိပြီးသော်။**
**စုန်လမ်းမလိုက် ဆန်လမ်းလိုက်**
**အကြိုက်မှန်စေသော်။**
**စုန်လမ်းလိုက်က အပါယ်ကျ**
**ဆန်က နိဗ္ဗာန်နော်။ ။**

စုန်လမ်းလိုက်ရင်တော့ အပါယ်လေးပါး လားကြလိမ့်မယ်။ ဆန်လမ်းကို လိုက်ရင်တော့ နိဗ္ဗာန်ချမ်းသာထိ ခံစားရလိမ့်မယ်။ ဒါကြောင့် ဒီနေ့က စပြီးတော့ စိတ်အလိုကို လုံးဝ မလိုက်ကြပါနဲ့။ ဆန်လမ်းကို လိုက်နိုင်အောင် ကြိုးစားကြစေချင်တယ်။ ဒါ ဦးဇင်းတို့ကိုယ်တိုင်ရော၊ ယောဂီများရော

www.burmeseclassic.com



ဒီလိုပဲ။ ကြိုးစားခဲ့ကြရတာပါနော်။ မကြိုးစားဘဲနဲ့တော့ ဆန်လမ်း မရောက်ပါဘူး။ အဲဒီတော့ ကြိုးစားခဲ့သမျှ ကောင်းကျိုးဆိုတာ ကိုယ်ပဲ ခံစားကြရတာပါ။ ဆန်လမ်းကို ကြိုးစားကြပြီဆိုရင်လည်း ယောဂီတို့ရေ··· ဆုတောင်းမှန်ဖို့ လိုတယ်။

ဒါန ပါရမီပြုကြပြီဆိုရင်လေ တကယ်ဆုတောင်းရမှာက နိဗ္ဗာန်။ အေး လူချမ်းသာ နတ်ချမ်းသာတွေကို တောင့်တမယ်ဆိုလို့ရှိရင် အဲဒီ ဒါနမျိုးဟာ ပါရမီမထိုက်တော့ဘူး။ မှတ်သွားကြနော်။ နိဗ္ဗာန်ချမ်းသာ ရပါစေလို့ ဆုတောင်းပြီးတော့ ပြုတဲ့ ဒါနကျတော့ ပါရမီထိုက်တယ်။ ဆိုလိုတာကတော့ ဒါနတိုင်း ပါရမီမထိုက်ဘူး။ ဒါနတိုင်း ပါရမီအမည်မရဘူး။

ဘယ်လိုဟာမျိုးက ပါရမီထိုက်သလဲဆိုရင် ဘာမှမလိုချင်ဘဲနဲ့ အလှူခံပုဂ္ဂိုလ် ချမ်းသာရင်ပြီးရောဆိုတဲ့ စိတ်နဲ့ ပေးကမ်းလှူဒါန်းရင် ပါရမီထိုက်တယ်၊ ဟုတ်လား။

လူသိများချင်တယ်၊ နာမည်ကြီးချင်တယ်၊ နောင်ဘဝချမ်းသာချင်တယ်၊ ကျော်ကြားချင်တယ်ဆိုတဲ့စိတ်တွေ ပါရင် အဲဒီဒါနဟာ ပါရမီမထိုက်ဘူးတဲ့။ ရိုးရိုးဒါနပဲ ဖြစ်တယ်။

ပါရမီထိုက်တဲ့ ဒါနနဲ့ ပါရမီမထိုက်တဲ့ ဒါနက ဘာကွာလဲဆိုတော့ ပါရမီမထိုက်တဲ့ ဒါနက သူလိုချင်တဲ့ လူချမ်းသာ၊ နတ်ချမ်းသာတော့ ပေးတယ်။ သို့သော် နိဗ္ဗာန်ချမ်းသာ မပေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက ဒါနပြုကတည်းက ငါကောင်းစားဖို့ဆိုတာ ပါလာတယ်။

ငါဆိုတာက အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ။ ကောင်းစားဖို့က လောဘ။

ဒိဋ္ဌိနဲ့ လောဘ ဦးဆောင်တဲ့အတွက်ကြောင့် သူ့ရဲ့ ဒါနဟာ လူချမ်းသာ နတ်ချမ်းသာပဲ ပေးတယ်။ နိဗ္ဗာန်ချမ်းသာ မပေးဘူး။

ပါရမီထိုက်တဲ့ ဒါနကျတော့ သူက စ,လှူကတည်းက အလှူခံပုဂ္ဂိုလ် ချမ်းသာရင် ပြီးရော၊ ကိုယ့်အတွက် ဘာမှ မလိုဘူး။ ဘာမှ ဆုမတောင်းဘူး။ သူ ဆုတောင်းရင်လည်း နိဗ္ဗာန်ပဲပေါ့၊ နိဗ္ဗာန်ဆိုတာ အတုံးအခဲမဟုတ်ပါဘူး။ ကိလေသာကုန်ပါစေလို့ ဆုတောင်းတာနဲ့ အတူတူပါပဲ။ ကိလေသာကုန်မှ နိဗ္ဗာန်ရောက်တာ။

ဒါကြောင့် နိဗ္ဗာန်ဆုတောင်းပြီးတော့ ပြုတဲ့ ဒါနမျိုးကျတော့ ပါရမီထိုက်တယ်။ သူ့ရဲ့ ဒါနဟာ လူချမ်းသာ၊ နတ်ချမ်းသာပေးသလို၊ ငါကောင်းစားဖို့ဆိုတဲ့ ဒိဋ္ဌိနဲ့ လောဘ မပါတဲ့အတွက်ကြောင့် နိဗ္ဗာန်ချမ်းသာလည်း ပေးတယ်။ ဒါကြောင့် ဒကာ၊ ဒကာမများက ဒါနပြုတဲ့အခါမှာ နိဗ္ဗာန်ချမ်းသာကို ဆုတောင်းတတ်ဖို့ လိုတယ်။ ဆုတောင်းတတ်ရင် ယောဂီတို့ရေ - လှူဖွယ်ဝတ္ထုက များစရာ၊ ကောင်းစရာ မလိုဘူးဗျာ။ စေတနာကောင်းဖို့ပဲ လိုတယ်။

ဥပမာတစ်ခုပေးကြပါစို့။

ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ဆိုထားတာ ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ အလှူခံ ပုဂ္ဂိုလ် ၁၄ ယောက် ရှိတယ်။

* တိရစ္ဆာန်၊
* သီလမရှိသော လူမိုက်၊
* သီလရှိသော လူသူတော်ကောင်း၊
* သာသနာပအခါ ကိလေသာကင်းကြောင်း ကျင့်သော ရသေ့၊
* အရိယာပုဂ္ဂိုလ် ရှစ်ယောက်၊
* ပစ္စေကဗုဒ္ဓါခေါ် ဘုရားငယ် (သီးခြားဘုရား)၊
* သမ္မာသမ္ဗုဒ္ဓဘုရားရှင်···

ဆိုပြီး ရှိတယ်။ အဲဒီ အလှူခံ ပုဂ္ဂိုလ် ၁၄ဦးတဲ့မှာ တိရစ္ဆာန်တစ်ကောင်ကောင်ကို ကျွေးမွေးလှူဒါန်းလိုက်ရင် ဘဝတစ်ရာ ချမ်းသာတဲ့ ကောင်းကျိုးတွေ ရတယ်။ ဒါကြောင့် အိမ်က ခွေးလေး၊ ကြောင်လေးတွေကို အစာကျွေးရင်



www.burmeseclassic.com

www.burmeseclassic.com

အစာခွက်လေး သေချာပြောင်အောင် ဆေးပြီးတော့ လူတစ်ယောက်ကို ကျွေးသလို မြတ်မြတ်နိုးနိုး ရိုရိုသေသေ ကျွေးရတယ်။

တစ်ခါ သီလမရှိတဲ့ လူမိုက်ကိုလည်း ကျွေးပါ။ သူ့ကို ကျွေးရင် ဘဝတစ်ထောင် ချမ်းသာတဲ့ ကောင်းကျိုးတွေကို ရတယ်။

သီလရှိတဲ့ လူသူတော်ကောင်းကို ကျွေးရင် ဘဝတစ်သောင်း ချမ်းသာတဲ့ ကောင်းကျိုးတွေ ရတယ်။ သာသနာပမှာ ကိလေသာကင်းအောင် ကျင့်တဲ့ ရသေ့ကို ကျွေးလှူရင် ဘဝပေါင်း ကုဋေတစ်သိန်း ချမ်းသာတဲ့ ကောင်းကျိုးတွေ ရတယ်။

အရိယာပုဂ္ဂိုလ် ၈-ယောက်၊ ပစ္စေကဗုဒ္ဓါခေါ် ဘုရားနဲ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ ဒီ ၁၀ဦးမှာတော့ ဘယ်သူ့ကို လှူလှူ ဘဝပေါင်း ဘယ်ရွေ့ဘယ်မျှ ချမ်းသာမယ်လို့ ဘုရား မဟောနိုင်ဘူးတဲ့။ ပုထုဇဉ် ရဟန်း သံဃာများဟာ ဒီ ကြားတာပန်အရိယာထဲမှာ ပါတယ်လို့ မှတ်ခဲ့။

အလှူခံ ပုဂ္ဂိုလ် ၁၄ဦးရှိတဲ့အထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလေ အကျိုးကြီးတဲ့ဟာကို ရွေးလှူခိုင်းနဲ့ ဟောတာမဟုတ်ပါဘူး။ အကျိုးကွာခြားပုံကို သိစေချင်လို့ ဟောတာဖြစ်ပါတယ်။

ယောဂီတို့အနေနဲ့ အကျိုးကြီးတဲ့ ပုဂ္ဂိုလ်ရွေးမယ်ဆိုရင် လောဘ ပါသွားမယ်။ အဲလို မရွေးရဘူး။ ပုံစံလေး ပြမယ်။ ပါရမီထိုက်သော ဒါနနဲ့ မထိုက်သော ဒါန၊ ရှင်းသွားအောင်၊

အခု ယောဂီတို့ရှေ့ သာသနာပမှာ ဈာန်ရနေတဲ့ ရသေ့တစ်ပါးတွေ့နေပြီ၊ တစ်ခါ ဟိုဘက်မှာလည်းပဲ ခွေးလေးတစ်ကောင်ဟာ အစာငတ်ပြီးတော့ လမ်းဘေးမှာ လဲနေတယ်။ အဲဒီတော့ အလှူခံ ပုဂ္ဂိုလ်နှစ်ယောက်တွေ့ပြီ။

ဈာန်ရတဲ့ ရသေ့ကို လှူရင် ဘဝ ကုဋေတစ်သိန်း ချမ်းသာမယ်။ အစာငတ်ပြီးတော့ လဲနေတဲ့ ခွေးလေးကို ကျွေးရင် ဘဝတစ်ရာ ချမ်းသာမယ်။ စီးပွားတွက် တွက်မယ်ဆိုရင်တော့ ရသေ့ကို လှူချင်စိတ်တွေ မပေါ်နိုင်ဘူးလား။ လူအများစုဟာ အဲဒီရသေ့ကို ပုံလှူကြတယ်တဲ့၊ ဘဝ ကုဋေတစ်သိန်းချမ်းသာချင်တာလေ။ ခွေးကျွေးရင် ဘဝတစ်ရာပဲ ချမ်းသာမယ်ဆိုတော့ သိပ်မလှူချင်တော့ဘူး။

အဲဒီအချိန်မှာ ယောဂီတို့က ဘဝ ကုဋေတစ်သိန်း ချမ်းသာတာကိုပဲ ယူမယ်ဆိုပြီး ငတ်ပြီးတော့ လဲနေတဲ့ ခွေးလေးကို မကျွေးဘဲ၊ ဈာန်ရတဲ့ ရသေ့ကို သွားလှူလိုက်မယ်ဆိုရင် ယောဂီများရဲ့ ဒါနဟာ ပါရမီ မထိုက်သော ဒါန ဖြစ်သွားတယ်။ ပါရမီမထိုက်တော့ဘူး။ အဲဒီ ဒါနဟာ နိဗ္ဗာန်မပို့တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါကောင်းစားဖို့ဆိုတဲ့ ဒိဋ္ဌိနဲ့ လောဘ ပါသွားလို့ပဲ။ သူလိုချင်တဲ့ ဘဝ ကုဋေတစ်သိန်းချမ်းသာတဲ့ ကောင်းကျိုးတော့ ရတယ်။ နိဗ္ဗာန် မရောက်ဘူး။ နိဗ္ဗာန်မရောက်ရင် အို၊ နာ၊ သေ ဒုက္ခတွေ ကင်းပါ့မလား။ ဒါ အဖြေပဲ။

အဲဒီမှာ "ဩော်· · · အလှူခံပုဂ္ဂိုလ် ချမ်းသာရင် ပြီးရော။ ဟိုမှာက ဝိုနေတာ၊ မလိုဘူး။ ဒီမှာ လိုနေတဲ့ အစာမစားရရင် သေမယ့်ခွေးလေးပဲ လှူမယ်ဆိုရင် ယောဂီတို့ရဲ့ ဒါနဟာ ပါရမီထိုက်သော ဒါနဖြစ်သွားပြီ၊ ငါကောင်းစားဖို့ဆိုတဲ့ ငါဆိုတဲ့ ဒိဋ္ဌိလည်း မပါဘူး။ ကောင်းစားဖို့ဆိုတဲ့ လောဘလည်း မပါဘူး။ ဒါကြောင့် အဲဒီ ဒါနရှင်ဟာ ဖြစ်ရာဘဝမှာ လူချမ်းသာ၊ နတ်ချမ်းသာလည်း ခံစားရသလို၊ နိဗ္ဗာန်ချမ်းသာကိုလည်း ရောက်တယ်မဟုတ်လား။

ဒါကြောင့် ဒီကနေ့က စပြီး ယောဂီများဟာ ဆန်လမ်းကို လိုက်ပြီး ဒါနပြုတဲ့အခါမှာ ပါရမီထိုက်တဲ့ ဒါနဖြစ်အောင် အလှူခံ ပုဂ္ဂိုလ် တကယ်လိုတဲ့ နေရာကို ရွေးပြီးတော့ လှူတတ်ကြပါစေကုန်သတည်း ■

* သဘောထား သေးသိမ်သောသူသည်
သူတစ်ပါးကို အပြစ်သာ မြင်လေ့ရှိ၏။
* သဘောထားပြည့်ဝသောသူများကား
မိမိအပြစ်ကိုသာ မြင်လေ့ရှိ၏။
* သဘောထားအပြည့်ဝဆုံး ပုဂ္ဂိုလ်များကား
မည်သူ့ကိုမှ အပြစ်မမြင်တော့။ ။

* * *

မေတ္တာရှင်ရွှေပြည်သာ




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်တွင် ကမ္ဘာနှင့် မြန်မာတွင် ထင်ရှားကျော်ကြားသူအချို့ ကွယ်လွန်သွားကြသည်။ ဆရာတော်ကြီးအချို့ ပျံလွန်တော်မူကြသည်။ ဘာသာရေးနှင့် ကြည့်လျှင် ကမ္ဘာကျော် သာသနာပြု ပုဂ္ဂိုလ်ကြီး ဆရာကြီး ဦးဂိုအင်ကာ၊ ပခုက္ကူဆရာတော်ဘုရားကြီး၊ မင်းကျောင်းဆရာတော် စသည်တို့ ပါဝင်သည်။ စာပေပညာရှင်ကြီးများဖြစ်သည့် ဒဂုန်တာရာ၊ နိုင်ငံရေးတွင် ဆရာ မောင်ဝံသ၊ ရဲဘော်သုံးကျိပ် နောက်ဆုံး ပုဂ္ဂိုလ် ဗိုလ်ရဲထွဋ် စသည့် ပုဂ္ဂိုလ်တို့ ပါဝင်သည်။

ယခု စာရေးသူအနေဖြင့် ဝိပဿနာတရား နည်း ဆရာကြီး ဦးဂိုအင်ကာ၏ ဇမ္ဗူခရီးအကြောင်း လေ့လ မှတ်သားမိသမျှ ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်

မြန်မာနိုင်ငံသား ကမ္ဘာကျော် သာသနာပြု ပုဂ္ဂိုလ်



# ကမ္ဘာကျော် သာသနာပြုပုဂ္ဂိုလ် ဝိပဿနာဆရာကြီး
# ဦးဂိုအင်ကာ၏ ဇမ္ဗူခရီး
## (၁၉၂၄-၂၀၁၃)

မင်းထက်ကျော် (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာတရားနည်းပြ ဆရာကြီး ဦးဂိုအင်ကာကို ၁၉၂၄ ...တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့သည်။ အမည်အပြည့်အစုံ ... ဆတျနာရာယန်း ဂိုအင်ကာ (Satya Narayan Goenka) ဖြစ်သည်။ ငယ်စဉ်ကပင် ခေါင်းကိုက်ဝေဒနာ ...ခဲ့ရပြီး လူငယ်ဘဝ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဘဝ ...ရှိချိန်တွင် ပြင်းထန်သော ခေါင်းကိုက်ဝေဒနာကြောင့် ...ခြားသို့ လှည့်လည် ဆေးဝါးကုသခံခဲ့ရသော်လည်း ...ပျောက်ကင်းခဲ့ပေ။

ထို့ကြောင့် ၁၉၅၅ ခုနှစ်တွင် အင်းယားမြိုင်လမ်းရှိ ...ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ(IMC)တွင် လယ်တီ ...တော်ဘုရားကြီးမှ၊ အနာဂါမ် ဆရာသက်ကြီး၏



တမ္ဘာဝိပဿနာစေတီတော်ကြီး အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့

...နည်းဖြင့် ဆရာကြီး ဦးဘခင် ညွှန်ကြားချက် ...တရားကျင့်ကြံရာမှ ခေါင်းကိုက်ဝေဒနာပျောက်ကင်း ...။ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာနှင့် တရားတော်များကို ...ယုံကြည်ပြီး ဗုဒ္ဓဘာသာစစ်စစ်တစ်ဦးဖြစ်လာခဲ့သည်။ ...ဆိုသည်မှာ ယုံကြည်မှု(သဒ္ဓါ)ပေါ်တွင် အခြေခံ ... မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ကိုးကွယ်ခွင့် ပြုထားပါ ... ဘာသာတစ်ခုနှင့် တစ်ခု လေးစားမှုရှိလျှင် ပြဿနာ ...။ ဦးဂိုအင်ကာသည် ဆရာရင်း ဦးဘခင်ထံ၌ ၁၀ ...မှ ဟိန္ဒူ ယောဂီများကို ဝိပဿနာပြန့်ပွားအောင် ... ကြိုးပမ်းရင်း ဗုဒ္ဓတရားတော်နှင့် ပတ်သက်၍ စာအုပ်စာတမ်းများကို ဟိန္ဒူဘာသာဖြင့် ရေးသားပြုစုခဲ့သည်။ ၁၉၆၉ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး ဝိပဿနာတရားများ ဟောပြော ပြသရင်း တရားစခန်းများ ဖွင့်ကာ ဗုဒ္ဓသာသနာပြုခဲ့သည်။

၁၉၆၉ ခုနှစ်မှ စတင်ခဲ့သော ဦးဂိုအင်ကာ၏ အိန္ဒိယသာသနာပြုလုပ်ငန်းသည် ၁၀နှစ်အတွင်း လွန်စွာတိုးတက်စည်ပင်လာပြီး ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ၌ ရိပ်သာပေါင်း ၁၈၀ ကို ဘာသာစကားပေါင်း ၅၆မျိုးဖြင့် ပြသလျက်ရှိသည်။ ဆရာကြီးမရှိသောအခါ တပည့်များမှ ဆက်လက်ပြသပေးနေ၏။ ပိဋကတ်သုံးပုံကိုပင် ဘာသာစုံပြန်ကာ ဝိပဿနာ ဓမ္မစာပေများကို ပြန့်ပွားအောင် လုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံတွင်ပင် ဝိပဿနာရိပ်သာပေါင်း ၂၈ ခု ဖွင့်လှစ်နိုင်ခဲ့သည်။ တရားနည်းပြ ဆရာများကို မွေးထုတ်ပေးခဲ့သည်။

ဦးဂိုအင်ကာ၏ လုပ်ဆောင်ချက်တစ်ခုမှာ အကျဉ်းထောင်များအတွင်း တရားစခန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဝိပဿနာ သုတေသနစင်တာကိုလည်း တည်ထောင်ခဲ့သူဖြစ်သည်။ စာရေးသူအနေဖြင့် ဆရာကြီး ဦးဂိုအင်ကာ ဦးဆောင်ပြုလုပ်သော အိန္ဒိယနိုင်ငံအကျဉ်းထောင်တွင် ဖွင့်လှစ်သည့် ဗွီစီဒီ တရားဓမ္မခွေ ကြည့်ရပါသည်။ ဆရာကြီးသည် ဓမ္မနှင့် ဘာသာရေးကို ခွဲခြားပြသသွားသည်။ ဆရာဖေမြိုင် ဘာသာပြန်သော ဓမ္မနှင့် ဂိုဏ်းဂဏဝါဒ ဟောပြော



www.burmeseclassic.com

www.burmeseclassic.com



ချက်တွင်…

"ဓမ္မနဲ့ ဘာသာရေးကို ဆရာကြီးအနေနဲ့ ဘယ်လို ညီမျှခြင်း ချပြနိုင်ပါသလဲ"

"ကောင်းပါပြီ။ ဘာသာရေးဆိုတာကို ဟိန္ဒူဘာသာ၊ ဒါမှမဟုတ် ဗုဒ္ဓဘာသာ စသည်ဖြင့် ယူဆတဲ့အခါမှာ ဘာသာရေးဟာ ဓမ္မနဲ့ လုံးဝ ဆန့်ကျင်သွားပါပြီ။ ဒါပေမယ့် ဘာသာရေးကို သဘာဝ တရားကြီးရဲ့ နိယာမ ဥပဒေသအဖြစ် သဘာဝတရားကြီးရဲ့ စကြဝဠာတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ နိယာမ ဥပဒေသအဖြစ် မှတ်ယူမယ်ဆိုရင်တော့ ဒါဟာ ဓမ္မနဲ့အတူတူပါပဲ"

ဟု ဖြေထားသည်။

ဆရာကြီး ပါရဂူ ဘာသာပြန်ထားသော ဦးဂိုအင်ကာ၏ ဒိုဟာဓမ္မ ကဗျာစာအုပ်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာတွဲ လိုရင်းတိုရှင်း ရေးသားဖော်ပြပေးထားတာ ဖတ်မှတ်ရပါသည်။ မြန်မာလို ရေးထားတာကို ကောက်နုတ် ဖော်ပြပေးပါမည်။

* လူလူချင်း ခွဲခြားမှု မပြုခြင်း၊ အားလုံး၏ ကောင်းကျိုးကို ပြုလုပ်ဆောင်ရွက်ခြင်းသည် ဓမ္မစစ်၊ ဓမ္မမှန်ဖြစ်၏။

* ဂိုဏ်းဂဏချင်း၊ ဘာသာချင်း၊ အမျိုးဇာတ်ချင်း မခွဲခြားဘဲ အားလုံးနှင့် ဆိုင်ခြင်း၊ အားလုံးအတွက် ဖြစ်ခြင်းသည် ဓမ္မစစ်၊ ဓမ္မမှန် ဖြစ်၏။

စသည်ဖြင့် ဓမ္မအကြောင်းများစွာ ရေးသားဖော်ပြထားသည်။

ထို့ကြောင့် အိန္ဒိယအကျဉ်းထောင်ကြီးအတွင်း ဘာသာမျိုးစုံ၊ လူမျိုးပေါင်းစုံ ဒုစရိုက်သမားများ နေထိုင်ရာ နေရာတွင် ဝိပဿနာတရားကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆရာကြီးသည် ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေးညီလာခံတွင် ၂၀၀၀ ခုနှစ်၊ ဩဂုတ်လ၌ ကမ္ဘာ့ခေါင်းဆောင်များအား ငြိမ်းချမ်းရေးတရားဓမ္မ ဟောကြားခဲ့ပါသည်။ ဓမ္မအကြောင်း အရင် နှီးနှောဖလှယ်ပြီး သူလိုချင်သော၊ ဖြစ်စေချင်သော ဗုဒ္ဓမြတ်စွာ၏ မဂ္ဂင်လမ်းပေါ် ဆွဲခေါ်သွားပါသည်။ ဗုဒ္ဓဘာသာသည် အဓမ္မဝါဒ မဟုတ်။ ငြိမ်းချမ်းရေးဝါဒ (မေတ္တာဝါဒ) ဖြစ်သည်။ ဇာတ်ဇာ အကြောင်းပြ ဂိုဏ်းဂဏဝါဒလည်း မဟုတ်ပါ။ တရားစစ်၊ တရားမှန် ရတနာသုံးပါး ဦးထိပ်ထား ကိုးကွယ်ယုံကြည်မှု စိတ်ထဲမှာ စွဲမြဲနေဖို့ လိုသည်။ ပါးစပ်က ဘုရား…ဘုရားဟောပြီး ဝမ်းထဲက ကားရားကားရား လုပ်နေသော အတ္တဝါဒီတွေ များစွာရှိသည်။ အချို့ ဗုဒ္ဓသာသနာ(ရတနာသုံးပါး)အကြောင်းပြ လုပ်စား၊ ရိုက်စားနေကြသည်။ အချို့ အယူအဆမှားနေကြသည်။ ဂဏန်းသုံးလုံးနှင့် သာသနာ့အလံပုံ ကပ်ထားမှ ဗုဒ္ဓဘာသာအိမ်ဖြစ်မည်ဟု ယူဆသည်။ ဒီကြားထဲ သွေးပူအောင် လှုံ့ဆော်ပေးသော သီချင်းကလည်း ရှိသေးသည်။

ကမ္ဘာတစ်ဝှမ်းမှ ထိပ်သီးခေါင်းဆောင်များနှင့် ဆွေးနွေးပွဲ၌ ဆရာကြီး ဦးဂိုအင်ကာသည် "ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးအနာဂတ်"၊ "သေခြင်းအကြောင်းနှင့် သေခြင်းနှင့် ပတ်သက်သော အယူအဆ စွဲလမ်းမှုများ"၊ "ဒေါသစိတ်နှင့် ယင်းကို မည်သို့ ထိန်းချုပ်နိုင်ပုံ" စသည့် ခေါင်းစဉ်များအပြင် ငြိမ်းချမ်းရေးညီလာခံတွင် ကိုယ်တွင်း ငြိမ်းချမ်းရေး(စိတ်နှလုံးထဲမှာ ငြိမ်းချမ်းမှုရှိအောင်) ဘာသာ အသီးသီး ခေါင်းဆောင်ကြီးများအား ဗုဒ္ဓ၏ ငြိမ်းချမ်းရေး မေတ္တာနှင့် ခန္တီ (သည်းခံခြင်း)တရားတို့ကို ဟောပြောခဲ့သည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာနှင့် ဝိပဿနာတရားတော် အိန္ဒိယနိုင်ငံသို့ ပြန်လည်ပင့်ဆောင် ရောက်ရှိခြင်း အထိမ်းအမှတ်အဖြစ် ရွှေတိဂုံပုံတူ ဝိပဿနာ လိုဏ်ဂူတော်ကြီးကို အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့ ဂိုရေးဒေသ၊ ဗုဒ္ဓဒီပကျွန်းတော်မြတ်





www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်တော် ၃၂၅ ပေရှိသော ဝိပဿနာ ဓမ္မဒီပ သဗ္ဗညုတ ...တော်မြတ်ကြီးကို မြန်မာ့သုခမ လက်ရာများဖြင့် တည် ... ကိုးကွယ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်များအားလုံး ဝိုင်းဝန်း ...သိမ်းစောင့်ရှောက်သင့်ပါသည်။

အိန္ဒိယအစိုးရမှ ချီးမြှင့်သော အရပ်သားများဆိုင်ရာ ...ယမြောက် အမြင့်ဆုံးဖြစ်သည့် Padma Bhushan ...ကို ချီးမြှင့်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရမှလည်း သာသနာပြု ...(မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့) ချီးမြှင့်ခဲ့သည်။ အချို့ ...ဆောင်တွင် "ဝဏ္ဏကျော်ထင် မဟာသဒ္ဓမ္မ ဇောတိကဓဇ ...ဝိပဿနာ ဆရာကြီး"ဟု ရေးကြသည်။ အမှန်တော့ ...ကလည်း တရားသမားအတွက် ပညတ်တွေသာ ဖြစ် ...သည်။

ဆရာကြီး ဦးဂိုအင်သည် ပါရမီတော်ခံ ပါရှိခဲ့ပြီး မိမိ ...ကိုယ် သံသရာလွတ်မြောက်ရေးနှင့် အခြားသူများ လွတ် ...မြောက်ရေးအတွက် ဗောဓိစိတ်ဓာတ်(ဗောဓိစိတ္တ) ထူထောင် ...အားထုတ်ခဲ့သည်။

ဆရာကြီးသည် နှစ်ပေါင်း ၆၀နီးပါး တရားဓမ္မဟော ...သင်ကြားပို့ချ စသည့် သာသနာပြုလုပ်ငန်းများ ကြိုးစား ...ဆောင်ရွက်ရင်း ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၉ရက်၊ ...သနာရီ ၄၀မိနစ်တွင် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့ရှိ သူ၏ ...အိမ်တွင် လူကြီးရောဂါဖြင့် တစ်ဘဝ၊ တစ်သာသနာ၊ ...ချုပ်ငြိမ်းသွားရပါသည်။ ခန္ဓာဝန်ချချိန်တွင် အသက် ...နှစ် ရှိနေပါပြီ။ ဆရာကြီး ဦးဂိုအင်ကာ၏ ရုပ်ကလာပ် ...အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရှုပနအဖြစ် (၁-၁၀-၂၀၁၃) ...၁၀နာရီတွင် မီးသင်္ဂြိုဟ်ခဲ့ပြီး အိန္ဒိယတစ်နိုင်ငံလုံးရှိ ...ကြီးကို ချစ်ခင်မြတ်နိုးသော ယောဂီများ၊ မိသားစုဝင် ...မွေးရိုးသတ်များ၊ စာပေဂီတ အနုပညာရှင်များ၊ ဘာသာ ...ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်ဟု သတင်း ...သည်။ ထိုနေ့တွင် အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ ...တွင်လည်း သံဃာတော် ငါးပါးပင့်ဖိတ် ဆွမ်းကပ် ...ဟု ကြားသိရပါသည်။

...-၁၀-၂၀၁၃၊ တနင်္လာနေ့တွင် ဆရာကြီး၏ အရိုး ...မွန်ဘိုင်းမှ ရန်ကုန်သို့ ရောက်ရှိလာပါသည်။ (၈- ...၁၃) အင်္ဂါနေ့နံနက်တွင် ၃၇၊ သာယာဝတီလမ်း၊ ...ကွက်၊ ဗဟန်းမြို့နယ်၌ သံဃာအပါး ၉၀ကို ဆွမ်း ...သည်။ ဗိုလ်တထောင်ဆိပ်ကမ်းမှ ရန်ကုန်မြစ် ... အရိုးပြာအချို့ကို မျှောသည်။

ဆရာကြီး ဦးဂိုအင်ကာ၏ သားကြီးဖြစ်သည့် B.L



(Goenka) ဦးမောင်ရွှေ (ဗန္ဓုလအုပ်စု ကုမ္ပဏီလုပ်ငန်းစု) မိသားစုနှင့် ဓမ္မမိတ်ဆွေများ တွေ့ဆုံမည့် (၉-၁၀-၂၀၁၃) နေ့တွင် မြစ်ကြီးနား မြစ်ဆုံတွင် ဆရာကြီး ဦးဂိုအင်ကာ၏ အရိုးပြာအချို့ကို ရေမျှောပြီး (၁၀-၁၀-၂၀၁၃)နေ့တွင်တော့ သီတဂူ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ အရှင်ဉာဏိဿရ ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် မွေးဇာတိ မန္တလေးမြို့တွင် ကျန်ရှိသော အရိုးပြာများကို ရေမျှောခဲ့သည်။

မွန်ဘိုင်းရှိ ဆရာကြီး ဦးဂိုအင်ကာ၏ နေအိမ်တွင် ကျန်ရစ်သူ မိသားစုတို့သည် ဆရာကြီးအား ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ အမျှအတန်းပေးဝေခဲ့ပါ သည်။

ဗုဒ္ဓ၏ တရားသဘောအရ "သဗ္ဗေသင်္ခါရာ အနိစ္စာ" မည်သည့်အရာမှ မတည်မြဲ၊ ဖြစ်ပျက်တတ်သော သဘော ရှိသည်ဟု ဆိုထားသောကြောင့် သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံး တစ်နေ့ ပျက်စီးမည်မှာ သေချာပါသည်။ ထို့ကြောင့် ရုပ်နှင့် နာမ် တည်မြဲနေချိန်တွင် ဆရာတော်ဘုရားကြီးများ ဟောကြားသော ဝိပဿနာတရား နာယူမှတ်သားပြီး ဆရာ ကြီး ဦးဂိုအင်ကာကဲ့သို့ ကိုယ်တွေ့ ကျင့်ကြံအားထုတ်ကာ သာသနာ့အကျိုး၊ အများအကျိုး၊ ငြိမ်းချမ်းရေး ဆောင်ရွက် နိုင်ကြပါစေသတည်း ■

* * *

မင်းထက်ကျော်(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်...

## (၃) မုဒိတာပွားပုံ

"မုဒိတာ"ဆိုတာ ကိုယ့်အထက်က လူတွေ၊ ကိုယ့်ထက် ပြည့်စုံတဲ့၊ ချမ်းသာတဲ့ လူတွေကို "ချမ်းသာမြဲ ချမ်းသာကြပါစေ"လို့ ဝမ်းမြောက် ဝမ်းသာနဲ့ နှလုံးသွင်းနိုင်တဲ့ သဘော ပဲဆိုတာကို ပထမပိုင်းမှာ ပြောခဲ့ပါပြီ။

အဲဒီမှာ ကိုယ့်ထက်သာတဲ့ လူတွေကို ထုတ်ပြရတာကတော့ မေတ္တာ၊ ကရုဏာတို့နဲ့ နှိုင်းယှဉ်ပြီး မုဒိတာဖြစ်သွားစေဖို့ လွယ်ကူတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ အထူးထုတ်ပြခြင်းဖြစ်ပါတယ်။ ဒါပေမယ့် မြဟာ ဗြဟ္မစိုရ်တရားဆိုတာ ပုဂ္ဂိုလ်မရွေး



# ဓမ္မာစရိယ ဦးဌေးလှိုင်

# မြွက်ဆိုတရားတော်

ဘဲ အားလုံးသော သတ္တဝါတွေမှာ ပွားများသင့်တဲ့ တရားဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်နဲ့တန်းတူ ပုဂ္ဂိုလ်တွေရော၊ ကိုယ့်အောက်က ပုဂ္ဂိုလ်တွေရော၊ အဲဒါတွေကို အာရုံပြုပြီး မုဒိတာကို ပွားနိုင်တယ်။ ဒါပေမယ့် စ,စချင်းဆိုရင်တော့ ကိုယ့်အောက်က ပုဂ္ဂိုလ်တွေကို စဉ်းစားကြည့်လိုက်ရင် ဝမ်းမြောက်ဖို့ထက် သနားဖို့က သာပြီးနီးစပ်နေပါတယ်။ တန်းတူ ပုဂ္ဂိုလ်တွေအတွက်ဆိုရင်လည်း မေတ္တာပွားဖို့က သာပြီး နီးစပ်နေပါတယ်။ ဒါကြောင့် ပထမပိုင်းတုန်းက သရုပ်ပြရာမှာ ကိုယ့်ထက်သာတဲ့သူတွေကိုသာ မုဒိတာပွားစေဖို့ ဝမ်းမြောက်စရာ ပုဂ္ဂိုလ်အဖြစ်နဲ့ ထုတ်ပြခဲ့ခြင်းဖြစ်ပါတယ်။

www.burmeseclassic.com

ဒါပေမယ့် ကိုယ့်ထက်သာ မနာလို ဆိုတဲ့ စကားပုံအတိုင်း အများအားဖြင့် သတ္တဝါတွေမှာ ကိုယ့်ထက် သာတာကို မြင်ရ၊ ကြားရ၊ သိရရင် မျက်မုန်းကျိုးမှု၊ မနာလိုမှုက ဖြစ်တတ်တယ်။ အဲဒီ မနာလိုမှုဟာ မုဒိတာရဲ့ ဆန့်ကျင်ဘက် ရန်သူပဲ။ ဒီ မနာလိုမှုဟာ ဘာမှ အကျိုးမခံစားရဘဲနဲ့ သက်သက် အကုသိုလ်ပွားတဲ့ သဘောပါပဲ။ သူက မျက်မှောက်ဘဝမှာလည်း မကောင်းကျိုးတွေကို ပေးတတ်တယ်။ နောင် တမလွန်ဘဝမှာလည်း အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတွေကို ပေးတတ်တယ်။ အဲဒါကို ပုံစံပြရရင်...

### သူများမနာလို ကိုယ်အကျိုးမရှိ

(၁) ရှေးတုန်းက ဘုရင်တစ်ပါးကို ရေချိုးပြီးခါစမှာ မောင်းမငယ်တစ်ယောက်က သူ့လက်ကို မီးအိုးကင်းမှာ ကင်ပြီးတော့ အဲဒီလက်နဲ့ ပွတ်တိုက် ဆုပ်နယ်ပြီး ပြုစုနေသတဲ့။ အဲဒါကို မိဖုရားကြီးက မနာလိုတဲ့အတွက် အဲဒီ မောင်းမရဲ့ ကိုယ်ပေါ်မှာ မီးအိုးကင်းထဲက မီးကျီးတွေနဲ့ လောင်းချလိုက်တယ်။ အဲဒီ မကောင်းမှုကြောင့် အဲဒီ မိဖုရားကြီးဟာ ငရဲမှာ ကျရောက်ပြီး အနှစ် သိန်းပေါင်းများစွာ ဒုက္ခခံရပြီးတဲ့နောက် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်မှာ ရဲရဲတောက်နေတဲ့ မီးကျီးတွေနဲ့ အလောင်းခံနေရပြီး ပြိတ္တာကြီး ဖြစ်နေရတယ်။

(၂) နောက်ပြီးတော့ ကဿပမြတ်စွာဘုရားလက်ထက်တော်က ရဟန်းတစ်ပါးဟာလည်း ရဟန္တာတစ်ပါးကို မနာလို ပြစ်မှားခဲ့တဲ့ အကုသိုလ်ကံကြောင့် ငရဲမှာ ကျရောက်ပြီးတဲ့နောက် ယခု ဂေါတမမြတ်စွာဘုရားလက်ထက်မှာ “လောသကတိဿ”ဆိုတဲ့ လူဖြစ်လာပြီး အကြီးအကျယ် ဒုက္ခရောက်ရရှာတယ်။ အဲဒီ လောသကတိဿ ပဋိသန္ဓေနေကတည်းက သူ့မိဘတွေနဲ့တကွ အိမ်ခြေ တစ်ထောင်ရှိတဲ့ တစ်ရွာလုံးဟာ မီးဘေး၊ မင်းဘေး၊ ငတ်မွတ်ခေါင်းပါးဘေးတွေ သင့်ကြရတယ်။ ဒါနဲ့ ရွာကို နှစ်ပိုင်းခွဲလိုက်တယ်။

အဲဒီအခါကျတော့လည်း သူပါတဲ့ အပိုင်းမှာ ဒုက္ခရောက်ကြရပြန်တယ်။ ဒါကြောင့် နောက်လည်း ထပ်ကာထပ်ကာ ရွာကို ခွဲကြရပြန်တယ်။ ခွဲတိုင်း ခွဲတိုင်း သူပါတဲ့ အပိုင်းမှာ ဒုက္ခရောက်ရတာချည်းပဲ။ နောက်ဆုံးကျတော့ သူ့မိဘတစ်အိမ်တည်း တစ်ပိုင်းဖြစ်သွားတယ်။ အဲဒီအခါမှာလည်း သူတို့တစ်အိမ်တည်း ဒုက္ခရောက်ကြရတယ်။ ဒါကြောင့် လောသကတိဿ စကားပြောနိုင်တဲ့အခါကျတော့ မိဘတွေလည်း သူ့ကို စွန့်ပစ်ပြီး သင့်တော်ရာ ထွက်သွားကြတယ်။

လောသကတိဿလည်း ခွက်ကလေးတစ်ခုနဲ့ ရောက်တတ်ရာရာ သွားပြီး တောင်းရမ်းစားနေရရှာတယ်။ တစ်နေ့မှ ဝဝလင်လင် စားရတယ်လို့ မရှိဘူးတဲ့။ နောက်တစ်ချိန်မှာ အရှင်သာရိပုတ္တရာက သူ့ကို သနားလို့ ရှင်ရဟန်း ပြုပေးထားတယ်။ ရဟန်းဖြစ်တဲ့အခါလည်း သူမှာ ဝဝလင်လင် စားသောက်လောက်အောင် ဆွမ်းမရရှာဘူးတဲ့။ သူနဲ့အတူတူ ဆွမ်းခံသွားရင် အခြား ရဟန်းတော်တွေတောင် ဆွမ်းကောင်းကောင်းမရကြဘူးတဲ့။ နောက်ဆုံး ပရိနိဗ္ဗာန်ပြုမည့်နေ့မှာတောင် အရှင်သာရိပုတ္တရာက သူ့ဆီ အပို့ခိုင်းလိုက်တဲ့ ဆွမ်းဟာ သူ့ဆီ မရောက်ဘူး။ သူ့ကို အမှတ်မရဘဲ လမ်းတွင် စားပစ်လိုက်တယ်။

အရှင်သာရိပုတ္တရာက လာပြီးမေးမှ ဆွမ်းမစားရသေးမှန်း သိရတာနဲ့ သံဝေဂ ဖြစ်တော်မူရတယ်။ အချိန်ကလည်း နေမွန်းလွဲနေတာနဲ့ စတုမဓုဆွမ်းကို ခံယူလာပြီး အရှင်လောသကတိဿကို ကျွေးရတယ်။ ဒါတောင် သူ့လက်ထဲ ပေးလိုက်ရင် ကွယ်ပျောက်သွားမှာစိုးလို့ အရှင်သာရိပုတ္တရာ လက်ထဲကပဲ ယူစားစေတယ်။ သူ့တစ်ဘဝလုံးမှာ အဲဒီ တစ်နေ့ပဲ ဝဝလင်လင် ဘုဉ်းပေး သုံးဆောင်ရသတဲ့။ အဲဒီနေ့မှာပဲ ပရိနိဗ္ဗာန်စံတော်မူရတယ်။ ဣဿာဆိုတဲ့ မနာလိုမှုဟာ ပရိနိဗ္ဗာန်စံရမည့်နေ့ထိအောင်လိုက်ပြီး မကောင်းကျိုးပေးတယ်ဆိုတော့ အင်မတန်ကို ကြောက်စရာကောင်းပါတယ်။

(၃) ဘုရားလက်ထက်တော်ကာလက ကောသမ္ဗီပြည်မှာ “ဃောသက”ဆိုတဲ့ ကျောင်းဒကာ သူဌေးတစ်ဦးရှိခဲ့တယ်။ ငယ်စဉ်တုန်းက သူ့ကို မွေးစားတဲ့ အဘ သူဌေးကြီးက သားရင်းကလေး ရလာတဲ့အခါ ဃောသက သူငယ်ကို မလိုလားတာနဲ့ ခြောက်ကြိမ်တိုင်တိုင် သေရာသေကြောင်း ကြံစည်ပြုလုပ်တယ်။ ဒါပေမယ့် သေကံမရောက် သက်မပျောက်ဆိုတာလိုပဲ သူ့မှာ သေဖို့ရာ ကံက မပါတဲ့အတွက် သေဘေးမှ လွတ်ခဲ့တယ်။

အဲဒီ ခြောက်ကြိမ်ထဲမှာ တစ်ကြိမ်ကတော့ အိုးဖုတ်တဲ့ ဖိုကြီးထဲမှာ ထည့်ပြီး မီးဖုတ်လိုက်လို့ အိုးထိန်းသည်ထံ ဃောသက သူငယ်ကို စေလွှတ်လိုက်တယ်။ လမ်းခလတ်မှာ သူဌေးကြီးရဲ့ သားအရင်းက ဂုံညင်းထိုး ကစားနေမှာ ရှုံးနေလို့ သူ့အစ်ကို ဃောသကကို ကူညီပြီး ကစားဖို့ တောင်းပန်တယ်။ ဖခင်က အိုးထိန်းသည်ထံ စေလွှတ်လိုက်


www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောတော့ အဲဒီ သူဌေးသားအရင်းက "ဂုံ
ညင်သာ နိုင်အောင် ထိုးရစ်ပါ။ သူ သွားပေးပါ့မယ်"ဆိုပြီး
ထိန်းသည်ထံ သွားတယ်။ အိုးထိန်းသည်ကလည်း အဲဒီ
သူငယ်ကို ယောသကပဲလို့ ထင်ပြီး သူဌေးကြီးရဲ့ အမိန့်
အတိုင်း အိုးဖိုထဲ ထည့်ပြီး မီးဖုတ်လိုက်တယ်။

အဲဒီအကြောင်းကို သူဌေးကြီး သိရတဲ့အခါ
အခွန်အကဲ စိတ်ဆင်းရဲ ဒုက္ခရောက်ရရှာတယ်။ စိတ်နှလုံး
ပြီး ရောဂါဝေဒနာ အကြီးအကျယ်စွဲကပ်ခံရတယ်။
နောက်ဆုံးမှာ အဲဒီရောဂါနဲ့ပဲ သေသွားရရှာတယ်။ ဒါလည်း
လိုမှုရဲ့ မကောင်းကျိုးပဲ။

ဒါကြောင့် သူများ မနာလို၊ ကိုယ် အကျိုးမရှိလို့
မှတ်ပြုကြတယ်။

တစ်ခါက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ
သူတော်တစ်ပါးရှိသတဲ့။ အဲဒီ ဖိုးသူတော်က "သူများ
ကိုယ်အကျိုးမရှိ"ဆိုတဲ့ စကားပုံလေးကို မကြာ
ရွတ်ဆိုပြီး တရားနှလုံးသွင်းနေသတဲ့။ အဲဒီကျောင်းမှာ
ပြီး သွားလာဝင်ထွက်နေတဲ့ ဒကာမကြီးတစ်ယောက်
သူတော် ရွတ်ဆိုနေတဲ့ စကားကို ခဏခဏကြားရ
သူ့ကို စောင်းပြီး ရွတ်ဆိုနေတယ်လို့ ထင်ပြီး ဖိုးသူ
ပေါ်မှာ ရန်ငြိုးဖွဲ့ထားသတဲ့။ ဒါနဲ့ ဒီဒကာမကြီးက
အဆိပ်ထည့်ပြီး ဖိုးသူတော်ကို လှူသတဲ့။ ဖိုးသူ
လည်း မရစဖူး အထူးရတဲ့ မုန့်ပဲလို့ အလေးအမြတ်
ပြုပြီး ဘုရားမှာ ဆွမ်းတော်ကပ်လိုက်သတဲ့။ မုန့်လှူတဲ့
ဒကာမကြီးရဲ့ သားကလည်း အဲဒီကျောင်းမှာ ကျောင်းသား
အဖြစ် ရှိနေတဲ့အတွက် အဲဒီကျောင်းသားက ဆွမ်းတော်တင်
ထားတဲ့ အဲဒီမုန့်ကို ကောက်ပြီး စားမိလို့ အဆိပ်သင့်ပြီး
သေရှာသတဲ့။ ဒီတော့ မုန့်လှူတဲ့ ဒကာမကြီးက ဖိုးသူတော်
မသေဘဲ သူ့သားသာ သေနေတာကို တွေ့ရတဲ့အတွက်
မနာလို ကိုယ် အကျိုးမရှိ ဆိုတဲ့ ဖိုးသူတော် ကမ္မဋ္ဌာန်းကို
သဘောပေါက်ပြီး "ဦးသူတော် ကမ္မဋ္ဌာန်း ငါ့ကို ရမ်း ဖြန်းဖြန်း
ကွဲလေပြီ"လို့ မြည်တမ်း ငိုကြွေးရှာသတဲ့။

ယခု ပြောခဲ့တာတွေဟာ မုဒိတာ ပွားစေမည့်
ပုဂ္ဂိုလ်မှာ မုဒိတာရဲ့ ဆန့်ကျင်ဘက် ရန်သူဖြစ်တဲ့ ဣဿာ
ဆိုတဲ့ မနာလိုမှုကို အပြစ်မြင်ပြီး မုဒိတာပွားစေနိုင်ဖို့ သာဓက
တွေပါပဲ။

သူတစ်ပါး ကြီးပွား ချမ်းသာတာကို ဝမ်းမြောက်
ကြည်သာနိုင်တဲ့ မုဒိတာ တရားကတော့ အင်မတန် အေး
ချမ်းပါတယ်။ ဝမ်းမြောက်ကြည်သာနေတုန်းလည်း စိတ်ထဲ
မှာ အေးမြပါတယ်။ မည်သူမှာ စီးပွားဥစ္စာတွေ တိုးတက်နေ
သတဲ့၊ လုပ်ငန်းတွေ အောင်မြင်နေသတဲ့၊ စာမေးပွဲအောင်
သတဲ့၊ ဘွဲ့ထူးရသတဲ့၊ ရာထူးတိုးသတဲ့ စသည်ဖြင့် ကြားရ၊
တွေ့ရ၊ သိရရင် "ကောင်းပါပေတယ်၊ ကောင်းပါပေတယ်၊
ကြီးပွားမြဲ ကြီးပွားပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ၊ ရထား
တဲ့ ရာထူးဌာနန္တရနဲ့ တည်မြဲပါစေ" စသည်ဖြင့် ဝမ်းမြောက်
ကြည်သာ သဘောတူတာဟာ မုဒိတာပဲ။ အင်မတန်
ကြည်လင်အေးမြပါတယ်။ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန်
ရဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ တသွင်သွင်
ဖြစ်ပွားနေပါတယ်။ သိပ်နေရာကျတာပဲ။

**သူများအလှူမှာ မနာလိုသူ၊ ဝမ်းမြောက်သူ**

ဒီ မုဒိတာကို ပွားစေတတ်တဲ့အတွက် ကောင်းကျိုး
ချမ်းသာကို မျက်မှောက်ဘဝမှာလည်း ရတတ်ပါတယ်။ နောင်
တမလွန်မှာလည်း ရတတ်ပါတယ်။

*** မျက်မှောက်မှာ အကျိုးရပုံကတော့** အသဒိသ
ဒါနဝတ္ထုဖြင့် ထင်ရှားပါတယ်။ ပသေနဒီ ကောသလမင်း
ကြီးက "တစ်နေ့တည်းနဲ့ ၁၄ကုဋေအကုန်ခံပြီး အသဒိသ
အလှူတော်ကြီးကို ပေးလှူတယ်"လို့ ဆိုပါတယ်။ အဲဒါကို
"ကာဠ"ဆိုတဲ့ အမတ်ကြီးက "ဘဏ္ဍာတော်ငွေတွေ ၁၄
ကုဋေ အလဟဿ ပျက်စီးသွားတယ်"လို့ ကဲ့ရဲ့ ဝေဖန်

www.burmeseclassic.com

တယ်။ "ဇဏှ"ဆိုတဲ့ အမတ်ကြီးကတော့ "ပြည့်ရှင်မင်းမို့သာ ဒီလိုအလှူကြီးကို ပေးလှူနိုင်တာပဲ။ ငါလည်း ဒီလိုအလှူကြီး ကို ပေးလှူချင်ပါတီတော့တယ်"လို့ ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာပြုတယ်။ အဲဒီအကြောင်းလည်း ဘုရင်မင်းမြတ် ကြီး ကြားသိရတဲ့အခါ ကဲ့ရဲ့တဲ့ ကာဠအမတ်ကြီးကို ပြည်နှင် ဒဏ်ပေးတယ်။ အနုမောဒနာပြုတဲ့ ဇဏှအမတ်ကြီးကို ခုနစ်ရက်ပတ်လုံး မင်းအဖြစ်ပေးပြီး မိမိလိုပဲ အသဒိသ အလှူကြီး ပေးလှူစေသတဲ့။ ဒါဟာ မုဒိတာရဲ့ အကျိုးကို မျက်မှောက်ဘဝမှာ ရပုံ သာဓကပါပဲ။

*** နောင်တမလွန်မှာ အကျိုးရပုံတွေကတော့** အလွန်ပဲ များပါတယ်။ ဘုရားလက်ထက်တော်တုန်းက အမျိုးသမီးတစ်ယောက်ဟာ ဝိသာခါရဲ့ ကျောင်းအလှူကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုရုံသက်သက်နဲ့ တာဝတိံ သာ နတ်ပြည်မှာ အင်မတန် ကြီးကျယ်တဲ့ နတ်ဘုံဗိမာန် အခြွေအရံတွေနဲ့တကွ ဂုဏ်သိန်ကြီးတဲ့ နတ်သမီးဖြစ်နေ တယ်။ နောက်ပြီးတော့ အချို့လူတွေဟာ ကုသိုလ်ကံမရှိ တဲ့အတွက် ပြိတ္တာဘဝရောက်ပြီး စားရမဲ့ သောက်ရမဲ့နဲ့ အတိဒုက္ခရောက်နေရာမှာ ဆွေမျိုးဉာတိ မိတ်သင်္ဂဟများက ဒါနကုသိုလ်ပြုပြီး အမျှပေးဝေတဲ့အခါ သာဓုအနုမောဒနာ ပြုကြရတဲ့အတွက် နတ်စည်းစိမ်ချမ်းသာတွေကို ချက်ချင်းပဲ ရသွားကြတယ်။ ဒါတွေဟာ ဒီနေရာတွေမှာ သက်သေ သာဓကတွေပါပဲ။

အဲဒီ ကုသိုလ်ရေးမှာသာ မဟုတ်သေးပါဘူး။ လောက ရေးရာတွေမှာလည်း သူများ ကြီးပွားချမ်းသာတာကို ဝမ်း မြောက် ကြည်သာနိုင်တဲ့အတွက် နတ်ရွာသုဂတိကို ရောက် ရတဲ့အပြင် လူ့ဘဝရောက်လာတဲ့အခါမှာလည်း သူများထက် အခြံအရံပေါများပြီး ကြီးပွားချမ်းသာရကြောင်းကို "စူဠကမ္မ ဝိဘင်္ဂသုတ်"မှာ မြတ်စွာဘုရားက အထင်အရှားဟောထားပါ တယ်။

ဒါကြောင့် ဒီ မုဒိတာ တရားဟာ ကုသိုလ်ရေးနဲ့ စပ်ပြီးတော့ဖြစ်ဖြစ်၊ လောကရေးရာနဲ့ စပ်ပြီးတော့ ဖြစ်ဖြစ် ပွားများသင့်ကြောင်း အင်မတန် ထင်ရှားနေပါတယ်။

ပွားများပုံကတော့ ဒီ မုဒိတာမှာလည်း မေတ္တာ၊ ကရုဏာတို့လိုပဲ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် သုံးမျိုးရှိပါတယ်။

ဒါကြောင့် ကြီးပွားချမ်းသာနေတဲ့သူကို ကြီးပွားမြဲ ကြီးပွားချမ်းသာအောင် ကိုယ်နဲ့ အကူအညီပေးစရာ အခွင့် ပေါ်လာရင် ကိုယ်နဲ့ အကူအညီပေးပါ။ အဲဒါက **ကာယကံ မုဒိတာ**ပဲ။

နှုတ်နဲ့ အကူအညီပေးစရာရှိရင် စွမ်းနိုင်သမျှ ပြော ဆိုပြီး အကူအညီပေးပါ။ ဥပမာ - လူတစ်ယောက်မှာ ရာထူးဂုဏ်သိန် စည်းစိမ်ဉစ္စာ တည်မြဲရေးအတွက် မိမိက ဝင်ရောက်ပြီး ကူညီပြောဆိုပေးမှ ဖြစ်မည့်ကိစ္စဆိုရင် ကူညီ ပြောဆိုပေးပါ။ လူတစ်ယောက်ကို အကြောင်းမဲ့ သိက္ခာကျ အောင် ပြောဆိုနေကြတာကို ကြားရလျှင် စွမ်းနိုင်ပါက အမှန်ကို ရှင်းလင်းဖော်ထုတ်ပြီး ထိုသူရဲ့ ဂုဏ်သိက္ခာကို ထောက်ခံ ပြောဆိုပါ။ ဒါကတော့ **ဝစီကံ မုဒိတာ**ပဲ။

**မနောကံ မုဒိတာ** ပွားများတာလည်း ရှိတယ်။ ပွားပုံကတော့ ဈာန်ရအောင် ပွားများတာလည်း ရှိတယ်။ ပါရမီဖြစ်၊ ကုသိုလ်ဖြစ် ပွားများတာလည်း ရှိတယ်။ ဒီနှစ်မျိုး ထဲက ဈာန်ရအောင် ပွားများနည်းကိုတော့ ယခုအချိန် အနည်းငယ်အတွင်းမှာ ပြောပြလို့ မပြည့်စုံနိုင်ဘူး။ ဒါကြောင့် ပါရမီဖြစ်၊ ကုသိုလ်ဖြစ် ပွားများပုံကိုပဲ ပြောမယ်။

ကြီးပွားချမ်းသာတဲ့သူတွေကို မြင်တွေ့ရတိုင်း၊ ကြား သိရတိုင်း ဆုတ်ယုတ်ခြင်းမရှိဘဲ "ဝမ်းမြောက်မြဲ ဝမ်းမြောက် နိုင်ကြပါစေ၊ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာ ကြပါစေ"လို့ နှလုံးသွင်း ပွားများရမယ်။

## ၅၂၈-သွယ် ဝမ်းသာခြင်း

အဲဒီလို တစ်မိနစ်လောက် နှလုံးသွင်း ပွားများနေရင် အဲဒီ တစ်မိနစ်လောက်အတွင်းမှာ မုဒိတာ ဘာဝနာ ကုသိုလ် တွေ ဖြစ်တယ်။ ဆယ်မိနစ်လောက် နှလုံးသွင်း ပွားများနေ ရင် ဆယ်မိနစ်လောက် မုဒိတာ ဘာဝနာ ကုသိုလ်တွေ ဖြစ်တယ်။

အဲဒါဟာ သွားရင်းလာရင်းလည်း တွေ့မြင်ရ၊ ကြား သိရတဲ့ သူတွေကို အာရုံပြုပြီး နှလုံးသွင်း ပွားများနိုင်တယ်။ စရိတ်စခ မကုန်ဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ ဖြစ်ပွားတယ်။ အဲဒီလို နှလုံးသွင်းနိုင်တာကို ပြန်လည်စဉ်းစား ကြည့်ရင်လည်း အင်မတန် ဝမ်းသာစရာကောင်းတယ်။ တကယ့်ကို ကောင်းတဲ့ အလုပ်ပါပဲ။

ယခု ပဋိသမ္ဘိဒါမဂ် ပါဠိတော်က မေတ္တာ ဘာဝနာ အရာမှာ ပြထားတဲ့ အနောဓိသ ၅ပါး၊ ဩဓိသ ၇ပါး၊ ဒိသာ ဖရဏ ၁၂၀ တို့အရနဲ့ ဘုန်းကြီးက ရွတ်ဆိုပြီး မုဒိတာ ပွားမယ်။ တရားနာနေကြတဲ့ ဓမ္မမာမက ပုဂ္ဂိုလ်တွေကလည်း စိတ်နဲ့ လိုက်ပြီး **မုဒိတာပွားကြပါ**။



www.burmeseclassic.com

www.burmeseclassic.com



(၁) အားလုံး သတ္တဝါတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၂) အားလုံး သက်ရှိသူတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၃) အားလုံး ထင်ရှားဖြစ်သူတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၄) အားလုံး ပုဂ္ဂိုလ်တွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၅) အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

ဒါက အနောဓိသ မေတ္တာ ၅ပါးတဲ့။

(၁) အားလုံး အမျိုးသမီးတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၂) အားလုံး အမျိုးသားတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၃) အားလုံး အရိယာပုဂ္ဂိုလ်တွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၄) အားလုံး ပုထုဇဉ် ပုဂ္ဂိုလ်တွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၅) အားလုံး နတ်၊ ဗြဟ္မာတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၆) အားလုံး လူသားတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

(၇) အားလုံး အပါယ်ဘုံသူ၊ အပါယ်ဘုံသားတွေ ဆုတ်ယုတ်ခြင်းမရှိ၊ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

ဒါက ဩဒိသ မေတ္တာ ၇ပါးတဲ့။ ခုနက ၅ပါးနဲ့ ပေါင်းလိုက်ရင် မေတ္တာ ၁၂ပါးဖြစ်ပါတယ်။

"အရှေ့အရပ်က အားလုံး သတ္တဝါတွေ ဆုတ်ယုတ်ခြင်းမရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ" စသည်ဖြင့် အရပ်ဆယ်မျက်နှာထဲက တစ်မျက်နှာ၊ တစ်မျက်နှာမှာ မေတ္တာ ၁၂ပါးစီ ဖြစ်ပါတယ်။ အရပ်ဆယ်မျက်နှာလုံးမှာ ဆိုတော့ မေတ္တာပေါင်း ၁၂၀ ဖြစ်ပါတယ်။ အဲဒီ ၁၂၀ ကတော့ အရပ်ဆယ်မျက်နှာနဲ့ ဖြန့်တာမို့ "ဒိသာဖရဏ မေတ္တာ"လို့ ခေါ်ပါတယ်။ ပထမ ပွားခဲ့တဲ့ အနောဓိသ၊ ဩဒိသ မေတ္တာ ၁၂ပါးနဲ့ ပေါင်းလိုက်ရင် မေတ္တာပေါင်း ၁၃၂ ပါး ဖြစ်ပါတယ်။

အဲဒီ ၁၃၂ ပါးဟာ အမှန်စင်စစ်တော့ မေတ္တာ ကမ္မဋ္ဌာန်းနဲ့ ဈာန်ရပြီးတဲ့အခါ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်။ ဈာန်မရပါဘဲနဲ့ ယခုပြောခဲ့တဲ့အတိုင်း ပွားတာကတော့ ပါရမီဖြစ် ကုသိုလ်ဖြစ်မှုပါပဲ။

ကဲ - ယခု ဘုန်းကြီးက ပြည်ထောင်စု မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးကို အာရုံပြုပြီး မေတ္တာ ပွားလိုက်မယ်။ စိတ်နဲ့ လိုက်ပြီး နှလုံးသွင်း ပွားများကြပါ။

"အားလုံး မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ ဆုတ်ယုတ်ခြင်းမရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကြပါစေ။ ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်ကြပါစေ"

(ဗြဟ္မစိုရ်တရားတော် ဒုတိယပိုင်း ပြီး၏။) ■

* * *

ဓမ္မာစရိယ ဦးဒွေးလှိုင်

[ ဓမ္မာစရိယ ဦးဒွေးလှိုင်၏ "ရတနာသုံးပါးကျေးဇူး (ကိုး
တွေ့ဝတ္ထုများ)စာအုပ်မှ ကူးယူဖော်ပြပါသည်။ ]




www.burmeseclassic.com

www.burmeseclassic.com

# ပြည်နယ်နှင့် တိုင်းဒေသကြီး သုံးတိုင်း၌ ကိန်းဝပ်နေတော်မူသော

# သမိုင်းဝင် မျောလေးမျော ဗုဒ္ဓရုပ်ပွား လေးဆူဘုရားများ

မြမဥ္ဇူပြေ (ကျုံမငေး)



မွန်ပြည်နယ်၊ ကျိုက္ခမီမြို့၊ ကျိုက္ခမီရေလယ်ဘုရားရှိ 'မျောလေးမျော' ရုပ်ပွားတော်များ

တတိယ သင်္ဂါယနာတင်ခြင်း ပြီးဆုံးသောအခါ "အသောက"မင်းကြီး၏ သားတော် "အရှင်မဟိန္ဒ"အမှူးပြုသော ရဟန္တာငါးပါးတို့သည် သီဟိုဠ်ကျွန်းသို့ သာသနာပြုရန် ရောက်ရှိခဲ့လေသည်။ ထိုအချိန်သည် သီဟိုဠ်၌ တိဿမင်းကြီး နန်းစံနေသောအချိန်ဖြစ်ပါသည်။

အသောကမင်းကြီးကို ကြည်ညိုသော တိဿမင်းကြီးသည် သူ ကြည်ညိုသော မင်းကြီးကဲ့သို့ပင် "ဒေဝါနံပိယ တိဿ"ဟူသောဘွဲ့ကို ခံယူကာ သာသနာတော်ကို အထူးအလေးထား ကြည်ညိုစွာဖြင့် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ဇရပ်များကို အကြိမ်ကြိမ်ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

ဒေဝါနံပိယ တိဿမင်းကြီးသည် ဗုဒ္ဓသာသနာကို



www.burmeseclassic.com

www.burmeseclassic.com



ကျိုက္ကမီရေလယ်ရုပ်ပွားတော်

...ကြည်တိုးစား သက်ဝင်သည်နှင့်အမျှ ဗုဒ္ဓဘုရားရှင်၏ ...တော် ကိုယ်ပွားများ ထုလုပ်ကိုးကွယ်လိုသော ...ဆန္ဒ ပြင်းပြလာသောကြောင့် သာသနာပြုရန် ရောက် ...သော အရှင်မဟိန္ဒနှင့် တိုင်ပင်သောအခါ သဘောတူညီ ...ခဲ့လေသည်။ ထို့ကြောင့် အရှင်မဟိန္ဒက ဘုရားရှင် ...ပွားတော်အဖြစ် ပွင့်တော်မူခဲ့ပြီးသော ကကုသန်၊ ...ဂုံ ကဿပ၊ ဂေါတမ ဟူသည့် ဗုဒ္ဓဘုရားရှင် ...ပုံတော်တူများ ထုလုပ်၍ ကိုးကွယ်ရန် ခွင့်ပြုတော် ...

...အခါ ဒေဝါနံပီယ တိဿမင်းကြီးက ကြီးစွာသော ...ကို မြှုံ၍ ထုလုပ်ရန် ပြင်ဆင်လာသောအခါ သိကြား ...လည်း ပါဝင်ကူညီဆောင်ရွက်ခဲ့သည်မှာ ရုပ်ပွား ...များ ထုလုပ်ရန် ကရမက်သားအနှစ်၊ နံ့သာဖြူအနှစ်၊ ...သောအနှစ်တို့ကို ရှာဖွေပေးခဲ့၏။ မင်းကြီးကလည်း ...ကျော်အမော်များနှင့် ကြိုးစား၍ သွန်းထုခဲ့ရာ ...ပင် ပြီးမြောက်ခဲ့၏။

...ပွားတော်မြတ် လေးဆူတွင် ဗုဒ္ဓဘုရားရှင်၏ ...ဓာတ်တော်၊ မွေတော်၊ ဗောဓိရွက်တို့ကို ရတနာ ခုနစ်ပါးဖြင့် ဆေးကြောပြီး ဌာပနာသွင်း၍ ပူဇော်ခဲ့ပါသည်။ ရုပ်ပွားတော်မြတ် လေးဆူကို ဗုဒ္ဓပူဇော်ပွဲများ ပြုလုပ်ကာ ပူဇော်မှုများကို ၁၅ရက်တိုင် ပူဇော်မှု ပြုခဲ့ပါသည်။

ထိုကဲ့သို့ ပူဇော်မှုများအပြီးတွင် အရှင် မဟိန္ဒ၏ အဆို အမိန့်ဖြင့် ရုပ်ပွားတော်မြတ်လေးဆူကို အရပ်ဒေသအသီးသီး သို့ သာသနာပြု၊ သာသနာပြန့်ပွားစေရေးအတွက် ပို့ဆောင် သင့်ကြောင်း မိန့်ကြားလာသောကြောင့် ရုပ်ပွားတော်မြတ် လေးဆူအား သမုဒ္ဒရာခရီးဖြင့် သာသနာတည်တံ့ ပြန့်ပွားရာ အရပ်သို့ တည်ပါစေသားဟု အဓိဋ္ဌာန်ဖြင့် မျှောကြွစေရန် စီစဉ်ကြလေသည်။

ဤအစီအစဉ်ကို သိကြားမင်းကြီးကလည်း နှစ်သက် သောကြောင့် ရုပ်ပွားတော်များကို လိုက်ပါ စောင့်ရှောက်ရန် သာသနာပြု နတ်မင်းကြီးလေးပါးကို ရုပ်ပွားတော်တစ်ဆူစီ တွင် လိုက်ပါ စောင့်ရှောက်ရန် တာဝန်ပေးခဲ့၏။ ရုပ်ပွားတော် များ ရေ၌ မျောနိုင်ရန်အတွက် ကျွန်းတုံး၊ သင်္ဘော်နးတုံး၊ ကျောက်လုည်းဘီးများကို ပြင်၍ အစီအစဉ်ပြုကာ ပြင်ဆင် လိုက်သောအခါ ကျွန်းတုံးပေါ်တွင် ရုပ်ပွားတော်တစ်ဆူ၊ သင်္ဘော်နးတုံးပေါ်တွင် ရုပ်ပွားတော်နှစ်ဆူ၊ ကျောက်လှည်းဘီး ပေါ်တွင် ရုပ်ပွားတော်တစ်ဆူကို တင်၍ ကြီးစွာသော ပူဇော်မှု အဓိဋ္ဌာန်များပြုကာ မျှောတော်မူခဲ့ပါသည်။

ရုပ်ပွားတော်မြတ်များသည်လည်း သာသနာတော် အရှည်တည်တံ့ ပြန့်ပွားရာဒေသများဆီသို့ ဦးတည်၍ မျော လေပြီဟူသော ဝမ်းမြောက်မှုများဖြင့် ကျေနပ်ခဲ့လေသည်။

ထိုကဲ့သို့ အပြောကျယ်လှစွာသော သမုဒ္ဒရာခရီးဖြင့် ရေအလျဉ်တွင်း မျောခဲ့ရသည့် ရုပ်ပွားတော်မြတ်များကို မည်သို့သော တိုင်း၊ နိုင်ငံတွင် တည်လေသနည်းဟု ကြည့် သောအခါ. . .

(၁) ကျွန်းတုံးပေါ် တင်၍ မျောခဲ့သော ရုပ်ပွားတော် သည် ပုသိမ်မြို့သို့ လည်းကောင်း၊

(၂) သင်္ဘော်နးတုံးပေါ် တင်၍ မျောခဲ့သော တစ်ဆူသော ရုပ်ပွားတော်သည် ထားဝယ်နယ် ရှင်မုဋ္ဌီးရွာ၌ လည်းကောင်း၊

(၃) ထိုသင်္ဘော်နးတုံးပေါ်မှာပင် တင်၍ မျောခဲ့သော ရုပ်ပွားတော်သည် ကျိုက္ကမီပင်လယ်ပြင်၌ လည်းကောင်း၊

(၄) ကျောက်လှည်းဘီးပေါ် တင်၍ မျောခဲ့သော ရုပ် ပွားတော်မြတ်တစ်ဆူသည် ကျိုက်ထိုမြို့၌ လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com




ကျိုက်ထိုမြို့ရှိ ကျိုက်ပေါလောမှဲ့ရှင်တော်ရုပ်ပွားတော်

အထူးထူးသော တင့်တယ်မှုများဖြင့် တည်နေခဲ့ရာ ကာလကြာရှည်လာသည်နှင့်အမျှ တန်ခိုးတော်များ ဖြိုးလှျံ၍ ဖူးမြော်သူများ အထူးစည်ကားစွာဖြင့် မျောလေးမျော ရုပ်ပွားတော်များအဖြစ် ထင်ရှားခဲ့ရပါသည်။ ထိုလေးဆူရုပ်ပွား တည်ထားကိုးကွယ်မှုများကို ကြည်ညို သဒ္ဓါပွားခြင်းများဖြင့် မိမိတို့ကိုယ်တိုင် သွားရောက်ဖူးမြော်နိုင်ကြပါရန် ရေးသားပူဇော် ဖော်ပြအပ်ပါသည်။

## ကျွန်းတုံးပေါ် တင်၍ မျှောခဲ့သော ရုပ်ပွားတော်မြတ်

သာသနာသက္ကရာဇ် ၂၃၇ ခုနှစ်တွင် သီဟိုဠ်နိုင်ငံ အနုရာဓမြို့တော် ဇမ္ဗုကောလဆိပ်ကမ်း၌ ရဟန်းရှင်လူ မင်းနှင့်တကွ ပြည်သူအများ စည်ကားစွာဖြင့် ရုပ်ပွားတော်လေးဆူကို မဟာသမုဒ္ဒရာမှသည် တိုင်းခြားပြည်ရွာသို့ မျှော်တော်မူရာ ကျွန်းတုံးပေါ် တင်၍ မျှောလိုက်သော ဗုဒ္ဓရုပ်ပွားတော်မြတ်သည် ပုသိမ်မြို့မှ အမည်တွင်သော ကော့သမိန်မြို့အနီးမိုင် ၆၀ ခန့်အကွာ ဘုန်းတော်ပြည့်ရွာ တစ်ဖက်ကမ်း ကျောက်ကလဒ်ကြီးအနီး ဆိုက်ရောက်လာခဲ့၏။

ရွာသူရွာသား လူအများကလည်း ရေလမ်းခရီးဖြင့် သပ္ပာယ်စွာသော တင့်တယ်မှုဖြင့် ထူးခြားစွာ ဆိုက်ကပ်လာသည့် ရုပ်ပွားတော်မြတ်ကို ကန်သုံးဆင့် တောင်ပေ
ကျောင်းဝိုင်းအတွင်းရှိ ဂူလိုဏ်ကျောင်းကြီးအတွင်းသို့
ဆောင်၍ ကိုးကွယ်ခဲ့ကြပါသည်။

သက္ကရာဇ် ၁၄၅၅ ခုနှစ်၊ ဘုရင်မကြီး ရှင်စော
လက်ထက်၌ ပုသိမ်မြို့သို့ ပင့်ဆောင်လာခဲ့ပြီး ရွှေမု
မှဟာစေတီကြီး ပရဝဏ်အတွင်းသို့ ပင့်ဆောင်ကာ "သီဟ
ရှင်"ရုပ်ပွားတော်အဖြစ် ကိုးကွယ်ခဲ့ကြပါသည်။

မင်းအဆက်ဆက်ပြောင်းခဲ့သည်နှင့်အမျှ တန်ဆော
မျိုးစုံ၊ နေရာမျိုးစုံသို့ ပြောင်းရွှေ့ပူဇော်ခဲ့ကြရာမှ နှစ်ကာ
ရှည်ကြာလာသောအခါ ရုပ်ပွားတော်မြတ် ကိန်းဝပ်ရာ၊ တ
နေရာကိုပင် အစအနကျ မသိနိုင်အောင် တိမ်မြုပ်ခဲ့ရ
သည်။

နောက်ပိုင်းကာလတွင် သာသနာအကျိုးကို ကြည်
စွာ သယ်ပိုးလာကြသော ကုသိုလ်ရှင်များ၏ သဒ္ဓါစွမ်းအ
ဖြင့် ကြိုးပမ်းမှုများကြောင့် သမိုင်းဝင် ထင်ရှားခဲ့သေ
"ဘုန်းတော်ပြည့် သီဟိုဠ်ရှင်" ဗုဒ္ဓရုပ်ပွားတော်ကို ရှာဖွေ
ရှိခဲ့ရသောကြောင့် ယခုအခါ ပုသိမ်မြို့၏ ကျက်သရေဆေ
ရွှေမုဋ္ဌောစေတီတော်မြတ်၏ တောင်ဘက်မုခ် ဂန္ဓကုဋိ
တွင် တင့်တယ်စွာ စံနေတော်မူနေပြီဖြစ်ပါသည်။

မွန်မင်းဆက်များဖြင့် သာသနာကြွယ်ခဲ့သော ရော

www.burmeseclassic.com

ဒေသကြီး၊ ပုသိမ်မြို့တွင် ဤကဲ့သို့ မျောလေးမျော ဝင် အထင်ကရ ရုပ်ပွားတော်မြတ်တစ်ဆူ ကိန်းဝပ် ကြောင်း မသိသူများ ရှိနိုင်ပြီး သိသူများလည်း ရှိနိုင်မှာ ပါသည်။ သို့သော် တိုင်းဒေသကြီးအတွင်း၌ မိတင်း ထိုင်ကြသော စာရေးသူတို့လို ရေဝတီဖွားများအဖို့ တစ်ခေါက်သွားရောက် ဖူးမြော်သင့်ပါသည်။

### သင်္ကန်းတုံးပေါ် တင်၍ မျှောခဲ့သော ဗုဒ္ဓရုပ်ပွားတော်မြတ်


ထားဝယ်မြစ်အတွင်း သင်္ကန်းတုံးပေါ်တွင် ရုပ်ပွားတော် မြတ်တစ်ဆူနှင့် ကျောက်ဖျာတစ်ချပ်ပါသော ဖောင်တော် ဖောင် မျောလာရာ "ဒေဝီကင်း" ရွာသူကြီး လက်ျာပုံချို ကို ဆယ်ယူရန် တာဝန်ပေးလာသောကြောင့် ဦးမှူးမှ အများ အင်အားများစွာဖြင့် ပင့်ဆောင်သော်လည်း မရ နေ၏။ ထို့ကြောင့် "စောသီလ"မင်းကြီးကိုယ်တိုင် လာ သော်လည်း မရဖြစ်နေပြီး၊ ဖောင်တော်မှာ ရွှေဂူတောင် ရှိ "စော်ဝချောင်း"အတွင်းသို့ ဝင်သွားလေသည်။

ထိုအခါ ရွာသားများက သင်္ကန်းတုံးကို ကြိုးနှင့် ချည် ၍ ပင့်ဆောင်ပြန်၏။ သို့သော် ပင့်၍မရဖြစ်နေသောကြောင့် ကြီး စောသီလနှင့် လူအင်အားများစွာ ဝင်၍ ကူညီ ဆောင်ခဲ့ပါသော်လည်း မရရှိသော အခြေအနေဖြစ်နေခဲ့ ထိုအချိန်တွင် ရှင်မုတ္တီးရွာဟု အမည်တွင်မည့် မုတ္တသခ မျိုးနေ သီလရှင် အဘွားအို "မယ်သေး"၊ လူအမည် "မင်းမွေး"ဟူသော အမည်ရှိ အဘွားအို၏ အိပ်မက်အရ ချည် ခုနစ်ပင်နှင့် သင်္ကန်းတုံးကို ချည်ပြီး အဓိဋ္ဌာန်ပြု၍ သောအခါ မင်းကြီးနှင့် နန်းတွင်းသူ နန်းတွင်းသားများက ပြိုင်တူဆွဲရာ အမယ်အို သီလရှင်ဘက်သို့ ပါသွား၏။

ဖောင်တော်ဆိုက်လာသောအခါ ဖောင်တော်ထက်မှ ရုပ်ပွားတော်မြတ်ကို နန်းတော်ကုန်းသို့ ပင့်ဆောင်ကာ သက္ကရာဇ် ၈၀၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့် ၅ရက်နေ့တွင် သိမ်တော်ကြီးဆောက်၍ ကိုးကွယ်ခဲ့ ပါသည်။

ရုပ်ပွားတော်မြတ်သည် ရတနာကိုးပါးဖြင့် စီခြယ်ထား အပြင် အလွန်သပ္ပာယ်သော အသွင်ရှိသဖြင့် မသမာ ပင့်ဆောင် ဖျက်ဆီးကြမှာကို စိုးရိမ်ခဲ့သဖြင့် မူလ ရုပ်ပွားတော်ကို ဖုံး၍ ရုပ်ပွားတော်ထုကာ ကိုးကွယ်ထားခဲ့သည် ယခုအခါ ဖူးတွေ့ကြရမည့် ရုပ်ပွားတော်ပင် ဖြစ်ပါသည်။

ယခုအခါ ရုပ်ပွားတော်မြတ်ကြီးသည် ထားဝယ်မြို့မှ



ထားဝယ်မြို့ရှိ ရှင်မုတ္တီးရုပ်ပွားတော်

ရှင်ကိုးရှင် စာရင်းဝင်အဖြစ် လည်းကောင်း၊ မျောလေးမျော ဗုဒ္ဓရုပ်ပွား စာရင်းဝင်အဖြစ် လည်းကောင်း၊ ထားဝယ်မြို့ ရှင်မုတ္တီးကျေးရွာတွင် ရှင်မုတ္တီးဘုရားအဖြစ် ဂုဏ်သတင်း ကြီးစွာ တည်ရှိ စံနေတော်မူပါသည်။

ထားဝယ် ရှင်ကိုးရှင် ဘုရားဖူးခရီးစဉ်ပါ ရုပ်ပွားတော် ဖြစ်ပြီး ဘုရားဖူးများဖြင့် အခါမလပ် စည်ကားနေသောကြောင့် ဓမ္မမိတ်ဆွေများလည်း တစ်ခါတစ်ခေါက် ဘုရားဖူးရောက် စေချင်ပါသည်။

### သင်္ကန်းတုံးပေါ် တင်၍ မျှောခဲ့သော ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူ

သင်္ကန်းတုံးပေါ်တွင် ထပ်မံ တင်၍ မျှောခဲ့သော ဗုဒ္ဓ ရုပ်ပွားတော်မြတ်တစ်ဆူသည် ကျိုက္ခမီမြို့နှင့် မနီးမဝေး ရေလယ် ကျောက်ဆောင်တန်းများပေါ်တွင် ကမ်းရေပြင်နှင့် အလံ ၅၀ခန့်အကွာ၌ တည်နေခဲ့ပါသည်။ ကမ်းခြေနှင့် မနီး မဝေးဖြစ်သောကြောင့် သူငါအများမှ တွေ့မြင်သွားပြီး ထူးဆန်းစွာ ဆိုက်ကပ်နေသော ဖောင်တော်အား လူအင်အား ဖြင့် ကုန်းမြေပေါ်သို့ ဆွဲတင်ကြသော်လည်း နေရာမရွေ့



www.burmeseclassic.com

www.burmeseclassic.com



ပုဒ္ဒိမ်မြို့ရှိ သီဟိုဠ်ရှင်ရုပ်ပွားတော်

ရုပ်တန့်နေ၏။

ထိုအခါ အကျင့်သီလနှင့် ပြည့်စုံသော မုဆိုးမတစ်ဦးက သစ္စာပြု တိုင်တည်ကာ မိမိကိုယ်တိုင် အပ်ချုပ်ပင်များဖြင့် ငင်၍ သင်္ကန်းတုံးကို ရစ်ပတ်ကာ ကုန်းမြေတွင် ရုပ်တန့်နိုင်အောင် ဆွဲယူလိုက်သောအခါ ဖောင်တော်ကြီးသည် အရှည်တည်နိုင်မည့်နေရာ၌ တည်ခဲ့သောကြောင့်၊ ထိုနေရာ၌ ဝတ်ကျောင်းတော်ကြီးဆောက်၍ လှူနိုင်ရန် ကြိုးစားခဲ့ကြရာ သာသနာသက္ကရာဇ် ၂၃၇ ခုနှစ်၊ နတ်တော်လပြည့်နေ့၌ စံမြန်းတည်နေတော်မူနိုင်ခဲ့ပါသည်။

သက္ကရာဇ် ၁၂၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်နေ့ ည ၁၁နာရီတွင် ဆီမီးပူဇော်ရာမှ မီးခြင်း ခံခဲ့ရပြီး ကျောင်းဆောင် ပြာသာဒ်ကြီး မီးလောင်ခဲ့ရလေသည်။ ဝံသာနုခေါင်းဆောင် ဦးချစ်လှိုင် ကြီးမှူးသော ကျိုက္ခမီမြို့မှ စေတနာရှင်များ ပါဝင်ကာ၊ အုတ်ဂန္ဓကုဋီတိုက်သစ် ဆောက်လုပ်လှူဒါန်းခဲ့ရာ ယနေ့တိုင် ဖူးတွေ့ရသော အုတ်ကျောင်းတော်ကြီးဖြင့် စံနေခြင်း ဖြစ်ပါသည်။

ကျိုက္ခမီမြို့၏ ကျက်သရေဆောင် အံ့ဖွယ်ထူးခြား ကျိုက္ခမီ ရေလယ်ဘုရားသည် သီဟိုဠ်မှ မျောကြွလာသော "မျောလေးမျော" ဘုရားအဖြစ် တင့်တယ်စွာ စံနေပါသည်။

## ကျောက်လှည်းဘီးပေါ် တင်၍ မျှောခဲ့သော ဗုဒ္ဓရုပ်ပွားတော်မြတ်

သာသနာသက္ကရာဇ် ၂၃၇ ခုနှစ်တွင် သီဟိုဠ်မှ မျော ကြွလာသော ရုပ်ပွားတော်မြတ်လေးဆူအနက် ထူးဆန်းစွာ ကျောက်လှည်းဘီးပေါ်တွင် တင်၍ မျှောလိုက်သော ရုပ်ပွား တော်မြတ်မှာ နှစ်ပေါင်း ၅၆၆နှစ် ကြာသည့်အထိ ပျောက် ကွယ်၍ နေခဲ့လေသည်။

သာသနာသက္ကရာဇ် ၈၀၃ ခုတွင် ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူ ကျိုက်ထိုမြို့ အရှေ့တောင်ဘက်၊ ဇီးမြကုန်း ချောင်း ရိုးအတွင်းသို့ ရောက်ရှိလာစဉ် ဘုရားသုံးဆူတောင်ပေါ် ဒေဝယက္ခကြီးက လှမ်း၍ မြင်သောကြောင့် စဉ်းစားလိုက် သည်မှာ...

"ရှေ့ဘုရားမှ ပေါ်လောမျောလာသည်မှာ ကျောက် လှည်းဘီးကြီးပင် ဖြစ်၏။ ကျောက်ဖြစ်ပါလျက် ရေထဲ မမြှုပ် ဘဲ ရေပေါ် ပေါ်နေခြင်းမှာ ထူးဆန်းလှ၏။ ထိုအပေါ် ပါလာ သည်ကရော လူလော၊ နတ်လော၊ နဂါးလော မသိ။ ပုံပန် ကတော့ တင်ပျဉ်ခွေပါတကား။ အလွန်လည်း ငြိမ်သက် ထိုပုဂ္ဂိုလ်သာ ရောက်လာလို့က ငါသည် တန်ခိုး ညှိုး တော့မည်။ ထို့ကြောင့် ဝေးရာသို့ သွားစေအံ့"

ဟု စဉ်းစားပြီး ပင်လယ်တွင်းသို့ မျောစေရန် ပြန်တွ လိုက်၏။ သို့သော် မအောင်မြင်ခဲ့ချေ။ သာသနာစော နတ်မင်းကြီး၏ စောင့်ရှောက်မှုဖြင့် ဇီးမြကုန်း ချောင်း အတွင်းသို့သာ ပြန်ဝင်သွားပြန်၏။ ထိုအခြေအနေကို လယ် ထွန်နေသူ ဦးထွန်းမောင်မှတစ်ဆင့် ပြောဆိုမှုဖြင့် လူများ သိသွားကာ လာရောက်ဖူးမြော်ခဲ့ကြလေသည်။ ကျိုက်ထိုမြို့ မြို့သားများမှ ကုန်းပေါ်သို့ ပင့်ဆောင်ကြသော် နေရာမရွေ့ ရုပ်တန့်နေ၏။


ထိုသတင်းအား မြို့တွင်းမှ သူဌေးကြီး ဦးဘိုးထော နှင့် ဇနီး ဒေါ်လုံမတို့နှင့် မင်းကြီး ဗျူဟ၏ နားသို့ပါ ရောက်ခဲ့ ပြီး မင်းကြီးကိုယ်တိုင် လာရောက် ဖူးမြော်ကာ ကိုယ်တိုင် ရေသို့ ဆင်း၍ ပင့်ဆောင်ခွဲယူသော်လည်း မရဖြစ်နေခဲ့ သည်။

ထိုအချိန် ထူးဆန်းသော အိပ်မက်ကို ရထား ဒေါ်လုံမက ရေထဲ ဆင်းပြီး ကျောက်လှည်းဘီးကြီး အ ချည်ဖြင့် ရစ်ကာ ပင့်ဆောင်ရန် ပြုလုပ်နေစဉ် ပူအများ



www.burmeseclassic.com

www.burmeseclassic.com



...ရယ်ပြုကာ မသိသလို နေခဲ့ကြ၏။ ဒေါ်လုံမကမူ လုပ်...တိုင်း လုပ်ကာနေ၏။ စိတ်ထဲမှ နေပြီး...

"ဘုရားတပည့်တော်မသည် အိပ်မက်အရ ဘုရား...ကာဖြစ်ထိုက်ပါက အပ်ချည်ကြိုးဖြင့် ဆွဲရုံနှင့် ကမ်းသို့...တော်မူပါဘုရား"

ဟု အဓိဋ္ဌာန်ပြု ဆွဲယူသောအခါ ကျောက်လှည်းဘီး...နှင့်အတူ ရုပ်ပွားတော်မြတ်မှာ ကမ်းသို့ ကပ်ငြိကာ...သွားခဲ့ပါသည်။ ထိုအခါကျမှ လူအများက ကူညီ၍...မြင့်ရာသို့ မ,တင်ကာ နံ့သာများဖြင့် ရုပ်ပွားတော်မြတ်...သန့်စင်ခဲ့၏။ လူသူအများမှလည်း ကမ်းလုံးညွတ်မျှ...ခဲ့ကြပါသည်။

ဗုဒ္ဓရုပ်ပွားတော်သည်လည်း သက်တော်ထင်ရှား...ရှင်ကဲ့သို့ မျက်တောင်တော်များ တဖျပ်ဖျပ်ခတ်လေ...၍ ဤမြင်ကွင်းကို မြင်တွေ့ရသော မင်းကြီး ဗျူဂ္ဂနှင့်...ပြည်သားများမှ ပီတိတွေ ဝေကာ ဖူးမဝ်ဖြစ်နေခဲ့ကြ...သည်။ အထူးထူးသော ပူဇော်ခြင်းများဖြင့် စံကျောင်း...အဖြစ် ဂန္ဓကုဋီတိုက်သို့ ပင့်ခဲ့ကြ၏။ အမွှေးနံ့သာများ...ဇော်သောအခါ ထူးဆန်းစွာ ဖြစ်ပေါ်ခဲ့သည်မှာ ရုပ်ပွား...မြတ်၏ ယာဘက် မျက်လုံးတော်အထက်နားတွင်...စက်တစ်ခုပေါ်နေသည်ကို တွေ့ရာ အထပ်ထပ်...စင်ဆေးကြောသော်လည်း ပျက်ပြယ်သွားခြင်း မရှိသော...ကြောင့် မှဲ့ပေါ်သည်ဟု ယူဆကာ နေခဲ့ကြ၏။ နောင်သော...ထိုမှဲ့တော်မှာ အခါအားလျော်စွာ ရွေ့လျားသည်ကို...သတိထားမိခဲ့ကြ၏။

...လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးသောအခါ မှဲ့...မှာ ပို၍ထင်ရှားလာသောကြောင့် "မှဲ့ရှင်တော်"ဟု လက်ခံခဲ့ကြပါသည်။ ရုပ်ပွားတော်မြတ်ကိုလည်း "ရွှေကျိုက် ပေါ်လော မှဲ့ရှင်တော်"ဟု ဘွဲ့တော်တင်ခဲ့ကြလေသည်။ မျောလေးမျော ရုပ်ပွားလေးဆူတွင် တစ်ဆူအပါအဝင် ကျိုက်ပေါ်လော မှဲ့ရှင်တော်ဘုရားမှာလည်း ထင်ထင်ရှားရှား လူသိများသော ဘုရားတစ်ဆူအဖြစ် ဘုရားဖူးများ စည်ကားလှပါသည်။ ကျိုက်ထိုမြို့၏ ကျက်သရေဆောင် ဘုရားအဖြစ် သာသနာတည်သရွေ့ တည်ရှိ ကိန်းဝပ်နေမှာ ဖြစ်ပါသည်။

တစ်မြို့ တစ်ရွာ၊ တစ်တိုင်းခြားစီတွင် တည်ရှိ ကိန်းဝပ်နေသော မျောလေးမျော ရုပ်ပွားတော်များကိုယ်စား ကျိုက္ခမီ ရေလယ်ဘုရားတွင် ကိုယ်စားတော် ကိုယ်ပွားလေးဆူ ရုပ်ပွားတော်များကိုလည်း ဖူးတွေ့ရပါသည်။ အကြောင်းဆုံ၍ တစ်မြို့စီ လှည့်လည်ဖူးမြော်ရန် အခြေအနေမပေးသူများအတွက် ဤစာစုကို ဖတ်ရှုခြင်းဖြင့် ကြည်နူးသဒ္ဓါပွားများနိုင်ကြပါစေသတည်း ■

* * *

မြမဥ္ဇူဝေ(ကျုံမငေး)

မှီငြမ်းမှု

- ထားဝယ် ရှင်ကိုးရှင်ဘုရားဖူးခရီးမှ ရှင်မုဋ္ဌိဘုရားဖူးမှတ်တမ်း။ (စာရေးသူ၏ ဘုရားဖူးခရီးများ)။
- ကျိုက္ခမီ ရေလယ်ဘုရားဖူးခရီး (စာရေးသူ၏ မွန်+ကရင် ဘုရားဖူးခရီး)။
- ပုသိမ်မြို့တွင် နေထိုင်ခဲ့စဉ် (သီဟိုဠ် ရှင်ရုပ်ပွား ကိန်းဝပ်နေသော ပုသိမ်-ရွှေမုဋ္ဌောဘုရားဖူးမှတ်တမ်း)။
- ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်မှ ကျိုက်ထိုမြို့ ဘုရားစုံဖူးမှတ်တမ်း (စာရေးသူ၏ ဘုရားဖူးခရီး)။



www.burmeseclassic.com

www.burmeseclassic.com

# ရဟန်းသား၏ ဓာတ်ကမ္ဘာ

ဒေါက်တာ ဆရာကျော်



## နိဒါန်း

တစ်ချိန်က "ရဟန်း သံဃာ၏ ဓာတ်ကမ္ဘာ" ဟူသော ခေါင်းစဉ်ဖြင့် ဂမ္ဘီရမဂ္ဂဇင်း အမှတ် (၂၁၉)တွင် ကျွန်ုပ် ရေးသားခဲ့ဖူးသည်။ ရုပ်ဓာတ်သဘော လောကီနှော၍ ဆရာတော်ကြီးမှ မိန့်ကြားခဲ့ပုံဖြစ်သည်။

ယခု ထိုခေါင်းစဉ်ဖြင့်ပင် နာမ်ဓာတ်သဘော ဟောပြောခဲ့ပုံကို ဆန်းကြယ်မဂ္ဂဇင်းကြီးမှ တင်ဆက်ပါရစေ။

## ရဟန်းသား

"ရဟန်းသား" ဟူသော အမည်မှာ ရွှေတောင်ချမ်းသာကြီး ဆရာတော်၏ ကလောင်အမည်ဖြစ်သည်။ ဘွဲ့တော်မှာ ဘဒ္ဒန္တဇီဝရဖြစ်၍ ယနေ့တွင် ဝါတော် ၆၅ဝါ၊ သက်တော် ၈၅နှစ်ရှိနေပြီဖြစ်သည်။ ကျမ်းစာအုပ်ငါးအုပ်ရေးခဲ့ပြီး ဓာတ်ကမ္မဋ္ဌာန်းကို ကိုယ်တိုင်ကျင့်ပွားလျက် နိဗ္ဗာန်ခရီးလမ်းကို လျှောက်လှမ်းနေသော ရဟန်းတစ်ပါးဖြစ်သည်။

နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်တွင် ရရှိခဲ့သည်။ ရွှေတောင်မြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌလည်း ဖြစ်ခဲ့သည်။ "ဘုန်းကြီးစီးတာ တရားကျင့်ဖို့ ကွယ်" ဟူသောစိတ်ဖြင့် ခရစ်နှစ် ၂၀၀၀ ပြည့်၊ နယုန်လကွယ်နေ့တွင် အရှည်ဝါသီ တောရပ်မှိုဖို့ နိကာ္ခမ ပါရမီမြောက် အဓိဋ္ဌာန်ပေါက် တောထွက်တော်မူခဲ့သည်။

ထိုတောတွင်း၌ပင်လျှင် "အကျော်စူဠာ မြတ်သဒ္ဓါဝိဇ္ဇာမုတ္တိ" စေတီတော်မြတ်ကြီးကို အဓိဋ္ဌာန်ထား တည်ထားတော်မူခဲ့ရာ ထီးတော်တင်ရန် အဆင်သင့်ပင် ရှိတော့သည်။ ထိုထီးတော်ကို မည်သူမဆို လာရောက်လှူဒါန်းနိုင်သဖြင့် ပဋ္ဌာန်းဆက်ရှိသူ အလှူရှင်များအား နိုးဆော်ပေးလိုက်ရပါသည်။

## နိဗ္ဗာနဓာတ်

ရုပ်ဓာတ်၊ နာမ်ဓာတ်လို့ နှစ်မျိုးရှိရာမှာ ရုပ်ဓာတ်အကြောင်းကို မကျဉ်းမကျယ်ပြောခဲ့ပြီးပြီ။ ခု နိဗ္ဗာနဓာတ်ကို ပြောမယ်။

နိဗ္ဗာနဓာတ်တို့ဆိုတာ နာမ်ဓာတ်တစ်မျိုးပါ။ အလွန်ထူးခြားတဲ့ ဓာတ်တစ်မျိုးပါ။ နာမ်ဓာတ်ဆိုပေမယ့် ဒီကမ္ဘာလောကထဲက နာမ်ဓာတ်မဟုတ်ဘူး။ ဒါကိုက ဆန်းမနေဘူးလား။ ဒီလောကထဲက မဟုတ်ရင် တခြားလောကထဲကလို့ ဆိုရပေမပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီကမ္ဘာလောကထဲမှာ ရှိတဲ့ နာမ်ဓာတ် ၅၃မျိုးထဲမှာ စိတ်ဆိုတဲ့ နာမ်ဓာတ်က အဓိက အကျဆုံးပဲ။ ဒီ စိတ်ဆိုတဲ့ နာမ်ဓာတ်က အလွန်ဆန်းကြယ်ပြီး တန်ခိုးကြီးတယ်။ မြေလျှိုး မိုးပျံတယ်ဆိုတာ ဒီစိတ်ပဲပေါ့။

စိတ်တန်ခိုးဟာ အာကာသထဲမှာရော၊ မြေပေါ် မြေအောက် ရေပေါ်၊ ရေအောက် ဘယ်နေရာမှာမဆို အစွမ်းပြနိုင်တယ်။ အဲဒီတော့ စိတ်တန်ခိုးကို လိုချင်ကြမှာပေါ့။ လိုချင်ရင် ရမယ်။ ဒါပေမယ့် လွယ်လွယ်နဲ့တော့ မရနိုင်ဘူး။

ရှေးတုန်းက ဇနပဒ ကလျာဏီ ဆိုတဲ့ အလှမယ်လေး တစ်ယောက်ရှိတယ်။ ဒီမိန်းကလေးအလှကတော့ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သတဲ့။

တစ်နေ့ အဲဒီမိန်းကလေး မြို့တစ်မြို့ကို ရောက်လာတယ်။ လူတွေအားလုံး မြင်အောင်ဆိုပြီး စင်မြင့်ပေါ်မှာ အလှမယ်လေးကို ထားတယ်။ အလှမယ်လေး နေတဲ့ စင်မြင့်နဲ့ လူပရိသတ်တွေ ကြည့်နေတဲ့ နေရာရဲ့အကြားမှာ လူသွားလမ်းလေး ထားတယ်။

အဲဒီမှာ ဘုရင်က ရာဇဝတ်သားကို အဲဒီလူသွားလမ်း အတိုင်း သွားခိုင်းတယ်။ အလွတ်သွားခိုင်းတာတော့ မဟုတ်ဘူး။ အဲဒီလူရဲ့ လက်ထဲမှာ ဆီခွက်တစ်ခုကိုင်ခိုင်းတယ်။ ဆီကို ဆီခွက်ရဲ့ နှုတ်ခမ်းနဲ့အညီ ထည့်ထားတယ်။ အဲဒီခွက်ထဲက ဆီနည်းနည်းလေး ဖိတ်တာနဲ့ ဖိတ်တဲ့ နေရာမှာတင် လည်ပင်းကို ဓားနဲ့ ပိုင်းမှာ။ အဲဒီတော့ ရာဇဝတ်သားဟာ ဆီခွက်ထဲက ဆီဖိတ်မှာစိုးပြီး ဂရုတစိုက် တည်တည်ငြိမ်ငြိမ် သွားရတာပေါ့။ စင်မြင့်ပေါ်က အလှမယ်လေးကိုလည်း ကြည့်ချင်လိုက်တာမှ လွန်ရော။ မကြည့်ရဲဘူး။ တစ်ချက်ငဲ့ ကြည့်လိုက်တာနဲ့ ဆီဖိတ်မှာပဲ။ စုဝေးရောက်ရှိနေတဲ့ ပရိသတ်ကြီးကိုလည်း ကြည့်ချင်တာ အူအသည်းကို ယားနေတာပဲ။ မကြည့်ရဲဘူး။ နည်းနည်းလေးမှ သတိလွတ်လို့ မဖြစ်တယ်။ ဒါကြောင့် စိတ်ကို အတည်ငြိမ်ဆုံးထားပြီး ဆီခွက်ထဲက ဆီမဖိတ်အောင် ကိုင်လို့ လျှောက်ခဲ့တယ်။

အဲဒီမှာ ရာဇဝတ်သား ထိန်းထားတဲ့ စိတ်သဘာဝကို ကြည့်စမ်း။ အဲဒီလို စိတ်ကို ထိန်းထားနိုင်မယ်ဆိုရင် စိတ်တန်ခိုးရနိုင်သား။ ဒါပေမယ့် ရာဇဝတ်သားက ပရိသတ် အပြင်ဘက်ရောက်ရုံလောက်ပဲ စိတ်ကို ထိန်းရတာ။ တန်ခိုး လိုချင်သူက ဒါလောက်နဲ့တော့ မရဘူး။

စိတ်ကို ဘယ်ကိုမှ မလွင့်အောင် ထိန်းပြီးတော့ တစ်ခုတည်းသော အာရုံပေါ်မှာ အချိန်တော်တော်ကြာအောင် အစိုက်စိုက်ထားနိုင်မယ်ဆိုရင်တော့ လိုချင်တဲ့ စိတ်တန်ခိုး ရနိုင်ပါတယ်။

အဲဒီ တည်ငြိမ်နေတဲ့ စိတ်ရဲ့ အထွဋ်အထိပ်ကို "အပ္ပနာဇော" လို့ ခေါ်တယ်။ ဈာန်စိတ်လို့လည်း ခေါ်တယ်။ ဒီခေတ်မှာတော့ ရနိုင်ဖို့ မလွယ်တော့ဘူး။ ဒါပေမယ့် အပ္ပနာအဆင့် မရောက်တောင်မှ စိတ်ကို အလွန်ငြိမ်သက်အောင် ကြိုးစားနိုင်ရင် အလွန်ထူးခြားတဲ့ အောင်မြင်မှုကိုတော့ ရနိုင်တယ်။ ဓာတ်ကမ္ဘာထဲမှာတော့ စိတ်ဟာ အလွန်ကို အရေးပါတယ်။

စိတ်ကို နိုင်ရင် ဆင်းရဲကင်းနိုင်တယ်။ လူတွေဟာ ဘယ်သူမှ ဆင်းရဲမကင်းကြဘူး။ ကျိုကျိုတက်အောင် ပျော်ရွှင်ချမ်းသာနေကြတဲ့ လူတွေက သူတို့ ဘာဆင်းရဲမှ မရှိဘူးလို့ ထင်ကြတယ်။ အဲဒါကိုက ဆင်းရဲနေတာ။ အဲဒီဆင်းရဲကို တွေ့အောင် ရှာနိုင်ရင် အဲဒီတော့မှ ချမ်းသာအစစ်ကို တွေ့ရမှာ။

သတ္တဝါတွေက လက်ရှိ ပစ္စုပ္ပန်ဘဝကို သိပ်ပြီး မက်မော တွယ်တာနေကြတာ။ နောက်ဘဝ ဘယ်လိုနေနေ ခုဘဝကောင်းရင် ပြီးရောဆိုပြီး တွယ်နေလိုက်ကြတာ။ တကယ်တော့ ခုဘဝဆိုတာ ပုံဖော်ပြီးသားကြီးဖြစ်နေပြီ။ တော်ရုံပဲ မက်မောသင့်တာပေါ့။ အလွန်အမင်း မက်မော တွယ်တာနေတာကို နည်းနည်းလေးလျှော့ပါ။ နည်းနည်း လောက်တိုးပြီး ကြိုးစားအားထုတ်မယ်ဆိုရင် လူဖြစ်ရကျိုး နပ်တာပေါ့။

နိဗ္ဗာနဓာတ်ဆိုတာ ချမ်းသာအစစ်ပဲ။

တစ်ချက်လောက်လေး အာရုံမိလိုက်ရင်ကိုပဲ အနည်းဆုံး အပါယ်ဆင်းရဲတော့ ငြိမ်းသွားတယ်။

လူတွေ သေသမျှ ဆင်းဆင်းရဲရဲနဲ့ အဆင်းရဲဆုံးဘဝတွေကို ရောက်တာက များသတဲ့။ ဘယ်လောက်များလဲ ဆိုရင် လူတစ်ထောင်၊ တစ်သောင်းသေ တစ်ယောက်တလေ တောင် လူပြည်၊ နတ်ပြည် ပြန်မရောက်ဘူးတဲ့။ ကမ္ဘာနဲ့ ချီပြီး ပြောတာပါ။ ပြန်ဖြစ်ဖို့ မလွယ်တဲ့အကြောင်း။ မလွယ်ပုံတွေကို သိချင်ရင် ပိဋကတ်တော်တွေနဲ့ ရင်းနှီးအောင် လုပ်ပါ။

ဒီအကြောင်းတွေကို ငွတ်မှိတ်ပြီး ငြင်းပယ်တဲ့ လူတွေ လည်း ရှိမယ်။ သူ့ဝိုက်နဲ့ သူ့ကံလို့ပဲ အောက်မေ့ရတာပေါ့။ အင်မတန် အကုသိုလ်ကံ ပြင်းထန်ကြလို့ပဲ။

နိဗ္ဗာနဓာတ်ကို တစ်ချက်ကလေးလောက် အာရုံမိ လိုက်ရင် နောက်ဘဝအဆက်ဆက် ဘယ်တော့မှ အပါယ် ငရဲ မရောက်တော့ဘူး။ လူပြည်၊ နတ်ပြည်ရောက်လည်း သိမ်သိမ်ငယ်ငယ် မဖြစ်ဘူး။ လူအစစ်၊ နတ်အစစ်ကို ဖြစ် တာ။ နိဗ္ဗာနဓာတ်ဆိုတာ အဲသည်လောက်ကို အားကိုးရ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီဓာတ်နဲ့ တွေ့ရင်တော့ စိတ်သာချမ်းပေတော့။

"ဘာတွေကို စိတ်ချရမလဲ"လို့ မေးရင် "အကုန်လုံးပဲ စိတ်ချရတယ်"လို့ ဖြေမယ်။

"ဒါဖြင့် မသေချင်ပါ ဘုရား"

"မသေတဲ့ နေရာအထိ အရောက်ပို့ပေးမှာ"

"အိုလည်း မအိုချင်၊ နာလည်း မနာချင်"

"မသေတဲ့ နေရာတောင် ရောက်နိုင်သေးတာ။ မနာ၊ မသေလောက်ကတော့. . ."

"သားတွေ မယားတွေနဲ့လည်း ပျော်ပျော်ပါးပါးနေချင်ပါတယ် ဘုရား"

"စိတ်ချလက်ချ နေနိုင်ပါတယ်"

"ချမ်းလည်း ချမ်းသာချင်ပါတယ် ဘုရား"

"ချမ်းသာတယ်ဆိုတာ စိတ်အဓိကပဲ။ နိဗ္ဗာန်ဓာတ်နဲ့ တွေ့ပြီးရင် ချမ်းသာတော့တာပဲ။ စိတ်ချမ်းသာရင် ဘာမှ လိုလေသေးမရှိတော့ပါဘူး။

စိတ်ချမ်းသာဖို့က စိတ်ကို ထိန်းနိုင်ရမယ်။ အရာရာမှာ စိတ်ကြောင့် ဆင်းရဲတယ်။ အဲဒါ စိတ်ကို မနိုင်လို့။ ကိုယ့်စိတ်ကို ဘာပြုလို့ မနိုင်ရမှာလဲ။ အချို့က ကိုယ့်ကိုယ်ကို အထင်ကြီးတယ်။ မနိုင်လို့ဘဲ ဆင်းရဲနေကြတာ။

စိတ်ရဲ့ လှည့်စားမှုက ကြောက်စရာကောင်းတယ်။ ငိုအောင် လုပ်တာလည်း သူပဲ၊ ရယ်အောင်လုပ်တာလည်း သူပဲ။ ဟန်ဆောင်နေတာလည်း သူပဲ။ ပဋ္ဌာစာရီကို စဉ်းစားကြည့်နိုင်တယ်။ စိတ်လှည့်စားမှုတွေ တွေ့ရနိုင်တယ်။

**အန္ဓီဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ၊**

**သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ၊**

ဤလူအပေါင်းသည် ပညာမျက်စိကန်းတွေသာ များကြ၏။ အနည်းအပါး တစ်ယောက်စ၊ နှစ်ယောက်စလောက်ပဲ ထူးထူးခြားခြား ကြည့်တတ် မြင်တတ်၏။ ငှက်မုဆိုးပိုက်ကွန်ထဲက လွတ်ထွက်သွားနိုင်တဲ့ ငှက်ဆိုတာ အနည်းငယ်မျှ ရှိသလို လူအနည်းအပါးလောက်ပဲ လူ့ပြည်၊ နတ်ပြည်ကို ရောက်ကြတယ်လို့ မြတ်စွာဘုရားက ဟောပါတယ်။

အန္ဓ ပုထုဇ္ဇဉ်လောကဆိုတာ မမြင်မစမ်းနဲ့ လမ်းသွားနေကြတာပါပဲ။ ဒါကြောင့် ခရီးထောက်တွေ နား,နားပြီး သွားရပါလိမ့်မယ်။ ခွေးဘဝလား။ နွားဘဝလား။ လူ့ဘဝလား။ နတ်ဘဝလား။

အဲဒီ ခရီးထောက်ဘဝဆိုတာကလည်း စမ်းတဝါးဝါးပါပဲ။ တကယ်တော့ အန္ဓပုထုဇ္ဇဉ်ဆိုတာ အမှောင်တိုက်ထဲ ရောက်နေတာပါပဲ။ အလင်းရောင်ပြမှ မြင်ရမှာ။ ဒါလည်း ကြည့်တတ်ပါမှနော။ သတိမမူ ဂရုမပြုတဲ့။ သတိမထားရ မြွေကိုတောင် နင်းမိမှာ။

မြင်တယ်ဆိုတာ စိတ်ပဲ။

စိတ်ကို မနိုင်ရင် မမြင်သေးဘူး။ စိတ်ကို မနိုင်တာဟာ အလင်းရောင်နဲ့ မတွေ့သေးတာ။ တွေ့အောင်မှ မရှာ[illegible] တာ။ ဘယ်တွေ့မလဲ။

တွေ့အောင်ရှာ တွေ့မှာပဲ။ အလင်းဓာတ်ကို တွေ့ ရင် အကုန်မြင်ပြီ။ ဘာမှ ဖုံးကွယ်မထားနိုင်ဘူး။

အလင်းဓာတ်တွေ့ရင် အာနိသင်ကြောင့် ဖုံးကွယ်ထား တာတွေ အကုန်မြင်ပြီ။ မြင်သမျှထဲမှာ "ငါ"လို့ ခွဲယူချင်စ[illegible] ကောင်းတဲ့အရာ တစ်ခုမှမပါဘူး။ အကျိုး၊ အပုပ်၊ အစု[illegible] အပြတ်ချည်းပဲ။

ဒီလိုသာ မျက်ဝါးထင်ထင်မြင်ပြီးရင် တစ်လောက လုံးမှာ ချမ်းသာပါတယ်ဆိုတဲ့ ချမ်းသာဟူသမျှတို့ထက် အပေါ်စီးက နေပြီး ချမ်းသာတဲ့ နိဗ္ဗာနဓာတ်ဆိုတဲ့ ဓာတ်[illegible] ဓာတ်မြတ်ကို တွေ့ကြမှာပါ။

ဒီ ချမ်းသာဟာ ဘယ်ချမ်းသာမှုနဲ့မှ မတူလို့ "ပရ[illegible]" လို့ ဘုရားဟောတော်မူခဲ့တယ်။

နိဗ္ဗာန ဓာတ်ထူးဓာတ်မြတ်ရရှိအောင် ကျင့်ယူရတယ်။ နိဗ္ဗာန်ဆိုတာ စိတ်ကူးယဉ်သံဘောတရားမဟုတ်ဘူး။ တ[illegible] လို လောကီအာရုံတွေနဲ့မှ နှိုင်းယှဉ်ဖော်ပြလို့ကို မရ[illegible] အဆုံးစွန်သော ငြိမ်းငြိမ်းစုံမှုဖြစ်တယ်။ ပွားများ အားထု[illegible] ကြည့်မှ သိနိုင်တယ်။ ပွားများအားထုတ်မှု မရှိဘဲ ဘ[illegible] ဘာသာစကားနဲ့မှ နိဗ္ဗာန် (ဝါ) နိဗ္ဗာန်ဓာတ်ရဲ့ အဓိပ္ပာ[illegible] အမှန်ကို အပြည့်အစုံဖော်ပြနိုင်မှာ မဟုတ်ဘူး။

ကံကောင်းလို့ ဗုဒ္ဓဘာသာနဲ့ တွေ့တယ် မှတ်[illegible] ဗုဒ္ဓက ကဏ္ဍအလိုက် တရားတော်တွေကို အပြည့်အ[illegible] ဟောတော်မူပြီးသား။ မသိသေးသူ၊ မသိနိုင်သူ၊ သိခွင့်မ[illegible] တွေ အတော့်ကို ကသိလ်ကံ ညံ့ကြလို့ပဲ။ ဒါကြောင့် ကြ[illegible] စားကြပါ ■

* * *

ဓမ္မာရာဆရာတော်[illegible]

www.burmeseclassic.com

www.burmeseclassic.com



မဟာသဒ္ဓမ္မဇောတိကဓဇ

# တက္ကသိုလ်သျှင်သီရိ

(ဓမ္မာစရိယ၊ ဘီအေ)

## အံ့ဖွယ်တန်ခိုးရှင်တို့၏စွမ်းအား

ရွှေလ (အံ့ဖွယ် သက်စွန့်လှူဒါန်းသူ...) မှ

တုလပဏ္ဍိတသည် မိမိပိုင်ဆိုင်သော ရွှေတို့ဖြင့်လည်းကောင်း၊ နောက်ဆုံးကျန်သော သာမဏေကို မိမိ၏ အသက်ဖြင့် လည်းကောင်း အံ့ဖွယ်ထူးဆန်း လှူဒါန်းပေးပြီးသောအခါ သူသတ်သမားတို့သည် တုလပဏ္ဍိတထံသို့ လာရောက်ကြပြီး ကြိုးဖြင့် ချည်နှောင်တုပ်ကာ သုသာန်သို့ ထုတ်ယူသွားကြသည်။

ထိုသတင်းသည်လည်း တစ်မြို့လုံး ပျံ့နှံ့သွားပြီး အုန်းအုန်းကျွက်ကျွက်ဖြစ်ကာ တစ်မြို့လုံးသည်လည်း တုန်လှုပ်ချောက်ချားသွားလေသည်။ တုလပဏ္ဍိတကို သုသာန်သို့ ခေါ်ထုတ်သော သတင်းကို ကြားရသော တုလပဏ္ဍိတ၏ မိခင်သည် လက်နှစ်ဖက်ဖြင့် ရင်ကို ပုတ်ခတ်

www.burmeseclassic.com

www.burmeseclassic.com

လျက် ဖရိုဖရဲသော ဆံပင်တို့ဖြင့် ငိုကြွေး မြည်တမ်းကာ သားနောက်သို့ လိုက်လေသည်။

ကြိုးဖြင့် တုပ်နှောင်ထားသော သားကို တွေ့မြင်ရသောအခါ…

"သား…မေမေ့ထံ ပြန်လာပါ။ သားကို မြင်ရသည်မှာ စိတ်မချမ်းသာစရာချည်းပါလား။ မိခင်မှာ အရွယ်ကကြီး၊ အားက နည်းပြီး မှီခိုတွယ်တာစရာ မရှိပါ။ ယနေ့နက်ဖြန် သေမည်လည်း မသိပါ။ သားကို ချမ်းသာသမျှ ပေးခဲ့ပါသည်"

ဟု ငိုကြွေးမြည်တမ်း ပြောကြားနေသည်၊ တုလပဏ္ဍိတသည် မိခင်၏ စကားမဆုံးခင်ပင်…

"မိခင်…မငိုကြွေးပါလင့်။ ကျွန်ုပ်သည် သဗ္ဗညုတဉာဏ်အတွက် အသက်ကို စွန့်ပါသည်။ သို့အတွက် မိခင်ပြန်ပါလော့"

ဟု ပြောသည်။

တုလပဏ္ဍိတ သုသာန်သို့ ရောက်သောအခါ အသင့်ရှိသော တံကျင်တိုင်သို့ သွား၍ တံကျင်ကို ကိုင်ကာ…

"အို…သစ်သား၊ သင်ကား အလွန် ဘုန်းကံနည်းလှသည်။ လူတို့သည် အခြားသစ်ပင်၊ သစ်သားတို့ကို ယူ၍ ဘုရား အစရှိသည်တို့ကို လှူရန် ကျောင်း စသည်တို့ကို ပြုလုပ်ကြကုန်သည်။ သင်ကား ဤ မစင်ကြယ်သော လူသတ်ရာ၌ တည်ရပေ၏"

ဟု ပြောဆိုလေသည်။

ထိုနေ့၌ပင် တုလပဏ္ဍိတ၏ ဖခင် သုဇာတ ပုဏ္ဏားသည် လှေအပြည့် ရွှေတို့ဖြင့် ပါဋလိပုတ်ပြည်မှတစ်ဆင့် စိန္ဓမြို့သို့ ရောက်ရှိလာသည်။ လူအပေါင်းသည် သုဇာတ ပုဏ္ဏားကို မြင်သောအခါ တုလပဏ္ဍိတအခြေအနေတို့ကို ပြောပြကြသည်။

ဖခင် သုဇာတ ပုဏ္ဏားကြီးသည် သား၏ သတင်းစုံကို ကြားရသောအခါ ကြီးစွာသော တုန်လှုပ်ချောက်ချားမှုဖြင့် သုသာန်သို့ အလျင်အမြန်လိုက်လေသည်။ သား၏ အခြေအနေကို တွေ့မြင်ရသောအခါ အလွန်ပင် ဝမ်းနည်းကြေကွဲတုန်လှုပ်စွာ ခံစားရပြီး သူသတ်တို့ထံ လျင်မြန်စွာ သွား၍…

"အသင်တို့…ငါ့သားကို မပျက်စီးစေပါလင့်။ ငါ၏ သားကို ယခုပင် ငါ ကယ်ယူပါမည်"

ဟု ပြောဆိုတားမြစ်ပြီးနောက် မင်းကြီးထံသို့ အလျင်အမြန်ပင် သွားရောက်တွေ့ပြီး မင်းကြီးကို ရှိခိုးကာ…

"အရှင်မင်းကြီး…ကျွန်ုပ်ကို သနားသောအားဖြင့် ကျွန်ုပ်၏ ချစ်စွာသော သားကို မပျက်စီးပါစေလင့်။ ကျွန်ုပ်သည် သားကို ဝယ်ယူပါမည်"

ဟု အသနားခံ လျှောက်ထား တောင်းပန်သည်။

"ပုဏ္ဏား…သင်၏ သားကို လွှတ်စေလိုက သင့်သား၏ အလေးချိန်ပမာဏညီသော ရွှေကို ပေးလော့"

"အရှင်မင်းကြီး…ကောင်းပါပြီ၊ ပေးပါမည်"

သုဇာတ ပုဏ္ဏားကြီးသည် မင်းထံမှ စကားကို ကြားရသောအခါ လှေမှ ရွှေတို့ကို ယူစေပြီးလျှင် သားကို ရွှေနှင့်အမျှ ချိန်တွယ်ကာ မင်းကို ပေးသည်။ ထို့နောက် သားကို အိမ်သို့ ပြန်ခေါ်ခဲ့လေသည်။

◈◈◈

သံဃာတို့အကြီးအကဲ နာဂဒီပ မထေရ်ကြီးသည် ရဟန်းတို့ကို ခေါ်ယူကာ…

"ငါ့ရှင်တို့ ငါတို့သည် အမျိုးကောင်းသားကို အမှီပြု အသက်ချမ်းသာရာကို ရခဲ့ကြသည်။ ငါ တိုက်တွန်းပါ၏ မမေ့မလျော့သော ဝီရိယဖြင့် တရားကို ကြိုးစားအားထုတ်ကြကုန်လော့"

ဟု အဆုံးအမ ဩဝါဒကို ပေးလေသည်။

ထို့နောက် ၃၂ပါးသော ရဟန်းတို့သည် အသက် ၂၀ပြည့်လာသော ရှင်သာမဏေကို ရဟန်းပြုပေးကြပြီးနောက် သစ်ပင်တစ်ပင်လျှင် တစ်ပါးစီထိုင်လျက် ကမ္မဋ္ဌာန်း တရားကို ကြိုးစားအားထုတ်ကြရာ မကြာခင် အားလုံး အာသဝေါကင်းသော ရဟန္တာဖြစ်ကြလေသည်။

ရဟန္တာမထေရ်တို့သည် သမာပတ်ကို ဝင်စားပြီးလျှင် သမာပတ်မှ ထကာ ကောင်းကင်ဈာန်ဖြင့် ဆွမ်းခံဝင်ရန် စီစဉ်နေစဉ် တစ်ခုသောအရပ်၌ စုရုံးနေကြကာ တချို့သော ရဟန္တာကား ကောင်းကင်၌ စင်္ကြံသွားနေကြသည်၊ တချို့သော ရဟန္တာကား ကောင်းကင်၌ ရပ်နေကြသည်၊ တချို့သော ရဟန္တာကား နေ၏ အနီးသို့ သွားနေကြသည်၊ တချို့သော ရဟန္တာကား တောင်ထိပ်၌ ရပ်နေကြသည်၊ ရဟန္တာတို့သည် အံ့ထူးထူးသောဈာန်တို့ဖြင့် ထွက်ချီခွာချီ ပြုလုပ်နေကြသည်။

ထိုအခါ ပြည်သူများတို့သည် ကောင်းကင်သို့ မော့ ကြည့်ကြကာ တအံ့တဩ တုန်လှုပ်ကြလျက် မမြင်စဖူး ထူးကဲသော ရဟန္တာတို့၏ တန်ခိုးကို ကြည့်ကာ အံ့ဩ ကျွက်ကျွက်ဖြစ်နေကြရသည်။

ထိုအခါ စိန္ဓမင်းကြီးသည်လည်း ထိုပြည်သူတို့

www.burmeseclassic.com

www.burmeseclassic.com

...အနံ့အနံ့ကျွက်ကျွက်အသံကြောင့် စုံစမ်းသော် မိမိ၏ မြို့...တွင် ထူးဆန်းသော ရဟန္တာတို့ ကောင်းကင်၌ ရှာနက်စား...နေသည်ကို တွေ့မြင်ပြီးလျှင် အလွန်ထိတ်လန့် ကြောက်ရွံ့...လေသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထမိလေ...သည်။

သို့အတွက် အမတ်တို့ကို ခေါ်ယူ တိုင်ပင်သည်။

"အမတ်တို့…ဤနိုးသူတို့သည် ကောင်းကင်မှ လာ၍ ...တို့ကို သတ်လိမ့်မည်လား မသိ။ ငါတို့ အဘယ်သို့ ပြုလုပ်...ကြရမည်နည်း"

"မြတ်သော မင်းကြီး… ကျွန်ုပ်တို့လည်း မသိနိုင်ကြ...။ ဤပုဂ္ဂိုလ်များနှင့် ဆက်စပ်သော တုလပဏ္ဍိတကို ခေါ်ယူ...သင့်ပါသည်"

"ဤသို့ဆိုလျှင် တုလပဏ္ဍိတကို အမြန်ခေါ်ကြပါ"

အမတ်တို့သည် တုလပဏ္ဍိတကို မင်းအမိန့်ဖြင့် ခေါ်...ယူကြသည်။ တုလပဏ္ဍိတသည် မင်း၏ အမိန့်ဖြင့် မင်းထံ ...ရောက်သောအခါ ရိုသေစွာ ရှိခိုး၍ သင့်ရာနေရာ၌ ထိုင်ကာ ...နေသည်။

"ပညာရှိ…သင်၏ နိုးသူတို့သည် ငါတို့ကို သတ်ဖြတ်...ရန် ကောင်းကင်ခရီးဖြင့် လာနေကြပြီ၊ ငါတို့ကို သင် ကယ်မ...စောင့်ရှောက်ပါလော့"

ဟု မင်းကြီးက တောင်းပန်စကား ပြောဆိုသည်။

မင်းကြီး၏ စကားကို ကြားရသောအခါ တုလပဏ္ဍိတ...သည် မျက်နှာကြည်လင်၍ ဝမ်းမြောက်သွားမိသည်။ ဝမ်းသာ...သော ပီတိအဟုန် တသုန်သုန်တိုက်ခတ် ခံစားမိသွားပြီး -

"မြတ်သော မင်းကြီး… ဤကိစ္စအတွက် မည်သို့မျှ ...မစိုးရိမ်ပါလင့်။ ကျွန်ုပ်၏ အရှင် ရဟန္တာများသည် သင်တို့...အား ဆင်းရဲပေးရန် မဟုတ်ပါ။ သူတို့၏ ကြီးမြတ်သော ...ဂုဏ်ကို ပြသရန် ဤအရပ်သို့ ကြွလာခြင်းဖြစ်ပါသည်"

ဟု လျှောက်ထားပြီးလျှင် မင်းရင်ပြင်၌ နေရာထိုင်ခင်း...တို့ကို ပြင်ဆင်ပြုလုပ်ပေးရန် လျှောက်ထားသည်။ မင်းကြီး...သည်း တုလပဏ္ဍိတ အကြံပြုသည့်အတိုင်း ပြုလုပ်...ဆောင်ရွက်လေသည်။

နေရာထိုင်ခင်း ပြင်ဆင် ခင်းကျင်းပြီးသောအခါ တုလ...ပဏ္ဍိတသည် ကောင်းကင်သို့ မော်ကြည့်လျက် လက်အုပ်...ချီကာ ရှိခိုးပြီးလျှင်…

"ဘုရားရှင်၏ တပည့်သာဝကဖြစ်သော အရှင်မြတ်တို့...သည် ဤအရပ်သို့ သက်ဆင်းကြွတော်မူပါ ဘုရား"

ဟု လျှောက်ထားလိုက်လေသည်။

ရဟန္တာမထေရ်တို့သည် တုလပဏ္ဍိတ၏ ပင့်လျှောက်သံကို ကြားသိကြ၍ ကောင်းကင်မှ သက်ဆင်းကာ နန်းရင်ပြင် ခင်းထားသောနေရာသို့ စုဝေးရောက်ရှိကာ သီတင်းသုံးနေထိုင်ကြလေသည်။

ထိုအခါ မင်းကြီးနှင့်တကွ မင်းပရိသတ်တို့သည် တုလပဏ္ဍိတနှင့်အတူ ရဟန္တာတို့ကို ရှိခိုး ပူဇော်ကြသည်။

မင်းနှင့်တကွ၊ မင်းပရိသတ်တို့၏ ရှေ့တွင် သံဃမထေရ်ကြီး အရှင်နာဂဒီပ က မင်းကြီးအား …

"မင်းကြီး…ပုဂ္ဂိုလ်တစ်ယောက်သည် အမူမဲ့ အမှတ်မဲ့ အကြင် မကောင်းမှုကို ပြုမိ၏။ ထို မကောင်းမှုကံသည် အကျိုးမရှိဘဲ အခါခပ်သိမ်း ဆင်းရဲကို ရောက်စေတတ်ပါသည်။

မင်းကြီး… ပုဂ္ဂိုလ်တစ်ယောက်သည် စိတ်စေတနာနှင့်တကွ ဆင်ခြင်၍ အကြင် မကောင်းမှုကို ပြု၏။ ထို မကောင်းမှုသည်လည်း အကျိုးမရှိဘဲ မကောင်းဘုံသို့ ရောက်ရ၏။

မင်းကြီး…အကြင်သူသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်၏။ ထိုသူသည် အပါယ်လေးပါးသို့ မကျရောက်ပါ။ ထိုသူသည် နတ်ပြည်သို့သာ အမြဲသွားရပါသည်။

မင်းကြီး…လောက၌ မြတ်စွာဘုရားဟူသည် မင်္ဂလာ တစ်ပါးဖြစ်၏။ လောကသုံးပါး၌ အမြတ်ဆုံးဖြစ်၏။ မြတ်စွာဘုရား၌ ဆည်းကပ်ခြင်းကို အစွဲပြု၍ ဆင်းရဲအပေါင်းမှ လွတ်ကင်းနိုင်၏။

မင်းကြီး… လောက၌ တရားတော်သည် မင်္ဂလာ တစ်ပါးဖြစ်သည်။ နက်နဲ၏။ လူသားတို့ သိမြင်နိုင်ခဲ၏။ တရားတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းကို အစွဲပြု၍ ဆင်းရဲအပေါင်းမှ ကင်းလွတ်နိုင်၏။

မင်းကြီး… လောက၌ သံဃာတော်သည် မင်္ဂလာ တစ်ပါးဖြစ်ပါသည်။ မြတ်သော သံဃာတော်ကို ဆည်းကပ် ကိုးကွယ်ခြင်းကို အစွဲပြု၍ ဆင်းရဲအပေါင်းမှ ကင်းလွတ်နိုင်၏။

မင်းကြီး…လယ်ယာတို့၌ ကောင်းစွာ စိုက်ပျိုးအပ်သော မျိုးစေ့ကောင်းတို့သည် လူတို့အတွက် ကောင်းစွာ စားသုံးရန် အသီး စသည်တို့ကို ပေးသကဲ့သို့၊ ဘုရားရှင် သာသနာတော်၌ ပြုအပ်သော ကောင်းမှုတို့သည် လောက၌ သတ္တဝါတို့၏ လိုအင်ဆန္ဒအတိုင်း ချမ်းသာမှုကို အမြဲပေးနိုင်၏။ ထို့ကြောင့် ပညာရှိသောသူသည် ဤလူ့ဘ...



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုမျိုးကို ပြု၍ စည်းစိမ်ချမ်းသာတို့ကို ခံစားပြီးလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်နိုင်သည်"

ဟု တရားတော်ကို ဟောကြားပြသပေးတော်မူသည်။

မင်းကြီးသည် မထေရ်မြတ်၏ တရားကို နာကြားပြီးနောက် ကြည်ညို မြတ်နိုးသောစိတ် တဖွားဖွားဖြစ်ပေါ် ခံစားမိလေသည်။

"ဤမြို့၌ နေကြကုန်သော လူအပေါင်းတို့သည် မိမိတို့၏ အသက်ကို စောင့်ရှောက်ကုန်လျက် ရတနာသုံးပါး၌ ကြည်ညိုကြစေကုန်။ ထိုလူအပေါင်းတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်လျက် မိမိတတ်စွမ်းသမျှ အလှူကို ပြုကြစေကုန်"

ဟူ၍ မင်းကြီးက တစ်မြို့လုံးကို စည်လှည့်လည်စေသည်။

ပုရောဟိတ် ပုဏ္ဏားသည် ကြောက်ရွံ့ ထိတ်လန့်ပြီး ထွက်ပြေးရာ လမ်းခရီး၌ပင် မြေမျို၍ အဝီစိငရဲသို့ ကျရောက်ရလေသည်။

မင်းကြီးသည် တုလပဏ္ဍိတကို စစ်သူကြီးအရာ၌ ခန့်ထားပေးပြီးနောက်တွင် ရဟန္တာတို့ သီတင်းသုံး နေထိုင်ရန် မိမိ၏ မြို့တံခါးအနီး၌ စိန္တာရာမ ကျောင်းတိုက်ကို ဆောက်လုပ်ကာ နာဂဒီပ မထေရ်အား ပေးလှူသည်၊ ရဟန္တာတို့အားလည်း ပစ္စည်းလေးပါးဖြင့် မပြတ်ပူဇော် လှူဒါန်းလေသည်။

တုလပဏ္ဍိတ စစ်သူကြီးသည်လည်း ရဟန္တာများကို အလှူကြီး ပေးလှူသည်။ မြို့သူ မြို့သားတို့သည်လည်း ရဟန္တာများအား မပြတ်ပေးလှူကြလျက် အသက်ထက်ဆုံး နေကြရပြီး၊ နောက်ဘဝတွင် နတ်ပြည်၌ နတ်စည်းစိမ်တို့ကို ခံစားကြရတော့သည်။■

* * *

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီ-အေ)

ကျမ်းကိုး

- အာဒိတ္တဝဂ္ဂ၊ တုလပဏ္ဍိတ ဇာတက။


ဗေဒ  သိဒ္ဓိ  ဣဋ္ဌိတံ

ခုနှစ်ရက်သားသမီးများအားလုံးအတွက်

ဆရာအောင်ကျော်ဇော

(မြန်မာ့ရိုးရာ ဗေဒင်ပညာနှင့် ဓာတ်ရိုက်ဓာတ်ဆင် စိတ်မနှောပညာရှင်)

▶ သင့်စီးပွားရေးနှင့် အလုပ်အကိုင် ▶ အိမ်ထောင်ရေးနှင့်အချစ်ရေး

▶ ငွေရေးကြေးရေးကံကြမ္မာ

▶ ဘဝကံအနိမ့်အမြင့် အတက်အကျကို ဇာတာအရ ဆန်းစစ်အကြံပေးသည်။

လိုအပ်သော အစီအမံယတြာပြုပေးသည်။

ကလေးနာမည်ပေး၊ ဟောစာတမ်း၊ အိမ်အရောက်ပို့ပေးသည်။

ဆက်သွယ်ရန်

ဖုန်း - ၀၉ ၂၅၄၁၀၃၄၆၅




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လောကဝ္ဂ လူတို့သည် တဒင်္ဂကြုံတွေ့ရသော မိမိတို့၏ အခက်အခဲများမှ လွတ်မြောက်လိုသော ဆန္ဒရှိကြသည်။ ထိုသို့ ရလို၊ ဖြစ်လိုသော လျှို့ဝှက်ဆန္ဒ ဆုတောင်းများကို တောင့်တလေ့ရှိကြ၏။ လောက ဝေါဟာရအားဖြင့် အမိဋ္ဌာန်ဟု မှားယွင်းစွာ နားလည်နေကြ၏။ ဆုပန်ကြပုံမှာ…

"ကျွန်ုပ် မည်သို့ ဖြစ်ချင်၊ ရချင်ပါတယ်။ ဖြစ်ရင်၊ ရရင် မည်သို့ ပ,သပါမည်။ အရှင်ကြီး မ,စပါ။ စာမေးပွဲအောင်မှာဖြင့် ဒီကျောက်တုံးကြီး ပေါ့ပါစေ"

ဟူ၍ စသည်ဖြင့် အတွင်းကျိတ် လျှို့ဝှက်ပြီး ဆုတောင်းတတ်ကြသည်။ အမျိုးမျိုးသော ထပ်မံ ကတိပြုချက်များကိုပါ ပေးတတ်ကြသေး၏။

ဘုရားပွင့်တော်မူခါနီးကာလက သုဇာတာ သူဌေးသမီးသည် ညောင်ပင်စောင့်နတ်အား သားဆုပန်ရာ "ယသ"ဟူသော သတို့သားကို ဖွားမြင်၏။ ဆုတောင်းတိုင်း ပြည့်သဖြင့် မိမိထားခဲ့သော ကတိအတိုင်း အနှစ် ၂၀လုံးလုံး အဆိုပါ ညောင်ပင်စောင့်နတ်ကြီးအား ကဆုန်လပြည့်နေ့တိုင်း သွား၍ ပ,သခဲ့သည်။

ထိုသို့ ဆုတောင်း ဆုပန်ခြင်းမျိုးသည် ရှေးအခါကလည်း ရှိခဲ့ဖူး၏။ ယခုအခါတွင်လည်း ရှိနေကြသည်ပင်။

ကံ-ကံ၏အကျိုးကို ယုံကြည်မှုနည်းသူ၊ အသိဉာဏ် ခေါင်းပါးသူတို့၏ အလေ့အထပင်ဖြစ်၏။ လူသားတို့ကမ္ဘာ၌ လူသားတို့ အသိမပြည့်စုံမီ၊ နတ်ကိုးကွယ်စဉ် ခေတ်က အမူအကျင့်များဖြစ်၏။ ထို လျှို့ဝှက် ဆုတောင်းသည် ရံခါ အပြစ်ကြီးသော ဆုတောင်းခြင်းသာဖြစ်ပုံကို ဟတ္ထိပါလဇာတ်၌ ဘုရားရှင် ဟောကြားတော်မူခဲ့လေသည်။

ဗာရာဏသီပြည်၌ မင်းနှင့် ပုရောဟိတ် ပုဏ္ဏားကြီးတို့သည် သားသမီးမထွန်းကား၍ အမွေဆက်ခံမည့်သူ မရှိသဖြင့် စိုးရိမ်ကြောင့်ကြနေခိုက် ဆုပေးနိုင်သည်ဆိုသော ညောင်ပင်စောင့် နတ်ကြီးနှင့် ပုရောဟိတ်တို့ တွေ့ဆုံကြပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှ၏။

ပုရောဟိတ်ကြီးသည် ကိစ္စတစ်ခုဖြင့် ဘောဂရွာသို့ သွားပြီး ပြန်လာရာတွင် မြို့အဝင်၌ အလွန်ဆင်းရဲသော သား ၉ယောက်မိခင် အမျိုးသမီးတစ်ယောက်ကို တွေ့၏။ သားအကြီးက အိုးခွက်အဝတ်အစားထမ်း၏။ မိခင်၏ ခါး၌ တစ်ယောက်ပွေ့ချီလျက် တစ်ယောက်နိမ့်၊ မြင့်၊ ကြီး၊ ငယ် အံ့ဖွယ်ရာ တွေ့မြင်ရ၏။ သို့သော် ကလေးတို့ဖခင်ကိုတော့ မတွေ့ရသဖြင့် ပုရောဟိတ်ကြီးက မေးမြန်းလေသည်။

"ဟေ့ - သူဆင်းရဲမ၊ သင့်ယောကျ်ား ဘယ်သွားနေလဲ"

"အရှင်ပုဏ္ဏားကြီး … ကလေးများရဲ့ ဖခင်ကတော့ အမြဲရယ် မရှိပါဘူး။ ဒီမြို့အဝင် ညောင်ပင်ကြီးမှာ သွားပြီး ဆုတောင်းတိုင်း ပေးလို့ ရတဲ့ ကလေးတွေချည်းပါပဲ"

ဟု ပြောပြလေ၏။ ထိုအခါ ပုရောဟိတ် ပုဏ္ဏားက ညောင်ပင်ကြီးဆီသို့ သွားကာ…

"အို … ညောင်ပင်စောင့် နတ်မင်း၊ ကျွန်ုပ်တို့ရဲ့ ပီသုကာရီ ဘုရင်ကြီးဟာ နှစ်စဉ် တစ်ထောင်အကုန်အကျခံ၍ နတ် ပ,သခဲ့တယ်။ သင် မရဘူးလား။ ဘုရင်ကြီးကိုတော့ သားဆုမပေးဘဲ၊ အဘယ်ကြောင့် သူဆင်းရဲမကို ဘာကျေးဇူးရှိလို့ သားဆုပေးရသလဲ။ ဒီနေ့က စပြီး ခုနစ်ရက်အတွင်း ဘုရင်ကြီးကို သားဆုပေးရင် ပေး၊ မပေးရင် သင့်ဗိမာန်အား တစ်ခုမကျန် ရိုက်ချိုးပစ်မယ်"

ဟု ပုရောဟိတ်က ကြိမ်းမောင်းလေ၏။

ထို့နောက်…

"နက်ဖြန် ခုနစ်ရက်ပြည့်တော့မယ်"

ဟု ဆိုကာ လာရောက် သတိပေး ကြိမ်းမောင်းပြန်၏။

ညောင်ပင်စောင့်နတ်သည် မိမိ မ,စ၍ ရခြင်းမဟုတ်သဖြင့် သားရအောင် မဖန်တီးနိုင်သည့်အတွက် စိတ်ညစ်နေရ၏။ ထို့ပြင် ဗိမာန်ကိုလည်း ဖျက်ဆီးခံရတော့မည်ဖြစ်၍ စိုးရိမ်တကြီး နတ်မင်းကြီး လေးပါးထံ သွားရောက်အကူအညီ တောင်းရလေ၏။ နတ်မင်းကြီးများလည်း မတတ်နိုင်ကြ။ ထို့နောက် နတ်စစ်သူကြီး ၂၈ နှင့် သိကြားမင်းထံသို့ သွားရောက်၍ အသနားခံ၏။

သူတို့လည်း ရှင်ဘုရင်ကြီးအား သားသမီးရစေရန် မတတ်နိုင်ကြချေ။

ထိုသို့ အသိဉာဏ်နည်းသော လူတို့သည် ထင်ရာမြင်ရာ အတွင်းကျိတ် ဆုတောင်း၍ အကြောင်းအကျိုး ဟုတ်သည်၊ မဟုတ်သည် မစဉ်းစားဘဲ မှားမှားယွင်းယွင်း ပြင်းပြသော အယူစွဲများ ဝင်ကုန်ကြသည်။ ထို့ကြောင့် ဘုရားရှင်သည် နေရာများစွာ၌ အပြစ်မကင်းသော ဆုတောင်းများကို ဟန့်တားတော် မူခဲ့ရလေသည်။

အဆိုပါ နတ်ကို ဖြစ်စေ၊ တစ်စုံတစ်ယောက်သော လောကီတန်ခိုးရှင်ကို ဖြစ်စေ၊ တိုင်တည်၍ ဆုတောင်း ဆုပန်ခြင်းသည် မထောင်းသာလှချေ။ သို့သော် မှားယွင်းသော အယူအစွဲသည် ဘုရားပွင့်တော်မူလာသော သာသနာတော်သို့ပင် ရိုက်ခတ် စီးဝင်လာခဲ့သဖြင့် အကြီးကြိမ်ဖယ်ထုတ် ရှင်းလင်းတော်မူခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

### ဘုရားပေးသော သားလိုချင်သူ

မြတ်စွာဘုရားရှင်လက်ထက်တော်က ဗောဓိမင်းသား ဟူ၍ ရှိခဲ့ဖူး၏။ သူသည် ဂိုဏ်းဘာသာဝင်တစ်ဦးဖြစ်သည်။ အခုဝါဒသို့ သက်ဝင်လာသည်မှာ မကြာသေးပေ။ မြတ်စွာဘုရားကိုလည်း ကြည်ညိုခါစ ရှိသေးသည်။ အရာရာကို ကြိုးစားတိုးတက်အောင် မ,စနိုင်မည့် ပုဂ္ဂိုလ်ထူးကြီးဟုလည်း ယူဆနေပုံရသည်။

သူတို့ ဇနီးမောင်နှံ၌လည်း သဘောတူထားသော ဆန္ဒတစ်ခုရှိနေကြစဉ် ကောကနဒ (ခေါ်) ကြာနန်းပြာသာဒ်ကို ဆောက်လုပ်ပြီး၏၊ နန်းသစ်တက်ပွဲ ဆွမ်းကျွေးရန် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ကြ၏။

ကောင်းမွန်စွာ ချက်ပြုတ် စီမံ၍ ကြာနန်းပြာသာဒ်ကို ...ည်း လှေကားရင်းထိအောင် ဖိတ်ဖိတ်တောက် ဝတ်ဖြူစင်ကြယ်များ ခင်းထား၏။ ဗောဓိမင်းသားသည် ဘုရားရှင်ကို ကိုယ်တိုင် ကြိုဆို၍ လာရာ၊ လှေကားရင်းသို့ရောက်လျှင် ဘုရားရှင်သည် အဝတ်ဖြူအခင်းကို မနင်းဘဲ လှေကားခံ၌ ရပ်တန့်နေတော်မူ၏။

"မြတ်စွာဘုရား··· တပည့်တော်ကို ချီးမြှောက်သနားသောအားဖြင့် အဝတ်ဖြူအခင်းပေါ် နင်းကြွတော်မူပါ"

ဟု လျှောက်ထား၏။

ဘုရားရှင်ကား ရပ်မြဲ ရပ်တော်မူကာ နောက်တော်က လိုက်ပါလာသည့် အရှင်အာနန္ဒာအား လှည့်၍ ကြည့်တော်မူလိုက်သည်။ ဘုရား၏ အလိုတော်ကို သိသော အရှင်အာနန္ဒာက ဗောဓိမင်းသားအား မိန့်တော်မူသည်။

"မင်းသား ··· မြတ်စွာဘုရားဟာ နောင်လာ နောက်သားတို့ရဲ့ အကျိုးကို သနားငဲ့မျှော်တော်မူလေ့ ရှိတယ်။ အခင်းတွေကို ရုပ်သိမ်းလိုက်ပါ"

ဟု မိန့်တော်မူ၏။

ဤ၌ ဗောဓိမင်းသားတွင် လျှို့ဝှက် အတွင်းကျိတ် ဆုတောင်းတစ်ခုရှိ၍ ယခုကဲ့သို့ တခမ်းတနားလုပ်ထားသည်ကို မြတ်စွာဘုရား သိတော်မူ၏။ ထိုဆုတောင်းကား···

"ငါတို့အား သားယောက်ျားရမည်ဆိုပါက ဒီအခင်းများကို မြတ်စွာဘုရား နင်းကြွတော်မူပါစေ၊ မရနိုင်ပါမူ မနင်းကြွပါစေသား"

ဟူ၍ ဖြစ်၏။

### ပေါရိသာဒလို မလုပ်နဲ့

ပေါရိသာဒသည် တောကြီးအတွင်း ညောင်ပင်ကြီးတစ်ပင်၏ အခေါင်းပါးပျဉ်အကြားတွင် ပုန်းအောင်းကာ လူများကို လိုက်လံ သတ်စားနေ၏။ တစ်နေ့တွင် ခြေထောက်ကို ဆူးငုတ်ရှရာ ခြေဖမိုးထိ ဖောက်ထွက်သွား၏။ ထိုကြောင့် အစာရှာမထွက်နိုင်ဖြစ်နေသည်။ ခုနစ်ရက်လုံးလုံး ညောင်ပင်ခေါင်းထဲ၌ နေရ၏။

ထိုသို့ ဒုက္ခရောက်နေစဉ် ညောင်ပင်စောင့်နတ်အား အားကိုးစိတ်ဝင်လာသည်။

"အရှင်နတ်မင်းကြီး··· ခုနစ်ရက်အတွင်း ကျွန်ုပ်၏ အနာ ပျောက်ကင်းအောင် မ,စပါ၊ ပျောက်ကင်းပါက သင်၏ ညောင်ပင်ကို ဇမ္ဗူဒီပါအတွင်းရှိ တစ်ရာ့တစ်ပါးသော မင်းတို့ရဲ့ လည်ချောင်းသွေးဖြင့် ဆေး၍၊ အူဖြင့် ရစ်ပတ်ဖွား၊ အသားဖြင့် ပ,သ၍ ပူဇော်ပါမယ်"

ဟု ဆုတောင်းလျက် ကတိပြုလိုက်သည်။

ပေါရိသာဒသည် ခုနစ်ရက်လုံးလုံး အစာမစားရသဖြင့် သွေးသားခန်းခြောက်ကာ အနာပျောက်သွားသည်ကို ညောင်ပင်စောင့်နတ်က မိမိဆုတောင်းတိုင်း မ,စသည်ဟု ထင်မှတ်သွား၏။

ထိုအချိန်မှ စ၍ တစ်ရာ့တစ်ပါးသော မင်းများကို တစ်ယောက်ပြီး တစ်ယောက် ဖမ်းဆီးကာ ညောင်ပင်၌ ယဇ်ပူဇော်ရန် စောက်ထိုးမိုးမျှော် ချိတ်ဆွဲထား၏။ ပေါရိသာဒသည် မီးဖို၍ အသားကင်ရန် တံစို့များ လုပ်နေသည်ကို မြင်သော ညောင်ပင်စောင့်နတ်မင်းကြီးသည် မိမိတာဝန်မကင်းဖြစ်ကာ စိုးရိမ်ပူပန်နေရသည်။

"အို···ခက်တာပဲ၊ သူ့အနာပျောက်ကင်းအောင် ငါ ကူညီ မ,စခဲ့ရတာ မဟုတ်ပါဘဲ၊ ကိုယ့်စိတ်နဲ့ကိုယ် အယူမှားပြီး သတ္တဝါတွေ ဒုက္ခရောက်ကုန်ကြတော့မယ်။ ငါလည်း မကယ်ဆယ်နိုင်ပါကလား"

ဟု စဉ်းစား ပူပန်နေ၏။

ထို့နောက် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးနှင့် သိကြားမင်းကြီးတို့ထံ သွား၍ ပေါရိသာဒကို ဟန့်တားပေးပါရန် တောင်းပန်လေသည်။ နတ်မင်းကြီးလေးပါးနှင့် သိကြားမင်းကြီးတို့ကလည်း မည်သို့မျှ မတတ်နိုင်ဘဲ ရှိကြလေသည်။

ထို့ကြောင့် ဘုရားအလောင်း မဟာသုတသောမမင်းတရားဟောပြမှ လွတ်ကင်းချမ်းသာရကြသည်။ ဆုတောင်းဆုပန်၊ ကတိခံ မှားခြင်းနှင့် အယူမှားခြင်းတို့သည် အန္တရာယ်များဖြင့် ရောပြွမ်းနေသည့်အတွက် အဘယ်မျှ ကြောက်လန့်ဖွယ်ရာကောင်းကြောင်း သိသာနိုင်ပါသတည်း။

* * *

ကျော်သန်းစံ

ကျမ်းကိုး
- ရတနာသုံးပါးကျေးဇူး။



www.burmeseclassic.com

www.burmeseclassic.com

# သရေခေတ္တရာခေတ် သမိုင်းဝင် ရွှေပလ္လင်မော်

ဦးကျော် (ပြည်)


အမိဋ္ဌာန်တစ်ခုဖြင့် ပြည်သို့ ရောက်ခဲ့သည်။

ပြည်သို့ ရောက်သည့်အခိုက် နဝင်းရပ်ကွက်နှင့် ရွှေကူ ရပ်ကွက်၊ ကျောင်းအိုးရပ်ကွက်အစပ်ဆုံတွင် တည်ရှိသော သမိုင်းဝင် "ရွှေပလ္လင်မော် ဘုရား"သို့လည်း ရောက်အောင် သွားခဲ့သည်။

ဘုရားတွင် အမိဋ္ဌာန်မဝင်ခင် ဘုရားသမိုင်းကို အရင် ရှာသည်။ ကျွန်ုပ်၏ အမိဋ္ဌာန်၌ သမိုင်းဝင် ဘုရားဖြစ်ရမည် ဟူသော အချက်၊ ပညတ်အဓိပ္ပာယ်ကောင်းရမည်ဟူသော အချက်နှင့် ပြည်(ပြေမြို့) ဖြစ်ရမည်ဟူသော အချက်များ ပါဝင်နေသည်။

ရွှေပလ္လင်မော်သည် အဓိပ္ပာယ်ကောင်းသည်။

ရွှေပလ္လင်+မော်ဟု ကျွန်ုပ်ယူသည်။ ပလ္လင်မှာ ကြီးမြတ် သူတို့ နေရာ၊ ဌာန၊ အထိုင်ဖြစ်သည်။ ရွှေဟူသော ဓာတ် သက်ပါ စီးဝင်သည်။ မော်မှာ ဖန်ဆင်းပြခြင်း၊ ဖြစ်ခြင်း၊ ပြု စားခြင်း၊ အတတ်ပညာ၏ သရုပ်သဘောဖြစ်သည်။ ထို့ ကြောင့် ကောင်းသော ဓာတ်သက်များ စီးဝင်နေလေပြီ။ ဤသည်မှာ လောကီအယူဖြစ်သည်။



လောကသားမှန်သမျှ လောကီနှင့် ကင်း၍ မရ။ လက်ခံသည် ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ၊ ကျင့်သုံးသည်




www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေ၊ မကျင့်သုံးသည် ဖြစ်စေ၊ ဓာတ်သက်စီးဝင်နေမှုသည် စကြဝဠာ၏ နိယာမ ဖြစ်သည်။ စကြဝဠာထဲရှိ သက်ရှိ သက်မဲ့အရာမှန်သမျှ တစ်နည်းမဟုတ် တစ်နည်းဖြင့် ကြိုးချည်ကဲ့သို့ ဆက်စပ်ယှက်နွယ်နေမည်မှာ ဂန္ဓာရီရပ်ဝန်း နယ်ပယ်က လက်ခံ ယုံကြည်ထားသည် မဟုတ်လော။

ရွှေပလ္လင်မော်ဘုရားနှင့် ပြည်(ပြေ)မြို့ဟူသော ဓာတ်သက်နှစ်ခု စီးဝင်မှုအားကို အစွမ်းသတ္တိအဖြစ် ရအောင် ယုံကြည်မှုသဒ္ဓါဖြင့် ယူရမည်ဖြစ်သည်။ နဝင်းရပ်မှာ တည်ရှိနေခြင်းကပင် တစ်မူထူးသည်ဖြစ်ရာ အဓိဋ္ဌာန်ဝင်လျှင် နဝင်းဖြစ်ရမည်။ ပုတီးကိုးပတ်၊ ကိုးကြိမ်၊ ကိုးရက် စသည်ဖြင့် မကုန်နိုင်။ ယုံကြည်နှစ်သက် မြတ်နိုးခြင်းဖြင့် ကျင့်ပွားနိုင်မှ အကျိုးထက်သန်သည် ဖြစ်၏။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာမှုကို ရပြီး ကာယဗလ၊ ဉာဏဗလများဖြင့် ပြည့်စုံစေကာ လောကီပညာ၊ လောကုတ္တရာပညာဉာဏ်များပင် ပွင့်လန်းစေ၍ မဂ်အခြေ ဖိုလ်အခြေသို့ပင် ဆိုက်ကပ်နိုင်ကြောင်း မိန့်ဆိုသည် ဖြစ်သည်။

ကျင့်ပွား အားထုတ်မှု မစခင် ကိုယ်ခန္ဓာသန့်ရှင်းစေရမည်။ ယုံကြည်သဒ္ဓါဖြင့် ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာ ကပ်လှူပေးရမည်။ အနည်းဆုံး ၁၀၈ လုံး ပုတီးဖြင့် ကိုးပတ် စိပ်နိုင်ရမည်။ အထူးအကျိုးကျေးဇူးလိုလားပါက ဓမ္မခန္ဓာ



အနည်းဆုံး ဝင်သင့်သည်။

ကျွန်ုပ်ကတော့ ရန်ကုန်မှ လာရသည်ဖြစ်ရာ ကိုးရက် မဝင်နိုင်။ ကိုးကြိမ်ဝင်သည်။ တစ်ကြိမ်ကို ပုတီးကိုးပတ်ဖြစ်သည်။ ပုတီးစိပ်ကျင့်စဉ်မှာ "သုဂတော"ဖြစ်သည်။ ကျွန်ုပ်ဆရာသခင်ကတော့ "မဟာဇေယျသိဒ္ဓိကာမဒ, ဒမာလိနီ ဂါထာတော်"ဟု မိန့်သည်။

**သုဂတော သုဂတဓာန်၊ သုဂတော သုန္ဒရံပိစ နိဗ္ဗာန် သုဂတော ယာတိ၊ သုဂတော တေနမော နမာ။**

ဤဂါထာ၏ အကျိုးထူး အကျိုးမြတ်များကား ပြော ရှစ်သောင်းလေးထောင် လုံးရေရအောင် စိပ်ရသည်။

ဂါထာတစ်ပိဒ်ဆုံးလျှင် သုဂတော ငါးချက်မိသည်။ ၁၀၈ ခေါက်တွင် သုဂတောဂုဏ်တော် ၅၄၀ ဖြစ်သည်။ ပုတီးပတ်ပေါင်း ၁၅၆ပတ် စိပ်သော် ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်ပြည့်သည်။ ကြိုးစားကြည့်ပါ။ အောင်မြင်မှုများ တစ်သီကြီးရပေလိမ့်မည်။

ရွှေပလ္လင်မော်၏ သမိုင်းကြောင်းကို အကျဉ်းရေးပြောလိုပါသေးသည်။ ကျောက်စာချပ်မှ ဖော်ပြထားသည့်အတိုင်း ရေးပြောပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## သရေခေတ္တရာ သမိုင်းဝင် ရွှေပလ္လင်မော် စေတီတော်မြတ်ကြီး သမိုင်းမော်ကွန်း

သာသနာတော်နှစ် ၁၂၆၊ ဘီစီ ၄၁၈ ခုနှစ်တွင် ဒွတ္တဘောင်မင်းကြီးသည် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ဒုတိယမြောက် ဘုရားဒါယကာအဖြစ် တည်ထားကိုးကွယ်တော်မူပြီးနောက် ဒွတ္တဘောင်မင်းကြီး၏ အလယ်နန်းတော်မိဖုရားကြီး ပန်ထွာမင်းသမီး (သို့မဟုတ်) ဗိဿနိုးမိဖုရားကြီးသည် ဗုဒ္ဓသာသနာဦးက ဆံတော် ၄ဆူ ကိန်းဝပ်အပူဇော်ခံခဲ့သည့် ရွှေရောင်အဆင်းရှိ ကျောက်ပလ္လင်နှစ်ခုနှင့် ဘုရားရှင်၏ ဓာတ်တော် ၁၀၈ ဆူကို ပလ္လင် (၂)ခုပေါ်တွင် (၅၄)ဆူစီ ကိန်းဝပ် ဌာပနာ၍၊ သာသနာတော်နှစ် (၁၂၇)ခု၊ ဘီစီ (၄၁၇)တွင် စေတီတည်ထား ကိုးကွယ်ခဲ့သည်။ ဘွဲ့တော်မှာ ထိုစဉ်က "ရွှေပလ္လင်မော်"သမုတ်ခဲ့သည်။ ကိုလိုနီခေတ်တွင် "ရွှေပလ္လင်မော်"ဟူသောဘွဲ့ တွင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

### နောက်ပိုင်း ပြုပြင်တည်ဆောက်သည့် ဘုရားဒါယကာများ

ပုဂံပြည်ကြီး စတင်တည်ထောင်တော်မူသော သမုဒ္ဒရာဇ်မင်းကြီး၏ သမက်တော် ပြည်ဘုရင် သီဟသူ (သတိုးသီဟ ဓမ္မရာဇာ)သည် ပုဂံသက္ကရာဇ် ၈၁ခုနှစ်တွင် လည်းကောင်း...

ပြည်ဘုရင် မင်းကြီးမျက်နာရှည် (၇၃၉/၇၅၀)သည် လည်းကောင်း၊ ပြည်ဘုရင် ဆင်ဖြူရှင် သတိုးမင်းစော (၈၄၄/၈၈၈)သည် လည်းကောင်း...

ဆင်ဖြူရှင်များရှင် ဘုရင့်နောင် ကျော်ထင်နော်ရထာ၏ ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ (၉၁၃/၉၅၀)သည် လည်းကောင်း...

အင်းဝမြို့တည် ညောင်ရမ်းမင်းတရား၏ သားလတ် သာလွန်မင်း(သီရိသုဓမ္မရာဇာ မဟာဓိပတိ) (၉၉၁/၁၀၁၀)သည် လည်းကောင်း၊ ဗဒုံမင်း ခေါ် ဘိုးတော်ဘုရား (၁၁၄၃/၁၁၈၁) အလောင်းမင်းတရားကြီး၏ စတုတ္ထ သားတော်သည် လည်းကောင်း...

မင်းမိဖုရားများက သားစဉ်မပြတ် တည်ဆောက်ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ရာမှ ခရစ်နှစ် ၁၈၅၂ ခုနှစ်၊ အောက်တိုဘာ ၉ရက်နေ့တွင် ပြည်မြို့သည် အင်္ဂလိပ်လက်အောက် ကျွန်သဘောက်အဖြစ် ကျရောက်ချိန်မှ စ၍ ရဟန်းရှင်လူပြည်သူများက ယနေ့တိုင် စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ကြသည်။

### ပြည်ဘုရားဖူး အကျိုးထူးချင်ရင်

အနယ်နယ်အရပ်ရပ်မှ ပြည်သို့ ဘုရားဖူးလာကြသူများအနေဖြင့်လည်း ရှေးဟောင်းသမိုင်းဝင် ရွှေပလ္လင်မော်စေတီတော်သို့ တစ်ခါတစ်ခေါက်အရောက်လာရင်း အဓိဋ္ဌာန်လည်း ဝင်ဖြစ်အောင် ဝင်ကြဖို့ တိုက်တွန်း နှိုးဆော်အပ်ပါသည်။ အထူးသဖြင့်...

(၁) ရာထူးတိုးသင့်သော်လည်း မတိုးသေးသူများ

(၂) အလုပ်လျှောက်ထားသူများ၊

(၃) ဘာလုပ်လုပ် အခွင့်အလမ်း ပိတ်ဆို့နေသူများ

(၄) အဟန့်အတား၊ အနှောင့်အယှက်၊ အတိုက်အခံ များနေသူများနှင့်

(၅) ဖွားဇာတာ အညံ့ကြုံနေသူများ...

အထူးလာရောက် အဓိဋ္ဌာန်ဝင်သင့်ပါသည်။ ဖော်ပြပါ သုဂတော ဂါထာဖြင့်ပင် ဝင်ရပါမည်။ "မွေးနေ့ဆောင် အောင်" ဟူသော သဘောအရ မွေးနေ့မှ စ၍လည်းကောင်း၊ သို့မဟုတ် ကြိုရန်းနေ့၏ စတုရန်းအချိန်တွင် လည်းကောင်း အဓိဋ္ဌာန် စတင်လျှင် ပိုသင့်မြတ်လှပါသည်။

* **တနင်္ဂနွေသားသမီး** အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီခွဲအတွင်း။
* **တနင်္လာသားသမီး** ဗုဒ္ဓဟူးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီခွဲအတွင်း။
* **အင်္ဂါသားသမီး** ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီခွဲအတွင်း။
* **ဗုဒ္ဓဟူးသားသမီး** သောကြာနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီခွဲအတွင်း။
* **ကြာသပတေးသားသမီး** စနေနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီခွဲအတွင်း။
* **သောကြာသားသမီး** တနင်္ဂနွေနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီခွဲအတွင်း။
* **စနေသားသမီး** တနင်္လာနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီခွဲအတွင်း။■

* * *

ဦးကျော်(ပြည်)



www.burmeseclassic.com

www.burmeseclassic.com

သမ္ဗုဒ္ဓတ ရွှေညာဏ်တော်ရှင် ဂေါတမမြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်သော နေ့တစ်နေ့ဖြစ်ပါသည်။ မြို့တံခါးအနီးတွင် အရပ်မျက်နှာများ ၌ လှည့်ပတ်ရှိခိုးနေသော "သိင်္ဂါလ" သတို့သားအား ဘုရား နှင့် တွေ့မြင်မိလေသည်။ ထိုအခါ ဘုရားရှင်သည် သိင်္ဂါလ သတို့သားအား မည်သည့်အကြောင်းကြောင့် အရပ်မျက်နှာ တွေကို ရှိခိုးသနည်းဟု မေးမြန်းတော်မူပါသည်။

သိင်္ဂါလ သတို့သားသည် တပည့်တော်၏ ဖခင် သူကြွယ်ကြီးက သေခါနီးတွင် အရပ်ခြောက်မျက်နှာကို စိတ် ၌ ရှိခိုးပြီး နေရစ်ပါဟု မှာကြားထားခဲ့ပါသည်။ လေးစား လိုက်နာသည့်အနေနှင့် ယခုလို ပြုလုပ်နေခြင်း ဖြစ်ပါသည်။ ရှင်ဘုရားဟု ပြန်လည်လျှောက်ထားလေသည်။

# ဗုဒ္ဓဘုရားရှင်၏ အရပ်မျက်နှာနှင့် ကိုယ်ကျင့်တရား

**ကိုနေဦးမောင်(ပခုက္ကူ)**





သိင်္ဂါလေ သတို့သားကို ဘုရားရှင်က…

"သင့်ဖခင်ပြောတဲ့ အရပ်မျက်နှာဆိုတာ ရိုးရိုးအရပ် မျက်နှာမဟုတ်ဘူး။ ရှိခိုးပါဆိုတာလည်း လက်အုပ်ချီပြီး ရှိခိုးခိုင်းတာ မဟုတ်ဘူး။ ငါဘုရားရဲ့ သာသနာတော်မှာ အရပ်မျက်နှာဆိုတာ ရှိတယ်"

ဟု မိန့်ကြားတော်မူပြီး သိင်္ဂါလ ဝါဒသုတ်ခေါ်သော လူ့ကျင့်ဝတ် တရားတော်ကို ဟောကြားတော်မူပါသည်။

"သူကြွယ်သား သိင်္ဂါလ… ငါဘုရားရဲ့ သာသနာမှာ အမျိုးကောင်းသားများဟာ (၁) ညစ်ညူးသော ကံလေးပါး၊ (၂) အဂတိတရား လေးပါး၊ (၃) စည်းစိမ်ပျက်ကြောင်း ခြောက်ပါး၊ စုစုပေါင်း အကြောင်းတရား တစ်ဆယ့်လေးပါးကို ရှောင်ကြဉ်ပြီး အရပ်မျက်နှာခြောက်ပါး လုံခြုံစေရမယ်"

လို့ ဟောကြားတော်မူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ညစ်ညူးသောကံလေးပါး** ဆိုသည်မှာ ကျူးလွန်သူကို လူဆိုးလူညစ်ဖြစ်စေသည့်ကံဖြစ်သည်။

(၁) သူ့အသက်သတ်ခြင်း။

(၂) သူ့ဥစ္စာခိုးယူခြင်း။

(၃) သူ့သားမယားကို ပြစ်မှားခြင်း။

(၄) လိမ်ညာပြောဆိုခြင်းတို့ ဖြစ်၏။

ထိုအပြစ်တို့ကို ရှောင်ကြဉ်ရမည်ဟူ၍ မြတ်စွာဘုရားရှင်က ဟောတော်မူပါသည်။

**အဂတိလေးပါး မလိုက်စားနှင့်** ဆိုခြင်းမှာ -

(၁) ချစ်ခင်၍ ဘက်လိုက်ပြီး အမှားစီရင်ဆုံးဖြတ်ခြင်း (ဆန္ဒာဂတိ)၊

(၂) စိတ်ဆိုး၍၊ မုန်း၍ ဘက်လိုက်ပြီး အမှားစီရင်ဆုံးဖြတ်ခြင်း (ဒေါသဂတိ)၊

(၃) ကြောက်ရွံ့၍ ဘက်လိုက်ပြီး အမှားစီရင် ဆုံးဖြတ်ခြင်း (ဘယာဂတိ)၊

(၄) မသိ နားမလည်၍ ဘက်လိုက်ပြီး အမှားစီရင်ဆုံးဖြတ်ခြင်း (မောဟဂတိ)တို့ ဖြစ်သည်။

**စည်းစိမ်ပျက်ကြောင်း ခြောက်ပါး** ဆိုသည်မှာ -

(၁) အရက်သေစာ(မူးယစ်ဆေးဝါး) သောက်စားသုံးစွဲခြင်း။

(၂) အချိန်မဲ့ အခါမဲ့ သွားလာလည်ပတ်ခြင်း။

(၃) ပွဲလမ်းသဘင် အကြည့်အရှုများခြင်း။

(၄) လောင်းကစားခြင်း။

(၅) မကောင်းသော မိတ်ဆွေနှင့် ပေါင်းသင်းခြင်း။

(၆) ပျင်းရိခြင်းတို့ ဖြစ်သည်။

**အရပ်မျက်နှာ ခြောက်မျက်နှာ**ဆိုသည်က မြတ်စွာဘုရားရှင် သာသနာအရပ် ခြောက်မျက်နှာကို ဆိုလိုတော်မူခြင်းဖြစ်သည်။ ၎င်းအရပ်မျက်နှာများကား. . .

(၁) အမိအဖတည်းဟူသော အရှေ့အရပ်၊

(၂) သားမယားတည်းဟူသော အနောက်အရပ်၊

(၃) ဆရာသမားတည်းဟူသော တောင်အရပ်၊

(၄) ဆွေမျိုးမိတ်ဆွေတည်းဟူသော မြောက်အရပ်၊

(၅) ရဟန်းသံဃာတည်းဟူသော အထက်အရပ်၊

(၆) လက်အောက်ငယ်သားတည်းဟူ အောက်အရပ်တို့ပင် ဖြစ်သည်။

မိဘသည် သားသမီးများ၏ အရှေ့အရပ်ဖြစ်ပါသည်။ သားသမီးသည် မိဘ၏ အနောက်အရပ်ဖြစ်ပါသည်။ —

မိဘက သားသမီးအပေါ် မိဘဝတ္တရားနှင့်အညီ ပြုကျင့်မည်ဆိုလျှင် အနောက်အရပ်ကို လုံခြုံစေခြင်း မည်ပါသည် သားသမီးကလည်း မိဘအပေါ် သားသမီးဝတ္တရားနှင့်အညီ ပြုကျင့်မည်ဆိုလျှင် အရှေ့အရပ်မျက်နှာအား လုံခြုံစေခြ ဖြစ်ပါသည်။

အတတ်ပညာသင်ပြပေးသူ ဆရာသမားများသ တပည့်များ၏ တောင်အရပ်မျက်နှာမည်၏။ တောင်အ မျက်နှာမည်သော ဆရာသမားများအပေါ် တပည့်ဝတ္တရာ အညီ ပြုကျင့်နေထိုင်ခြင်းသည် တောင်အရပ်ကို လုံခြုံ ခြင်းမည်လေသည်။

မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးဉာတိများကမူ မြော အရပ်မျက်နှာဖြစ်၏။ မိတ်ဆွေတုနှင့် မိတ်ဆွေစစ် နှစ် အနက် မိတ်ဆွေစစ်ကိုသာ အပေါင်းအဖော်ပြုရမည် မိတ်ဆွေတုကို ရှောင်ကြဉ်ရမည်ဟူ၍ မြတ်စွာဘုရားရှင် ဟောကြားတော်မူပါသည်။

အကျင့်သီလနှင့် ပြည့်စုံသည့် ရဟန်းသံဃာတေ များသည် အထက်အရပ်ဖြစ်ပါသည်။ ရဟန်းတော်များသ မိမိတို့ထံ ဆည်းကပ်လာသူ ဒါယိကာအပေါင်းတို့အ ဘာသာရေးအသိပညာ သင်ပြပေး၍ လူအများ၏ ဆရာ တော်မူပါသည်။ အကျင့်သီလအားဖြင့်လည်း လူအများထ မြင့်မြတ်ပါသည်။

ဒါယိကာအပေါင်းတို့သည် အကျင့်သီလနှင့် ပြည့် သော ရဟန်းသံဃာတော်များအား ကိုးကွယ်ဆည်းက လှူဒါန်းခြင်းအားဖြင့် လူချမ်းသာ၊ နတ်ချမ်းသာအပြင် နိဗ္ဗ ချမ်းသာအထိ ရနိုင်သည်။ ရဟန်း သံဃာတော်များသ လူအပေါင်းတို့၏ ကျေးဇူးရှင်များလည်း ဖြစ်တော်မူပါသ

မိမိတို့၏ ကျေးဇူးရှင် ရဟန်းသံဃာတော်မြတ်မျ အပေါ် ပြုကျင့်ရမည့် လူကျင့်ဝတ်တရားနှင့်အညီ ပြုကျ နေထိုင်ခြင်းသည် အထက်အရပ်ကို လုံခြုံစေခြင်း၊ ရှိခိုးခြ မည်လေ၏။

သို့ဖြစ်၍ မြတ်စွာဘုရားရှင်က အရပ်မျက်နှာရှိခိုးခြ နှင့် လုံခြုံစေခြင်းတရားတော်ကို သိင်္ဂါလ သတို့သားအ အကြောင်းပြုပြီး ဟောကြားတော်မူခဲ့ပါသည်။ သာ လူမှုရေးတရားသက်သက်သာမက၊ မဂ်ဖိုလ် ဖိုလ် နိဗ္ဗာန်မြင်သည်အထိ အထောက်အပံ့ဖြစ်စေနိုင်သည်။

ကိုယ်ကျင့်တရားများအဖြစ် လိုက်နာကျင့်သုံးနိုင် တင်ပြလိုက်ရပါသည်။ ■

* * *

ကိုနေဦးဇော်(ပ



www.burmeseclassic.com

www.burmeseclassic.com

ပြော၍ မကုန်ဆုံးသောအရာသည် မိခင်တို့၏ ...ကြွင်းသာလျှင် ဖြစ်၏တဲ့။ စာရေးဆရာနှင့် ပြဇာတ်ဆရာ ...ဖြစ်တဲ့ "ဂေါ်ကီ" က ပြောခဲ့တာပါ။

ဟုတ်ပါတယ်၊ သားသမီးတွေအနေနဲ့ မိမိတို့ရဲ့ ဘဝ ...သက်တာမှာ ပြောလို့ မကုန်ဆုံးနိုင်တာဟာ မိမိတို့ကို ...တတ်လိုက်တဲ့ မိခင်တွေရဲ့ အကြောင်းအရာတွေပါပဲ။

သားသမီးတွေရဲ့ အပေါ်မှာ မိခင်တွေရဲ့ ကျေးဇူးတွေက ...နိုင်၊ မခန်းနိုင်လောက်အောင် ရှိနေလေတော့ ဂေါ်ကီ သည်လို ကောင်းမှုတွေကြောင့် အခုဆိုရင် အမေ့အသက် က ၈၀ ကျော်လို့ ၅နှစ်ထဲတောင်မှ ရောက်ခဲ့ပါပြီ။

အသက်ကလည်း ကြီး၊ တရားကလည်း ကြီးလေ တော့ ဘယ်သား၊ ဘယ်သမီးဆီကမှ အကူအညီကို မတောင်းခံခဲ့ပါဘူး။ သားတွေ၊ သမီးတွေကသာ ဒုက္ခဖြစ်ခဲ့ရင် အမေကို အပူကပ်လို့ အကူအညီတောင်းကြတာပါ၊ ကျွန်တော်လည်း ပါသပေါ့။

သည်တော့လည်း အမေက ဘာမှမပြောရှာပါဘူး။ ဒါပေမယ့်လို့ . . .

ကိုဖိုးတင်အောင်

# ဘေးရန်ကင်းပ ဓာရဏ

...ခဲ့တဲ့ စကားတွေဟာ သစ္စာဆိုက်နေတာ အမှန်ပါ။

ဆိုတော့ အိမ်က အမေရဲ့ အကြောင်းကို ပြန်ပြောင်း ...က်မေ့ပြီး ပြောပြပါမယ်။ အမေက အသက်ကြီးပေမယ့် ... သူ့အယူအဆ၊ သူ့ဝါဒတွေနဲ့အတူ၊ တစ်သမတ်တည်း ...တ်တဲ့ သူ။ ပြီးတော့ ကိုယ့်တရား ကိုယ်ရှု၊ ကိုယ့်အမှု ...ရှင်း။ ကိုယ့်အလင်းတန်းကို ကိုယ်ကိုယ်တိုင်ပဲ ရှာဖွေ ...တော့ ဘယ်သားသမီးမှ အမေပြောတဲ့ စကားကို ...လွန်ရဲပါဘူး။

အဖေဆုံးပြီးတဲ့နောက်မှာ အမေဟာ ဘုရား၊ တရား ...ကို အမြဲတမ်း အာစိဏ္ဏကံဖြစ်အောင် လုပ်ခဲ့တဲ့သူပါ။

"အေးလေ၊ မင်းတို့က အကြွေးရှင်တွေပဲလေ။ ကြွေး ကြေအောင်တော့ တို့မိဘတွေက ပြန်ဆပ်ရပေမပေါ့"

ဟု ဒါလေးပဲ ပြောရှာပါတယ်။ နောက်တစ်ခုရှိတာ က . . .

"မိဘမေတ္တာကို သိခဲ့ရင်ပဲ အမေက မင်းတို့ကို ပြန်ပြီး ကျေးဇူးတင်နေရမှာပါ"

တဲ့။ ကျွန်တော်က မွေးချင်းတွေထဲမှာ အကြီးဆုံးသော သားဖြစ်လို့ အမေ့ကျန်းမာရေးနဲ့ ပတ်သက်ပြီး အမေ့ကို စားသတိ၊ သွားသတိ၊ လာသတိ အစရှိသဖြင့်ပေါ့လေ၊ ပြော လိုက်ရတာ ခဏခဏပါပဲ။ ကျွန်တော် ဒီလိုပြောခဲ့ရင်

www.burmeseclassic.com

အမေကလည်း ပြုံးပြုံးကြီးလုပ်လို့ နားထောင်ရှာပါတယ်။

ကျွန်တော်တို့တွေရဲ့ ဘဝမှာ ဗုဒ္ဓဘုရားရှင်က လွဲရင် ဒီအမေသာ ကိုးကွယ်ရာအစစ်ပဲ။ အမေ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်မိပါတယ်။ အမေက အသက်လည်း ကြီးပြီလေ၊ ဆန္ဒသာ ရှိပေမယ့်လို့ ခန္ဓာကြီးက မလိုက်နိုင်တော့တဲ့ အရွယ်။

စိုးရိမ်မိတဲ့အတိုင်း၊ တစ်နေ့မှာတော့ အစာအဆိပ်သင့်ပြီး အမေ့ကို အိမ်နားက "လောကပါလ"ဆေးခန်းမှာ တင်လိုက်ရပါတယ်။ အမေ့ကလည်း ညစာဆိုရင် လုံးဝ မစားခဲ့သည်မှာ နှစ်ပေါင်းက အတော်ကြာခဲ့ပါပြီ။

ဒီတော့လည်း ကျွန်တော်တို့အလစ်မှာ ဆာဆာနဲ့ စားချင်ရာတွေလည်း စားမိမှာပေါ့။ ရုပ်ကို အာဟာရက စောင့်တယ်မဟုတ်လား။ အမေ့ခမျာ ဝေဒနာ ဘယ်လောက် ခံစားနေရသလဲဆိုရင် အစာအဆိပ်သင့်မှုကြောင့် ဝမ်းတွေ တအားလျှောပြီး သတိမေ့မြောနေတာကိုက နှစ်ရက်သုံးရက်လောက် ရှိပါတယ်။ လေးရက်မြောက်တဲ့နေ့မှာ အမေ သတိပြန်ရလာပြီး ဆေးခန်းမှာလည်း ဆက်မထားချင်တာနဲ့ သက်ဆိုင်ရာ ဆရာဝန်နဲ့ တိုင်ပင်ပြီး အမေ့ကို အိမ်ပြန်ခေါ်ခဲ့ရတယ်။

ဒီကတည်းကိုက အမေ့မှာ လူမမာတစ်ပိုင်းဖြစ်သွားရရှာပါပြီ။ စားချင်တာလည်းမစားရ၊ သွားချင်တာလည်းမသွားရ၊ အမေ့ခမျာ ဒီအတိုင်းပက်လက်အနေအထားကြီးနဲ့ အိပ်ရာထဲမှာနေလိုက်ရတာ။ အမေ့ကို ကြည့်ပြီး ကျွန်တော့မှာ သနားလိုက်ရတာလေ၊ အမေ့အစား ကျွန်တော်ပဲဖြစ်လိုက်ပါတော့လို့ ဆုတောင်းမိတယ်။

အရေးရယ် အကြောင်းရယ်ကျတော့ သားသမီးတွေက အမေ့ဒုက္ခကို ကူညီချင်ကြပေမယ့် တစ်ယောက်မှ ကူညီနိုင်ကြတာ မဟုတ်ပါဘူး။ သူတို့မှာလည်း အိမ်ထောင်သည်တွေဖြစ်နေတော့ မပြောသာဘူးပေါ့။

နောက်ဆုံးမှာတော့ အစ်ကိုကြီးဖြစ်တဲ့ ကျွန်တော်ကပဲ ကိုယ့်လက်အောက်က ညီတွေနဲ့ တိုင်ပင်ပြီး အမေ့အတွက် လုပ်သင့် လုပ်ထိုက်တဲ့ အရာတွေကို သားတစ်ယောက်အနေနဲ့ မချွင်းမချန် လုပ်ပေးလိုက်ပါတယ်။

သည်လိုမှ မလုပ်ခဲ့ရင်လည်း အမေ့ ဝေဒနာတွေက သက်သာလာမှာ မဟုတ်ပါဘူး။ ကျွန်တော်လုပ်ခဲ့တဲ့ အမှုကိစ္စတွေက ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကို အောက်မေ့ပြီး အမေ့ကို ရွတ်ဖတ် ပူဇော်ပေးခြင်းပါပဲ။

အမေ့ကျေးဇူးကို ဆပ်စရာဆိုလို့ ဒီတစ်နည်းပဲ ကျွန်တော့်မှာ ရှိတော့တာ။ ကျွန်တော် ရွတ်ဖတ်ပူဇော်ပေးခဲ့ တာက ဓာရဏပရိတ်တော်ပဲ ဖြစ်ပါတယ်။ ဒီ ပရိတ်တော်ဟာ မြတ်ဗုဒ္ဓရှင်တော်ဘုရားရဲ့ အာဝေဏိက ဂုဏ်တော် ၁၈ ပါးကို ချီးကျူးပူဇော်တဲ့ ပရိတ်တော်ပေါ့။

ဒီဂုဏ်တော် ၁၈ ပါးဟာ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားရဲ့ သီးခြားကိုယ်ပိုင် ဂုဏ်တော်များ ဖြစ်သလို၊ အခြားမည်သူ တစ်ဦးတစ်ယောက်မှ ဒီလိုဂုဏ်မျိုးတွေရှိတာ မဟုတ်ပါဘူး

ဒီပရိတ်တော်ကို နေ့စဉ်မှန်မှန် ရွတ်ဖတ်ပူဇော်ခဲ့ရင် ဥပဒ္ဒွေဒဏ်ကဲတွေနှင့် မတွေ့ကြုံနိုင်ပါဘူး။ သူ့ဓမ္မတာအ သေချိန်ကျမှ သေရမှာပါ။

ကျွန်တော်နဲ့ အမေတို့ကလည်း တစ်ရပ်ကွက်စီ ခြား ပြီးနေကြတဲ့သူတွေဆိုတော့ မနက်တိုင်း အမေ့အိမ်ရှိရာက သွားပြီး အမေ လက်ရှိ ခံစားနေရတဲ့ ဝေဒနာဆိုးတွေ ပျောက် ကင်းသွားစေဖို့ ယုံကြည်စိတ်များစွာနဲ့ ဓာရဏ ပရိတ်တော် ကို တစ်နေ့တစ်ခေါက် မှန်မှန်ရွတ်ဖတ်ပူဇော်ပေးခဲ့ပါတယ်

ကျွန်တော် ဒီလို ပရိတ်တော်ကို ရွတ်ဖတ် ပူဇော်နေ ရင် အမေကလည်း မျက်စိကလေးမှိတ်ပြီး ကုသိုလ်စိတ်တွေ နဲ့အတူ ကုသိုလ်တွေ ပွားများနေပါတယ်။ ကျွန်တော်က လည်း ရွတ်ဖတ်နိုင်သလောက် ရွတ်ဖတ်၊ အမေကလည်း ကုသိုလ်တွေ ပွားများနိုင်သလောက် ပွားများလိုက်တာ တစ်လလောက်ကြာတော့ အမေ့ရောဂါဝေဒနာဆိုးကြီး ဘယ်ဆေးဘယ်ဝါးမှ မကုရဘဲ အရှင်းကြီး ပျောက်သွားခဲ့ တယ်။

အမေကတော့ ပြောပါတယ်။

"အမေ့သားပေးတဲ့ အသက်ပဲ ကျန်ပါတော့တယ် သားကို အမေကျေးဇူးတင်ပါတယ်၊ မွေးရကျိုးနပ်တဲ့ သား လေးရယ်"

တဲ့၊ တကယ်ပြောတာပါ။ အရေးရယ်၊ အကြောင်းရယ် ကျရင် ဗုဒ္ဓဘုရားရှင်ရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တွေ အန္တရာယ်အပေါင်းကို ကာကွယ်နိုင်တာကတော့ ဓာရဏ ပရိတ်တော်ကို ရွတ်ဖတ်ခြင်းဖြင့် ကျွန်တော်သိလိုက်ရ

စာရှုသူများလည်း ဘေးဥပဒ်အန္တရာယ် ရန်စွယ် မှ ကင်းငြိမ်းစေဖို့ ဓာရဏပရိတ်တော်ကို နေ့စဉ် ရွတ်ဖတ် ပူဇော်ကြပါလို့ တိုက်တွန်း နှိုးဆော်လိုက်ပါတယ်

(စာရေးသူတို့၏ အိမ်တွင်း ဖြစ်ရပ်မှန်တစ်ခုကို ရေးဖွဲ့ ပါသည်။)

* * *

ကိုဦးတင်အေး



www.burmeseclassic.com


www.burmeseclassic.com



ဆင်လက်တင်ရုပ်ပွားတော်
တိုပုံးမြို့ ရှမ်းပြည်နယ်တောင်ပိုင်း။


www.burmeseclassic.com

www.burmeseclassic.com



# ဟိုပုံး သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီး

ဗေဒသုတေသီ ဆရာမျိုး




စာရေးသူသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးမြို့
ဓမ္မမိတ်ဆွေ ဦးစံဝင်း၏ ဖိတ်ခေါ်မှုဖြင့် ဟိုပုံးမြို့၏ ကျက်သရေ
ဆောင်ဖြစ်တော်မူသော သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်
ဘုရားကြီးသို့ ဘုရားဖူးရောက်ရှိခဲ့ရပေသည်။ ဦးအောင်ဆ
လွင်နှင့် ဦးစံဝင်းတို့သည် စာရေးသူအား လိုက်လံ
မြောက်စွာ ဆီးကြိုနှုတ်ဆက်ကြပြီးလျှင် ဘုရားကြီးဂေါပက
အဖွဲ့မှ ရုံးအဖွဲ့မှူး ဒေါ်စန်းစန်းလင်းနှင့် ထပ်မံ မိတ်ဖွဲ့ပေး
သည်။ ရုံးအဖွဲ့မှူးမှ စာရေးသူအား လိုလေသေးမရှိ ညှိ
ကျေပွန်စွာ ညှိခံပြီးလျှင် လိုအပ်သည့် အထောက်အထာ
အချက်အလက်များကို ပြည့်စုံစွာ ထုတ်ပြ ရှင်းလင်း
စာရေးသူ မေးမြန်းသမျှကိုလည်း စိတ်ရှည်လက်ရှည်
ဖြေကြားပေးပါသည်။

ထို့နောက် စာရေးသူတို့သည် ဘုရားကြီး၏ ပရဝ
အတွင်း လှည့်လည်ဖူးမြော်ကြပါသည်။ မွေတော်ဘုရား
၏ လက်ရှိ ဉာဏ်တော်အမြင့်မှာ ၁၆၂ ပေ ဖြစ်ပါသ
သာသနာ့ ပရဝဏ်အကျယ်အဝန်းမှာ (၂.၃၃)ဧ
သည်။ ပင်မ စေတီတော်ကြီးနှင့် အဂ္ဂါထောင့်ရှိအလော



www.burmeseclassic.com

www.burmeseclassic.com





သုမင်းကြီး တည်ထားကိုးကွယ်ခဲ့သော မူလ ၉စေတီတော် အရန်စေတီပေါင်း ၂၃၆ဆူ တည်ရှိသဖြင့် စုစုပေါင်း၊ တော်မှာ ၂၃၈ ဆူ ဖြစ်ပါသည်။ ဘုရားဝန်း ပရဝဏ် လုံးရှိ မြတ်စွာဘုရားကိုယ်စား ဆင်းတုတော်ပေါင်းမှာ ဆူဖြစ်ပါသည်။ သာသနာ့အဆောက်အအုံပေါင်းမှာ ဖြစ်ပါသည်။ လှူဒါန်းထားသော ခေါင်းလောင်းအရေ မှာ စေတီတော်ကြီး၏ ပထမအဆင့်တွင် ၅၁လုံး၊ အဆင့်တွင် ၆၂လုံး၊ တတိယအဆင့်တွင် ၅၄လုံး၊ အဆင့်တွင် ၅၂လုံး၊ ပဥ္စမအဆင့်တွင် ၅၉လုံး၊ ဆဋ္ဌမ တွင် ၅၈ လုံး၊ သတ္တမအဆင့်တွင် ၄၁လုံးနှင့် ရှေး လောင်း ၂လုံး၊ ကြေးခေါင်းလောင်း ၁လုံး၊ စုစုပေါင်း လုံးဖြစ်ပါသည်။ သာသနာရေးဦးစီးဌာနမှ (၇-၁-၁၉၆၀) စတင် ဖွဲ့စည်းပေးထားသော စေတီတော် ဝေယျာ သည် ယနေ့အချိန်အခါတွင် ဦးသက်ထွန်း ဦးဆောင် နာယကအဖွဲ့ဝင် ၅ဦး၊ ဥက္ကဋ္ဌ ဦးကျော်ရှိန် ဦးဆောင် ဂေါပကအဖွဲ့ဝင် ၁၅ဦး၊ ဒေါ်စန်းစန်းလင်း ဦးဆောင် အဖွဲ့ဝင် ၇ဦး၊ စုစုပေါင်း ၂၇ဦးဖြင့် ဘုရားကြီးအား မ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

ဦးစွာပထမ ပင်မ အာရုံခံအတွင်း၌ ဉာဏ်တော်တူ မှ ရုပ်ပွားတော် ၁၆ဆူ၊ ဉာဏ်တော်ထက်ဝက် မှ ရုပ်ပွားတော် ၅ဆူ၊ လျောင်းတော်မူ ရုပ်ပွားတော် ထိုင်တော်မူ ရုပ်ပွားတော်ပေါင်း ၁၄၅ ဆူကို အသွင် ထူးခြားသော မုဒြာဟန်ပန်မျိုးစုံဖြင့် အားရပါးရ သဒ္ဓါပီတိ ထူးကဲသော စိတ်အစုံဖြင့် ရှင်လန်း ဝမ်းမြောက်စွာ ဖူးမြော် ခွင့် ကြုံရပါသည်။ ကြေးဆင်းတု ရုပ်ပွားတော်ကြီးမှာလည်း ရောင်တော် တဖိတ်ဖိတ်တောက်ပလျက် ကင်မရာအတွင်း



www.burmeseclassic.com






မှာပင် အလင်းပြန်လျက်ရှိပါသည်။ နီးဘုရားရုပ်ပွားတော်ကြီးမှာလည်း တင့်တယ်သော ဣန္ဒြေကို ဆောင်တော်မူ၍ စာရေးသူတို့၏ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်အတွင်းမှာသာ ပူဇော် ဖူးမြော်ခွင့်ရနိုင်ပေသော ရိုးရာပညာတစ်ရပ်အနေဖြင့် ဂုဏ်ယူဝံ့ကြွားစွာဖြင့် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။ ယိုးဒယားလက်ရာဖြစ်သော ရုပ်တော်မူ မဟာကရုဏာ မုဒြာ ဟန်ကိုလည်း ဖူးတွေ့ရပါသည်။

ထို့နောက် စာရေးသူသည် လိုဏ်ဂူတော်အတွင်းသို့ ဝင်ရောက် ဖူးမြော်ပါသည်။ လိုဏ်ဂူတော်အတွင်း၌ ဟိုပုံး အနောက်ရပ်မှ ဂေါပကအဖွဲ့ဝင် ဦးကျော်သည် ဗုဒ္ဓရုပ်ပွားတော်များအား ရောင်တော်ဖွင့် ကုသိုလ်ယူလျက် ရှိနေသည်။ ထို့နောက် လိုဏ်ဂူအဝသို့ ပြန်အထွက်တွင် လက်ဝဲဘက်၌ လျောင်းတော်မူ၊ ထိုင်တော်မူ၊ ရပ်တော်မူနှင့် ရဟန္တာများ ပူဇော်ဟန်တို့ကို တစ်စုတစ်စည်းတည်း ဖူးမြော်ရပါသည်။ အဆိုပါ အုပ်စုတွင် ညာတင်ကုတ်တစ်ဆူ ပါရှိသည်ကို ဦးအောင်ဆန်းလွင်မှ ပြသပေးပါသည်။ လက်ယာဘက်တွင် ဆင်လက်တင် ရုပ်ပွားတော်ကို ဖူးမြော်ရပြန်ပါသည်။ ထို့နောက် မြောက်ဘက်တွင် သီးသန့် ဂူပေါက်ငယ်တစ်ခု အတွင်း သေချာစွာ ငုံ့ဝင်၍ ကြည့်ပါလေမှ မြင်ရနိုင်သော

ရှေးဟောင်း ပေစာကို သမိုင်းဝင် ရှားပါးပစ္စည်းအဖြစ် ခဲ
ခဲဆစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ နောက်ထပ်တစ်
မြတ်စွာဘုရားရှင်မှ ငရဲမီး တရားပြဟန်း (အမှတ်စဉ်-၇၄)
လည်း မှတ်တမ်းတင်ဖြစ်ပါသည်။

အရှေ့ဘက် အာရုံခံမှ ထွက်၍ ရင်ပြင်တော်ပေါ်
ဆက်လက်ဖူးမြော်ကြရာ အင်္ဂါထောင့် ရှင်ဥပဂုတ္တကျော
ဆောင်၌ ပူဇော်ရန် ဂါထာကို ဖော်ပြထားသည်မှာ -


ဥပဂုတ္တော မဟာထေရော၊
ကုန္ဒိမာ ဒက္ခိဏာဂ္ဂဝေ၊
နိမန္တေယျာမိတံ ထေရံ၊
ကုမ္မံအမှာကမ ထ္တုပံ။



www.burmeseclassic.com

www.burmeseclassic.com





ဟူ၍ ပါရှိပါသည်။

ထို့နောက် ထူးခြားသော ဟန်ပန်အမူအရာဖြင့် သရုပ်[illegible]င်ထားသည့် မနုသီဟကိုလည်း တွေ့မြင်ရပါသည်။ [illegible]စန်းလင်းမှ သာမန်လူတို့ အမှတ်တမဲ့ မဖူးမြော်ဖြစ် [illegible] အလောင်းစည်သူမင်းကြီး ပထမဦးဆုံး တည်ထား[illegible]ယ်ခဲ့သော သမိုင်းဝင် မူလ စေတီတော်ကို ပြသပေး[illegible]ည်။ ထပ်မံ၍ အနောက်တောင်အရပ်မှ ထူးခြား[illegible]ကြယ်စွာ မဂ္ဂင်ဖောင်ပေါ်တွင် အောက်ခြေ ပစ္စယံ၌ [illegible]ဟ ၄ကောင်၊ အလယ်ပစ္စယံ၌ သာသနာစောင့် နတ်[illegible] ၄ပါး၊ အထက်ပစ္စယံ၌ နဂါး ၄ကောင်၊ ၎င်းအထက် [illegible]ဟ်ရှစ်ခွင်ဘုရားနှင့် အထွဋ်စေတီတော် အစရှိသဖြင့် [illegible]ဆင့် ပူဇော်ထားရှိပုံမှာ ထန်းပင်နောက်ခံနှင့်တကွ ပြာလဲ့လဲ့ မိုးကောင်းကင်တို့နှင့်အတူ ဘယ်ပန်းချီရေးဖွဲ့၍ မမီပေသော ရှုခင်းကို မှတ်တမ်းတင်ဖြစ်ပါသည်။

တစ်ဖန် အနောက်အရပ်တွင် ထူးခြားသော နှစ်ကျိပ် ရှစ်ဆူ တဂ္ဂ ရုပ်ပွားတော်မြတ်များကို ဖူးတွေ့ရပြန်ပါသည်။ ဤပုံစံတော်အုပ်စုသည်လည်း မည်သည့်အရပ်တွင်မျှ မဖူးတွေ့ရဘူးသေးသော စေတီတော်အုပ်စုပင် ဖြစ်ပါသည်။ ရဟာ ထောင့်တွင် ဘုန်းမြတ်ကျော် စေတီတော်မြတ်ကြီး တည်ရှိပါသည်။ ထို့နောက် အရှေ့မြောက်အရပ်တွင် ရှင်သီဝလိ ကျောင်းဆောင်၌ ပူဇော်ရန် ဂါထာကို ဖော်ပြထားသည်မှာ-

**သီဝလိစ မဟာလာဘံ၊**

**နာနာဒေတိ ဝရံ ဝရံ**

**ဣာဒပ္ပိဇီတံ ဒေတိ၊**

**မဟာသုခံ ဘဝိဿတိ။**

ဟူ၍ ပါရှိပါသည်။

ထို့နောက် စာရေးသူနှင့် ဦးစံဝင်းတို့သည် ဗောဓိပင် နှင့် ရွှေပလ္လင်ကို အောင်တော်မူခန်းအား သွားရောက်ဖူးမြော် မှတ်တမ်းတင်ကြပါသည်။ စာရေးသူတို့ ဂေါပက ရုံးခန်းသို့ ပြန်လည်ရောက်ရှိချိန်တွင် ဂေါပက ဥက္ကဋ္ဌ ဦးကျော်ရှိန် ရောက်ရှိနေပါသည်။ လက်ဖက်ရည်၊ မုန့်များနှင့် ဧည့်ခံ၍ ဥက္ကဋ္ဌ ဦးကျော်ရှိန်မှ ...






www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com







ရတနာစည် လျှို်လင်ဆရာတော် ရေးတဲ့ စေတီတရား ...ည့်တဲ့ အင်္ဂါ ၁၀ရပ်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဒီဇုမ္ပတော် ...ကြီးဟာ အင်္ဂါဆယ်ပါးလုံးနှင့် ကိုက်ညီမှုရှိတဲ့အတွက် ...သို ထင်ပေါ် ကျော်ကြားရခြင်းလည်း ဖြစ်ပါတယ်"

စေတီတော်၊

ဆင်းတုတော်၊

ဇရပ် တန်ဆောင်း၊

ခြင်္သေ့၊

ခေါင်းလောင်း၊

သိမ်၊

မဟာရံ တံတိုင်း၊

ဗောဓိညောင်ပင်၊

ဥယျာဉ် ရေကန်၊

တံခွန်တိုင်တို့ ဖြစ်ပါ၏။

"ဒေါ်စန်းစန်းလင်းက သိမ်နဲ့ ဘုရားခန်းကို လိုက်ပြ ...ပေးကြိုက်ပါ"

"ဟုတ်ကဲ့"

ညနေစောင်းအချိန်တွင် ဒေါ်စန်းစန်းလင်းမှ...

"လာ•••ဆရာ၊ ထူးဆန်းတာလေး တစ်ခုပြမယ်"




www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ရင်ပြင်တော်၏ အရှေ့မြောက်အရပ်သို့ ဦးဆောင်ခေါ်သွားခဲ့ပါသည်။ ရင်ပြင်တော်၏ အရှေ့မြောက်အရပ်တွင် မွေတော်ဘုရားအောင်မြေ၌ ဆုတောင်း အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ဖြစ်ပါသည်။ ဒေါ်စန်းစန်းလင်းမှ စိတ်ရှည်စွာ ရပ်စောင့်နေလျက်…

"ဟိုး ကောင်းကင်ပေါ်ကို ကြည့်လိုက်ပါ ဆရာ"

ဟိုပုံးမြို့၏ ထက်ကောင်းကင်တွင် သက်တန့်ရောင်စုံတို့သည် နေဝင်ဖျိုးဖျအချိန်၌ အရှေ့အရပ်ဆီမှ နေခြည်ကို ရှေ့ရှည်လောင်းဘိသကဲ့သို့အလား ရောင်စုံတို့ ဝေဖြာလျက် လှပစွာ ထိုးတက်တည်ရှိပုံမှာ အံ့မခန်း ညနေခင်းဆည်းဆာ အလှတို့ဖြင့် သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီး



အား ပူဇော်သမှု ပြုနေသကဲ့သို့ပင် ဖြစ်ပါသည်။ ညဘက်တွင် စာရေးသူအား မွေတော်ဘုရားဝင်းအတွင်း၌ အိပ်စက်တည်းခိုရန် ဒေါ်စန်းစန်းလင်းမှ စနစ်တကျ ပြင်ဆင်ထားရှိပေးပါသည်။ ထိုညအတွက် နှစ်ခြိုက်စွာ အိပ်စက်အနားယူ၍ နောက်တစ်နေ့တွင် လက်ဖက်ရည်ဖြင့် တည်ခင်း ဧည့်ခံပါသည်။

### မွေတော်ဘုရားသမိုင်းအစ

ကျန်စစ်သားမင်းကြီး၏ မြေးတော် အလောင်းစည်သူမင်းတရားကြီးသည် ပုဂံပြည်ကို ထီးနန်းဆက်ခံ စိုးစံတော်မူစဉ် တိုင်းခန်းလှည့်လည်ရာမှ ရှမ်းပြည်နယ်၊ ဟိုပုံးဒေသသို့ ရောက်ရှိခဲ့ပါသည်။ ဟိုပုံးနယ်ကို အစတည် နယ်စားအဖြ အုပ်ချုပ်ခဲ့သော မြို့စားကြီး ဘော်ဆန်၏ သား၊ မြေး၊ မြ အနွယ်ဖြစ်သည့် မြို့စားနှင့် တွေ့ဆုံ၍ သာသနာတော် ပြန့်ပွား ရေးအတွက် တိုင်ပင်ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် သက္ကရာဇ် ၅၁၂ ခုနှစ်တွင် ဉာဏ်တော် ၂၄တောင်အမြင့်ရှိ စေတီတော်ကို တည်ထားတော်မူခဲ့ပါ သည်။ ၎င်းစေတီတော်အတွင်း အလောင်းစည်သူမင်းကြီး ပင့်ဆောင်ရယူခဲ့သော ဗုဒ္ဓသရီယ ဓာတ်တော် မွေတော်အစ များအား ဌာပနာထားခဲ့ပြီး "မွေတော်ဘုရား"ဟု ဘွဲ့တော် သမုတ်ခေါ်ဝေါ် ပူဇော်ခဲ့ကြပါသည်။

သက္ကရာဇ် ၁၁၇၇ ပြည့်နှစ်၊ ဟိုပုံးမြို့ကို အုပ်ချုပ်ခဲ့ သော မြို့စားကြီး(ခွန်ကြား)သည် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စေတီတော်မြတ်ကြီးအား နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အမြင့်ဉာဏ်တော် တောင်အထိ အသစ်တိုးချဲ့၍၊ အောက်ဆုံး ပထမ ပစ္စယံခုံ တွင် စေတီရန် ၂၈ဆူ၊ ဒုတိယ ပစ္စယံခုံတွင် စေတီရန် ၂၇ဆူ၊ တတိယ အထက်ပစ္စယံခုံတွင် စေတီရန် ၂၄ စသည့် စေတီများ ဝန်းရံလျက် ပြန်လည်မွမ်းမံ တည်ထား ပါသည်။ ထို့နောက် စေတီတော်ကြီးအား အတောင် ၂ ပတ်လည်ရှိ တံတိုင်းကြီး တည်ဆောက်ခဲ့ပါသည်ဟု ဆို ၏။




www.burmeseclassic.com

www.burmeseclassic.com

## သမုတ်ပူဇော် ဘွဲ့မည်တော်

၁၂၇၇ ခုနှစ်၊ မြို့စားကြီး စောခွန်လောလက်ထက် ရှမ်းပြည်နယ် အစိုးရမင်းတို့မှ သမိုင်းဝင် တန်ခိုးကြီးဘုရားများ၏ ဘွဲ့တော်အမည်နာမနှင့် ပွဲတော်များ ကျင်းပသည့် အချိန်အခါကာလတို့ကို မှတ်တမ်းတင်ရန် လိုအပ်ပါသဖြင့် အရင်းပြုစု၍ တင်ပို့ပေးရန် တောင်းဆိုချက်အရ ဟိုပုံးမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ဘုရားကြီးများ၊ ဒေသရှိ ပုဂ္ဂိုလ်များနှင့် စေတီတော် ထိန်းသိမ်းစောင့်ရှောက်သည့် ပုဂ္ဂိုလ်များအားလုံး တိုင်ပင်ဆွေးနွေးကြပြီးလျှင် "ရွှေချမ်းသာ မွေတော်ဘုရားကြီး" ဟူသော ဘွဲ့တော်ပညတ် သမုတ်ခေါ်ဝေါ်ရန် ဆုံးဖြတ်ပြီး ပြန်ကြား တင်ပြခဲ့ပါသည်။




## ပဒေသရာဇ် စော်ဘွားခေတ်
## စောင့်ရှောက်ထိန်းသိမ်း တာဝန်ပေး

သာသနာ့ဒါယကာအမည်ခံ ဟိုပုံးနှင့် ဟဲလုံ၊ နှစ်မြို့စား စောခွန်လောသည် စေတီတော်ကြီး ထိန်းသိမ်းစောင့်ရှောက် ပြီးကြပ်ရန် ရှေးယခင် စော်ဘွား မြို့စားကြီးများ ထုံးတမ်း စဉ်လာရှိသည့်အတိုင်း ဘုရားလှူကြီး နှစ်ဦးမှ ငါးဦးအထိ ခန့်ထားပြီး စေတီတော်၊ ရုပ်ပွားတော်၊ တန်ဆောင်း၊ ပြာသာဒ်များ သာသနာပိုင် အဆောက်အအုံများ၊ ပွဲတော်ကျင်းပသည့် မြေကွက်များပါမကျန် စောင့်ရှောက် ထိန်းသိမ်းသွားရန် တာဝန်ပေးအပ်ထားခဲ့လေသည်။

◈◈◈

မွေတော်ဘုရားကြီး၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ကိုးကြိမ်တိတိ လှူဒါန်းပူဇော်ထားပြီး ဖြစ်ပါသဖြင့် နဝင်းကြေးစာတ်ကို ဖော်ဆောင်လျက်ရှိပါသည်။ နောက်ဆုံးအနေဖြင့် သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရား ရှိခိုးဂါထာနှင့် ဆုတောင်းဂါထာတို့ကို ဖော်ပြအပ်ပါသည်။



### သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားရှိခိုးဂါထာ

သုဂတံ စေတိယံ ဝုန္ဒံ - မွေတော် ဣတိ သုပါကဋ၊
အဒ္ဓံ အဘိ ပူဇေမိ - သုသဏ္ဌာံ သီရိမင်္ဂလံ။
မွေတော်စေတီတိ ယောဗုဒ္ဓေါ - အမှာကံ ဟိုပုံးဌာနိယော၊
ယောဗုဒ္ဓေါ သုသမ္ဗုဒ္ဓေါဝ - တသ္မာ ဗုဒ္ဓံ နာမ မဟံ။
မွေတော်စေတီတိ ယောဗုဒ္ဓါ - အမှာကံ ဟိုပုံးဌာနိယော၊
ယောဓမ္မော သုဓမ္မော - တသ္မာ ဓမ္မံ နာမ မဟံ။
မွေတော်စေတီတိ ယောဗုဒ္ဓါ - အမှာကံ ဟိုပုံးဌာနိယော၊
ယောသံဃော သုသံဃော - တသ္မာ သံဃံ နာမ မဟံ။



www.burmeseclassic.com

www.burmeseclassic.com

## ဆုတောင်း

အစ္စတ္တံ နမဿနေယျံ - ဂုဏေဟိ ရတနတ္တယံ။
နမက္ကရာ နဘာဝေန - ပဒေ့ါမိ အမတံ ပဒံ။

## အနက်

(၁) ရာဇာမင်းကောင်း အလောင်းစည်သူ ကြည်ဖြူသဒ္ဓါ ပင့်ဆောင်လာ၍ ဘဂဝါအနှစ် ဓာတ်စစ်ဓာတ်သား ဓာတ်တော်ဘုရားတို့၏ ကောင်းစွာမသေ့ တို့ဌာနသို့ ကြွရောက်တော်မူလာခြင်းလည်း ရှိတော်မူပေထသော···

လာရောက်ဖူးမြော် ပူဇော်သူများ ကြည်ညိုသဒ္ဓါ ပွားလာအောင် ကျက်သရေမင်္ဂလာအဖြာဖြာရှိတော်မူသောကြောင့် သီရိမင်္ဂလာဟူသော ဂုဏ်ထူးဝိသေသလည်း ရှိတော်မူပေထသော···

တဝင်းဝင်း တထိန်ထိန် တရှိန်ရှိန် တလက်လက် ပြိုးပြိုးပြက် ဝါဝါဝင်းတို့ဖြင့် တပြောင်ပြောင်လင်းသော ရွှေအဆင်းရှိတော်မူသောကြောင့် ရွှေချမ်းသာဟူသော ဂုဏ်ထူးဝိသေသလည်း ရှိတော်မူပေထသော···

ဗုဒ္ဓမွေတော် ဓာတ်တော်အများ တည်ထားကိုးကွယ်ရာအဖြစ်ကြောင့် မွေတော်ဘုရားကြီးဟူ၍ အလွန်ထင်ရှားကျော်ကြားခြင်းလည်း ရှိတော်မူပေထသော···


"စိတိတဗ္ဗံ ပူဇေတဗ္ဗန္တိ စေတိယံ" ဝိဂြိုဟ်သံဗျူပ္ပတ်ကို ရည်မျှော်လျက် စေတီတော်တည်းဟူသော မြတ်စွာ ဘုရားကြီး တပည့်တော်သည် ကာယ ဝစီ မနော ချိုလျက် သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည် သဒ္ဓါ အလွန်ရှိသေစွာ ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏ အရှင်ဘုရား။

(၂+၃+၄) မြို့သူနယ်သား တို့သူငါအများတို့၏ ဘူမိနက်သ မြေအမှန်ကို ရာကြံသတ်မှတ် ကောင်းမြတ်သော ဟိုပုံးမြို တော်အရပ်၌ တည်ရှိတော်မူပေထသော···

စေတီတော်အတွင်း ဓာတ်တော်မွေတော်မျာ သွတ်သွင်းလျက် ဌာပနာခြင်း ပြုတော်မူသည့်အဖြစ်ကြော မွေတော်ဘုရားကြီးဟူ၍ အသက်သဏ္ဍာန် ရှိပာန်အလာ ဂုဏ်တော်များမကုန် အမှန်ပွားများရပါသော အကြင် မြတ်စွာ ဘုရားသည်၊ ကာလနှစ်ပေါင်း လွန်ကြာညောင်းလည်း ခေ ပောင်းကို ကျော်၊ ခေတ်သစ်ကို မျှော်လျက် ယနေ့သော်တို ထင်ရှားမသေ့ တည်ရှိတော်မူပါပေ၏။

ထိုမွေတော်တည်းဟူသော မြတ်စွာဘုရားသ အရဟံ စသည် အပြားကိုးပါးသော ဂုဏ်တော်အားဖြ ထင်ရှားရှိရ သုသမ္ဗုဒ္ဓသည်သာလျှင်···


ထိုမွေတော်စေတီတည်းဟူသော မြတ်စွာဘု ကြီး၏ တရားတော်သည် သွက္ခတ စသည် အပြားခြောက် သော ဂုဏ်တော်အားဖြင့် ထင်ရှားရှိရ သုဓမ္မသည်သ





www.burmeseclassic.com

www.burmeseclassic.com



[illegible]ချင်…

ထိုမွေတော်တည်းဟူသော စေတီတော်မြတ်ဘုရား[illegible] သံဃာတော်မြတ်အပေါင်းသည် သုပ္ပဋိပန္န စသည့်[illegible]ကိုးပါးသော ဂုဏ်တော်အားဖြင့် ထင်ရှားရှိရ သုသံဃ[illegible]ညီသာလျှင်…

အကြင်ကြောင့် စင်စစ်မသွေ ရှိရလေ၏။ ထိုသို့[illegible]မ္ဗုဒ္ဓဂုဏ်တော်၊ သုဓမ္မဂုဏ်တော်၊ သုသံဃဂုဏ်တော်[illegible] အဖြစ်ကြောင့် မွေတော်စေတီတော်တည်းဟူသော[illegible]ဘုရားကြီးနှင့်တကွ တရားတော်မြတ်နှင့် သံဃာတော်[illegible]အပေါင်းကို တပည့်တော်သည် ကာယ ဝစီ မနောချီ[illegible] သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်စွ[illegible] ခိုသေစွာ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

### ဆုတောင်းအနက်

- [illegible] - စင်စစ်ကေန် အမှန်မလွဲ တထစ်ချ စိတ်ဝယ်စွဲလျက်။
- [illegible]နေယျ - ရှိခိုးအပ်၊ ရှိခိုးသင့်၊ ရှိခိုးထိုက်တော်မူသော။
- [illegible] - ဂုဏ်အပေါင်းတို့ကို အစိုးရခြင်း ရှိတော်မူသော။
- [illegible]ဘွယံ - ရတနာမြတ်သုံးပါးအပေါင်းကို။
- နမက္ကာရော နဘာဝေန - ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ကန်တော့ရသော အာနဘော်ဟုန် တန်ခိုးကြောင့်။
- အမတံ ပဒံ - သေခြင်းကင်းရာအမှန် မြတ်နိဗ္ဗာန်သို့။
- ပပ္ပေါမိ - ရောက်ရပါလို၏ အရှင်ဘုရား။ (ဝါ) ပမ္ပောမိ လေးပါးမဂ်ဉာဏ် အမြင်မှန်ဖြင့် ကေန်မုချ အသော့ရောက်၍ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

◈◈◈

ဤသို့ ရေးသမိုင်းဝင် ပေါ်လွင်ထင်ရှား အံ့ဖွယ် တန်ခိုးကြီးမားသော *ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံး သီရိမင်္ဂလာ* ရွှေချမ်းသာ မွေတော်ဘုရားကြီးသို့ တစ်ခါတစ်ခေါက် ဘုရားဖူး ကြွရောက်ကြပါရန်အတွက် နိဗ္ဗာန်အကျိုးကို ရည်မျှော်၍ ဘုရားဖူးဖိတ်ခေါ်လိုက်ရပါကြောင်း… ■

* * *

ဇေဒသူဇေသီဆရာမျိုး

ကိုးကား ၊

- ဟိုပုံးမြို့ သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီးသမိုင်းအကျဉ်း (ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့)။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မုန်းခင်
(ကြို့ပင်ကောက်-လယ်တီ)

# အဆီးအတား အန္တရာယ်များမှ လွတ်ကင်းသည့် မဟာကတ္တိနဂါထာ

လူသားများတို့သည် စားဝတ်နေရေးဟူသော အရေး သုံးပါးအတွက် နေထွက်မှ နေဝင် သွားလာလှုပ်ရှားရုန်းကန် ရှာဖွေလျက် မိမိဘဝ၊ မိမိ မိသားစုတို့ မတောင့်မတ စား သောက်နေထိုင်နိုင်ကြရန် စီးပွားဥစ္စာတို့အား အမျိုးမျိုးရှာဖွေ လုပ်ကိုင်လျက်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

စီးပွားဥစ္စာရှာဖွေလုပ်ကိုင်ကြရာတွင် တချို့လူများမှာ ကုန်းကြောင်းခရီး၊ တချို့လူများမှာ လေကြောင်းခရီးနှင့် တချို့လူများမှာ ရေကြောင်းခရီးဖြင့် နေ့စဉ်သွားလာ၍ စီးပွားဥစ္စာရှာဖွေလျက်ရှိကြရာ ရေကြောင်းသွား ခရီးသည်တို့မှာ အန္တရာယ်အမျိုးမျိုးတို့ဖြင့် ရင်ဆိုင်ကြရလျက်ရှိသည်။

အန္တရာယ်များနှင့် ရင်ဆိုင်သွားလာနေလျက်ရှိကြရာ အဆိုးဆုံးမှာ သဘာဝဘေးအန္တရာယ်ဖြစ်သော လေမုန်တိုင်းပင် ဖြစ်လေသည်။ မြစ်ပြင် ပင်လယ်တွင် သွားလာလုပ်ကိုင်နေကြရသူများမှာ ရုတ်တရက် ကျရောက်လာသော လေမုန်တိုင်းကြောင့် မြစ်ပြင် ပင်လယ်အတွင်း လှိုင်းထန် လေပြင်းမုန်တိုင်းမိပါက အသက်အန္တရာယ်အား စိုးရိမ်ရလေတော့သည်။

သဘာဝ ဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကင်းလွတ်စေရန် ဘာသာတရားများအရ မိမိတို့ယုံကြည်ရာ ဘာသာတရားအဆုံးအမများ ရှိကြလေရာ ဗုဒ္ဓဘာသာဝင်များတို့အဖို့ ရေလမ်းခရီးသွားရောက်လေသောအခါ အန္တရာယ်အသွယ်သွယ်ကြားမှ ကင်းပျောက် လွတ်မြောက်စေရန် "မဟာကပ္ပိန ဂါထာတော်" နှင့် သမိုင်းစဉ်အကျဉ်းအား ရေးသားဖော်ပြပါသည်။

◈◈◈

ကုက္ကုဋဝတီပြည့်ရှင် မဟာကပ္ပိနမင်းကြီးသည် မင်းသည်ကျော် လေးဦးတို့ကို စေလွှတ်၍ နေပြည်တော်ပတ်ဝန်းကျင်၌ ရတနာသုံးပါးသတင်းကို နေ့စဉ် စုံစမ်းစေခဲ့သည်။ သို့သော် သတင်းကောင်းကို မရရှိဘဲ ဖြစ်နေခဲ့သည်။

တစ်နေ့သောအခါ မဟာကပ္ပိနမင်းကြီးသည် အမတ်တစ်ထောင်ခြံရံလျက် မြင်းကိုယ်စီဖြင့် ဥယျာဉ်တော်သို့ ထွက်ခွာလာခဲ့သည်။ ထိုအခါ မင်းကြီးသည် နေပြည်တော်နှင့် ယူဇနာ ၁၂၀ ကွာဝေးသော သာဝတ္ထိပြည်မှ လာကြသည့် ကုန်သည် ငါးရာတို့ကို တွေ့၍ သတင်းစကား မေးမြန်းလေသည်။

မင်းကြီးသည် ကုန်သည် ငါးရာတို့ထံမှ သာဝတ္ထိပြည်၌ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ပွင့်ထွန်းနေကြောင်း သတင်းကောင်းကို ကြားလိုက်ရသည်။ ထိုသတင်းကောင်းအတွက် မင်းကြီးသည် ရတနာတစ်ပါးကို အသပြာတစ်သိန်းအဖြစ် ဆုတော်ငွေ အသပြာသုံးသိန်းကို ကုန်သည်တို့အား ပေးသနား ပူဇော်လိုက်သည်။

မဟာကပ္ပိန မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် မြင်းခုံတိုင်ပင်ကြပြီး ရောက်ရာနေရာမှပင် မြတ်စွာဘုရားထံ ဆက်လက်သွားရောက်၍ ရဟန်းပြုကြရန် ဆုံးဖြတ်ကြသည်။

သိန္ဓောမြင်း ကိုယ်စီစီး၍ သာဝတ္ထိပြည်သို့ ထွက်ခွာလာခဲ့ကြရာ လမ်းတွင်း တစ်ဂါဝုတ်နက်၍ နှစ်ဂါဝုတ်ကျယ်သော အပရစ္ဆာမြစ်ကြီး ရေမှ ကာဆီးနေသည်ကို တွေ့ကြရသည်။ ထိုအခါ မဟာကပ္ပိနမင်းကြီးသည် တစ်ဖက်ကမ်းသို့ ကူးသွားနိုင်ရန် လှေမရှိ၊ ဖောင်မရှိဖြစ်ပြီး အခက်တွေ့နေသဖြင့် "ငါသည် ရတနာသုံးပါးကို ရည်စူး၍ တောဝင်လာသူ စင်စစ်ဖြစ်ပေ၏။ ငါ့အဖို့ ရတနာသုံးပါးတို့၏ အာနုဘော်ကြောင့် ဤရေသည် ရေကဲ့သို့ မဖြစ်ပါစေသတည်း" ဟု ဘုရားဂုဏ်ကို အာရုံပြု၍ ဂါထာကို နှုတ်မှ ရွတ်ဆိုကာ အခြံအရံ အမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်နှင့်တကွ အပရစ္ဆာမြစ်ကြီးကို ဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပြင်ပေါ်၌ကဲ့သို့ ပြေးသွားကြရသည်။ ခွာများတို့ကိုပင် ရေကြည်တစ်ပေါက်မှ မစွတ်စိုပေ။

ပထမ အပရစ္ဆာမြစ်ကြီးကို ဖြတ်ကူးစဉ် မဟာကပ္ပိန မင်းကြီး ရွတ်ဆိုသော ဂါထာမှာ -

*ဘာဝသောတံ ဟဝေ ဗုဒ္ဓေါ၊*
*တိဏ္ဏော လောကန္တဂူ ဝိဒူ၊*
*တေန သစ္စ ဝဇ္ဇေန၊*
*ဂမနံ မေ သမိဇ္ဈတု၊ ။*

**မြန်မာပြန်**

ဗုဒ္ဓေါ- ဗုဒ္ဓမည်ရ လောကထွတ်ထား မြတ်စွာဘုရားသည်၊ ဟဝေ - စင်စစ်၊ ဘဝသောတံ - ဘဝသုံးသွယ် ရေပြင်ကျယ်ကို၊ တိဏ္ဏောနိဗ္ဗု - ထုတ်ချောက် ကူးမြောက်တော်မူပြီးလေပြီ။ လောကန္တဂူ - လောက၏ အဆုံးသို့ ရောက်တော်မူလေပြီ။ ဝိဒူ - ခပ်သိမ်းသော တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ။ တေန သစ္စ ဝဇ္ဇေန- ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်၊ မေ - အကျွန်ုပ်၏၊ ဂမနံ - မြတ်ဘုရားထံမှောက် သွားရောက်ခြင်းသည်၊ သမိဇ္ဈတု - ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

(ရွတ်ဖတ်နည်း။ ဗုဒ္ဓေါ-ဗုဒ်ဓော၊ တိဏ္ဏော- တိဏ်ဏော၊ လောကန္တဂူ - လောကန်တဂူ၊ သစ္စ- သစ်စ၊ ဝဇ္ဇေန- ဝဇ်ဇေန၊ သမိဇ္ဈတု- သမိဇ်ဈတု ဟု အသံထွက်၍ ဖတ်ရမည်။)

◈◈◈

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ထိုအပရစ္ဆာမြစ်ကြီးကို ကူး၍ ရှေ့သို့ ခရီးဆက်ခဲ့ရာ ယူဇနာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဝက်နက်ပြီး ယူနေသာတစ်ဝက်ခန့် ကျယ်သော နီလဝါဟိနီမြစ်ကြီး ကာဆီးနေသည်ကို တွေ့ကြရပြန်သည်။

မင်းကြီးသည် မြစ်ကို ကူးရန် လှေမရှိ၊ ဖောင်မရှိ ဖြစ်နေသဖြင့် တရားဂုဏ်တော်ကို အာရုံပြု၍ ဂါထာကို နှုတ်မှ ရွတ်ဆိုလျက် အခြံအရံ အမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်နှင့်အတူ နီလဝါဟိနီမြစ်ကြီးကို ဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပြင်ပေါ်မှာကဲ့သို့ ပြေးသွားကြရသည်။ ခွာများကိုပင် ရေကြည်တစ်ပေါက်မျှ မစွတ်ပေ။

ဒုတိယမြောက် နီလဝါဟိနီမြစ်ကြီးကို ဖြတ်ကူးစဉ် မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသော ဂါထာမှာ -

***ယဒိ သန္တိဂမော မဂ္ဂေါ၊***
***မောက္ခော စစ္စန္တိကံ သုခံ၊***
***တေန သစ္စ ဝဇ္ဇေန၊***
***ဂမနံ မေ သမိဇ္ဈတု။ ။***

**မြန်မာပြန်**

မဂ္ဂေါ- အရိယာမဂ်လေးပါးသည်၊ ယဒိ- စင်စစ်၊ သန္တိဂတော- နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်၏။ မောက္ခောစ- အရိယာမဂ်ဖြင့် ရောက်အပ်သော နိဗ္ဗာန်တရားမြတ်သည်လည်း၊ စစ္စန္တိကံ သုခံ - ချမ်းသာစစ်စစ် ကေန်ဖြစ်၍၊ တေန သစ္စ ဝဇ္ဇေန - ဝစီမဂ်လာ၊ ဤသစ္စာစကားကြောင့်၊ မေ- အကျွန်ုပ်၏၊ ဂမနံ - မြတ်ဘုရားထံမှောက် သွားရောက်ခြင်းသည်၊ သမိဇ္ဈတု- ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

(ရွတ်ဖတ်ရန်နည်း။ သန္တိ - သန်တိ၊ မဂ္ဂေါ- မဂ်ဂေါ၊ မောက္ခော - မောက်ခေါ၊ စစ္စန္တိကံ - စစ်စန်တိကံဟု အသံထွက်၍ ဖတ်ရမည်။)

◈◈◈

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် နီလဝါဟိနီမြစ်ကို ဖြတ်၍ ကူးပြီး ရှေ့သို့ ခရီးဆက်ခဲ့ရာ တစ်ယူနောနက်ပြီး တစ်ယူနောကျယ်သော စန္ဒဘာဂါမြစ်ကြီး ကာဆီးနေသည်ကို တွေ့ကြရပြန်သည်။ မင်းကြီးသည် မြစ်ကို လှေမရှိ၊ ဖောင်မရှိဖြစ်နေသဖြင့် သံဃာဂုဏ်တော်ကို အောက်မေ့ကာ အောက်ဖော်ပြပါ ဂါထာကို နှုတ်မှ ရွတ်ဆိုလျက် အခြံအရံ အမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်တို့နှင့်အတူ စန္ဒဘာဂါမြစ်ကြီးကို ဖြတ်ကူးကြရသည်။ ရေ့မှာကဲ့သို့ပင် မြင်းခွာများကို ရေကြည်တစ်ပေါက်မျှ မစွတ်စိုပေ။

တတိယမြောက် စန္ဒဘာဂါမြစ်ကြီးကို ဖြတ်ကူးစဉ် မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသော ဂါထာမှာ -

***သံဃော စ တိဏ္ဏော ကန္တာရော၊***
***ပုညခေတ္တော အနုတ္တရော။***
***တေန သစ္စ ဝဇ္ဇေန၊***
***ဂမနံ မေ သမိဇ္ဈတု။ ။***

**မြန်မာပြန်**

သံဃော - အရိယာ သံဃာတော်မြတ်သည်၊ စ- စင်စစ်၊ တိဏ္ဏော ကန္တာရော - သံသရာ ခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပေ၏။ အနုတ္တရော - အတုမရှိ လွန်မြတ်သော၊ ပုညခေတ္တော - ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေစစ် ပုညခေတ်လည်း ဖြစ်ပါပေ၏။ တေန သစ္စ ဝဇ္ဇေန - ဝစီမဂ်လာ၊ ဤသစ္စာစကားကြောင့်၊ မေ- အကျွန်ုပ်၏၊ ဂမနံ - မြတ်ဘုရားထံမှောက် သွားရောက်ခြင်းသည်၊ သမိဇ္ဈတု - ထမြောက်ကုံလုံ ပြည့်စုံရပါစေသတည်း။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် စန္ဒဘာဂါမြစ်ကြီးကို ဖြတ်ကူးကြပြီးနောက် မြတ်စွာဘုရားထံမှောက် ရောက်ရှိကြ၍ တရားနာကြရသဖြင့် အားလုံး သောတာပတ္တိဖိုလ်၌ တည်ကြပြီး "ဧဟိ ဘိက္ခု ရဟန်း ဖြစ် လာကြသည်။ ထိုရဟန်းတော်များအားလုံးသည် ပဋိသမ္ဘိ ပတ္တ ရဟန္တာချည်း ဖြစ်တော်မူကြလေသည်။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် မြတ်စွာဘုရားထံ သွားရောက်ကြကြောင်း ကုန်သည် ငါးရာ ပြောကြားချက်အရ သိရှိရသော "အနောဇာဒေဝီ" နှင့် အမတ် ကတော် တစ်ထောင်တို့သည်လည်း မဟာကပ္ပိနမင်း အမတ်တစ်ထောင်နည်းတူ မြတ်စွာဘုရားထံသို့ လိုက်သွား ကြလေသည်။

မြတ်စွာဘုရားထံသို့ လိုက်သွားကြရာ မြစ်သုံးမြစ် ဖော်ပြခဲ့သော ဂါထာ သုံးဂါထာရွတ်၍ ကူးနိုင်ကြသည်။ မြတ်စွာဘုရားထံ ရောက်သောအခါ တရားတော်ကို နာကြ ရပြီး အားလုံး သောတာပန်ဖြစ်ကြကာ ဥပ္ပလဝဏ်ထေရီ ၏ ဆောင်ရွက်ပေးမှုကြောင့် အားလုံး ဘိက္ခုနီမ ဖြစ်လာကြ သည်။

မိမိတို့ ခရီးသွားလာရာတွင် လည်းကောင်း၊ စစ်ထွက် ရာတွင် လည်းကောင်း၊ ဖော်ပြပါ မြစ်ကူးဂါထာ သုံးဂါထာ ကို ရွတ်ဆိုသွားလျှင် လမ်းခရီး၌ အဆီးအတား အန္တရာယ် များ မရှိ ကင်းမည်ဖြစ်သည်။ ရတနာသုံးပါးဂုဏ်ကို အာရုံပြု ၍ ယုံကြည်စွာ ရွတ်ဆိုရင် ဖြစ်ပါသည်။ ■

* * *

ချစ်မှုန်းခင်(ကြို့ပင်ကောက်-လယ်



www.burmeseclassic.com


www.burmeseclassic.com
မြတ်သုခ
အမှတ်တံဆိပ်
အဆီကျဆေး
မှတ်ချက်
ပိန်ဆေး
မဟုတ်ပါ
TMR 008397(0314)
အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူဖြိုးနေသော ကိုယ်ခန္ဓာကို အဆီကျ ကျစ်လျစ်လှပ သွားစေရမည်။
ကေသီပန်သွေးပုပ်ချဆေး
ကေသီပန်ဝမ်းပျော့အကြောပြေဆေး
ကေသီပန်ဆေးပရုတ်ဆီ
မင်းသုခ ခေါင်းကြည်ရုပ်ပေါ့ဆေး
ရွှေသွေး သူငယ်နာရင်လှူးဆေး
ထူးရှယ် ဒဏ်ကျေလိမ်းဆေး
မြတ်သုခ အဆီကျဆေး
Kathy Pan
မြတ်ချမ်းသာဆေးတိုက်
အမှတ် ၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၁၀၃၆၇၊ ၅၁၀၆၁၇
www.burmeseclassic.com

www.burmeseclassic.com

စာပေလောကကြီးထဲမှာရော၊ လူ့လောကကြီးထဲမှာပါ ဇာတ်တော်လာအရ ဇာတ်ကောင်တွေရဲ့ အမည်နာမတွေဟာ မပျောက်မပျက် တည်ရှိနေကြတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ပြောရရင် အလှူအတန်းရက်ရောသူကို ဝေဿန္တရာ၊ အစားကြီး အစားပုတ်သူကို ဇူဇကာပုဏ္ဏား၊ စကားနည်းသူကို တေမိ၊ မကောင်းကြံလို့ ဖျက်လိုဖျက်ဆီးလုပ်သူကို ဒေဝဒတ်၊ မာရ်နတ်၊ အဓိပ်ပုတ်သူကို ကာလနဂါး ရှုမူးရလောက်အောင် လှပသူကို ဥမ္မာဒန္တီလို့ အဲဒီလို ဇာတ်တော်လာအရဖြစ်တဲ့ ဇာတ်ကောင်တွေရဲ့ အမည်နာမတွေကို တင်စားလို့ သုံးနှုန်းနေကြပါတယ်။ သိကြမှာပါ။

အမိက ပြောချင်တာက အဲဒီ ဇာတ်တော်လာအရထဲက ပါတဲ့ ဥမ္မာဒန္တီရဲ့အကြောင်းပါ။ သူမဟာ တွေ့မြင်ရသူအပေါင်း အရူးအမူး ဖြစ်ရလောက်အောင်ကို လှပနေတာရယ်၊ ဘာကြောင့်များ




သန်းဝင်း(ဘဏ်)

# ဥမ္မာဒန္တီမင်းသမီးလေးလို လှချင်ရင်

www.burmeseclassic.com

www.burmeseclassic.com

လောက် လုပနေရတာလဲ ဆိုတာကိုပါ။

ပဏ္ဏာသနီပါတ်၊ ဥမ္မာဒန္တီဇာတ်တော်လာအရ သိဝိ အရဋ္ဌပုရမြို့မှာ ကဋ္ဌေရှစ်ဆယ်လောက် ကြွယ်ဝတဲ့ ဝစ္ဆ သူဌေးကြီးမှာ မြတ်သောအဆင်းကို ဆောင်ပြီး တယ်ခြင်း ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံလုပတဲ့ ကောင်း သော ကြန်အင်လက္ခဏာတို့နဲ့ ပြည့်စုံတဲ့ သမီး ယောက် မွေးဖွားခဲ့ပါတယ်။ "ဥမ္မာဒန္တီရယ်"လို့ အမည် ခေါ် ကြပါတယ်။

ဥမ္မာဒန္တီဟာ ၁၆နှစ်အရွယ်ရောက်လေတော့ အလှပေါ် ဆင့်ဆင့်ဆိုသလို အလှတွေတိုး ဖြိုးမောက်လို့ လာပါ တယ်။ နတ်သမီးလေးတစ်ပါးလို လှပလာပါတယ်။ ရှုချင် ကြည်ညိုစဖွယ်၊ မြတ်သော အဆင်းတွေနဲ့လည်း လာခဲ့ပါတယ်။

အဲဒီလို လှပပြီး ချစ်စဖွယ်ကောင်းတဲ့ ဥမ္မာဒန္တီ သမီးလေးကို မြင်တွေ့ကြရသူ ပုရိသအပေါင်းဟာ သောအားဖြင့် ကိုယ်ကို ဆောင်အံ့သောငှာ မတတ် ကြကုန်၏။ သူရာယစ်သောသူများကဲ့သို့ ကိလေသာ ယစ်ခြင်းဖြင့် ယစ်ကုန်သည်ဖြစ်၍၊ သတိကို ဖြစ် စွမ်းနိုင်သောသူ မရှိကုန်လို့ ဆိုပါတယ်။ သဘော ဥမ္မာဒန္တီရဲ့ အလှကို မြင်လိုက်ရတာနဲ့ အလှမှာ ဆောက်တည်ရာမရ ဖြစ်ကုန်ကြခြင်းဖြစ်ပါတယ်။ ကို လုပတဲ့ ဥမ္မာဒန္တီပါ။

အဲဒီလိုလှပလွန်းတဲ့ ဥမ္မာဒန္တီကို သူမရဲ့ ဖခင်ဖြစ်တဲ့ သူဌေးကြီးဟာ ဘုရင် သိဝိမင်းကြီးထံ ချဉ်းကပ် အကျွန်ုပ်မှာ မိန်းမမြတ် ရတနာတစ်ပါးရှိကြောင်း တင်ပါတယ်။ သိဝိဘုရင်လည်း သူ့ရဲ့ လက္ခဏာ ဖတ်ပုဏ္ဏားအပေါင်းကို လျှို့ဝှက် စေလွှတ်ပြီး လုမ်းခြင်း အမှုကို ပြုစေပါတယ်။

ဒီတော့ ဥမ္မာဒန္တီဟာ အလုံးစုံသော တန်ဆာတို့ကို ပြီး ပုဏ္ဏားတို့ ရှိရာကို ရောက်လာပါတယ်။ ပုဏ္ဏား ည်း ဥမ္မာဒန္တီကို တစူးတစိုက်ကြည့်ကြပြီး မှင်သက် ကြက်သေသေသလိုချည်း ဖြစ်နေပါသတဲ့။ လွတ်လည်း ဖြစ်ကြကုန်ပါတယ်။ မိမိတို့ရတနာ မင်း စားနေမှန်းကိုတောင် သတိမရကြတော့ပါ လည်း ထမင်းလုတ်ကို စားအံ့ဟူသော အတွက် ပေါ်သို့ ထမင်းတွေ တင်ကြကုန်၏။ အချို့သော သည် ထမင်းများကို လက်ကတီးကြားသို့ ချကုန် အချို့သော ပုဏ္ဏားတို့သည် နံရံကို တိုးဝှေ့ကြကုန် ၏။ အဲဒီလို ဥမ္မာဒန္တီရဲ့ အလှမှာ ယစ်မူးပြီး ရူးသွပ်ကြကုန် ပါတယ်တဲ့။

နောက်ဆုံးပြောရရင် သိဝိဘုရင်ကြီးတောင် ဥမ္မာဒန္တီ ကိုမြင်လိုက်ရတာနဲ့ မစားနိုင်၊ မအိပ်နိုင်နဲ့ သောကရောက်ခဲ့ ရတယ်လို့ဆိုပါတယ်။

ဒါက ဥမ္မာဒန္တီရဲ့ အလှဟာ သာမန် အမျိုးသမီးတွေရဲ့ အလှနဲ့ မတူဘဲ၊ တစ်မူထူးခြားစွာ လှနေတာ၊ အရူးအမူး ဖြစ်ရလောက်အောင်ကို လှနေကြောင်း ပြဆိုခြင်းပါ။

ဥမ္မာဒန္တီဟာ မြင်ရသူအပေါင်း သတိလွတ်ကင်းဖြစ်ရ လောက်အောင် ဘာကြောင့်လှနေတာလဲ ဆိုတာကို စေ့ငု ကြည့်ကြရအောင်ပါ။

အကြမ်းအားဖြင့် ပြောရရင် ဥမ္မာဒန္တီဟာ ကောင်းမှုကံ စေတနာအကျိုးပေးတစ်ခုကြောင့်ရယ်ပါ။ အဲဒါက ဝတ်ပန်း ဆိုးအဝတ်ကို ပေးလှူခဲ့ခြင်း အကျိုးဆက်အားကြောင့် ဤရွေ့ဤမျှ လှပနေရခြင်း ဖြစ်ပါတယ်တဲ့။

ဆိုရသော် ဥမ္မာဒန္တီဟာ လွန်ခဲ့သော ဘဝအခါက ဗာရာဏသီပြည်ကြီးမှာ ပွဲလမ်းသဘင်ကျင်းပနေလေရတော့ ကောင်းမှုကံတွေနဲ့ ပြည့်စုံကြတဲ့ မိန်းမပျိုတွေဟာ ဝတ်ပန်း ဆိုးအဝတ်တွေကို ဝတ်ဆင်ကြပြီး အဆင်တန်ဆာတွေနဲ့ ကခုန် ပျော်မြူးနေကြတာကို ဥမ္မာဒန္တီတွေ့ မြင်ခဲ့ရပါတယ်။

အဲဒီအခါမှာ သူမရဲ့ မိဘတွေဆီကို ပွဲလမ်းသဘင်မှာ ဝတ်ပန်းဆိုးကို ဝတ်ပြီး ကခုန် ပျော်ရွှင်လိုပါကြောင်း ပြောပါ တယ်။ မိဘတွေကလည်း…

"ချစ်သမီး… ငါတို့ဟာ အလွန်ဆင်းရဲသူများ ဖြစ် ကြောင်း၊ ထို တန်ဖိုးကြီးလှသော ဝတ်ပန်းဆိုးကို ဝယ်ယူပေး နိုင်ခြင်းငှာ မည်သို့မျှ မစွမ်းနိုင်ပါကြောင်း"

ပြောပြပါတယ်။ ဒီတော့ ဥမ္မာဒန္တီက …

"ဒီလိုဖြင့် အဖေရယ်၊ သူကြွယ်တို့ရဲ့ အိမ်မှာ အနိုင်း အစေ ကျေးကျွန်ပြုပြီး အဲဒီ ဝတ်ပန်းဆိုးထည်ကို ရအောင် ယူပါရစေ"

လို့ တောင်းပန် တိုးလျှိုးပြောလေတော့ မိဘတို့က လည်း မတားရက်တော့ဘဲ ခွင့်ပြုခဲ့ပါတယ်။

ဥမ္မာဒန္တီဟာ ဝန်ပန်းဆိုးတစ်ထည်ရဖို့အတွက် ၃နှစ် ကြာတဲ့အထိ သူကြွယ်တစ်ယောက်ရဲ့ အိမ်မှာ ကျေးကျွန် ပြုခဲ့ရပါတယ်တဲ့။ သူကြွယ်ကလည်း ဥမ္မာဒန္တီရဲ့ အောက်ခြေ သိမ်း ကြိုးစားလုပ်ကိုင်မှုတွေကို ကျေနပ်တာရယ်၊ သနား တာရယ်ပေါ့လေ၊ သုံးနှစ်မပြည့်ခင်မှာပဲ…

"ကဲ- ရှင်မ… ဝတ်ပန်းဆိုးပေးပါတော့မယ်။ ရှင်မ



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ သူငယ်ချင်းတွေကို ခေါ်ပြီး ရေမိုးချိုး ဝတ်ဆင်ပေတော့"

ဆိုပြီး ဝတ်ပန်းဆိုးကို ပေးပါတယ်။

ဥမ္မာဒန္တီကလည်း သူကြွယ်ပြောတဲ့အတိုင်း သူငယ်ချင်းတွေကို ခေါ်ပြီး ဝတ်ပန်းဆိုးထည်ကို ကမ်းနားစပ်မှာ ချပြီး ရေဆင်းချိုးပါတယ်တဲ့။

ရေချိုးနေစဉ်မှာ ကဿပဘုရားရှင်ရဲ့ တပည့်ဖြစ်တဲ့ ရဟန်းတစ်ပါးဟာ ခိုးသူတို့မှ သင်္ကန်းကို ယူခဲ့တာကြောင့် သင်္ကန်း မဆင်မြန်းနိုင်တော့ဘဲ သစ်ခက်၊ သစ်ရွက်တို့ကို ဖွဲ့သီလို့ ဝတ်ရုံအဖြစ် ဆင်မြန်းလာတာကို ဥမ္မာဒန္တီက တွေ့မြင်လိုက်ရပါတယ်။

မြင်လိုက်ရစဉ်အတွင်း ထိုရဟန်း၏ သင်္ကန်းသည် ခိုးသူတို့၏ ရန်ကြောင့်ဖြစ်ရလိမ့်မည်ဟု နှလုံးသွင်းလို့ …

"ငါသည် ရှေး၌လည်း အလှူမလှူဘူးသောအဖြစ်ကြောင့် အဝတ်တန်ဆာနည်းပါးခြင်း ဖြစ်ခဲ့ရလေ၏။ ထို့ကြောင့် ငါသည် ကြံုတုန်းကြံုခိုက် အလှူဒါနပြုရတော့မည်" ဟု ဆုံးဖြတ်ကာ ဝတ်ပန်းဆိုးထည်ကို နှစ်ပိုင်းဖြတ်၍ တစ်ပိုင်းကို …

"အရှင်ဘုရား… တပည့်တော်မရဲ့ အလှူကို လက်ခံတော်မူပါ ဘုရား"

ဟု ဇိုကာ ရှိခိုးပူဇော်ပြီး ဝတ်ပန်းဆိုးထည် အဝတ်တစ်ပိုင်းကို လှူလိုက်ပါတယ်။

မထေရ်သည်လည်း တင့်တယ် လျောက်ပတ်သော ဖုံးကွယ်ရာအရပ်သို့ သွားကာ သစ်ခက် သစ်ရွက်ဝတ်စုံကို စွန့်၍ တစ်ပိုင်းသော ဝတ်ပန်းဆိုးကို သင်္ကန်း၏ အစွန်းတစ်ဖက်ကဲ့သို့ ဝတ်ဆင်ပြီး တစ်ဖက်စွန်းကို ရုံကာ ထွက်လာခဲ့ပါတယ်။ အဲဒီအခါမှာ ဝတ်ပန်းဆိုးတည်းဟူသော သင်္ကန်းအရောင်ကြောင့် ထိုမထေရ်မြတ်၏ ကိုယ်လုံးသည် တက်သစ်သော နေလုလင်ကဲ့သို့ တစ်ခဲနက် နီမြန်းသော အရောင် ထွက်ပေါ်လာခဲ့ပါတယ်။

ဥမ္မာဒန္တီလည်း တအံ့တဩဖြစ်ကာ ဖူးမြော်ပြီး …

"မထေရ်သည် ယခင် တွေ့မြင်စနှင့် မတူ၊ တစ်မူထူးခြားတင့်တယ်တော်မူနေပါတယ်။ တက်သစ်စ နေလုလင်ကဲ့သို့လည်း တောက်ပသော ရောင်ခြည်တော်များ ထွက်ပေါ်နေပါတယ်။ ဤဝတ်ပန်းဆိုးထည်တစ်ပိုင်းကို ထပ်မံပြီး လှူဦးမှ"

ဟု ကြည်ညိုပီတိ စိတ်ညွတ်ကာ ထပ်မံပြီး လှူလိုက်ပြန်ပါတယ်။ ပြီးနောက် ပီတိအဟုန်နဲ့ …

"အရှင်မြတ်ဘုရား… တပည့်တော်မသည် ဤဝတ်ပန်းဆိုးကို ဝတ်ဆင်ချင်လွန်းဆန္ဒ အားကြီးလို့၊ သူကြ[…] တစ်ယောက်ရဲ့ နေအိမ်မှာ ၃နှစ်ခန့်မျှ ကျေးကျွန်ပြု၍ အ[…] အကျွေးအမှုကို ပြုခဲ့ရပါတယ်။ အခု အရှင်မြတ်အား […] ညိုစိတ် ပြင်းပြစွာဖြင့် ပေးလှူဒါန်းပါတယ်။ ဤကုသိုလ်[…] စေတနာအကျိုးအားကြောင့် ဘုရားတပည့်တော်မသ[…] ဘဝတိုင်း ဘဝတိုင်း မြတ်သောအဆင်းကို ဆောင်နိုင်သ[…] ဖြစ်ရပါလို၏။ ဘုရားတပည့်တော်မကို မြင်တွေ့ရသူ ပု[…] အပေါင်းတို့သည် စွဲလမ်းနှစ်သက်ခြင်း ဖြစ်ရပါလို၏"

ဟု ဆုတောင်းသစ္စာပြုခဲ့ပါတယ်။ မထေရ်မြတ်သ[…] လည်း တောင်းသည့်ဆုအတိုင်း ပြည့်စုံစေဟူ၍ အနုမော[…] ပြုကာ ကြွမြန်းတော်မူခဲ့ပါတယ်။

သူမလည်း သေလွန်သောအခါ နတ်ပြည်၌ ကျင်[…] ၍ လူ့ပြည်သို့ ရောက်လတ်သော် အရိဋ္ဌပုရပြည်၌ လုပ[…] အဆင်း၊ တင့်တယ်မှုအပေါင်းနှင့် ခညောင်း ပြည့်စုံ[…] ဥမ္မာဒန္တီမင်းသမီးလေးတစ်ပါး ဖြစ်လာခဲ့ပါတော့တယ်။

သို့ကလို ဥမ္မာဒန္တီအမျိုးသမီးသည် မြင်ရသူ ပု[…] အပေါင်းတို့ စိတ်လွတ်လက်လွတ်ဖြစ်ရလောက်အောင် […] ခြင်းသို့ ရောက်ရှိခဲ့ရခြင်းသည်ကား သံဃိက ဒါနတည်[…] သော မထေရ်မြတ်အား ဝတ်ပန်းဆိုး(သင်္ကန်း)လှူခဲ့ရ[…] စေတနာအကျိုးအားကြောင့် ဖြစ်ခဲ့ရပါကြောင်း သိ[…] လောက်ပါပြီ။

အချုပ်အားဖြင့် ဆိုရသော် သင်္ကန်းလှူခြင်း၏ […] မြတ်သော အကျိုးသည်ကား "ရွှေသို့ အဆင်း၊ မြူကြေး[…] ၍၊ ရောင်ဝင်းထိန်ပ၊ နူးညံ့ရ၏၊ မကာသီန်းဖို၊ ပုဆိုးရ[…] ညိုရွှေဖြူနီ၊ ဤရှစ်လီ၊ ကျမ်းညီသင်္ကန်းလှူခြင်းတည်း[…] ၍ ကျမ်းဂန်လာရှိပါတယ်။ အဓိပ္ပာယ်ကတော့…

၁။ အဆင်းလှခြင်း

၂။ မြူအညစ်အကြေးကင်းသော ကိုယ်ရှိခြင်း

၃။ ကိုယ်မှ အရောင်အရှိန်အဝါတောက်ခြင်း

၄။ တန်ခိုးအာနုဘော်ရှိခြင်း

၅။ သိမ်မွေ့ နူးညံ့သောကိုယ်ရှိခြင်း

၆။ ဝါရွှေသော အဝတ်ပုဆိုးများ ရရှိခြင်း

၇။ ဖြူသော အဝတ်ပုဆိုးများ ရရှိခြင်း

၈။ နီသော အဝတ်ပုဆိုးများ ရရှိခြင်း

စသည့် အကျိုးကျေးဇူးများ ကောန်ထုတ်ချောက် […] ပါကြောင်း …

* * *

သန်းဝင်း(−




www.burmeseclassic.com

www.burmeseclassic.com

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး–သု)

# အဇာသတ်သား နှင့် သားချစ်ဖခင်




အဇာတသတ်စာတော်တိုက်

...တသတ်မင်း၏ ခံတပ် (ရာဇဂြိုဟ်မြို့သစ်) ...က သရက်တောဥယျာဥ်မှ ဆက်လက်ထွက်ခွာခဲ့ ...မ်းဘယ်ဘက်ဘေးတွင် ကျောက်တုံးမြင့်မြင့်ကြီး ...ထားသည့် လေးထောင့် ပန္နက်ကွက်တံတိုင်းကို ...ရ၏ အဇာတသတ်မင်း၏ နန်းတော်သစ် နေရာ ...သည်။ အဇာတသတ်၏ ခံတပ်ဟုလည်း ခေါ်ကြ၏။ ... ကျောက်တုံးများဖြင့် တည်ဆောက်ထားကာ၊ ထို အပေါ်မှ အုတ်မြို့ရိုးကို ထပ်ဆင့်ပြုလုပ်ထား၏။ သို့ရာတွင် အုတ်များကို ဖျက်ယူကြသဖြင့် အနည်းငယ်သာ ကျန်ရှိတော့သည်။ မြို့ရိုးထု ၁၅-၁၈ပေနှင့် အချို့နေရာများတွင် ၁၁ပေခန့်ပင် မြင့်နေသေးသည်။ ရှေးကမူ ၁၈တောင်မျှ မြင့်သည်ဟု ကြားဖူးသည်။ ခံတပ်မြို့မှာ တစ်မိုင်ပတ်လည် ရှိ၏။ မြို့၏ တောင်ဘက်အထွက် ကားလမ်းအနောက်တွင် ရှေးဟောင်း မြို့တံခါးပေါက်ရှိသည်။ လက်ရှိ လူနေရပ်ကွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အဇာတသတ်နန်းတော်ရာအသစ်

ထိုခံတပ်၏ မြောက်ဘက်တွင် ရှိနေသည်။


ထိုအချိန်က ရာဇဂြိုဟ်မြို့တွင် မီး ခဏခဏလောင်ရာ အဇာတသတ်မင်းက မီး စ,လောင်သည့်အိမ်ကို မြို့ထဲမှာ မထား၊ မြို့ပြင်ထွက်နေရမည်ဟု အမိန့်တစ်ခုထုတ်ခဲ့၏။ တစ်နေ့ အဇာတသတ်မင်း၏ နန်းတော်မှပင် မီး စတင်လောင်ရာ မင်းလည်း သူ့အမိန့်ကို သူ ပြန်လေးစားသည့်အနေနှင့် ကတိတည်စွာဖြင့် နန်းတော်ရာအသစ်ကို မြို့ပြင်ထွက်ဆောက်တော်မူခဲ့လေသည်။ (မြန်မာပြည်တွင်လည်း ရခိုင်ဘုရင်တစ်ပါးသည် နန်းတော်တိုင်တွင် ကွမ်းစားပြီး ထုံးတို့မိသူကို လက်ညှိုးဖြတ်ပြီး အပြစ်ဒဏ်ပေးမည်ဟု အမိန့်ထုတ်ခဲ့ဖူး၏။ တစ်နေ့တွင် သူကိုယ်တိုင် နန်းတော်တိုင်ကို ထုံးတို့မိသဖြင့် သူ့လက်ညှိုးကို သူကိုယ်တိုင် သန်လျက်တော်ဖြင့် ဖြတ်ခဲ့ဖူးသည်ဟူသတတ်)။

## အဇာတသတ်မင်း နန်းဦးစေတီ

နန်းတော်သစ်နေရာနားတွင် နန်းဦးစေတီရှိသည်ဟု ကြားဖူးသော်လည်း ဆင်း မကြည့်ရသဖြင့် မရောက်ခဲ့ရ။ ထိုစေတီကို "အဇာတသတ်စေတီတော်"ဟုလည်း ခေါ်ကာ၊ မြို့သစ်၏ အရှေ့တောင်ဘက်တွင် ရှိသည်။ ဓာတ်တော်ဝေရာမှ အဇာတသတ်မင်း ရခဲ့သော ဓာတ်တော်များကို ထိုစေတီတော်တွင် ဌာပနာသွင်းကာ ကိုးကွယ်ခဲ့မည်ဟု ယူဆရ၏။ စေတီတော်မှာ ကျောက်တုံးများဖြင့် ပန္နက်တည်ထားသော ဖိနပ်တော်သာ ကျန်တော့သည်။ ယခုအခါ ယင်းအပေါ်တွင် ဘာသာခြားများက သင်္ချိုင်းပြုလုပ်ထား၏။ ဖာဟီယန်ကမူ မြို့သစ်အနောက်ဘက်ရှိ စေတီပေါင်းကို အဇာတသတ်စေတီဟု ဆိုခဲ့သည်။ နန်းတော်ရာ အသစ်ကို ကျော်လွန်လိုက်သည်နှင့် မြန်မာဘုန်းတော်ကြီးကျောင်းကို ရောက်လေ၏။ ကျောင်းမုခ်ဦးမှာ သီဟာသုခမ္မ မဏိဇော[...] ဓရ၊ သဒ္ဓမ္မဇောတိကဓဇ ရွှေမြင်တင် ဦးညို ကြီးကြ[...] ဆောက်လုပ်ထားခြင်းဖြစ်သည်။ ကျောင်းအဝင်ဝတွ[...] လက်ပွေ့ဈေးသည်လေးများလည်း ဘုရားဖူးများ လာမည်[...] သတင်းကြားရော့ထင့်၊ အသင့်ကြိုရောက်နေလေပြီ။ မြ[...] ကျောင်းဝမှ ကြည့်လျှင် အဇာတသတ်မင်း နန်းတော်ရာ[...] ကို လမ်းတစ်ဖက်တွင် ဆီးမြင်ရသည်။

မြန်မာကျောင်းမှာ ကျောင်းပေါင်းတစ်ခုဖြစ်၏။ [...] ကျောင်းတွင် အောင်ချမ်းသာ ဘုရားဖူးအဖွဲ့ ခေါင်းဆော[...] ဒေါ်သဇင်မြင့်အောင်၏ အဘိုးများ လှူခဲ့သော ကျောင်းတို[...] လည်း ရှိသည်။ ပဲခူးခရိုင်၊ ဒဂ္ဂလမြို့မှ ဦးပုတ်ကြီး၊ ဒေါ်[...] ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့မှ ဦးရွှေဝင်း၊ ဒေါ်ရွှေနှစ်၊ ရန်[...] မြို့မှ ဒေါ်နော်၊ ဦးမောင်ကလေး၊ ဒေါ်ကြော့တို့မှ လှူ[...] ဆောက်လုပ်ခဲ့သော ကျောင်းများဖြစ်၏။ ရေးတိုက်ကျော[...] ကြီးထဲ ဝင်လိုက်သည်နှင့် ညာဘက်တွင် ဗိုလ်ချုပ်အောင်ဆ[...] စာကြည့်တိုက်အခန်းကို မြင်ရ၏။ ဗိုလ်ချုပ်အောင်ဆ[...] ချိတ်ထားသည်။ အခန်းဝတွင် ရှေးက မြန်မာမျာ[...] ရှေးခေတ်ပေါင်း အောက်မေ့ဖွယ်၊ အဖြူအမဲ ဓာတ်ပုံပေါ[...] များကို စိတ်ဝင်စားစရာ မြင်ကြရသည်။ မနက်စာ[...] ထိုကျောင်းတွင် စားပြီး ဆရာတော်အား အလှူငွေပေး[...] ကန်တော့ကြသည်။

ကျောင်းရှေ့တွင် ဈေးခင်းရောင်းချသည့် လမ်း[...] ဈေးသည်လေးများထံမှ အမှတ်တရ ဆေးရောင်စုံ ပို့စ[...] များ စုချုပ်ထားသော စာအုပ်ရှည်လေးကို ဝယ်လိုက်သ[...] နာလန္ဒာ၊ မိဂဒါဝုန်၊ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာ၊ ကုသိနာရုံ စသ[...] နေရာများမှ ပုံများအပြင် ကျောက်ရုပ်တုများ ရှိသည့် [...]



ပိမ္ဗိသာရ ဆွန်ဘဏ္ဍာတိုက် လှုဏ်ထွင်းကျော[...]



www.burmeseclassic.com

www.burmeseclassic.com


တရားဟောသည်။

ထိုဂူ၏ အရှေ့ဘက် ကပ်လျက်တွင်လည်း အခြားဂူတစ်ခုရှိသေးရာ အားလုံးပေါင်း ကျောက်လိုဏ်ဂူ နှစ်ခုဖြစ်၏။ ကပ်လျက်ဂူမှာ အမိုးပွင့်နေပြီး ဂူ၏ တောင်ဘက်နံရံတွင် ရုပ်တုများ ရှိသည်။ ရုပ်တုများမှာ ဂျိန်းဘုရား ပဒမပဘူ၊ ပါသနာထနှင့် မဟာဝီရတို့၏ ပုံ (၆)ပုံဖြစ်၏။ အက္ခရာများလည်း ရေးထွင်းထားရာ အေဒီ ၃ရာစုခေတ်ကဟု ခန့်မှန်းရသည်။ မူလ ဗိမ္ဗိသာရမင်းကြီး ဘဏ္ဍာတိုက်ကို နှောင်းခေတ်များတွင် ဂျိန်းဘုန်းကြီးများ ဝင်ရောက်နေထိုင်ခဲ့သည်ဟု ယူဆရ၏။ အနောက်ဘက် ဂူအနီးတွင်လည်း အက်ကြောင်းပေါ်နေ၏။

ယင်းလိုဏ်ဂူကိုပင် ပထမ သင်္ဂါယနာတင်တော်မူခဲ့သည့် စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိလိုဏ်ဂူဟု အချို့က ဆိုပြန်သည်။ အထောက်အထား ကမ္ပည်းစာ မရှိသေးသော်လည်း ဝေဘာရတောင်နံရံတွင် ရှိခြင်း၊ ဘဏ္ဍာတိုက်ရှေ့



ဗိမ္ဗိသာရ ဆွန်ဘဏ္ဍာတိုက် လူထွင်းကျောက်ဂူ




ဗိမ္ဗိသာရ ဆွန်ဘဏ္ဍာတိုက် လူထွင်းကျောက်ဂူ


ဘုရားကျောင်းများမှ ပုံများလည်း ပါသည်။ "ကာမသျှတ္တရ" ...ကားကြီး ဇာတ်အိမ်တည်ရာ ပန်းပုဆရာလေး၏ ဟိန္ဒူဘုရားကျောင်းမှ ပန်းပုရုပ်တုပုံများလည်း ပါ၏။

### ဗိမ္ဗိသာရမင်း၏ ဆွန်ဘဏ္ဍာတိုက်

ကားများ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ဝေဘာရ ...ကျောက်တောင်စောင်း၊ အရှေ့ဘက် တောင်ခြေရင်းမှ ...ကျောက်တောင်ကို ထွင်းပြီး ပြုလုပ်ထားသော ဗိမ္ဗိသာရ ...ကြီး၏ ရွှေတိုက်-ဆွန်ဘဏ္ဍာ-သုဝဏ္ဏ ဘဏ္ဍာတိုက် (...n Bhandar Caves)လိုဏ်ဂူသို့ ရောက်လေ၏။ ...ကျောက်သားဂူကြီးတွင် ဝင်ပေါက်ကို ၄ထောင့် တိတိရိရိ ...ထားသည်။ ထိုဂူများသည် ဗိမ္ဗိသာရမင်း၊ အဇာတသတ် ...တို့၏ ဘဏ္ဍာတိုက်များဟု ဗုဒ္ဓဘာသာဝင်များက လက်ခံ ...ယုံကြည်ထားကြ၏။ ဂျိန်းဘာသာဝင်များကမူ ဂျိန်းဘုရား ...ဂူများဟု ဆိုကြ၏။ ဂူထဲတွင် လမ်းညွှန် ဘုန်းကြီးမှ



ဗိမ္ဗိသာရ ဆွန်ဘဏ္ဍာတိုက် လူထွင်းကျောက်ဂူ




ဗိမ္ဗိသာရ ဆွန်ဘဏ္ဍာတိုက် လူထွင်းကျောက်ဂူ




www.burmeseclassic.com

www.burmeseclassic.com



ဗိမ္ဗိသာရ ဆွန်ဘဏ္ဍာတိုက် လူထွင်းကျောက်ဂူ



ဗိမ္ဗိသာရ ဆွန်ဘဏ္ဍာတိုက် လူထွင်းကျောက်ဂူ

ဥပစာကွက်လပ်မှာ ပြန့်ပြူးသဖြင့် ရဟန္တာ ၅၀၀အတွက် မဏ္ဍပ်ဆောက်နိုင်ခြင်းများက ထိုသို့ တွေးချင်စရာဖြစ်၏။

### မြတ်စွာဘုရားအား ဗိမ္ဗိသာရမင်းကြီး ကြိုဆိုခဲ့သည့် နေရာလေလား

ဆွန်ဘဏ္ဍာတိုက်မှ တောင်ဘက် နှစ်ဖာလုံခန့်တွင် ရာဇဂြိုဟ်သို့ ပထမဆုံး ကြွလာသော ဘုရားရှင်အား ဗိမ္ဗိသာရမင်းကြီး ခရီးဦး ကြိုဆိုခဲ့ရာဟုဆိုသော နေရာရှိသည်။ ဒေသခံများက "အခုရ" ဟု ခေါ်ကြ၏။


ထိုနေရာမှ တောင်ဘက် တစ်မိုင်ခန့်တွင် ကျောင်းတော်ရာ အုတ်ခုံ၊ အုတ်တိုက်ပျက်များလည်း ရှိသည်။ "မဟာဘာရတ" ကျမ်းအရကား ဇရာသန္ဓမင်းကြီးနှင့် ဘီမတို့ နှစ်ဦး ခုနစ်ရက်တိုင်တိုင် တိုက်ခိုက်ကြပြီး ဇရာသန္ဓမင်းကြီး ရှုံးနိမ့်ပြီး အသတ်ခံခဲ့ရသော နေရာဖြစ်၏။ ရဏဘူမိ( ရာဏ-စစ်ပွဲ၊ ဘူမိ-မြေပြင်-စစ်မြေပြင်)ဟု ခေါ်ကြသည်။ ထိုနေရာသို့လည်း ကိုယ်တို့ ဘုရားဖူးအဖွဲ့ မရောက်ခဲ့ရပါ။

### ပထမသံဂါယနာတင်ရာ သတ္တပဏ္ဏိလိုဏ်ဂူ

ဘဏ္ဍာတိုက်၏ အနောက်ဘက် ၂မိုင်ခန့်အကွာတွင် ပထမ သင်္ဂါယနာတင်သည့် ဝိပ္ပလိကျောက်လိုဏ်ဂူ ရှိသည်ဟု လမ်းညွှန်က နှုတ်ထွက် စကားဖြင့်သာ ညွှန်းလေ၏။ ပြောဖော်ရသည်ပဲ တော်သေး၏ဟု တွေးလိုက်မိသည်။


ဝိပ္ပလိဂူမှ အထက်သို့ ဆက်တက်သွားလျှင် ဝေဘာရတောင်ထိပ် မြေပြန့်သို့ ရောက်မည်။ ယင်းတွင် ဂျိန်းဘုရားကျောင်းနှင့် မဟာဒေဝ ဟိန္ဒူဘုရားကျောင်းရှိမည်။ ယင်းမှ မြောက်ဘက် အနည်းငယ်ဆင်းသွားလျှင် တောင်ခါးပန်းရှိ

ဗိမ္ဗိသာရမင်းကြီးအကျဉ်းချထားခံရသည့် အကျဉ်းထောင်














www.burmeseclassic.com

www.burmeseclassic.com



ရှင်မောဂ္ဂလန်ကိုယ်တော်မြတ်ကြီးအား
ခိုးသူတို့ရိုက်နှက်နှိပ်စက်ရာတောင်

သတ္တပဏ္ဏိလိုဏ်ဂူသို့ ရောက်မည်။ ဂျိန်းဘာသာ စာပေများတွင် "ရောဟာနိယဂူ"ဟု ခေါ်၏။ ထိုဂူ၌ တရားတော်များကို နှစ်လတိုင်တိုင် ရွတ်ဆိုကာ ပထမ သင်္ဂါယနာတင်တော်မူခဲ့၏။ ထိုသဘာဝ ကျောက်လိုဏ်ဂူကို ကျိုးကန်းပါးစပ်ပုံဟန် ကျောက်ဖျာကြီးက မိုးထား၏။ ကျောက်ဖျာကြီးအောက်တွင် အတွင်းသို့ ဝင်ရန် ပ,စောက်ပုံ ခွက်ဝင်နေသော လိုဏ်ခေါင်းပေါက် ဖြစ်ရှိ၏။ စရည်းပင်ကြီးပေါက်ရာဖြစ်သော်လည်း ထိုအပင်ကြီးကား မရှိတော့။ လိုဏ်ဂူရှေ့ ဥပစာမြေကွက်လပ်မှာ ရှေ့ပိုင်း ၂၄ပေ၊ နောက်ပိုင်း ၁၂ပေကျယ်သည်။ ထိုမြေကွက်လပ် ပြိုကျသွားသဖြင့် ကျောက်နံရံအစားထိုး ပြုလုပ်ထားရ၏။ လိုဏ်ဂူဝတွင် ရွှေမြင်တင် ဦးညိုက ဘုရားရုပ်ပွားတော်တစ်ဆူ ပင့်ဆောင်ပေးထားသည်။ ယင်းနေရာသို့လည်း ခရီးစဉ်မှ ပို့မပေးခဲ့သဖြင့် စာပေထဲ ပါသမျှသာ ကားစီးရင်း စိတ်မှန်းဖြင့် မြင်ကြည့်ရပါ၏။

### သင်္ဂါယနာတင်ခြင်း ဟူသည်ကား

သင်္ဂါယနာတင်ခြင်းမှာ သဘောတူရာ စုပေါင်းရွတ်ဆိုခြင်းဖြစ်၏။ ဘုရားရှင် ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာ-ရှစ်သောင်းလေးထောင်တို့ကို အရှည်တည်တံ့စေရန် ရွတ်ဖတ် သရဇ္ဈာယ်ကြခြင်းပင်။

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး ၃လ၊ ၄ရက်အကြာတွင် အဇာတသတ်မင်း၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်မဟာကဿပ အမှူးပြုသော ရှင်ဥပါလိ၊ ရှင်အာနန္ဒာတို့ ဦးဆောင်လျက် ရဟန္တာ ၅၀၀တို့သည် ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်နံရံ၊ စရည်းပင်ရောက်ရာ သတ္တပဏ္ဏိလိုဏ်ဂူ၌ ပထမ သင်္ဂါယနာတင်တော်မူခဲ့၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၁၀၀ ကြာသောအခါ ဝေသာလီပြည်၊ ဝါလိကာရုံကျောင်းတော်၌ အရှင်မဟာယသ အမှူးပြုသော ရဟန္တာမထေရ်ကြီးများသည် ဒုတိယ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

သာသနာနှစ် ၂၃၅ ခုသို့ ရောက်သောအခါ ပါဋလိပုတ်နေပြည်တော်၊ အသောကာရုံကျောင်းတော်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အမှူးပြုသော ရဟန္တာမထေရ်ကြီးများသည် တတိယ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

သာသနာနှစ် ၄၅၀ ခုသို့ ရောက်သောအခါ သီဟိုဠ်ကျွန်း၊ မာတုလမြို့အနီးရှိ အာလောက လိုဏ်ဂူ၌ ရဟန္တာမထေရ်ကြီးများ စည်းဝေးတော်မူကြ၍ ပေထက်အက္ခရာဖြင့် စတုတ္ထ သင်္ဂါယနာတင်တော်မူကြသည်။

သာသနာနှစ် ၂၄၀၄ ခုတွင် မြန်မာနိုင်ငံ၊ ရတနာပုံ၊ မန္တလေးနေပြည်တော်၌ ပိဋကတ်သုံးပုံ ပါဠိတော်များကို ကျောက်ထက် အက္ခရာတင်၍ သာသနာနှစ် ၂၄၁၅ ခုတွင်၊ မင်းတုန်းမင်းကြီး၏ မြေနန်း ပြာသာဒ်တော်၌ သာသနာပြု ဆရာတော်ကြီးများ ၆လတိုင်တိုင် ပိဋကတ်သုံးပုံကို စုပေါင်းညီညာစွာ ရွတ်ဆို၍ ပဉ္စမ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

သာသနာတော်နှစ် ၂၄၉၈ ခုတွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ၅နိုင်ငံမှ သံဃာတော် ၂၅၀၀ တို့ စုဝေးကာ ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့ကြသည်။

### အဇာတသတ်မင်း၏ ဓာတ်တော်တိုက် (သို့မဟုတ်) မဏိယာမတ်


ရာဇဂြိုဟ်မြို့ဟောင်းအတွင်း ကားလမ်းဘေး၊ ခွဲန်ဘဏ္ဍာတိုက်၏ အရှေ့မြောက်ဘက် မနီးမဝေး၌ ဗုဒ္ဓဘာသာဝင်တို့အဆိုအရ မူလဓာတ်တော်တိုက် ရှိသေး၏။ ဂျိန်းဘာသာဝင်တို့ကမူ "မဏိယာမတ်ဂျိန်း ဘုရားကျောင်း"ဟု ပြောကြ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောအခါ မလ္လမင်းများက သူတို့နှင့် ထိုက်သဖြင့်သာ ကုသိနာရုံတွင် လာရောက်ပရိနိဗ္ဗာန်ဝင်ခြင်းဖြစ်သည်ဟု ဓာတ်တော်များကို မပေးချင်ခဲ့။ အခြားမင်းများကလည်း လိုချင်ခဲ့၏။ နောက်ဆုံးတွင် ဓာတ်တော်တောင်းခံလာသော မင်းများကို တက္ကသိုလ်ပညာသင်စဉ်က ဆရာဖြစ်ခဲ့ဖူးသော ဗြာဟ္မဏတိက္ကမရှိသည့် ဒေါဏပုဏ္ဏားကြီးမှ ညီမျှစွာ ဝေပေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်မြို့မှ မြန်မာဘုန်းတော်ကြီးကျောင်း

ရှင်မဟာကဿပ မထေရ်ကြီးက အဇာတသတ်မင်း၏ နောက်၌ ဆက်ခံလာမည့် မင်းတို့သည် သာသနာတော်ကို နှောင့်ယှက်ကြမည်။ ဓာတ်တော်တို့ကိုလည်း ဖျက်ဆီးကြမည်ဖြစ်ရာ ဓာတ်တော်တို့ကို သိမ်းဆည်းထားခဲ့ပါက အသောကမင်းကြီးသည် ထုတ်ယူ ပင့်ဆောင်ပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းအလုံး ပျံ့နှံ့အောင် ဆောင်ရွက်မည်ကို သိတော်မူ၏။ ထို့ကြောင့် ရှင်မဟာကဿပ အစီအံစဉ်ဖြင့် ကုသိနာရုံပြည်၊ ပါဝါပြည်တို့၌ ပြန့်ကျဲနေသော ဓာတ်တော်၊ မွေတော်များကို အဇာတသတ်မင်းကြီးက စုပေါင်း သိမ်းဆည်းခဲ့သည်။ ရာဇဂြိုဟ်မြို့ အရှေ့တောင်ထောင့်တွင် အတောင် ၈၀ နက်သော ကျင်းကြီးကို တူးစေကာ ပျက်စီးပျောက်ကွယ်ခြင်း မဖြစ်စေရန် မြှုပ်နှံ သိုဝှက်ထားခဲ့၏။ လျှို့ဝှက် ဓာတ်တော်တိုက်ကြီးတစ်ခုကို ဆောက်လုပ်စေခဲ့သည်။ ဓာတ်တော်တိုက်အကျယ်မှာ သီဟိုဠ် မဟာစေတီ၊ စစ်ကိုင်း ကောင်းမှုတော်များတမျှရှိပြီး၊ အတောင် ၈၀ နက်သည်။ ထိုအပေါ်တွင် ကျောက်စေတီငယ်ကို တည်ထားကိုးကွယ်စေ၏။ ထိုတွင်းမှ ရရှိသောမြေများကို အုတ်ပြုလုပ်၍ ယင်းအနီးတွင် မဟာသာဝက ကြီးများ၏စေတီအများအပြားကိုလည်း တည်ဆောက်ထားခဲ့၏။


ပြည်သူများကိုမူ ဓာတ်တော် လျှို့ဝှက်မြှုပ်နှံရာဟု မသိစေဘဲ စေတီများ တည်သည်ဟုသာ အသိပေးခဲ့၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၂၀၀ကျော်အကြာ သာသနာတော်နှစ် ၂၁၈ ခု အသောကမင်းကြီး နန်းတက်သောအခါ ထိုအဇာတသတ်မင်း ဓာတ်တော်တိုက်ကို ရှာဖွေတွေ့ရှိကာ ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။ တတိယသင်္ဂါယနာတင်အပြီးတွင် ယင်းမှ ဓာတ်တော်များကို ယူပြီး ဝေငှကာ မဇ္ဈိမဒေသအပြင် သီဟိုဠ်ကျွန်း၊ မြန်မာပြည် စသည့်

နေရာအနှံ့အပြားတွင် စေတီပေါင်း ၈၄၀၀၀ တည်ဆော
ရာ၌ ဌာပနာခဲ့သည်။

ထိုနေရာရှိ ပေ ၂၀. မြင့်သော အုတ်ခုံအပေါ်တွ
မူလက ဂျိန်းဘုရားကျောင်းတစ်ခုလည်း ရှိနေ၏။ ယင်း
မထိခိုက်စေဘဲ ကျောက်စာဝန် ကန်နင်ဟန်က ၁၈
ခုနှစ်တွင် အနီးအပါးမှနေ၍ ၂၁ ပေအနက်ထိ တူးဖော်ခဲ့
၁၉ ပေအနက်တွင် လဲလျောင်းနေသော မယ်တော် မာယ
ပုံ၊ ဗုဒ္ဓဆင်းတုတစ်ဆူ၊ နဂါးခေါင်း ၇ခုပါသော ဂျိန်းဘု
"ပါသနာထ"ပုံတို့ကို ရရှိခဲ့သည်။ ၁၉၀၅ ခုနှစ်၊ ဖြို
တူးဖော်ရာတွင်မူ ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထ
သော အုတ်ခုံကို တွေ့ရ၏။ ထိုရုပ်ကြွများမှာ အဒေဒီ ၅
လက်ရာ ပန်းကုံးစွပ်ထားသော သျှိဝလိင်ပုံ၊ လက်လေးဘ
ရှိသည့် သရဖူဆောင်းထားသော ဗိဿနိုးပုံ၊ နဂါးထီး-နဂါ
ဂဏေသျှ-မဟာပိန္နဲပုံ၊ ကျားရေကို ဝတ်ပြီး ကနေသေ
သျှိဝပုံများ ဖြစ်၏။ ထို့ပြင် နဂါးပူဇော်ရာတွင် သုံးသေ
အိုးကွဲများလည်း တွေ့ရသည်။ ထိုအိုးမျိုးကို ယခုခေတ်တ
ဘင်္ဂါလီနယ်တွင် နဂါးပူဇော်ရန် သုံးနေကြဆဲ။ ထို့ကြော
ယင်းနေရာကို ဂျိန်းတို့ကလည်း မဏိနဂါးမင်း ပူဇော
နတ်ကွန်း "မဏိယာမတ် ဂျိန်းဘုရားကျောင်း"ဟု အတည်
သတ်မှတ်ကြ၏။

မဟာဘာရတကျမ်းတွင် ထိုမဏိနဂါးနှင့် ဆွာစတိ
နဂါး(Sivastika-Swastica)တို့က ရန်သူများကို တို
ခိုက်ပေးပြီး၊ ပါဠိစာပေများတွင် မဏိမာလာနတ်က ရာဇဂြို
ကို စောင့်ရှောက်ထားကြောင်း ဖော်ပြထားသည်။


ထိုအဇာတသတ်မင်း ဓာတ်တော်တိုက်ဆိုသ
ကိုလည်း အပြင်မှ ကားစီးရင်း ဖြတ်သွားစဉ် အဝေးကြ
သာ ကြည့်လိုက်ရသည်။ ထဲထဲဝင်ဝင် မကြည့်ရ၊ မလေ့လာ
ခဲ့ရပါ။



ရာဇဂြိုဟ်မြို့မှ မြန်မာဘုန်းတော်ကြီးကျောင်း


www.burmeseclassic.com

www.burmeseclassic.com




ရာဇဗြိုဟ်မြန်မာဘုန်းတော်ကြီးကျောင်းမှ
ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်

**သားချစ် ဖခင်၏ မေတ္တာနှင့်**
**အဖသတ်သားၡ၏ ရက်စက်မှု**

ထိုမဏိယာမတ်ကို ကျော်ဖြတ်ခဲ့ကာ တောင်ဘက် ...ခန့် "ဇီဝက" ဥယျာဉ်နှင့် မနီးမဝေး၊ လမ်း၏ ညာ ...တွင် ကားရပ်လိုက်၏။ အတွင်းသို့ အနည်းငယ် ...က်ဝင်သွားရာ ဗိမ္ဗိသာရမင်းကြီးကို အကျဉ်းချထားရာ ...ဉ်းထောင် နေရာဟောင်းကို တွေ့ရသည်။ ထိုနေရာကား ...ဉ့်တောင်နှင့်လည်း မနီးမဝေးဖြစ်၏။ မင်းကြီးက ဂိဇ္ဈကုဋ် ...င်ပေါ်ရှိ ဘုရားကျောင်းတော်ရာကို လှမ်းဖူးမြော်နိုင် ...ည့်နေရာတွင် အကျဉ်းချထားပေးရန် ကြိုတင်ပြောကြား ...သောကြောင့် ဤနေရာတွင် ဆောက်လုပ်ပေးခြင်းဖြစ်၏ ...ကြသည်။

ထိုအကျဉ်းတိုက်နေရာ ပေ ၂၀၀ ပတ်လည်ကို ရှေး ...င်း သုတေသနဌာနမှ လေးထောင့်စပ်စပ် ကျောက် ...ဖြင့် နံရံလေးဘက် ကာရံပြီး ဒွာသေအချာ ထိန်းသိမ်း ...သည်။ အကျဉ်းတိုက်ကိုကား ကျောက်တုံးများ အခိုင် ...ကာ အကွက်ချထားသော ပန္နက်ပုံကိုသာ မြင်ရ ...၏ တစ်နေရာတွင်မူ အောက်ပိုင်းသို့ဆင်း၍ ဝင်သွား ...ရသော မြေအောက်ခန်းကို မြင်ရသည်။ ထိုနေရာ ...ာ၆၁ ခုနှစ်၊ ကျောက်စာဝန် မစ္စတာ ကန်နင်ဟန်တို့

တူးဖော်စဉ်က သံလက်ထိတ်၊ သံခြေထိတ်၊ သံခြေချင်းများကိုပင် တွေ့ခဲ့သည်။ ယင်းတို့ကို ဗြိတိသျှ ပြတိုက်များတွင် ပြသထားသည်ဟု သိရ၏။

ထိုအကျဉ်းစခန်းနေရာတွင် (ဗိမ္ဗိသာရမင်းကြီး အကျဉ်းတိုက် ထုထည်ကြီးမားသောကျောက်ဖြင့် ပြုလုပ်ထားသည့် နံရံကြီးများ ရံလျက်ရှိသော ဤနေရာသည် အကျဉ်းတိုက်ဖြစ်ဖွယ် ရှိ၏။ ယင်းအကျဉ်းတိုက်၌ အဇာတသတ်ဘုရင်သည် သူ့ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား အကျဉ်းချထားပုံရသည်။ ဤအကျဉ်းတိုက်အံခန်းတစ်ခန်းမှ သံလက်ထိတ်တစ်ခုရရှိသည်။) (Bimbisara-Jail: This structure has been identified with a jail of 5th century B.C. where King Bimbisara was kept in confinement by his son Ajatshatru. It consists of 200 MTR. Thick stone wall, each arm mearsuring about 60.00 MTRS with circular bastions at corners. During excavation an iron minacle was found from a cell which also supports its identification with a jail.)ဟု အပြာရောင်သံပြားကြီးတွင် အင်္ဂလိပ်၊ ဟိန္ဒူ နှစ်ဘာသာ စာလုံးဖြူများဖြင့် အညွှန်းစာတန်း ရေးထိုးထားသည်ကိုလည်း မြင်တွေ့ခဲ့ရ၏။

အဖသတ်သားနှင့် အခါပေးဆရာ ရှင်ဒေဝဒတ်တို့ကို သတိရစရာဖြစ်၏။ ဗိမ္ဗိသာရမင်းကြီးကား မိဘတို့၏ သားသမီးအပေါ် ထားသော မေတ္တာတရားကြီးမားပုံကို သူမတူအောင်ပြခဲ့သူဖြစ်သည်။

အဇာတသတ် မင်းသားသည် မမွေးဖွားမီကပင် ဖခင်ကို သတ်မည့် ရန်သူ (အ+ဇာတ+သတ္တု = မ+မွေးဖွားခြင်း+ရန်သူ = မမွေးဖွားမီကပင် ရန်သူ)ဖြစ်ခဲ့သည်။ ငယ်ငယ်ကပင် နားထောင်ခဲ့ဖူးသော ဆရာ ရွှေတိုင်ညွှန့်၏ "ဝိဝိတြ" သီချင်းတွင်...

*အဇာတာယေဝ၊ ပိတုရညောသတ္တု၊ အဇာတောယေဝ-မမွေးဖွားမီက၊ ပိတုရညော၊ အဖမင်းမြတ်၏ သတ္တု၊ ရန်သူမည်သတဲ့၊ အဖကိုသာ သတ်မည့်သားလို့ ပုဏ္ဏားတော်များ ဟောကြားခဲ့တာ ဖခင် ဘုရင်ကြီးမှာ မကြားလိုပါ...မကြားလိုပါ။"*

ဟု ပါရှိ၏။ ဗိမ္ဗိသာရမင်းကြီးသည် ပညာရှိ အမတ်များက မမွေးဖွားမီကပင် ရန်သူဖြစ်ကြောင်း လျှောက်ထားသတိပေးသော်လည်း သားတော်ကို လူဖြစ်အောင် မွေးခဲ့ရေ




www.burmeseclassic.com

www.burmeseclassic.com

သည်။ သားတော်လေး ငယ်စဉ်က လက်တွင် ခူနာပေါက်၍ မသတီလောက်စရာဖြစ်သည့်တိုင် ပြည်ပေါက်တာတောင် မျိုကာချရှာသည့် မင်းကြီးလည်း ဖြစ်ပေ၏။ အရွယ်ရောက်လာသောအခါ မင်းဖြစ်လို၍ ထိုအဖကို သတ်လေ၏။ ထို့ပြင် မင်းမဖြစ်မီကပင် သူဌေးတစ်ဦးပိုင် ပစ္စည်းများကို သိမ်းပိုက်ရန် ကြံစည်ထားရာ ဘုရင်ဖြစ်လာသောအခါ ထိုပစ္စည်းများကို သိမ်းယူ၏။ ထို့ပြင် ပါဋလိပုတ်မှ အများပိုင် ပစ္စည်းများကိုလည်း သိမ်းယူခဲ့သေးသည်။

မင်းကြီးက ချစ်မြတ်နိုးသဖြင့် သားအား အလိုလိုက်ခဲ့သော်လည်း ထိုချစ်သောသားသည် သူ့ကို ဤထောင်၌ အကျဉ်းချကာ သတ်ရက်လေသည်။ ဤနေရာတွင် အဇာတသတ်သည် အဖအား အစာငတ်၊ ရေငတ်ထားခဲ့၏။ မင်းကြီးသည် သားအပေါ် ချစ်ခြင်းမေတ္တာ ကြီးစွာထားလျက်သည်းခံနေထိုင်ခဲ့ပေမည်။ ဝေဒေဟီ မိဖုရားကြီးက ခင်ပွန်းလင်မင်းကြီး မသေစိမ့်သောငှာ အစာများကို ခါးပိုက်ထဲမှာ၊ ဆံထုံးအတွင်းမှာ၊ ဖိနပ်ခြေနင်းကြားမှာ၊ အမျိုးမျိုးသိုဝှက်ကာ၊ ကိုယ်တွင် လိမ်းကျံကာ ကျွေးမွေးပေးခဲ့လိမ့်မည်။ ကိုယ့်စိတ်အာရုံထဲတွင်မူ ဝင်းဦး အဇာတသတ်အဖြစ် သရုပ်ဆောင်သော "ဗိမ္ဗိသာရ" ဇာတ်ကားထဲမှ ဗိမ္ဗိသာရမင်းကြီးအဖြစ် သရုပ်ဆောင်သော မောင်တင်မောင်နှင့် ဝေဒေဟီအဖြစ် သရုပ်ဆောင်သော ကြည်ကြည်ဌေးကို ပြန်လည်မြင်ယောင်နေမိသည်။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအား အလွန်ကြည်ညိုသည်။ သူ့အား အကျဉ်းချထားစဉ်မှာပင် ထိုမြေအောက်ခန်းလေးမှ ဂိဇ္ဈကုဋ်တောင်ဘက်သို့ လှည့်ကာ ဘုရားရှင်ကို လှမ်းပြီး ဖူးမြော်လေ့ရှိ၏။ ဂိဇ္ဈကုဋ်တောင်သည် အကျဉ်းစခန်း၏ အရှေ့ဘက်တွင် ရှိရာ တောင်ပေါ်တွင် သီတင်းသုံးတော်မူနေသော ဘုရားရှင် အဆင်းအတက်လုပ်ရင်း စင်္ကြံလျှောက်နေသည့်အခါ သင်္ကန်းတော်ကိုပင် လှမ်းမြင်ရသည်။ မင်းကြီးလည်း အကျဉ်းခန်းသံတိုင် ပြတင်းပေါက်မှ လက်အုပ်ချီကာ ဘုရားရှင်ကို ပူဇော် ကန်တော့နိုင်ခဲ့၏။ ဘုရားကို အာရုံပြုရင်း နေခဲ့သော ဗုဒ္ဓဂုဏာဘာဝနာ ပီတိကြောင့် အစာမစားရဘဲ အကျဉ်းခံနေရသော်လည်း ချိနဲ့မသွား။ ခွန်အားရှိပြီး ကျန်းမာစွာ အသက်ရှင်လျက်ရှိ၏။ အဇာတသတ်မင်းလည်း ခမည်းတော် စင်္ကြံလျှောက်ခွင့်ရသဖြင့် အသက်ရှည်နေသည်ဟု ထင်ပြီး မလျှောက်နိုင်အောင် အာဏာပါးကွက်သားများအား ဖခင့်ခြေဖဝါးကို ဓားဖြင့် မွှန်းကာ ဆားသိပ်၊ မီးကင်စေခဲ့လေ၏။



ဗိမ္ဗိသာရမင်းကြီးအမြင်ဖြင့် အကျဉ်းထောင်နေ
ကြည့်ကြည့်ရာ အမှန်ပင် ဂိဇ္ဈကုဋ်တောင်ကို မြင်ရ
သည်။ မြတ်စွာဘုရား၏ သင်္ကန်းစလေးများကိုပင် မင်း
မြင်ခဲ့ရသည်ဟု လမ်းညွှန်ဘုန်းတော်ကြီးက ပြောပြ

**ဆရာတင်မှားလေသူ အဇာတသတ်မင်းကြီး**

ထို့နောက် ကုန်ရုံးတော့ တစ်ခေါက်၊ လင်ကုန်ရုံး
တစ်သက်လုံးမှောက်၊ ဆရာတင်မှားတော့-သံသ
တစ်လျှောက်လုံး ပြောင်းဆန်အောင် အနောက်ခံ
ကမောက်ကမဖြစ်ခဲ့ရသော အဇာတသတ်ကို ပြလျက် 
ဟောသည်။ မိမိကိုးကွယ်အားကိုးရာမှ ဆေးဖြစ်တတ်
(**ဇာတ် သရဏဝေ ဘယံ**)ဟု သတိချပ်လျက် အ
ရာအစစ်ကို တွေ့အောင်ရှာတတ်ဖို့ လိုကြောင်း၊ လက်
အမှားကြီး မှားခဲ့ရသော ထိုမင်းက နမူနာပြဆိုလျက် 

မြတ်စွာဘုရား ကောသမ္ဗီပြည်တွင် သီတင်းသုံးနေ
မူစဉ် ဒေဝဒတ်သည် ဝေပုလတောင်ခြေ ယခု မြန်မာ
အနီးတွင် သီတင်းသုံးသည်။ အိပ်စက်ချိန်လေးမှ 
ကျွတ်ထိုက်သူများကို မနားမနေလှည့်လည် တရားဟော
သည့် ဘုရားရှင်ကို ကြည်ညိုသူ များလာရာ ဒေဝဒ
မနာလိုဖြစ်ကာ အနားယူဖို့ တိုက်တွန်း၏။ မရသော
ဒေဝဒတ်သည် အဇာတသတ်မင်းထံ သွားကာ 
အမျိုးမျိုးဖန်ဆင်းပြပြီး သိမ်းသွင်းစည်းရုံးခဲ့သည်။ မြေ
တန်ခိုးပြခြင်းကို မြင်ပြီးနောက် မင်းသည် အထင်တ
ဒေဝဒတ်ကို ဆရာတင် ဆည်းကပ်လေတော့၏။ 
တသတ်သည် အဖကို သတ်ကာ မင်းအဖြစ် ရယူ
သို့၊ သူကလည်း ဘုရားရှင်ကို သတ်ရာ ဘုရား
စည်ခဲ့၏။ မသူတော်ဝါဒကို ယုံကြည်ကာ ဒေဝဒ
အတွင်း သက်ဆင်းမိရာ လွန်ကဲစွာ ကိုးကွယ်ရင်း 



www.burmeseclassic.com

www.burmeseclassic.com

သတ်သည့် ခမည်းတော်ကို သတ်မိခြင်း ပိတုဃာတက ဆိုက်ကာ အဖသတ်သားဘဝ ရောက်ခဲ့ရ၏။

**ဘ မကုနိုင်သည့် အဇာတသတ်မင်း၏ ရောဂါ**

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး လောက်အလိုတွင် ဖြစ်သည်။

ဖခင်ကွယ်လွန်သည့်နေ့မှာပင် အဇာတသတ်မင်းတွင် ယ်ကို ဖွားမြင်သည်။ မိမိရင်မှဖြစ်သော သားတော် အပေါ် ကြီးမားသော မေတ္တာစိတ်ဝင်မိသည့်၌ မိဘ ကို နားလည်သွား၏။ အဇာတသတ်လည်း ချစ်ခြင်း ကြောင့် ဗုဒ္ဓ၏ တပည့် ရဟန္တာများကဲ့သို့ မြင့်မြတ် စေရန် သားကို ဉဒယဘဒ္ဒ (စိတ်ထားမြတ်သူ)ဟု ည်ပင်ပေးခဲ့၏။ မင်းကြီးသည် ဖခင်ကို သတ်မိခြင်းအား င်းသော နောင်တ ကြီးစွာရလျက် အိပ်မပျော်သော ခွဲကပ်လာသည်။ သူမျက်လုံးတို့ကို လုံချက်ပေါင်း အထောင်တို့ဖြင့် ထိုးဆွသလို ခံစားနေရသည်။ ဘုရား ကို သတ်ရန် ကြံစည်မှု၊ သံဃာသင်းခွဲမှုများဖြင့် သူ့ခရာ ဒတ် မြေမျိုပြီဟု ကြားရသောအခါတွင်မူ ပူပန်ခြင်း ဖြစ်တော့၏။ အဖသတ်ခဲ့ခြင်းကြောင့် ပဉ္စာနန္တရိယကံ ဆိုက်ကာ မြေမျိုလေဦးမည်လားဟု ကြောင့်ကြစိတ်၊ လည်း သားတော် "အဇိတ"က ပြန်သတ်လိမ့်မည်ဟု စိတ်တို့ ဖြစ်လာ၏။ အလွန်ကြောက်လန့်ပြီး နေထိုင်မရ ၏။ သို့ဖြင့် ထို ပရိဝေဒမီးကို ငြိမ်းအေးသွားစေရန် ဝက၏ အကြံပြုချက်အရ၊ သူ့အကူအညီဖြင့် မင်း တ်၊ လူပရိသတ်များ ခြံရံကာ ဘုရားရှင်ရှိရာ သရက် သို့ အားကိုးတကြီး သွားရောက်တော့၏။ ဆီးနှင်း၊ တိမ်၊ သူရိန်၊ မီးခိုး၊ ညစ်မျိုးငါးဝ ကင်းစင်ပသည့် ကြာများပွင့်နေသော တန်ဆောင်မုန်းလပြည့်ည။

မြတ်စွာဘုရားသည် ထိုသရက်တောကျောင်း၌ မင်း၏ ပန်မှုများကို ပြေပျောက်စေ၏။ သာသနာ့ဝန်ထမ်း တော်များ သာသနာ့ဘောင်ဝင်ကာ ရဟန်းဖြစ်ရခြင်း၏ တွေ့အကျိုး၊ သံဃာအကျိုးပြု သာမညဖလ ဒေသနာ ကို ဟောကြားတော်မူခဲ့ကာ ချမ်းသာခြင်း အကျိုး များကို သိရှိစေသည်။ ထို့ပြင် မင်းကြီးသိလိုသော ဘဝနှင့် မင်းပြစ်မင်းဒဏ်မှ လွတ်ကင်းခြင်း စသော တရား ၁၃ပါးကိုလည်း ရှင်းပြ၏။ တရားဆုံးသော် သည်း အဖကို သတ်မိသော အပြစ်ကို ဝန်ခံပြီး ဆောက်တည်လျက် ဥပါသကာအဖြစ် ခံယူလေ၏။



ရာဇဂြိုဟ်မြန်မာဘုန်းတော်ကြီးကျောင်းမှ
ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်

စိတ်၏ မငြိမ်းချမ်းခြင်းသည်လည်း အေးငြိမ်း ငြိမ်သက်သွား၏။ သို့ဖြင့် မင်းကြီးသည် ထိုည၏ လှပခြင်းကို (ရမဏီယာ ဝတ-မွေ့လျော်ဖွယ်ကောင်းသောည။ အဘိရူပါဝတ- အလွန် လှသောည။ ဒဿနီယာဝတ - ရှုဖွယ်ကောင်းသော ည။ ပါသာဒိကာဝတ - ကြည်လင် ရွှန်းပသောည။ လက္ခညာ ဝတ - မေ့မရနိုင်သော ညပါတကား)ဟု စကားငါးခွန်းဖြင့် ချီးကျူးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com




ရာဇဂြိုဟ်မြန်မာဘုန်းတော်ကြီးကျောင်းမှ
ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်

**တရားထူးရရန်**
**အပေါင်းအသင်းကောင်းရှိဖို့ လို၏**

အဇာတသတ်မင်း ကျောင်းတော်မှ ပြန်ကြွသွားသော အခါ မင်းအား ခေါ်ဆောင်လာပေးသော ဆရာ ဇီဝက၏ မိတ်ဆွေစစ်အဖြစ်ကို နမူနာပြလျက် ဘုရားရှင်က ရဟန်းတော်တို့အား တရားထူးရရန်အတွက် ကလျာဏမိတ္တ (မိတ်ဆွေကောင်း)အရေးကြီးပုံကို မိန့်တော်မူသည်။ ဤမင်းသည် မိမိကိုယ်ကို မိမိကိုယ်တိုင်ပင် ဖျက်ဆီးလိုက်သူ ဖြစ်၏၊ အဖအား မသတ်မိခဲ့ပါလျှင် ဤနေရာတွင်ပင် သောတာပတ္တိဉာဏ်အမြင် ရနိုင်ရာ၏ဟုလည်း ဗုဒ္ဓက မိန့်ဆိုခဲ့သည်။

အဇာတသတ်သည် သောတာပန် မဖြစ်သွားသော်လည်း အကျိုးတော့ မနည်းပါ။ ပုထုဇဉ်များတွင် ဘုရားရှင်ကို အကြည်ညိုဆုံး ပုဂ္ဂိုလ်တစ်ဦးတော့ ဖြစ်သွားခဲ့ကာ၊ စားဝင် အိပ်ပျော်ဖြစ်သွားတော့သည်။ သို့သော် သူ့သားသည်လည်း ဖခင် အဇာတသတ်ကို သတ်ခဲ့ပြန်လေသည်။ သို့ဖြင့် ဖခင်ကို သတ်ပြီး ဘုရင်ဖြစ်လာသူများသည် မင်းငါးဆက်တိုင်တိုင် အဆက်ဆက်ဓလေ့နယ်ဖြစ်လာ၏။ အဖသတ်သားမျိုး အုပ်စိုးခဲ့သော မင်းဆိုးမင်းညစ်များ၏ နန်းသက်ကို ပဉ္စမမြောက် နာဂဒါသမင်းလက်ထက်တွင်မှ သိသုနာဂ အမတ်ကြီးက အဆုံးစီရင်လိုက်နိုင်ခြင်းဖြင့် ပြည်သူများက တွန်းလှန်ပစ်နိုင်ခဲ့၏။ ဗိမ္ဗိသာရမင်းဆက် (အဇာတသတ်၊ ဥဒယဘဒ္ဒ၊ အနုရုဒ္ဓ၊ မုဏ္ဍိက၊ နာဂဒါသ)လည်း ပြတ်သွားလေတော့သည်။ ထူးခြားသော သာသနာ့ပြုမင်း ဖြစ်လာသဖြင့် အဇာတသတ်သည် ဖခင်အား သတ်မိခဲ့သည့် ကံကြောင့် အဝီစိငရဲသို့ကား မကျရောက်တော့ချေ။ သီလဝန္တ ပုဂ္ဂိုလ်များအား ပြစ်မှားနှိပ်စက် သတ်ဖြတ်သူတို့ ခံ
လောဟကုမ္ဘီ ငရဲသို့သာ ရောက်တော့မည်။ နောက်ထ
ပါရမီထပ်ဖြည့်သဖြင့် လောဟကုမ္ဘီ ငရဲ၌ (ယနေ့တိုင်
ခြောက်သောင်းမျှ) ခံပြီး၍ လွတ်မြောက်လျှင် (ဝိဇိတာဝီ
အမည်ဖြင့်) ပစ္စေက ဗုဒ္ဓါဖြစ်လိမ့်မည်ဟု မြတ်စွာဘုရား
ဗျာဒိတ်ပေးခဲ့သည်။

**အဖသတ်မင်းအဖြစ်မှ သာသနာတော်ကို**
**စောင့်ရှောက်သူ မင်းအဖြစ်သို့**

အဇာတသတ်မင်းသည် ဘုရားရှင် သာသနာတော်
ထိပါးနှောင့်ယှက်လာမှုများကိုလည်း နှိမ်နင်းဖယ်ရှား
ကာကွယ်စောင့်ရှောက်သူ သာသနာ့ဒါယကာတစ်ဦးဖြစ်
၏။ မြတ်စွာဘုရားအားလည်း လွန်စွာ ချစ်ကြည်ညိုသ
ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူကြောင်းကို လျှောက်တင်
မင်းကြီးသည် အလွန်ချစ်သောစိတ်ကြောင့် နှလုံးကွဲ
စိုးရသဖြင့် မလျှောက်တင်မီ မှူးမတ်များက စတုမဓု
ရေကျင်းအတွင်းသို့ ပရိယာယ်ဖြင့် ဝင်စေခဲ့လေ၏။ ထို
လျှောက်တင်သည့်တိုင် မင်းကြီးသည် သည်းအူပြတ်
တစ်ကိုယ်လုံး တုန်လှုပ်လျက် မိန်းမော မေ့မြောသွား
၏။ စိမ်ထားသော စတုမဓုတို့ပင် ကျိုက်ကျိုက်ဆူ၍ အ
ခြောင်းခြောင်းထွက်လေသည်။ မင်းချင်းတို့လည်း မင်း
အား ချီမ၍ အခြားရေကျင်းတစ်ခုသို့ ပြောင်း၏။ သတ်
တစ်ဖန်လျှောက်ပြန်သော် ရေးနည်းတူ မေ့မြောပြ
အမှတ်တမဲ့များ ပရိနိဗ္ဗာန်စံဝင်ကြောင်း လျှောက်မိ
မင်းကြီးသည် နှလုံးကွဲ၍ ထိုနေရာမှာပင် သေသွား
လေသည်။

ထိုသို့ အဖကို သတ်မိသည့်အထိ မိုက်မဲခဲ့စွာ အာ
မိသော အဇာတသတ်မင်းသည် နောက်ပိုင်းတွင် နော
တရားကို ရင်မှာ ပိုက်ရင်း၊ ပထမ သင်္ဂါယနာတင်ရာ
လည်း အစစအရာရာ တာဝန်ယူကာ အောင်မြင်အော
ကြိုးပမ်းပေးခဲ့သူ သာသနာ့ပြုမင်းတစ်ပါးပင် ဖြစ်လာ
အမှားလုပ်ခဲ့မိသည့်တိုင် အသိတရားရချိန်တွင် ရသည့်အ
မှ စ၍ ပြုပြင်ခြင်းသည်လည်း ကောင်းသော လုပ်ဆော
ချက်တစ်ရပ်ပင် ဖြစ်ပါသည်။ အမှားများကို ပြန်မြင်
လည်း ပြုပြင်ခြင်းလုပ်ဖို့ လက်နှေးနေသူများကား
တသတ်ထက် မိုက်မဲသူများသာ ဖြစ်ကြောင်း…■

* * *

ကိုအေးမြင့်(မ…ဝိဇ္ဇာ၊ ဒေး…

www.burmeseclassic.com

www.burmeseclassic.com

သက်နှင်းဆွေမှအဆက်-

ဟု မေးသည်။

"အဓိဋ္ဌာန်ဝင်ဖို့ကတော့ သမ္ဗုဒ္ဓေ (၂၁)ခေါက် ပူဇော်။ "သောဘဂဝါဣတိပိအရဟံ" ဆိုတဲ့ ဂုဏ်တော်ကို နေ့စဉ် (၂၁)ပတ်စိပ်ပြီး အလုပ်ကိစ္စအတွက် ကိုယ်ဖြစ်ချင်တာ (၂၁)ခွန်းတိတိ ဆုတောင်းရုံပါပဲ"

ဟု ကျွန်တော် ဆက်ပြောလိုက်သည်။

"၂၁ရက်လုံး ဒီဘုရားမှာ လာစိပ်ရမှာလား ဆရာ"

ဟု သူက ပြန်မေးသည်။

"အဲဒီလိုတော့ မဟုတ်ဘူး။ ပထမဆုံး အဓိဋ္ဌာန်ဝင်တဲ့ မှာတော့ ဒီဘုရားမှာ စပြီး အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်။ ရက်တွေမှာတော့ ကိုယ်အဆင်ပြေတဲ့ နေရာမှာ ပြီး ပုတီးစိပ်နိုင်တယ်။ အဆင်ပြေလို့ ကြားရက်တွေမှာ ရားကို မကြာခဏလာဖူးတာမျိုးလည်း လုပ်နိုင်ပါတယ်။ ကကတော့ စပြီး အဓိဋ္ဌာန်ဝင်တဲ့ အချိန်မှာ ထိထိမိမိ ပြီး ကျကျနန ဆုတောင်းဖြစ်ဖို့ပါပဲ။ အဲဒီလို ဆောင်ရွက် နေ့က တနင်္ဂနွေနေ့မနက် (၇း၃၀)နာရီကနေ (၉း၀၀) အတွင်းမှာ စ,နိုင်ရင် ပိုကောင်းတယ်ကွာ"

မိုးက နည်းနည်းပိုသည်းလာသည်။ မိုးနှင့်အတူ တိုက် လာသည့် မိုးသက်လေကြောင့် မိုးရေစက်တချို့က တော်တို့မျက်နှာတွေဆီ ပြေးဝင်လာသည်။

"တကယ်လို့ အဲဒီလို ၂၁ရက် အဓိဋ္ဌာန် မဝင်နိုင်ဘူး တောင် အဲဒီတစ်ရက်မှာတော့ ဒီဘုရားမှာ သေသေ လေး လျှုဒါန်းပူဇော်ပြီး ထိထိမိမိလေး ပုတီးစိပ်ပေး ယ်။ အဲဒါလောက်နဲ့လည်း ထူးခြားသွားတတ်တာပါပဲ။ က လူတွေ၊ နိုင်ငံရပ်ခြားရောက်နေတဲ့ လူတွေကတော့ ရားပုံတော်ကို ကျကျပူဇော်ပြီး အဓိဋ္ဌာန်ဝင်တာတွေ၊ ာင်းတာတွေ လုပ်နိုင်တယ်။ အဲဒီမှာ တစ်ခုပြောပြချင် အဝေးတစ်နေရာရာကနေ ပုံတော်ကို ဖူးမြော်နေ ပူဇော်နေတဲ့အခါမှာ စိတ်အာရုံက ဒီဘုရားဆီ ပြီး တလေးတနက် ယုံယုံကြည်ကြည် ဖူးမြော်ကြည်ညို ယ်"

ပြောပြီး ကျွန်တော်က ထိုင်ရာမှ ထကာ ရာဇမုနိ တော်မြတ်ကို ထိခြင်းကြီးငါးပါးနှင့် ဖူးမြော်ကန်တော့ သည်။ ပြီးမှ ပန်းရုံလေးဘက်ဆီသို့ လှည့်ပြီး လက် ကာ ကျွန်တော့်လောကီ ဆရာသခင်တွေကို အာရုံ ကန်တော့လိုက်မိပြန်သည်။

(၄)

ထိုနေ့က ရာဇမုနိဘုရားရှေ့က ပြန်ထွက်လာတော့ ရွာနေဆဲဖြစ်သည်။ စိုင်းငွေလင်းဦးက သူ့ထီးကို ဖွင့်၍



ကျွန်တော့်ဘေးမှ ထီးမိုးပေးရင်း မြောက်ဘက် စောင်းတန်း ဘက်သို့ လျှောက်ခဲ့ကြသည်။ မိုးရေဖြင့် စွတ်စိုကာ ချော နေသည့် ရင်ပြင်တွင် ချော်မလဲအောင် ထိန်းပြီးလျှောက်ရ သည်။ မြောက်ဘက် စောင်းတန်းထိပ်ရောက်တော့ ကျွန်တော် ပြုမူနေကျအတိုင်း စောင်းတန်းမှ ပြန်မဆင်းမီ ဘုရားဘက်သို့ လှည့်ကာ မိုးရေထဲမှာ ဝင်းလက်နေသည့် ရွှေတိဂုံရွှေစေတီတော်ကြီးကို အားပါးတရ မော်ဖူးလိုက်မိပြန် ပါသတည်း ■

*(မှတ်ချက်။ ရာဇမုနိဘုရားသည် မြောက်ဘက် စောင်းတန်း၏အနီး ယက္ခမယ်တော်ကြီးနှင့် ခပ်လှမ်း လှမ်းတွင် ရှိ၏။ နောင်တော်ကြီး စေတီနှင့် ကပ်လျက် တွင် ရှိပြီး ရာဇမုနိဘုရား၏ ဘေးတွင် ပန်းရုံတစ်ခု ရှိပါသည်။ မြောက်ဘက် စောင်းတန်းထိပ်မှ လှမ်းကြည့် လျှင်ပင် ရာဇမုနိဘုရားရှေ့မှ တန်ဆောင်းငယ်လေး ကို ထင်းခနဲ မြင်သာပြီး အလွယ်တကူ သွားရောက် ဖူးမြင်နိုင်ပါသည်။)*

*အားလုံးသတ္တဝါချမ်းသာပါစေ*

* * *

သက်နှင်းဆွေ(ပုပ္ပါး)




www.burmeseclassic.com

www.burmeseclassic.com

# သိမ်ဝင်ပုတီးနှင့် ကြုပ်အဘိုးအို

နန်းပွင့်စံ
(အင်းတော်လေး)




www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ၌ အမှတ်မထင် တွေ့မြင်ကြုံကြိုက်ခဲ့ရသော အကြောင်းအရာများသည် ဘဝတစ်ကွေ့၌ အမှတ်ထင်ထင် မမေ့နိုင်သော အကြောင်းအရာများ ဖြစ်ကောင်း ဖြစ်တတ်ပါသည်။

ဤသို့သော အကြောင်းအရာများနှင့် ကြုံဖူးသူများ ရှိကောင်း ရှိပါလိမ့်မည်။ စာရေးသူ၏ ဘဝတွင် အမှတ်မထင်မှ အမှတ်တရသို့ ဖြစ်ခဲ့ရသော ကိုယ်တွေ့အဖြစ်အပျက်လေး တစ်ခုရှိခဲ့ဖူးပါသည်။ မှတ်မှတ်ထင်ထင် ထူးထူးခြားခြား တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်မှာ ဤသို့ဖြစ်ပါသည်။

◈◈◈

လွန်ခဲ့သော အနှစ် ၃၀ ခန့်က ဖြစ်ပါသည်။ စာရေးသူသည် အင်းတော် မြို့နယ် အိုက်မ ရွာသစ်ကုန်းတွင် ကျောင်းဆရာမ တာဝန်ဖြင့် နေရချိန်က ဖြစ်သည်။ စာရေးသူနှင့်အတူ တင်တင်သောင်းဆိုသော သူနာပြုတစ်ဦးလည်း နေထိုင်သည်။

စာရေးသူနှင့် သားဖွား သူနာပြု ဆရာမအတွက် ညစဉ် အိပ်ဖန်စောင့်ရန် မိန်းမကြီးနှစ်ယောက်ကို ထားပေး ထားရှိသည်။

ရွာထဲမှ အိပ်ဖန်စောင့်များ မလာမီ စာရေးသူနှင့် တင်တင်သောင်းတို့ ပေါက်တတ်ရာရာ စကားများကို ပြောဆိုနေကြလေ့ရှိ၏။ ထိုသို့ ပြောဆိုနေကြရင်း အောက်ပါအတိုင်း စကားလမ်းကြောင်း ပြောင်းသွားလေတော့၏။

“မြို့ပေါ်မှာ ဆရာလုပ်ရတာ လွယ်ပါတယ်။ တောမှာ ဆရာလုပ်ရတာက မလွယ်ဘူး။ လူနာသွားကြည့်ရတာကလည်း တစ်ရွာနဲ့ တစ်ရွာသွားကြည့်ရတာ။ မြို့မှာလို ကားတွေ ဘာတွေရှိတာ မဟုတ်ဘူး။ တစ်ခါတလေ ခြေကျင်ခရီးသွားရတာ။ တစ်ခါတလေတော့လည်း လှည်းကလေး ဘာလေး အသုံးပြုရတာပေါ့”

ဟု တင်တင်သောင်းက ပြောလေ၏။

“မှန်ပါတယ် တင်တင်သောင်းရယ်။ ဒါပေမယ့်လည်း ကိုယ့်ရဲ့ လူနာဆိုတော့ ဘယ်လောက်ပဲဝေးဝေး သွားကြည့်ရမှာပေါ့”

ဟု စာရေးသူက ပြောလိုက်လေ၏။

“ဝေးတာ နီးတာ အကြောင်းမဟုတ်ဘူး။ တစ်ခါတလေ သိပ်ပြီး သတိထားရတယ်”

ဟု သူနာပြု ဆရာမ တင်တင်သောင်းက ပြောပြန်၏။

“ဘာကို သတိထားရတာလဲဟင်။ လမ်းမှာ လူဆိုးတွေ၊ သူပုန်တွေနဲ့ တွေ့မှာကို သတိထားရတာလား”

ဟု စာရေးသူက ပြန်မေးလိုက်၏။

“မဟုတ်ပါဘူးဟယ်။ ကျုတ်တွေက လူယောင်ဆောင်ပြီး ဆရာတွေ လာပင့်တတ်တယ်ဟ”

ဟု သူနာပြု ဆရာမ တင်တင်သောင်းက ပြောလေ၏။

“ကျုတ်ဆိုတာ ဘာလဲဟင် တင်တင်သောင်း”

“ကျုတ်ဆိုတာ နာနာဘာဝ တစ်မျိုးပဲလေ။ သူက လူယောင်ဆောင်တတ်တယ်။ ရွာတွေ ဘာတွေကို တောင် ဖန်ဆင်းပြီး ပြနိုင်တယ်။ အဲဒါတွေက ဟိုတက်ရွာမှာ လူနာ အသည်းအသန်ဖြစ်နေလို့ ဆရာမ လာကြည့်ပါဦးဆိုပြီး လိမ်ညာပင့်သွားတတ်တယ်”

“ဒါဆို အဲဒီလိုအဖြစ်မျိုး ဖြစ်ခဲ့ဖူးလို့လား”

“ဖြစ်တာပေါ့။ လွန်ခဲ့တဲ့ အနှစ် ၂၀လောက်က ဒီအိုက်မရွာမှာ ဖြစ်ခဲ့တာ။ အဘိုး ဦးညိုပြောပြလို့ မှတ်သားရဖူးတယ်”

“ဒါဆို ပြောပြပါဦး”

◈◈◈

မိုးသည်းည၏ မှောင်မိုက်မှုကြောင့် အိုက်မရွာကို လျှပ်ပန်းလျှပ်နွယ်တို့ လင်းလက်သည့်အခါမှသာ မြင်ရပေသည်။

အိမ်တံခါးများကို ဒေါ်သန်းလှ လုံအောင် ပိတ်ပြီး ဘုရားဆီမီးထွန်းညှိကာ ဘုရားတွင် ဆီမီးလှူလိုက်သည်။ ဘုရားဝတ်ပြုစဉ် ရသေ့ ပရိတ်ရွတ်ဖတ်ပြီးလျှင် ဘုရားဂုဏ်တော်ပုတီး စိပ်ပြန်သည်။ ဒေါ်နန်းဝါကတော့ ခရစ်ယာန်နွယ်မို့ ဘုရားမရှိခိုးပေ။

ဘုရားကိစ္စများ ပြီးသည်နှင့် ဒေါ်သန်းလှသည် ဒေါ်နန်းဝါဘေးနားတွင် ယှဉ်အိပ်လိုက်သည်။ မိုးကလည်း မိုးဦးလေဦးမို့ သဲသဲလှုပ်ရွာနေပေသည်။

မေးခနဲ ဒေါ်သန်းလှ အိပ်ပျော်သွားလေ၏။ မည်မျှကြာအောင် အိပ်သွားသည်ကို မသိလိုက်ပေ။

“ဒေါက်···ဒေါက်···”

တံခါးခေါက်သံကြားတော့ လန့်နိုးလာမိသည်။ နံဘေးတွင် ရှိသော ငါးတောင့်ထိုး ဓာတ်မီးဖြင့် ဝင့်ခနဲထိုးလိုက်ပြီး အိပ်ရာမှ လူးလဲထလိုက်သည်။

“ဒေါ်နန်းဝါ···ဒေါ်နန်းဝါ လူနာလာပင့်တာထင်တယ်”

“အာ··· မိုးက ရွာနေတာ၊ ညကြီးမင်းကြီး မလိုက်ချင်ဘူး။ သရဲကျုတ်တွေဖြစ်နေရင် ကြောက်တယ်”


www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်နန်းဝါရယ်··· ဒေါ်သူဇာ၊ ဒေါ်ဖြူတို့ကို မေးပြီး ရွာနားနီးချက လူနာမှန်ရင် လိုက်ပေါ့။ ဒုက္ခရောက်နေလို့ လာပင့်တာပဲ"

"ဝူး···ဝူး···ဝူး···"

ခွေးအော်သံ စိမ့်စိမ့်မြမြကြီး ကြားရပြန်တော့ ကြက်သီးမွေးညင်းပင် ဒေါ်သန်းလှလည်း ထမိသည်။

"ဘုတ်···ဘုတ်···ဘုတ်"

တံခါးကို ခေါက်ရုံမက၊ ပုတ်ခတ်၍ နှိုးနေသဖြင့် အိမ်တွင်းရှိ အိပ်ဖန်စောင့်အဖြစ် လာရောက်ကူညီ စောင့်ရှောက်နေကြသော ဒေါ်သူဇာနှင့် ဒေါ်ဖြူက နတ်သမီး သုံးရာသီခံ မီးခြစ်ဘူးကလေးထဲမှ မီးခြစ်ဆံတစ်ချောင်းကို ယူ၍ ခြစ်လိုက်သည်။ ပြီးနောက် မီးခွက်တွင် ညှိထွန်းလိုက်လေ၏။

ဒေါ်သူဇာက တံခါးကို ဖွင့်လိုက်သည်။ လူနှစ်ယောက်နှင့်အတူ လေပါ ဝှေ့ခနဲဝင်လာသဖြင့် မီးခွက်ငြိမ်းသွားပြန်သည်။

လူနှစ်ယောက်က အမှောင်ထဲတွင် မားမားကြီး ရပ်နေလေ၏။

တံခါးကို ပြန်ပိတ်ပြီး ဒေါ်ဖြူ မီးခြစ်ဆံတစ်ချောင်းကို ယူ၍ မီးခွက်တွင် ညှိပြန်ရသည်။ မီးရောင်ကလေး လင်းလာမှ ဧည့်သည် လူကြီးနှစ်ယောက်က ဖျာပေါ်တွင် ထိုင်နေကြသည်။

ဒေါ်နန်းဝါနှင့် ဒေါ်သန်းလှတို့လည်း အိပ်ခန်းထဲမှ ထွက်လာကြသည်။

"ဆရာမရယ်···ပိန္နဲကုန်း ကြိုးတံတားမှာ ဦးကြီးတို့က အလုပ်သမားတွေပါ။ ဦးကြီးသမီးက သားမဖွားနိုင်ဖြစ်နေလို့ လိုက်ပြီး ကြည့်ပေးပါ"

ထိုအချိန်က မြစ်ကြီးနား-ရွှေဘို ဗျူဟာလမ်းမကြီး ဖောက်လုပ်နေသည်။



လမ်းဖောက်လုပ်သားများ ဖြစ်သည်။ ကောလင်းနယ်နှင့် အင်းတော်နယ်စပ်တွင်း ကြိုးတံတားထိုးရန် ပြုလုပ်နေဆဲဖြစ်သည်။

"ရွာခံ ဘယ်သူပါသလဲ"

"စကားပင်က သာအေးပါတယ် ဆရာမ"

ဒေါ်သူဇာက မီးခွက်ကလေး မြှောက်ပြပြီး ပြောလေသည်။

သာအေးဆိုသူ၏ မျက်နှာကို အနည်းငယ်သာ မြင်ရပြီး အလုပ်သမားကြီးမျက်နှာမှာ ခေါင်းပေါင်းကြီးကို ဗရပွပေါင်းထား၍ မျက်နှာကို သဲကွဲအောင် မမြင်ရပေ။

"ယောက်ျားကြီးနှစ်ယောက်တည်း ဆရာမ ပင့်လာလို့ ဘယ်လိုက်လို့ ဖြစ်ပါ့မလဲ"

ဟု ဒေါ်နန်းဝါက ငြင်းလေသည်။

"ဦးကြီးမိန်းမ ပါပါတယ် တူမကြီး။ အိမ်အောက်က ကွဲလှည်းပေါ်မှာပါ"

"ပိန္နဲကုန်းတံတားအလုပ်သ... တွေဆိုရင် ပိန္နဲကုန်းတံတားစောင့် ... ထားတဲ့ စစ်တပ်က စစ်မှူးတွေ ရှိ... သွားမပင့်ဘူးလား"

"တူမကြီးရယ်···စစ်တပ်ဆို... ညကို အနားကပ်လို့ ဘယ်လွယ်... မလဲ။ လူမှားပြီး ပစ်ခဲ့ရင် ဒုက္ခတွေ... မှာပေါ့"

မှန်ပါသည်။ ဤနယ်မြေ... သူပုန်များ သောင်းကျန်းလှသည်။ ... အချိန်မတော် စစ်တပ်နား ကပ်... မလွတ်ပေ။

ဒေါ်နန်းဝါ အတော်ကလေး ... ပြီး စဉ်းစားနေပြန်၏။

"ဆရာမလေးတို့ရယ်··· ... မနေပါနဲ့ကွယ်။ ဟိုမှာ ကလေးမ... နိုင်တဲ့ သမီးက ဒုက္ခဖြစ်တော့မ... မြန်နိုင်သရွေ့ မြန်မြန်လုပ်ပေးပါကွယ်"

လူကြီးအား သနားမိသ... ဒေါ်သန်းလှက ဒေါ်နန်းဝါကို လိုက်... မည်ဟု ပြောလိုက်၏။

ဒေါ်နန်းဝါက ဆေးခြင်းတောင်... ကောက်ကိုင်ပြီး ဓာတ်မီးကို ခြင်း... ထည့်၏။ ဒေါ်သန်းလှကလည်း ဘ... စင်တွင် သိမ်ကိုးသိမ်ဝင်ထားသေ... အပ်၊ စိပ်ပုတီးကို ပိုက်ဆံအိတ်က... ထဲ ထည့်လိုက်သည်။ ပြီးနောက် ... အောက်တွင် ရပ်ထားသော ကွဲလှည်း... ကြီးပေါ် တက်ခဲ့ကြသည်။ ကွဲလှည်း... ကြီးမှာ မိုးရွာမှုကို လုံခြုံစေရန် ... ပေါင်းမိုးကြီးလုပ်ထားသဖြင့် ... မည်းနေလေသည်။

ဒေါ်သန်းလှနှင့် သားဖွားဆ... ဒေါ်နန်းဝါတို့နှစ်ယောက် လှည်း... ရောက်သည်နှင့် ကွဲလှည်းကြီးပေါ်... စကားပင်မှ သာအေးဆိုသူရော ... အိုကြီးပါ တက်လာသည်။ ... တွင် စောင်ခြုံထားသော ခေါင်း...



www.burmeseclassic.com

www.burmeseclassic.com

နှင့် အဘွားကြီးတစ်ယောက်ကို ရသည်။ အဘိုးကြီးသည် လှည်းဦး တွင် လှည်းမောင်းရန် နေရာယူ သည်။ သားအေးဆိုသူမှာ အဘွား ခါးတွင် ကပ်၍ထိုင်လေသည်။

ဒေါ်သန်းလှနှင့် ဒေါ်နန်းဝါ အတူ ပြီး ,လှည်းတစ်ဖက်တွင် ထိုင် ကြသည်။

ဒေါ်သန်းလှတို့ ထိုင်ပြီးသည်နှင့် ည်းကြီးက တအိအိဖြင့် စ,ထွက် သည်။

"ဝူး…ဝူး…ဝူး"

တစ်ရွာလုံး ခွေးများ အူလိုက် အသံမှာလည်း ကျောချမ်း စိမ့်မြ

ဒေါ်သန်းလှသည် သိမ်ကိုးသိမ် သော သိမ်ဝင် ပုတီးကို ပိုက်ဆံ ထဲမှ ထုတ်၍ ဘုရားကို အာရုံပြု ဘုရားဂုဏ်တော်ကိုးပါးကို စိပ်လာခဲ့ အိုက်မ ရွာသစ်ကုန်းနဲ့ ကျောင်း ဆိုလျှင် ' နှစ်မိုင်ခန့် ဝေးသည်။ ကျောင်းကုန်းကို ကျွဲလှည်းကြီး ကျော် ခဲ့သည်။

"ဝူး…ဝူး…ဝူး"

ကျောင်းကုန်းရွာတွင် ခွေးများက အိုက်မ ရွာသစ်ကုန်း ခွေးများ အကြောရှည်ကြီးဖြင့် အူကြပြန် ကို ဒေါ်သန်းလှတို့ ကြားရပြန် ဒေါ်နန်းဝါ ကြောက်၍ ဒေါ်သန်း ဖက်ထားသည်။ ဒေါ်သန်းလှက ပုတီးစိပ်မပျက်၊ ဘုရားအာရုံပြု ဆက်၍ ပုတီးစိပ်နေသည်။

ကျောင်းကုန်းနှင့် စကားပင်ရွာ တစ်မိုင်မျှ ဝေးကွာသည်။ စကား ကို လွန်ခဲ့ပြန်သည်။ စကားပင် ကို မဝင်ရဘဲ ရွာ၏ အပြင် မောင်းသဖြင့် ခွေးအူသံ မကြား သို့သော် ပုပ်ဆော်နံ့ တူးတူး ခါးခါးကြီးက မခံမရပ်နိုင်အောင် နံလာ သည်။ ဘယ်လိုမှ အောင့်အီးသည်းခံ နိုင်စွမ်း မရှိတော့ပေ။ အပုပ်နံ့နှင့်အတူ လှုည်းကိုလည်း သက်ာမကင်းဖြစ်လာ မိသည်။

လှည်းပေါ် ပါလာသူများမှာ အိပ် ငိုက်နေကြပေပြီ။ ဒေါ်သန်းလှနှင့် သား ဖွားဆရာမ နှစ်ဦးသာ နိုးနိုးကြားကြား ဖြစ်နေပေ၏။

"ကျောင်းဆရာမရေ…ငါတော့ အပုပ်နံ့ကြီး နံတယ်။ တအားအန်ချင် နေပြီ"

ဟု ဒေါ်နန်းဝါက တိုးတိုးပြော လာသည်။

"ဒေါ်နန်းဝါ… ဒီက သိမ်ဝင် ပုတီးနဲ့ အိပ်နေတဲ့ လူသုံးယောက်ကို ရိုက်။ ငါက သိမ်ဝင်အပ်နဲ့ ကျွဲကို ထိုး မယ်"

ဟု တိုးတိုးကလေး ဒေါ်သန်းလှ က ပြောလိုက်သည်။

ပိုက်ဆံအိတ်ထဲမှ သိမ်ဝင်အပ်



ကို ဒေါ်သန်းလှ ထုတ်ယူလိုက်၏။ စိပ်ပုတီးကို ဒေါ်နန်းဝါအား ပေးလိုက် ၏။

ဒေါ်သန်းလှက သိမ်ဝင်အပ်နဲ့ သူတို့ စီးလာသော ကျွဲ၏ တင်ပါးကို ထိုးချလိုက်သလို၊ ဒေါ်နန်းဝါလည်း သိမ် ဝင် ပုတီးနဲ့ အိပ်ငိုက်နေသောလူများ ကို ဝှေ့ယမ်းရိုက်ပစ်လိုက်သည်။

"အောင်မလေး…"လို့ ကျွဲကြီး တွေ အော်ပြီး မြေကြီးပေါ်ကို ပုံလျက် သား ကျသွားသည်။

"မနိုင်ဘူးဟေ့"လို့ လှည်းပေါ်က အိပ်နေသူတွေက အော်ပြီး ပုတ်သင် ညိုသုံးကောင် အသေကလေးတွေ အဖြစ်နဲ့ မြေကြီးပေါ်မှာ ပြာကျနေတာ တွေ့ရသည်။ ကျွဲကြီးတွေလည်း တဖြည်းဖြည်း ပြာကျသွားသည်။

ဒေါ်သန်းလှနဲ့ ဒေါ်နန်းဝါလည်း မြေကြီးပေါ် ငုတ်တုတ်။ အံ့သြ ထိတ် လန့်ခြင်းနဲ့အတူ မင်သက်နေမိသည်။ မိုးက ဝေါခနဲရွာချလာမှ သတိဝင်လာ သည်။ ဒေါ်သန်းလှက ဒေါ်နန်းဝါ၏ လက်ကို ဆုပ်ကိုင်ပြီး နှစ်ယောက်သား မြေကြီးပေါ်မှ ထလိုက်ကြသည်။ ပါလာ သော ဓာတ်မီးဖြင့် ထိုးကြည့်ရာ ပုတ် သင်ညိုသုံးကောင်နှင့် ကျွဲနှစ်ကောင် သေပြီး ပြာကျနေသည်မှအပ ဘာမှ မတွေ့ရချေ။

သိမ်ဝင်အပ်နှင့် သိမ်ဝင် ပုတီးကို ပိုက်ဆံအိတ်ကလေးထဲ ပြန်ထည့်ပြီး နှစ်ယောက်သား မိုးထဲလေထဲတွင် လှည်းလမ်းကြောင်းအတိုင်း သုတ်ခြေ တင် ပြန်လာခဲ့ကြသည်။

◈◈◈

ထိုအကြောင်းများကို ကြားသိပြီး နောက် မြို့အစည်းအဝေးသို့ စာရေးသူ တို့နှစ်ယောက်သွားဖြစ်ခဲ့၏။ အပြန်၌ ရွာမှ အကြိုလွှတ်လိုက်သော လှည်း

www.burmeseclassic.com

သမားများနှင့် အချိန်းအဆက်လွဲပြီး မိုးချုပ်လုနီးပါး ဖြစ်သွား၏။ မိုးကလည်း မှောင်ကျလာသည်။ အချိန်မရှိတော့သဖြင့် နှစ်ယောက်သား အားတင်းကာ လမ်းလျှောက်ပြန်ဖြစ်ခဲ့သည်။

မိုးတွေကလည်း ရွာနေသလို၊ အမှောင်ကလည်း ပိုလာ၏။ ခရီးသုံးပုံ တစ်ပုံကျိုးလုချိန်မှာပင် အနောက်ဘက်ဆီမှ မိုးသံလေသံနှင့် ရောပြီး လှည်းမောင်းသံကို ကြားရတော့၏။

မီးရောင်များကိုလည်း ဝင်းခနဲ ဝင်းခနဲ တွေ့ရသည်။ စာရေးသူတို့ ခြောက်နှသုတ်သော်လည်း လှည်းမောင်းသံတွေက မကြာခင် မီလာ၏။

"ဆရာမတွေပါကော..."

လှည်းသမား၏ "ဆရာမတွေပါကော"ဟု ပြောလိုက်သော အသံကြားရခြင်းသည် ဒေါ်သန်းလှတို့နားထဲသို့ အနမြူပုံး ပေါက်ကွဲသံလား ထင်မိ၏။

"ဆရာမတို့...လှည်းပေါ်တက်ပါ။ ဘယ်လိုဖြစ်ကြတာလဲ"

ဟု လှည်းသမားက ဆို၏။

ဒေါ်သန်းလှတို့ နောက်ပြန် လှည့်ကြည့်လိုက်သောအခါ အိုက်မ ရွာသစ်ကုန်းမှ တိုမျှ၊ ကိုသန်းအောင်၊ ကိုဝင်းအောင်တို့၏ လှည်းများကို တွေ့ရ၏။

ခရီးကလည်း တော်တော် ဝေးဝေးကျန်သေးသည်မို့ ကြောက်ကြောက်နှင့်ပင် လှည်းပေါ် တက်လိုက်လာခဲ့သည်။

ဤသို့ စီးလာခဲ့ရာ စကားပင်၊ ကျောင်းကုန်းသို့ လွန်ခဲ့ပေပြီ။ အိုက်မ ရွာသစ်သို့ ရောက်ခါနီးတွင် သိမ်ဝင်ပုတီးနဲ့ ရိုက်ဆိုသော စကားသံကို ကြားယောင်သွား၍လား မသိ၊ တင်တင်သောင်းက ပုတီးနှင့် နွားကို လှမ်းရိုက်လိုက်သည်။ စာရေးသူကလည်း သိမ်ဝင်အပ်နှင့် နွားကို ထိုးလိုက်မိသည်။

နွားများမှာ ရုတ်တရက် ကြ...
လိုက်ရသဖြင့် တရကြမ်းပြေးလေ...
သည်။

"နွားအစစ်၊ လူအစစ်ပဲ တင်...
အောင်"

ဟု စာရေးသူမှ ပြောလိုက်...
သည်။ ထိုအခါ...

"ဆရာမတို့ ဘာဖြစ်ကြတာ..."

ဟု ကိုမျှက မေး၏။

"ဘာမှမဖြစ်ပါဘူး။ ရွာရောက်...
မိုးလင်းမှ ပြောပြတော့မယ်"

ဟုစာရေးသူမှပြောလိုက်ရသည်...

ကြားဖူးနားဝ ဖြစ်ရပ်မှန် ...
လမ်းကို စိတ်စွဲပြီး လာကြိုကြသော...
လှည်းသမားများအား အထင်အမြင်...
မှားခဲ့ကြောင်း မနက်လင်းမှ တောင်း...
စကား ဆိုရပေတော့မည် ■

* * *

နန်းပွင့်စံ(အင်းတော်...






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ကျွန်ုပ် ဗေဒင်ဟောခန်းဖွင့်ထားသော နတ်စင်လမ်း၊ ရွှေရင်အေးမြို့ ကန်တော်မင်္ဂလာအနီး၊ ကျုံးစုရွာ၊ လှိုင်သာယာမြို့နယ်သို့ ဘာသာရေးစာပေများ၊ ဆရာတော်ကြီးများ အတ္ထုပ္ပတ္တိ ဖြစ်ရပ်ဆန်းများလည်း ရေးသော ဘက်ထရီ မောင်သောင်း(ဟင်္သာတ) ရောက်ရှိလာလေရာ...

"အား...မောင်သောင်း၊ နေကောင်းရဲ့လား"

"အခုတော့ ကောင်းသွားပါပြီ၊ ဟိုတစ်လောက ဆရာဆန်းနဲ့ လက်ဖက်ရည်ဆိုင် ထိုင်ပြီး ပြန်လည်သွားရော လေဖြတ်တာ တစ်လကျော်လောက် ခံလိုက်ရတယ်။ ဒါ အခု ကောင်းသွားတာနဲ့ ဆရာဆန်းဆီက လောကုတ္တရာ ဗဟုသုတတွေ မှတ်ချင်တာနဲ့ လာခဲ့တာ"

"အေး၊ ရှင်းရှင်းပျောက်အောင်တော့ ဆေးစား၊ ဆေးသောက်တွေ သေချာလုပ်ပေါ့နော်၊ ကဲ - သိချင်တာက ဘာလဲ၊ ပြောစမ်း"

"ကျွန်တော်တို့ လပြည့်ဝန်း မဂ္ဂဇင်းမှာ ဆရာတော်ကြီးတွေ၊ တချို့ စာရေးဆရာကြီးတွေ သမထ ဝိပဿနာတွေ ရေးကြ ဟောကြတာကို ခေတ်လူငယ်တွေက နားလည်း မလည်ကြဘူး။ ဖတ်လည်း မဖတ်ကြဘူး။ ဒါကြောင့် အခြေခံကနေ သိသင့် သိထိုက်တာလေးတွေ မေးချင်တယ်ဗျာ"

"အေး... မေးကွာ၊ လိုက်လည်း မှတ်ကွာ"

"ဒါဆို ကျွန်တော် စ,မေးတော့မယ်။ ဩကာသ ကန်တော့ချိုးကိုတော့ လူတိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မိသားစုတိုင်း ညတိုင်း ရွတ်ဆိုနေကြတယ်ဗျာ။ အဲဒီ ဩကာသ ကန်တော့ချိုးကို ဆရာဆန်း အကျယ်တဝင့် ရှင်းပြပေးပါ"

"အေးကွာ၊ ဩကာသ ကန်တော့ချိုး မဆိုမီ ဘုရားရှိခိုးတဲ့အခါမှာ ရှေးဦးစွာ အပြစ်ခြောက်ပါးလွတ်အောင် ကောမန္တ - သင့်တင့်လျောက်ပတ်သော အရပ်မှာ နေပါ။ ထိုအရပ်မျိုးမှာ "ဝေးနီးလေညာ မြင့်မှုရာနှင့် မျက်နှာချင်းဖပ် နောက်ကျောရပ်ဟု ခြောက်ရပ်ပြစ်သာ ကင်းစင်ရာ၌" ဆိုသည့်အတိုင်း...

ဝေး - ဝေးလွန်းသောအရပ်၊
နီး - နီးလွန်းသောအရပ်၊
လေညာ - လေညာလေထက်ဖြစ်သောအရပ်၊
မြင့်မှုရာ - မြင့်သောနေရာ၊
မျက်နှာချင်းဖပ် - မျက်နှာချင်းဆိုင်အရပ်၊
နောက်ကျောရပ် - နောက်ဘက်

ဟူသော အပြစ်ခြောက်ပါးလွတ်သောအရပ်၌ နေထိ ၍ "ခြေလက်နဖူး၊ တံတောင်ဒူး၊ ငါးဦးမြေပြင်စေ" ဟူသေ ဆောင်ပုဒ်အတိုင်း ဒူးနှစ်ဖက်၊ လက်နှစ်ဖက်၊ နဖူးတို့ မြေ၌ (သို့မဟုတ်) ကြမ်းပြင်၌ ထိစေ၍ ဦးစွာ ဦးချရမယ် ပြီးလျှင်...

ဗုဒ္ဓံ ပူဇေမိ - ဗုဒ္ဓမြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ အရှင်ဘုရား။

ဓမ္မံ ပူဇေမိ - ဓမ္မတရားတော်မြတ်ကို ပူဇေမိ ပူဇော် ၏ အရှင်ဘုရား။

သံဃံ ပူဇေမိ - သံဃံ သံဃာတော်မြတ်ကို ပူဇေ ပူဇော်ပါ၏ အရှင်ဘုရား။

ပြီးတော့မှ ဩကာသ ကန်တော့ချိုးကို ဆို၍ ကန်တေ ရမှာ ဖြစ်ပါတယ်"

◈◈◈

## ကန်တော့ချိုး

ဩကာသ...ဩကာသ...ဩကာသ၊
ကာယကံ ဝစီကံ မနောကံ၊
သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက် စေခြင်းအကျိုးငှာ၊
ပထမ၊ ဒုတိယ၊ တတိယ၊
တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်
ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊
ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ အရှင်ဘုရား။

ကန်တော့ရသောအကျိုးအားကြောင့် အပါယ်လေး ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော်မြ ရပါလို၏ အရှင်ဘုရား။ (ဗုဒ္ဓဘာသာတရားတော်အခ အဆင့်၊ စာ - ၁၀၆)

"ဒီနေရာမှာ မှတ်သားရမှာက ဩကာသ ဆ ပါဠိစကားပါ။ မြန်မာလို **အခွင့်**လို့ အဓိပ္ပာယ်ရပါ **ရှိခိုးပါရစေ၊ ခွင့်ပြုတော်မူပါ**ဟု ဆိုလိုရင်းဖြစ်ပါ ပါဠိတော်များတွင် **ဩကာသံ ကရောဟိ - အခွင့်ပြု မူပါ။ ဩကာသံ ဒေဟိ - အခွင့်ပေးတော်မူပါ လျှောက်ပါရစေ** ဟု တစ်စုံတစ်ခုကို မေးလျှော အသုံးပြုသော ပါဠိစကားဖြစ်တယ်။ အသေးအနက်

www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဩကာသ…ဩကာသ ဟူ၍ နှစ်ကြိမ်၊ သို့မဟုတ် ကြိမ်ဆိုလေ့ရှိကြတယ်"

"ဆရာဆန်း… ကာယကံ၊ ဝစီကံ၊ မနောကံတို့မှာ ရှိခိုးခြင်း၊ ဒွါရနဲ့ ရှိခိုးခြင်းတို့ကို ကျွန်တော်ကြားဖူးပါ အဲဒါလေးလည်း ရှင်းပြပါဦး"

"ဒီနေရာမှာ ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြရရင် စာအုပ် အုပ်လောက်ဖြစ်သွားမယ်။ ဒီတော့ လိုရင်းပြောရရင် နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ ဂိုဏ်းကြီး (၁) သုဓမ္မာဂိုဏ်း၊ (၂) ရွှေကျင်ဂိုဏ်း၊ (၃) မဟာ ဂိုဏ်း၊ (၄) မူလဒွါရဂိုဏ်း၊ (၅) အနောက်ချောင်း ဒွါရ (၆) ဝေဠုဝန်ဂိုဏ်း၊ (၇) စေတဘူမိက မဂ္ဂင် မဟာသတိ ငှက်တွင်းဂိုဏ်း၊ (၈) ဂဏဝိမုတ် ကူးတို့ဂိုဏ်း၊ ဓမ္မယုတ္တိ နိကာယ မဟာရင်ဂိုဏ်းတို့ကို ပြည်ထဲရေးနဲ့ ရေးဝန်ကြီးဌာနက (၁-၂-၁၉၈၀)နေ့မှာ အတည်ပြု တည်ရှိခွင့်ပေးခဲ့တယ်။ နောက်ထပ် ဂိုဏ်းသစ်တည် မှုကိုတော့ ပိတ်ပင်တားမြစ်ခဲ့တယ်။ အခု တည်ရှိနေ ငံတော် သံဃာ့မဟာနာယကအဖွဲ့ကြီးမှာ အဲဒီဂိုဏ်း ဂိုဏ်းက ကိုယ်စားလှယ်တွေ အချိုးကျ ပါဝင်ဖွဲ့စည်းပြီး ကိစ္စအဝဝတို့ကို ဆောင်ရွက်နေခဲ့တာ ဒီနေ့အထိတိုင်

အခုလို တည်ရှိခွင့်ရှိတဲ့ ဂိုဏ်းတွေမှာလည်း ဘုရားရှင် ကြားတော်မူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုင်ရာ ကျင့်ကြံမှုနဲ့ အဝတ်အထည် အဆင်အပြင်အားလုံး ကွဲပြားမှုမရှိ ထပ်တူညီမှုဖြစ်တယ်။ ဆရာသမားများကို ပြီးတော့ အခုလို ဂိုဏ်းအဖြစ် ကွဲပြားနေတာ။ အဲဒီ ကြီး ကိုးဂိုဏ်းအနက် သုဓမ္မာဂိုဏ်းက သံဃာအများ အကြီးဆုံးလည်း ဖြစ်တယ်။ အဲဒီ သုဓမ္မာဂိုဏ်းက ဂိုဏ်းအဖြစ် တည်ရှိနေတာ မဟုတ်ဘူး။ ရွှေကျင် ဖြစ်ပေါ်လာရာက စပြီး သုဓမ္မာဂိုဏ်းဖြစ်လာတာ။ အဲဒီ ကို ကံဂိုဏ်းလို့လည်း ခေါ်ဆိုကြသေးတယ်။

အုတ်ဖိုမြို့က ဆရာတော် အရှင် ဥက္ကံဝံသ မဂလာ ဂိုဏ်းကို စတင် တည်ထောင်တော်မူတယ်။ ထိုဆရာ ပြိုင်ဘက် ဆရာတော်ကတော့ ကျီးသဲလေးထပ် တော် အရှင်မုနိန္ဒာဘိဓဇ ဖြစ်ပါတယ်။

ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ရှိခိုးခြင်းသည် ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့နှင့် ရှိခိုးခြင်းသည် မှန်၏ဟူ၍ ထိုဆရာတော်နှစ်ပါးတို့ အငြင်းပွားရာ ဆုံးတွင် ကံ၊ ဒွါရ နှစ်မျိုးလုံးပင် မှန်သည်ဟု အဖြေ ရခဲ့တယ်။

အဲဒီအချိန်က စပြီး အုတ်ဖိုမှာ ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က "ဒွါရဖြင့် ရှိခိုးကြရာ မှ "ကံ"၊ "ဒွါရ" ကွဲပြားသွားခြင်းဖြစ်တယ်။

ဒွါရဂိုဏ်းဟာ အုတ်ဖို(အင်ပူ)မှာ ဟင်္သာတ၊ လွန် နေပြည်မြို့နယ်တို့မှာ ထင်ရှားလာတယ်။ ကျွန်ုပ်လည်း ဒွါရ ဂိုဏ်းအယူရှိသူ ဖြစ်ပြီး အင်ပူမြို့နယ်၊ ရောဝတီတိုင်း ဇာတိ ဖြစ်ပါတယ်။ မြန်မာပြည်မှာ အလွန်ထင်ရှား နာမည်ကြီးတဲ့ ဓနုဖြူမြို့ မဟာဗန္ဓုလ ခံတပ်မြို့ရိုးပေါ်မှာ တည်ထားတဲ့ "ဓနု ဖြူ ပါဠိတက္ကသိုလ် တောင်ပေါ် ကျောင်းတိုက်"ဟာ မဟာ ဒွါရဂိုဏ်းဝင် စာသင်တိုက်ကြီးဖြစ်ပါတယ်။ ထိုစာသင်တိုက် ကြီးမှာ ကျွန်ုပ် အကြီးတန်းအထိ ပညာသင်ကြားခဲ့ဖူးပါတယ်။

ဘာပဲပြောပြော ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ လည်းကောင်း၊ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ ဟူ၍ လည်း ကောင်း နှစ်မျိုးစလုံး ရှိခိုးနိုင်ကြပါတယ်။ ကိုယ်ကြိုက်သလို ရှိခိုးနိုင်ပါတယ်။

ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်း သောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ဆိုရာမှာ -

**ကာယကံ**မှာ ကာယ - ကိုယ်၊ ကံ - အမှု၊ ပြစ်မှား မှု၊ ကိုယ်ဖြင့် ပြစ်မှားမှု။

**ဝစီကံ**မှာ ဝစီ - နှုတ်၊ ကံ - အမှု၊ ပြစ်မှားမှု၊ နှုတ် ဖြင့် ပြစ်မှားမှု။

**မနောကံ**မှာ မနော-မန- စိတ်၊ ကံ - အမှု၊ ပြစ်မှားမှု၊ စိတ်ဖြင့် ပြစ်မှားမှု။

**သဗ္ဗဒေါသ**မှာ သဗ္ဗ - အလုံးစုံသော၊ ခပ်သိမ်းသော၊ ဒေါသ - အပြစ်။

အထက်မှာ ဖော်ပြထားတဲ့ ကာယကံပြစ်မှု၊ ဝစီကံ ပြစ်မှု၊ မနောကံပြစ်မှုဟူသော အပြစ်အားလုံးကို သဗ္ဗဒေါသ ဟု ဆိုလိုပါတယ်။

**ကာယကံပြစ်မှု သုံးပါး**မှာ ပါဏာတိပါတ - သူ့ အသက်သတ်ခြင်း၊ အဒိန္နာဒါန - ပိုင်ရှင်က ကိုယ်၊ နှုတ်ဖြင့် မပေးသော သူ့ဥစ္စာခိုးယူခြင်း၊ ကာမေသု မိစ္ဆာစာရ - ကာမ ဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းတို့ ဖြစ်တယ်။

**ဝစီကံပြစ်မှု လေးပါး**မှာ မုသာဝါဒ - မဟုတ်မမှန် ပြောဆိုခြင်း၊ ပိသုဏဝါစာ - ကုန်းတိုက်စကား ပြောဆိုခြင်း၊ ဖရုသဝါစာ - ဆဲရေးတိုင်းထွာခြင်း စသော ကြမ်းတမ်းစကား ဆိုခြင်း၊ သမ္ဖပ္ပလာပဝါစာ - အကျိုးမရှိ အနှစ်မဲ့သော စကား ကို ပြောဆိုခြင်းတို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(စပါးပိန်၊ စပါးဖျင်းသည် အတွင်း၌ အနှစ်အဆန်မရှိ သကဲ့သို့ အကျိုးမရှိသော စကားကို ပြောဆိုခြင်း။)

**မနောကံပြစ်မှု သုံးပါး**မှာ အဘိဇ္ဈာ - သူတစ်ပါးပစ္စည်းကို "ငါ့ဟာဖြစ်လျှင် ကောင်းလေစွ"ဟု မတရားကြံစည်ခြင်း၊ ဗျာပါဒ - သူတစ်ပါးကို သေကြေ ပျက်စီးစေလိုခြင်း၊ မိစ္ဆာဒိဋ္ဌိ - အယူမှားခြင်း (ကံ-ကံ၏ အကျိုးကို မယုံကြည်ခြင်း)တို့ ဖြစ်ပါတယ်။

အထက်ဖော်ပြပါ ကာယကံပြစ်မှု သုံးပါး၊ ဝစီကံပြစ်မှု လေးပါး၊ မနောကံပြစ်မှု သုံးပါး၊ စုစုပေါင်း ဆယ်ပါးတို့ကို ဒုစရိုက် ဆယ်ပါးလို့ ခေါ်ပါတယ်။ (ဒုစရိုက်အပိုင်းတွင် ထပ်ရှင်းပါမည်။)

◈◈◈

## ရတနာသုံးပါး

စိတ်နှလုံး မွေ့လျော်ရွှင်ပျော် နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှသည် ရတနာမည်ပါသည်။

စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာတို့သည် လောကရှိ လူအပေါင်းတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မွေ့လျော် ပျော်ရွှင်စေတတ်သောကြောင့် လောကီ ရတနာဟု ခေါ်ဆိုပါသည်။ ထို့အတူ ဘုရား၊ တရား၊ သံဃာတို့သည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာ ရတနာဟု ခေါ်ဆိုပါသည်။

### ရတနာ၏ လက္ခဏာသဘော

* အလေးအမြတ်ပြုခံရခြင်း၊
* အဖိုးများစွာ ထိုက်တန်ခြင်း၊
* အတုမရှိ အသာဆုံးဖြစ်ခြင်း၊
* တွေ့ခဲ၊ ကြုံခဲ၊ ရခဲခြင်း၊
* ဘုန်းကံရှိသူတို့၏ အသုံးအဆောင် (သို့မဟုတ်) ကိုးကွယ်ရာဖြစ်ခြင်းတို့ ဖြစ်သည်။

ဆောင်ပုဒ်မှာ အလေးပြုအပ်၊ ဖိုးမပြတ်သည့်၊ နှိုင်းအပ်ပြိုင်ဖွယ်၊ မရှိကွယ်သား၊ မလွယ်တွေ့ဖို့၊ ရှေးကံချို့ သည့်၊ လူတို့ သုံးစရာမဟုတ်ပါသည်၊ ရတနာပစ္စည်းခေါ်သတည်း။

### ဗုဒ္ဓရတနာ

ဗုဒ္ဓသည် အရပ်ာ စသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံပြီး ဗုဒ္ဓတရားတို့ကို နာကြားရသူတို့မှာ စိတ်၏ အေးချမ်းသာယာမှု၊ အသိဉာဏ်တိုးတက်မှုတို့ကို ရသောကြောင့် ဆည်းကပ် ကိုးကွယ်သူတို့ အလေးအမြတ်ပြုအပ်သော ရတနာဖြစ်၏။ စိန်ရွှေရတနာတို့သည် အဖိုးထိုက်တန် ထိုရတနာအတွက် ဥစ္စာရှင်မှာ စိတ်ချမ်းသာမှု အကျိုး ရသကဲ့သို့ ဘုရားရှင်ကို ဖူးတွေ့ရ၊ ကိုးကွယ်ရ၊ ဆည်းကပ် သော ပုဂ္ဂိုလ်တို့သည် လောက သံသရာ နှစ်ဖြာအကျိုး ရကြသည်။ ထိုပုဂ္ဂိုလ်များအတွက် ဗုဒ္ဓရတနာသည် တ မဖြတ်နိုင်သော ရတနာဖြစ်ပါသည်။

ပြည်တန် ပတ္တမြားသည် အခြား တန်းတူရတနာ နိုင်သကဲ့သို့ ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာဂုဏ် တူသော ပုဂ္ဂိုလ်သည် လောကတွင် မရှိ၊ သို့မဟုတ် သည် အတုမရှိ ရတနာဖြစ်ပါသည်။

ပြည်တန် ပတ္တမြားကို တွေ့ဖို့ ကြုံဖို့ ခဲယဉ်းသကဲ့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့် မှ ဘုရားဖြစ်လာရသော ဗုဒ္ဓမည်သော ပုဂ္ဂိုလ်ထူးနှင့် ကြုံဖို့၊ ဖူးတွေ့ဖို့ အလွန်ခဲယဉ်းလှ၏။ ထို့ကြောင့် ဗုဒ္ဓ ရတနာဖြစ်ပါသည်။

လောက၌ ကျောက်သံ ပတ္တမြား စိန်၊ ရွှေရတနာ ကို လူသာမန်တို့ မသုံးနိုင်၊ ချမ်းသာကြွယ်ဝသူတို့သာ ဆောင်နိုင်သကဲ့သို့ ဗုဒ္ဓရတနာကိုလည်း ဘုန်းကံရှိသူတို့ ဆည်းကပ် ကိုးကွယ်နိုင်သောကြောင့် ရတနာမည်ပေ လောကတွင် လူနေအားဖြင့် အထက်တန်းကျကျ နေ စားသောက်နိုင်သည်မှန်သော်လည်း ဗုဒ္ဓရတနာကို ကြည်၍ ကိုးကွယ်ဆည်းကပ်ခွင့် မရကြပေ။

### ဓမ္မရတနာ

မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယ ဤဆယ်မျိုးကို ဓမ္မဟု ခေါ်ဆိုပါသည်။ ထိုဆယ်မျိုး ဓမ္မကို ရိုသေလေးမြတ်စွာ နာယူမှတ်သားအပ်၊ ကျ ပွားများအပ်၏။

တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးထိုက်တ မဂ်ဖိုလ်နိဗ္ဗာန်တရားတော်ကို မဆိုထားဘိ၊ ပရိယတ္တိ တော်များသည်ပင် အတုမရှိ အသာဆုံး တရားတော် ပေ၏။ ထိုတရားတော်ကို ဘုရားပွင့်မှ ကြားသိရသော တော်ဖြစ်ရကား ဘုရားရှင်ကို ဖူးတွေ့ဖို့ မလွယ်သလို တော်ကိုလည်း ကြားနာရဖို့ မလွယ်ကူချေ။

ထိုတရားတော်ကို ဘုန်းကံနည်းသူများ မသိနိုင် စွဲနိုင်။ ဘုန်းကံရှိသောသူတို့၏ အသုံးအဆောင် ဤသို့လျှင် တရားတော်သည် ရတနာ၏ ဂုဏ်အင် ပြည့်စုံလေသောကြောင့် ဓမ္မရတနာမည်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

### သံဃရတနာ

သမ္မုတိနှင့် အရိယာ နှစ်ဖြာသော သံဃာတော် အရှင်သူမြတ်အပေါင်းသည် သံဃရတနာမည်ပါတယ်။ ထိုသံဃရတနာသည် ရှိသေလေးစားထိုက်၏။ မရှိမသေလုပ်လျှင် ထိုမရှိမသေလုပ်သူအား လောကကြီး၌ ကြီးပွားခြင်း၏ အန္တရာယ်ကို ဖြစ်စေ၏။ နောင်သံသရာ၌လည်း မကောင်းကျိုးကို ခံစားရ၏။ သံဃာတော်ကို ရှိသေလေးမြတ် ဆည်းကပ်သူမှာ လောကသံသရာ နှစ်ဖြာသောအကျိုးကို ရစေနိုင်ပါသည်။

သံဃရတနာသည် ဗုဒ္ဓရတနာပေါ်ထွန်းချိန်မှာသာ တွေ့ကြုံရ ဖူးမြော်ရသောကြောင့် အလွန်တွေ့ကြုံရခဲသော ရတနာလည်း ဖြစ်ပါသည်။

ထို သံဃရတနာကို ဘုန်းကံကြီးသူ လူသားတို့သာ တွေ့နိုင်၊ ဆည်းကပ် ကိုးကွယ်နိုင်သောကြောင့် သံဃရတနာသည် ဘုန်းကံရှိသူတို့သာ ကိုးကွယ်ရာဖြစ်၏။

◈◈◈

"ဆရာဆန်းရေ··· အခြေခံကျကျ ဗုဒ္ဓဘာသာပီပီ ထိထိမိမိ သိသင့်သိထိုက်တာက ဒီက စသကိုးဗျ။ ကောင်းဗျာ၊ သေသေချာချာရေးတဲ့သူ မရှိသေးလို့ သေချာမသိသေးတာ၊ အခု သိပြီဗျာ"

"ကဲ - သေသေချာချာရေးမှာမို့လို့ သေချာမှတ်ဗျို့"

"ဟုတ်ကဲ့ ဆရာဆန်း၊ ကျန်တာကို နောက်လမှ ဆက်မှာလား"

"မှန်တယ်၊ ရတနာသုံးပါးပဲ ရောက်သေးတာလေ"

"ကောင်းပါပြီ ဆရာရယ်" ■

ရှေ့လ ဆက်ပါဦးမည်

* * *

ဆန်းဝင်း(အောင်မြေ)


" အာစရိယဂုဏံ အဟံ ဝန္ဒာမိ "

## ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

### ဂမ္ဘီရအမည်ခွဲ - ဇအောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ တဝဲစဲသက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနှင့် မင်္ဂလာအစီအရင်၊ နဝင်းခံတပ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်းအစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေညော်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ စံလွင်မောင်

# အံ့ဖွယ်နှစ်ပါးနှင့် လက်ဖျစ်တစ်တွက် ကုသိုလ်ကျင့်စဉ်

ကိုရွှေမြသန်း

အခါတစ်ပါး၌ မြတ်စွာဘုရားသခင်သည် ဝဇ္ဇီတိုင်းအတွင်းရှိ ဆင်ရွာ၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတော်များကို…

"ချစ်သား ရဟန်းတို့… ဆင်ရွာ၌ နေသော ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံသောသူဟူ၍ မှတ်ယူကြရမည်"

ဟု အကျဉ်းချုပ် မိန့်ကြား၍ အကျယ်မဟောဘဲ ကျောင်းတော်တွင်းသို့ ဝင်ကြွတော်မူလေသည်။

ထို့နောက် ရဟန်းတော်တစ်ပါးသည် နံနက်ခါ ဥဂ္ဂ သူကြွယ်အိမ်သို့သွား၍…

"သူကြွယ်…သင့်ကို မြတ်စွာဘုရားက အံ့ဖွယ်တရား ရှစ်ပါးနှင့် ပြည့်စုံသူဟူ၍ ဟောကြားအပ်ပြီ။ ထိုအံ့ဖွယ်တရား ရှစ်ပါးတို့အား အဘယ်နည်း"

ဟု မေးမြန်းသည်တွင် ဥဂ္ဂသူကြွယ်မှ…



www.burmeseclassic.com

www.burmeseclassic.com

"အဘယ်ကဲ့သို့သော အံ့ဖွယ်တရားရှစ်ပါးတို့နှင့် ပြည့်စုံသူဟု တပည့်တော်အား မြတ်စွာဘုရား ဟောတော်မူသည်ကို အတိအကျ မသိရသော်လည်း တပည့်တော်မှာ ထင်ရှားရှိသော အံ့ဖွယ်တရားရှစ်ပါးတို့ကို နာကြားနှလုံးသွင်းတော်မူပါ"

ဟု လျှောက်ထားပြီးလျှင် အောက်ပါအတိုင်း အံ့ဖွယ်တရားရှစ်ပါးတို့ကို အကျယ်လျှောက်ဆိုလေတော့၏။

* တပည့်တော်သည် ကံ့ကော်တော ဥယျာဉ်ထဲမှာ သောက်စား ပျော်ပါးနေစဉ် မြတ်စွာဘုရားကြွလာသည်ကို ပထမအကြိမ် အဝေးကပင် မြင်လျှင်မြင်ချင်း အရက်ပြေပျောက်၍ ကြည်ညိုခြင်း သဒ္ဓါတရား ကောင်းစွာဖြစ်ခဲ့ပါသည်။

ဤကား ပထမ အံ့ဖွယ်ဖြစ်ပါသည်။

* မြတ်စွာဘုရားအား ထို ပထမ တွေ့ရသောအခါမှာ မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားနာသောအခါ သောတာပန်ဖြစ်ပြီး ဗြဟ္မစရိယ ပဉ္စသီလကို ဆောက်တည်ကျင့်သုံးပါသည်။

ဤကား ဒုတိယ အံ့ဖွယ်ဖြစ်ပါသည်။

* တပည့်တော်၌ မယားလေးယောက်ရှိရာ အိမ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် "ငါသည် ဗြဟ္မစရိယ သီလကို ဆောက်တည်ထားပြီ၊ သင်တို့သည် ဤအိမ်မှာ နေလိုသူသည် အလိုရှိသလို စည်းစိမ်ဥစ္စာတို့ကို သုံးစွဲ၍ ကုသိုလ်ကောင်းမှုပြုကာ နေနိုင်သည်။ မိဘထံ ပြန်လိုသူ ပြန်နိုင်သည်။ အခြား ယောကျာ်းတစ်ပါးကို ယူလိုသူ လည်း အဘယ်သူ့အား ပေးရမည်ကို ပြောကြားနိုင်" ဟု မေးသောအခါ အကြီးဆုံး မယားက "အကျွန်ုပ်ကို ဤမည်သောသူအား ပေးပါ"ဟု ပြောသည်တွင် ထို ယောကျာ်းကို ခေါ်စေ၍ လက်ဝဲလက်ဖြင့် မယားကြီးကို ကာ လက်ျာလက်ဖြင့် ရေကရားကို ကိုင်၍ ယောကျာ်းအား စွန့်လှူပေးကမ်းလိုက်ပါသည်။ ထိုကဲ့သို့ ပေးကမ်းလိုက်ရသည့်အတွက် အနည်းငယ်မျှ စိတ်ပြောင်းလဲခြင်း မရှိပါ။

ဤကား တတိယ အံ့ဖွယ်ဖြစ်ပါသည်။

* တပည့်တော်၏အိမ်တွင် ရှိသော ရှိသမျှ စည်းစိမ်ဥစ္စာတို့ကို ကောင်းသောအကျင့်ရှိသော သီလဝန္တ ပုဂ္ဂိုလ်တို့ မခြိမ်း အတူသုံးဆောင်ရန် ရည်သန် ဆုံးဖြတ်ပြီး ပါသည်။

ဤကား စတုတ္ထ အံ့ဖွယ်ဖြစ်ပါသည်။

* တပည့်တော်သည် ရဟန်းတော်တစ်ပါးပါးထံ ချဉ်းကပ်လျှင် ရိုသေစွာ ချဉ်းကပ်ပါသည်။ မရိုမသေ မချဉ်းကပ်ပါ။ ထိုအရှင်မြတ်က တရားဟောလျှင်လည်း ရိုသေစွာသာ တရားနာပါသည်။ မရိုမသေ တရားမနာပါ။ ထိုအရှင်မြတ်က တပည့်တော်အား တရားမဟောလျှင် တပည့်တော်ကပင် ထိုအရှင်မြတ်အား တရားဟောပါသည်။

ဤကား ပဉ္စမ အံ့ဖွယ်ဖြစ်ပါသည်။

* တပည့်တော်အိမ်သို့ လှူဒါန်းရန် သံဃာတော်ကို ပင့်ဖိတ်လိုက်လျှင် နတ်များက ကြိုတင် လာရောက်၍ "သူကြွယ်…ဤမည်သော ပုဂ္ဂိုလ်များကား အရိယာကြီးများ ဖြစ်ကြ၏။ ဤမည်သော ပုဂ္ဂိုလ်တို့ကား ပုထုဇဉ် သီလဝန္တ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြ၏။ ဤမည်သော ပုဂ္ဂိုလ်ကား ဒုဿီလ ဖြစ်၏"ဟု အလျင်လက်ဦး ပြောကြားလာကြသည်။

ထိုသို့ နတ်များ ကြိုတင်ပြောကြားလာခြင်းမှာ တပည့်တော်အဖို့ အံ့ဖွယ်မဟုတ်ပါ။ အံ့ဖွယ်ကောင်းသော အကြောင်းမှာကား တပည့်တော်သည် သံဃာအား လှူဒါန်းသောအခါ၊ သံဃာကို ဆွမ်းပြုသောအခါ "ဤပုဂ္ဂိုလ်အား အရိယာ သီလဝန္တဖြစ်၍ များများလှူမည်။ ဤပုဂ္ဂိုလ်ကား ပုထုဇဉ်ဖြစ်၍ နည်းနည်းလှူမည်"ဟူ၍ စိတ်ဖြစ်ခြင်း အလျှင်းမရှိပါ။ စင်စစ်မှာ အရိယာ သီလဝန္တ ဒုဿီလ မခြားနား၊ တူမျှသောစိတ်ရှိ၍သာ လှူဒါန်းပါသည်။

ဤကား ဆဋ္ဌမ အံ့ဖွယ်ဖြစ်ပါသည်။

* တပည့်တော်ကို နတ်များက လာရောက်၍ "သူကြွယ်…မြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာ ဟောအပ်သော တရားဖြစ်သည်။ သွာက္ခာတဂုဏ်နှင့် ပြည့်စုံသော တရားဖြစ်သည်"ဟု ပြောကြားကြပါသည်။ ယင်းကဲ့သို့ နတ်များ လာရောက်ပြောကြားခြင်းမှာ တပည့်တော်အဖို့ အံ့ဖွယ်မဟုတ်ပါ။ အံ့ဖွယ်ကောင်းသော အကြောင်းမှာကား ထိုကဲ့သို့ နတ်တို့က လာ၍ပြောကြားလျှင် "အသင် နတ်မင်းတို့က ဤသို့ ပြောသည်ဖြစ်စေ၊ မပြောသည် ဖြစ်စေ၊ စင်စစ်ကား မြတ်စွာဘုရားဟောအပ်သော တရားသည် သွာက္ခာတဂုဏ်နှင့် ပြည့်စုံသော တရားသာ ဖြစ်၏"ဟု တပည့်တော်က ပြောကြားလိုက်ပါသည်။ (နတ်ပြောမှ ယုံကြည်ခြင်း မဟုတ်၊ ကိုယ်တိုင်သိ၍ ယုံကြည်ခြင်းဖြစ်သည်ဟု ဆိုခြင်း။)

ဤကဲ့သို့ နတ်တို့နှင့် အတုံ့အပြန် စကားပြောရခြင်းအတွက် ငါ့ကို နတ်တို့ ဆည်းကပ်လာပေသည်။ ငါကား နတ်တို့နှင့် စကားပြောရသူဖြစ်သည်ဟူ၍ စိတ်တက်ကြွခြင်း (မာန်မာန) အလျှင်းမရှိပါ။


www.burmeseclassic.com

www.burmeseclassic.com

ဤကား သတ္တမ အံ့ဖွယ်ဖြစ်ပါသည်။

* - အကာယ်၍များ မြတ်စွာဘုရား၏အရင် တပည့်တော်မှ ဦးစွာသေသွား၍ မြတ်စွာဘုရားက "ဥဂ္ဂသူကြွယ်မှာ ဤကာမဘုံသို့ တစ်ဖန် ပဋိသန္ဓေ အနေလာရန် သံယောဇဉ် ငါးပါးအလျဉ်းမရှိ၊ အနာဂါမ်ဖြစ်သည်" ဟု ဗျာဒိတ်စကား မိန့်ကြားမှုပါလျှင် အထူးအဆန်း အံ့ဖွယ်မဟုတ်ပါ။ ဗျာဒိတ်စကားမကြားမီ ယခုကပင် တပည့်တော်သည် အနာဂါမ် ပုဂ္ဂိုလ်ဖြစ်နေပါသည်။

ဤကား အဋ္ဌမ အံ့ဖွယ်ဖြစ်ပါသည်ဟု လျှောက်ထားလေသည်။

ဥဂ္ဂသူကြွယ်၏ ကံ့ကော်တော ဥယျာဉ်ထဲ၌ မူးယစ်သောက်စားနေစဉ် မြတ်စွာဘုရားကြွလာသည်ကို အဝေးကမြင်ရုံမျှဖြင့် အရက်မူး ပြေပျောက်၍ ကြည်ညိုခြင်း သဒ္ဓါတရားကောင်းစွာဖြစ်ပွားခဲ့သည့် ပထမအံ့ဖွယ်တစ်ပါးမှ စ၍ အံ့ဖွယ်ရှစ်ပါးတိုင်အောင် အစဉ်အဆက်ဖြစ်ပေါ်လာခြင်းကို နည်းနာယူ မှတ်သားပြီး မြတ်စွာဘုရားဟောကြားတော်မူသည့် "လက်ဖျစ်တစ်တွက် ကုသိုလ်ကျင့်စဉ်" ကို ပြုကျင့်နေထိုင်ကြမည်ဆိုပါက လွန်ကဲ ထူးမြတ်လွန်း၍ ဤရွေ့ ဤမျှ ရေတွက်မရနိုင်အောင် များပြားသော အကျိုးကျေးဇူးများကို ရရှိခံစား၊ စံစားနိုင်ကြမည် ဖြစ်ပါသည်။

◈◈◈

လက်ဖျစ်တစ်တွက် ကုသိုလ်ကျင့်စဉ်ဆိုသည်မှာ ဝေလာမ သုတ်တွင် ဘုရားအလောင်းတော် ဝေလာမ ပုဏ္ဏားသည် ရွှေအပြည့်နှင့် ရွှေခွက်ပေါင်း ရှစ်သောင်း လေးထောင်၊ ငွေအပြည့်နှင့် ငွေခွက်ပေါင်း ရှစ်သောင်း လေးထောင်၊ ရတနာ ခုနစ်ပါးအပြည့် ကြေးခွက်ပေါင်း ရှစ်သောင်း လေးထောင်၊ တန်ဆာအပြည့်အစုံဆင်ပြီးသော ဆင်၊ မြင်း၊ ရထား၊ နွား၊ သတို့သမီး ပလ္လင်ပေါင်း ရှစ်သောင်း လေးထောင်၊ ဆယ်ထည်တစ်စုံစီ ပြုထားသော ပုဆိုးပေါင်း ရှစ်သောင်း လေးထောင်နှင့်တကွ ထမင်းရေချောင်းစီး အလှူကြီး (မဟာဒါနအလှူတော်ကြီး)ကို ခုနစ်နှစ်နှင့် ခုနစ်လတိုင် ပေးလှူဖူးသည်။ သို့သော်..

* ထို ဝေလာမ ပုဏ္ဏား ပေးလှူသော အလှူကြီးထက် တစ်ယောက်သော သောတာပန်အား တစ်ကြိမ်မျှ ဆွမ်းလှူရခြင်းက မြတ်၏။

* သောတာပန်တစ်ရာအား လှူဒါန်းခြင်းထက် သကဒါဂါမ်တစ်ယောက်အား ဆွမ်းတစ်ကြိမ်လှူရခြင်းက မြတ်၏။

* သကဒါဂါမ်တစ်ရာအား လှူဒါန်းခြင်းထက် အနာဂါမ်တစ်ဦးအား ဆွမ်းတစ်ကြိမ်လှူရခြင်းက မြတ်၏။

* အနာဂါမ်တစ်ရာအား လှူဒါန်းရခြင်းထက် ရဟန္တာတစ်ပါးအား ဆွမ်းတစ်ကြိမ်လှူဒါန်းရခြင်းက မြတ်၏။

* ရဟန္တာတစ်ရာအား လှူဒါန်းရခြင်းထက် ပစ္စေက ဗုဒ္ဓါတစ်ပါးအား ဆွမ်းတစ်ကြိမ်လှူဒါန်းရခြင်းက မြတ်၏။

* ပစ္စေက ဗုဒ္ဓါတစ်ရာအား လှူဒါန်းရခြင်းထက် သဗ္ဗညုမြတ်စွာဘုရားအား ဆွမ်းတစ်ကြိမ်လှူဒါန်းရခြင်းက မြတ်၏။

* မြတ်စွာဘုရားတစ်ပါးတည်းအား လှူဒါန်းရခြင်းထက် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းတစ်ကြိမ်လှူဒါန်းရခြင်းက မြတ်၏။

* ဘုရားအမှူးရှိသော သံဃာတော်များအား လှူဒါန်းရသော အကျိုးထက် စတုဒိသာ သံဃာကို ရည်၍ ကျောင်းဆောက်လှူဒါန်းရခြင်းက မြတ်၏။

* စတုဒိသာ သံဃိကကျောင်းထက် တစ်ကြိမ်မျှ သရဏဂုံကို ဆောက်တည်ရခြင်းက အကျိုးမြတ်၏။

* သရဏဂုံဆောက်တည်ရသော အကျိုးထက် သရဏဂုံနှင့်တကွ ခံယူဆောက်တည်ရသော ငါးပါးသီလအကျိုးက မြတ်၏။

* ၎င်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ထက် သီလနှင့်တကွ မေတ္တာစိတ်ကို တစ်ခဏမျှ ပွားများရခြင်းက အကျိုးကြီးမြတ်၏။

* သီလနှင့်တကွ မေတ္တာစိတ်ကို ပွားများရသော ကုသိုလ်ထက် လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက်မျှ အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ ဝိပဿနာတရားကို ပွားများအားထုတ်ရခြင်းက လွန်ကဲ ထူးမြတ်သောကြောင့် ဤရွေ့ ဤမျှဟု မပြနိုင်သော အကျိုးရှိပေ၏။

ဤသည်ကား မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက် ကုသိုလ်ကျင့်စဉ်ပင် ဖြစ်ပါချေ၏ ■

* * *

ကိုရွှေမြိုင်သန်း

ကျမ်းကိုး-

- အင်္ဂုတ္တိုရ် ပါဠိတော်(မြန်မာပြန်)နှင့် ဝေလာမ သုတ်



www.burmeseclassic.com

www.burmeseclassic.com

# နေဝေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် ိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား ဝေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် ည်။

သစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

ုံး - အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ - ၀၁-၂၅၄၆၂၅

ွဲ(၁) - အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ - ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ွဲ(၂) - အရှေ့မြို့ပတ်လမ်း၊ အ.လ.က-၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ - ၀၉ ၅၁၁၂၀၇၀

ွဲ(၃) - အမှတ်-၅/၆(B) ခရိုင်ရဲတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ - ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ တောင်ညာစံ ဒေဝီ မဟေသီ မိဖုရားကြီးမှ မွေးဖွားလာသော သားတော်လေးကို "မဟာပဒုမ" ဟု ချစ်စနိုး အမည်တွင်စေခဲ့သည်။ မင်းသားလေး အရွယ်ရောက်လာသော် တက္ကသိုလ်ပြည်တွင် မင်းတို့ တတ်အပ်သော အတတ်ပညာများကို သင်ကြားပြီး၊ နေပြည်တော်သို့ ပြန်လာခဲ့သည်။

# မကောင်းမှုကံ တစ်ဖန်ပြန်သော်

ပေါ်လွင်ဦး (ရေး)





www.burmeseclassic.com

www.burmeseclassic.com

မယ်တော် တောင်ညာစံ ဒေဝီ နတ်ရွာစံပြီးနောက် ကြီးသည် မိမိကြိုက်နှစ်သက်သော မင်းသမီးတစ်ယောက် မိဖုရားမြှောက်ပြီး သားတော် "ပဒုမ"မင်းသားကိုလည်း အရာ ပေးသနားခဲ့သည်။

တစ်နေ့တွင် မင်းကြီးသည် နယ်ခြားဒေသမှ သူပုန်များ သောင်းကျန်း တော်လှန် ပုန်ကန်နေသဖြင့် စစ်ထွက် သားတော် "ပဒုမ"မင်းသားအား မိဖုရားကို ကြည့်ရှု ရှောက်ရန် မှာပြီး ရှေ့တန်း စစ်မြေပြင်သို့ ထွက်ခွာ လေသည်။

မိဖုရားသည် ပဒုမ မင်းသား၏ ယောကျ်ားပီသသော လက္ခဏာတို့ကို မြင်သော် စွဲလမ်းပြီး သူမနှင့် ပျော်ပါးရန်အတွက် စွဲဆောင်လေသည်။

"အို… မင်းသားငယ်၊ သင်၏ ခမည်းတော် ဖြုပ္မဒတ် ည် စစ်မြေပြင်တစ်နေရာသို့ စစ်ထွက်သွားကြပြီ။ နှင့် ငါသည် ကာမဂုဏ်ပျော်ပါး စံစားအံ့"

ဟု ပြောပြီး မင်းသား၏ လက်ကို ဆွဲကာ သလွန်ပေါ် ခိုင်စေသည်။ မင်းသားသည် မိဖုရားစကား ကြားရ အလွန်ထိတ်လန့်သွားပြီး …

"အို… မသင့်တော်ပါ၊ တော်ပါ မယ်တော်"

ဟု ပြောပြီး မိဖုရားအဆောင်မှ အထိတ်တလန့် ထွက် လေသည်။

ထိုအခါ မိဖုရားသည် သူမ၏ ဆန္ဒကို ငြင်းပယ်ခဲ့သော အပေါ် အငြိုးအတေးကား အလွန်ကြောက်စရာ

မင်းကြီး ရှေ့တန်း စစ်စခန်းမှ သူပုန်တို့ကို နှိမ်နင်းပြီး တော်သို့ ပြန်ရောက်သော် မိဖုရားသည် သူမ၏ အကြံ ကောင်အထည်ဖော်ရန် နေမကောင်းပါဟု အကြောင်း ကြီးအား မကြားဘဲ အိပ်ဆောင်၌သာ နေလေသည်။

မင်းကြီးက…

"ဟဲ့-မိဖုရားကြီး၊ ဘယ်အကြောင်းကြောင့် ငါကိုယ် ကို ကြိုဆိုခြင်း မပြုသနည်း၊ မိဖုရားအား ငါ၏ မှောက်သို့ ယခုခေါ်စေ"

ဆောင်းမများက…

"အရှင်မင်းကြီး… မိဖုရားကြီး ကျန်းမာရေးမကောင်း အဆောင်တော်မှာ လဲလျောင်းနေပါသည် ဘုရား"

ဟု လျှောက်သော် မင်းကြီးသည် အလွန်စိတ်ပူပန် အိပ်ဆောင်အတွင်းသို့ ချက်ချင်းဝင်ရောက်ခဲ့သည်။

ရားသည် မိမိအကြံနှင့် မိမိအကြောင်းကြောင့် မင်းကြီးဝင်လာသော်လည်း မသိချင်ယောင်ဆောင်နေ၏။ မင်းကြီးက အကျိုးအကြောင်းမေးသော်လည်း မကြားဟန် ဆောင်နေသည်။ မင်းကြီးက အကြိမ်ကြိမ်အခါခါမေးတော့မှ မိဖုရားသည် ပဒုကမင်းသား မင်းပြစ်မင်းဒဏ်သင့်စေရန် မဟုတ်မမှန် ချောက်တွန်း ကုန်းချောလေသည်။

"မောင်တော် မင်းကြီး… မောင်တော်ဘုရား စစ်ထွက် ခိုက် သားတော် အိမ်ရှေ့စံ ပဒုမသည် နှမတော်အား ယုတ်မာသော စိတ်ထားဖြင့် ကာမဂုဏ်အာရုံတော်၌ ပျော်ပါး စံစားရန် နည်းအမျိုးမျိုးဖြင့် စွဲဆောင်၍ မရသော်၊ နှမတော်၏ ဆံပင်ကို ဆွဲပြီး ကြမ်းတမ်းစွာ ရိုက်နှက်ပြီး နှိပ်စက်ပါတယ် ဘုရား"

ဟု ငိုပြီး လျှောက်ထားလေသည်။ ပြီးနောက် မိဖုရား သည် မိမိကိုယ်မိမိ ကုတ်ဖဲ့ထားသော ဒဏ်ရာအနာများကို မင်းကြီးအား ပြလေသည်။

မင်းကြီးသည် မိဖုရားကိုယ်မှ ဒဏ်ရာများကို ကြည့်ပြီး မယားစကား အဟုတ်ထင်၍ သားတော် ပဒုမ မင်းသား အပေါ် ပြင်းစွာ အမျက်ထွက်တော့သည်။

"ဟဲ့ - မင်းချင်းတို့၊ ငမိုက်သား ပဒုမ မင်းသားကို ဖမ်းဆီး၍ ယခုပင် ငါ၏ ရှေ့တော်မှောက် ခေါ်လာစေ"

ဟု တစ်ချက်လွှတ် အမိန့်ထုတ်တော့သည်။

မင်း၏ ကိုယ်ရံတော် တပ်သားများသည် ပဒုမမင်းသား ကို ဖမ်းဆီးတုပ်နှောင်၍ မင်းကြီးထံ ခေါ်လာခဲ့သည်။

"ပဒုမ… သင်ဟာ ငါ၏ မျက်နှာကိုမှ မထောက်။ ငါ့မယား မိဖုရားအား စော်ကား ပျော်ပါးရန် ကြံ၏။ ငါ၏ ထီးနန်းကိုလည်း သိမ်းပိုက်ရန် ကြံသည်။ သင့်အတွက် သေဒဏ်မှတစ်ပါး တခြားမရှိ၊ ချောက်ကမ်းပါးမှ တွန်းချ၍ သတ်စေ"

မင်းအမိန့်ကို ကြားရသော မင်းပရိသတ်တို့မှာ ရွှေနန်း တော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်ကြသည်။ မင်းသား၏ နောက်ပါ အခြွေအရံတို့ ငိုကြွေးကုန်ကြပြီ၊ ပဒုမ မင်းသားက မဟုတ်ကြောင်း အကြိမ်ကြိမ်တောင်းပန် လျှောက်ထားသော်လည်း မင်းကြီးကား မယားစိတ်မွှန်နေ၍ သားစကား နားမဝင်ဘဲ ချောက်ကမ်းပါးသို့ တွန်းချသတ် စေခဲ့၏။

ပဒုမမင်းသားသည် တဏှာကြီးမား မိဖုရား၏ ကုန်း စကားကြောင့် မိမိသေရတော့မည်။ မိမိအဖို့ မေတ္တာတရား သည်သာ အားကိုးရာရှိတော့သည်။ မေတ္တာတရားကိုသာ အကြိမ်ကြိမ်အဖန်ဖန် ပွားများနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပဒုမမင်းသား ပွားများရသော အကျိုးကြောင့် တောင်စောင့်နတ်တို့သည် မနေနိုင်ဘဲ တောင်ပေါ်မှ တွန်းချ၍ ကျလာသော ပဒုမမင်းသားကို ဆီးခံ ပွေ့ချီ၍ တောင်ခြေ၌ ခွေနေသော နဂါးမင်း၏ ပါးပျဉ်းခွက်၌ တင်ထားလေသည်။ နဂါးမင်းသည် ပဒုမမင်းသားအား ဘုန်းရှင်ကံရှင် မင်းလောင်းမှန်းသိ၍ နဂါးပြည်သို့ ခေါ်ဆောင်သွားပြီး မင်းစည်းစိမ်တစ်ဝက်ပေး၍ အုပ်ချုပ်စေသည်။

ပဒုမ မင်းသားလည်း ရသေ့ပြုကာ ဟိမဝန္တာတော တရားအားထုတ်နေလေသည်။ တစ်နေ့သောအခါ ဗာ ဏသီပြည်မှ မုဆိုးတစ်ယောက်သည် တောလိုက်ရင်း မျက် လည် လမ်းမှားပြီး ပဒုမ ရသေ့အား တွေ့မြင်သော်…

"အသင် ရသေ့သည် ပဒုမမင်းသား မဟုတ်လော

ဟု မေးရာ မင်းသား ရသေ့က ဟုတ်မှန်ကြောင် ပြန်ပြောလေသည်။

မုဆိုးသည် ဗာရာဏသီပြည်သို့ ပြန်ရောက်သော ပဒုမမင်းသား ဟိမဝန္တာတော၌ ရသေ့ပြုနေကြောင်း၊ တွေ့ ရကြောင်း မင်းကြီးအား လျှောက်တင်လေသည်။

ဗြဟ္မဒတ်မင်းသည် မိမိကိုယ်တော်တိုင် ပဒုမမင်း ကို ချောက်ထဲ တွန်းချသတ်သည်ကို မြင်တွေ့ခဲ့ရသော ကြောင့် မုဆိုးပြောစကားကို မယုံချေ။ မင်းကြီးသည် မု အား အကြိမ်ကြိမ်မေးမြန်းပြီးမှ ဟိမဝန္တာတောသို့ လိုက် သွားရာ ပဒုမ ရသေ့ကို တွေ့သဖြင့် အလွန်အံ့ဩသွားသ

အဖြစ်မှန်ကို သိရသော် မင်းကြီးသည် မိမိအမှား ဝန်ချ၍ ပဒုမ ရသေ့အား မင်းပြုရန် ဗာရာဏသီပြည် ပြန်လိုက်ခဲ့ရန် ခေါ်လေသည်။

ထိုအခါ ရသေ့ ပဒုမက…

"အသင်မင်းကြီး… ကျွန်ုပ်သည် မီးနှင့် သဏ္ဍာန် သည့် လောကီအာရုံ ကာမဂုဏ်ကို အလိုမရှိ။ ကာမ အာရုံသည် အလျှံညီးညီး တောက်လောင်နေသော မီး ပုံပြင်းလုချေသည်။ ကျွန်ုပ်သည် ဤတောကြီး၌ လောကုတ္တရာ တရားများ ပွားများအားထုတ်ပါတော့မည်

ဟု ပြောလေသည်။ မင်းကြီးက …

"သားတော် ရသေ့…မိမိသည် မယားစကား ယုံ မိခဲ့သဖြင့် ကိုယ်ကျင့်တရားနှင့် ပြည့်စုံသော သားတော် ပြစ်မှားခဲ့မိသည်ကို ခွင့်လွှတ်ပါလော့"

ဟု ပြောကြားပြီး နန်းတော်သို့ ပြန်ရောက်သော် မိဖု အား ချောက်ကမ်းပါးမှ တွန်းချသတ်ရန် တစ်ချက်လွှ အမိန့်ချမှတ်လိုက်သည်။

ထိုအခါမှ မိဖုရားသည် မိမိပြုလုပ်သော မကောင်းမှု အကုသိုလ်ကံသည် မိမိသာ ပြန်ခံရပြီတကားဟု ငိုကြွေး ချောက်ထဲ တွန်းချ အသတ်ခံရတော့သည်။ ■

* * *

ပေါ်လွင်ဦး

ကျမ်းကိုး

- ဓမ္မပဒ၊ မဟာပဒုမမင်းသားဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

# သီဟဗာဟုမင်းကြီး

## အမြဲရွတ်ဖတ် သရဇ္ဈာယ်သော
## မာရဝိဇယ မန္တန် (၅)ဂါထာ



ဆရာ မင်းသုန္ဒြ (မန်းတက္ကသိုလ်)

ဆောင်းထောင်း သာသနာပိုင် ဆရာတော်က ဘိုးတော် ကြီးအား သွင်းတော်မူသော နန်းစဉ်သုံး ဂါထာ ဘ အနက်၊ မာရဝိဇယမန္တန် ငါးဂါထာမှာ သီဟဗာဟု ကြီး ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသော ဂါထာမန္တန်ဖြစ်သည်။ ဆိုကြောင့်လည်း သီဟဗာဟုမင်းကြီးသည် ရန်ဟူ အောင်မြင်တော်မူခဲ့သည်။ ယင်း မာရဝိဇယ မန္တန် ထာမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဗုဒ္ဓေါ တိလောက ဘဝအန္တကရော ဥဒေန္တံ၊
နာဂံ သသေန အတိကက္ခဋ မာရဒေဝံ။
ထာမာ သယာတိတဝသေန ဇိနော ဇယန္တော၊
တေန အတ္တု ဇယမင်္ဂလ မဂ္ဂမေတံ။

(၂) မဂ္ဂင် နာဝ နရဒေဝဟိတာ ဝဟန္တော၊
မောဟာသ သဋ္ဌိတ သဟာသ ဒီဃမုတဏှံ။
ဥပပ္ပတ္တိ ခံသာနုဝသေန ဇိနော ဇယန္တော၊
တေန အတ္တု ဇယမင်္ဂလ မဂ္ဂမေကံ။

(၃) သကျာဒိဝံသ ပဝရော ဂဂနော ဝ ပညော၊
သေတ္တာတိ ရုဋ္ဌမကုတ္တော တာယ လောကနာထော။
သခီရတေဇေန ဝိခမေန ဇိနော ဇယန္တော၊
တေန အတ္တု ဇယမင်္ဂလ မဂ္ဂမေကံ။

(၄) ဆဗ္ဗဏ္ဏရံသိ ပဝရော ဝရထာမ ကာယော၊
နန္ဒံ နိဝဏ္ဏဝိရင် သုဘာခန္ဓမာရံ။
သက္ကာယ ဟေတု ပဇဟေန ဇိနော ဇယန္တော၊
တေန အတ္တု ဇယမင်္ဂလ မဂ္ဂမေကံ။

(၅) ဗာတ္တိံ သလက္ခဏဓရော အတုပေတ ပုညော၊
ဗာဋ္ဌံ မဟာန္တဗလဝံ အတိမစ္စုမာရံ။
တိသော ပရိညကရဏေန ဇိနော ဇယန္တော၊

www.burmeseclassic.com

စေတေန အတ္တု ဇယမင်္ဂလ မဂ္ဂမေကံ။

ဗုဒ္ဓေါ - သစ္စာလေးပါးတရားကို သိတော်မူပြီးထသော၊ တိလောက ဘဝအန္တကရော - လောကသုံးပါး၌ ဘဝ၏ အဆုံးကို ပြုတော်မူတတ်ထသော၊ ဇိနော - မြတ်စွာဘုရား သည်၊ နာဂံ - ဂီရိမေခလာဆင်ထက်သို့ ဥဒေန္တံ - ထက်စီး လျက်သော၊ သသေနံ - စစ်သည်နှင့် တကွသော၊ အတိ ကက္ခဋ္ဌ မာရဒေဝံ - အလွန်ကြမ်းတမ်းသော မာရ်နတ်မင်း ကို၊ ထာမ သယာတိတဝသေန - အစွမ်းအရာကို လွန် သော သတ္တိဖြင့်၊ ဇယန္တော - အောင်မြင်တော်မူလေပြီ။ စေတေန - ဤသစ္စာစကားဖြင့် ဤမာရ်နတ်မင်းကို အောင်မြင် တော်မူသော တန်ခိုးတော်ကြောင့်၊ မေ - ငါ့အား၊ ဇေ - အတုမရှိသော၊ အဂ္ဂံ - မြတ်သော၊ ဇယမင်္ဂလံ - အောင်ခြင်း မင်္ဂလာသည်၊ အတ္တု - ဖြစ်စေသတည်း။

မဂ္ဂံ နာဝ နရဒေဝ ပဟိတာဝယန္တော - မဂ္ဂင်တည်းဟူ သော သင်္ဘောလှေဖြင့် လူ့ နတ်တို့ကို အစီးအပွားဖြစ်သော နိဗ္ဗာန်သို့ ဆောင်တော်မူတတ်သော၊ ဇိနော - မြတ်စွာဘုရား သည်၊ မောဟာသ သင္ဂိတ သဟာသ ဒိယဇုတဏ္ဍံ - မောဟာသည် စီရင်အပ်သော တစ်ထောင့်ငါးရာ ကိလေသာ ဟူသော မာရ်ကို၊ ဥပ္ပတ္တိတံသနဝသေန - ဖြစ်ခြင်းကို ဖျက်ဆီးတတ်သော သတ္တိဖြင့်၊ ဇယန္တော - အောင်မြင်တော် မူလေပြီ။ စေတေန - ဤသစ္စာစကားဖြင့် ဤကိလေသာ မာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရားတန်ခိုးတော် ကြောင့်၊ မေ - ငါ့အား၊ ဇေ - အတုမရှိသော၊ အဂ္ဂံ - မြတ်သော၊ ဇယမင်္ဂလံ - အောင်ခြင်းမင်္ဂလာသည်၊ အတ္တု- ဖြစ်စေသတည်း။

သကျာဒိဝံသ ပဝရော - သာကီဝင် စသော အနွယ် ဖြင့် မြတ်တော်မူသော၊ ဝဂဏော ပညော - ကောင်းကင် ပြင်ကဲ့သို့ ကျယ်သောပညာ ရှိတော်မူသော၊ သေဋ္ဌာတိ စူဋ္ဌ မကုဋ္ဌော - မြတ်သသူတို့ထက် လွန်မြတ်သော ဦးစွန်း မကိုဋ်သဖွယ် ဖြစ်တော်မူသော၊ တယလောကနာထော - လောကသုံးပါး၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဇိနော - မြတ်စွာဘုရားသည်၊ တေဇဝီမေန - အရှိန်အစော်ကို ဖျက် ဆီးသော သတ္တိဖြင့်၊ သခါရံ - သင်္ခါရမာရ်ကို၊ ဇယန္တော- အောင်မြင်တော်မူသောပြီ။ စေတေန - ဤသစ္စာစကားဖြင့် ဤသင်္ခါရမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား တန်ခိုးတော်ကြောင့်၊ မေ - ငါ့အား၊ ဇေ - အတုမရှိသော၊ အဂ္ဂံ - မြတ်သော၊ ဇယမင်္ဂလံ - အောင်ခြင်းမင်္ဂလာသည်၊ အတ္တု - ဖြစ်စေသတည်း။

ဆဗ္ဗဏ္ဏရံသိ ပဝရော - ရောင်ခြည်ခြောက်သွယ် မြတ်တော်မူထသော၊ ဝရထာမကာယော - မြတ်သော မြတ်သောကိုယ် ရှိတော်မူထသော၊ ဇိနော - မြတ်စွာဘု သည်၊ နန္ဒံ - နှစ်သက်ဖွယ်သော၊ နိဝဏ္ဏဝိရဇံ - မြ ကင်းသော၊ မြဲသောအဆင်းရှိသော၊ သုဘာခန္ဓမာရံ - တယ်သော ခန္ဓာမာရ်ကို၊ သက္ကာယဟေတု ပဇဟော သက္ကာယဒိဋ္ဌိဟူသောအကြောင်းကို ပယ်သော သတ္တိ ဇယန္တော - အောင်တော်မူလေပြီ။ စေတေန - ဤသစ္စာစ ဖြင့် ဤခန္ဓာမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘု တန်ခိုးတော်ကြောင့်၊ မေ - ငါ့အား၊ ဇေ - အတုမရှိ အဂ္ဂံ - မြတ်သော၊ ဇယမင်္ဂလံ - အောင်ခြင်းမင်္ဂလာ အတ္တု - ဖြစ်စေသတည်း။

ဗာတ္တိံ သလက္ခဏဓရော - လက္ခဏာကြီး ၃၂ ဆောင်တော်မူသော၊ အတုပေတ ပုညော - အလွန် ဘုန်းတော်နှင့် ပြည့်စုံတော်မူသော၊ ဇိနော - မြတ်စွာဘု သည်၊ ဗာဠ္ဌ - ပြင်းထန်စွာသော၊ ဗဟန္တ ဗလဝံ - များ အားရှိသော၊ အတိမစ္စုမာရံ - အလွန်သော မစ္စုမာ တိသော ပရိညာကရဏေန - ပရိညာဏ်သုံးပါးကို ပြု သတ္တိဖြင့်၊ ဇယန္တော - အောင်မြင်တော်မူလေပြီ။ စေ ဤသစ္စာစကားဖြင့် ဤ မစ္စုမာရ်ကို အောင်တော်မူ မြတ်စွာဘုရား တန်ခိုးတော်ကြောင့်၊ မေ - ငါ့အား ဇ အတုမရှိသော၊ ဇယမင်္ဂလံ - အောင်ခြင်းမင်္ဂလာ အတ္တု - ဖြစ်စေသတည်း။

ဤ မာရဝိဇယ ငါးဂါထာကို နေ့စဉ် ရွတ် သရဇ္ဈာယ်ပါက ဘေးအန္တရာယ်ကင်းရုံမက၊ လာဘ် ပေါ်များခြင်း၊ တန်ခိုးအာဏာကြီးမားခြင်း၊ ပစ္စည်းဥစ္စ တက်ခြင်း စသော ကောင်းကျိုးများလည်း ရရှိနိုင်သေ ဤ မာရဝိဇယ ဂါထာကို ပဉ္စဝိဇယမန္တန် ငါးဂါထာဟု ခေါ်ကြသေးသည်■

* * *

ဆရာမင်းသူရိန်(မန်းတက္က



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်မှန် တရုတ်နံနံ

သျှင်ထွေး(သန်လျင်)

တရုတ်နံနံပင်ကို လူတော်တော်များများ သိကြ၊ စားသုံးဖူးကြမှာပါ။ ဟင်းခတ်အမွှေးအကြိုင်အဖြစ် ကြော်လှော်ချက်ပြုတ်ရာမှာ သုံးကြပါတယ်။

တရုတ်နံနံပင်မှာ လူသားတို့ကို အကျိုးပြုစေတဲ့ ဓာတ်များစွာပါရှိပါတယ်။ ကိုလက်စထရော လုံးဝ ကင်းပါတယ်။ တရုတ်နံနံပင် ဆေးဖက်ဝင်ပုံကတော့ အံ့မခန်းပါပဲ။

တရုတ်နံနံပင်မှာ ဗီတာမင်စီ ပိုလျှံစွာ ပါဝင်လို့ ကိုယ်ခံအားကို မြင့်တက်စေရုံမက၊ အအေးမိ နှာစေး ချောင်းဆိုးဆိုတဲ့ ရာသီနာတွေ ကူးစက်နိုင်ခြင်းကို ဟန့်တားပေးပါတယ်။


Fatty အက်ဆစ်နှင့် ပတ်သက်တဲ့ ရောဂါအမျိုးမျိုးကိုလည်း ခုခံကာကွယ်ပေးနိုင်ပါတယ်။

သက်ကြီးပိုင်းတွေမှာ အဖြစ်များတဲ့ အရိုးအဆစ်ရောင်ရောဂါတွေကိုလည်း တားဆီးပေးနိုင်ပါတယ်။

တရုတ်နံနံပင်မှာ ပါရှိတဲ့ Myristicin လို့ ခေါ်တဲ့ အငွေ့ပြန်လွယ်တဲ့ အဆီက သင်တို့ခန္ဓာကိုယ်ထဲမှာ မလိုလားတဲ့ အဆီတွေကို ချေဖျက်ပေးပါတယ်။ အဆုတ်ထဲမှာ အဖုအကျိတ်မဖြစ်အောင် ကာကွယ်နိုင်စွမ်းရှိပါတယ်။

ပတ်ဝန်းကျင်မှာ အလွယ်တကူ ရှုရှိုက်မိနိုင်တဲ့ မီးခိုးငွေ့တွေ၊ အညော်နံ့ဆိုးတွေရဲ့ ဒုက္ခပေးတဲ့ အာနိသင်ကို တားဆီးနိုင်ပါသေးတယ်။

ဦးရေပြား ခြောက်သွေ့ပြီး ဆံပင်ကျွတ်တဲ့သူများအတွက်လည်း တရုတ်နံနံပင် အဆီကို လိမ်းပေးခြင်းဖြင့် ဆံပင်တွေ နက်မှောင်သန်စွမ်းစေပါသေးတယ်။ ဒါတင်မကသေး တရုတ်နံနံပင်အဆီဟာ သွားနှင့် သွားဖုံးရောဂါအတွက် ပိုးသတ်ဆေးအဖြစ် အသုံးပြုလို့ ရပါတယ်။




တရုတ်နံနံမှာ ဖောရစ်အက်ဆစ်နဲ့ ပိုတက်စီယမ်တို့ ကြွယ်ဝစွာ ပါဝင်နေပါတယ်။ တရုတ်နံနံပင်ကို ပုံမှန်စားသုံးခြင်းဖြင့် သွေးထဲမှာ ရှိတဲ့ PH ပမာဏကို ညီမျှစေတယ်။ နှလုံးခုန်နှုန်းကိုလည်း ထိန်းညှိပေးတယ်။ နှလုံးသွေးကြောတွေမှာ အဆီပိတ်တာတို့ နှလုံးရောဂါကြောင့် လေဖြတ်ခြင်းတို့မှလည်း ကင်းဝေးစေပါတယ်။ သွေးတိုးကိုလည်း ကျဆင်းစေပါတယ်။

ဝမ်းလျှောခြင်းအတွက် တရုတ်နံနံပင်က ဆေးတစ်ခွက်ဖြစ်သလို၊ အမျိုးသမီးများ ရာသီမလာခင်၊ ရာသီလာစဉ် နာကျင်ကိုက်ခဲခြင်းနဲ့ သွေးဆုံးကိုင်ခြင်း ဝေဒနာများကိုလည်း သက်သာစေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်နံ့နံ့ပင်ကို စားသုံးခြင်း ခံတွင်းနံ့ဆိုးခြင်းမှ ကင်းဝေးစေပါတယ်။ ပိုတက်စီယမ်ရဲ့ ဆိုဒီယမ်များ ပါရှိနေလို့ ခန္ဓာကိုယ်အတွင်း ပိုလျှံနေသော အရည်များကို ဆီးအဖြစ် စွန့်ထုတ်ပစ်နိုင်ပြီး အဆိပ်အတောက်ကင်းပြီး ဆီးကို ရှင်စေပါတယ်။

လက်ချောင်းလေးများ အကွေးအဆန့်မှာ နာကျင်ကိုက်ခဲတဲ့ ဝေဒနာကို ခံစားနေရရင်တော့ တရုတ်နံ့နံ့ပင်ကို ရေနွေးပူပူမှာ ၁၅ မိနစ်ခန့် စိမ်ပြီး သောက်သုံးလိုက်ရင် သက်သာစေမှာပါ။ အရိုးအဆစ်များ မကွေးနိုင်၊ မဆန့်နိုင်ပါက တရုတ်နံ့နံ့ပင်အမြစ် (သို့မဟုတ်) အစေ့ကို ပြုတ်သောက်ရင် သက်သာပျောက်ကင်းနိုင်ပါတယ်။

တရုတ်နံ့နံ့ပင်ဟာ မျက်လုံးကြွက်သားကို အားပေးစေပြီး မျက်စိဝေဒနာများကို အကူညီပေးစွမ်းနိုင်ရုံမက၊ အဖုအကျိတ်များကို ဟန့်တား ကာကွယ်နိုင်ပြီး အနာကျက်အောင်လည်း အံ့မခန်း အကျိုးသက်ရောက်စေပါတယ်။

ခန္ဓာကိုယ်ထဲက မကောင်းတဲ့ ကိုလက်စထရောတွေကို လျှော့ချပေးနိုင်ပါတယ်။ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာနဲ့ သားအိမ်ခေါင်းကင်ဆာ၊ အမျိုးသား သုက်ရည်ဂလင်း ကင်ဆာများကို တရုတ်နံ့နံ့ပင်အား ပုံမှန်စားသုံးပေးခြင်းဖြင့် ဟန့်တား ကာကွယ်နိုင်ပါတယ်။

အထက်ဖော်ပြချက်များကတော့ တရုတ်နံ့နံ့ပင်ကို စားသုံးခြင်းဖြင့် ရရှိစေတဲ့ ကျန်းမာရေးအစွမ်းတွေပါပဲ။ ဒီနေရာမှာ တစ်ခု သတိထားရမှာက ဘယ်အရာမဆို ဆေးအဖြစ် သုံးစွဲရင် လူတိုင်းနဲ့ မတည့်တတ်တာ သဘာဝပါပဲ။

တရုတ်နံ့နံ့ပင် စားသုံးခြင်းကို အထူးသတိပြု ရှောင်ကြဉ်ရမယ့်သူများကတော့ ကိုယ်ဝန်ဆောင် မိခင်တွေ၊ မွေးရာပါ သွေးအားနည်းရောဂါရှိသူတွေ၊ ကျောက်ကပ်ရောဂါ သည်နဲ့ သည်းခြေအိတ်ဝေဒနာရှိသူတွေကတော့ အထူးကို ရှောင်ကြဉ်ရပါမယ်။

ဒီအချက်ကတော့ တရုတ်နံ့နံ့ပင်နဲ့ ပတ်သက်ပြီး သတိထားရမယ့် အချက်ပါပဲ ■

သတ္တဝါအားလုံး ကျန်းမာပြီး နလုံးစိတ်ဝမ်း
အေးချမ်းနိုင်ကြပါစေ

* * *

သျှင်ဓမ္မ(သန်လျင်)


## ဆရာ ဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့) (လက္ခဏာဗေဒင်ဟောခန်း)

▶ အဆင်မပြေဖြစ်နေလို့ စိတ်ဓာတ်ကျနေသူများ အမြန်ဆုံးအဆင်ပြေလာဖို့၊ ဒါလောက်တောင် ကံဆိုးနေရသလားဆိုပြီး အားငယ်နေရသူများ အမြန်ဆုံး ကံကောင်းလာစေဖို့၊ သူများအကြွေးပူတွေရှိရင် အမြန်ဆုံးပြန်ဆပ်နိုင်စေဖို့၊ ကိုယ်ရရန် အကြွေးငွေတွေကိုလည်း လွယ်ကူစွာအမြန်ဆုံးပြန်ရရှိစေဖို့၊ ကိုယ်ဝယ်ယူချင်တဲ့ တိုက်၊ အိမ်၊ တိုက်ခန်း၊ မြေ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ဆိုင်ခန်း၊ စက်ရုံ အစရှိတာတွေကို အဆင်ပြေစွာ အမြန်ဆုံး ဝယ်ယူရရှိစေဖို့၊ ကိုယ်ရောင်းချင်တဲ့ပစ္စည်းတွေကိုလည်း ကြိုက်ဈေးရပြီး အမြန်ဆုံးရောင်းထွက်သွားစေဖို့၊ ထီထိုးရင်လည်း ဆုလာဘ်ဆုကြီး အမြန်ဆုံးပေါက်နိုင်စေဖို့၊ ထီဆိုင်ကြီးတွေလည်း အရောင်းအဝယ်လုပ်ငန်း တိုးတက်အောင်မြင်ပြီး ဆုလာဘ် ဆုကြီးတွေ များများပေါက်အားကောင်းလာဖို့၊ ဈေးဆိုင်ကြီးတွေမှာ လူဝင်များ လူစည်ကား၊ ရောင်းအားကောင်း ငွေဝင်ကောင်းစေဖို့။

### ဆရာကြီး ဦးပိုင်ဇအောင်

### (ဝိဇ္ဇာဘွဲ့)(လက္ခဏာဗေဒင်ဟောခန်း)

**(ပိတ်ရက်မရှိပါ)** **ယုံကြည်အားကိုးမှသာလာခဲ့ပါ**

ဟောခန်းလိပ်စာ - တိုက်(၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ (မဟာရန်ကုန်ဆိုင်သစ်ကြီးအနီး)
ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။ ☎ - ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁




www.burmeseclassic.com

www.burmeseclassic.com

## အတိုက်အခံကြုံနေသူများအတွက်

# မာရဝိဇယဂါထာတော်

ဝသုန်ဟိန်းထက်

ရပ်ရွာထဲ၌ဖြစ်စေ၊ အလုပ်ထဲ၌ဖြစ်စေ မိမိအပေါ်မလို [illegible]ထား အငြိုးပွား၍ ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်နေ[illegible] မိမိဆောင်ရွက်သမျှကို စာတိုက်အခံအနှောက်ယှက်ပြု[illegible]ခြင်း • • • စသောကိစ္စများ၌လွန်စွာ အသုံးတည့်သော [illegible]ထာဖြစ်သည်။

တကူးတက လိုက်လံဖြေရှင်းစရာမလိုပဲ အတိုက်အခံ[illegible] ကင်းစင်ပပျောက်သွားရမည်။ နှောင့်ယှက်နေသူတို့က [illegible]တောင်းပန်လာကြမည်။ သို့တည်းမဟုတ် အဝေးတစ်နေ[illegible]သို့ အကြောင်းအမျိုးမျိုးနှင့် လွင့်စဉ်သွားရမည်။ ဤသို့သော [illegible]ာင်းကျိုးတို့ကို ပေးစွမ်းနိုင်သော ဂါထာတော်ဖြစ်ပါသည်။

ဤ "မာရဝိဇယဂါထာတော်" ကို "တိုက်တိုင်းအောင်[illegible]ထာ"၊ "ရွှေစကြာစမဂါထာ"ဟုလည်း ခေါ်ကြ၏။ စစ်ရေးစစ်[illegible] အထူးအောင်မြင်ကျော်ကြားလှသော ဘုရင့်နောင်မင်း[illegible]ကြီး၏ လက်စွဲဂါထာလည်းဖြစ်ပေသည်။ ဘုရင့်နောင်[illegible]တရားကြီးသည်။ ဤဂါထာကို မိမိနှင့်တကွ တပ်တော်[illegible]အားလုံးကို ရွတ်ဆိုစေခဲ့သည်။ စစ်ချီရာ၌လည်း စီးတော်[illegible] ဦးကင်း၌ ရွှေပြားကပ်ကာ ဂါထာကိုပူဇော်တပ်ဆင်[illegible] ဟု ရာဇဝင်များ၌ ပါရှိသည်။

သာမန်လူတို့အဖို့ နေ့စဉ် ၉ ခေါက်ရွတ်သွားက [illegible]သမျှ ဖယ်ခွာကင်းစင်၍ အတားအဆီးဟူသမျှမရှိ။ [illegible]အစည် အလုပ်အကိုင်တို့၌လည်း ခဲရာခဲဆစ်မရှိ၊ [illegible]မောစွာ ဆောင်ရွက်နိုင်ပေလိမ့်မည်။ အမှုခင်းကိစ္စ [illegible]ရက တစ်နေ့ ပုတီး (၉)ပတ်ဖြင့် (၁၀၈) ရက် [illegible]ဓိဋ္ဌာန်ဝင်က အမှုရှုံးငြိမ်း သောကအေးမည်ဟု ညွှန်းဆို[illegible]ပါသည်။

စာရေးသူကိုယ်တိုင်လည်း ကုမ္ပဏီတစ်ခု၌ လုပ်ကိုင်[illegible] လုပ်ဖော်ကိုင်ဖက်တစ်ဦးမှာ စာရေးသူအပေါ် [illegible]စိတ်များဖြင့် နေ့စဉ်နှင့်အမျှတိုက်ခိုက်ခဲ့ပါသည်။ ပျက်စီး[illegible] ပျက်စီးကြောင်းကိုလည်း ကြံဆ၍ပြုလုပ်နေခဲ့ပါသည်။

ရန်ကိုရန်ချင်း မတုန့်ပြန်လို၍ ခွင့်လွှတ်သည်းခံကာ [illegible]နေခဲ့သော်လည်း ထိုကိစ္စကြောင့် စိတ်ညစ်ရသည်မှာ [illegible] နေ့စဉ်လည်း စိတ်အနှောက်အယှက် ဖြစ်နေခဲ့ရသည်။

ထို့ကြောင့် ဤဂါထာတော်ဖြင့် အဓိဋ္ဌာန်ဝင်ရန်ဆုံးဖြတ်လိုက်၏။

စာရေးသူသည် ညစဉ် ဆယ်နာရီအချိန်၌ အချိန်မှန်၊ နေရာမှန်၊ ဂါထာမှန်၊ ဆုတောင်းမှန်ဖြင့် မှန်လေးမှန်အဓိဋ္ဌာန်ကို ဤဂါထာတော်ဖြင့် ပြုလုပ်ခဲ့ပါသည်။ ၁၀၈ လုံးပုတီးဖြင့် ပုတီး (၉)ပတ်စိပ်ပါသည်။ ပုတီးစိပ်ပြီးသော် အမျှဝေ၊ မေတ္တာပို့ပြီးနောက် လောကပါလနတ်မင်းကြီးလေးပါးအား တိုင်တည်သစ္စာပြုခဲ့ပါသည်။

အကျွန်ုပ်အား နေ့စဉ်နှောက်ယှက်တိုက်ခိုက်နေသော အဂါသား (-)အား တစ်စုံတစ်ရာနစ်နာစေရန် ဆန္ဒမရှိခဲ့ပါ။ ကိုယ်နှင့်တိုင်းထွာဆဲရေးခြင်းလည်း မပြုခဲ့ပါ။ ထိုမှတစ်ပါး လောက၌ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟူသော ရတနာမြတ်သုံးပါးသည် အထွဋ်မြတ်ဆုံး ရတနာများဖြစ်သည်ဟု သစ္စာဆိုအပ်ပါသည်။ ဤမှန်ကန်သော သစ္စာစကားများကြောင့် ကျွန်ုပ်အပေါ်ကျရောက်နေသော ရန်အပေါင်းမှ ချုပ်ငြိမ်းရပါစေသားဟု တိုင်တည်သစ္စာပြုခဲ့ပါသည်။

မှတ်မှတ်ရရ ပုတီးစိပ်ရက် (ဂ)ရက်မြောက်နေ့တွင် ထူးခြားမှုကို ကြုံရတော့သည်။ ကျွန်ုပ်အားတိုက်ခိုက်နေသူသည် စာရင်းဇယားကိစ္စ၌ အမှားများကျူးလွန်မိ၍ ရုံးပြောင်းခြင်းခံလိုက်ရသည်။ မည်သို့မျှ တန်ပြန်တိုက်ခိုက်ခြင်းမရှိဘဲ၊ ငှင်းကံအတိုင်း ဝေးရာရောက်သွား၍ ကျွန်ုပ်မှာလည်း သောကငြိမ်း၍အေးချမ်းခဲ့ရပါသည်။

ဤသို့ အကျိုးရှိသော ဂါထာတော်မြတ်ကို အတိုက်အခံ အနှောက်အယှက်ကြုံနေရသူများအတွက် ရည်ရွယ်၍ တင်ပြလိုက်ရပါတော့သည်။

"မာရဝိဇယဂါထာတော်"

**ဇိနတိ မာရဇိ ဇိနော၊ ဒယာ လယော၊ ဇိနတ္တ ဓမ္မော၊**
**ဇိနေန ပူဇိတော၊ ဇိနော ရသော နန္ဒ၊ ဇနပ္ပ သံသီတော၊**
**ဇိနဒယော ဓောရိ ဇိတေ နမာမဟံ ဟူ၍ ဖြစ်ပါတော့၏။**

* * *

ဝသုန်ဟိန်းထက်



www.burmeseclassic.com

www.burmeseclassic.com



# ဝင့်ကြွေးဟူသည်

illustrationby eaungkyaw@421054457



www.burmeseclassic.com

www.burmeseclassic.com

"ဝင့်ဆိုတာ ဘာလဲ။ ဝင့်လိုက်တယ်ဆိုတာကရော။ ...ခံရမယ်ဆိုတာ ဘာလဲဟင်"

...သော မေးခွန်းများဟာ ကျွန်တော်တို့ ငယ်ငယ်က ...ကို မေးဖူးကြလိမ့်မယ်လို့ ထင်ပါတယ်။ ငယ်ငယ်က ...မှုတစ်ခုခုပြုမိလျှင် လူကြီးမိဘများက "ဟဲ့ - ဝင့် ...တတ်တယ်နော်။ သူများအသက်ကို၊ သူများအသားကို၊ ...စသည်ဖြင့် ဆုံးမကြပါသည်။ ငယ်ငယ်ကတော့ ...ဘာမှန်းမသိ။ မိဘပြောသော်လည်း မေ့မေ့ပျောက် ...သော နေခဲ့ကြမိမယ်ထင်ပါတယ်။

...ကယ်တော့ ဝင့်ဆိုသည်မှာ အတိတ်ဘဝက ပြုခဲ့ ...အကုသိုလ်အမှု၊ ယခုဘဝပြုခဲ့သော အကုသိုလ်အမှု ...ခံစားနေရခြင်းသာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်း ...သော ကုသိုလ်၊ အကုသိုလ်ကံများက ဥဒါဟုံတွင် ...ကျင်လည်စေပါတယ်။ ဝင့်ဆိုသော စကားဟာ ...သောစကားမှ ဆင်းသက်လာခြင်း ဖြစ်ပါတယ်။ ...အားဖြင့်တော့ လည်ပတ်ခြင်း၊ လှည့်လည်နေခြင်း ...တယ်။ ဝင့်ကို အမျိုးမျိုးသော အဓိပ္ပာယ်ခွဲများလည်း ...တာကို လေ့လာသိရှိရပါတယ်။

- မိမိ၏ ပြုမူဆောင်ရွက်ချက်အတိုင်း ဖြစ်ပေါ်လာသော အကျိုးတရား။
- ပြုမိသော မကောင်းမှုကံ၏ အကျိုးတရား။
- ဘဝအဆက်ဆက် ဖြစ်ပေါ်လာသော အကျိုးတရား။
- ပြုမှုကံ၏ အကျိုးသက်ရောက်ခြင်း။
- အကုသိုလ်၊ ကုသိုလ်ကံတို့၏အကျိုး စသည်ဖြင့် လေ့လာ မှတ်သားခဲ့ရပါတယ်။

...ကြွေးဟူသည် ရှောင်လွှဲ၍ မရသလို ပယ်ဖျောက်၍ ...သော အရာဖြစ်ပါတယ်။ ကိုယ်က မကောင်းမှု ...မကောင်းမှုကို ခံရမယ်၊ ကောင်းမှုကို လုပ်ခဲ့ရင် ...ခံရမယ်။ မှန်တစ်ချပ်ကို ကြည့်လိုက်သလိုပါပဲ။ ...ကို လုအောင် ခြယ်ထားရင် လှမယ်၊ မလှအောင် ...ရင်လည်း မလှဘူးပေါ့။ ရှင်းရှင်းလေးပါပဲ။ မိမိတို့ ...မကောင်းမှု အကုသိုလ်တွေက အကျိုးတရားက ...အလွန်ကောင်းပါတယ်။ ဒါကို သတိထားပြီး ...ယ်။ မြတ်စွာဘုရားက ဓမ္မပဒမှာ ဝင့်အကြောင်း ...ထားပါတယ်။

"မကောင်းမှုကို ပြုထားတဲ့သူဟာ ကောင်းကင်ကို ပျံတက်ပေမယ့် မလွတ်၊ သမုဒ္ဒရာကို ဝင်ရောက်ပုန်းသော်လည်း မလွတ်၊ တောင်ကြိုတောင်ကြား ဝင်ပြေးစေကာမူ မလွတ်။ ဤကမ္ဘာတစ်ခုလုံး မိမိပြုလုပ်ထားသော မကောင်းမှုကနေ လွတ်မြောက်ရာလမ်းမှာ သားမြီးဖျားတစ်နေရာ လောက်တောင် မရှိဘူး"လို့ ညွှန်ပြထားပါတယ်။ ဝင့်ကြွေးဆိုတာ အကြွေးယူသလိုပါပဲ။ အကြွေးယူပြီးရင် အကြွေးပြန်ဆပ်မှ ကျေသလို၊ ဝင့်ကြွေးဟာလည်း တစ်ချိန်ချိန်မှာ ပြန်လည်ပေးဆပ်ကြရမှာတော့ ကေန်မလွဲပါပဲ။ ဒါပေမယ့် လူသားအားလုံးက အကုသိုလ်ပြုခဲ့စဉ်ကတော့ အမှတ်တမဲ့ပါပဲ။ အဲဒီ အကုသိုလ်ကို ကိုယ်ပြန်ခံရတော့မှ အမလေး တ,နေတတ်ကြပါတယ်။

ဝင့်မှာ အမြဲ၊ ငရဲမှာ အပလို့တောင် ဆိုရိုးစကားလေး ရှိခဲ့ပါတယ်။ ဝင့်မှာ အမြဲဆိုသည်ကား ဝင့်ဟူသည် လွတ်ရာလမ်းမရှိ၊ ရှောင်လွှဲ၍ မရလို့ ဆိုလိုတာပါ။ ငရဲမှာ အပကတော့ အပါယ်လေးဘုံမှ ကင်းလွတ်ခြင်းကို ဆိုလိုပါတယ်။ အကုသိုလ်ပြုမိတိုင်း ငရဲသို့ ကျရောက်ကြရသည် မှန်သော်လည်း ငရဲနှင့် လွဲချင်လွဲတတ်ပါတယ်။ ဒါကြောင့် ပ,တယ်လို့ ဆိုတာပါ။ သာဓကများလည်း အများကြီးပါတယ်။ ငရဲကတော့ လွတ်ကင်းနိုင်တယ်။ ဒါပေမယ့် ဝင့်ကတော့ ဘယ်လိုနည်းနဲ့မှ ရှောင်လွှဲမရနိုင်ပါဘူး။ သူတစ်ပါးအသက်ကို သတ်တာ၊ သူတစ်ပါးကို ကဲ့ရဲ့တာ၊ သူတစ်ပါးပစ္စည်းကို ခိုးတာ၊ သူတစ်ပါးသားမယားကို ပြစ်မှားတာ စတာတွေဟာ ယခုဘဝ၊ နောင်ဘဝတွေမှာ အပြစ်များလှပါတယ်။ ဒါပေမယ့် ဆာလောင်နေသောသူဟာ မစင်ကိုတောင် စားဝံ့သလိုပါပဲ။ ထိုအရာတွေကို အဝိဇ္ဇာဖုံးထားတဲ့အတွက် မမြင်နိုင်တော့ပါဘူး။ ဝင့်ကို သုံးသွယ်ရှိတယ်လို့လည်း မှတ်သားရပါတယ်။ ကမ္မဝင့်၊ ကိလေသဝင့်၊ ဝိပါကဝင့်ဆိုပြီး သုံးမျိုးရှိပါတယ်။

ဝင့်ဆိုသည်မှာ ပုထုဇဉ်တွေသာမက ဘုရား၊ ရဟန္တာတွေ ...ပ်မှ မရှောင်လွှဲနိုင်သည့် အရာဖြစ်ပါတယ်။ ဝင့်လိုက်ခြင်းအကြောင်းအရာများကတော့ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ပါလိမ့်မယ်။ ပြောစရာတွေ အများကြီးဖြစ်ပေမယ့် မြတ်စွာဘုရားရဲ့ ဝင့်တော်များကိုသာ သာဓကအနေနဲ့ ဖော်ပြချင်ပါတယ်။

မြတ်စွာဘုရားဟာ ဘုရားမဖြစ်ခင် ရှေးရှေးဘဝများစွာက ပြုခဲ့ဖူးသော အကုသိုလ်ကံများကြောင့် ဝင့် (၁၂)ပါးကို ခံစားခဲ့ရပါတယ်။ ပရိနိဗ္ဗာန်ပြုတဲ့အထိပါ။ ဝင့် (၁၂)ပါးကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

**(၁) ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်ရခြင်း**

မြတ်စွာဘုရားဟာ ကဿပဘုရားရှင်လက်ထက်က "ဇောတိပါလ ပုဏ္ဏား"ဖြစ်စဉ် ငါ ဘုရားဖြစ်မယ်ဆိုရင် ၆နှစ်ထက် ကျင့်နိုင်ပါတယ်ဆိုတဲ့ နှုတ်ဝင့်ကြွေး အကုသိုလ်ကံ။

**(၂) စိဉ္စမာဏ မိန်းမယုတ်၏ အစွပ်စွဲခံရခြင်း**

သေသောက်သမားဘဝက ရဟန္တာကို စွပ်စွဲမိခဲ့သော အကုသိုလ်ကံ။

**(၃) သုန္ဒရီပရိဗိုဇ်မလေးနှင့် အပြောခံရခြင်း**

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို ဒုဿသီလဟု စွပ်စွဲခဲ့သော အကုသိုလ်ကံ။

**(၄) သုန္ဒရီပရိဗိုဇ်မကို ဂေါတမဘုရား တပည့်တို့က သတ်သည်ဟု အစွပ်စွဲခံရခြင်း**

ရသေ့ဖြစ်ခဲ့ဖူးသောဘဝက အခြား ဈာန်ရ ရသေ့ကို ပြုံးရှု ပြစ်မှားခဲ့သော အကုသိုလ်ကံ။

**(၅) ဒေဝဒတ်က ကျောက်ဖြင့် လှိမ့်ချခြင်းကို ခံရခြင်း**

သူကြွယ်ဘဝက ညီကို ကျောက်ဖြင့် ဖိသတ်ခဲ့ဖူးသည့် အကုသိုလ်ကံ။

**(၆) ကျောက်ပဲ့စဉ်ထိ၍ ခြေထောက်၌ သွေးစိမ်းသွေးခဲ တည်ခြင်း**

နစဉ်ဘဝက ရှင်ပစ္စေကဗုဒ္ဓါအား ခဲဖြင့် ပစ်ကာ သွေးယိုစီးအောင် လုပ်ခဲ့မိသော အကုသိုလ်ကံ။

**(၇) ယင်းအနာကြောင့် ဓားဖြင့် အခွဲခံရခြင်း**

မင်းဖြစ်သောတစ်ဘဝ၌ လူကို ဓားဖြင့် အရှင်လတ်လတ် သတ်ခဲ့ဖူးသော အကုသိုလ်ကံ။

**(၈) နာဠာဂီရိဆင်ဖြင့် အတိုက်ခံရခြင်း**

ဆင်းထိန်းဘဝဖြစ်စဉ်က ရှင်ပစ္စေကဗုဒ္ဓါကို ဆင်နှင့် တိုက်ခဲ့သော အကုသိုလ်ကံ။

**(၉) ဦးခေါင်းတော် ကိုက်ခဲသည့် ဝေဒနာ ခံစားရခြင်း**

တံငါဘဝဖြစ်ခဲ့စဉ် ငါးခေါင်းကို ထုခဲ့မိသည့် အကုသိုလ်ကံ။

**(၁၀) ဝေရဥ္စာမြို့၌ ဝါတွင်းကာလတွင် မုယောဆွမ်းကြမ်းကို ဘုဉ်းပေးရခြင်း**

နစဉ် ဘဝတစ်ခု၌ ရဟန်းတော်များ ဆွမ်းစားနေစဉ် ဆွမ်းကြမ်းစားဟု ကဲ့ရဲ့မိသော အကုသိုလ်ကံ။

**(၁၁) ခါးတော် ကိုက်ခဲနာကျင်မှုကို ခံစားရခြင်း**

လက်ဝှေ့သမားဘဝက သူတစ်ပါး ခါးရိုးကို ရိုက်ချိုးခဲ့မိသော အကုသိုလ်ကံ။

**(၁၂) ပရိနိဗ္ဗာန်ပြုခါနီး ဝမ်းသွေးတော်သွန်းရခြင်း**

ဆေးဆရာဖြစ်စဉ်ဘဝက ဆေးဖိုးမပေးသူအား ဝ
ဆေးတိုက်ကျွေးခဲ့သော အကုသိုလ်ကံ···

စသော ဝဋ်များအား ခံစားခဲ့ရပါတယ်။ ဒါတ
မြတ်စွာဘုရား ကြုံတွေ့ရတဲ့ ဝဋ်ပါ။ ဒါအပြင် ရဟန္တာ
ထေရာ၊ လူပုဂ္ဂိုလ်များ၏ ဝဋ်လိုက်ခံရသော အကြောင်
များစွာလည်း ရှိပါသေးတယ်။ ဥပမာ- ရှင်မောဂ္ဂလာန်
ပါလမထေရ်၊ ဥတ္တရသာမဏေ၊ မလ္လာဇုရသေ့၊ ဒုက္ခ
ပိရိကာ၊ ခုဇ္ဇုတ္တရာ၊ သာမာဝတီနဲ့ မာဂဏ္ဍီ၊ သုပဗုဒ္ဓ နန်
စုန္ဒ ကော့က မဆိုး စသည်ဖြင့် အများကြီး ရှိပါသေ

ဒါပေမယ့် အဲဒီအထဲက မာဂဏ္ဍီနဲ့ ကော့က
တို့ဟာ ဘဝမခြား၊ လက်ငင်းဒိဋ္ဌ ပြန်လည်ခံစားခဲ့
တယ်။ အထူးခြားဆုံး ပုဂ္ဂိုလ်များပါ။ စာရေးသူက
ဒီနေရာမှာ တကယ့်အဖြစ်အပျက် အမှန်တရားလေး
ကို တင်ပြလိုပါတယ်။ အိမ်ထောင်ရေးနဲ့ ပတ်သ
ဘဝမခြား ဝဋ်လိုက်မှုလေးတစ်ခုပါ။

◈◈◈

စာရေးသူတို့ ယခင်နေခဲ့ဖူးတဲ့ ရပ်ကွက်မှာ မိ
သုံးယောက်ရှိပါတယ်။ မိဘနှစ်ပါးရယ်၊ သမီးတစ်ယော
ရယ်၊ အားလုံး သုံးယောက်ပေါ့။ မိဘနှစ်ပါးကတော့
ဆိုင်ရာတစ်ခုက ဝန်ထမ်းတွေပါ။ သမီးလေးကတော့
အလုပ်တစ်ခုမှာ အလုပ်လုပ်နေသူပေါ့။ နာမည်က
(အမည်လွှဲ)ပါ။ သူ အလုပ်လုပ်နေတဲ့ ရုံးတစ်ခုမှာ မန်
က အုပ်ချုပ်ထားပါတယ်။ သူဌေးက အဝေးရောက်
ဖြစ်ရပ်ကတော့ အဲဒီက စ,ပါတယ်။

ခင်ခင်ဟာ သူ အလုပ်လုပ်နေတဲ့ရုံးက မန်နေ
ငယ်ရွယ်သူတို့သဘာဝအရ စိတ်ဝင်စားမိပါတယ်။
တော့ မဆန်းပါဘူး။ လူရယ်လို့ ဖြစ်လာရင် ချစ်တာ
တာက မဆန်းပါ။ ဒါပေသိ၊ ဆန်းတာက ထိုမန်နေ
အိမ်ထောင်ရက်သားရှိခြင်းပါပဲ။ ဒါ့အပြင် သမီး
တစ်ယောက်လည်း ရှိပါတယ်။ ဒီလိုနဲ့ မိန်းမနောက်
လာတာ နောက်ဆုံး ရုံးက လူတွေပါ သိကြပါ
တဖြည်းဖြည်းနဲ့ သူတို့အခြေအနေကို မိဘတွေက
တော့ သူတို့သမီးကို သူတို့ဆုံးမကြပါတယ်။ မရ
အချစ်ဆိုတဲ့ ရမ္မက်နွံထဲကို ဝင်တိုးမိခဲ့တဲ့သူမှန်သမျှ
မှန်မရမချင်း ရုန်းလေနစ်လေ ဖြစ်တတ်ကြတဲ့ သ
အတိုင်း ဘယ်သူမှ ရုန်းမထွက်နိုင်ကြပါဘူး။ ရုန်
နိုင်တော့ ရှေ့ဆက်တိုးကြတာပေါ့။ ကြာလာတော့
ဘူး။ မခွဲနိုင်တော့ ထွက်ပြေးကြပါတယ်။ သူဌေးပိုင် ပ


www.burmeseclassic.com

www.burmeseclassic.com

...တယ်ပေါ့။ ဒါကို မယားကြီးက သိတော့ ပထမ ...တွက်ပြီး မတွေ့တွေ့အောင်ရှာ၊ နောက် သတ်ပစ်မယ်၊ ...မယ်၊ ဘာလုပ်မယ် ညာလုပ်မယ် စသည်ဖြင့် ပုထုဇဉ် ...ဘာဝ ပေါက်ကွဲပါတော့တယ်။ နောက် တဖြည်းဖြည်း ...တော့ အနေဝေး သွေးအေးဆိုတဲ့ စကားအတိုင်း ...ဟာ ပုံမှန်ပြန်ဖြစ်ခဲ့ပါတယ်။ ၄နှစ်ကြာပြီးတော့ပေါ့။

...ပါပေမယ့် မဖြစ်တာက ခင်ခင်။ အခုမှ သူက အပူ ...သိထားပြီလေ။ လူတစ်ယောက်ရဲ့ ဗီဇဟာ ဘယ်သော ... ပြောင်းလွဲလို့ မရပါဘူး။ လူတစ်ယောက်မှာ ပြောင်း ...တဲ့ အရာသုံးခုရှိပါတယ်။ ဆံ၊ သံ၊ ဗီဇပါပဲ။ မိမိဆံပင် ...ဘယ်လိုမှ ပြောင်းလို့မရပါဘူး။ ကောက်နေတဲ့ ဆံပင် ...ဖြောင့်လို့ ရပေမယ့်၊ နောက် ထွက်လာတဲ့ ဆံပင်က ...က်ပါပဲ။ အသံလည်း ထိုနည်းအတိုင်းပါပဲ။ ဗီဇလည်း ...ပေါ့။ ဒါကြောင့် ဖောက်ပြန်တတ်တဲ့ သဘောရှိတဲ့ ... ခင်ခင်နဲ့ ရပြီး မကြာပါဘူး၊ သူတို့နေတဲ့ မြို့က ...မီးတစ်ဦးနဲ့ ထပ်ငြိပြီးပြန်ပါတယ်။ အဲဒီအခါ အရူးမီး ...က ခင်ခင်ပါ။ မစားနိုင်၊ မအိပ်နိုင်၊ တွေဝေ မိန်းမောပြီး ...ကို စိတ်တိုင်းမကျ၊ ဒေါသတွေထွက်၊ သောကတွေ ...ဒေဝမီးတွေ တောက်ပြီး လူလည်း ကျန်းမာရေး ...ဘာပါတော့တယ်။ နောက် သူ့အမျိုးသားလည်း ...ကလေးနဲ့ လိုက်ပြေးသွားတော့ ခင်ခင်တစ်ယောက် ...ာက်ရတဲ့အထိကို ဖြစ်ခဲ့ပါတယ်။ နောက် ဆေးရုံက ... တရားစခန်းဝင်၊ တရားရှာတော့မှ ဝေဒနာ အတော် ... သက်သာခဲ့ပါတယ်။ သူလည်း ပထမဇနီးအတိုင်းပါပဲ။ ...ယ့် ခံစားချက်တွေက ခုထိ ရင်ထဲ ကျန်ရှိနေတုန်းပါ ...ကို ဝဲမျိုနေတုန်းပါပဲ။

...နေရာမှာ ခင်ခင် သတိမထားမိတာက လက်ငင်း ...ခဲ့ရတာက ပျော်ရွှင်ခြင်းမဟုတ်ဘဲ၊ ဝဋ်ဆိုတဲ့ အရာ ... ဝဋ်ဆိုတဲ့ အရာဟာ နေ့မကူး ညမကူး၊ နှစ်မကူး ... ခံစားရတတ်သလို၊ ဘဝခြားမှ ခံစားရတတ်တာမျိုး ...ရှိပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ခံစားရပုံ ...တော့ မတူပါဘူး။ သူများပစ္စည်းကို ကိုယ်က လုယူ ... ကိုယ့်လက်ထဲ ရောက်နေပေမယ့် တစ်ချိန် ကိုယ့်ဆီ ...မှာပြန်ယူသွားမှာကိုတော့ ဘယ်သူမှ သတိမထား ...ကြပါဘူး။

...ဝင့်လိုက်တတ်တဲ့ အကြောင်းချည်းပြောနေလို့ အဲဒါ ...ောက်အောင် မလုပ်နိုင်ဘူးလား ဆိုတာကို မေးချင် ...လို့လည်း ထင်ပါတယ်။ လုပ်နိုင်ပါတယ်။ ဝိပါက

ဝဋ် ကျွတ်လွတ်နည်း (၇)နည်းရှိပါတယ်။

**၁။ ကျင့်ဝတ်တရားများကို ဖြည့်ကျင့်ခြင်း** (လူ့ကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်၊ မယားကျင့်ဝတ်၊ လင့်ကျင့်ဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ သားသမီးဝတ် စသည်)။

**၂။ ကျမ်းဂန်စာပေများ သင်ကြားပို့ချ၊ လေ့လာဖတ်ရှုခြင်း** (ထိုသို့ပြုခြင်းဖြင့် အကုသိုလ်ဝိပါကဝဋ်ကို တားမြစ်နိုင်သည်)။

**၃။ ဓုတင်အကျင့်ကို ကျင့်ခြင်း** (ဓုတင် ၁၃ပါးကို ကျင့်ကြံခြင်း)။

**၄။ ဈာန်သမာပတ် ဝင်စားခြင်း** (ဈာန်သမာပတ်ဝင်စားခြင်းဖြင့် ကံလေသာ ဝိပါကဝဋ် မဖြစ်နိုင်၊ လူတို့နေဖြင့် အဓိဋ္ဌာန်ဝင်ခြင်း ပြုလုပ်နိုင်ပါက အကုသိုလ်ကံလေသာ ဝိပါကဝဋ် မဖြစ်ပွားနိုင်)။

**၅။ ဝိပဿနာတရား ရှုပွားခြင်း** (ထိုသူသည် ကံလေသာ အကုသိုလ် ဝိပါကဝဋ်များကို တားမြစ်နိုင်သည်)။

**၆။ ကုသိုလ်အသစ်တို့ကို ပြုလုပ်ခြင်း** (ကုသိုလ်အသစ်များ ပြုလုပ်ခြင်းသည် အကုသိုလ် ဝိပါကဝဋ်များကို တားမြစ်နိုင်သည်)။

**၇။ မြတ်ဗုဒ္ဓဘုံမှ ဆင်းသက်လာသူဖြစ်ခြင်း** (ယင်းဘုံမှ ဆင်းသက်လာသူ စိတ်ဓာတ်စင်ကြယ်သဖြင့် အကုသိုလ် ဝိပါကဝဋ် မဖြစ်နိုင်)။

စသည့် ၇ချက်သည် အကုသိုလ် ကံလေသာ ဝိပါကဝဋ်များ မဖြစ်ပွားစေသော နည်းလမ်းများဖြစ်ပါသည်။ ထို ၇ချက်ထဲမှ တစ်ချက်နှင့်မျှ မကိုက်ညီသောသူသည် မလွတ်ကင်းနိုင်ပါ။ ဝိပါကဝဋ်မှ လွတ်မြောက်သည်ဟု ဆိုသည်မှာ မဖြစ်သေးသော၊ ဖြစ်စေနိုင်သော အကြောင်းတရားများကို မပြုလုပ်ခြင်းဖြင့် လွတ်မြောက်နိုင်သည်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ရှိပြီးသော ဝဋ်ကြွေးကိုတော့ မည်သူမျှ ရှောင်လွှဲဖယ်ရှား၍ မရနိုင်ပါ။ ရလည်း မရပါ။ အလွန်ကို ကြောက်စရာကောင်းလှပါတယ်။

ဟုကယ်တော့ လူ့ဘဝဟာ ရခဲလှပါတယ်။ ထိုရခဲသော လူ့ဘဝမှာ လူ့ကျင့်ဝတ်များကို မကျင့်ဘဲ၊ မကောင်းမှု အကုသိုလ်များကို ဝါသနာထုံနေပါက လူဖြစ်ရှုံးရမည်သာ။ လူတိုင်းက မိမိကိုယ်ကို ကောင်းချင်ကြပါတယ်။ သို့သော် မဖြစ်ချင်တာ ဖြစ်၊ ဖြစ်ချင်တာ မဖြစ်သည်ကလည်း သဘာဝပင်။ အတိတ်ကံ၏ စီမံစေညွှန်းရာကို လိုက်ပါ နာခံရသဖြင့် ဖန်တီးမရသောကံကို ယိုးမယ်ဖွဲ့မနေဘဲ လက်ရှိ ပစ္စုပ္ပန်ကိုသာ ကောင်းအောင် နေထိုင်သင့်ပါတယ်။ ကံကို ကုနည်း



www.burmeseclassic.com

www.burmeseclassic.com

**ကံကို ဆည်း၊ စိတ်လည်း မပေါ့ရာ** ဆိုတဲ့ စကားလည်း ရှိပါတယ်။

လောကမှာ လူဖြစ်လာပြီဆိုရင် ငြိမ်းချမ်းချင်ကြပါတယ်။ ထိုအရာကိုလည်း ရှာဖွေတတ်ကြပါတယ်။ တကယ်တော့ ငြိမ်းချမ်းခြင်းဆိုသည်မှာ စိတ်ငြိမ်းချမ်းမှသာ အားလုံးငြိမ်းချမ်းမှာပါ။ ကိုယ့်စိတ် မငြိမ်းချမ်းရင်တော့ မိမိရော၊ တစ်ပါးသူနဲ့ ပတ်ဝန်းကျင်ကိုပါ ပူလောင်စေပါ။ ပူလောင်ပြီဆိုရင် သူတစ်ပါးကို ထိခိုက်စေပါတယ်။ ဒါဆိုရင်တော့ ဝိပါကဝဋ်ဘက်ကို ကူးပြောင်းတော့မယ်ဆိုတာ မလွဲပါဘူး။ လောကမှာ ဆိုထုံးလေးတစ်ခုကလည်း ရှိထားပါသေးတယ်။ **ပြုသူအသစ်၊ ဖြစ်သူအဟောင်း**တဲ့။ ဟုတ်ပါတယ်။ ပြုသူက ဘယ်လောက်ပဲ ပြောင်းပြောင်း၊ ဖြစ်တဲ့ အရာကတော့ ဒီအရာပါပဲ။

မကောင်းမှု အကုသိုလ်ချည်း ပြုလုပ်နေသူသည်၏ စိတ်အစဉ်သည်လည်း လောဘ၊ ဒေါသ၊ မောဟ စသည်တို့နှင့် ဖုံးလွှမ်းနေတတ်ပါသည်။ ထို့အတူ ကောင်းမှုနှင့်သာ မွေ့လျော်သူ၏ စိတ်ကတော့ ကြည်လင်၊ သန့်ရှင်း၊ အေးမြနေပါတယ်။ လောက သဘာဝအရ အပူနှင့် အအေးကတော့ အမြဲရှိနေတတ်ပါတယ်။ ဒါပေမယ့် ကျင့်ယူလို့ ရပါတယ်။ ပူတဲ့အရာကို အေးအောင် ကျင့်လို့ရပါတယ်။ ဥပမာ- ထမင်းအိုးလိုပဲပေါ့။ ထမင်းအိုးက တည်တည်ပြီးချင်း ဘယ်သူမှ စားလို့ မရပါဘူး။ အလွန်ပူလောင်နေလို့ပါ။ တဖြည်းဖြည်း အေးသွားမှ စားရပါတယ်။ အဲလိုပါပဲ။ ဘယ်သူမှတော့ ချက်ချင်းကြီး မရနိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ကျင့်ယူရပါမယ်။ ဒါမှ အေးချမ်းပြီး မိမိရဲ့ လိုချင်တဲ့ ပန်းတိုင်၊ ဒါမှမဟုတ် အရာအားလုံးချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရရှိမှာ မလွဲတော့ပါဘူးဗျာ။

ဤစာစုလေးကြောင့် အကုသိုလ်ပြုမည့်သူများ၊ မပြုရသေးသူများ အသိတရားလေးတစ်ချက် ရနိုင်ကြပါစေလို့ ဆန္ဒပြုရပါတယ်ဗျာ ■

* * *

သက်ငြိမ်းဦး

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၃၁။



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄




## ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော် စာရေးဆရာများ ကြသည်။ ကိုမင်းခွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့ဆုံလိုက်ရသည်။ ကိုမင်းခွေက···

"လာ···ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေး အကြံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ၊ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ ည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ် ချဉ် ချပ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျ ဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရွစိရွစိဖြစ်ပြီး တတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်း သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ မယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ တတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ- တို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းခွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ···

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ <u>ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား</u>ကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ သောက်လိုက်ပါ။ <u>ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား</u>ဟာ ရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ <u>ဆရာ ဦးလှိုင်မြင့်က</u> <u>ကြက်လည်ဆံ ဆီးဆေး</u>ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ <u>ဦးလှိုင်မြင့်ရှိတဲ့ ကန္နရဝတီဆေးတိုက်</u>ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ တွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ <u>ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးရဲ့</u> <u>ပုဒ်လည်း မှတ်ထားဦးဗျို့။ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည်</u> ··· <u>ကိန္နရီ ··· တဲ့ဗျ</u>။

ပင်ရင်းဌာန- ကန္နရဝတီဆေးတိုက်
တိုက် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၄၀၁၇၉

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"လုလုရေ··· အစ်ကိုကျော်နဲ့ သက်တို့ လာမယ်ကွ၊ ထမင်းပို့ချက် းပါလား"

"ရော် · · ·ကိုအောင်ကလည်း အကျပြောနေပါလား။ ဘာလဲ၊ ကိုကျော် ဖုန်းဆက်ထားလို့လား"

"ဟဲဟဲ· · ·မဟုတ်ပါဘူး။ စိတ် သိနေလို့။ ထမင်းပိုချက်နော်။ ကိုကျော်က ဝက်သားဟင်းကြိုက် ဝက်သားဟင်းပါ ချက်ထားပါကွာ"

"ကောင်းပါပြီရှင်၊ ချက်ထားပါ့ မယ်"

အိပ်ရာထက် ပက်လက်ဖြစ်နေ ကိုအောင်သန်းသည် ဇနီးသည် လုအား အိပ်ရာထက်မှ ပြောနေ ဖြစ်၏။ ကျန်းမာရေး အလွန်ချို့တဲ့ သည့် ခင်ပွန်းသည်အား ထပ်တွန့် ကဲ့ ကောင်းပါပြီရှင်နှင့် အဆုံး လိုက်၏။

ကိုအောင်သန်းသည် ကွမ်းမစား လိပ်မသောက်၊ အရက်ဆို ဝေလာ လူအေး လူဖြောင့်။ အစိုးရရုံး ရုံးမှ မန်နေဂျာ။ လုပ်သက်လည်း ည့်သလို၊ သူ့အသက်လည်း ၅၀ ခဲ့ပါပြီ။ ဆေးခွင့်ဖြင့် ဆေးရုံမှ ဆင်း သော်လည်း နောက်ဆုံးအဆင့်ဖြစ် သည်ကို ဇနီး မလုလု သိပြီးသား။ ဂါမှာ အသည်းကင်ဆာ။ အလွန် နေရပါက သုံးလပဲဟု ဆိုသဖြင့် တွင် ဆေးကုသရင်း နောက်ဆုံး ကို စောင့်နေရလေ၏။

မလုလုမှာ ကိုကျော်မင်း၏ ဇနီး သက်နှင့် ညီအစ်မနှစ်ဝမ်းကွဲ။ ဇာတိက ဗန်းမော်။ ကိုအောင် က ရန်ကုန်သားဖြစ်ပြီး ကိုကျော် လည်း လှည်းကူးသားဖြစ်သည်။ မလုလုနှင့် မခင်သက်မှာ အောက်ပြည် အောက်ရွာသားတွေနှင့် အိမ်ထောင်ကျ သလို၊ ဆွေမျိုးဝေးတော့ ညီအစ်မ အရင်းပမာ အလွန်ချစ်ခင်ကြလေ သည်။

ကိုအောင်သန်းနှင့် မလုလုတို့ ဇနီးမောင်နှံတွင် ဘွဲ့ရ သမီးတစ်ယောက်၊ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသား တစ်ယောက်သာ ရှိ၏။ မလုလုသည် ကုန်စုံရောင်းချသလို၊ အိမ်တွင် စက်တီး ခြံမြေမှအစ အပေါင်ခံ၏။ ယောက်ျား ၏ လစာလည်း တစ်ပြားမှမထိ။ သူ့ ဆိုင်မှ အမြတ်ဖြင့် ဖူလုံသည့်အတွက် အတိုးပေး အပေါင်ခံ။ အတိုးကား ယောက်ျားလစာထက် ပိုရ၍ နောက် ဆုံး ဈေးဆိုင်အား အငှားထားလျက် ကျန်းမာရေးမကောင်းသည့် ခင်ပွန်း သည်အနားက မခွာတော့။

သူတို့မိသားစု လေးယောက် သည် အဖြူန်းလုံးဝမရှိ။ အသုံးလည်း အလွန်ချွေတာကြ၏။ နံနက်မိုးလင်း ထမင်းနှင့် ပဲပြုတ်၊ လက်ဖက်ရည်၊ ကော်ဖီထက် မပို။ ထို့ထက်ပိုဆိုးသည် ကား အလျှုအတန်းဆို တော်တော်လေး ဝေးဝေးက ရှောင်ဆိုသလို၊ ရန်ကုန်မြို့ ပေါ် နေပါလျက် ရွှေတိဂုံဘုရားပင် သုံးလေးနှစ်မှ တစ်ခါလောက် ရောက် ၏။ ကျန် ဆူးလေ၊ ကမ္ဘာအေးဆိုတာ တော်တော်ဝေး၏။ ရသမျှ ရွှေဝယ်စု သည်။ လက်ဝတ်ရတနာအပြည့်။ ရွှေ အတုံးလည်း ဝယ်ယူ စုဆောင်း၏။ သမီးနှင့် သားမှာလည်း တက္ကသိုလ် ရောက်ခဲ့သော်လည်း မိဘနှစ်ပါးအတိုင်း မသုံးမစွဲကြ။

"ရော် · · ·အစ်ကိုကျော်နဲ့ မမ သက် တကယ်ရောက်တာပအေး။ ကိုအောင်ပြောတာ မှန်တာပ၊ မှန်တာပ။ ကိုအောင်ရေ· · ·အစ်ကိုကျော်နဲ့ မမ သက် ရောက်လာပြီပ"

"အေးလေ၊ ကိုအောင်ပြောသား ပဲ"

"ဘာတွေပ"

"ရော် · · ·မမသက်နဲ့ အစ်ကို ကျော် လာမယ်လို့ ကိုအောင်က ပြော တာမ။ ဝက်သားဟင်းပါ ချက်ခိုင်းလို့ ချက်ထားတာပအေး"

"အင်း· · ·ကိုအောင်က ဗေဒင် ဆရာ။ ဒါမှမဟုတ် အကြားအမြင်ရနေ ပြီထင်တယ် ညီမ လုလုရဲ့"

ကိုကျော်မင်းမှ မလုလုအား ပြောရင်း ဇနီးမောင်နှံနှစ်ယောက် ကိုအောင်သန်းရှိရာ အခန်းထဲ ဝင် လိုက်သည်နှင့် အမြဲပြုံးနေလေသော ကိုအောင်သန်းသည် ဖြူသော အသား တွေ မည်း၍ နှုတ်ခမ်းတွေ ပြာ၊ ခြောက် ခြောက်သွေ့သွေ့။ ဗိုက်ပူပြီး ပိန်လှီနေ လေ၏။

"ကိုအောင်· · ·နေကောင်းတာပ"

"ဟုတ်ကဲ့ မမသက်။ သက်သာ လို့ ဆေးရုံက ဆင်းခဲ့ပါပြီ"

"ကိုအောင် ခွင့်ယူထားရတာပေါ့ နော်"

"ဟုတ်တယ် အစ်ကိုကျော်။ ဆေးခွင့်ပေါ့"

သူ့စကားသံက တော်တော်လေး လေသံပျော့နေသည်ကို ကိုကျော်မင်း သတိထားမိသလို၊ မခင်သက်လည်း ညှိုးငယ်သောအသွင်သို့ အလိုလို ရောက်သွား၏။

"ကိုအောင်ရေ· · ·အလုပ်ထက် ကျန်းမာရေးက အရေးကြီးတယ်။ ကျန်းမာမှ အလုပ်ပြန်ဆင်းပေါ့ဗျာ"

"ဟုတ်တယ် အစ်ကိုကျော်"

"မောင်ရေ· · ·မိသက် မီးဖိုထက် သွားဦးမယ်"

"သွားလေ"

"မမသက်တို့လာမယ်လို့ လုလု ကို ပြောတော့ သူ အံ့ဩနေတယ်





www.burmeseclassic.com

www.burmeseclassic.com

မမသက်ရဲ၊ ကျွန်တော် အလိုလိုသိနေတာ···ဟဲဟဲ···"

"ဒါပေါ့ ကိုအောင်၊ တစ်ခါတစ်ခါ အလိုလိုသိနေတာတွေဟာ တကယ်ဖြစ်လာတာပဲ"

မိသက် ပြောပြောဆိုဆို လူနာအား မကြည့်ရက်၍ သူ့ညီမရှိသည့် မီးဖိုထဲသို့ ထွက်သွားလေ၏။ ကိုကျော်မင်းနှင့် ကိုအောင်သန်းတို့နှစ်ယောက်တည်း ကျန်ခဲ့စဉ် ကိုအောင်သန်းမှ -

"အစ်ကိုကျော်···ကျွန်တော် အစ်ကိုကျော်ကို ပြောစရာရှိတယ်။ ကျွန်တော့်ရဲ့ ရောဂါကို ကျွန်တော်သိနေပါတယ်။ ဒါပေမယ့် အားမငယ်ပါဘူး။ လူတိုင်း သွားရမယ့်လမ်းပါဗျာ။ ဒါကြောင့် ကျွန်တော် ငွေစုနေတာ။ ကလေးတွေရဲ့ နောင်ရေးအတွက်လေ"

"ဟုတ်ပါတယ်။ ငွေဆိုတာ ဖြုန်းဖို့ မဟုတ်ပါဘူး။ အခု ကိုအောင်သန်းတို့ လုလုတို့ ပြောသလို သက်သာလို့ ဆေးရုံက ဆင်းလာပြီပဲဗျာ"

"မှန်ပါတယ်။ ဆေးရုံက ဆင်းရတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော့် ရောဂါက ကုမရတော့လို့ ဆင်းရတာပါ။ လုလုတို့ သိနေကြပါတယ်။ ကျွန်တော့်ကို မပြောသလို၊ ကျွန်တော်ကလည်း မပြောပါဘူး အစ်ကိုကျော်"

"ကိုအောင်ရယ်"

"တခြားမဟုတ်ပါဘူး။ ကျွန်တော် ပြောမယ့် စကားက ကျွန်တော်မရှိတဲ့နောက်၊ ဟို···လုလုလည်း မရှိတော့ဘူးဆိုရင် သမီးနဲ့ သားကို ဂရုစိုက်ပေးပါဗျာ"

"ကိုအောင်လဲဗျာ၊ အားမငယ်စမ်းပါနဲ့။ ကျွန်တော်တို့ဆိုတာ မိသားစုတွေပဲဗျာ"

"ဒါကြောင့် ပြောတာပါ။ ဒီစကားကိုတော့ မမသက်နဲ့ လုလုတို့ မသိပါစေနဲ့ဗျာ"

"စိတ်ချပါဗျာ"

ကိုအောင်သန်း စကားက ဆန်းနေ၏။ သူ ပျက်စီးသွားပြီးပါက သူ့ဇနီး လုလုလည်း ပျက်စီးမည်ဟူသော အပြောဖြင့် သူ၏ သားနှင့် သမီးအား ကျွန်တော်တို့ထံ အပ်နှံနေ၏။ မလုလုမှာ ဘာရောဂါမှ မရှိကြောင်း၊ ဆရာဝန်ဖြင့် ဆေးစစ်တော့လည်း ကိုအောင်သန်းကဲ့သို့ အသည်းကင်ဆာ လုံးဝမရှိပါကြောင်း သိထားရ၏။ ကင်ဆာသည် ကူးစက်တတ်သော ရောဂါမဟုတ်ကြောင်းလည်း ကြားဖူးနားဝရှိထား၍ ကိုကျော်မင်းမှ နှစ်သိမ့်စကားဖြင့် ပြောဆိုပြီး အင်းစိန်မှ မြောက်ဥက္ကလာသို့ ပြန်ခဲ့ကြသည်။

◈◈◈

"မိသက်··· ကိုအောင်သန်း အခြေအနေ အတော်ဆိုးနေပြီနော်။ မောင်တော့ အားမရဘူးကွာ"

"ရှော်··· မောင်ရယ်၊ ဆေးရုံက 'တောင် ကုသလို့ မရတော့ပါဘူး၊ အလွန်ဆုံး သုံးလလို့ ပြောနေပြီပဲ။ အင်း··· ညီမလေး လုလုအတွက် စိတ်မကောင်းလိုက်တာ"

"ဟူး···"

ငါးရက်မြောက်သောနေ့မှာတော့ ကိုအောင်သန်းတစ်ယောက် ဆုံးခဲ့လေပြီ။ သေဆုံးခါနီးတွင် သူ အလွန်ချစ်မြတ်နိုးသော ဇနီးအား ပြောပြခဲ့၏။

"လုလု··· ကိုအောင် သွားနှင့်မယ်။ ဟို···ဟိုလေ လုလုကို စောင့်နေမှာပါ"

"ကိုအောင်ရယ်···ဘာမှမပူနဲ့၊ ကိုအောင့်နောက် လုလု လိုက်ခဲ့မှာပါ။ သမီးနဲ့ သားအတွက်လည်း မပူနဲ့နော်"

"သူတို့အတွက် ရွှေငွေက အစအားလုံး ပြည့်စုံနေကြပါပြီ။ တို့နှစ်ယောက် ရေသွား နောက်လိုက်ပါပီပေါ့"

"စိတ်ချတာပနော်"

နောက်ဆုံးစကား ပြောသူက ပြော၊ ကတိပေးသူက ပေးကြဖြင့် ကိုအောင်သန်းတစ်ယောက် လူ့ဘဝထဲမှ အပြီးအပိုင်ထွက်ခွာသွားလေပြီကော။

"မလုလုတို့ကို တို့ပြောတယ်။ ဟင်းချိုမှုန့်တွေ မစားပါနဲ့ ဆိုတာလေ"

"ရှော်···အစ်ကိုကျော့်ညီတော်က ဟင်းချိုမှုန့်မပါရင် မစားဘူးလေ။ လက်ဖက်သုပ်ဆိုလည်း ဟင်းချိုမှုန့်နဲ့ ဆီကဲ နှပ်နေအောင် စားတာ။ ဟင်းမ[...] ရင် ထမင်းကို ဟင်းချိုမှုန့်ဖြူးပြီး ဆီ[...] ဆမ်းစားတာ အစ်ကိုကျော်ပအေး"

"အခုလို ကင်ဆာဖြစ်ရတာ[...] ဟင်းချိုမှုန့်ကြောင့်လို့ ပြောချင်တယ်[...] ဘာဖြစ်လို့လဲဆိုတော့ ကိုအောင်ဟာ[...] အရက်၊ ဆေးလိပ်၊ ကွမ်းမစား[...] ကင်ဆာဖြစ်ရတယ် ဆိုတာကတော့[...] တစ်တရားခံဟာ ဟင်းချိုမှုန့်တွေပဲ[...] တို့တော့ ထင်တယ်။ လုလုလည်း[...] မစားနဲ့တော့ကွာ။ ကလေးတွေလည်း[...] မစားစေနဲ့တော့"

"ဟုတ်···ဟုတ်"

ကတိပေးခဲ့ပါသော်လည်း[...] မလုလုတို့ မိသားစုဟာ ဟင်းချိုမှုန့်[...] တော့ ခံတွင်းတွေ့နေဆဲပင်။ ကိုကျော်[...] မင်း၏ ဇနီး မခင်သက်ရှေ့မှာတော့[...] မစား။ ကိုကျော်မင်းတို့ ပြန်သွားပြီ[...] ဆိုလျှင်တော့ ဆက်လက် စားသော[...] သုံးဆောင်နေဆဲပင်။

◈◈◈

ကိုအောင်သန်း တစ်လပြည့်[...] လပတ်ဆွမ်းကျွေးသို့ သွားတော[...] မလုလုတစ်ယောက် ပြုံးပြုံးရွှင်ရွှင်[...] ကြည့်ရသည်မှာ ကိုကျော်မင်း၏ စိတ်[...] ထဲ တစ်မျိုးကြီးဖြစ်နေသည်က အမှ[...]

"အစ်ကိုကျော်···မမသက်[...] မပြောနဲ့နော်၊ ဟို အိမ်ရှေ့ထော[...] ကုက္ကိုပင်ကြီးအောက်မှာ ကိုအော[...]



www.burmeseclassic.com

www.burmeseclassic.com

...က်,ရောက်လာတာပ"

"မလှလှကလဲဗျာ၊ မဟုတ်တာ ...ွ"

"ရော်... အပတ်ပြောတာပ။ ...သာတဲ့ ညနေတိုင်းလိုလို အပင် ...အောက်ကနေ ကျွန်မကို ကြည့်နေတာ ...။ ဟိုတစ်နေ့က သားငယ် အိုက်လို့ ...ပြတင်းတံခါးဖွင့်တော့ ကုက္ကိုပင် ...အောက်မှာ လူတစ်ယောက်တွေ့တာပ။ ...သားငယ်က မကြောက်တတ်လို့ သူခိုး ...ပြီး လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့် ...တော့ ပျောက်သွားတယ်။ နောက်နေ့ ...က် မိုးလင်းတော့ သူခိုးကပ်တယ် ...ို့ ပြောတာပ။ ကျွန်မ သိနေတာ ...။ ရော်...သားငယ် အိပ်မှုန်စုံ ...ဖြစ်တာပလို့ ပြောလိုက်ရတာပ။ ...ယ်တော့ သူခိုးမဟုတ်၊ ကိုအောင် ..."

"မလှလှ...ညီမရယ်"

"ရော်...အပတ်ပြောတာပ။ ...အောင်က ကျွန်မကို သိပ်ချစ်တာ ...။ အင်း...ကျွန်မလည်း လိုက် ...မှာပ။ ကိုအောင် မသေခင် ပြော ...တာပ။ ကလေးတွေအတွက် စိတ် ...ရအောင် ရှာဖွေစုဆောင်းတာပ။ ...မိန့်လို့ ပြောတာ အမှန်ပ။ အစ်ကို ...ကျော်နဲ့ မမသက်တို့လည်း ရှိနေတာ ...။ ကျွန်မ လိုက်လာမှာပလို့ ...လို့ သူ လာ,လာစောင့်တာပနော့။ ... အိမ်ခန်းပြတင်းပေါက်ကနေ ...ပင်ကြီးအောက်ကို ကောင်း ...မြင်ရတာပ။ လသာတဲ့ ညတိုင်း ...ရောက်နေတာပ။ တစ်ခါတလေ ...အိမ်ပေါ်က ဆင်းသွားမလို့ပ။ ...အောင်က လက်ကာပြတာပအိုး"

မလှလှ ပြောပြပုံမှာ ဝမ်းသာ ...နေသည့်အလား။ ချစ်လင်၏ ...ကို သူ မြင်တွေ့နေရသည်ကား ...သည်လား မသိတော့။

"ဘဘ... မေမေလေ၊ ညဘက် ဆို ခေါင်းရင်း ပြတင်းပေါက်ဖွင့်ပြီးနေ တယ်။ သမီးက မေမေနဲ့ အိပ်ပါရစေ ဆိုတော့လည်း သူ့အခန်းထဲ အဝင်မခံ ဘူး။ နေ့ဘက်တော့ ဝင်လို့ ရတယ်။ ညဘက် အဝင်မခံဘူး။ သူတို့ ခုတင် ပေါ်လည်း မအိပ်ရဘူးတဲ့ ဘဘရဲ့"

မလှလှတစ်ယောက် အစွဲကြီး နေပါကလားဟုသာ တွေးရင်း ကလေး တွေကိုလည်း နှစ်သိမ့်ခဲ့ရ၏။

◈◈◈

ကိုကျော်မင်းတစ်ယောက် မလှလှတို့အိမ် မရောက်သည်မှာ တစ်လကျော်ခဲ့လေပြီ။

"မောင်...မိသက် လှလှတို့အိမ် ရောက်တာပ။ လှလှအိပ်ရာထဲ လဲနေ တာပ"

"ဘာဖြစ်တာလဲ မိသက်"

"ဖျားတယ်လို့ ပြောတာပ။ ဆရာဝန်ခေါ်ပြီးပြတော့ ဆေးရုံတက်ဖို့ လမ်းညွှန်လည်း မတက်၊ ခက်တာပ"

ကိုကျော်မင်း စိတ်မကောင်းဖြစ် ရပြီ။ ကိုအောင်သန်း ပြောခဲ့ဖူးသော စကား။ တစ်လပြည့်မှာ မလှလှ ပြောပြ သော ကိုအောင်သန်းတစ်ယောက် လသာညတွေမှာ ခြံထောင့်က ကုက္ကို ပင်အောက် ရောက်,ရောက်လာတဲ့ သတင်းတွေက ရင်ကို တုန်လှုပ်စေ၏။

"မိသက်... သန်ဘက်ခါ စနေ ဆိုတော့ တို့ ညအိပ်သွားကြတာပေါ့"

"ကောင်းတာပ။ ကလေးတွေက လည်း မိသက်ကို မပြန်စေချင်ဘူး"

"ဒါဆိုလည်း မနက်ဖြန် သော ကြာနေ့ မိသက် သွားနှင့်၊ မောင် စနေ နေ့ လိုက်ခဲ့မယ်လေ"

"ကောင်းတာပနော့"

◈◈◈

သောကြာနေ့ နံနက်မှာတော့ မလှလှတစ်ယောက် သူ့သမီးကို ခေါ်၍ ပြောလာသည်။ မလှလှ၏ ပြောပုံ မှာ ကိုအောင်သန်းရှိစဉ်က ပြောသည့် အတိုင်း ဖြစ်သည်။

"သမီးရေ... နင့်ကြီးမေ လာ မယ်။ မနက်ဖြန် အစ်ကိုကျော် လာမှာ သမီးရဲ့"

"မေမေကလည်း ဖေဖေပြော သလိုပနော့၊ ကြိုသိတာပ"

"အင်း... စိတ်ထဲမှာ ထင်နေ တာပ သမီး။ မမသက်နဲ့ အစ်ကိုကျော် လာမှ ပြောစရာတွေ ရှိတာ ပြောရဦး မယ်"

သမီးဖြစ်သူ မကေသီအောင် လေးမှာ စိတ်မကောင်း။ သူ့ဖခင် ဆုံးခါ နီးတုန်းကလည်း ဤကဲ့သို့ ပြောခဲ့ဖူး ၏။ အစစအရာရာ ကြိုသိနေခြင်းကို မကေသီအောင်က မနှစ်သက်၍ မောင်လေးဖြစ်သူ သီဟအောင်အား ပြောပြခဲ့သည်။ မောင်နှမနှစ်ယောက် စိတ်မကောင်းကြ။ သို့သော် ဗန်းမော်မြို့ ရှိ မလှလှ၏ မိခင်ကြီး ဒေါ်ကြည်ကြည် လာနေမည်ဆိုသဖြင့် အားတက်နေ သည်က အမှန်။

"လှလှ...နင်တစ်ယောက်တည်း အိပ်ရတာ ပျင်းမှာပဲ။ ငါ ကူအိပ်တာပ"

"ရော်...ကျွန်မကိုယ်က ဆေးနံ့ တွေနဲ့ပ၊ မအိပ်ပါနဲ့။ မမသက် တစ် ယောက်တည်း။ ဒါမှမဟုတ် သမီးနဲ့ အိပ်တာပ"

"အေးပါလေ"

တမင်သက်သက် မလှလှ၏ ဆန္ဒကို သိလို၍ စမ်းခြင်းဖြစ်၏။ တူမ ဖြစ်သူ ကေသီအောင်က ပြောပြ၏။ သူ့ခုတင်ပေါ်သို့ ဘယ်သူမျှ အအိပ်မခံ။ ကိုအောင်သန်းများ သူ့ထံ ရောက်နေ ရော့သလားဟု။

"အစ်ကိုကျော်ရေ...ကျွန်မ မေမေ လာနေမယ်ဆိုပေမယ့် သားနဲ့ သမီးက သူ့အဘွားကို စိမ်းတာ။



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုနဲ့ မမသက် မကြာမကြာလာတာပ။ နောက်တစ်ခု သမီးကို အိမ်ထောင်ချပေးဖို့လည်း အစ်ကိုကျော်တို့ တာဝန်ယူပေးပါ"

"အို···သမီးကို···"

"ဟုတ်တာပ။ သူ့မှာ ချစ်တဲ့သူရှိနေတာ ကြာတာပ။ ကိုအောင်လည်း သဘောတူတာပအေး။ ကောင်လေးကရိုးသားတယ်။ ဝန်ထမ်းတစ်ယောက်ပဲ အစ်ကိုကျော်"

"အေးလေ၊ မလှလှရဲ့ အမေရောက်တော့ တိုင်ပင်ကြတာပေါ့"

"မေ့တာပ။ ညက ဟဲဟဲ··· ကိုအောင် လာကြိုတာပ။ ကျွန်မ ပြောလိုက်ပြီ။ လိုက်သွားတော့မယ် အစ်ကိုကျော်"

ကိုကျော်မင်းနှင့် မခင်သက် ဘာပြောရမှန်း မသိတော့။ သမီးဖြစ်သူနှင့် သားဖြစ်သူတို့မှလည်း ညအခါ ကုက္ကိုပင်ကြီးအောက်တွင် လူတစ်ယောက်၊ ပထမတော့ လာသာတဲ့ ည။ ယခုတော့ ညတိုင်းလိုလို ရောက်နေ၏။ မလှလှသည် ခေါင်းရင်း ပြတင်းတံခါးဖွင့်ဖွင့်ပြီး ကြိုနေသည်ကို မောင်နှမနှစ်ယောက် သိနေကြ၏။ ဘာလုပ်ရမှန်း မသိတော့။

"ဘကြီးရေ··· ညကျရင် ကျွန်တော်နဲ့ ဘကြီး ကုက္ကိုပင်အောက်ကို ကြည့်ကြမယ်လေ"

"အေး ရှူး···တိုးတိုး"

မလှလှသည် အသည်းကင်ဆာဖြစ်သည်မှာ ယခုမှ သုံးလပဲ ရှိသေး၏။ ဆေးကုသမှုတော့ ခံယူ၏။ ဆေးရုံတော့ မတက်။ အိမ်နှင့် လုံးဝ မခွာ။ ငွေရေးကြေးရေး စီးပွားရေးကို မစဉ်းစား။ သမီးနှင့် သားအား ပုံအပ်ထားပြီးနောက် လုံးဝ လှည့်မကြည့်တော့။ စိတ်အေးလက်အေး ရောဂါဝေဒနာခံစားရမှု၊ နာကျင်ကိုက်ခဲမှုလည်း မပြော၊ သတိမရ။ မနာကျင်ရှေ့သလားမသိ။

◈◈◈

တနင်္ဂနွေနေ့ နံနက် ၉နာရီတိတိမှာတော့ မလှလှတစ်ယောက် ကိုအောင်သန်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေပြီ။

ကိုအောင်သန်း ဆုံးတာလည်း တနင်္ဂနွေနေ့ နံနက် ၉နာရီ။ ခု မလှလှလည်း တနင်္ဂနွေနေ့ နံနက် ၉နာရီပင်။

"အစ်ကိုကျော်ရေ··စိတ်ချသွားပြီဗျာ"

"ရော်··အစ်ကိုကျော်ပ၊ ကျွန်မ ကိုအောင်နဲ့ လိုက်သွားပြီ။ အားလုံးစိတ်ချသွားတာပ"

"ရော်···မေ့တာပ၊ အစ်ကိုကျော် ပြောတဲ့ ဟို အချိုမှုန့်ကို သမီးနဲ့ သား မစားဖို့ မှာခဲ့တာပ။ အစ်ကိုကျော်တို့ ဆက်ပြီး လမ်းညွှန်တာပနော့"

ကိုကျော်မင်း တနင်္လာနေ့ မိုးလင်းပိုင်းမှ အိပ်ပျော်သွားစဉ် ကိုအောင်သန်းနှင့် မလှလှတို့လင်မယားနှစ်ယောက် အိမ်ရှေ့ ကုက္ကိုပင်ကြီးအောက်မှ လှမ်းပြောပြီး လက်ကလေးဝေ့ယမ်းကာ ကျောပေးထွက်သွားသည်ကိုဖြင့် ကိုကျော်မင်း မျက်ဝါးထင်ထင် မြင်နေဆဲ။

"မိသက်··· မောင် အိပ်မက်လား ဘာလားမသိဘူး။ ကိုအောင်သန်းနဲ့ မလှလှတို့နှစ်ယောက် မောင့်ကို နှုတ်ဆက်သွားကြတယ်။ မျက်စိထဲမှာ မြင်ယောင်နေတယ်ကွာ"

"ရော်···မိသက်လည်း ဒီမနက် စောစောမက်တာပ။ သူတို့နှစ်ယောက် ကုက္ကိုပင်ကြီးအောက်ကနေ လက်ပြနှုတ်ဆက်သွားကြတာပ"

"အင်း···သူတို့နှစ်ယောက်ရဲ့ ချစ်မြတ်နိုးမှု ဘုရားမှာ တိုင်တည်ခဲ့ကြတဲ့ သေအတူ ရှင်မကွာဆိုတာ ဒါမျိုးများလားပဲ"

"ဟုတ်တာပ။ အင်း··ညီမလေ လှလှတို့ လူ့ဘဝမှာ ချစ်တာတစ် တည်းနဲ့ အသက်ရှင်သွားကြတယ် ဘုရားပုထိုး ဘယ်မှ မရောက်ကြဘူ အလှူဒါနနည်းတာပ။ ဒါ သူတို့ မယ် ရန်ကုန်မြို့က ဘုရားတွေအစုံလည် မရောက်။ ပုဂံဒေသလည်း တစ်ခေါ် မှ မရောက်တာတော့ စိတ်မကောင် ပအေး"

"အေးလေ၊ သူတို့နှစ်ယောက် အတွက် သမီးနဲ့ သားယားကို ပြော မယ်။ ဘုရားအလှူ၊ သံဃာအလှူ ဒါနယူကြ။ မိဘနှစ်ပါးအတွက် ရည် ပြီး လှူဖို့ တိုက်တွန်းရမယ် မိသက်"

"ဟုတ်တာပ။ သမီးလေးနဲ့ သာ လေးတို့က ဝါသနာပါကြပါတယ်။ ထ နိုင်းတာပ။ ရက်လည်ပြီးရင် မိသက် ကလေးတွေ ခေါ်ပြီး ရွှေတိဂုံ၊ ကျ အေး ဆူးလေ၊ ဗိုလ်တစ်ထောင်ဘုရ တွေမှာ သူတို့နှစ်ယောက်အမည် ရွှေသင်္ကန်းကအစ သွားလှူမယ် မောင်"

"ကောင်းတယ် မိသက်။ လှူ တိုင်း ကိုအောင်သန်းနဲ့ မလှလှ အမည်ကို ခေါ်ပြီး အမျှပေးဝေ ခေါင်းလောင်းထိုးပြီး လှူပေးလိုက် ကွာ"

"စိတ်ချပါ မောင်"

ကိုကျော်မင်းနှင့် မခင်သက်တ နှစ်ယောက်၏ ရင်ထဲဝယ် အစွဲအလမ် ကြီးသည့် မလှလှဟု ထင်ရသေ လည်း၊ သူတို့နှစ်ယောက်ကို အတ အကျ အိပ်မက်ပေး နှုတ်ဆက်မှုကိုဖြ တအံ့တသြဖြစ်ရသလို၊ ကိုအောင် သန်းနှင့် မလှလှတို့၏ ဝိညာဉ်သည် မသေခင်ကပင် သိမြင်နေကြလေရော့ သလားဟု တွေးရင်း··· ■

* * *

မင်းရဲကျော်




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် နေ့စဉ်နေ့တိုင်း နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရတနာမြတ်သုံးပါးအား ရိုသေလေးမြတ်စွာ ရှိခိုးဦးချ ပူဇော်ကန်တော့ပြီး ဝတ်ပြုခဲ့သည်။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား နေ့စဉ်နေ့တိုင်း သဘာဝတရားက ထောက်ပံ့ပေးထားသော ကောင်းသော ကုသိုလ်တရား သုံးပါး၊ မကောင်းသော အကုသိုလ်တရားသုံးပါးနှင့် အာရုံခြောက်ပါးတို့ကို အခြေခံထားပြီး မြတ်ဗုဒ္ဓရှင်တော် ဟောကြားတော်မူသော ပဋ္ဌာန်း ၂၄ ပစ္စည်းကို တစ်နေ့နှစ်ကြိမ် ရွတ်ဆိုပူဇော်ခဲ့တာလည်း သုံးနှစ်ကျော်ခဲ့ပြီ။

မှတ်မှတ်ရရ (၂၀-၈-၂၀၁၂)ညတွင် နတ်မြတ်နတ်ကောင်း၊ နတ်ဗြဟ္မာအပေါင်းတို့အား မိမိနှင့်အတူ ကုသိုလ်ယူကြဖို့ လေးစားစွာ ပင့်ဖိတ်ပြီး ရတနာမြတ်သုံးပါးအား ရှိခိုးပူဇော် ကန်တော့ခဲ့သည်။



တက္ကသိုလ်သိရိစေတနာ

# ပဋ္ဌာန်းဆရာတော်ကြီးနှင့် ဂမ္ဘီရမြို့တော်



www.burmeseclassic.com

www.burmeseclassic.com

၂၄ ပစ္စည်း ပဋ္ဌာန်းဒေသနာတော်ကိုလည်း ဗျာန် ကရိဏ်းကျအောင် ပီပြင်စွာ ရွတ်ဆိုပူဇော်ပြီး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မေတ္တာပို့သ အမျှဝေကာ အိပ်ရာဝင်ခဲ့တော့သည်။

အိပ်ရာထက်တွင် ခေါင်းအုံးပေါ် ဦးခေါင်းချပြီး လက်နစ်ဖက်ကို မိမိရင်ဘတ်ပေါ် တင်ကာ ဝင်လေ၊ ထွက်လေကို ရှုမှတ်နေစဉ်မှာပင် အသိစိတ်တို့ ဝေဝါးလာကာ မေးစက်ပျော်ခဲ့ပြီ။

◈◈◈

"စာရေးဆရာ…ကျုပ်နဲ့အတူ ဘုရားဖူးလိုက်ဖို့ လာခေါ်တာပါ"

ဝတ်ဖြူစင်ကြယ်နှင့် ဖိုးသူတော်တစ်ယောက်က သူနှင့်အတူ ဘုရားဖူးလိုက်ဖို့ လာခေါ်နေသည်။

"ဘယ်အရပ်၊ ဘယ်ဒေသကို ဘုရားဖူးသွားမှာလဲ ဦးသူတော်"

"စာရေးဆရာ မရောက်ဘူးသေးတဲ့ အနောက်ရိုးမကို သွားမှာပါ။ အဲဒီမှာ ထူးခြားဆန်းကြယ်တဲ့ စေတီတော်၊ ပုထိုးတော်တွေကို ဖူးမြော်ရင်း သက်တော်ရှည် ပဋ္ဌာန်းဆရာတော်ကြီးကိုလည်း ကိုယ်တိုင်ဖူးတွေ့ရအောင် လာခေါ်တာပါ"

"သိပ်ကောင်းတာပဲ ဦးသူတော်၊ ဒါနဲ့ တောတောင်ခရီးဆိုတော့ ရိက္ခာထုပ် လိုမှာပေါ့"

"ရိက္ခာထုပ်ဖို့ မလိုအပ်ပါဘူး စာရေးဆရာ။ ခရီးကဝေးပေမယ့် ပဋ္ဌာန်းဒေသနာတော်ရဲ့ ထူးခြားဆန်းကြယ်တဲ့ တန်ခိုးတော်ကြောင့် အချိန်တိုအတွင်းမှာ မပင်ပန်းဘဲ ရောက်သွားမှာပါ"

ဦးသူတော်က ရှေ့မှ သွားပြီး၊ ကျွန်တော်က နောက်မှ လိုက်ရာ မကြာမီအချိန်အတွင်း ရိုးမတောင်ခြေသို့ ခရီးပေါက်ခဲ့သည်။ ထူးခြားနေတာက ခြေတစ်လှမ်းကို တစ်မိုင်လောက် ခရီးပေါက်နေသည်။

တောင်စဉ်တောင်တန်းတို့ အဆင့်ဆင့် မြင့်တက်ကာ မော်ကြည့်၍ မဆုံးနိုင်အောင် သဘာဝ ဖြစ်တည်နေသော ရိုးမတောင်။ သစ်ပင်ကြီးငယ်တို့ အုံ့ဆိုင်းကာ ညိုမှိုင်းနေပြီး ကျေးငှက်မျိုးစုံတို့၏ အော်မြည်သံ၊ တွန်ကြူးသံများကလည်း တောတောင်၏ အလှကို ပဏာရစေတော့သည်။

ဒီအချိန်မှာပဲ အေးမြမြနှင့် ဝေ့ဝဲလာသော လေပြည်လေညင်းတို့က တောပန်း တောင်ပန်း ရနံ့မျိုးစုံတို့ကို ခိုတွဲခေါ်ယူကာ ကျွန်တော့်အား လာရောက်ထိတွေ့ ပွေ့ဖက်ပြီး နှုတ်ဆက်နေကြသည်။

"စာရေးဆရာ… ဒါ ရိုးမတောင်စဉ် တောင်[illegible] ပါပဲ။ ဒီ တောင်တန်းသုံးခုလောက် ကျော်ပြီးတာနဲ့ [illegible] များ လာရောက်ဖူးမြော်ကြတဲ့ ရှေးဟောင်းသမိုင်းဝင် [illegible] စေတီတော်၊ ပုထိုးတော်ကြီးတွေကို အံ့မခန်းအောင် [illegible] ရတော့မှာပါ"

"ထူးခြား ဆန်းကြယ်လွန်းတဲ့ ပဋ္ဌာန်းစေတီ[illegible] ပုထိုးတော်ကြီးတွေကို ဖူးတွေ့ရမှာမို့ ဝမ်းမြောက်[illegible] ဖြစ်မိပါရဲ့ ဦးသူတော်"

"ဒါပေမယ့် ဒီလောက်တောင် ကြီးမား[illegible] တောင်တန်းကြီးသုံးခုကို ကျော်ဖြတ်ဖို့ကိုတော့ စိတ်[illegible] အားငယ်ပြီး မဝံ့မရဲဖြစ်လာပါတယ်"

"စာရေးဆရာရဲ့ သာမန်လူသားတို့ မရောက်နိုင်[illegible] ပါရမီရှင်များသာ လာရောက်နိုင်တယ်လေ။ မိမိရဲ့ ကု[illegible] ကောင်းမှုကို အာရုံပြုပြီး တည်ကြည် ငြိမ်သက်တဲ့ [illegible] တရားနဲ့ တစ်ခါခုန်လိုက်ရင် တစ်တောင်ကျော်နိုင်ပါ[illegible]"

ဦးသူတော်က စကားပြောနေရင်းမှ လျင်မြန်စွာ[illegible] ကျော်လိုက်ရာ သွက်လက်ပေါ့ပါးစွာနဲ့ တောင်ထိပ်[illegible] ရောက်ရှိသွားသည်။

ကျွန်တော်လည်း ဦးသူတော် ပြောထားတဲ့ [illegible] အတိုင်း မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို အာရုံပြု[illegible] စိတ်ကို တည်ကြည် ငြိမ်သက်အောင် ထားပြီး ခုန်[illegible] လိုက်ရာ သွက်လက်ပေါ့ပါးစွာဖြင့် တောင်ထိပ်ပေါ်သို့ [illegible] ပြီ။

ဦးသူတော်နှင့် ကျွန်တော် ခုန်ကျော်လိုက်၊ ခုန်[illegible] လိုက်နဲ့ပဲ အချိန်အနည်းငယ်အတွင်း တောင်စဉ်တောင်[illegible] တို့ ဝန်းရံကာ သစ်ပင်ကြီးငယ်မျိုးစုံတို့ မြသားအစိမ်း[illegible] ဝတ်ရုံကို လွှမ်းခြုံထားပြီး တောပန်း တောင်ပန်းမျိုး[illegible] မွှေးရနံ့သင်းထုံစွာဖြင့် ဖူးပွင့်နေသော ရိုးမတောင်။ တော[illegible] တောင်တန်းတို့၏ အလယ်၊ လွင်ပြင်ကျယ်ကြီးပေါ်[illegible] ပဋ္ဌာန်းစေတီတော်များ၊ ပဋ္ဌာန်းပုထိုးတော်ကြီးများ၊ တန်[illegible] များ၊ ပြာသာဒ်များဖြင့် ခံ့ညားထည်ဝါစွာ တည်ရှိနေ[illegible] ရင်သပ်ရှုမော အံ့ဩဖွယ်ရာ ရှေးဟောင်း မြို့တော်ကြီး[illegible] ရောက်ရှိပြီ။

"ဦးသူတော်… ရှေးဟောင်း စေတီတော်၊ [illegible] တော်တွေက များလှချည်လား။ ကြည့်လို့ ရှုလို့[illegible] အောင် များလှပါလား"

"ဟုတ်ပါတယ် စာရေးဆရာ။ ပြည့်စုံအောင် ဖူး[illegible]



www.burmeseclassic.com

www.burmeseclassic.com

...သို့မယ်ဆိုရင် ရက်အတော်ကြာအောင် အချိန်ပေးရ...

"ဟိုရှေ့က ပုထိုးတော်ကြီးရဲ့ တန်ဆောင်း ပြာသာဒ်...မှာ ရွှေရောင်တွေ ဝင်းအိနေတာပဲ"

"တာဝတိံသာ နတ်ပြည်ကို ရောက်နေတာလားလို့ ...မှားရပါတယ် ဦးသူတော်"

"စာရေးဆရာကလည်း နတ်ပြည်မှာ နတ်သမီးတွေနဲ့ ...ဘုံတွေသာ တွေ့ရမှာပေါ့။ ဒီလို ရှေးဟောင်း စေတီ... ပုထိုးတော်ကြီးတွေကို မတွေ့နိုင်ပါဘူး"

"ဒီ ပုထိုးတော်ကြီးမှာပဲ ရတနာမြတ်သုံးပါးကို ပူဇော်...ဘော့ပါဦးမယ်၊ ခဏထိုင်စောင့်ပေးပါ ဦးသူတော်"

"ကောင်းပါပြီ စာရေးဆရာ၊ စိတ်အေးချမ်းစွာနဲ့ အာရုံ...ချုပ် ထိုင်စောင့်ပေးပါ့မယ်"

ကျွန်တော်လည်း မြတ်ဗုဒ္ဓရှင်တော် ရုပ်ပွားတော်...တော်တွင် ရှိသေစွာ ထိုင်နေပြီး ရတနာမြတ်သုံးပါးအား ...ချိုမိုး ရှိခိုးကန်တော့လိုက်ပါတော့သည်။

**အဋ္ဌတဂ္ဂေ ပါဏုပေတံ၊ ဗုဒ္ဓေါမေ သရဏံ ...မွို၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။**

အဋ္ဌတဂ္ဂေ - ယနေ့ယခု ဤအချိန်အခါမှ အစပြု၍၊ ...ပေတံ - အသက်ထက်ဆုံး၊ ဗုဒ္ဓေါ - ဘုရားရှင် ...တော်မြတ်ကြီးသည်၊ မေ - တပည့်တော်၏၊ အညံ - ...သော၊ သရဏံ - ကိုးကွယ်ရာဟူသည်၊ နတ္ထိမရှိပါ ...ဗုဒ္ဓံ - ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ သရဏံ ...- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏ အရှင် ...ဘုရား။

**အဋ္ဌတဂ္ဂေ ပါဏုပေတံ၊ ဓမ္မောမေ သရဏံ အညံ ...မ္မံသရဏံ ဂစ္ဆာမိ။**

အဋ္ဌတဂ္ဂေ - ယနေ့ယခု ဤအချိန်အခါမှ အစပြု၍၊ ...ပေတံ - အသက်ထက်ဆုံး၊ ဓမ္မော - တရားတော်မြတ် ...သည်၊ မေ - တပည့်တော်၏၊ အညံ - တစ်ပါးသော၊ ... - ကိုးကွယ်ရာဟူသည်၊ နတ္ထိ - မရှိပါ ဘုရား။ ...တရားတော်မြတ်အပေါင်းကို၊ သရဏံကတ္တတိ- ကိုးကွယ် ...ဂစ္ဆာမိ - ဆည်းကပ်ပါ၏ အရှင်မြတ်ဘုရား။

**အဋ္ဌတဂ္ဂေ ပါဏုပေတံ၊ သံဃောမေ သရဏံ ...မွို၊ သံဃံသရဏံ ဂစ္ဆာမိ။**

အဋ္ဌတဂ္ဂေ - ယနေ့ယခု ဤအချိန်အခါမှ အစပြု၍၊ ...ပေတံ - အသက်ထက်ဆုံး၊ သံဃော - သံဃာတော် ...ပင်တို့သည်၊ မေ- တပည့်တော်၏၊ အညံ- တစ်ပါး

သော၊ သရဏံ - ကိုးကွယ်ရာဟူသည်၊ နတ္ထိ- မရှိပါဘုရား။ ဓမ္မံ- တရားတော်မြတ်အပေါင်းကို၊ သရဏံကတ္တတိ- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏ အရှင်မြတ်ဘုရား။

ကျွန်တော်သည် ရတနာမြတ်သုံးပါးအား ရှိသေစွာ ရှိခိုးပူဇော် ကန်တော့ပြီး ပဌာန်း ၂၄ ပစ္စည်းကိုလည်း သုံးကြိမ်ရွတ်ဆိုပူဇော်မိသည်။

လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မေတ္တာ ပို့သပြီး အမျှဝေသည်။ ဘုရားဝတ်ပြုပြီးချိန်တွင်…

"သာဓုပါ စာရေးဆရာ၊ ဘုရားဝတ်ပြုပြီးရင် ပဌာန်း ဆရာတော်ကြီးရှေ့မှောက် အရောက်သွားပြီး ဂါရဝပြုကြပါဦး စို့"

"ပဌာန်းဆရာတော်ကြီးက ဘယ်မှာ သီတင်းသုံးနေ တာလဲ ဦးသူတော်"

"ဒီ ပုထိုးတော်ကြီးနံဘေးက ကျောက်လိုဏ်ဂူကြီး အတွင်းမှာ သီတင်းသုံးနေပါတယ်"

ဦးသူတော် ညွှန်ပြရာကို ကြည့်လိုက်တော့ ကျောက် သား ကျောက်တုံးကြီးများ အဆင့်ဆင့်စီထပ်ကာ သဘာဝ ဖြစ်တည်နေသော ကျောက်သားလိုဏ်ဂူတော်ကြီးကို တွေ့ မြင်လိုက်ရသည်။

လိုဏ်ဂူကြီးနံဘေးဝန်းကျင်တွင် တောင်ဇလပ်ပင်များ ဖူးတံချီကာ အစီအရီ ဖူးပွင့်နေကြသည်။

ကျောက်လိုဏ်ဂူကြီးအတွင်း ကြီးမားသော ကျောက် သလွန်ညောင်စောင်းထက်တွင် အသက်အရွယ်ကြီးရင့်လှ သော ဆရာတော်ကြီးတစ်ပါး ထိုင်လျက်ရှိနေသည်။

ကျွန်တော်နှင့် ဦးသူတော်က ဆရာတော်ကြီးအား ရှိခိုးဦးချ ဂါရဝပြုကြစဉ် ဆရာတော်ကြီးမှ စကားပြောသံကို စတင်ကြားရသည်။

"ဒါယကာကြီး… ဘုရားဖူး ရောက်လာပြီလား"

"မှန်ပါ၊ ရောက်လာပါပြီ ဘုရား"

"ပဌာန်း ၂၄ ပစ္စည်း ရွတ်ဆိုခဲ့တာ ဘယ်လောက်ကြာ ပြီလဲ"

"သုံးနှစ်ကျော်ပါပြီ ဘုရား"

"ပျက်ကွက်တဲ့ ရက်များ ရှိသေးလား"

"ပျက်ကွက်ရက် မရှိပါဘူး ဘုရား။ နေ့စဉ် တစ်နေ့ နှစ်ကြိမ် မှန်မှန်ရွတ်ဆိုပူဇော်ပါတယ် ဘုရား"

"ကောင်းပြီ ဘုန်းကြီး သာဓုခေါ်ပါတယ်။ ဒါယကာကြီး ရှေ့နှစ် ဒီအချိန် ဘုရားဖူးလာတော့မှ အပြန်ကျရင် ဒါယိကာ ကြီးနဲ့အတူ လိုက်လာပြီး ဒါယကာကြီးနေအိမ်မှာ ဘုန်းကြီး


www.burmeseclassic.com

www.burmeseclassic.com

ပဌာန်းဒေသနာတော်ကို ရွတ်ဆို ပူဇော်ပါဦးမယ်။ အခုတော့ ပြန်ပေဦး ဒါယကာကြီး"

ကျွန်တော်နှင့် ဦးသူတော် ဆရာတော်ကြီးအား ရှိခိုး ဦးချ ကန်တော့ကြပြီး ဂူကြီးမှ ပြန်ထွက်လာကြရာ ဂူကြီး အဝအရောက်တွင်…

"စာရေးဆရာကို လက်ဆောင်ပစ္စည်းနှစ်ခု အမှတ်တရ ရှိအောင် ကျူပ်ပေးလိုက်ပါဦးမယ်"

"ဘာလက်ဆောင်ပစ္စည်းများလဲ ဦးသူတော်"

"စာရေးဆရာတို့ လောကမှာတော့ အကျိုးထူးမှာပါ။ ဟောဒီက ဒေဝီရုပ်တုလေးနှစ်ခုပါပဲ"

ကျွန်တော်က ဘယ်လက်ကို ဖြန့်ပေးရာ ဦးသူတော်က ဒေဝီရုပ်တုနှစ်ခုကို လက်ဝါးပြင်ပေါ် ထည့်ပေးပြီး ကျွန်တော့်လက်ကို ဆုပ်ထားစေသည်။

"စာရေးဆရာရေ…ရေနှစ်မှာ ပြန်ဆုံတွေ့မယ်။ လာခဲ့တဲ့ ခရီးစဉ်အတိုင်း နေရပ်ကို ပြန်ပေဦးတော့။ အပြန်ခရီးစဉ်မှာ လုံခြုံ ချောမွေ့ဖို့ ကျူပ် မေတ္တာပို့သလိုက်ပါတ

"ကောင်းပါပြီ ဦးသူတော်၊ ရေနှစ် ဒီအချိန်မှာ မျှော်နေမယ်၊ လာခဲ့ပါဦး"

ကျွန်တော်လည်း ဦးသူတော်ကို နှုတ်ဆက်ပြီး ကောင်းမှုကို အာရုံပြုကာ တည်ကြည် ငြိမ်သက် သမာဓိဖြင့် တောင်ပေါ်မှ တောင်အောက်သို့ ခုန်ဆ ငြိမ့်ခနဲဖြစ်သွားပြီး သတိထားကြည့်မိတော့ အိပ်ရာ မွေ့ယာပေါ်မှာ။

အနီးနားက လက်ကိုင် တယ်လီဖုန်းမှ နာရီကို လိုက်တော့ နံနက် ၅နာရီထိုးနေပြီ။

တစ်သက်တာတွင် သတိတရရှိနေဦးမည့် ရေ ဂမ္ဘီရ မြို့တော်ကြီးသို့ ဘုရားဖူးတစ်ခေါက် ရောက်ရှိခဲ့

* * *

တက္ကသိုလ်သိဂီရဲ

သင့်ဘဝကို မြန်နှုန်းမြင့် အောင်မြင်ချင်တယ်ဆိုရင်

ဓမ္မာရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

နှင့် ဆွေးနွေးတိုင်ပင်ဖို့ မမေ့ပါနှင့်.....
သင့်ဘဝတိုးတက်ပြောင်းလဲစေမည့် အချိန်ကောင်း။
အခါကောင်းကို ဆရာက တိတိကျကျသိနေသည်။
သင့်ဘဝတက်လမ်းတံခါးကို ဆရာကူညီ၍ ဖွင့်ပေးမည်။

ဟောစာတမ်း၊ အမည်ပေး ပို့ပေးသည်။

Open Daily

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၇၄၆၆၄၂၊ ၀၉-၇၃၁၀၆၃၅၄၊ ၀၉-၂၅၀၂၇၃၆၈၇



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဆေးဖက်ဝင်

# ကြစုပင် ခေါ် ဖန်ခါးငယ်ပင်

နောင်းသစ်



| | | |
|---|---|---|
| Item Name | - | Terminalia citrina Roxb (ကြစုပင် ခေါ် ဖန်ခါးငယ်ပင်) |
| Category | - | Raw Material |
| Botany Term | - | Terminalia citrina Roxb |
| Species Family | - | Coombertaceae |



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအနှံ့အပြားပေါက်ရောက်သည်။ သဘာဝအလျောက် ပေါက်ရောက်သည်။

*** အပင်**

အပင်ကြီးမျိုး ဖြစ်၏။ ပေ ၆၀ မှ ၈၀ အထိ မြင့်သည်။ ဖန်ခါးထက် ပင်စည် ပိုဖြောင့်သည်။

*** အရွက်**

ရွက်ဆိုင် ထွက်သည်။ (၃-၆)လက်မအထိ ရှည်၍၊ ရွက်ရင်းများ ပြောင်ချော တောက်ပသည်။ လုံ့စွပ်ပုံ ဖြက်ကျယ်၍ ရှည်မျော့မျော့ ထိပ်ချွန်ဖြစ်သည်။ ရွက်ညှာ (၁-၂) လက်မခန့် ရှည်သည်။ အရွက်နား ချောသည်။

*** အပွင့်**

အပွင့်သေးငယ်သည်။ ဝါမှိုင်းမှိုင်းအရောင် ရှိသည်။ ပွင့်ညှာမဲ့ပြီး တစ်ပင်တည်းတွင် အဖိုပွင့်၊ အမပွင့် ပါရှိသည်။ တန်ခူး၊ ကဆုန်လတွင် ပွင့်သည်။

*** အသီး**

အသီး နှစ်လက်မနီးပါးရှိ၍ ရှည်မျော့မျော့မှ လုံ့စွပ်ပုံအထိ ရှိသည်။ ဖန်ခါးသီးထက် ငယ်သည်။ ၅တောင့် ရှိသည်။ ဆောင်းရာသီတွင် သီးမှည့်၏။

*** အသုံးဝင်ပုံ အသီးအာနိသင်**

မြန်မာ့ဆေးကျမ်းများအလိုအရ ကြစုသီးသည် ချဉ်၊ ဖန်၊ ခါး၊ ဆိမ့်၊ စပ်သော အရသာငါးမျိုးရှိ၏။ အဖန်သည် အားအကြီးဆုံးဖြစ်၏။ ဝမ်းမီးကို တောက်စေ၍ သွေးသောက်လျှင် ဝမ်းသက်၏။ ပြုတ်စားလျှင် ဝမ်းချုပ်၏။ ဖျော်စားလျှင် လေ၊ သွေး၊ သည်းခြေ ဒေါသသုံးပါးကို နိုင်၏။ အသက်ကို ရှည်စေ၏။ မျက်စိနာနှင့် သင့်၍ အသံကို ကောင်းစေ၏။

*** အသီးအသုံးပြုပုံ**

၁။ ပျားရည်နှင့် ကြစုသီးမှုန့်ကို လျက်ပေးသော် လေရောဂါ ပျောက်၏။

၂။ ကြစုသီးကို ထုခြေ၍ ဆေးတံတွင် ထည့်သောက်သော် ပန်းနာရောဂါ ပျောက်၏။

၃။ ကြစုသီးကို မုန့်ကွဲသည်းကဲ့သို့ ကျိုစားသော် ဝမ်း... တဆစ်ဆစ်သက်သော ရောဂါ၊ အစာမကြေ ဝမ်းသက်... ရောဂါ ပျောက်၏။

၄။ အသားကျယ်ပြန့်စွာစားတတ်သော အနာကို ကြစု... ငါးခွက်တစ်ခွက်တင် ပြုတ်၍ ဖန်ရေဆေးပေးရ၏။

၅။ ကြစုသီးကို ရေနှင့် သွေး၍ ပျားရည်၊ နှမ်းဆီတို့... ရောပြီး မီးလောင်သော နေရာ၊ ရေနွေးပူလောင်သော... နေရာတို့၌ လိမ်းကျံပေးရ၏။

၆။ ကြစုသီးမှုန့်ဖြင့် သွားတိုက်သော် သွားဖြူ၏။ သွားရော... ပျောက်၏။ အသီးကို ရှားစေးနှင့် ပြုတ်ငုံသော် သွား... ၏။ ကြစုသီးကို ငါးခွက်တစ်ခွက်တင် ကျို၍ ပျားရည်... သောက်သော် အမျိုးမျိုးသော ခံတွင်းရောဂါများ ပျော... ၏။

၇။ ကြစုသီးနှစ်ကို ကြိတ်၍ ခေါင်းတွင် လိမ်းပေးသော်... ခေါင်းစာစ်ခြမ်းကိုက်ရောဂါ ပျောက်ကင်း၏။

၈။ ကြစုသီးကို တစ်ညလုံး ရေနှင့်စိမ်ပြီး နံနက်တွင်... စိမ်ရည်နှင့် မျက်စိကို ဆေးကြောပေးသော် မျက်စိ... ၍ အမြင်သန်၏။

၉။ ကြစုသီးမှုန့်ကို မုရားကြီးရွက် ညှစ်ရည်ဖြင့် ၇ကြိမ်... ၇ကြိမ် နေလှန်းပြီး ပျားရည်နှင့် တေ၍လျက်သော်... သွေးအန်၊ သွေးလျှံရောဂါ ပျောက်၏။

၁၀။ ကြစုသီးမှုန့်ကို ပျားရည်နှင့် လျက်လျှင် လည်း... ထန်းလျက်နှင့် တေ၍ အလုံးပြုစားလျှင် လည်း... အစာအိမ်အချဉ်ပေါက်ရောဂါ ပျောက်၏။

၁၁။ ကြစုသီးကို နွားကျင်ငယ်ရေနှင့် ပြုတ်၍သောက်... သွေးအားနည်းရောဂါ၊ အချိ၊ အဖောရောဂါပျောက်...

* * *

နှောင်း...



www.burmeseclassic.com

# လာဘ်ပိတ်စေသည့် အကြောင်းများ

နန္ဒာဦးကျော်

ခုနစ်ရက်သားသမီးများထဲမှ တချို့သည် မိမိထံ ဝင်စရာ ည့်ငွေများ မဝင်ခြင်း၊ ရစရာရှိသည့် ငွေများ တိတိကျကျ ကန်ကန်မရရှိခြင်း၊ ကျိန်းသေပေါက် ဝင်ရမည့် ငွေ လာဘ်လာဘများ တော့လွဲ အံချော်နေတတ်ကြခြင်း တို့ ကြုံတွေ့ရဖန်များသောအခါ "လာဘ်တွေကလည်း ရှိတာ မဝင်ဘူး။ ပိတ်နေလိုက်တာ" ဆိုပြီး ခိုညည်း ညည်းညူနေကြသည်ကို ပတ်ဝန်းကျင်တွင် မကြာ မြင်တွေ့ကြားသိနေရပါသည်။

လောကီဆိုင်ရာ ကျမ်းများတွင် အောက်ဖော်ပြပါ အပြု အနေအထိုင်၊ အစားအသောက်များ ဆင်ခြင်သတိထား ကာ မိမိထံ ဝင်ရောက်လာမည့် ငွေကြေးလာဘ်လာဘ ဝင်တတ်ကြဘဲ လာဘ်လာဘများ ပိတ်ဆို့နေသလို တ်၍ ဆောင်သင့်သည်ကို ဆောင်၊ ရှောင်သင့်သည် ရှောင်နိုင်ကြစေရေး တင်ပြပေးအပ်ပါသည်။

- ကျောင်းပစ္စည်း အိမ်မှာ မသုံးရ၊
- ဆွမ်းတော်တင် မစားရ၊
- ဥပုသ်နေ့တွင် ခေါင်းမလျှော်ရ၊
- ဘုရားညောင်ရေအိုး စုမထားရ၊
- လင်၏ လက်ယာဘက် ဇနီးမအိပ်ရ၊
- ကိုယ့်ထက် အသက်ရှည်၊ ဂုဏ်သိက္ခာကြီးမြင့်သူ ထက် မြင့်သောနေရာတွင် မထိုင်ရ၊
- တစ်ချိန်တည်း (သို့) တစ်နှစ်တည်းမှာ "သုံးမင်္ဂလာ" မပြုလုပ်ရ၊
- ဝါတွင်း အိမ်ထောင်မပြုရ၊
- ဝါတွင်း အိမ်မပြောင်းရ၊
- ဝါတွင်း ခေါင်းအုံး မချုပ်ရ၊
- ညဘက်အခါ သန်းမရှာရ၊
- အချိန်အားအားရှိတိုင်း သန်းဥ မဆွဲရ၊
- ညအချိန်တွင် လေမချွန်ရ၊
- ညဘက်တွင် ဧည့်သွေးခြင်း မပြုရ၊
- ညအချိန်တွင် လက်သည်း ခြေသည်း မညှပ်ရ၊
- ညအချိန်တွင် ဆံပင်၊ မုတ်ဆိတ် မရိတ်ရ၊
- စေ့ရောင်းသော ဆိုင်ခုံပေါ်တွင် လက်မထောက်ရ၊
- ပြာသိုလနှင့် တပေါင်းလတွင် အိမ်မပြောင်းရ၊



www.burmeseclassic.com

www.burmeseclassic.com

- အိမ်ထောင့်ဘက်တွင် ဘူးသီး မစိုက်ရ၊
- ကျောက်နီလက်စွပ်နှစ်ကွင်း ထပ်မဝတ်ရ၊
- ထမင်းစားနေရင်း ပါးစပ်မှ "တပျပ်ပျပ်" နှင့် မမြည်ရ၊
- ထမင်းစားနေရင်း ဇွန်းသံ မမြည်စေရ၊
- ထမင်းစားလျှင် လူကြီးအလျှင်(အရင်) ဟင်းမနှိုက်ရ၊
- ထမင်းစားလျှင် မိမိက လူကြီးအလျှင် မစားရ၊
- မိန်းမဖြစ်သူက မိမိယောကျ်ားကို ခြေဖြင့် မကန်ရ၊
- အိမ်ပေါ်တွင် ခြေသံပြင်းပြင်း မနင်းရ၊
- အပျိုစင်များ ပန်းနီနီ မပန်ရ၊
- ချစ်သူအချင်းချင်း လက်ကိုင်ပဝါ လက်ဆောင် မပေးရ၊
- မျက်ရည်ခံမွေ့ပါသူနှင့် အိမ်ထောင်ပြုပါက အိမ်ထောင် မမြဲတတ်၊
- ထမင်းစားပွဲနှင့် မီးဖိုထဲတွင် အိပ်မက်မက်သည့် အကြောင်း မပြောရ၊
- မင်္ဂလာဆောင်ပွဲ ကျင်းပနေစဉ် အိုးခွက်ပန်းကန် များ မကွဲစေရ၊
- မင်္ဂလာဆောင်မည့် သတို့သား၊ သတို့သမီးတို့ကို တစ်ခုလပ်၊ မုဆိုးမတို့က ခြယ်သပြင်ဆင်ခြင်း မပြုလုပ်ပေးအပ်၊
- နှစ်ဆန်းတစ်ရက်နေ့မှာ ပိုက်ဆံ(ငွေ)မသုံးရ၊
- အသုဘအိမ်သို့ သနပ်ခါးလိမ်း၊ ပြင်ဆင်ပြီးမသွားရ၊
- အသုဘချလျှင် ဦးခေါင်းကို ရှေ့က မထားရ၊
- အင်္ကျီနောက်ကွဲကို ခဏခဏ မဝတ်ဆင်အပ်၊
- အိမ်ရှေ့မှာ အသုဘချသွားစဉ် အိပ်မနေရ၊
- အိမ်ရှေ့က အသုဘချသွားစဉ် အဝတ်များ ထွက် မလှန်းရ၊
- အသုဘခေါင်းမလဲရ၊
- အိမ်သို့ လာလည်နိုက် ကွယ်လွန်သွားသော "ဧည့် အသုဘ"ကို အိမ်ပြင်မှာ အလောင်းပြင်ရမည်၊
- ခေါင်ရမ်းပန်း မပန်ရ၊
- အသုဘကို ရက်စုံမထားရ၊
- မင်္ဂလာဆောင်သို့ ကိုယ်ဝန်ဆောင် မသွားရ၊
- ညအခါ ကိုယ်ဝန်ဆောင်တွေ အိမ်ပြင်မထွက်ရ၊
- ညမှောင်လျှင် ကလေးငယ်ကို အိမ်ပြင်သို့ ချီမသွားရ၊
- ညအချိန် အိမ်ပြင်မှာ ဆံပင်မဖြန့်ရ၊
- ညဘက်တွင် သားစိမ်း၊ ငါးစိမ်းကို အိမ်တွင်းသို့ ယူဆောင်မလာရ၊
- လှေကားထစ်ကို "စုံ"မထားရ၊
- ညောင်သားကို မီးမစိုက်ရ၊
- အိပ်ရာထ မျက်နှာမသစ်ဘဲ အစာမစားရ၊
- နတ်အုန်းဆွဲထားသည့်အခန်းတွင် လင်စုံမယား[...] မအိပ်ရ၊
- နတ်နှင့် နဂါး မလှည့်စားရ၊
- စလောင်းဖုံးနှစ်ချပ်ကို မတီးရ၊
- ဖိနပ်နှစ်ခုကို မတီးရ၊
- မီးဖိုမှာ လူနှစ်ယောက်ပြိုင်ပြီး မီးမမှုတ်ရ၊
- စလောင်းဖုံးကို ဖိခနောက်ပေါ် မအုပ်ရ၊
- ယောက်မနှင့် ထမင်းအိုးနှုတ်ခမ်း မရိုက်ရ၊
- ထမင်းချက်ရင်း သီချင်းမဆိုရ၊
- ထမင်းစားရင်း သီချင်းမဆိုရ၊
- အိမ်သားတစ်ဦး နေမကောင်းဖြစ်နေလျှင် ခေါ်[...] မလျှော်ရ၊
- အိမ်သားတစ်ဦး ခရီးသွားနေလျှင် ခေါင်းမလျှော်[...]
- ထဘီစောက်ထိုး မဝတ်ရ၊
- အိမ်ရှေ့ ငှက်ပျောပင် မစိုက်ရ၊
- ကိုယ်ဝန်ဆောင်ထားသော မိန်းမ နွတ်လျှာ မကြ[...] တမ်းရ၊
- လက်ဖက်စားပြီး ကလေးကို မနမ်းရ၊
- ကတ်ကြေး၊ ကွမ်းညှပ်တို့ကို မည်သည့်အရာ[...] မပါဘဲ မညှပ်ရ၊
- သစ်နှစ်ဖက်ကြား ဝါး[...]ညှပ်ရ၊
- အိမ်တွင်းမှာ ဝယ်မခုတ်ရ၊
- အလှူမင်္ဂလာဆောက်လုပ်ရာတွင် တိုင်ကြီးတွေ[...] တိုင်ကလေး မစိုက်ရ။■

* * *

နန္ဒာဦးကျော်[...]



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ဆူဘုရားရုပ်ပွားတော်
တောင်ဥက္ကလာပမြို့နယ်။


www.burmeseclassic.com

www.burmeseclassic.com

ရေးဟောင်း သမိုင်းဝင်

# ဒေါင်တော်မူစေတီတော်နှင့် ခုနစ်ဆူဘုရားများ

မောင်ထည်ဝါ (ပျော်ဘွယ်)



www.burmeseclassic.com

www.burmeseclassic.com

…ခဲ့သော စက်တင်ဘာလအတွင်းက အမျိုးသား …ရ ဆရာကြီး "လင်းယုန်သစ်လွင်" ကွယ်လွန်ခြင်း …ပြောက် အမှတ်တရ ဂုဏ်ပြုခြင်းအခမ်းအနားသို့ …က် ဂါရဝပြုရန် ဖိတ်ကြားချက်အရ စာရေးသူလည်း …ဥက္ကလာပမြို့ ဥက္ကလာပ စေတီတော်ကြီး ပရဝဏ် …ရှိ ဓမ္မာရုံကြီးသို့ သွားရောက်ဖြစ်ခဲ့သည်။ ထိုဓမ္မာရုံ …င် ကွယ်လွန်သူ ဆရာကြီး လင်းယုန်သစ်လွင်အတွက် …နားပြုလုပ်ခြင်း ဖြစ်ပါသည်။

…ရေးဆရာကြီး လင်းယုန်သစ်လွင်ကား မြန်မာစာပေ ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ခြင်းမှတ်တမ်း၊ ဓမ္မရက္ခိတ, ဓမ္မဝိလာသတို့မှာ အထူးထင်ရှားသည်။

စာရေးဆရာကြီး လင်းယုန်သစ်လွင် ကွယ်လွန်ခြင်း အမှတ်တရအခမ်းအနား ပြီးသွားသောအခါမှာတော့ ကဗျာဆရာ မောင်မိုးလှိုင်(သစ္စာမြေ)၏ ဦးဆောင်မှုဖြင့် ဥက္ကလာပ စေတီတော်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ဥက္ကလာပစေတီတော်ကြီး ဖြစ်တည်လာပုံကို ဆရာ မောင်မိုးလှိုင်က ရှင်းလင်းပြောပြရာမှ ဥက္ကလာပမြို့ ပေါ်ပေါက်လာပုံကို တစ်စွန်းတစ်စ သိရှိခဲ့ရသည်။

၁၉၅၈-၅၉ ခုနှစ်၊ ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်၌ ရန်ကုန်မြို့တော်အတွင်းရှိ ကျူးကျော်တဲအိမ်များ၊ လမ်းဘေး ဈေးဆိုင်များ၊ ဘုရားကျောင်းဝင်း




…င် ထူးချွန်ထင်ရှား လေးစားအပ်သော စာရေးဆရာ …ဖြစ်သည်။ ဆရာကြီးသည် ဘဝသရုပ်ဖော်စာပေ …သားသည့် ထူးချွန်သော ဂန္ထဝင် စာရေးဆရာကြီး …အမှတ်ပြုထားခြင်း ခံရသူဖြစ်သည်။ အထူးသဖြင့် …နေ ပြည်သူများနှင့် ဆင်းရဲနွမ်းပါးသော လူတန်းစား …ဘဝသရုပ်ကို ပီပြင်စွာ ရေးသားဖော်ကျူးခဲ့သော … သေမင်းတမန်လမ်းပေါ်ဝယ် "သောင်းဒီပါမြေ",

အတွင်း ဝင်ရောက် တဲထိုးနေထိုင်သူများ၊ တိုက်အို တိုက်ပျက်ထဲမှာ နေထိုင်သူများ၊ အမှိုက်ပုံများ စသည်ဖြင့် မြို့ပျက်ကြီးပမာ ဖြစ်နေသောကြောင့် ရန်ကုန်မြို့တော် သာယာလှပရေးအတွက် ထိုအချိန်က ရန်ကုန် မြူနီစီပယ်မင်းကြီး ဗိုလ်မှူးကြီး ထွန်းစိန်က ဥက္ကလာပ၊ သာကေတ၊ သုဝဏ္ဏမြို့သစ်များကို ထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါတောင်ဥက္ကလာပမြို့သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်

www.burmeseclassic.com

နေပြီး နှစ်ပေါင်း ၅၄နှစ်ကာလကို ကျော်ဖြတ်ခဲ့ပြီဖြစ်သည်။ မြို့ကျက်သရေဆောင် ဥက္ကလာပစေတီတော်ကြီး ဖူးမြော်ကြည်ညိုပြီးသောအခါ ဆရာ မောင်မိုးလှိုင်က စေတီကြီးနှင့် လမ်းတစ်လမ်းသာ ခြားနေသည့် ခုနစ်ဆူ ဘုရားများနှင့် အောင်တော်မူ စေတီတော်သို့ ပို့ဆောင်ပေးသဖြင့် ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ပါသည်။

တောင်ဥက္ကလာပမြို့ တည်ထောင်ပြီးသည်မှ စ၍ နှစ်ပေါင်း ၃၅နှစ်တိုင်မျှ ဘုရားစေတီတော် ကြီးကြီးမားမား တည်ထားကိုးကွယ်နိုင်ခြင်း မရှိခဲ့ပါ။ ၁၉၉၀ ပြည့်နှစ်၊ နဝတ အစိုးရလက်ထက်ရောက်မှ ဥက္ကလာပစေတီတော်ကြီးကို



တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း တောင်ဥက္ကလာပမြို့၏ နယ်နိမိတ်အတွင်း ပါဝင်သော ငမိုးရိပ်ချောင်းလက်ယာဘက်ကမ်းအနီးရှိ မြင်သာရွာကြီး၏ ရွာဦးရွာထိပ်တွင် ခုနစ်ဆူဘုရားရုပ်ပွားတော်များနှင့် ဉာဏ်တော် ၉တောင်ခန့်ရှိသော အောင်တော်မူ ရှေးဟောင်းစေတီငယ်တစ်ဆူမှာ သမိုင်းဝင် ရှေးဟောင်း စေတီတော်အဖြစ် တည်ရှိနေသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ အဆိုပါ စေတီတော်နှင့် ခုနစ်ဆူကန်သော ရုပ်ပွားတော်များသည် ရှေးရှေးကာလ ရာမညတိုင်း ဟံသာဝတီမင်းများလက်ထက်ကပင် တည်ရှိခဲ့သော ဘုရားစေတီများဖြစ်ကြောင်း သမိုင်းဟောင်းများက မှတ်တမ်းတင်

ပြဆိုထားး၏။

ဟံသာဝတီမင်းများလက်ထက် ဤမြင်သာ
သည့် စည်ပင်သာယာ ဝပြောခြင်း၊ လူဦးရေများပြား
လယ်ယာစီးပွား ဖွံ့ဖြိုးလာခြင်း၊ ကုန်းလမ်းရေလမ်း
ခြင်း၊ အရောင်းအဝယ် ကုန်သွယ်စီးပွား ကြီးထွားဖွံ့ဖြိုး
ခြင်း စသည့် တိုးတက်လာသော အခြေအနေကော
ကြောင့် ဒဂုံမြို့နယ်အတွင်း ကြီးကျယ်သော နိဂုံး
ဖြစ်ဟန်တူသည်။ ယင်း မြင်သာရွာဖွား သွေးချင်း
လည်း ဗုဒ္ဓဘာသာဝင် မွန်လူမျိုးစုများ ဖြစ်ကြသည့်
ကိုးတောင်ပြည့် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော် ခုန

ကို သားစဉ်မြေးဆက် ကိုးကွယ်ခဲ့ကြသည်ဟု ဆိုရ
ဤစေတီတော်သည် ရှေးဟောင်း စေတီတစ်ဆူဖြစ်
ကို သာဓကအနေဖြင့် စေတီတော်တည်ရာ၌ အ
သော အုတ်ချပ်ကြီးများက သက်သေပြလျက်ရှိသည်
အုတ်ချပ်ကြီးများ၏ အလျား ၁၀လက်မ၊ အနံ ၅
အထူ ၂လက်မရှိသော ရှေးရှေးကာလ ဟံသာဝတီ
အုတ်ချပ်ကြီးများပင် ဖြစ်သည်။

အဆိုပါ ခုနစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များမှာ
နာဋီယသုတ်တော်လာ ဘုရားခုနစ်ဆူပင်ဖြစ်
ဘုရား၊ သိခီဘုရား၊ ဝေဿဘူဘုရား၊ ကကုသ



www.burmeseclassic.com

www.burmeseclassic.com

ကမနဘုရား၊ ကဿပဘုရား၊ ဂေါတမ ဘုရားရှင်တို့ တော်များပင် ဖြစ်သည်။ တောင်ဥက္ကလာပမြို့ တည် ခေတ် ကာလတွင် ဗုဒ္ဓဘာသာဝင် မြို့သူမြို့သားများသည် တော်တစ်ဆူ တည်ထားကိုးကွယ်ရန် သဒ္ဓါဆန္ဒ ပြင်းပြ ကြသော်လည်း အထမမြောက်နိုင်သေးသောကြောင့် ဟောင်း အောင်တော်မူ စေတီတော်နှင့် ရှေးဟောင်း ပွားတော် ခုနစ်ဆူတို့အား မြို့ကျက်သရေဆောင်အဖြစ် ကွယ်ပူဇော်ခဲ့ကြရသည်။ သို့ဖြစ်၍ မြင်သာ မြို့ဦးကျောင်း စပ်ရာ ၁၄ရပ်ကွက်၊ ၁၀ရပ်ကွက်၊ ၇ရပ်ကွက်များမှ ဘာသာဝင် ပြည်သူတို့က ချုံနွယ်ပိတ်ပေါင်းများ၊ ဝါးရုံ

က လွှမ်းစွာပင် ဆုတောင်းပြည့်ဝပါကြောင်း ကိုယ်တိုင်တွေ့ကြုံ ခံစားဖူးသူများ၏ ပြောပြချက်များကြောင့် စေတီတော်နှင့် ခုနစ်ဆူ ရုပ်ပွားတော်များထံပါး၌ လာရောက်ပူဇော် ဆုပန်သူများ၊ အဓိဋ္ဌာန်ဝင်သူများ၊ ပုတီးစိပ် မေတ္တာပွားသူများနှင့် နေ့စဉ် စည်ကား သက်ဝင်နေပါသည်။ အထူးသဖြင့် အထက်ဝိဇ္ဇာလမ်း လျှောက်လှမ်းကြသော သူတော်စင် ပုဂ္ဂိုလ်များ မကြာခဏလာ၍ အဓိဋ္ဌာန်ဝင်လေ့ရှိကြောင်း သိရသည်။

"လေ့ဦးသာ၊ လှည်းဦးသာ" သိုက်စာအရ(သိုက်သမိုင်း ဖော်ပြချက်အရ) ရှေးရှေးကာလက မြင်သာရွာကြီးမှ




များ ခုတ်ထွင်ရှင်းလင်း၍ ၁၉၇၅ ခုနှစ်တွင် အောင်တော် ကို ငုံ၍ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခဲ့ရာ တော် ၉တောင်မှ ၂၂တောင်၊ ၃၃ပေအမြင့်သို့ ၍ ပြုပြင်တည်ဆောက် ပူဇော်ခဲ့ကြသည်။ ဗုဒ္ဓရုပ်ပွား ခုနစ်ဆူမှာလည်း အောင်တော်မူ မုဒြာများပင် ဖြစ် ရုပ်ပွားတော်မြတ်များသည် အလယ်ဗဟိုတွင် တစ်ဆူ သုံးတော်မူပြီး ယာဘက်တွင် သုံးဆူ၊ ဝဲဘက်တွင် သီတင်းသုံးတော်မူလျက် ရှိသည်။

ဟောင်း အောင်တော်မူ စေတီတော်နှင့် ခုနစ်ဆူ ပွားတော်များသည် ရှေးရှေးသော ကာလကတည်း

အထက်လှည်းကူးသို့ လှည်းကောင်း၊ အောက်ဘက် သ[illegible]ချင်၊ ဒလသို့ လှည်းကောင်း လေ့ဦးသာခဲ့ပါသည်။ [illegible]ပါ မြင်သာရွာကြီးမှ ကုန်းလမ်းအားဖြင့် ရန်ကုန်(ဒဂုံ) ဘက်သို့ လှည်းဦးသာခဲ့ပါသည်။ သို့ကလို လေ့ဦးသာ၊ လှည်းဦးသာအရပ်သို့ ဟံသာဝတီမင်းဆက်၏ မင်းမျိုးမင်းနွယ်တစ်ပါး ဖြစ်သော ဈာန်ယဉ်မင်းသားသည် ကိစ္စများမြောင် လူတို့ဘောင်၏ ပူလောင်သောက ဒုက္ခအဝဝကို ငြီးငွေ့ကာ သံဝေဂတရားများ ရရှိပြီး၊ ရသေ့ ရဟန်းပြုရန် ရောက်ရှိလာခဲ့သည်။ ထိုလေ့ဦးသာ၊ လှည်းဦးသာအရပ်သို့ ရောက်သည်နှင့် ဈာန်ယဉ်မင်းသားသည် ခုနစ်ဆူကုန်သော ဘုရားရှင်တို့


www.burmeseclassic.com

www.burmeseclassic.com





နှင့် ကိုးတောင်ပြည့်စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

အနီးကပ်ဆုံး ဘုရားသမိုင်းဖြစ်သော တိုးချောင်ကလေး အရပ်၌ ရှိသည့် ယောက်ကော်ကျွန်းတွင် ထင်ရှားသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါး ပေါ်ထွန်းခဲ့ပါသည်။ အဆိုပါ ပုဂ္ဂိုလ်သည် ရသေ့ဝတ်ဖြင့် တရားအားထုတ်ခဲ့ရာ ရှေးဘဝ ပါရမီကောင်းခဲ့သူဖြစ်သောကြောင့် တရားထူးကို ရရှိခဲ့သည်။ ထိုပုဂ္ဂိုလ်အား ငမိုးရိပ်ချောင်းတစ်လျှောက်ရှိ မြင်သာရွာ၊ စစ်ပင်ရွာ၊ ထားဝယ်ချောင်ရွာ၊ ဘားလားရွာ စသည့် ကျေးရွာများက ဆည်းကပ်ကိုးကွယ် ကြည်ညိုကြသည်။ အဆိုပါ ရသေ့ကြီးသည် အကျင့်သီလ စရဏ စွမ်းအားကြောင့် ဈာန်ကစားနိုင်သော ပုဂ္ဂိုလ်ထူးကြီးတစ်ပါးဟု ယုံကြည်နေကြသည်။ ရသေ့ကြီး၏ ဩဝါဒအရ မြင်သာရွာ၌ ခုနစ်ဆူသော ဘုရားများနှင့် အောင်တော်မူစေတီကို တည်ထားကိုးကွယ်ခြင်းဖြစ်သည်ဟု ဆိုထားပြန်သောကြောင့် ဈာန်ရရသေ့ကြီးမှာ ဈာန်ယဉ်မင်းသားဖြစ်ဟန်ရှိကြောင်း ယုံကြည်နေကြသည်။

မည်သို့ပင်ဖြစ်စေ၊ ခေတ်အဆက်ဆက်တွင် ဗုဒ္ဓ မြတ်စွာ သာသနာတော်ကြီး အရှည်အခန့် တည်တံ့... အလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော မင်း... မင်းမြတ်များနှင့် စေတနာရှင် ပြည်သူတို့၏ ကျေး... ကြောင့် ရှေးဟောင်း သမိုင်းဝင် အောင်တော်မူစေတီ... နှင့် ခုနစ်ဆူဘုရားများမှာ ရွှေရောင်တဝင်းဝင်းနှင့် သ... တင့်တယ်လျက်ရှိနေရာ လာရောက် ဖူးမြော်ကြ... ပရိသတ်တို့မှာ ကြည်ညို၍ မကုန်၊ ဖူး၍ မဝဖြစ်နေ...

အကာယ်၍ တောင်ဥက္ကလာပမြို့ ဥက္ကလာပ ... တော်ကြီးသို့ ဘုရားဖူးရောက်ရှိခဲ့ပါက ရှေးဟောင်း ဆု... ပြည့် အောင်တော်မူစေတီတော်နှင့် ခုနစ်ဆူဘုရား... ဖူးဖြစ်အောင် ဖူးမြော်ကြပါရန် တိုက်တွန်းရေးသား... သည်■


* * *

မောင်ထည်ဝါ(တွေ...

ကျမ်းကိုး

- ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့ ဥက္ကလာပ စေတီ... သမိုင်း။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သောက်ရှူးသော်တာ၊ လအခါသို့၊ ကြင်လျာဆုံစည်။
ရွှေဖူးငုံတည်းဝယ်၊ စုလည်း မဆင် နောက်ထုံးရှင်နှင့် မြင်လျှင်
ပင်ကို ကြီးပါလို့လည်း၊ ကုသိုလ်ကြမ္မာ၊ မပီပါခဲ့ သည်းလျာ
မချွတ်၊ နောင်မင်းမှတ်သည်၊ မိုးနတ်သူဇာယောင်လော။

သူမ၏ အလှအပတရားသည် သော်တာ လဝန်းကြီးပမာ ဝင်းဝင်းထည်ထည်ဖြင့် ကြည်လင် သန့်စင်နေပါ၏။ သူမသည် လူစင်စစ်မှ ဟုတ်ပါလေစလား။ တာဝတိံသာနတ်ပြည်မှ နတ်သက်ကြွေခဲ့သည့် မိုးနတ်သူဇာတစ်ပါးဟု ထင်မှတ်များလောက်ပါ၏။ သူမအား မြင်တွေ့ရသည့် မည်သူမဆို၊ သူမ၏ လှပမှုကြောင့် မတ်တတ်မှ ယိုင်နဲ့ခွေလဲ မေ့မောသွားနိုင်သည်မှာ သေချာနေပါ၏။

ယခုလည်း ကြေးမုံပြင်ပေါ်၌ သူမကိုယ်တိုင် သူမ၏ အလှအပအား မယုံနိုင်စရာ ငေးမောကြည့်နေပါ၏။ သူမ၏ ကြော့ရှင်း သပ်ရပ်၍ နက်မှောင်သော ဆံကေသာအား ဖြန့်ကျက်လျက်၊ ကြော့လွှဲသော လည်တိုင်လေးဖြင့် ဦးခေါင်းလေးအား မော့လိုက်သည့်အခါတွင် ရတနာခုနစ်ပါးအား ဇမ္ဗူရစ်ရွှေဖြင့် မွန်းထုံလျက် ပန်းပုထုလုပ်ထားသည့် ပန်းပုသူဇာအလား ထင်မှတ်များရပါ၏။ ထို့ကြောင့်ပင် ပုရိသများသာမက၊ ဣတ္ထိယများပင်လျှင် သူမ၏ သဘာဝအလှတရားအား မြင်မိလေသမျှ ရင်သပ် ရှုမောကြရချည်းတည်း။

မိုးနတ်သူဇာပမာ ရက်စက်စွာ လှပနိုင်လွန်းသည့် သူမသည် ရာဇနွယ်ဝင် မင်းသမီးလေးတစ်ပါးဖြစ်ပါ၏။ သူမ၏ ဖမည်းတော်သည် မဇ္ဈိမဒေသရှိ သာဂလပြည့်ရှင် မဒ္ဒရာဇ်မင်းကြီးဖြစ်ပါ၏။ သူမ၏ အမည်က "ခေမာ"ဟူသော ပညတ်ရှိ၏။ ခေမာသည် ကပ်ကျော် မင်းသမီးလေးများလား မဆိုနိုင်ပါပေ။ မင်းသမီးလေး မွေးဖွားသောကာလ၌ သာဂလပြည်၌ ကျရောက်သော မကောင်းသည့် ဘေးဥပဒ်အစွဲကပ်သောရောဂါများ ပြည်သူပြည်သားအပေါင်းမှ ကင်းကွာစင်ကြယ်စ ပြုနေသောအချိန်ဖြစ်၏။ ထိုသို့သော ကပ်ကျော်မင်းသမီးလေးအား ဖမည်းတော် ဘုရင်ကြီးမှ ပုဏ္ဏားပညာရှိများ၏ ဇာတာစစ်ဆေးမှုဖြင့် ခေမာဟူသော အမည်ကို မှည့်ခေါ်စေခဲ့ခြင်းဖြစ်၏။

ပျိုမျစ်နုနယ် လှသွေးကြွယ်သည့် အပျိုစင်မှပင် မည်သည့်လုပျိုဖြူနှင့်မှ တုနှိုင်းမမီနိုင်ဟူသော ထင်တစ်လုံးသည် ခေမာ့အတွက် မာနသဖွယ် ထင်ဟပ်စေခဲ့သည်။ ဇမ္ဗူတစ်လွှားတွင် သူမလောက် ချောမောလှပသူ မရှိဟု မိမိကိုယ်မိမိ အထင်ကြီးခဲ့ပါ၏။ ခေမာ အရွယ်ရောက်လာသည့်အခါ ရာဇဂြိုဟ်ပြည်တွင် အစိုးရသည့် ဗိမ္ဗိသာရမင်းနှင့် သင့်မြတ်ခြင်းနှင့်အတူ လက်ထပ်ဆောင်နှင်းခဲ့သည်ကြောင့် အဂ္ဂမဟေသီ ဒေဝီရတနာ၏ ချမ်းသာစည်းစိမ်ကို ရရှိခံစားရပေသည်။

ထိုစဉ်ကာလတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ဥယျာဉ်ဝယ် ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ဝါတွင်း သုံးလေးဝါရသည်တိုင် သီတင်းသုံးနေပါ၏။ ဥပုသ်သီတင်းရက်မြတ်များတွင်သာမက၊ တခြားသောရက်များ၊ နေ့များတွင်လည်း ဘုရင်မင်းမြတ်နှင့်တကွ ပြည်သူပြည်သားအပေါင်းတို့သည် ဘုရားရှင်ထံပါးမှ တရားဒေသနာများကို နာကြားလေ့ရှိသော်လည်း ခေမာမိဖုရားမှာ ဗုဒ္ဓဘုရားရှင်ထံ မလာဝံ့ပေ။

ခေမာတစ်ယောက် ဘုရားရှင်ရှေ့ မည်သည့်အတွက် မလာဝံ့သည်ဆိုသော် တစ်ဆင့်စကား တစ်ဆင့်ဆိုသကဲ့သို့ ကြားရသည်က ဘုရားရှင်သည် အဆင်းလှသောသူတို့၏ အဆင်း၌ အပြစ်ကို တင်ဖွဲ့၍ ကဲ့ရဲတော်မူတတ်သည်ဟူသော စကားကြောင့်ပင်ဖြစ်ပါ၏။ အကယ်၍သာ ဘုရားရှင်ထံသို့ ငါသွားသည်ရှိသော် ငါ့ကိုလည်း အဆင်းလှခြင်း၌ အပြစ်ကို ရှာ၍ ကဲ့ရဲလိမ့်မည်ဟု ထင်မှတ်များလျက်ရှိ၏။ ထို့ကြောင့် ခေမာသည် အဆင်းရူပကာတို့ဖြင့် ယစ်မူးသော အလှမာနတို့ဖြင့် ဘုရားရှင်ထံ ဖူးမြော်ခြင်းငှာ မသွားဘဲ နေလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် သူ၏ မိဖုရား ခေမာ ချောမော လှပသည်ကို သိပါ၏။ ထို ချောမောလှပခြင်းအပေါ် ခေမာ တစ်ယောက် မာန်ယစ်၍နေသည်ကိုလည်း သိပြန်ပါ၏။ ထို အလှမာန်ကြောင့် ဘုရားရှင်အား သွားရောက်ဖူးမြော်ခြင်း မရှိသည်ကို မင်းကြီးသည် ကျေနပ်ခြင်းမရှိ။ ဗုဒ္ဓမြတ်စွာ ဘုရားရှင်အား မိမိကဲ့သို့သော မင်းကေရာဇ်သည်ပင် သွားရောက်ဖူးမြော်၍ တရားဒေသနာများ နာကြားသကဲ့သို့ မိမိ၏ မိဖုရားကိုလည်း မိမိကဲ့သို့ပင် ဖူးမြော်စေချင်သည်။

ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် ဤသို့တွေးတော စဉ်းစားလျက် အကြံထုတ်ရတော့သည်။

"ငါသည်… မြတ်စွာဘုရားရှင်အား အသက်ဆံ့မျှ ထား၍ ကိုးကွယ် လုပ်ကျွေးနေသော ဥပသကာမြတ်ဖြစ်၏။ ငါကဲ့သို့သော မင်းကြီး၏ မိဖုရားသည် ဘုရားရှင်အား ဖူးမြင်ခြင်းငှာ မသွားဘဲ နေသော်၊ သင့်တော် လျော်ကန်သည့် ကိစ္စမဟုတ်။ မိမိ၏ မိဖုရားအား မလွဲမသွေ ဘုရားရှင်


www.burmeseclassic.com

www.burmeseclassic.com

...ရောက်ဖူးမြင်ရမည်ဟု အာဏာဖြင့် မိန့်မှာပြန်ပါက ...သူပြည်သားအပေါင်းမှ မိမိ၏ မိဖုရားအား ကဲ့ရဲ့လှောင် ...ကြပေတော့မည်။ မလှသော မလှန်သာသော ပရိယာယ် ...ရတစ်ရာဖြင့်သာ ခေမာတစ်ယောက် မြတ်စွာဘုရားရှင် ... ရောက်စေအံ့"

ဟု တွေးတော ကြံစည်မိ၏။

သို့ဖြင့် မင်းကြီးသည် စဉ်းစားမိသော အကြံအစည် ... အကောင်အထည်ဖော်သည့်အနေဖြင့် ရတု၊ ကဗျာ၊ ...ကာ၊ သီချင်း ဖွဲ့တတ်ကုန်သောသူတို့အား ဝေဠုဝန် ...ယျာဉ်ပေါ်၌ စိတ်နှလုံး ကြည်မွေ့စေရန် သီဆိုစေခဲ့ပေ၏။

ထိုသူတို့ သီဆိုခဲ့ကြသည့် လင်္ကာဂါထာ၏ အနက်မှာ-

သဟာယကာ - အို…ခင်ပွန်းတို့၊ ယေန - အကြင် ...သည်၊ ရမ္မံ - ပန်းရက်ခြွေသုံး ပျားပိတုန်း ကျေးငှက် ...ကာယုက်၍ နှစ်သက်မွေ့လျော်ဖွယ်လည်း ရှိထသော၊ ... ကာလယံ - ဘုရားမြတ်စွာ စောသေဝ္ဂာ၏ ဣရိယာ ...ဖော် မျှတတော်မူရာလည်းဖြစ်သော၊ ဝေဠုဝနံ - ဝေဠု ...ခေါ် ဥယျာဉ်တော်သို့၊ နဒိဋ္ဌ - ရောက်ပေါက် ကိုယ်ထင် ...ရလေ၊ တေန - ထိုသူသည်၊ နန္ဒနံ - နတ်သိကြားတို့ ...ရာ နန္ဒဝန်မည်တွင် နတ်ဥယျာဉ်ကို၊ နဒိဋ္ဌ - မမြင်ရ ...ည် မည်၏။ ဣတိ - ဤသို့၊ မယံ - ငါတို့သည် မညာ ...သ မှတ်ထင်ကုန်၏။

ယေနနရေန - အကြင်ကံညွှန့် လူတံခွန်သည်၊ နရ ... - လူအပေါင်းတို့ နှစ်လိုစဖွယ် တင့်တယ်စွာထသော၊ ... - နတ်တို့ရပ်ဌာန် နန္ဒဝန်လည်း မလွန်နိုင်အောင် ...သောရန့်လည်း ရှိထသော၊ ဝေဠုဝနံ - ဝေဠုဝန်ခေါ် ...ယျာဉ်တော်ကို၊ ဒိဋ္ဌ - ပေါက်ရောက်ကိုယ်ထင် မြင်သည်ဖြစ် ... တေန - ထိုသူသည်၊ အမရိန္ဒ သုနန္ဒနံ - မအိုမသေ ...သေတတ်ပြား နတ်သိကြားတို့ ကစားရွှင်ပြရာလည်း ဖြစ် ...သာ နန္ဒနံ - နန္ဒဝန်မည်သည့် နတ်ဥယျာဉ်ကို၊ သုဒိဋ္ဌ - ...တိုင်ထုတ်ချောက် ရောက်၍ထင်ထင် မြင်သည်မည်၏။

ဒေဝါ - နတ်ရွှာပျော်ပါး နတ်အများတို့သည်၊ နန္ဒနံ- ...ဥယျာဉ်ကို ဝိဟာယ - စွန့်ခဲ့၍၊ မဟီတလံ - မြေအပြင် ... ဩတရိတွာ - သက်လာကြကုန်၍၊ ရမ္မံ - နှလုံးမွေ့ ... ပျော်ပျော်ဖွယ် ရှိထသော။ ဝေဠုဝနံ - ဝေဠုဝန် ...ယျာဉ်ကို၊ ဒိသွာ - မြင်ကုန်၍၊ သုဝိမှိတာ - ငါတို့နတ်ပင် ...အောင် ထူးဆန်းပေစွ၊ သာယာလှဟု အံ့ဩကြကုန် ...ကြ နတပျွေ့ရှိ - ရောင့်ရဲမပြေ ပျော်ကြပေကုန်၏။

ရာဇပုဒ္ဒေသန - ငါတို့သနင်း မင်း၏ဘုန်းတော် အာန ဘော်ကြောင့်၊ နိဗ္ဗတ္တံ - ကောင်းစွာဖြစ်ထသော၊ ဗုဒ္ဓပုညေန- ဘုရားရှင်ဂုဏ် ဘုန်းတော်ဟုန်ဖြင့်၊ ဘူသိတံ - တင့်တယ်လှ စွာ တန်ဆာဆင်အပ်ထသော၊ ဝသဝနသ - ထိုဥယျာဉ်၏၊ နသေသံ - အကြွင်းမဲ့သော၊ ဂုဏ သဥ္စယံ - ဂုဏ်ကျေးဇူး အပေါင်းကို၊ ကော - အဘယ်သူသည်၊ ဝတ္တာ - ရတုကဗျာ လင်္ကာသံချီ ဖွဲ့ဆိုနိုင်ပေအံ့နည်း။

စသည့် ဂါထာ လင်္ကာများအား ရေးစပ် သီကုံးလျက် များစွာသော နန်းသူနန်းသား၊ ယောက်ျား မိန်းမတို့အား နှိုးမွမ်းသီကျူးစေပေသည်။

ဂါထာ၊ လင်္ကာ၊ ကဗျာသံချီတို့ဖြင့် ဝေဠုဝန် ဥယျာဉ် ကြီး၏ နေချင့်စဖွယ်များအား သီကုံးကြသည့် တေးသံများ ကို ကြားရသော ခေမာသည် ဝေဠုဝန် ဥယျာဉ်နှင့် ပတ် သက်၍ စဉ်းစားမိပေ၏။

"ငါတို့ရဲ့ ဝေဠုဝန် ဥယျာဉ်ကြီးကတော့ ကဗျာ၊ လင်္ကာ ဂါထာတွေ ရေးစပ် အမွှန်းတင်လောက်အောင် ခန့်ညား ထည်ဝါစွာနဲ့ အသရေဖြင့် တင့်တယ်ဟန် ရှိချေတော့မည်။ ရှေးယခင်ကကဲ့သို့ သာမညတော့ မဖြစ်နိုင်။ ငါသွားကြည့်ပါ လျှင် သင့်လိမ့်မည်"

ဟု စဉ်းစားပြီး ဗိမ္ဗိသာရမင်းကြီးထံပါး ချဉ်းကပ်လျက် ဥယျာဉ်တော်အတွင်း ကစားထွက်လိုကြောင်း လျှောက်ထား ၏။ မင်းကြီးမှလည်း မိမိဆင်သောအကွက်သို့ ဝင်သည်ဖြစ်၍ ခေမာ့အား …

"သင် မိဖုရား…ဥယျာဉ်တော်သို့ သွားခဲ့ပါမူ မြတ်စွာ ဘုရားရှင်ထံ ဝင်ရောက်ဖူးမြော်ခဲ့လော့"

ဟု မိန့်တော်မူသော်လည်း ခေမာမိဖုရားကြီးက မင်းတရားကြီးအား မည်သို့မျှ ပြန်လည် မလျှောက်သည့်ပြင်၊ ဆိတ်ဆိတ်ဖြင့်သာ ရှိခိုး၍ ရှရွေတော်များဖြင့် ဥယျာဉ်သို့ ထွက်ခွာခဲ့၏။

သို့သော် ဗိမ္ဗိသာရမင်းကြီးသည် မိဖုရားကြီးအနား ခ,စား၍လိုက်မည့် မှူးမတ်များအား…

"မိဖုရားသည် ဥယျာဉ်တော်သို့သွားလျက် ဘုရားရှင် အား မဖူးမြင်ဘဲ ပြန်လာခဲ့ပါမူ မင်းပြစ် မင်းဒဏ်ဖြစ်စေအံ့"

ဟု မိန့်မှာလိုက်သည်။

ခေမာနှင့် သူမ၏ အခြွေအရံတို့သည် ဥယျာဉ်တော် သို့ ရောက်၍ တစ်နေ့ပတ်လုံး ဥယျာဉ်တော်၌ ပျော်မြူး ရွှင်လန်းခဲ့ကြသည်။ ညချမ်းအခါ နန်းတော်သို့ ပြန်ရန် စီမံရာတွင် ခေမာအား မှူးမတ်များမှ စိုးရိမ်တကြီးဖြင့် မင်းတရားကြီး အမှာရှိခဲ့သည်ကို လျှောက်ထားခဲ့ပါ၏။

www.burmeseclassic.com

"အရှင်မိဖုရား…ဘဝရှင်မင်းတရားကြီးက အကျွန်ုပ်တို့အား မှာတော်မူလိုက်ပါသည်။ ဘုရားရှင်အား မဖူးမြင်ဘဲ ပြန်လာခဲ့သည်ရှိသော် မင်းပြစ်မင်းဒဏ်ကို ဆက်ဆက်ခံရတော့မည်"

ဟု လျှောက်သည့်အခါ ခေမာသည် မင်း၏ အာဏာအား မလွန်ဆန်သာခြင်းကြောင့် ဘုရားရှင်၏ ခြေတော်ရင်းသို့ ဝင်ခဲ့ရတော့သည်။

ဗုဒ္ဓဘုရားရှင်သည် ခေမာနှင့် ပတ်သက်သည့် အတ္တုပ္ပတ္တိအလုံးစုံကို သိထားတော်မူသဖြင့် ခေမာမိဖုရားအား သူမနှင့် ထိုက်တန် လျော်ကပ်သော တရားစကားများကို ဟောကြားခွင့်ရအောင် လူနှင့် မမျှ နတ်ထက်လှသော မိန်းမကညာအား ရတနာအတိ စီခြယ်သော ယပ်ဖြင့် ခတ်စေလျက် ကိုယ်တော်၏ ခြေတော်ရင်း၌ ဖန်ဆင်း၍ထားလင့်၏။

ခေမာသည် ဘုရားရှင်၏ ခြေတော်ရင်း၌ မြတ်စွာဘုရားရှင်အား ယပ်ခပ်၍နေသော မိန်းမလှလေးအား မြင်လျှင် စိတ်နလုံး ညှိုးလျော်လျက် စိတ်၌ ဖြစ်မိလေ၏။

"ဤလူ့ဌာန၊ လူ့လောကမှာ ငါထက်သာ၍ အဆင်းအဝါလှပသောမိန်းမ ဘယ်မှာမှ မရှိဟု ငါထင်ထားခဲ့တာများပါပကော။ ငါရဲ့ အလှ၊ ငါ့ရဲ့ အဆင်းဟာ အခု မြင်နေရတဲ့ မိန်းမနဲ့ နှိုင်းယှဉ်ပါက ငါ၏ အလှအပများသည် ရွှေဟင်္သာနှင့် လင်းပြာငှက်ကဲ့သို့ အဆင်းသဏ္ဌာန် ကွာခြားလှပါဘိ။ ဒီလောက် လှပချောမောသည့် အဆင်းသဏ္ဌာန်ရှိသော မိန်းမသည် ဘုရားရှင်ထံပါး၌ အလုပ်အကျွေးပြုခြင်းဟာ မတန်သကဲ့သို့ ဖြစ်ချေသည်။ ဒီအတိုင်းဆိုပါက ငါ့ရဲ့ အလှအဆင်းနဲ့ ပတ်သက်ပြီး ငါ့ရဲ့ မာန်တက်နေခြင်းသည် လွန်စွာ မဆီလျော်ကဲ့သို့ဖြစ်ရာ၏။"

ဟု ဝမ်းနည်းစွာ တွေးတောလျက် ထိုမိန်းမလှအား ဝန်တိုစိတ်များဖြင့် တစ်စိုက်မတ်မတ် ကြည့်ရှုနေခဲ့သည်။

ခေမာသည် ထိုမိန်းမလှအား ကြည့်နေစဉ် လျှပ်တစ်ပြက်ပင် ထိုမိန်းမလှသည် အသက်အရွယ် ရင့်ရော်၍ ကြီးလာပြီးနောက် သားသည်အမေကဲ့သို့ ဖြစ်လာ၏။ ယင်းနောက် အတန်ငယ် ကြာသည့်အခါတွင် ဆံဖြူ သွားကြွေ အရေတွန့်တို၊ အိုသောအရွယ်ကို ရောက်၍၊ မှဲ့မည်း အပြောက်ထ၍ ပါးစပ်မှ အရီအရည်တို့သည် ယိုစီးကျကုန်၏။ ထို့နောက် ခေတ္တခဏ အချိန်အတွင်း ယပ်နှင့်တကွ ဘုရားခြေရင်း၌ပင်လဲ၍ တညည်းတွားတွားနာပေ၏။

မိန်းမလှ၏ မြင်ကွင်းများ တစ်ခန်းပြီး တစ်ခန်း မြင်ရသကဲ့သို့ လျှပ်တစ်ပြက်အတွင်း တွေ့မြင်လိုက်ရသော ခေမာမိဖုရားကြီးသည် လွန်စွာ ချောက်ချားသွား၏။ ထိုသို့ ချောက်ချားခြင်းနှင့်အတူ မိန်းမလှ၏ အနုအရွ အချောအလှ တို့၏ ဖောက်ပြန်ခြင်းကို မြင်မိလိုက်သည့်ခဏ ခေမာမိဖုရား ကြီးသည် ပါရမီရင့်သန်သူဖြစ်ရကား ယထာဘူတကျသော ဉာဏ်များ ဖြစ်ခဲ့ရ၏။

"နှစ်သက်-ရှုချင်ဖွယ် တင့်တယ်ခြင်း၏ အထွတ်သို့ ရောက်သော ထိုမိန်းမလှ၏ကိုယ်သည် ထိုထိုသော သဏ္ဌာန် ဖြင့် ဖောက်ပြန် ပျက်စီးရသလို၊ ငါ၏ ခန္ဓာကိုယ်သည်လည်း တစ်ချိန်သောကာလတွင် ထိုမိန်းမလှကဲ့သို့ ယိုယွင်း ဖောက် ပြန်၍ ဇောန် ပျက်စီးခြင်းကို မလွဲမသွေရောက်ရလိမ့်မည် ငါ့ကိုယ်၌က ဖြစ်ပေါ်လာတဲ့ အလှတရားအပေါ် မှားယွင်း ချွတ်ချော်တဲ့ အတွေးအခေါ်အယူအဆတွေနဲ့ မာနထော လွှားမိခြင်းကိုက ငါ့ရဲ့ မဟာအမှားပဲ"

ဟု တွေးခေါ်မိပြီး ကြက်သီး တလှိုက်လှိုက်ထလျ ဆူလှိုက်ဘနန်းသော သံဝေဂများ ဖြစ်ပေါ်ခဲ့၏။

သံဝေဂ ရနေပြီဖြစ်သော ခေမာမိဖုရားကြီးအာ မြတ်စွာဘုရားရှင်မှ တရားအမြိုက်ဆေး တိုက်ကျွေးတော် ပါ၏။

"ခေမာမိဖုရား… ကိုးဆယ့်ခြောက်ပါးသော ဝေဒ တွေ အချိန်မရွေး စုစည်းရောက်လာတတ်သော အညစ် အကြေးတို့၏ စုဝေးရာဖြစ်ပြီး၊ စင်ကြယ်မှု မရှိတဲ့ ညှီ စက်ဆုပ် အပုပ်နံ့ တလှိုင်လှိုင်နဲ့ ဒီခန္ဓာကိုယ်ကြီးကို စေ စပ်စပ် သေသေချာချာ ကြည့်ပါဦးလော့။ ဒွါရ ကိုးပေါက် မစင်အတိများ ယိုစီးကျပြီး လွန်စွာဖောက်ပြား မေ့မူးမတ ရှုးမှုးဖွယ်ရာ အညစ်အကြေးတွေ စုစည်းရာဖြစ်တဲ့ ဒီခ ကိုယ်ကို ဆင်ခြင်မှု နည်းပါးပြီး ပညာမဲ့ကြတဲ့ လူမျ တို့က ယောင်မှားစွာနဲ့ အလွန်စုံမက် နှစ်သက်နေကြတယ်

ခေမာမိဖုရား … ထိုအကြောင်းတွေကို ကြည့်ပါ ဒီခန္ဓာကိုယ်ဟာ အပုပ်ကောင် ရုပ်ဆောင်နေသည် ဆိုသ ကို မိမိ၏ စိတ်ထဲတွင် နှေ့ညမပြတ် ဖြစ်ပါစေ။ တစ်ခုတည် သော အာရုံကို ခံစားနိုင်သည့်စိတ်ကိုသာ အမိက ထာ ကောင်းစွာ တည်ကြည်တဲ့စိတ်ဖြင့် သံဝေဂတရား ပွား စေ။ သင်၏ သတိသံဝေဂ၌ ကိုယ်ခန္ဓာ၊ ဆံကေသာ၊ လ သည်း ခြေသည်းမှအစ လှပမှုများဖြင့် သဏ္ဌာန်ဆင်ခြ များသည့် လွန်စွာငြီးငွေ့ဖွယ်ကောင်းသည်ဟု သင် သံ ရပါလော့။

ခေမာမိဖုရား … အနိစ္စသညာတို့ကိုလည်း ပွား



www.burmeseclassic.com

www.burmeseclassic.com

...။ ကိုယ်ခန္ဓာအတွင်း၌ မွေးဖွား ကိန်းအောင်းနေ ...နအား စွန့်လွှတ်လိုက်ပါလော့။ ထို မာနဟူသည့် ... စွန့်ခြင်းကြောင့် ကိလေသာ တဏှာမီးတို့သည် ... ငြိမ်းခြင်းကို ဖြစ်စေလတ္တံ့။

...ခေမာမိဖုရား... ပင့်ကူသည် မိမိပြုအပ်သော ကွန် ...ကို အစဉ်တစိုက် လိုက်နေဘိသကဲ့သို့ ရာဂရမ္မက် ...သက် တပ်ငြိကုန်သော အကြင်လူတို့သည် မိမိပြု ... ရာဂအလျဉ်သို့ အစဉ်တစိုက် လိုက်ကြပေ၏။ ...တဏှာ ကိလေသာအလျဉ်များကိုလည်း ဖြတ်၍ ... ကင်းကုန်ရ၏။ ယင်းကြောင့် ကာမဂုဏ် ချမ်းသာ ...ယ်၍ တရားအားထုတ် ကျင့်ကုန်ပါလော့"

...ဘုရားရှင်၏ တရားတော်များ နာကြားနေသည့် ...ည် ပါရမီရင့်သန်သူဖြစ်ခြင်းကြောင့် သံဝေဂ များစွာ ...

...နောက်တွင်ကား ဘုရားရှင်၏ ဒေသနာတော်ကို ...သည့် ခေမာ မိဖုရားကြီးသည် တစ်ဆယ့်ခြောက်ပါး ...များခြင်း ကင်းကွာလျက် သောတာပတ္တိမဂ်မှ စ၍ ...တိုင်းရ၍ အရဟတ္တဖိုလ်သို့ ရောက်လေတော့၏။ ...ရားအမှန်ကို ရရှိပြီဖြစ်သော ခေမာ မိဖုရားသည်၊ ...ဘုရားရှင်အပေါ်၌ အတွေးအခေါ် မှားယွင်းလျက် ...မြင်လွဲမှားသော အပြစ်များကို ကန်တော့ခြင်းတှာ ...အား ဤသို့ လျှောက်၏။

...ရားခပ်သိမ်းကို မြင်တော်မူသော မြတ်စွာဘုရား ...သည် အရှင်မြတ်အား ညွတ်တွားရိကျိုး ရှိခိုးကန် ... မဟာကရုဏာ၏ တည်ရာဖြစ်တော်မူသော ...ရား သံသရာတည်းဟူသော ဝဋ်မှ ကျွတ်လွတ်ကျူး ...တော်မူပြီးသော မြတ်စွာဘုရား၊ လူ နတ် ဗြဟ္မာ ...တို့ကို ခေမာအမြိုက် နိဗ္ဗာန်ဆိုက်အောင် ဆောင် ...တ်သော မြတ်စွာဘုရား... အကျွန်ုပ်သည် ...အား ကံသုံးပါးဖြင့် ညွတ်တွားရိကျိုး ရှိခိုး ...၏။ ဤမျှလောက်သော ကာလပတ်လုံး ရှုံးခြင်း ...တ် ဘုရားကိုယ်တော်မြတ်ကို မအပ်မရာထင်၍ ...မျှ မရောက်ဘဲ နေမိချေသည်။ ဤအဖြစ်ကို ...ည်းခံတော်မူပါ။ ဒဏ္ဍာတော်မကိုလည်း မြှောက်စား ...မူပါ"

... လျှောက်၏။

◈◈◈

...သို့ လျှောက်ထားပြီးသော ခေမာသည် မိမိ၏ အယုသင်္ခါရကို ဆင်ခြင်ခဲ့ရာ ရဟန္တာဖြစ်သော လူတို့မည် သည်ကား ထိုဖြစ်သည့်နေ့ပင် ရှင်ရဟန်းသော်လည်း ပြုရာ၏။ သို့တည်းမဟုတ်၊ ပရိနိဗ္ဗာန်သော်လည်း ပြုရာ၏။ သို့ဖြစ်ခြင်း ကြောင့် ဤ၌ ကြာမြင့်စွာ မနေဘဲ မင်းကြီးထံ ပြန်၍ ခွင့်ပန်အံ့ဟု ကြံစည်လျက် မြန်ဆန်စွာပင် နန်းတော်သို့ ဝင်ခဲ့လေ၏။

ဗိမ္ဗိသာရမင်းကြီးသည် ထွန်းလင်း တင့်တယ်သော အရိယာတို့၏ ဣန္ဒြေဖြင့် ခေမာ မိဖုရားလာသည်ကို မြင် လျက် စိတ်ထဲ၌ ကျေနပ်စွာဖြင့်...

"နှမတော် ခေမာ... ယနေ့ သင် ဥယျာဉ်သို့ သွား သော် ဘုရားရှင်အား ဖူးမြင်ခဲ့ပါ၏လား"

ဟု မေးလိုက်ပါ၏။ ခေမာ မိဖုရားမှလည်း...

"အရှင်မင်းတရား... ဘုရားရှင်ကို အရှင်တို့ ဖူးမြင်ရ ခြင်းသည်ကား ကြီးမားသော အကျိုးမရှိ။ အကျွန်ုပ်၏ ဖူး မြင်ရခြင်းသည်သာ လွန်စွာ အကျိုးရှိပေသည်။ အကျွန်ုပ် အား ယနေ့မှပင် ရဟန်းဘောင်သို့ ဝင်ရောက်ရအောင် ချီး မြှောက်တော်မူပါ"

ဟု မင်းတရားကြီးအား လျှောက်ထားလိုက်သည်။

ဗိမ္ဗိသာရမင်းကြီးသည် ခေမာမိဖုရား၏ စကားကြောင့် ကျေနပ်အားရစွာဖြင့် ရတနာအတိပ္ပမ်းသော ရွှေထမ်းစင်ဖြင့် ဆောင်စေ၍ တစ်ထောင်မျှလောက်သော ဘိက္ခုနီမတို့အား အရာသီးသီး ချီးမြှောက်တင်သောအခါ ခေမာ ထေရီမှာ...

**တေဒဂ္ဂံ ဘိက္ခုဝေ မမ၊ သာဝိကာနံ မဟာပညာနံ၊**
**ဘိက္ခုနီနံ ယဒိဒံ ခေမာ...**

ဟူ၍ မဟာပညာ ဧတဒဂ်အရာ၌ ထားတော်မူခြင်း ခံရပါ၏။■

ရတနာသုံးပါးကို ဦးထိပ်ထားလျက်

* * *

မောင်သာမန်(ဒီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သော အခါသမယတွင် ကျွန်တော်သည် အိမ်ရှေ့ လေသာဆောင်တွင် ထိုင်၍ အနားယူနေပါသည်။ ရုံးပိတ်ရက်လည်း ဖြစ်၍ တခြား ဘာတာဝန်ကိုမှ ခေါင်းထဲ ထည့်မထားဘဲ စိတ်အေးချမ်းသာစွာ အနားယူရင်း ပရိတ်တရားတော်များ ဖတ်ရှုနေပါသည်။ ထိုကဲ့သို့ အနားယူနေစဉ် ကျွန်တော်နှင့်အတူ တာဝန်ထမ်းဆောင်နေသော ကိုမျိုးအောင် ရောက်လာပါသည်။ ထို ကိုမျိုးအောင်မှာလည်း ရုံးပိတ်ရက်များတွင် ဘာသာရေး၊ လူမှုရေးကိစ္စရပ်များနှင့် ဆက်နွယ်နေသော ဖြစ်စဉ်များကို ဆွေးနွေးတိုင်ပင်နေကျ မိတ်ဆွေများဖြစ်သည်။




# အထက်ဝိဇ္ဇာဇော်ဂျီ နှင့် အောက်ဝိဇ္ဇာဇော်ဂျီ

မျိုးမောင်မောင်
(က.ပ.စ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ကိုမျိုးအောင် ရောက်လာပြီဖြစ်၍ ...ကြောင့် တစ်ခုခုတော့ စူးစမ်းလေ့လာရန်၊ မေးမြန်းရန် ...လိမ့်မည်ဟု ယုံကြည်ထားပေသည်။ အဘယ့်ကြောင့် ... သူရောက်လာလျှင် "ဆရာကြီးကို ကျွန်တော့်စိတ် ...ရှင်းလင်းတာလေးတွေ သိချင်လို့ လာခဲ့တာပါ"ဟု ...ပြောလေ့ရှိသောကြောင့်ဖြစ်ပေသည်။ ကျွန်တော်က ... သူ မေးသမျှ၊ သူ သိလိုသမျှကို အတတ်နိုင်ဆုံး ...ပြောကြားပေးလေ့ရှိသောကြောင့် ဖြစ်ပေသည်။ ထို ... ကျွန်တော်ကလည်း ...

...ဘယ့် - မောင်မျိုးအောင်၊ ဘာများ တိုင်ပင်ဆွေးနွေး... ရှိနေပြန်ပြီလဲ၊ ပြောစမ်းပါဦး"

... နိဒါန်းပျိုး၍ လမ်းဖွင့်ပေးလိုက်သည်။ ထိုအခါ ...အောင်မှ ...

"ဟိုတစ်နေ့က စာအုပ်တစ်အုပ်မှာ ဝိဇ္ဇာဇော်ဂျီ ...ကြောင်း ရေးထားတာကို ဖတ်လိုက်ရတယ်ဗျ။ ကျွန်တော် ...တာက အထက်ဘိုးတော် ဘိုးဘိုးအောင်၊ ဘိုးမင်း ...တဲ့ ဝိဇ္ဇာဂိုဏ်း ဘိုးတော်တွေရှိတာ သိထားပြီးသားပါ။ ...ဇော်ဂျီတွေနဲ့ တမူ ထူးခြားနေတာ တွေ့ရတယ်။ အဲဒါ ...ခြားသလဲဆိုတာ ဆရာကြီးများ သိမလားလို့ မေးချင် ...ရောက်လာခဲ့တာပဲ ဆရာကြီး"

... အမေးနိဒါန်း စခဲ့ပါသည်။

ကျွန်တော်လည်း သူ့လိုပဲ ထို ဝိဇ္ဇာ ဇော်ဂျီကိစ္စကို ...လေ့လာခဲ့ပါသည်။ ဇာတ်ပွဲ၊ ရုပ်ရှင်၊ ရုပ်သေး၊ ဗီဒီယို ...များတွင် ခေတ်ပေါင်းမှအစ ယနေ့ခေတ်ထိ ...ဂျီများအကြောင်း ကပြတင်ဆက် ဖျော်ဖြေနေကြ ...သည်။ တိတိကျကျဖော်ပြခြင်း မရှိပေ။ သို့ပါသော် ...ကျွန်တော် လေ့လာဖတ်ရှု မှတ်သားမိသမျှ ပြောပြ...သည်။

"...ဟာ ကိုမျိုးအောင်၊ ကျွန်တော်လည်း အဲဒီ ဝိဇ္ဇာ ...အကြောင်းကို တော်တော်လေး လေ့လာထားတယ်။ ...ချင်တယ်ဆိုရင် ရှင်းပြရမှာပေါ့ဗျာ။ ဟုတ်ပြီလား"

◈◈◈

...များသည် သမထအလုပ်ကို စတင်၍ လုပ်ရပေ ... သမထအလုပ်မှာ မြတ်စွာဘုရား ဟောကြားခဲ့သော ...ကမ္မဋ္ဌာန်းနည်းများကို ခေါ်ပါသည်။ သမထအလုပ် ...ထွက်ရပ်လမ်းနှင့် ယှဉ်သောအလုပ်နှင့် မယှဉ်သော ...၍ နှစ်မျိုးရှိသည်။ ထွက်ရပ်လမ်းနှင့် ယှဉ်သော ...သည်မှာ အထက်ဝိဇ္ဇာပညာကို အခြေခံ၍ နဝင်း ...တတ်များဖြင့် ပွားများအားထုတ်ကြသော (လောကီ သမထ) အလုပ်မျိုးကို ခေါ်သည်။

တောရကျောင်းများ၊ ဂူ၊ ချောင်များတွင် သူတော်ကောင်း ယောဂီများ အားထုတ်သော သမထအလုပ်သည် ထွက်ရပ်လမ်းနှင့် မယှဉ်သော သမထအလုပ်မည်၏။ သမထအလုပ်သည် ဗုဒ္ဓါနုဿတိ၊ အာနာပါန၊ မေတ္တာကမ္မဋ္ဌာန်းနှင့်ပင် ထွက်ရပ်လမ်းအလုပ်နှင့် ပြည့်စုံနိုင်၏။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် ထွက်ရပ်၏ အခြေခံဖြစ်သော ဝေဒသိဒ္ဓိ၊ ကဠုနှသိဒ္ဓိ၊ မြဟ္မသိဒ္ဓိ၊ ဇော်သိဒ္ဓိ၊ ဝိဇ္ဇာသိဒ္ဓိဟူ၍ ငါးပါးပေါက်နိုင်သည်။

မေတ္တာကမ္မဋ္ဌာန်းမှာကား ပေါက်ရောက်ပြီးသော သိဒ္ဓိတို့ကို အထူးသဖြင့် ပေါ်လွင်စေသည်။ နာမ်သိဒ္ဓိဆယ်ပါးမှာ ဝိပဿနာလုပ်ထုံးလုပ်နည်းဖြင့် ပေါက်နိုင်သည်။ ဤလုပ်ရပ်များသည် သာသနာပြု ဝိဇ္ဇာမိုရ်လမ်းအတွက် အထက်ဝိဇ္ဇာကြီးများ၏ လမ်းညွှန်ချက်ဖြစ်သည်။ ဝိဇ္ဇာလမ်းစဉ်ကို အားထုတ်လိုသော ပုဂ္ဂိုလ်တို့သည် ပထမဦးဆုံး ပုဗ္ဗကိစ္စငါးပါးနှင့် ပြည့်စုံရမည်။

(၁) ခန္ဓာငါးပါးကို မြတ်စွာဘုရားနှင့် အထက်ဝိဇ္ဇာကြီးများထံ အပ်ရမည်။

(၂) အလုပ်ချိန်နှင့် နေရာကို အထူးအဲလေးထား ခွဲခြားမှတ်သားထားရမည်။

(၃) မိမိလုပ်နိုင်သလောက် အချိန်ကို အဓိဋ္ဌာန်ယူရမည်။

(၄) ကမ္မဋ္ဌာန်းအလုပ်နှင့် ညီညွတ်အောင် ဂရုမွေ့တရားနှင့် ပြည့်စုံရမည်။

(၅) ဆီမီးထွန်း၍ ရတနာသုံးပါးအား ပူဇော် ကန်တော့ရမည်။

ထိုအလုပ်သည် အနှောင့်အယှက်အန္တရာယ် အလွန်များ၏။ ထို့ကြောင့် အထက်ဝိဇ္ဇာကြီးများက ကမ္မဋ္ဌာန်းတရားမစငီ ပုဗ္ဗကိစ္စငါးပါးပြည့်စုံအောင် ဆောင်ရွက်ထားရမည်ဟု ဆို...၏။ ဝင်လေ၊ ထွက်လေနှင့် ဣရိယာပုတ် မျှတရန် လိုအပ်၏။ ထိုကဲ့သို့ ကျင့်ကြံပွားများ အားထုတ်၍ အဖျက်အန္တရာယ်များ လွတ်မြောက်သော် ဦးစွာ ဒေဝသိဒ္ဓိခေါ် ပထမ နဝင်းပညာရရှိပေမည်။

ထိုကဲ့သို့ အဆင့်ဆင့် ကျင့်ကြံပွားများ အားထုတ်ခဲ့ပြီး ဝိဇ္ဇာဇော်ဂျီအဖြစ်သို့ ရောက်ရှိခဲ့ကြသည်။ ထိုရောက်ရှိခဲ့သော ဝိဇ္ဇာဇော်ဂျီများမှ အထက်နှင့် အောက် နှစ်လိုင်းကွဲပြီး ခြားနားသွားကြသည်။ လူသတ္တဝါတို့၏ အသက်ကို ကယ်



www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ရန် ဆေးဝါးများ စုဆောင်း၍ သူတို့၏ အာဏာစက်များဖြင့် မန်းမှုတ်ပြီး ဖော်စပ်ကြသည်။ ထိုအချက်မှာ တူညီသော ဦးတည်ချက်တစ်ရပ်ပင် ဖြစ်ကြသည်။

အောက်ပိဋကဇော်ဂျီများသည် သူတို့အတွက် အန္တရာယ်ဟူသမျှ ကာကွယ်နိုင်ရန် အဆောင်အယောင်နှင့် အစောင့်အရှောက်များ ထားရှိသည်။ ကာမဂုဏ်အာရုံကို တစ်နှစ်တစ်ကြိမ် ခံစား၊ စံစားကြသည်။ ထို ကာမဂုဏ်ခံစားကြပုံမှာလည်း ဗိုးရှေးယခင်က ဟိမဝန္တာတောထဲတွင် သူယောင်မယ်ပင်ဟူ၍ ရှိသည်ဟု ဆိုထား၏။ ထိုအပင်၏ အသီးတောင့်များသည် ဣတ္ထိယ မိန်းမပုံသဏ္ဍာန် ခန္ဓာကိုယ်အချိုးအစားနှင့် တူသည်ဟု ဖော်ပြထား၏။ ထိုအပင်ကြီးတွင် မိန်းမပျိုများ ခိုတွဲနေသည်နှင့်လည်း တူ၏။ အသီးအရွယ်အစားမှာလည်း လေးမေလောက် ရှိသည်။ အသီးအညှာမှာ ဦးခေါင်းမှ ဆံပင်ကို စုချည်ထားသကဲ့သို့ ထောင်၍ အညှာပမ်ာရှိနေသည်ဟု ဖတ်ရှု မှတ်သားရပေသည်။

ထိုအပင်အောက်သို့ အောက်ပိဋကဇော်ဂျီ ရောက်ရှိလာပြီး သူတို့၏ ဆေးကြိမ်လုံးနှင့် ထိုသူယောင်မယ်သီးအား တို့ထိ၍ အသက်သွင်းလိုက်လေ၏။ ထိုအခါ သက်ရှိထင်ရှား မိန်းမပျိုတစ်ဦးဖြစ်လာပြီး အပင်မှ ပြုတ်ကျလာ
ထိုမိန်းမပျိုအား သူယောင်မယ်ဟု တင်စားခေါ်ဆိုထား
ထိုသူယောင်မယ်နှင့် ခုနစ်ရက်တစ်ပတ်ပြည့်အောင်
ဂုဏ် ခံစား၏။ ခုနစ်ရက်ပြည့်သောအခါ အလိုအ
သေဆုံးသွား၏။ ထိုသေဆုံးသွားသော သူယောင်မ
မြေမြှုပ် သင်္ဂြိုဟ်လိုက်၏။ ထို သူယောင်မယ်သည်
ကောင်ကဲ့သို့ အပုပ်နံ့ထွက်သည်ဟုလည်း လေ့လာ
ရပါသည်။ ထိုကဲ့သို့ ကာမဂုဏ်ခံစားပြီးလျှင် ဇော်ဂျီ
၏ နေရာဌာနသို့ ပြန်သွား၏။

အထက်ပိဋကဇော်ဂျီတို့မှာ ထိုကဲ့သို့မဟုတ်။
ဂုဏ်အာရုံလည်း မခံစားပေ။ အန္တရာယ် ကာ
အဆောင်အယောင်နှင့် အစောင့်အရှောက်များလည်း
ရှိပေ။ သူတို့အား နတ်သိကြားနှင့် သက်ဆိုင်ရာ ပု
မှ စောင့်ရှောက်ကြပေသည်။

စာပေဝါသနာရှင်အပေါင်း ဗဟုသုတ ရ
မှတ်သားမိသမျှ စုစည်းတင်ပြလိုက်ရပါသည် ■

* * *

မျိုးခေ


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

**ဟောကြားချိန်** - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

**ဟောခန်းလိပ်စာ** - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၄၃၀ ၂၇၉၉၄

**E-mail** - myat htut 2009 @ gmail com.

သင်တန်းသား လက်





www.burmeseclassic.com

www.burmeseclassic.com




ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)




လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊

E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

## ယတြာမချေတဲ့ဆရာ

လွတ်လပ်ရေးမရမီကပင် ဆရာစန္ဒြသည် လက္ခဏာ၊ ဗေဒင်ဟောပြောခဲ့ပြီး (၁၉၈၁) ခုနှစ်မှစ၍ ဘုန်းကြီးဝတ်ခဲ့ရာ (၁၉၉၂) ခုနှစ်တွင် (၁၁) ဝါရသောအခါ ကွယ်လွန်တော်မူခဲ့သည်။

ဆရာစန္ဒြ၏သား ဆရာဒေဝသည် (၁၉၇၇) ခုနှစ်မှစ၍ ပခင်နှင့်အတူ လက္ခဏာဟောပြောခဲ့ပြီး၊ (၁၉၈၁)ခုနှစ်မှစ၍ ယခုလိပ်စာတွင် ဟောပြောနေခဲ့ သည်။

ဆရာစန္ဒြ၏မြေး၊ ဆရာဒေဝ၏သား၊ ဆရာဖြုဟ္မသည် (၁၉၉၇) ခုနှစ် ...တင်၍ (၁၄-၁၀-၂၀၀၃) နေ့အထိ လက္ခဏာဗေဒင်ဟောပြောခဲ့သည်။ ...-၁၀-၂၀၀၃)တွင် ကွယ်လွန်ခဲ့သည်။

ဆရာစန္ဒြ၊ ဆရာဒေဝ၊ ဆရာဖြုဟ္မတို့သည် လက္ခဏာဗေဒင်ဟောပြောရာ ...် ယတြာလုံးဝ မချေပေးပါ။ ဓာတ်ဆင်၊ ဓာတ်ရိုက် လုံးဝလုပ်မပေးပါ။ အဆောင် ...က်ဖွဲ့၊ ဂါထာများကို မရောင်းပါ။ ထီပေါက်ကိန်းရှိလျှင်လည်း ထီပေါက်မည့် ...နှိန်အခါအသက်ပိုင်း၊ လပိုင်းကိုသာ ဟောကြားပေးပါသည်။ ထီနံပါတ်တွက်မပေး ... ထီမရောင်းပါ။ မေးသူ၏ဖြစ်လိုသော ဆန္ဒကိုဖြစ်အောင် ဘာကိုမျှလုပ်မပေး ... ဘယ်အသက်ပိုင်းမှာ ဘာဖြစ်နိုင်သည်ဟု လက္ခဏာဗေဒင်ဟောပြောခြင်း ...သန့်ဖြင့်သာ ရပ်တည်ဟောပြောသော ဆရာများဖြစ်ကြောင်း ကြေညာအပ်ပါ ...ည် ခင်ဗျား။


www.burmeseclassic.com

www.burmeseclassic.com

# ရိုးမယ်တွင်း

## ကောက်ကြီး၏ကျေးရူး

ရှမ်းစုရွာထိပ်မှ ညောင်ပင်ကြီးက တွံတေးသိန်းတန် ဆိုသော နိုင်ငံကျော် အဆိုတော်ကြီး သီဆိုခဲ့သည့် သီချင်းနှင့် ပြဇာတ်ထဲမှ တွေ့ညှိုနဲ့ ယှဉ်တွဲ၍ ပါခဲ့သော ညောင်ပင်ကြီးဖြစ်သည်။ ရွာထဲတွင် ရက်ကန်းစင်များ ရှိပြီး ရက်ကန်းရက်သူများ၊ လယ်ယာလုပ်သူများ၊ ရာသီပင် ခြံစိုက်သူများ၊ နှစ်ရှည်ပင်



ပန်းချီအောင်နိုင်လတ်

www.burmeseclassic.com

www.burmeseclassic.com

ခြံပိုင်များ၊ ကွမ်းခြံစိုက်ပျိုးလုပ်ကိုင်သူများ ရှိသည့်ရွာဖြစ်သည်။ ရှမ်းစုရွာဟုအသိများကြသော်လည်း ရှမ်းတိုင်းရင်းသားများက ဆယ်ယောက် တစ်ယောက်၊ တစ်ရာ တစ်ဆယ်ပင် မရှိတော့ပေ။ ရွာ၏ အရှေ့နောက် တောင်မြောက် ပတ်လည်တွင် လယ်ကွင်းများ၊ ကိုင်းပျိုးခြံများ၊ ကွမ်းစိုက်ခြံများ ရှိသည်။ ရွာ၏ တောင်ဘက်ခြမ်းတွင် အတော်ကျယ်ဝန်းသည့် ကွမ်းခြံကြီးတစ်ခြံ။ ခြံပိုင်ရှင်က ဦးပိုးနှင့် ဒေါ်ဝိုင်းကြည်ဖြစ်ပြီး ကံဘဲ့မြို့နယ်ခွဲတွင် တခြားလုပ်ငန်းနှင့် တိုက်တာဖြင့် နေထိုင်ကြသည်။ ကွမ်းခြံတွင် ဦးလုဖေ၊ ကိုထူး၊ ကိုတင်ရွှေ၊ မောင်ပိုက်တို့ ရှိသည်။ ခြံ ခပ်လှမ်းလှမ်းတွင် တဲကလေး တစ်လုံးရှိသည်။ ယခင်က ထိုတဲပိုင်ရှင် ကွမ်းခြံအလုပ်သမား ငကောက်ကြီး သည်။

ယခုတော့ ထိုတဲယိုင်နဲ့နဲ့ကလေး ပြိုပြင်ပြီး ရွာထဲမှ ဒေါ်သန်းမယ် နေသည်။ ဒေါ်သန်းမယ်က သားထောက်သမီးခံ မရှိသူ။ ခူးပြီး ခြင်းနှင့် ထည့်ထားသော များကို ရွာထိပ် လှည်းဆိပ်သို့ ယ်၍ ပို့သူ။ ကွမ်းကျကွမ်းနများ ၍ အခြောက်လှန်းပြီး ပရဆေး များတွင် ရောင်းသည်။

♦♦♦

"ဖောက်···ကျွတ်···ကျွတ်···ကျွတ်···"

"ကိုလှ··· တော့်ကွမ်းခြံထဲက ဘာသံလဲ မသိဘူး"

"ကြွက်တွေနဲ့ တူပါတယ်ကွာ"

"တော်ကလည်း ကွမ်းခြံထဲ မှတော့ ကွမ်းပင်တွေ သေရော

ဒေါ်သန်းမယ်က ကွမ်းခြံအလုပ်အပြင်၊ ကွမ်းခြံပိုင်ရှင် ဦးပိုးနှင့် မိသားစုများ ခြံထဲ လာလျှင်လည်း ချက်ပြုတ်လုပ်ကိုင်ပေးရသည်။ ခြံပိုင်ရှင် ဦးပိုး၏ ဇနီး ဒေါ်ဝိုင်းကြည်က စားစရာများ ပေးသလို၊ အဝတ်အထည်များလည်း ယူလာပေးသည်။ ငွေကြေးလည်း ပေးသည်။ ကွမ်းခြံတွင် အလုပ်လုပ်၍ နေသော လူပျိုကြီး ဦးလုဖေနှင့် လူမသိသူမသိ ဇာတ်လမ်းအစဖြစ်သည့် ည။

ဦးလုဖေနှင့် ဒေါ်သန်းမယ်တို့က သူတို့၏ လေးဆယ်ကျော် ဆက်ရက်တောင်ပံကျိုးနှင့် ငါးဆယ်ပြည့်ပြီးကြောင်ထီး၏ ဇာတ်လမ်းကို မည်သူမှမသိဟု ထင်နေကြသည်။ နက်နက်ရှိုင်းရှိုင်းကြီး မဟုတ်ပေမယ့် မျက်လုံးအကြည့်၊ အခေါ်အပြောတို့ကို ရိပ်ဖမ်းသံဖမ်းတော့ သိနေကြသူများက ကိုတင်ရွှေ၊ ကိုထူးနှင့် မောင်ပိုက်တို့ဖြစ်ပြီး ယနေ့ည၏ မေးစက်ရာ တဲရိပ်မှာ သက်ကြီးဗျူဟာခင်းနေကြသည့်ဖြစ်အင်ကို အစအဆုံး သိနေမြင်နေသူက ရှိသည်။ ရီးတွင်းချဉ်ဆီ အီအီဆိမ့်ဆိမ့်အချိန်ကျမှ "ဖောက်···ကျွတ်···ကျွတ်···ဖျစ်···ကျွတ်···"ဆိုသည့် အသံက အနှောင့်အယှက်ပေးလာသည်။ ဦးလုဖေ ထွေးပွေ့ထားသည့်ရင်ခွင်ထဲမှ ဒေါ်သန်းမယ်က စိုးရိမ်တကြီးနှင့် မေးလိုက်ပေမယ့် ဦးလုဖေက လွယ်လင့်တကူ ပြောလိုက်သောစကားကြောင့် ဒေါ်သန်းမယ်က ပြန်၍ပြောလိုက်ခြင်း ဖြစ်သည်။

"မယ်သန်းကလဲကွာ၊ ကြွက်ရှိရှိမရှိရှိ အရေးလုပ်စရာလား"

"ကျုပ်က စိုးရိမ်လို့ပါတော်"

"ဘာ စိုးရိမ်ရမှာလဲ။ ကိုလှတစ်ယောက်လုံး ရှိနေတာပဲ"

"အဲဒီ ရှိနေတာကြီးက ငြိမ်ငြိမ်မှမနေဘဲတော့"

ရယ်သံက တုန်တုန်ခိုက်ခိုက်ထွက်လာသလို၊ ဘေးသံတစ်သံက ထပ်ပေါ်လာသည်။ ရေသန့်ဘူး(ပလတ်စတစ်)ကို ညှစ်နေသည့်အသံ။

"ဖောက်···ဖောက်···ကျွတ်···ကျွတ်"

"ရှပ်···ရှပ်···ကျွီ···ကျွီ"

"တယ်အနှောင့်အယှက်ပေးတာပဲကွာ"

"ဟုတ်ပါရဲ့တော်၊ ဘာသံမှန်းမသိဘူး"

"ဖောက်···ကျွတ်···ကျွတ်"

အသံက ပီပီသသကြီး ထပ်ပေါ်လာသည်။ ဦးလုဖေက ပုဆိုးကို ပြင်ဝတ်ပြီး တဲလေးပေါ်က ဆင်းလာကာ ဘေးဝန်းကျင်ကို ကြည့်လိုက်သည်။ လမိုက်ည၏ အမှောင်ထဲတွင် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရပေ။

"မယ်သန်းရေ··· ကိုလှ ပြန်မယ်ကွာ"

"တော်က ကိစ္စစိစ္စပြီးတာနဲ့ ပြန်မယ်၊ ကျုပ်တစ်ယောက်တည်း မနေရဲဘူးတော့"

ဟုတ်တော့လည်း ဟုတ်ပါသည်။ အခါတိုင်းညတွေမှာ ဒေါ်သန်းမယ်တစ်ယောက်တည်းက ဘာချိုးချိုးချွတ်ချွတ်အသံမှ မကြားရပေ။ ယနေ့ည၏ မုဆိုးမတစ်ဝမ်းကွဲဖြစ်ရသည့် ညကျခါမှပဲ ထူးခြားသည့်အသံက ဆက်တိုက် ကြားနေရသည်။

ဒေါ်သန်းမယ်က လေးဆယ်စွန်းသော အသက်နှင့် အသားဖြူဖြူ၊ အရပ်အမောင်းနှင့် တင်သည့်နေရာ တင်း၍ သနပ်ခါးအဖွေးသားနှင့် မရှိပေမယ့် သပ်သပ်ရပ်ရပ် နေတတ်သူ။ မုဆိုးမသက် ငါးနှစ်ကျော် မွေးမြူထားသမျှလေးတွေက ဦးလုဖေအတွက် ဖြစ်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

အရပ်အမောင်း မြင့်မြင့်မားမားနှင့် ကွမ်းမပြတ်ဝါးသည့် လူပျိုကြီးကလည်း ခဝါးချသည့်ညှ။ အနှောင့်အယှက်ပေးသည့်အသံကြောင့် တဲကလေးပေါ်ကို ပြန်၍တက်လိုက်ပြီး ဒေါ်သန်းမယ်၏ ဘေးတွင် လှဲချလိုက်သည်။

လူသူ မသိစေချင်ပေမယ့် ဒေါ်သန်းမယ်၏ တဲကလေးတွင် လူပျိုကြီး ဦးလုဖေတစ်ယောက် မိုးလင်းနံနက် ၅နာရီထိုးမှ ကွမ်းခြံထဲက သူ၏ တဲကို ပြန်ရောက်ခဲ့သည်။

ကွမ်းခြံပိုင်ရှင်များဖြစ်သည့် ဦးပိုး၊ ဒေါ်ပိုးကြည်တို့မိသားစု ရောက်ရှိလာကြပြီး ကွမ်းခြံကိုလည်း ကြည့်သည်။ ဦးလုဖေ နေသည့် တဲရှေ့တွင် ဖျာခင်း၍ ရေနွေးကြမ်းအိုးနှင့် လက်ဖက်သုပ်၊ မုန့်ပဲသရေစာတို့ကို စားနေကြသည်။ ဒေါ်သန်းမယ်က ဒေါ်ပိုးကြည် ဝယ်လာသော ဟင်းစားများကို နံနက်စာအတွက် ချက်ပြုတ်နေသည်။ ဦးပိုးက ကွမ်းခြံကို ကြည့်ရင်းမှ နောက်မှ လိုက်လာကြသော ဦးလုဖေ၊ ကိုတင်ရွှေ၊ ကိုထူးနှင့် မောင်ပိုက်တို့အား…

"ကိုလုဖေရော၊ မောင်တင်ရွှေရော ဒီတစ်ခါ ကွမ်းနုရင် အထူးသတိထားပြီး လူသန့်သန့်ကို ခူးခိုင်း။ ကွမ်းတွေက ဈေးကောင်းလာပေမယ့် ကွမ်းခြံတွေ အရမ်းပျက်တယ်။ ဟိုဘက်က ခြံအသစ်ပျိုးဖို့ တိုင်ထောင်ပြီးပလား။ ပင်ထောင်ကွမ်းမျိုးကို ဖျာပုံဘက် သွားကြည့်ပါလား"

"ဟုတ်ကဲ့ ကိုကြီးပိုး။ တင်ထွန်းကို မအူပင်နဲ့ ဖျာပုံဘက်ကို လွှတ်မလို့ပါ"

"အင်း…ကောင်းတယ်။ ညောင်ကျုပ်တို့ပြန်ရင် မသန်းမယ်ကို ခေါ်သွားပြီး အိမ်ရှင်းခိုင်းမလို့၊ ခြံအလုပ် မရှိဘူးနော်"

"ဟုတ်ကဲ့၊ သူ့အလုပ် မရှိသေးပါဘူး"

ဦးလုဖေက ခြံရှင် ဦးပိုးပြော၍သာ ပြောလိုက်ရသည်။ ဒေါ်သန်းမယ်နှင့်က ဇာတ်လမ်းအစပင် ရှိသေးသည်။ ခြံပိုင်ရှင်က အိမ်ရှင်းဖို့ ခေါ်သွားမည်တဲ့။ ဘယ်နရက်လဲဟုတော့ ဦးလုဖေက မမေးပါ။ မေးရန်လည်း မသင့်ပါ။ ရှိပါစေ၊ နောက်ရက်တွေ…ရက်တွေ ရှိသည်ပဲလေ။

ညနေစောင်းတွင် ခြံပိုင်ရှင် ဦးပိုးတို့မိသားစုက ကားရပ်ထားသည့် ရုံးစုရွာအဝင်မှ ညောင်ပင်ကြီးအောက်သို့ ပြန်ကြရာ ခြံထဲမှ ဦးလုဖေအပါအဝင် အားလုံးလိုက်ပို့ကြသည်။ ဦးလုဖေ၏ မျက်လုံးအကြည့်ကို ဒေါ်သန်းမယ်က သိလိုက်သည်။

♦♦♦

ညှ၏ လရောင်က ဝိုးတဝါး။ တိမ်တို့က လကို ကွယ်မြုပ်၍ လောကမြေပြင်ကို မမြင်ရအောင် လုပ်နေသည်။ ဒါပေမယ့် လကလည်း တိမ်တို့ကြားမှ မြင်ရသလောက် ပြောက်တိပြောက်ကျားကလေးပဲ ကောင်းကင်ပေါ်က ဆင်း၍ ကြည့်နေသည်။ ကွမ်းခြံ၏ အဝင်အထွက် အပေါက်မှာ ရေနွေးကြမ်းအိုးနှင့် ထိုင်နေသော ဦးလုဖေက ဒေါ်သန်းမယ်၏ တဲကလေးကို လှမ်းကြည့်၍ မနေ့ညက အဖြစ်အကြောင်းကို တွေး၍ ပြန်လည်ရင်ဖို ခံစားနေမိသည်။

"ဖောက်…ကျွတ်…ကျွတ်…ကျွတ်"

"ရုပ်…ဖလပ်…ဖလပ်…ရုပ်"

ရေသန့်ဘူးကို ညှစ်၍ ကွမ်းခြံရှေ့လှမ်းလှမ်းမှ ဖြတ်လျှောက်သွားသလို ရိုးတိုးရိပ်တိပ် မြင်လိုက်ရသဖြင့် ဦးလုဖေက ကြားလိုက်မိတဲ့ အသံကို [illegible] မထားမိဘဲ လူရိပ်ကိုသာ အာရုံစိုက် [illegible] စိတ်ထဲက ဒေါ်သန်းမယ်တစ်ယော[illegible] အလုပ်ပြီး၍ ညမအိပ်ဘဲ ပြန်လာ[illegible] ဟုလည်း ထင်လိုက်မိပြီး ထိုင်[illegible] ထ၍ ဒေါ်သန်းမယ်၏ တဲအိမ်က[illegible] ဆီသို့ ထွက်လာခဲ့သည်။

"ဖောက်…ကျွတ်…ကျွ[illegible] …ကျွတ်"

"ရုပ်…ဖလပ်…ဖလပ်…[illegible] ….ကလီ…ကျွိ…"

"ဟော… မယ်သန်းက [illegible] ရောက်နေတာကိုး။ မီးလည်း မထွန်း[illegible] ငါ့ဆီကို တန်းမလာဘူး။ ပင်ပန်း[illegible] တူတယ်"

ဦးလုဖေက တဲရှေ့တွင် [illegible] လိုက်ရင်း ကြားရသည့်အသံကို [illegible] ကြမ်းအား နင်းသွားသံဟုပဲ ထင်[illegible] အသံပေး၍ မခေါ်ဘဲ တဲလေး[illegible] လှမ်းတက်လိုက်သည်။ မှောင်ထဲ[illegible] တစ်ခုခုကို ခြေထောက်နှင့် တိုက်[illegible] လိုက်သလိုမျိုးဖြစ်၍ ဦးလုဖေက [illegible] ပိုက်ထဲမှ မီးခြစ်ကို ထုတ်ပြီး မီး[illegible] ခြစ်၍ ကြည့်လိုက်သည်။

"ဟင်…"

ဦးလုဖေ ခလုတ်တိုက်မိသည်[illegible] ပျော့ပျော့အေးအေးနှင့် သေချာ[illegible] တိုက်မိပါလျက် ယခုတော့ [illegible] ရှိမနေခြင်းအတွက် မစဉ်းစားတ[illegible] အောင် ဖြစ်သွားသည်။

"ငါ အမြင်မမှားဘူး။ နား[illegible] မလွဲဘူး။ သူခိုးဆိုရအောင်လည်း [illegible] မယ်သန်းက ဘာရှိလို့လဲ"

အတွေးချောင်ချောင်နှင့် တဲ[illegible] ပေါ်မှ ပြန်ဆင်းလာသည်။ နာခေါင်း[illegible] ကို စူးစူးဝါးဝါး အပုပ်နံ့က နံလိုက်[illegible] လည်ချောင်းထဲက ပျို့၍အန်ဘက်[illegible] အောင် ဆိုးသည့်အနံ့ ဦးလုဖေ[illegible]

www.burmeseclassic.com

နောက်ကို မကြည့်ဘဲ ကွမ်းခြံကို ပြန်
...ခဲ့သည်။

♦♦♦

ရှမ်းစုရွာ၏ တစ်ဖက်ရွာသို့ ဦးလု
...တို့ လုပ်သော ကွမ်းခြံများမှ ဖြတ်
...ဖြတ်လာ ပြုကြသူများ ရှိသည်။
...ခြားလမ်းမှလည်း သွားလို့လာလို့
...သည်။ ယခုတစ်လော စကားသံများ
...ကြားလာသည်မှာ ဦးပိုး၏ ကွမ်းခြံများ
... သရဲခြောက်သည်ဟူသော စကား
...

"ကျုပ်ဗျာ···တစ်နေ့ညနေက
...နည်းမိုးချုပ်သွားတယ်။ ငါးထမ်းပြီး
...ပြန် ဒိုင်က ဟင်းစားပေးလို့ ငါးတွဲ
... ဆွဲပြီး ပြန်လာတာ၊ ငါးကို လိုက်
...သို့ ကျုပ်မှာ ပြေးလိုက်ရတာ"

"ဟုတ်မယ်။ တစ်လောက
...နဲ့ သိန်းရှင်တို့ ဈေးရောင်းအပြန်
...နောက်ကျလို့ ဦးပိုးကွမ်းခြံဘက်က ပြန်
... ရေလန့်ဘူးနဲ့ နောက်က ပစ်ပေါက်
...လိုက်တာ လူတော့ မထိဘူး။ နှစ်
...ယောက်ကြားထဲက ထွက်သွားတယ်။
...ကြည့်တော့လည်း ဘာမှမရှိဘူး"

"အင်း··· ဟိုအရင်က အဲဒီနား
... ဘာမှမဖြစ်ပါဘူး"

"ဟိုတဲကလေးက မိန်းမကြီးက
... မွေးထားသလား မသိဘူး"

"အင်းလေ၊ သူကျတော့ ဘာမှ
...ဖြစ်ဘူးနော်"

♦♦♦

ဒေါ်သန်းမယ်တစ်ယောက်
...နံဘဲမှာ နှစ်ရက် သုံးညအိပ်ပြီး ပြန်
...ရောက်လာသည်။

"ဟော··· ဒေါ်လေးသန်း ပြန်
...ပြီ"

မောင်ပိုက်၏ အော်ပြောလိုက်
...ကြောင့် ဝါးတိုင်ထူနေသော ဦးလုဖေ
... ခြံသို့ လှမ်းကြည့်ပြီး ပြုံးလိုက်
သည်။ ဒေါ်သန်းမယ်ကလည်း အထုပ်
အပိုးနှင့် လက်ဆွဲခြင်းကို ဆွဲ၍ ဦးလုဖေ
တို့ ဝါးတိုင်ထူနေရာသို့ လျှောက်လာ
ပြီး···

"ကိုလုတို့ မောင်တင်ရွှေတို့ဖို့ပါ
လက်ဖက်အစုံနဲ့ လက်ဖက်ခြောက်ရော၊
ထန်းလျက်ပါ ထည့်ပေးလိုက်တယ်။
ဖယောင်းတိုင်အကြီး သုံးထုပ်လည်း ပါ
တယ်"

"ဒေါ်လေးသန်း လုပ်ကိုင်ပေးတာ
သဘောကျပြီး ခေါ်ထားနေဦးမယ်"

"အမယ်လေး···မောင်ထူးရယ်၊
ဒေါ်လေးက မနေနိုင်ပါဘူး။ ကိုယ့်ဘာ
ကိုယ် ရှိရှိ၊ မရှိရှိ အေးအေးပဲ ကောင်း
တယ်"

ဒေါ်သန်းမယ်ရဲ့ စကားကြောင့်
ဦးလုဖေက ပြုံး၍ ခေါင်းညိတ်လိုက်
သည်။

အလုပ်နားကြပြီး ဦးလုဖေ၏
တဲလေးတွင် စုထိုင်ပြီး ရေနွေးကြမ်းနှင့်
လက်ဖက်သုပ်၊ ထန်းလျက်တို့ကို မြည်း
ကြသည်။ ဒေါ်သန်းမယ်က သူ့တဲလေး
သို့ ပြန်သွားသည်။

ရေချိုးပြီး သနပ်ခါးအဖွေးသားနှင့်
မီးဖိုချောင်လေးထဲတွင် ရေနွေးအိုးတည်
နေသည်။ ညကျလျှင် ဦးလုဖေက
ရောက်လာဦးမည်။

အလုပ်သိမ်း၍ ကိုတင်ရွှေ၊
ကိုထူးနှင့် မောင်ပိုက်တို့က ရှမ်းစုရွာ
ထဲသို့ ပြန်သွားကြသည်။ ဦးလုဖေ
လည်း ရေချိုး အဝတ်လဲပြီး ထမင်းစား
ရန် ပြင်သည်။ ထမင်းစားခါနီး ဒေါ်သန်း
မယ်ကို သတိရသဖြင့် ထမင်းစားခေါ်
ရန် ထွက်လာသည်။

"မယ်သန်းရေ··· မယ်သန်း၊
ဘာချက်လဲ။ မချက်ရသေးရင် ကိုလု
တဲမှာ ထမင်းလာစားပါလား"

"ကိုလု···၊ တော်ကလည်း
လာရင်းနဲ့ ထမင်းဟင်းယူလာပြီး ဒီမှာ
ပဲ စားလိုက်ပါလား"

"အေးဟာ၊ ကိုလု မေ့သွားတယ်။
နေ···နေ ပြန်ယူလိုက်မယ်။ ဖယောင်း
တိုင် ရှိရဲ့လား"

"ရှိတယ်။ ရေနွေးလည်း တည်
ပြီးပြီ"

"အေးအေး"

ဦးလုဖေက တဲသို့ ပြန်ပြီး ထမင်း
နှင့် ဟင်းကို ယူပြီး ဒေါ်သန်းမယ်နှင့်
လက်စုံစားကြသည်။

"မယ်သန်းရယ် ··· တစ်ရက်
အောက်မေ့တာ၊ သုံးညနဲ့ နှစ်ရက်
တောင်ပဲ"

"ကိုလုရယ်··· သူတို့က တိုက်နဲ့
သာ နေတာ၊ အထဲမှာ ကြွက်သိုက်ကျ
နေတာပဲ။ ရှင်းလိုက်ရတာ။ ဒါတောင်
မပြန်ပါနဲ့ လုပ်နေလို့၊ အလုပ်ရှိရင်
လာလုပ်ပေးပါ့မယ်လို့ ပြောရတယ်"

"အဟဲ···အဲဒါကြောင့်···"

"ဟင်း···အပြောက၊ သြော်··
ကိုလု၊ ဟိုလေ··· ကျုပ် ရွာထဲက
ဖြစ်လာတော့ လူတွေက ကျုပ်ကို
ကြည့်ပြီး တိုးတိုးတိတ်တိတ် လက်
ကုတ်ပြီး ပြောကြတယ်။ ကျုပ်တို့
အကြောင်းများ ကိုလု ဘယ်သူ့ကို
ပြောမိသေးလဲ"

"ကိုလု မပြောပါဘူး မယ်သန်း
ရယ်"

ဦးလုဖေက ဒေါ်သန်းမယ် မရှိ
သည့်ရက်က အဖြစ်တွေကို ပြောရန်
စိတ်ကူးပြီးမှ ကြောက်သွားမှာစိုး၍
မပြောဘဲ နေလိုက်သည်။ မှောင်ရိပ်
သန်းစအချိန်တွင်ပင် ဦးလုဖေနှင့်
ဒေါ်သန်းမယ်တို့က ဖယောင်းတိုင် မှုတ်
၍ မီးငြိမ်းလိုက်သည်။ ခဏအကြာ
တွင်···

"ဖောက်···ဖောက်···ကျွတ်

www.burmeseclassic.com

. . . ကျွတ် . . . . ကျွတ် . . . "

"ရှပ် . . . ဖလပ် . . . ကျွိ . . . ကျွိ"

ဆိုသည့် အသံက မြည်လာသည်။ ဦးလုဖေရော၊ ဒေါ်သန်းမယ်ပါ ငြိမ်၍ နားထောင်လိုက်ပြီး . . .

"ကို . . . ကိုလု . . . ဟို . . . ဟို . . . သ . . . သရဲလား"

"နေဦး၊ သရဲမဟုတ်ဘူး။ ဟေ့-ဘယ်သူလဲ"

"ဖောက် . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

"အေ . . . ရှပ် . . . ဖလပ် . . . ကျွိ . . . ကျွိ . . . "

တဲကြမ်းဝါးခင်းကို နင်းလျှောက်သံ၊ လေချဉ်တက်လိုက်သည့် အနံ့က အရက်နံ့ ချဉ်စူးစူး၊ ရေသန့်ဘူးကို ညှစ်သံက ကြားနေရသည်။ အရက်နံ့ရမှ ဦးလုဖေက သတိရသွားသည်။ ဒါ ငကောက်ကြီး။

"မယ်သန်း . . . လာ . . . လာ၊ သရဲခြောက်တာ၊ သရဲ"

ဦးလုဖေနှင့် ဒေါ်သန်းမယ်တို့မှာ ဖိုသီဖတ်သီနှင့် တဲလေးပေါ်မှ ဆင်းပြေးလာကြသည်။

ကွမ်းခြံထဲမှ ဦးလုဖေ၏ တဲပေါ်တွင် ဒေါ်သန်းမယ်ရော၊ ဦးလုဖေပါ တုန်တုန်ခိုက်ခိုက်နှင့် ပူးကပ်ထိုင်ပြီး အနီးမှ ဖယောင်းတိုင်ကို မီးထွန်းလိုက်သည်။ ဒေါ်သန်းမယ်က . . .

"ကို . . . ကိုလု၊ ဘာမြင်လိုက်လို့လဲဟင်"

"ကြမ်းခင်းကို နင်းပြီး တက်လာတဲ့ အရိပ်၊ လေ . . . လေချဉ်တက်တဲ့ အရက်နံ့နဲ့ ရေ . . . ရေသန့်ဘူးကို ညှစ်တဲ့ အသံကြောင့် ငကောက်ကြီးမှန်း သိလိုက်တာ"

"အဲဒီ ငကောက်ကြီးဆိုတာ"

"အင်း . . . တခြားရွာက၊ ဦးပိုး ကွမ်းခြံမှာ အလုပ်လာလုပ်တဲ့သူ။ ကိုလု မရောက်ခင်က လုပ်တဲ့ လူ။ အလုပ်ထက် အရက်ကို ပိုမက်တယ်။ ရေသန့်ဘူးနဲ့ ထည့်ပြီး ပါးစပ်နဲ့ မပြတ်အောင် သောက်တယ်။ အခု မယ်သန်းနေတဲ့ တဲက ငကောက်ကြီးရဲ့ တဲလေ"

"ဟင် . . . "

ဒေါ်သန်းမယ်က ဦးလုဖေ စကားကြောင့် အနားကို ကပ်ပြီး တိုး၍ထိုင်လိုက်သည်။

"အဲ . . . သေတော့လည်း အဲဒီ တဲကလေးမှာ သေတာ။ ဘယ်သူမှ မသိဘူး။ အပုပ်နံ့ထွက်လာမှ ကွမ်းခြံထဲက သိပြီးတော့ သင်္ဂြိုဟ်လိုက်ရတာ။ နောက်တော့ ကိုလုတို့ ဒီခြံမှာ လုပ်တော့ လူဟောင်းတွေ ထွက်သွားကြပြီ"

"ဟင်း . . . ကိုလုရယ်၊ အဲဒါများ ကျုပ်ကို အစကတည်းက မပြောဘူး"

"အစက ဘာမှ မဖြစ်တာဘဲ မယ်သန်းရယ်"

"ဒါဆိုရင် အခုမှ ဘာဖြစ်ရတာလဲ"

ဒေါ်သန်းမယ်၏ အမေးကို ဦးလုဖေမှာ ပြန်ပြောရန် ခက်နေသည်။ မပြော၍လည်း ရမည်မဟုတ်ပါ။ ဒေါ်သန်းမယ်တစ်ယောက် ကွမ်းခြံပိုင်ရှင် ဦးပိုးတို့တိုက်တွင် သွားလုပ်ကိုင်ပေးသည့် ညနှင့် နောက်ညများတွင် အတော်ကို သိသိသာသာ ခြောက်လှန့်ခဲ့သည်။

အမှန်က ဦးလုဖေနှင့် ဒေါ်သန်းမယ်တို့ တဲကလေးပေါ်တွင် ချစ်ဖျူဟာစလိုက်သည့် ညကပင် ငကောက်ကြီးက ရေသန့်ဘူးကို ညှစ်၍ အသံနှင့် ခြောက်ခဲ့သည်။ နောက်တော့ အနံ့ပါပေး၍ ခြောက်သည်။ ယခုလည်း ရေသန့်ဘူးကို ညှစ်၍ အသံပေးခြောက်၊ အရိပ်အရောင်ပါ ပြ၊ အနံ့ပါ ပေးခြင်းဖြစ်သည်။

"အဟီး . . . ကိုလုရဲ့ ကျုပ် . . . မှာ ဘယ်လိုပြန်နေရမှာလဲတော့"

"မငိုပါနဲ့ မယ်သန်းရယ်။ ဒီ . . . ဒီမှာပဲ ကိုလုနဲ့ နေတာပေါ့"

"ဟင် . . . ကိုလု၊ ရှင် . . . ရှင် . . . က ကျုပ်ကို တကယ်ယူမှာလား"

"အေးပါ မယ်သန်းရယ်။ ကို . . . က တကယ်သံယောဇဉ်ဖြစ်တာပါ"

"အဟင်း . . . ဒါဆိုလည်း ပြီး . . ."

ဦးလုဖေနှင့် ဒေါ်သန်းမယ် . . . ကျန်သော ညတစ်ဝက်ကို ခရီး . . . လိုက်ကြလေသည်။

◆◆◆

နောက်တစ်နေ့တွင် ကွမ်းခြံ . . . ရှင် ဦးပိုးနှင့် ရှမ်းစုရွာမှ ဦးအုပ် . . . ဦးအုန်းမောင်၊ ဒေါ်မိချုပ်၊ ဒေါ်က . . . ကိုတင်ရွှေတို့နှင့် ကိုထူး၊ မောင်ပိုက် . . . မိသားစုများနှင့် ကွမ်းခြံမှ ဦးလုဖေ . . . တဲတွင် လက်ဖက်ရည်၊ မုန့်လက်သ . . . ရေနွေးကြမ်းတို့ တိုက်ကျွေး ညှော် . . . ဦးလုဖေ လူပျိုကြီးနှင့် မုဆိုးမ ဒေါ်သ . . . မယ်တို့ သက်ကြီးမင်္ဂလာဆောင်အခ . . . အနားဟု ပြောရမည်။

"အဟဲ . . . ဦးလေးလုက လူပ . . . ကြီး လူထွက်၊ ဒေါ်လေးသန်း . . . မုဆိုးမတစ်ဝမ်းကွဲအဖြစ် အသိအမှတ် . . . ပြုပွဲပေါ့နော်"

မောင်ပိုက်၏ စကားကြောင့် . . . ဦးလုဖေက အံကြိတ်၍ လက်သီးဆုပ် . . . ပြသည်။ ဒေါ်သန်းမယ်က ခေါင်းငုံ့၍ . . . ပြုံးနေသည်။ ကိုတင်ရွှေနှင့် ကိုထူးတို့ . . . က တစ်ပြိုင်တည်းပင် . . .

"မောင်ပိုက် . . . အဲဒါ ဘယ်သူ . . . ကျေးဇူးလဲ၊ သိလား"

"ဟင့်အင်း၊ ပြောပါဦး ကိုကြီး . . . တင်၊ ကိုကြီးထူးရဲ့"

"အေး၊ ဟုတ်ပါရဲ့ သိတို့၊ လူ . . .

www.burmeseclassic.com

...ကြီးလည်း ကျွတ်၊ သန်းမယ်လည်း ...ရာ မပဲ့တဲ့ အကြောင်း"

မောင်ပိုက်နှင့် ဒေါ်မီချုပ်တို့က ...ဆိုက်ခြင်းဖြစ်သည်။ ကျန် လူများ ...ည်း စားရင်းသောက်ရင်းမှ ကြည့် ...ည်။ ကိုတင်ရွှေက...

"အဟဲ... အဲဒါ ငကောက်ကြီး ...ရှုးလေ"

"ဟင်...ငကောက်ကြီး"

"ငကောက်ကြီး...ဟုတ်လား"

"အင်း...လုပ်...လုပ်ပါဦး၊ ...ကောက်ကြီးအကြောင်း"

ကိုတင်ရွှေက သူ ကြားဖူးထား... ကွမ်းခြံအလုပ်သမား အရက် ...ကြီး ငကောက်အကြောင်းကို ...ရာတွင် တစ်ရပ်တစ်ရွာက ဆို... ဘယ်အရပ်ဒေသကမှန်း မသိ ...လာပြီး ဦးပိုး ကွမ်းခြံတွင် ...လုပ်၍ နေ့မလင်း ညမလင်း ...သောက်သည်။ ဒေါ်သန်းမယ် ... တဲကလေးတွင် သေဆုံးပြီး ...မှ သိပြီး သင်္ဂြိုဟ်လိုက်ရသူ ...ကြောင်းကို ပြောပြသည်။

...လုဖေက ဒေါ်သန်းမယ်ကို ...ကြည့်လိုက်ပြီး ပြုံးပြသည်။ ...မယ်က ကိုယ်ကို ကျုံ့၍ ...သည်။

"...ဆိုရင် ငကောက်ကြီးဖူးစာ

...ဟုတ်ဘူး။ ဖူးစာဆုံပြီးမှ ညား ...ကောက်ကြီးကျေးဇူး"

...အားလုံးက ရယ်ကြသည်။ ...ာင်က ရေနွေးကြမ်းခွက်ကို ...အားလုံးကို ကြည့်၍...

"...ဆိုကွဲ၊ ငကောက်ကြီးက ... ခေါက်ပိုင်း အတော်ကြာတဲ့ ...ခြောက်မလှန့်နဲ့ ဆိုတော့ သူ ...ပျောက်နေကြတယ်။ အခု မသန်းမယ်က သူ့နေခဲ့၊ သေခဲ့တဲ့ တဲလေးမှာ လာနေတော့ အားကိုးတကြီး နဲ့ အကူအညီတောင်းတာပါ။ အဲဒါကို ခြောက်တယ်၊ လှန့်တယ်လို့ ဖြစ်လာ တာပဲ။ နာနာဘာဝ ပရလောကသား သရဲ တစ္ဆေ ပြိတ္တာ ဆိုတာက ထိကိုင် တွယ်လို့မှ မရတာ။ အရိပ်အယောင်ပြ တာရယ်၊ အသံပေး အနံ့ပေးလို့ ရတာ ရယ်၊ ဝင်ရောက်ပူးကပ်ပြီး ဖြစ်ချင်တာ၊ လုပ်ချင်တာ၊ လိုအပ်တာကို ပြောဆို တောင်းခံလို့ပဲ ရတယ်။ အဲဒီလို အရိပ် အယောင်ပြ၊ အနံ့ပေး၊ အသံပေးရင် သရဲခြောက်တယ်၊ တစ္ဆေခြောက်တယ် ဆိုပြီး သရဏဂုံ မရှိတဲ့ လူတွေက ကြောက်လန့်ကြတာပါ။ ပြီးတော့ ဝင် ရောက် ပူးကပ်ပြီး ဒိုရယ် ခန့်ပေါက် အော်ဟစ်ရင်လည်း သရဲပူးတယ်၊ တစ္ဆေပူးတယ်၊ သေတော့မှာပဲ ဆိုပြီး တွေ့ကရာ ဆရာတု၊ ဆရာလိမ်တွေကို ခေါ်ပြ၊ ဆရာတု၊ ဆရာလိမ်တွေက ရိုက်နှက်ပြီး သူတို့လုပ်ထားတဲ့ ပေါက် ကရဆေးဝါးတွေ တိုက်တော့ ဒဏ်ရာ ရ၊ ရောဂါဖြစ်တော့ သရဲသတ်လို့ဆိုပြီး နာမည်ကြီးသွားရော။ အမှန်ကတော့ နီးစပ်ရာကို အားကိုးတကြီးနဲ့ အကူ အညီတောင်းတာပါ။ အခုပဲ ကြည့်၊ ငကောက်ကြီးဆိုရင် သေတော့ ဦးပိုး က ကွမ်းခြံအလုပ်က ထုတ်ပယ်လား၊ သက်ပျောက်ဆွမ်း ဒါန၊ မြေချဆွမ်းဒါန၊ ရက်လည်ဆွမ်းဒါနအလှူနဲ့ အမျှဝေ သလား။ ကောင်းပြီ၊ ဒါဆိုရင် အရင် ဘာလို့ အသိမပေးလဲ။ သဘောက မခြောက်မလှန့်လဲလို့ မေးစရာရှိတယ်။ ဘဝပြောင်းသူ၊ ဝိညာဉ်ဘဝရောက်ကြ သူတွေဟာ အရာတိုင်းကို မေ့တတ်ကြ တယ်။ ကာလအပိုင်းအခြားတော့ မရှိ ဘူး။ သတိရတဲ့အခါ ဘာလုပ်ပေး၊ ဘာလှူပေး၊ ဘာကိုတော့ ဘယ်မှာ ထားခဲ့တာတို့ကို အသိပေး ပြောဆို တောင်းတတ်ကြတယ်။ အဲဒါပဲ"

"အေးဗျာ၊ ကိုကြီးအုန်းမောင် ပြည့်ပြည့်စုံစုံ ရှင်းပြမှပဲ သဘောလည်း ပေါက်တယ်။ သိလည်း သိတော့တယ်။ ဟုတ်တယ်၊ ကျုပ်ကွမ်းခြံထဲမှာပဲ ဆွမ်း ကပ်လှူပြီး ငကောက်ကြီးကို အမျှဝေ တော့မယ်"

ကွမ်းခြံပိုင်ရှင် ဦးပိုးက ပြော လိုက်သလို၊ ဦးအုပ်ထွေးကလည်း ခေါင်းတငြိမ့်ငြိမ့်နှင့်၊

"အင်း... ကိုအုန်းမောင် ပြော သလို လုပ်သင့်ပါတယ်။ ဒါကြောင့် လည်း ဒီရက်ထဲမှာ သရဲခြောက်တယ်၊ သရဲခြောက်တယ်လို့ အသံထွက်လာ တာကိုး"

"ကဲပါဗျာ၊ ကိုလုဖေနဲ့ မသန်း မယ်တို့ရဲ့ မင်္ဂလာညမှာမှ ဒီကိစ္စကြီး ပြောရတာ မကောင်းပါဘူး"

လူကြီးတွေ တစ်ယောက် တစ် မျိုးစီ ပြောပြီးတော့ မောင်ပိုက်က လက်ဖက်ရည်နှင့် မုန့်စားပြီး...

"ဟာ...ကောင်းပါတယ်၊ ဘ အုန်းမောင် ပြောတာ။ ဗဟုသုတ ရပါ တယ်။ ငကောက်ကြီးကိုလည်း အားလုံးက ဦးလေးလုကိုယ်စား၊ ဒေါ်လေးသန်းတို့ရဲ့ ကိုယ်စားပါ ကျေးဇူး တင်ကြပါ"

မင်္ဂလာညဦးကလေး၏ ကွမ်းခြံ ထဲမှ တဲကလေးပေါ်တွင် သရဲခြောက် ခံရ၍ ညားသောသူနှစ်ယောက်နှင့် ကျန်လူများကပါ ကွမ်းခြံပိုင်ရှင် ဦးပိုး၏ တူ မောင်ပိုက် ပြောလိုက်သည်ကို သဘောကျ၍ ရယ်လိုက်ကြလေ သည်။

* * *

စိုးသဉ္ဇာထွန်း

www.burmeseclassic.com



# ကရုဏာခေါင်းလောင်း ဆော်မောင်းလိုက်ပြီ

သဲတစ်ပွင့် (ကြာဖူး)

တယ်လီဖုန်းသံ မြည်လာသည်။ ညက ညဉ့်နက်သည် ဖြစ်၍ အိပ်ယာထ နောက်ကျသွား၏။ အိပ်ယာမှ ကပျာကယာထတော့ မျက်လုံးများပင် ကျိန်းစပ်၍နေသည်။ မျက်လုံးအစုံကို ပွတ်သပ်ရင်း ကမန်းကတန်း မျက်နှာသစ်ရ၏။ အိမ်ထဲမှ ပြေးထွက်လာတော့ အိမ်ရှေ့တွင် ယာဉ်မောင်းကိုဇာနည်ကို တွေ့ရသည်။ ကားနားရောက်တော့ ဆရာတော်က ခေါင်းခန်းတွင် ထိုင်စောင့်နေ၏။ ဆရာတော်ဆိုသည်ကား သီတဂူ(ကြာတစ်ပွင့်) ရွှေပြည်ဟိန်းဆရာတော်ပင်။

ဆရာတော်အား လက်အုပ်ချီရင်း ကားပေါ်ပြေးတက်ရသည်။ မနက်စောစော ဝေလီဝေလင်းကြီးတွင် ကားက ပြည်လမ်း၊ မင်္ဂလာဒုံ၊ ထောက်ကြံ့မှ မော်ဘီလမ်းကြောင်းသို့ ထွက်လာခဲ့သည်။ ကားပေါ်၌ လိုက်ပါရင်း မနေ့က စကားကို အမှတ်ရမိသည်။ "ဒီမနက်စောစော နံနက် ၃နာရီလောက် လမ်းထိပ်က စောင့်မည်"ဟူ၍ ဆရာတော်မှာထားသည့်စကားကို ဒီနံနက် ၃နာရီထိုးမှ အမှတ်ရမိသည်။ အိမ်ရှေ့သို့ ဆရာတော်ကိုယ်တိုင်ရောက်လာတော့မှ အရမ်းကို အားတောင့်အားနာ ဖြစ်သွားမိသည်။

ဆရာတော်၏ကားနှင့် ခရီးသွားသည်မှာ အတော်လေး အဆင်ပြေ ခရီးတွင်လှသည်။ လမ်းမပေါ်တွင် ကားက တရိပ်ရိပ်ပြေးရင်း နတ္တလင်းကျော်တော့ ဆရာတော်၏ အရဏ်ဆွမ်းကိစ္စကို လျှောက်ရ၏။ ရှေ့နားကျမှ ဟူ၍ အမိန့်ရှိရာ ပေါင်းတည် ကားဂိတ်သို့ ရောက်တော့ မြန်မာဆိုင်ကောင်းကောင်းမှာ ထမင်းသုပ်ကို ကပ်ရသည်။ ပေါင်းတည်ထမင်းသုပ်ကလည်း နာမည်ကြီးပဲ မဟုတ်လား။ အရဏ်ဆွမ်းကိစ္စပြီး၍ နာရီကြည့်တော့ နံနက် ၇နာရီထိုး... ဆရာတော်မှ ကမ္မကျေးရွာသား တပည့်ဖြစ်သူအား... တောင် ထန်းကုန်းရွာသို့ ဘယ်လိုသွားရမည်ကို ဖုန်းဆ... လေသည်။

ပြည်ရေနံမြေ ဆိုင်းဘုတ်လွန်သည်နှင့် ကား... ဘယ်ဘက် မြေသားလမ်းအတိုင်း ချိုးဝင်ခဲ့ရသည်။ လ... ဈေးအပြန် အမျိုးသမီးတစ်ဦးအား ဓာတ်ပုံနှင့် စာရွက်... များ ပြ၍ မေးရသည်။ တစ်ဦးမေး၍ မရ၊ နှစ်ဦးမေး... သုံးဦးမြောက်မှာ ဓာတ်ပုံနှင့် စာတွေကို ပြမှ သ... ရလိုက်သည်။ စာက ဆောင်းပါးထဲမှ စာရေးသူ အ... ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမြင့်ဆိုတော့ လူ... သိကြပါသည်။

ဆောင်းပါးဆိုသည်ကလည်း မြတ်မင်္ဂလာ... အတွဲ (၂၈)၊ အမှတ် (၁၀)၊ ၂၀၁၃၊ ဧပြီလထုတ်၊ ... ရင်က စောစောက ဆရာမကြီး၊ ကလောင်အမည်... မဂျိုးဖြူ(ရွှေတောင်)ဖြစ်ပြီး ဆောင်းပါးအမည်က "... ဖြစ်ဖွယ် ကျော့ရှင်းစံ"ဆိုသည့် ဆောင်းပါးဖြစ်သည်။

ဆောင်းပါးတွင် ပဲခူးတိုင်းဒေသကြီး၊ အနော... ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ထန်းကုန်းအုပ်စု၊ ထ... ကျေးရွာနေ မောင်ကျော်စိုး၊ မဥမ္မာချိုတို့၏ ဇနီး... မိသားစုအကြောင်းကိစ္စပင်။ ဇနီးမောင်နှံတို့သည် ယ... များဖြစ်ကြပြီး ယောကျ်ားလုပ်သူက အသက် ၂... ဇနီးသည်ကတော့ ၂၂နှစ်ဖြစ်သည်။ သူတို့သည် ကျေ... တောသူတောင်သား ဆင်းရဲသားများဖြစ်ကြသည့်အ... ဘဝကို ရိုးစင်းစွာ လုပ်ကိုင်စားသောက်ကြသည်။

သူတို့၏ ဇနီးမောင်နှံတွင် ပထမဆုံး သမီး... မွေးဖွားသည်။ နာမည်လေးက ချစ်စရာလေး ကျော့...

www.burmeseclassic.com

လေးကလည်း ချစ်စရာကောင်းသည်ထက် ကရုဏာ ကြေကွဲဖွယ် ကောင်းလှပေသည်။ သမီးဦးလေးကို ဘောင်ဆေးရုံတွင် ခက်ခက်ခဲခဲ ခွဲစိတ်၍ မွေးရသည်။ များအဖို့ သမီးဦးရတနာကို ရ၍ အတိုင်းအဆမရှိအောင် ပျော်ဝမ်းသာဖြစ်ရသလို၊ သမီးလေးအဖြစ်ကို ကြည့် ည်း အတွင့်အထိပ်ရောက်အောင် ကြေကွဲ ရင်နာရပါ၏။ သို့ပင်ဆိုစေကာမူ၊ မိဘတိုင်း ကိုယ့်သားသမီးကို အရမ်း ပေသည်။ ကျော့ရှင်းစံ၏ မိဘများအဖို့ သမီးဖြစ်သူ ချစ်သည်ထက် သနားကရုဏာသက်သည်ကား ပိုပေ ည်။

ကျော့ရှင်းစံ၏ ဘဝပေးကုသိုလ်ကား အ,နလှပေ မွေးရပါ လက်နှစ်ဖက်လုံး လက်ကောက်ဝတ်သာသာ က်က ပြတ်ပြီး တုံးတိတိဖြစ်နေသည်။ ညာဘက်ခြေ က်တွင် ဒူးဆစ်အထိသာ ရှိပြီး၊ ဘယ်ဘက်ခြေသည် ပုံမှန်အနေထားဟု ဆိုရသော်လည်း ပိန်လှီ၍ ခြေချောင်း ချောင်းမျှသာ ပါရှိသည်။ ဤမိသားစုတွင် မိဘနှစ်ပါး မှ ခံစားကြည့်မည်ဆိုက သားသမီးရတနာ ဈေးဦးပေါက် ကား သိမ်ဖျင်းနုံချာလွန်းလှသည်ဖြစ်ပြီး၊ ကလေးငယ် မှ ခံစားကြည့်မည်ဆိုလျှင်လည်း တကယ့်ကို ရင်နင့် ၏၊ မည်သို့ပင်ရှိစေကာမူ၊ တစ်မိသားစုတည်းဖြစ်လာ ဘဝတွင် ကံတူ အကျိုးပေးဟူ၍သာ၊ ဖြစ်သမျှ ကြောင်း အကောင်းလို့သာ မှတ်ရပေတော့မည်။

ကျော့ရှင်းစံလေး၏ အဖြစ်သနစ်ကို ကာယကံရှင် များ မဆိုထားဘိ၊ သွေးမတော် မျိုးမစပ်သည့် ဆောင်းပါး ကိုယ်တိုင် ရင်နင့်အောင် ခံစားရပါ၏။ သည့်အတွက် ပင် သည်ဆောင်းပါးအား ရေးခြင်းဖြစ်သည်။ ဤကဲ့သို့ ရှင်းစံအား တွေ့မြင်ကြသူတိုင်း ကရုဏာစိတ် ယိုဖိတ် မှာ အမှန်ပင်။ ဤဆောင်းပါးရှင် မဂျိုးဖြူ (ရွှေတောင်) ဆောင်းပါးတစ်ပုဒ်ကြောင့် ယုက်နွယ်လာသည့် သမုဒယ က်သည်ကား ရွှေပြည်ဟိန်းဆရာတော်သို့ ကူးစက် စေခဲ့သည်။

ဆောင်းပါးရှင် ဆရာမကြီးကိုယ်တိုင် အားရဝမ်းသာ ကျော့ရှင်းစံတို့၏ အိမ်သို့ လိုက်ပို့ပါသည်။ ဆရာမ ၏ အိမ်ရှေ့မှ လှမ်းအသံပြုရာ ကျော့ရှင်းစံတို့သား ယောက်လုံး ထွက်လာခဲ့သည်။ နေအိမ်မှာ ကြီးကျယ် သည်တော့ မဟုတ်။ တောနေ မိသားစုအဖို့ နေသာ တော့ ရှိလေသည်။ ကလေးငယ် ကျော့ရှင်းစံလေး အသားလေး ညိုစိမ့်စိမ့်၊ မျက်နှာကလေးက ပြည့်ပြည့် ဖောင်းဖောင်းလေးဖြင့် ချစ်စရာကောင်းလှသည်။ ချစ်မွေးပါ သော ကလေးငယ်ဟုပင် ဆိုရပေမည်။ သို့သော်လည်း ကိုယ်လက်အင်္ဂါအစိတ်အပိုင်းကတော့ ဆောင်းပါးထဲ ပါသည့် ဓာတ်ပုံထဲက အတိုင်းပင်။ လူကိုယ်တိုင်အား တွေ့မြင်ပြီ ဆိုပြန်တော့ ကရုဏာက ပို၍သက်ဝင်မိပြန်သည်။

ဆရာမကြီးကိုယ်တိုင် ကျော့ရှင်းစံလေး၏ အဖြစ်သနစ် ကို ဆရာတော်အား လျှောက်ထားတင်ပြရာ ဆရာတော်မှ အသင့်ပါလာသော ကားပေါ်မှ ဗီးချဲလ်အား ချခိုင်းလေသည်။ သည်တော့မှ ကိုလှအေးလည်း "ဪ... ဒီလိုပါလား" လို့ သိလိုက်ရ၏။ ရန်ကုန်ကတည်းက ဗီးချဲလ်သည် ကားပေါ်မှာ တရောက်ရောက်နှင့် ပါလာခဲ့ပေမယ့် ဘာအတွက်ရယ်တော့ မသိ အခုမှ ရှင်းသွားလေပြီ။ မိမိလည်း ဆရာတော်နည်းတူ ပင် ထပ်တူထပ်မျှ ကရုဏာဖြစ်မိသည့်အတွက် အဖြူရောင် သဲတစ်ပွင့် ပရဟိတအဖွဲ့အတွက် ငွေတစ်သောင်းကို ကလေးအမေ မဥမ္မာချို၏ လက်ဝယ်သို့ ထောက်ပံ့လှူဒါန်း ခဲ့ပြီး ရင်တွင်းမှ မေတ္တာဝေမျှရင်း သာဓုခေါ်ဆိုမိလေသည်။

တကယ်တော့ မွေးရာပါ အင်္ဂါချို့တဲ့စွာ ဘဝကို ရင် သန်ရမည့် ကျော့ရှင်းစံလေး၏ ဘဝအနာဂတ် သာယာလှပ ဖို့၊ တစ်နည်းအားဖြင့် ဖူးပွင့်ဝေဆာဖို့ ဥယျာဉ်မှူးများဖြစ် သည့် မိဘများ၌ တာဝန်ရှိသည်ကား အမှန်ပင်။ သို့သော် လည်း မိဘများကလည်း တောသူတောင်သား ဆင်းရဲနွမ်းပါး ဖြစ်သည်ထက်၊ လုပ်ခင်းကိုင်ခင်းမရှိသော ကြုံရာကျပန်း အလုပ်ကို လုပ်ကိုင်နေကြသူများပင်။

ကျော့ရှင်းစံ သမီးငယ်လေး၏ မိဘများအဖို့ မတတ် သာသည်က များနေပါ၏။ သည့်အတွက်ကြောင့် ကျော့ရှင်းစံ သမီးငယ်လေး၏ အနာဂတ်အရေး ရင်အေးစေဖို့ ပညာ ရေး၊ ကျန်းမာရေး၊ ဘဝရပ်တည်နိုင်ရေးအတွက် လူသား အချင်းချင်း စာနာထောက်ထားသောအားဖြင့် သဒ္ဓါကြည်လင် ကရုဏာသက်ဝင်ကြကုန်သောသူအပေါင်းတို့မှ ကြားသိ နိုင်ကြပါစေရန်နှင့် ကြားသိသည့်အလျောက်လည်း သွား ကူညီ စောင့်ရှောက်နိုင်ကြစေရန် ဤဆောင်းပါးဖြင့် အသိပေး နှိုးဆော်လိုက်ပေသည်။■

* * *

သဲတစ်ပွင့်(ကြာဖူး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် လှိုင်မြို့နယ်၊ ...တ်ကျင်းမာလာမြိုင်(၅)လမ်းရှိ အစ်မ ...ကြီး ဒေါ်ခင်ညွန့်မှာ ကျွန်ုပ်ဖခင် ...ကျော်လှ၏ ညီမအရင်း ဒေါ်မြရွှေမှ ...ွားသော သမီးကြီးဖြစ်သည်။ အဖေ ...ညီအစ်မမွေးဖြစ်၍ မောင်နှမဝမ်းကွဲ ...တော်စပ်သည်။

ယင်း ဆွမ်းကျွေးပွဲတွင် ကျွန်ုပ် ...၏ အစ်ကိုကြီးများဖြစ်သော ဦးအောင် ...န်းထွန်း၊ ဦးညွန့်လှိုင်တို့နှစ်ယောက် ...င့် ဆုံတွေ့ကြရန် ချိန်းဆိုထားသည်။ ...ညွန့်လှိုင်မှာ မိတ္ထီလာမြို့ ချည်ထည် ...တ်ထဲတွင် နေထိုင်သူဖြစ်သောကြောင့် ...ွာနေကြသည်မှာ လေးငါးဆယ်နှစ် ...ဖြစ်သည်။

ဒါကြောင့် အသုဘ ရက်လည်ပွဲ ... ညီအစ်ကိုချင်း ဆုံတွေ့နိုင်ရန် သွား ...ောက်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်ရောက် ...သွားသောအခါ အသုဘရက်လည် ...တွင် နီးစပ်ရာတွင် မိတ်ဆွေသင်္ဂဟ ...ပေါင်းမှာ တဖွဲဖွဲရောက်လာနေသဖြင့် ...ထပ်အိမ်လေး၏ အပေါ်ထပ်မှာ လူ ...ပြည့်နေသည်။

ကျွန်ုပ်တို့ညီအစ်ကိုမှာ လူရင်း ...မို့ လူရှင်းမှ အေးအေးဆေးဆေး ...သောက်ကြရန် စီစဉ်ခဲ့ကြသည်။ ...အစ်ကိုသုံးယောက် အိမ်ရှေ့ မြေ ...ထပ်ရှိ ပန်းခြံလေးထဲမှာ ခုံဖြင့် ...ကာ ကွဲကွာနေကြသူများပီပီ ...ဝိုင်းဖွဲ့ ပြောဆိုနေကြသည်။

ယင်းနောက် အသုဘ လာ ...သူ ညေ့သည်ကျဲပါးသွားသော ... ညီမဝမ်းကွဲ မပုစုးမှ အိမ်အပေါ် ...တွင် မုန့်ပွဲ အဆင်သင့် ပြင်ဆင် ...ပြီးသောကြောင့် လာရောက် ...ရန် ခေါ်ဆောင်နေသည်။

ကျွန်ုပ်တို့ ညီအစ်ကိုသုံးယောက်လည်း လေ့ကားမှတစ်ဆင့် အိမ်ပေါ်ထပ်ဆီ တက်သွားခဲ့ကြသည်။ အပေါ်ထပ် ဧည့်ခန်းထဲတွင် ကွယ်လွန်သူ ဒေါ်ခင်ညွန့်၏ ယောက်ျား ဦးစောမှ နွေးထွေးစွာ ဖိတ်ခေါ် ကြိုဆိုနေသည်။

အသုဘရက်လည် ဆွမ်းကျွေး ဧည့်ခံသည်မှာ "ခင်ထွေးရီ မုန့်ဟင်းခါး" နှင့်ဖြစ်သည်။ ကျွန်ုပ် လွန်စွာ ကြိုက်နှစ်သက်သော မုန့်ဟင်းခါးဖြစ်နေသဖြင့် မြိန်ရည်ယှက်ရည် စားသောက်လိုက်သည်။ အားလုံး ပြီးစီးသွားသောအခါ အချိုပွဲ သုံးဆောင်ရင်း ဝိုင်းဖွဲ့ စကားပြောနေလိုက်သည်။

ကျွန်ုပ် ထိုင်နေသော နေရာ အနောက်ဘက်တွင် စားပွဲခုံလေးပေါ်၌ ကွယ်လွန်သူ ဒေါ်ခင်ညွန့်၏ အလှဓာတ်ပုံကို ထောင်ထားပြီး ကွယ်လွန်သူကို ရည်စူးလျက် .မုန့်ပဲသရေစာများ ခင်းကျင်းထားသည်။ တစ်ဖန် ရေဖန်ခွက်လေးထဲတွင် မီးသဂြိုဟ်စဉ်က သင်္ချိုင်းမှ ယူဆောင်လာသော လိပ်ပြာခေါ်သည့် နှင်းဆီပန်းနီနီလေးတစ်ပွင့် ထိုးစိုက်ထားသည်။ နှင်းဆီနီ ဝန်းလေးမှာ ရက်ကြာညှောင်းသွား၍ ညှိုးလျော် ခြောက်သွေ့နေသည်။

ကျွန်ုပ်က စာရေးဆရာပီပီ နှင်းဆီနီနှင့် ပတ်သက်သော ကိုယ်တွေ့ အဖြစ်အပျက်လေးကို အားလုံးသိရှိအောင် ရှင်းပြ ပြောဆိုနေသည်။

ယင်း နှင်းဆီပန်းလေးကို ရက်လည်ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် သူ့သက်ဆိုင်ရာ နေရာဌာနဆီ မပျက်မကွက် ပြန်လည်ပို့ဆောင်ပေးရမည် ဖြစ်ကြောင်း ရှင်းလင်းပြောပြနေသည်။ ထိုသို့ မလုပ်မိဘဲ ပျက်ကွက်ခဲ့ပါက ပြဿနာဖြစ်ပွားလာနိုင်ကြောင်း၊ သေသေချာချာရောက်အောင် ပို့ဆောင်မှသာ ပြဿနာမပေါ်ဘဲ အဆင်ပြေနိုင်မည်ကို ဗဟုသုတအဖြစ် သိရှိအောင် ရှင်းပြနေသည်။

ထိုစဉ် ကွယ်လွန်သူ အစ်မကြီး ဒေါ်ခင်ညွန့်၏ သမီးကြီးဖြစ်သူ ကျောင်းဆရာမ မစန်းစန်းလွင်မှ သူမ၏ ယောက္ခမကြီး ကွယ်လွန်သွားပြီး အသုဘရက်လည်နေ့တွင် လိပ်ပြာခေါ်ထားသည့် နှင်းဆီပန်းနီကို သူ့နေရာဌာနဆီသို့ ပို့ဆောင်ရန် ပျက်ကွက်ခဲ့သည့်အတွက် အသုဘရက်လည် ဆွမ်းသွတ်ပြီး ညဘက်တွင် ပြဿနာဖြစ်ပွားခဲ့သည်ကို ပြောပြနေသည်။

ကျွန်ုပ်ကလည်း စာရေးဆရာ တစ်ယောက်ဖြစ်နေသောကြောင့် ကုန်ကြမ်းရှာနေစဉ် ရေကန်အသင့်၊ ကြာအသင့်ဖြစ်သွားသည်။ ထို့ကြောင့် မစန်းစန်းလွင် ပြောပြသည့်အတိုင်း စာရှုသူများ သိရှိ နားလည်စေရန် မချွင်းမချန်ဘဲ ယင်း နှင်းဆီနီဖြစ်ရပ်ဇာတ်လမ်းလေးကို အောက်ပါအတိုင်း ရေးသား တင်ပြလိုက်ခြင်းဖြစ်ပါသည်။

◈◈◈

ကျွန်မ၏ ယောက္ခမကြီး ဒေါ်ဝင်းလှိုင်သည် ကျွန်မတို့ မိသားစုများ နေထိုင်သောအိမ်၌ နယ်မှ လာရောက် တည်းခိုနေစဉ်ဖြစ်ပါသည်။ ကျွန်မ၏ ယောက်ျားမှာ နိုင်ငံခြားတွင် သွားရောက် အလုပ်လုပ်ကိုင်နေသဖြင့် ယောက္ခမကြီးအား ကျွန်မတို့အိမ်တွင် အတူနေထိုင်စေခြင်းဖြစ်ပါသည်။

နောက်ပိုင်း ကျွန်မယောက္ခမကြီးမှာ မမာမကျန်းဖြစ်လာသဖြင့် ကျွန်မလည်း နယ်ရှိ သူ၏ သမီးများထံသို့ ဖုန်းဆက်၍ အကြောင်းကြားပေးခဲ့သည်။ နိုင်ငံခြားမှာ အလုပ်လုပ်နေသော ကျွန်မယောက်ျားအားလည်း အင်တာနက်မှတစ်ဆင့် အကြောင်းကြား အခ...

www.burmeseclassic.com

ပေးခဲ့ရသည်။

ထိုသို့ နေထိုင်မကောင်းဖြစ်နေရာမှ ရောဂါမသက်သာဘဲ တစ်နေ့တခြား ဆိုးရွားလာရာမှ နောက်ဆုံး၌ ကွယ်လွန်သွားလေတော့သည်။ ကျွန်မလည်း နိုင်ငံခြားမှ ယောက်ျားဖြစ်သူထံ အမြန်ဆုံး အကြောင်းကြားခဲ့သော်လည်း ခွင့်မရသဖြင့် မလာရောက်နိုင်ခဲ့ပေ။

အခုလို ကျွန်မတို့အိမ်မှာ လာရောက် နေထိုင်နေရင်းမှ ကွယ်လွန်အနိစ္စရောက်သွားသဖြင့် ကျွန်မတို့ မိသားစုမှ ကမကထပြုပြီး ဆောင်ရွက်ပေးရသည်။ ကျွန်မယောက်မနှစ်ဦးမှာလည်း သူတို့၏ မိခင်ကြီးကို ပြုစုပေးနေရင်းဖြင့် အတူတူရှိနေခဲ့သည်။

အသုဘ မီးသင်္ဂြိုဟ်သည့်နေ့တွင် ကျွန်မတို့ နေထိုင်သော အုတ်ကျင်း၊ မာလာမြိုင် (၅)လမ်း နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ခဲ့ကြသည်။ အသုဘရှုအခမ်းအနား ပြီးဆုံးသွား၍ အလောင်းထည့်ထားသော သေတ္တာအား တွန်းလှည်းပေါ် တင်နေစဉ် ကျွန်မတို့ရဲ့ အိမ်နီးနားချင်း မိန်းမကြီးတစ်ယောက်မှ အလောင်းစင်ရှေ့တွင် တင်ထားသော နှင်းဆီနီတစ်ခက်ကို နုတ်ယူလျက် ကျွန်မ၏ သားဖြစ်သူ မောင်မြတ်ကိုကိုဦးအား ယူဆောင်သွားရန် ပေးလိုက်သည်။ ကျွန်မသားကလည်း အသက် ၁၅/၁၆ အရွယ်မို့ ဘုမသိ ဘမသိ လှမ်းယူပြီး လွယ်ထားသော ဟန်းဘတ်အိတ်ထဲသို့ ထည့်ထား၍ ယူဆောင်လာခဲ့သည်။ ထိုကိစ္စကို ကျွန်မလည်း ငိုနေစဉ်မို့ သတိမထားမိလိုက်ပေ။

ကျွန်မ သိလိုက်သည်က ထိုအသုဘစင်ပေါ်မှ နှင်းဆီနီတစ်ပွင့်ကို မိခင်ကြီးအလောင်းအား ထိုင်ကန်တော့နေစဉ် ယောက်မဖြစ်သူမှ သူတို့အမေ



ကို နယ်မှ အိမ်ဆီ ပြန်ခေါ်သွားမည်ဟု ခွင့်တောင်းပြောဆိုခဲ့သည်ကိုသာ သိထားသည်။

ထိုသို့ဖြင့် အသုဘကိစ္စများ ပြီးစီးသွားခဲ့ပြီးနောက် ရက်လည်သည့်နေ့တွင် ရေစက်ချက် အမျှဝေပြီး ဆွမ်းသွတ်ခဲ့သည်။ ကွယ်လွန်သူအတွက် ရည်စူးလှူဒါန်းထားသော ဓာတ်ပုံရှေ့၌ စားသောက်ဖွယ်ရာများနှင့်အတူ နှင်းဆီပန်းနီလေးကို ရေဖန်ခွက်ထဲမှာ ထိုးစိုက်ထားသည်ကို မြင်တွေ့ရသည်။

အသုဘရက်လည်ပြီးသွားသည့် နေ့လယ်ပိုင်းအချိန်တွင် ယောက်မများမှာ သူတို့နေထိုင်ရာဒေသသို့ ပြန်သွားခဲ့ကြလေသည်။ ရေဖန်ခွက်လေးထဲမှာ ထိုးစိုက်ထားသော လိပ်ပြာပိညာဉ် နှင်းဆီပန်းနီလေးကိုလည်း သူတို့နှင့်အတူ တစ်ပါတည်း ယူဆောင်သွားလေသည်။

ထိုနေ့ညဘက်တွင် ကျွန်မတို့ အိမ်မှာ ကျွန်မညီမများနှင့်အတူ ပင်ပန်းလွန်းသဖြင့် အိပ်ပျော်သွားခဲ့ကြသည်။ ကျွန်မတို့ မိသားစု နှစ်ခြိုက်စွာ အိပ်မောကျနေကြစဉ်...

"ဒုန်း...ဒုန်း..."

အိမ်နောက်ဖေး တံခါးကြီးအား တစ်စုံတစ်ယောက်မှ လာရောက် ထုနက်နေသဖြင့် ကျွန်မ၏ ညီမဖြ
မစန္ဒာမှ "သွားရောက်ဖွင့်ကြည့်ခဲ့
လည်း အပြင်ဘက်တွင် မည်သူမှ
မနေသည်ကို တွေ့ခဲ့ရသည်။ ထို့ကြော
အိပ်ရေးပျက်သဖြင့် ပြန်လည်အိပ်
သွားသည်။

"ဒုန်း...ဒုန်း..."

နောက်တစ်ကြိမ် အိမ်ရှေ့ တံ
မကြီးကို လာရောက် ထုနက်နေသ
အသံကို ထပ်မံ ကြားလာရပြန်သည
တံခါးကို ဖွင့်ကြည့်ပြန်တော့လည
မည်သည့်အရာကိုမှ မတွေ့မြင်ရသ
တစ်စုံတစ်ရာ ခြောက်လှန့်နေသ
လားဟု သံသယစိတ်ဝင်လာနေသည

ကျွန်မ ပြန်စဉ်းစားကြည့်သေ
လည်း ယောက္ခမကြီး၏ လိပ်ပြ
ပိညာဉ် နှင်းဆီပန်းကို ယောက်မမှ
နယ်ရှိ အိမ်ဆီသို့ ယူဆောင်သွားခဲ့
ဖြစ်သည်။ နောက်မှ ကျွန်မတို့အိမ်
နေစဉ် ဤအိမ်ဂေဟာနှင့် မြေးကလေ
နှစ်ဦးကို သံယောဇဉ်တွယ်ကာ စွဲလ
စိတ်ဖြစ်ပေါ်နေခြင်းကြောင့် မကျွ
မလွတ်နိုင်ဘဲ ဖြစ်နေဟန်တူသည်
စဉ်းစားမိသည်။

ထို့ကြောင့် နောက်တစ်နေ့
စောစောတွင် ဘုန်းကြီးပင့်လျှော
တရားဟော ရေစက်ချ အမျှပေးဝေ
ရန် ကျွန်မမိတ်များနှင့် တိုင်ပင်ဆွေး
နေစဉ် ကျွန်မသားကြီးဖြစ်
မောင်မြတ်ကိုကိုဦးသည် ကျောင်း
သွားရန် သူ့ဟန်းဘတ်အိတ်လေ
ထဲမှ ဖြုတ်ယူကာ စာအုပ်များ ထု
နေသည်။ ထိုအခါ လွယ်အိတ်လေ
၌ ညှိုးလျော်ပြီး သွေ့ခြောက်နေသ
နှင်းဆီပန်းလေးကို တွေ့လိုက်ရသည

"အမေ... ဒီမှာ ကြည့်
နှင်းဆီပန်းကြီးက နွမ်းခြေ
အရည်တွေတောင် ထွက်နေလို့ အ



www.burmeseclassic.com

www.burmeseclassic.com

ထဲ စိုထိုင်းထိုင်းကြီးဖြစ်နေပြီ"

"ဟဲ့…ဘယ်က နှင်းဆီပန်းကြီးထဲ၊ ဘယ်သူ ထည့်ထားခဲ့လို့လဲ"

"ဟို…ဘွားဘွားကို အသုဘချဖို့ ပြင်ဆင်နေတုန်းမှာ ဖန်ခွက်ထဲက နှင်းဆီပန်းတစ်ပွင့်ကို အိမ်နားက ဒေါ်လှကြီးက ဘယ်သူ့ကိုမှ ဘာစကားတစ်လုံးမျှ မပြောဘဲ နှုတ်ပိတ်ယူသွားဆိုလို့ သားလည်း အိတ်ထဲ ထည့်ထားပြီး မေ့နေတယ်"

ထိုစဉ် အိမ်အပေါ်ထပ်သို့ အောက်ထပ်မှာ နေထိုင်သော ညီမဖြစ်သူ မလှလှထွေးမှ အမောတကော ဆက်လာကာ ညက သူမက်ခဲ့သော အိပ်မက်အကြောင်း ပြောပြသည်။

"အစ်မရယ်…ညကလေ အိပ်ပျော်နေတုန်း ညီမကို အိပ်မက်ထဲမှာ ကြီးဒေါ် ဒေါ်ဝင်းလှိုင်က ညှိုးညှိုးငယ်ငယ် မျက်နှာလေးနဲ့ လာပြောနေတယ်။ ဟိုအိမ်ပေါ်က ဟာတွေ ငါ့ကို ညက အိမ်တံခါးဖွင့်မပေးလို့ ငါ တံခါးထုပြီး နှိုးတာတောင် နိုးမရလို့ နင့်ကို အိပ်မက်လာပေးပြီး အကူအညီတောင်းရတာပါတဲ့"

"အေး၊ ဟုတ်တယ် လှထွေးရေ။ ညည်းတူ မြတ်ကိုကိုဦးပေါ့၊ သင်္ချိုင်းကနေ ဘေးအိမ်က ဒေါ်လှကြီး ယူသွားခိုင်းတဲ့ နှင်းဆီပန်းကို ဘယ်သူ့ကိုမှ မပြောဘဲ သူ့လွယ်အိတ်ထဲမှာ သိမ်းထားပြီး မေ့နေလို့။ အဲဒီ လွယ်အိတ်ကို အဲဒီနေ့ကတည်းက တိုင်မှာ ချိတ်ထားမိတော့ ဒီလို ပြဿနာဖြစ်တာပေါ့အေ"

"ကဲ…ကဲ…အဲဒီ နှင်းဆီပန်းခြောက်ကြီး ငါ့ကို ပေးစမ်း၊ မြန်မြန်ချောင်းထဲ သွားမျှောပစ်မှ ကိစ္စအေးမယ်။ နို့မို့ဆို ညအိပ်နေရင်း အိမ်တံခါးတွေကို တဒုန်းဒုန်းနဲ့ ထုနက်နေလို့ အားလုံး အိပ်ရေးပျက်နေပါဦးမယ်"

မလှလှထွေးမှာ အစ်မဖြစ်သူ မစန်းစန်းလွင်၏ လက်ထဲမှ နှင်းဆီပန်းခြောက်လေးကို လှမ်းယူကာ အိမ်နှင့် ခပ်လှမ်းလှမ်းတွင် ရှိသော ချောင်းလေးဆီသို့ ယူဆောင်ပြီး ထွက်သွားလေသည်။

သည့်နောက်ပိုင်းတွင် အိမ်မှာ ညဘက်ရောက်လည်း မည်သည့် အနှောင့်အယှက် တစ်စုံတစ်ရာမှ မပေါ်ပေါက်လာတော့ဘဲ အေးအေးချမ်းချမ်းဖြစ်သွားခဲ့လေတော့သည်■

* * *

စိုး၁၀


## ရေရှည်အောင်မြင်တိုးတက်ကြီးပွားသော လုပ်ငန်းရှင်ဖြစ်ချင်သူများအတွက်

- ဘယ်လုပ်ငန်းပဲလုပ်လုပ်၊ အမြန်ဆုံး အောင်မြင်တိုးတက် ကြီးပွားချမ်းသာမှုရရှိပြီး ရေရှည်တည်တံ့ ခိုင်မြဲစေမယ့် လုပ်ငန်းနာမည်ကောင်း၊ နာမည်မှန်ရွေးချယ်ပေးနိုင်ဖို့ လိုအပ်ပါတယ်။
- လူနာမည်က ညံ့နေရင်လည်း၊ လုပ်ငန်းမှာသုံးဖို့ လူနာမည်ကောင်း၊ နာမည်မှန်၊ အကျိုးပေးသန်မယ့် နာမည်မျိုးဖြစ်အောင် ပြန်လည်ရွေးချယ်နိုင်ဖို့လည်း လိုမယ်။
- ဒါ့အပြင် အတိုက်အခံ၊ အနှောင့်အယှက် အခက်အခဲနည်းပါးပြီး၊ ငွေဝင်ကောင်း၊ ဝင်ငွေခိုင်မြဲ၊ စီးပွားတိုးတက်မယ့် ထီးမြဲလက်မှတ်မျိုးဖြစ်အောင် ပြုပြင်ဖို့လည်းလိုမယ်။ အကျင့်ကောင်း၊ အဓိဋ္ဌာန်ကောင်း၊ အဆောင်ကောင်းတွေလည်းလိုတာပေါ့။ (ယုံကြည်အားကိုးမှသာ လာခဲ့ပါ)

[ နယ်အဝေးမြို့များမှလည်း ဆက်သွယ်နိုင်ပါသည် ]

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

(နေ့စဉ်နံနက်(၇)နာရီမှ ညနေ(၄)နာရီအထိဖွင့်သည်)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ - ၀၉-၇၃၀ ၀၅၉၂၄၊၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com

# ငှက်ဖျားပျောက်ဆေး

ဦးကိုလေး(ထန်းတပင်-ဖီးကုန်း)



ကျွန်တော်သည် လွန်ခဲ့သော အနှစ် ၂၈ ကျော်ခန့်က ဖတ်ခဲ့ရသော ငှက်ဖျားပျောက်ဆေးကို အများပြည်သူများ အကျိုးငှာ ပြန်လည်တင်ပြအပ်ပါသည်။ ဤဆေးနည်းကို မှတ်မှတ်ရရ လုပ်သားပြည်သူ နေ့စဉ်သတင်းစာ ဆောင်းပါး တစ်ပုဒ်မှ ဖတ်သိခဲ့ရပါသည်။

ဤဆေးနည်းကို ရေးသားဖော်ပြပေးခဲ့သူမှာ နိုင်ငံကျော် စာရေးဆရာမကြီး ယုဝတီ ခင်စိန်လှိုင်ဟု ထင်ပါသည်။ ဆရာမကြီးက "ကျွန်မတူမလေးတစ်ယောက် နယ်ကနေ ရန်ကုန်ကို ဆယ်တန်းစာမေးပွဲဖြေဖို့လာရာ ငှက်ဖျားဖြစ်နေသဖြင့် အင်္ဂလိပ်ဆေးအမျိုးမျိုးဖြင့် ကုသသော်လည်း မပျောက်ကင်းနိုင်သေးပါ။ ကျွန်မတို့အရပ်ထဲမှ အငြိမ်းစား တပ်ကြပ်ကြီးတစ်ယောက်က "ဆရာမကြီးရယ်…ကျွန်တော် ဆေးနည်းပေးပါ့မယ်။ မပူပါနဲ့၊ ပျောက်ပါတယ်။ ကျွန်တော့် ရဲဘော်လေးတွေ ဒီဆေးနည်းနဲ့ပဲ ကျွန်တော်ကုခဲ့တာ ပျောက်ပါတယ်"ဟု ပြောပြီး ဆေးနည်းကို ပြောပြခဲ့သဖြင့် ကျွန်မ တူမလေး ငှက်ဖျားပျောက်ပြီး စာမေးပွဲလည်း ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပါသည်"ဟု ရေးသားထားသည်။

ကျွန်တော် ထိုဆေးနည်းကို ကောင်းစွာ မှတ်သား… လူအများအား ကူညီခဲ့ရာ ကောင်းစွာ ပျောက်ကင်းကြသ… ကို ကိုယ်တွေ့ကြုံခဲ့ရပါသည်။ ငွေကုန်သက်သာပြီး လွယ်… သောဆေးကို ဖော်စပ် သောက်သုံးလိုသူများအတွ… စေတနာထားပြီး တင်ပြအပ်ပါသည်။

ဆေးနည်းမှာ လက်ဖက်ကြမ်း ၅ကျပ်သား၊ ငရု… ကောင်း ၄၅စေ့တို့ကို ရော၍ ညက်အောင် ထောင်းပါ… ထောင်းပြီးသား အလုံးလေးများအဖြစ် ၄၅လုံးတိတိ ပြ… အောင် လုံးပါ။ နေလှန်းပါ။ ခြောက်သွေ့သွားပါက ဗူး… သန့်တွင် ထည့်ထားပြီး တစ်နေ့လျှင် နံနက် သုံးလုံး၊ ည… သုံးလုံးသောက်ပါ။ ဝါးစားလျှင်လည်း ရပါသည်။ ၄၅… ကုန်လျှင် ပျောက်ပါပြီ■

* * *

ဦးကိုလေး(ထန်းတပင်-ဖီး…



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX–ဓာပေဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်–

Ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားစျေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၇၃၀၇၆၈၈၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com



# အလုပ်ကောင်းကို ရ
# အလုပ်ကောင်းမှာ မြဲ

သက်နှင်းဝေ
(မှူး)

www.burmeseclassic.com

www.burmeseclassic.com




(၁)

ကျွန်တော့်ဘဝတွင် ယနေ့အချိန်ထိ တစူးတစိုက် ရှာဖွေနေဖြစ်ခဲ့သော ဘာသာရပ်သုံးခု ရှိသည်။

ထိုသုံးမျိုးလုံးအတွက် ရှာဖွေမှု၊ လေ့လာမှု၊ ဆည်းပူးမှုတွေကိုလည်း အချိန်ပေးပြီး လုပ်ဖြစ်နေခဲ့ ဖြစ်သည်။ ငွေကုန်ကြေးကျများစွာခံပြီး လောဘတကြီး ရှာဖွေဆည်းပူး

www.burmeseclassic.com

www.burmeseclassic.com

နေခြင်းလည်း ဖြစ်သည်။ ကိုယ်ရော စိတ်ပါ အပင်ပန်းခံပြီး လေ့လာနေဖြစ်ခြင်းလည်း ဖြစ်သည်။ ထိုလေ့လာမှုတို့ဖြင့်ပင် ကျွန်တော့်အိမ်မှာ စာအုပ်စာတမ်းတွေနှင့် ပြည့်၍ ပြည့်၍ လာခဲ့လေသည်။ တရား စီဒီတွေ၊ ဒီဗီဒီ တရားအယ်လ်ဘမ်တွေကလည်း နည်းနည်းနောနော မဟုတ်တော့။ ကျွန်တော့် ဘဝတစ်လျှောက်လုံး ထိုဘာသာရပ် သုံးမျိုးတည်းဟူသော ပညာရပ်ရှာဖွေခြင်းအလုပ်တို့ဖြင့်သာ အချိန်ကုန်နေခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် စီးပွားဥစ္စာဘက်မှာလည်း ဘာတစ်ခုမျှ မယ်မယ်ရရ ရှာဖွေစုဆောင်းခဲ့ခြင်း မရှိ။ ထို့အတူပင် ထိုဘာသာရပ်တွင်လည်း သည်မျှ ကြိုးစားလာခဲ့သည်ကိုပင် ယခုအထိ ဘာမှ ဟုတ်တိပတ်တိ ဖြစ်ဖြစ်မြောက်မြောက် မရှိခဲ့သေးကြောင်း ဝန်ခံရပေမည်။ မည်သို့ပင်ဖြစ်စေ၊ ထိုဘာသာသုံးမျိုးလုံးကိုပင် သည်နေ့ထိတိုင်အောင် သဲသဲမဲမဲ ဆည်းပူးနေဖြစ်ဆဲ ဖြစ်သည်။ ထိုသုံးမျိုးမှာ စာပေ၊ ကဗျာ၊ လက်္ခဏာကိစ္စ၊ လောကီပညာကိစ္စနှင့် ဘာသာရေးကိစ္စတို့ပင် ဖြစ်ပါသည်။

အမှန်တော့ ထိုဘာသာရပ်သုံးမျိုးသည် တစ်ခုနှင့်တစ်ခု အခြေခံသဘောခြင်းလည်း မတူညီကြသလို ဦးတည်ရာချင်းလည်း မတူကြချေ။ အနှစ်သာရလည်း မတူညီကြဟုပင် ဆိုရပေမည်။ သို့သော် ထိုသို့ မတူကွဲပြားနေသည့် ဘာသာရပ်သုံးမျိုးကိုပင် ကျွန်တော်သည် တစ်ပြိုင်တည်း လေ့လာနေမိ၊ သုံးစွဲနေမိခဲ့လေသည်။

ထိုသုံးမျိုးတွင် ကျွန်တော် ငယ်စဉ်ကတည်းက တစ်စိုက်မတ်မတ် တွယ်လာခဲ့သည့်အရာမှာ စာပေ၊ ကဗျာ၊ လက်္ခဏာကိစ္စပင်ဖြစ်သည်။ သို့သော် ကျွန်တော် လက်ကိုင်ပြုခဲ့သည့် စာပေလိုင်းသည် ရသစာပေဖြစ်သည့်အတွက် အနုပညာဘက်သို့ နွယ်နေပြန်သည်။ ရသ စာပေတို့ကိုသာ ကျွန်တော် အမှန်တကယ် အားသန်ခဲ့လေသည်။ ထိုရသ စာပေအနုပညာစိတ်ကသာ ကျွန်တော့်ဘဝတွင် အကြီးမားဆုံးသော အင်အားစုအဖြစ် နေရာယူထားခဲ့လေသည်။ ထိုရသစာပေ၊ ရသကဗျာချစ်စိတ်တို့ကြောင့်လည်း ယခုအချိန်ထိ ကျွန်တော့်ဘဝ ရှင်သန်ရပ်တည်မှုတွင် "စာရေးဆရာ၊ ကဗျာဆရာ"အဖြစ်သာ တမြတ်တနိုး ခံယူထားပြီး ဘဝခရီးကို လျှောက်လှမ်းနေဖြစ်ခြင်းဖြစ်သည်။ ကျွန်တော့်အကြောင်းကို အတွင်းကျကျ မသိသော မိတ်ဆွေတချို့က ကျွန်တော့်ကို "ဂမ္ဘီရဆရာ"ဟု သတ်မှတ်ကြသူတွေလည်း ရှိသည်။ တချို့ကမူ "နက္ခတ်ဆရာ"ဟုပင် ထူးခြားစွာခေါ်ဝေါ်တတ်ကြသူတွေလည်းရှိသည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်ကမူ မိမိကိုယ်ကို ကဗျာတို စာစလေးတွေကို စွမ်းနိုင်သမျှ

ကြိုးစားပမ်းစား ရေးနေရင်း "စာရေးဆရာ၊ ကဗျာဆ
တစ်ယောက်အဖြစ်သာ ကျေနပ်စွာဖြင့် ဝံ့ဝံ့စားစား ခံယူ
ဖြစ်ခဲ့ပါသည်။ အလျဉ်းသင့်တိုင်း မိတ်ဆွေ ကဗျာဆ
စာရေးဆရာတွေနှင့် တွေ့ကြ ဆုံကြပြီး ကဗျာစိတ်၊ စာ
ဖြင့် ခင်ခင်မင်မင်နေရတာကိုလည်း များစွာပျော်မွေ့ ကျေ
နေမိတတ်လေသည်။

ဘာသာရေးကိစ္စတွင်မူ လေ့လာမှု၊ နာကြား
လောက်သာ ပြုနေနိုင်ခဲ့ပြီး ထိထိရောက်ရောက် ကျင့်
နိုင်ခြင်း မရှိခဲ့သေးပါ။ သို့သော် ကဗျာရေး၊ စာရေး
ကဏ္ဍတွင် ထိုအကိုင်းအတာလေးလောက်မျှ ဘာသာ
လေ့လာ နာယူမှုကပင် များစွာသော အထောက်အပံ့ အ
အကွပ်ပြုနေပြန်လေသည်။ ထို့အတူ လောကီပညာ
ဆိုင်သည့် လေ့လာသင်ယူ သုံးစွဲမှုတို့တွင်လည်း ဘာသာ
အဆုံးအမတို့က များစွာသော ထိန်းကွပ် ထောက်ပံ့မှု
ပြုနေကြောင်း ဝန်ခံလိုပါသည်။ ကျွန်တော်သည် ဘာသာ
အဆုံးအမအောက်မှာသာ စာလေးတွေကို ရေးဖြစ်လာ
လက်လွှတ်စပယ် ရေးတာမျိုးတွေ မဖြစ်ရအောင် ထိန်း
လာပါသည်။ ထို့အတူ ဘာသာရေးအဆုံးအမတို့၏အော
မှာသာ လောကီမှု ကိစ္စတချို့ကို (သမုတိသစ္စာအ
ဆင်ဆင်ခြင်ခြင် သုံးစွဲလာနိုင်လာခဲ့ပါသည်။ အကြောင်
အကျိုးသင့် ချင့်ချင့်ချိန်ချိန်ဖြင့် လက်ခံတတ်လာပါ
သူတစ်ပါးတွေကိုလည်း လက်ခံ ကျင့်သုံးသင့်သော အ
အထားတို့ကိုသာ ပြောဆို ညွှန်ပြခြင်း၊ စာပေဖြင့် ရေး
ခြင်းတို့ ပြုဖြစ်လာပါသည်။ လောကီပညာနှင့် ပတ်သ
အစွန်းရောက် ပြောဆို အကြံပြုမှုမျိုးတွေ၊ အစွန်းရော
ကျင့်သုံးမှုမျိုးတွေ မရှိအောင် ကောင်းစွာ ထိန်းသိမ်း
ခဲ့ပါသည်။

အမှန်မှာ ထိုလောကီပညာတွေကို စတင်သင်
စဉ်ကတည်းက ကိုယ်တိုင် သုံးစွဲလိုသည့်အတွက် လေ့
သင်ယူဖြစ်ခဲ့ခြင်းသာ ဖြစ်သည်။ ထိုလောကီပညာတွေ
လည်း ကျွန်တော့်ဘဝကို ကောင်းကျိုးအထောက်အပံ့ မျ
ဖြစ်စေခဲ့သည်မှာလည်း အမှန်ပင်ဖြစ်သည်။ ထို
ကိုယ်တိုင်လေ့လာ သင်ယူဖြစ်ခဲ့သော၊ ကိုယ်တိုင်သုံးစွဲ
သော နက္ခတ်ပညာ၊ လောကီပညာတို့ဖြင့် အကြံပြုလ
ကို အချိန်ပိုင်းကန့်၍ တွဲဖက် လုပ်ကိုင်နေဖြစ်ပြန်
ထိုပညာနှင့် ထိုအလုပ်က ကျွန်တော့်ဘဝရပ်တည်မှုအ
အကြီးမားဆုံး အထောက်အပံ့ဖြစ်နေသည်မှာလည်
ပင်ဖြစ်သည်။ ထိုအလုပ်ကြောင့်ပင် အေးအေးလ
ရေးခြင်း၊ စာရေးခြင်းတို့ကို ပြုနေနိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသည့်အလုပ်ကို ယုံကြည်ချက်ဖြင့် လုပ်နေရင်း ကီပညာကိစ္စတွေကို အချိန်ပိုင်းကန့်၍ တွဲဖက်လုပ်ကိုင် ဆောင်ရွက်ခြင်းဖြစ်သော်လည်း ကျွန်တော့်လုပ်ငန်းကို fessional) အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခု ပင် စနစ်တကျလုပ်ကိုင်နေဖြစ်ခဲ့ခြင်းလည်း ဖြစ်သည်။ တော်သည် Astrology Office တွင် တစ်နေ့မှ နှစ်နာရီ အချိန်ပေးပြီး ဆောင်ရွက်ခြင်း ဖြစ်သော်လည်း တော့်စိတ်ထဲတွင်မူ ကျွန်တော်၏ ကိုယ်ပိုင် ကုမ္ပဏီ တစ်ခုအဖြစ် ခံယူပြီး တရိကသေ လုပ်ဖြစ်နေခြင်းပင် သည်။

ကိုယ်တိုင်သုံးစွဲမှု အတွေ့အကြုံအရ လည်းကောင်း၊ ငန်းကို တွဲဖက်လုပ်ဖြစ်လာခဲ့သည့် ၁၅ နှစ်နီးပါး ၏ အတွေ့အကြုံတို့အရ လည်းကောင်း၊ ထိုလောကီ နှင့် ဆိုင်သည့် ကျင့်သုံးစရာ ပညာခန်းတို့ကိုလည်း များစွာ ရေးသားနေဖြစ်ခဲ့ပြန်ရာ စာဖတ်ပရိသတ် တွက် ထိုက်သင့်သလောက် ကောင်းကျိုးဖြစ်စေသည် ဟု ယုံကြည်ထားမိပြန်ပါသည်။ မိမိတတ်ကျွမ်းသမျှ ဖြင့် တချို့ အသိမိတ်ဆွေသင်္ဂဟများကို အလျဉ်း လွယ်လွယ်ကူကူပင် အကြံပြု ဆောင်ရွက်ပေးခဲ့ သည်း ရှိခဲ့ရာ၊ ထိုအတွက်ကြောင့် ကောင်းကျိုးဖြစ် လည်း များစွာရှိနေကြပေပြီ။ ကျွန်တော့် Astrol- Office တွင် လာရောက်ဆွေးနွေးခြင်းဖြင့်လည်း ကျိုးခံစားနေရသူတွေမှာ အနယ်နယ် အရပ်ရပ်တွင် နိုင်ငံခြား တိုင်းပြည်များတွင်ပါ ထုထည်ကြီးမားစွာ ဟု ကျွန်တော် ယုံကြည်ထားပါသည်။

ည်သို့ပင်ဖြစ်စေ၊ ကျွန်တော်သည် ကဗျာသမား၊ သာမန် စာရေးသူတစ်ယောက်မျှသာ ဖြစ်ပါသည်။ တစ်ဦးလည်း မဟုတ်သလို၊ ဘာသာရေးသမား ယောက်လည်း မဟုတ်သေးတာ သေချာလို့ နေပြန်ပါ

(၂)

ဆက်တွင် ဆိုခဲ့သည့် စကားတို့ကို အကြောင်းမဲ့ နေမိခြင်း မဟုတ်ပါ။ တချို့ လောကီပညာလေးတွေ၊ နေ့ဆိုင်ရာ စရဏကုသိုလ်လေးတွေသည် စနစ် ထိထိမိမိသုံးစွဲဖြစ်ပါက လူ့ဘဝခရီး၏ အစိတ် ချို့ အဆင်ပြေချောမွေ့မှုအတွက် ကြီးစွာသော အပံ့ဖြစ်စေတတ်ကြောင်း ပြောပြလို၍ စကား ခြင်း ဖြစ်ပါသည်။ တချို့ ပညာခန်းတွေ၊ လောကီမှု



စရဏကျင့်စဉ်တွေက အလွယ်တကူ ကျင့်သုံးနိုင်ပြီး ကောင်းကျိုးထူးစေတတ်ခြင်းဖြစ်သည်။ သို့သော် ထိုသို့ ကောင်းကျိုးဖြစ်ထွန်းစေမည့် ပညာရပ်တို့ကို လည်းကောင်း၊ သမထကျင့်စဉ်တို့ကို လည်းကောင်း၊ အလွယ်တကူ ရရှိခဲ့ခြင်းတော့ မဟုတ်။ တစိုက်မတ်မတ် ရှာဖွေဆည်းပူးပြီးမှ ရရှိခဲ့ခြင်းဖြစ်သည်။ ထိုပညာခန်းတွေကိုလည်း ကိုယ်တွေ့များစွာ၊ ပရိသတ်အတွေ့အကြုံများစွာဖြင့် သုံးစွဲပြီး အမှန်တကယ် ကောင်းကျိုးထူးမှ ပြန်လည်ဝေငှခြင်း၊ စာပေဖြင့် ရေးသားတင်ပြခြင်းဖြစ်ကြောင်း ပြောလိုရင်း ဖြစ်ပါသည်။

ယခုတစ်လတွင် ကျွန်တော်သည် "ကောဓမ္မော" ကျင့်စဉ်ကိစ္စကို ရသဇာတ်လမ်းလေးတစ်ခုဖြင့် တင်ပြရန် ရည်ရွယ်ထားမိပါသည်။ သို့သော် ဘဝရပ်တည်မှု အလုပ်ကိစ္စနှင့် ပတ်သက်ပြီး လိုအပ်နေသူတွေ အလွယ်တကူ ကျင့်သုံးနိုင်သည့် လောကီပညာကိစ္စလေးကိုလည်း တင်ပြချင်နေမိပြန်သည်။ ထိုကိစ္စသည် ပြည်တွင်းမှရော၊ ပြည်ပသို့ ရောက်နေသူတချို့အတွက်ပါ အရေးတကြီး လိုအပ်ချက် ဖြစ်နိုင်သည်ဟု တွေးမိပြီး ထိုကိစ္စကိုပင် ဦးစားပေးလိုက်ရပြန်တော့သည်။

လူအများစုသည် ဘဝဝင်ငွေရေးအတွက်၊ ဘဝရပ်တည်ချက်အတွက်၊ ဘဝတိုးတက်ကြီးပွားမှုအတွက် စသည့်

www.burmeseclassic.com

အကြောင်းတို့ဖြင့် အလုပ်ကောင်းတစ်ခုရရန် အမှန်ပင် လိုအပ်နေတတ်ကြသည်။ တချို့ အလုပ်ရပြီးသူတွေက လည်း လက်ရှိအလုပ်တွင် တိုးတက်ခွင့်ကောင်းကောင်းရဖို့ လိုအပ်နေတတ်ပြန်သည်။ လက်ရှိအလုပ်မှာ အခြေအနေ ကောင်းသူတွေကလည်း ထိုအလုပ်မှာ ရေရှည် ရပ်တည်နိုင် ဖို့ ဆန္ဒစောနေတတ်ကြလေသည်။ ထို လိုအပ်ချက်တို့ အတွက် ကိုယ်တိုင်ကြိုးစား ကျင့်သုံးပြီး ကောင်းကျိုးဖြစ်စေ မည့် ပညာခန်းတစ်ခုနှင့် စရဏကုသိုလ်ရေး ကျင့်စဉ်တစ်ခု ကို ယခု တင်ပြလိုက်ပါသည်။

မြန်မာ့လောကီပညာတွင် အလုပ်အကိုင်ကိစ္စနှင့် ပတ်သက်သမျှ မည်သည့်အလုပ်ကိစ္စကိုမဆို တနင်္ဂနွေနံ ဖြင့်သာ သတ်မှတ် ဆောင်ရွက်လေ့ ရှိပါသည်။

တစ်ဖန် မြန်မာ့လောကီပညာတွင် ကောင်းကျိုးကိစ္စ တို့ ဖြစ်ထွန်းရန်အတွက်၊ သို့မဟုတ် မိမိဖြစ်လိုသော ကောင်းကျိုးကိစ္စတို့ အလွယ်တကူ အောင်မြင်လာရန်အတွက် "မိတ်စာတ်"အစီအမံကို စာတ်ဆင်ပြီး သုံးစွဲလေ့ရှိပါသည်။ "မိတ်ကို စာတ်အုပ် ယတြာအချုပ်"ဟုပင် အဓိဌာန် မိန့်ဆို ထားသော ပညာခန်းကြီးတစ်ခု ရှိပါသည်၊ ထိုပညာခန်းသည် လွန်စွာကျယ်ပြန့်ပြီး နက်ရှိုင်းလှပါသည်။

အလုပ်အကိုင်တည်းဟူသော တနင်္ဂနွေနံ၏ မိတ်နံမှာ ကြာသပတေးဖြစ်ပြီး စာတ်နံမှာ စနေဖြစ်ပါသည်။ ထိုနံတွဲ နှစ်ခုကို ပေါင်းစည်းပြီး စာတ်ဆင်ခြင်းဖြစ်ပါသည်။ ထိုနံနှစ်ခု ၏ ဂြိုဟ်သက်တို့ပေါင်းကာ ၂၉-အရေအတွက်ကို သုံးစွဲ ထားပါသည်။

၁။ ထို့ကြောင့် အလုပ်အကိုင်ကိစ္စနှင့် ပတ်သက် သည့် အဆင်ပြေ အောင်မြင်လိုသူတို့သည် ပိတောက် ၂၉ ညွှန့်ကို မြေအိုးဖြင့် စနစ်တကျထည့်ပြီး စာတ်ဆင်ရပါမည်။ မိမိတို့ နေအိမ်ဘုရားခန်းတွင် ခုံအမြင့်တစ်လုံးဖြင့် တင်ပြီး စာတ်ဆင်ရပါမည်။ (ဘုရားကျောင်းဆောင်ထက်တွင် လှူဒါန်း ပူဇော်ခြင်း မဟုတ်ပါ။) ဘုရားခန်းမှ သင့်လျော်မည့် တစ်နေရာ တွင် ခုံအမြင့်ဖြင့် တင်ပြီး စာတ်ဆင်ခြင်းဖြစ်ပါသည်။ ဥပမာ- အိမ်တွင်းပွဲရှိသူတို့က အိမ်တွင်းပွဲအနီး ထောင့်တစ်ထောင့် တွင် ခုံအမြင့်တစ်လုံးချပြီး ထိုခုံပေါ်တွင် ပိတောက်အိုးကို တင်ထားရပါမည်။ အကယ်၍ ဘုရားခန်းထဲမှာ ဗီရိုအမြင့်ရှိ ပါက ထိုဗီရိုပေါ်မှာ တင်ပြီး စာတ်ဆင်နိုင်ပါသည်။ ထိုသို့ မဟုတ်ဘဲ အိမ်၏ ဧည့်ခန်းထဲတွင် ဖြစ်စေ၊ အလုပ်တွင် ဖြစ်စေ၊ ဗီရိုရှိပါက ဗီရိုပေါ် တင်ပြီး စာတ်ဆင်ထားနိုင်ပါ သည်။

၂။ ထိုပိတောက် ၂၉ ခိုင်ပါသည့်အိုးကို တနင်္ဂနွေနေ့ နံနက် (၉း၀၀)နာရီတိတိတွင် စပြီး တင်ရပါမည်။ ပိ[illegible] အိုး၏ အောက်ခြေတွင် အဝါရောင် (သို့) အဖြူရောင်[illegible] လေးတစ်ထည်ကို ခင်းပြီးမှ တင်ရပါမည်။ တင်ပြီး[illegible] "အလုပ်အကိုင်ကောင်းကောင်း အမြန်ရပါစေ"ဟု [illegible] တိတိ လေးလေးနက်နက် ရွတ်ဆို တိုင်တည်လိုက်[illegible]

၃။ ထို့နောက် ၄င်းပိတောက်အိုးကို ထိ[illegible] ခြင်း၊ ရေလဲခြင်း လုံးဝ မပြုရတော့ပါ။ စပြီး တ[illegible] လှပသပ်ရပ်နေအောင်၊ အနေတော်လေးဖြစ်အောင် [illegible] ဖြတ် သန့်စင်ပြီး ရေအပြည့်ဖြည့်ကာ တင်ထား[illegible] ၂၉ ရက်ပြည့်သည်အထိ ထိုအတိုင်းပင် မထိမကိုင်[illegible] လိုက်ရပါမည်။ ထိုအိုးအနီးတွင် ခြေစုံရပ်ကာ ၂[illegible] တိုင်တည်ပြောဆိုခြင်းကိုလည်း တစ်နေ့တစ်ကြိမ် [illegible] လုပ်ရပါမည်။ ၂၉ ရက်ပြည့်မှသာ ထိုပိတောက်ညွှန့်[illegible] တွေကို စွန့်ပစ်လိုက်ရပါမည်။ (ထို ၂၉ရက် မ[illegible] အလုပ်အကိုင် အဆင်ပြေသွားတတ်ပါသည်။)

၄။ ထိုသို့ ပိတောက်အိုးဖြင့် စာတ်ဆင်ပြီး[illegible] နေအိမ်ဘုရားကျောင်းဆောင်တွင် ဆွမ်း၊ မုန့်၊ ခဲဖွယ်[illegible] ရေ ဆီမီးတို့ကို မြိုင်မြိုင်ဆိုင်ဆိုင် စုံစုံညီညီ သန့်သ[illegible] ဖြစ်အောင် ကပ်လှူပူဇော်ပါ။ စိတ်တိုင်းကျ ကပ်လှူ [illegible] ပါသည်။ ပြီးက ငါးပါးသီလ ခံယူခြင်း၊ ခင်ပွန်းကြီး [illegible] အား ကန်တော့ခြင်းတို့ကို လေးလေးနက်နက်ပြုလု[illegible] မှ "ဗုဒ္ဓေါ"ဂုဏ်တော်ကို ဗုဒ္ဓါနုဿတိဘာဝနာ [illegible] လျှောက်ထားပါ။ "ဗုဒ္ဓေါဂုဏ်တော်မြတ်ကို ၁၀၈ [illegible] ပိတောက်သား ပုတီးဖြင့် နေ့စဉ် ပုတီး ၂၉ပတ် ဗုဒ္ဓါ[illegible] ဘာဝနာပွားထုံပါမည်။ ထို ၂၉ရက်တိတိ မပျက်[illegible] ပွားထုံပါမည်။ ထို ၂၉ရက်အတွင်း ပဋ္ဌာန်းဥဒ္ဒေ[illegible] (၂၄ပစ္စည်းအကျဉ်း)ကိုလည်း ၂၉ခေါက်တိတိ ရွတ်[illegible] ပါမည်"ဟု အဓိဋ္ဌာန်ပြုရပါမည်။

၅။ ထိုသို့ဖြင့် နေ့စဉ် "ဗုဒ္ဓေါ"ဂုဏ်တော်ကို [illegible] ပတ်စိပ်ပါ။ ပဋ္ဌာန်း ၂၄ပစ္စည်းအကျဉ်းကို ၂၉ခေါက် [illegible] ပူဇော်ပါ။ (ထိုသို့ ပုတီးစိပ်ရာတွင် အိမ်မှာ အမြဲနေ[illegible] ဘုရားဆောင်မှာပင် စိပ်ပါ။ ခရီးသွားလာနေရတတ်[illegible] ကားပေါ်တွင်၊ ရထားပေါ်တွင် စသည်ဖြင့် အဆင်[illegible] စိပ်နိုင်ပါသည်။) ရှိရှိသေသေဖြင့်သာ စိပ်ပါ။

ဗုဒ္ဓေါ - သစ္စာလေးပါးတရားကို ပိုင်းခြား[illegible] သိမြင်တော်မူခဲ့သော မြတ်စွာဘုရားဟု အာရုံပြုပြီး [illegible] စိတ်ဖြင့် စိပ်ပါ။ (သို့သော် ပုတီးစိပ်ရာတွင် ပိ[illegible] ပုတီးကိုသာ အဓိကထားပြီး ရအောင်ရှာ[illegible] စိ[illegible] သည်။ ပိတောက်သားပုတီး မရနိုင်မှသာ အခြားပုတ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...ချင်ပါသည်။)

ထိုသို့ စိပ်ပြီးတိုင်းလည်း "တပည့်တော်သည် ... ဤနေရာမှ နေ၍ ဗုဒ္ဓါဂုဏ်တော်မြတ်အား ပုတီး ... ပဌာန်းဥဒ္ဒေသတော် ၂၄ပစ္စည်းအား ၂၉ခေါက်ပြည့် ... ကြည်ညိုသဒ္ဓါဖြင့် ဘာဝနာပွားထုံခဲ့ပါသည်။ ဤ ...ကြောင့် ကောင်းသောအလုပ်ကို အမြန်ရရှိပါစေ ...။ အမြန် အဆင်ပြေပါစေသတည်း။ (သို့မဟုတ်) ...အလုပ် ကောင်းစွာ တည်မြဲပါစေသတည်း" စသည် ...သားလေးနက်နက် ဆုတောင်းနိုင်ပါသည်။ ဝေနေယျ ...များနှင့်တကွ ကိုယ်စောင့်နတ်တို့မှအစ နတ်မြတ် ...ကောင်းတို့ကိုလည်း အမျှပေးဝေပေးပါလေ။

ထိုကျင့်စဉ်ကို နိုင်ငံခြားရောက်နေသူများအတွက် ...ကာ ကိုယ်စား ဆောင်ရွက်ပေးနိုင်ပါသည်။ (ဝိတောက် ...ရနိုင်သည့်) နိုင်ငံရပ်ခြားတို့တွင် ရောက်နေသူများ ... ဗုဒ္ဓ အဓိဋ္ဌာန်သက်သက်ကို ဝင်နိုင်ပါသည်။ ကောင်း ...နိုင်ပါသည်။ တချို့ဘာသာခြားများသည် ဂုဏ်တော် ...ခြင်းကို မပြုနိုင်ကြသဖြင့် ဝိတောက်အိုးကိုသာ ...ထားရာတွင်လည်း ကောင်းကျိုးထူးသွားခဲ့ကြဖူး ...။

(၃)

အလုပ်ကောင်းတစ်ခု ရလိုသူများသည် ထိုအလုပ်တို့ ...ဆိုင်သည့် ပညာအရည်အချင်းတစ်ခုခုကို တတ် ...ထားရမည်သာ ဖြစ်သည်။ အလုပ်ကောင်း ရထားပြီး ...လည်း အလုပ်ကို ရိုသေစွာ ကြိုးစားလုပ်ကိုင်နေမှ ...တိုးတက်ခြင်း၊ အလုပ်မြဲခြင်းဖြစ်နိုင်ပါသည်။ တစ်ဖန် ...ပညာအရ အလုပ်ကံကောင်းနေမှလည်း အလုပ် ... ရနိုင်၊ မြဲနိုင်ပြန်လေသည်။

...ချို့သူများကမူ ပညာလည်း ပြည့်နေပါလျက် ...သည့်အလုပ်တွင်မျှ အဆင်မပြေ၊ ရေရှည် မမြဲဘဲ ...နေရသူတွေလည်း ရှိတတ်ပြန်သည်။ ယခု ဤလ ...ကျွန်တော့်အား ကျေးဇူးတင်စကား လာပြောရင်း ...သွားသူတစ်ဦး ရှိပါသည်။ ထိုသူသည် ယခုအသက် ...ကျင်အထိ မည်သည့်အလုပ်တွင်မှ အဆင်မပြေ ...ဘဲ အလုပ်နှင့် ပတ်သက်ပြီး အမြဲစိတ်ပင်ပန်းနေရ ...သည်။ ထို့ထက် ယခုနှစ်ထဲတွင် အလုပ်ကံ အထူး ...ဖြင့် စာချုပ်ထားသော အလုပ်မှပင် အချိန်မစေ့မီ ...ပြန်သည်။ နောက်ထပ် အလုပ်ရဖို့လည်း လမ်းစ ...သော် ဤအဓိဋ္ဌာန်ကို ဝင်ပြီး ဆယ်ရက်ခန့်အကြာ တွင် အလုပ်သစ်ရသွားခဲ့ပါသည်။ ထိုသူသည် စာရိတ္တကောင်း မွန်သူ၊ ပညာပြည့်ဝသူ လူကြီးလူကောင်းတစ်ယောက် လည်းဖြစ်သည်။ ထို့အတူ မဟုတ်မခံစိတ်နှင့် ပညာမာနကြီး သူလည်း ဖြစ်နေပြန်သည်။ ထို့ကြောင့် ယခု အသစ်ရသွား သည့်အလုပ်တွင် စိတ်ရှည်ရှည်နှင့် (အလုပ်ခွင်တွင် လိုက် လျောညီထွေဖြစ်အောင်) နေထိုင် လုပ်ကိုင်ဖို့ကိုတော့ အထူး အကြံပြုကာ တိုက်တွန်းလိုက်ရပါသေးသည်။

လူ့ဘဝဆိုသည်မှာ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါး စုံညီစွာ ထုထောင်ပြီး လျှောက်လှမ်းရသည် မဟုတ်ပါလား။ လူ့ဘဝ ခရီးတွင် မည်သည့်အနေအထားတွင်မဆို အခြေအနေအရပ် ရပ်ကို ဉာဏ်ဖြင့် သုံးသပ် ဆင်ခြင်ပြီး အဆင်ပြေအောင် လျှောက်လှမ်းတတ်ဖို့သည်လည်း လွန်စွာ လိုအပ်သော အရည်အချင်းတစ်ခုပင်ဖြစ်သည်။

ထိုသို့ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါး မျှတစွာဖြင့် ကြိုးစား နေသူတို့အတွက် အထက်တွင် ကျွန်တော် တင်ပြခဲ့သည့် လောကီပညာ၊ အစီအမံပညာခန်းနှင့် ဗုဒ္ဓါနုဿတိဘာဝနာ ကျင့်စဉ်တို့ကလည်း အတိုင်းအတာတစ်ခုအထိ ထိုသူ၏ ကံကို ပြုပြင်ထောက်ပံ့ပေးနိုင်မည်ဟု ကျွန်တော်ကောင်းစွာ လက်ခံထားမိပါသည်။ ထိုကျင့်စဉ်နှင့် အစီအမံကို ဆောင်ရွက် ခြင်းသည်ပင် ကံတရားကို ဉာဏ်ဖြင့် ပံ့ပိုးပေးခြင်းတစ်မျိုး ဟုလည်း ကျွန်တော် နားလည်ထားမိပြန်ပါသည်။

မည်သို့ပင်ဆိုစေ၊ စာဖတ်ပရိသတ် တချို့အတွက် အလုပ်အကိုင်ကောင်းများ ရရှိခြင်း၊ အလုပ်ကောင်းကောင်း တွင် တိုးတက်စွာ ရပ်တည် ရှင်သန်နေနိုင်ခြင်းတို့ကို ဖြစ်စေ ဖို့အတွက် ထိုပညာခန်းနှင့် ကုသိုလ်ရေး ကျင့်စဉ်တို့က တစ်စုံတရာမျှ ဖြစ်စေမည်ဟုလည်း ကျွန်တော်ကောင်းစွာ ယုံကြည်ထားမိပါသတည်း။ ■

*အားလုံးသတ္တဝါ ချမ်းသာပါစေ*

* * *

သက်နှင်းဆွေ(ပုပ္ပား)



www.burmeseclassic.com

www.burmeseclassic.com




## ၂၀၁၄၊ မတ်လ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၄၊ မတ်လ၏ ကောင်းကင်ထက်၌ ကုမ်ရာသီရောက် တနင်္ဂနွေဂြိုဟ် မတ် ၁၅ရက်နေ့တွင် မိန် ပြောင်းရွှေ့ ဝင်ရောက်မည်ဖြစ်ပြီး တူရာသီမှ အင်္ဂါဂြိုဟ် မတ်လ ၂ရက်နေ့၌ ဂြိုဟ်ပတ် ဖောက်ပြန်သွားလာပြီး ၂၆ရက်နေ့၌ ကန်ရာသီသို့ ပြောင်းရွှေ့ပြီး ဖောက်ပြန်ရောက်ရှိပါမည်။ မကာရရာသီမှ ဗုဒ္ဓဟူးဂြိုဟ် မတ်လ ၁၃ ကုမ်ရာသီသို့ ပြောင်းရွှေ့ ဝင်ရောက်ပါမည်။ မေထုန်ရာသီ၌ ဖောက်ပြန်သွားနေသည့် ကြာသပတေးဂြိုဟ် မတ်လ ၇ ဂြိုဟ်ပတ်လမ်းကြောင်းထဲ၌ အတည့်ပြန်သွားပြီး သောကြာဂြိုဟ် မကာရရာသီ၌ ပုံမှန်သွားလာနေပါလိမ့်မည်။

တူရာသီရှိ စနေဂြိုဟ် မတ်လ ၃ရက်နေ့တွင် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း၌ ဖောက်ပြန် ရပ်တည် ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၊ နက်ပကျွန်း ကုမ်ရာသီ၊ ပလူတိုဂြိုဟ် ဓနုရာသီအတွင်း တည်ရှိနေပါလိမ့်မည်။

မတ်လ ၁၉ရက်နေ့၊ မြန်မာစံတော်ချိန် နံနက်၁နာရီ ၅၈ မိနစ်၌ မြန်မာနိုင်ငံ၏ မွန်းတည့် မိုးကောင်း လမင်းအား ကန်ရာသီအတွင်းရှိ စိတြနက္ခတ်မှ ထွင်းဖောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါလိမ့်မည်။ ဖြစ်စဉ်ပေါ်ပေါ် မြန်မာ့မွန်းတည့် မိုးကောင်းကင်အနီး၌ အင်္ဂါဂြိုဟ်ပါ တည်ရှိနေပါလိမ့်မည်။ ဖြစ်စဉ်အား မြန်မာ့မိုးကောင်းကင် လက်တွေ့ လေ့လာနိုင်ပြီး အလင်းအား ၉၀ ရာခိုင်နှုန်းခန့်ရှိသော လမင်း၏ အောက်ဘက်အနီးနား၌ စိတြနက္ခတ် ကို တွေ့မြင်နိုင်၍ လမင်း၏ အပေါ်ဘက်နား၌ အင်္ဂါဂြိုဟ်အား ကြယ်ပွင့်အနီအသွင်သဏ္ဍာန်ဖြင့် တွေ့မြင်နိုင်ပါလိမ့်


ဖြစ်စဉ်ကြောင့် မြန်မာ့တပ်မတော်အဖွဲ့အစည်းအတွင်း၌ ကြီးလေးသော ရာထူးတာဝန်ထမ်းရွက်သော အကြီးအ နေရာအပြောင်းအလဲဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။ မြန်မာ့တပ်မတော်အဖွဲ့အစည်းများ၏အတွင်း၌ နိုင်ငံရေးပိုင်း ယ ချက်၊ ခံယူချက်များ ယခင်နှင့် အသွင်မတူဘဲ ပြုပြင်ပြောင်းလဲလာမည်။




www.burmeseclassic.com

www.burmeseclassic.com

မတ်လ ၂၁ရက်နေ့ နံနက် ၂နာရီ ၃၄ မိနစ်၌ အလင်းရောင် ၆၀ ရာခိုင်နှုန်းခန့်ရှိသော လမင်းအား ဗြိစ္ဆာရာသီအတွင်းရှိ Star Graffias ကြယ်မှ နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ဖြစ်စဉ် ဖြစ်ပေါ်မည့်နေရာမှာ အရှေ့လောင်ဂျီတွဒ် ၁၂၀ ဒီဂရီ ၄၆ မိနစ်နှင့် တောင်လတ္တီတွဒ် ၃၇ ဒီဂရီ ၄၇ မိနစ်တွင် ဩစတြေးလျနိုင်ငံအတွင်း၌ ဖြစ်ပေါ်ပါမည်။ ဖြစ်စဉ်အား မြန်မာမှ တွေ့မြင်လေ့လာနိုင်ပြီး အရှေ့ဘက် မိုးကောင်းကင်အား ကြည့်ရှုပါက အလင်းအား ၅၁ရာခိုင်နှုန်းခန့်ရှိသော လမင်း၏ အောက်ဘက်၌ Star Graffias ကြယ်ကို တွေ့မြင်နိုင်ပါလိမ့်မည်။




မြန်မာ့မိုးကောင်းကင်၌ လနှင့် စိတြနက္ခတ် ပူးယှဉ်နေချိန် အင်္ဂါဂြိုဟ်အနီး၌ ရပ်တည်နေမှုအား စကြဝဠာအတွင်း မြင်တွေ့ရပုံ။




လနှင့် Star Graffias ကြယ် ပူးယှဉ်နေမှု သရုပ်ပြပုံ။

www.burmeseclassic.com

## ၂၀၁၄၊ မတ်လ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

### ARIES



### မိဿလက်

မိမိဆန္ဒနှင့် စိတ်ကူးများ လှပစွာ ပုံဖော်နိုင်သော်လည်း စိတ်ပင်ပန်းသောက များရတတ်သည် ခရီးဝေး
လာမှုများတွင် ငွေကြေးပြဿနာများ သတိပြုပါ။ အကြောင်းအမျိုးမျိုးကြောင့် အကုန်အကျများနေသေ
ငွေကို ချုံးခြိုးချွေတာခွင့် မရရှိနိုင်သော ကာလဖြစ်သည်။ အလုပ်ခွင်မှ အတိုက်အခံများအပေါ် အနိုင်
ချိန်ဖြစ်သည်။ ပြဿနာများကြားမှ မထင်မှတ်သည့် ရာထူးတိုးတက်မှု၊ လုပ်ငန်းအကျိုးရှိမှုများ သင့်ထံ
တံခါးမခေါက်ဘဲ ရောက်ရှိလာမည်။ လုံ့လစိုက်ထုတ်မှု အားနည်းသော ကာလဖြစ်ပြီး အပျော်အပါး
လူမှုရေးကိစ္စများ လွှမ်းခြုံထားလိမ့်မည်။ အောက်လက်ကြောင့် ငွေကြေးအနှောင့်အယှက်ပြဿနာ သ
ပြုပါ။ လုပ်ငန်းရှင်များ စိတ်သောကပြဿနာယှဉ်၍ အောင်မြင်မှုဆုလာဘ်များ သိမ်းပိုက်နိုင်ခွင့်ရှိနေမည်
ပညာသင်ကြားနေသူများ မှန်းချက်နဲ့ နှမ်းတွက် မကိုက်တတ်ပါ။ လူမှုရေးများပြားမှုကြောင့် အိမ်ထောင်
ပဋိပက္ခများ တွေ့ကြုံမည်။ ဘဝခါးခါး၊ အချစ်ခါးခါးနေ့ရက်များကြား အချစ်ကို ပေးဆပ်နေရမည်

### TAURUS



### ပြိဿလက်

အတိုက်အခံအချို့ ရှိနေသော်လည်း ကံကောင်းကြီးပွား တိုးတက်မှုများ ရယူပိုင်ဆိုင်ခွင့်ရှိမည်။ စီးပွားရာ
၌ အခွင့်အရေးကောင်းများ ရရှိမည်။ ရွှေရတနာအသုံးအဆောင်ပစ္စည်းကောင်းများ အသစ်ရရှိသုံးစွဲရ
ဂုဏ်သိက္ခာမြင့်မားတိုးတက်၍ အကြံဉာဏ်ကောင်းများ မွေးဖွားဖြစ်တည်လာမည်။ မထင်မှတ်ဘဲ
ကြေးအများအပြားရရှိတတ်ပြီး လုပ်ငန်းတွင် အကျိုးအမြတ်ကောင်းများ ရယူပိုင်ဆိုင်ခွင့်ရှိမည်။
နေ့တွင် စပ်တူစပ်ဖက် ထိကံစမ်းပေးပါ။ မတော်တဆ အသေးအဖွဲ ထိခိုက်ဒဏ်ရာရရှိမှုများ တွေ့ကြုံ
သည်။ ဆီး၊ အပူ၊ အဖျားရောဂါများ တွေ့ကြုံဖြစ်ပွားတတ်သည်။ လုပ်ငန်းရှင်များ ငွေကြေးအကျိုး
မြင့်မားတိုးတက်သောကာလဖြစ်သည်။ ပညာသင်ကြားနေသူများ အဖက်ဖက်မှ အောင်မြင်မှုများ ဆီ
နေမည်။ အိမ်ထောင်ရှင်များ စီးပွားရေးအဆင်ပြေမှုကြောင့် ငြိမ်းချမ်းသောဘဝ ရရှိမည်။ ချစ်သူ
စိတ်ကူးဆန္ဒ ထပ်တူကျ၍ သံယောဇဉ်နှောင်ကြိုး ခိုင်မြဲနေမည်။

### GEMINI



### မေထုန်လက်

စိတ်သောကများပြားပြီး အဖက်ဖက်တွင် ပူပန်မှုများ ယှဉ်တွဲနေမည်။ ငွေကြေးအကျိုးအမြတ်
စိတ်ကြိုက်ဖန်တီး ပုံဖော်နိုင်သော်လည်း စိတ်ချမ်းမြေ့မှု လျော့နည်းချိန်ဖြစ်ပေသည်။ ငွေကြေးကိစ္စ
အတွက် စကားစစ်ခင်း တိုက်ပွဲဝင်ရလိမ့်မည်။ မောင်နှမသားချင်းအရေးကိစ္စများကြောင့် ပင်ပန်းနေ
ကျန်းမာရေးအတွက် သတိရှိပါ။ ကောင်းမွန်သည့် အဆက်အသွယ်ကောင်းများကြောင့် ငွေကြေးအများအ
အကျိုးရှိမည်။ ဦးခေါင်းနာကျင်ကိုက်ခဲမှုနှင့် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ သတိပြုပါ။ သွေ
ဝေဒနာရှင်များ ရောဂါဖိစီးမှုများမည်။ ဝမ်းပျက်တတ်သော ကာလဖြစ်သည်။ လုပ်ငန်းရှင်များ အောက်
ကြောင့် ပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ ပညာသင်ကြားနေသူများ ကျန်းမာရေးကြောင့် လွဲချော်
တွေ့ကြုံတတ်သည်။ အိမ်ထောင်ရှင်များ ိ ာ်မကြည်လင်မှုများပြားခြင်းကြောင့် သုခချမ်းသာမှု နည်း
ချိန်ဖြစ်သည်။ ချစ်သူများ ကြားလူကြောင့် ပြင်းထန်သည့် ပြဿနာများ ပေါ်ပေါက်လာတတ်သ

### CANCER



### ကရကဋ်လက်

အဆင်မပြေမှု ဝဲဂယက်များထဲမှ လွတ်မြောက်ရန် ကြန့်ကြာနေမည့် ကာလ။ တစ်ဟုန်ထိုး ကံကော
တိုးတက်မှုများ ဆက်တိုက်ေ ့ ကြုံလာမည်။ ဘာသာရေးနှင့် အလှူအတန်းကိစ္စများ ထူးခြ
ဆောင်ရွက်ခွင့်ရှိမည်။ မောင်နှမသားချင်း အတိုက်အခိုက်များ ရင်ဆိုင်ဖြေရှင်းရမည်။ ဆောင်ရွက်ကြ
မှုများ၌ ပင်ပန်းမှုနှင့် သောကယှဉ်သော်လည်း အဆုံးသတ်၌ အောင်မြင်မှုများရရှိမည်။ လူမှုရေးအ
အယှက်နှင့် စိန်ခေါ်မှုများရှိနေသော်လည်း အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်။ လွဲမှားစွာ ဆုံးဖြတ်ကြ
ယူဆချက်များအား သတိပြုရန် လိုအပ်မည်။ ကျန်းမာရေးတွင် စိတ်ပင်ပန်းမှုများကြောင့် အညံ့ကြုံ
သည်။ လုပ်ငန်းရှင်များ ရှုံးရှောက်ဂိတ်ရောက် ပြဿနာများ ဖြေရှင်းရမည်။ ပညာသင်ကြားနေ
ပညာရေး စိတ်ပါဝင်စားမှု အားနည်းနေချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့်
လွဲချော်မှု များပြားနေတတ်မည်။ ချစ်သူများ လူမှုရေးအရှုပ်အထွေးပြဿနာများ ပေါ်ပေါက်တတ်



www.burmeseclassic.com

www.burmeseclassic.com

LEO



သိဟ်လင်

အတိုက်အခံများပြားပြီး လုပ်ငန်းတွင် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်တွေ့ကြုံရတတ်သည်။ လူမှုရေးနယ်ပယ်တွင် ထင်ရှားကျော်ကြားပြီး စန်းထသော အရှိန်အဟုန်ရှိနေသေးသည်။ အလုပ်အတွက် အထင်ကြီးခံရသော်လည်း မိမိအတွက် အကျိုးမရှိသော ကာလဖြစ်သည်။ မတော်တဆ ထိခိုက်မှုများ တွေ့ကြုံနိုင်သည်။ မိမိ၏ ကောင်းမွန်သော စိတ်ကူးဆန္ဒများအတွက် ဖန်တီးပုံဖော်ရန် ကံကြမ္မာမှ ပိတ်ဆို့တားဆီးထားချိန်ဖြစ်သည်။ ခရီးဝေးများသွား၍ လုပ်ငန်းကိစ္စများ အကျိုးရှိတတ်မည်။ ငွေကြေးအကျိုးပေးကံ သင့်တင့်သော်လည်း ငွေကြေးကုန်ကျမှု ကြီးမြင့်နေချိန်ဖြစ်သည်။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းတွင် အတိုက်အခံများပြားပြီး မျှော်မှန်းသလောက် အကျိုးမရှိတတ်ပါ။ ပညာသင်ကြားနေသူများ အတိုက်အခံများပြားပြီး ကံဇာတာမှေးမှိန်ချိန်ဖြစ်သည်။ အိမ်ထောင်ရှင်များ လူမှုရေးပြဿနာအနှောင့်အယှက်များကြောင့် အထင်အမြင်လွဲချော်နေမည်။ ချစ်သူများ နားလည်မှု လွဲချော်နေချိန်ဖြစ်ပြီး အမုန်းအရိပ်ဆိုးများကြား ပဋိပက္ခပြင်းထန်နေတတ်သည်။

VIRGO



ကန်လင်

ကောင်းမွန်သော ကံကြမ္မာမှ သင့်အား ဆက်လက်ပြီး အခွင့်အရေးသစ်များ ဖန်တီးပေးဖွယ် ရှိနေမည်။ ငွေကြေးအကျိုးပေးကံ အထူးကောင်းမွန်ပြီး ထီဆုကြီးများ ပေါက်တတ်ချိန်ဖြစ်သည်။ သောကြာ၊ တနင်္ဂနွေနေ့များ၌ ထီကံစမ်းပေးပါ။ အလုပ်အတွက် အခွင့်အလမ်းကောင်းများ စောင့်ကြိုနေမည်။ စီးပွားတိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ပြင်းထန်ချိန်ဖြစ်ပြီး ရွှေရတနာပစ္စည်းအသစ်အဆန်းများ လက်ဆောင်ရရှိတတ်မည်။ တင့်တယ်သော စကားလုံးများဖြင့် လုပသော ကောင်းကင်ပြာအောက် ဘဝ၏ဆန္ဒများကို အကောင်းဆုံး ဆေးခြယ်ခွင့်ရှိမည်။ မိသားစု၌ အိမ်ခြံမြေယာဥ်ကိစ္စများအတွက် ကံကောင်းအကျိုးရှိချိန်ဖြစ်သည်။ လုပ်ငန်းရှင်များ ကြိုးစားသလောက် အရာထင်မည်။ ပညာသင်ကြားနေသူများ အစကောင်းပြီး အဆုံးပိုင်း မကောင်းပါ။ အိမ်ထောင်ရှင်များ ကောင်းသော မင်္ဂလာခရီးများ သွားလာရပြီး လှပသော မိသားစုဘဝ ဖန်တီးခွင့်ရရှိမည်။ ချစ်သူ၏ ထိုးနက်သော စကားလုံးများအောက် ဖြေရှင်းခွင့်မရနိုင်သော ကာလတစ်ခုဖြစ်သည်။

LIBRA



တူလင်

ကံကောင်းမှုများ စတင်မွေးဖွားဖြစ်တည်ချိန်ဖြစ်သော်လည်း အခက်အခဲအချို့ ယှဉ်တွဲနေလိမ့်မည်။ မိမိ၏ ဘုန်းကံဩဇာအရှိန်အဝါများ ထွန်းလင်း တောက်ပလာချိန်ဖြစ်သည်။ ဂုဏ်သတင်းနှင့် ထင်ရှားကျော်ကြားမှုများ ပေါ်ပေါက်လာတတ်သည်။ အလုပ်အတွက် အောင်မြင်မှု ရောင်နီဦး လွှမ်းခြုံ ရစ်သိုင်း၍ အားမာန်သစ်များ အစပျိုးသော နိဒါန်းကာလဖြစ်ပေသည်။ ပြတ်သားသော စကားအသုံးအနှုန်းများအား သတိပြု ရှောင်ကြဉ်ရန် လိုအပ်ပြီး၊ သင်၏ အောင်မြင်မှုများအား သံတမန်နည်းလမ်းတကျ ဖန်တီးကြိုးပမ်းပုံဖော်ပါ။ လုပ်ငန်းခွင်မှ ငွေကြေးကံကောင်းသည့် ကာလဖြစ်ပြီး နိုင်ငံရပ်ခြား အကျိုးအမြတ်များပါ ရရှိလာနိုင်သည်။ လုပ်ငန်းရှင်များ အခက်အခဲအချို့ ရင်ဆိုင်ဖြတ်ကျော်ပြီး အောင်မြင်မှုပန်းတိုင်ဆီသို့ ရှက်လှှင့် ခရီးနှင်ခွင့်ရရှိလာမည်။ ပညာသင်ကြားနေသူများ ကံကောင်းမှု လက်ဆောင်များ ရယူခွင့်ရှိမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်ထံမှ အဆက်အသွယ်ကောင်းများ ရတတ်သည်။ ချစ်သူများ အချစ်အတွက် အရာရာလှပချိန်ဖြစ်သည်။

SCORPIO



ဗြိစ္ဆာလင်

အတိုက်အခံများပြားပြီး လုပ်ငန်းတွင် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်တွေ့ကြုံရတတ်သည်။ လူမှုရေးနယ်ပယ် ထင်ရှားကျော်ကြားပြီး စန်းထသော အရှိန်အဟုန်ရှိနေသေးသည်။ အလုပ်အတွက် အထင်ကြီးခံရသော်လည်း မိမိအတွက် အကျိုးမရှိသော ကာလဖြစ်သည်။ မတော်တဆ ထိခိုက်မှုများ တွေ့ကြုံနိုင်သည်။ မိမိ၏ ကောင်းမွန်သော စိတ်ကူးဆန္ဒများအတွက် ဖန်တီးပုံဖော်ရန် ကံကြမ္မာမှ ပိတ်ဆို့တားဆီးထားချိန်ဖြစ်သည်။ ခရီးဝေးများသွား၍ လုပ်ငန်းကိစ္စများ အကျိုးရှိတတ်မည်။ ငွေကြေးအကျိုးပေးကံ သင့်တင့်သော်လည်း ငွေကြေးကုန်ကျမှု ကြီးမြင့်နေချိန်ဖြစ်သည်။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းတွင် အတိုက်အခံများပြားပြီး မျှော်မှန်းသလောက် အကျိုးမရှိတတ်ပါ။ ပညာသင်ကြားနေသူများ အတိုက်အခံများပြားပြီး ကံဇာတာ မှေးမှိန်ချိန်ဖြစ်သည်။ အိမ်ထောင်ရှင်များ လူမှုရေးပြဿနာ အနှောင့်အယှက်များကြောင့် အထင်အမြင်လွဲချော်နေမည်။ ချစ်သူများ နားလည်မှု လွဲချော်နေချိန်ဖြစ်ပြီး အမုန်းအရိပ်ဆိုးများကြား ပဋိပက္ခပြင်းထန်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



## ဓနုလက်

ကံဇာတာ မြင့်မားတိုး၍ ငွေကြေးအကျိုးပေးကံ အထူးကောင်းမွန်သော ကာလဖြစ်သည်။ မိမိ
လိုအင်ကြံစည်မှုများ ပြည့်ဝ အောင်မြင်၍ အောင်ပွဲများဖြင့် ခရီးဆက်နှင်ရမည်။ ငွေကြေး
မြင့်မား၍ အစုလိုက်အပုံလိုက် အကျိုးရှိမှုများ တွေ့ကြုံလာမည်။ ထီပေါက်တတ်သည်။ ကြာသပ
နှင့် သောကြာနေ့များ၌ ထီကံစမ်းပေးပါ။ အိမ်ခြံမြေယာဥ်ကိစ္စများ၌ အကျိုးထူးများ တွေ့ကြုံနိုင်သ
လုပ်ငန်းတွင် ဩဇာအရှိန်အဝါ တိုးတက်မြင့်မား၍ အောင်မြင်မှုများ ဖန်တီးခွင့်ရရှိမည်။ စီးပွားရေး
ဆိုင်ရာ ပြဿနာအချို့ တွေ့ကြုံရသော်လည်း အောင်မြင်စွာ ဖြေရှင်းနိုင်မည်။ လုပ်ငန်းရှင်မ
ကြိုးစားသလောက် ငွေကြေးအကျိုးအမြတ်များရရှိမည်။ ပညာသင်ကြားနေသူများ ပင်ပန်းပြီး အကျိ
အရာထင်မည်။ အိမ်ထောင်ရှင်များ စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းပြီး ကောင်းခြင်းမင်္ဂလာ အဖြာဖြာ
ပြည့်စုံချိန်။ ချစ်သူများ လရိပ်ကောင်းကင်အောက် လှပသည့်နေ့များ ဖြတ်ကျော် ရင်ဆိုင်ရမည

## CAPRICORN



## မကာရလက်

အတိုက်အခံများပြားသော်လည်း မိမိရည်မှန်းချက်များအား အောင်မြင်စွာ ဖန်တီး ပုံဖော်ခွင့်ရှိမ
တရားမဝင် ငွေကြေးအကျိုးရှိမှုများ တွေ့ကြုံရမည်။ ငွေကြေးပျောက်ရှပျက်စီး ဆုံးရှုံးမှုများ ယှဉ်တွဲ
မည်။ ကံကောင်းစေမည့် အခွင့်အလမ်းများ ပေါ်ပေါက်လာမည်။ ရာထူးတိုးတက်မှု (သို့မဟုတ်
လုပ်ငန်းတိုးချဲ့ရန်အတွက် ကံကောင်းမှုများ အတိုက်အခံယှဉ်တွဲ ပေါ်ပေါက်လာတတ်သ
မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ သတိပြုပါ။ ခရီးဝေးနှင့် နိုင်ငံရပ်ခြားခရီးသွားလာမှ
တွေ့ကြုံပေါ်ပေါက်လာတတ်သည်။ ဘဝအဆင့်အတန်းအခြေအနေ မြင့်မားတိုးတက်မည်။ လုပ်
ရှင်များ လုပ်ငန်းအကျိုးပေးကံ ကောင်းမွန်သော်လည်း မျှော်မှန်းသလောက် ငွေကြေးအကျိုးအ
မရရှိနိုင်ပါ။ ပညာသင်ကြားနေသူများ ကံဇာတာ အထူးမြင့်မားချိန်ဖြစ်သည်။ အိမ်ထောင်ရှင်
ငွေကြေးကိစ္စများအတွက် အတိုက်အခံကြုံမည်။ ချစ်သူများ၏ အနာဂတ်အတွက် လှပသ
ရွှေရောင်အိပ်မက်များ ဆီးကြိုနေမည်။

## AQUARIUS



## ကုမ်လက်

လူမှုရေးအခက်အခဲ အနှောင့်အယှက်ပြဿနာများ ရင်ဆိုင်တွေ့ကြုံ ဖြေရှင်းရမည်။ မိမိဆောင်
ကြိုးပမ်းမှုတို့၌ ပင်ပန်းပြီး အကျိုးခံစားခွင့်များ နည်းပါးနေတတ်သည်။ ဖြစ်လိုသော လိုအင်ဆ
ပြည့်ဝ အောင်မြင်ရန် နီးကပ်သော ကာလဖြစ်သည်။ အခက်အခဲများ ဖြေရှင်းရာတွင် ကောင်းမွန်
အထောက်အပံ့ အကူအညီကောင်းများ ရရှိတတ်သည်။ လုပ်ငန်းသစ်များ ပုံဖော်ဆောင်ရွက်
အခွင့်အရေးသစ်များ လက်ဝယ်သို့ ရောက်ရှိလာတတ်သည်။ ကျန်းမာရေးကိစ္စများအတွက် ငွေကုန်
များပြားနေတတ်သည်။ လုပ်ငန်းရှင်များ စပ်တူစပ်ဖက် လုပ်ငန်းကိစ္စများအတွက် သတိပြု ရှောင်
ပါ။ ပညာသင်ကြားနေသူများ အတိုက်အခံရှိသော်လည်း ပညာရေးအောင်မြင်မှုများ ဖန်တီးခွင့်ရှိ
အိမ်ထောင်ရှင်များ ပြင်းထန်သည့် အိမ်ထောင်ရေးပြဿနာများ ပေါ်ပေါက်တွေ့ကြုံလာတတ်သ
ချစ်သူမျှ၏ ကူညီဖြေရှင်းပေးမှုကြောင့် မိမိ၏ အခက်အခဲပြဿနာများ လျော့ပါး သက်သာသွား

## PISCES



## မိန်လက်

ကံကောင်းမှု ဆုလက်ဆောင်များ မိမိထံ ဦးခိုက်ရောက်ရှိလာမည်။ ပြည့်စုံကြွယ်ဝ ကြီးပွားအောင်
များ စိတ်တိုင်းကျ ဖန်တီးခွင့်ရရှိချိန်။ တိမ်ပြာပြာ မိုးကောင်းကင်အောက် ဘဝစည်းချက် ကာ
လှပချိန်။ ထီပေါက်သလို ငွေကြေးအမြောက်အမြားရရှိတတ်ပြီး ဘာပဲလုပ်လုပ် ငွေကံကောင်း
မိမိဂုဏ်သိက္ခာနှင့် ရာထူးဘုန်းကံအရှိန်အဝါ မြင့်မားတိုးတက်သော ကာလဖြစ်သည်။ အိမ်
ယာဥ်တို့နှင့် ပတ်သက်၍ စိတ်ပင်ပန်းရမည်။ လုပ်ငန်းတွင် ကြီးမားသော ပြောင်းလဲတိုးတက်မှ
တွေ့ကြုံ၍ လုပ်ငန်းတွင် အတိုက်အခံများကြားမှ ကံကောင်း အောင်မြင်ချိန်။ လုပ်ငန်းရှ
ကံဇာတာအထွဋ်အထိပ်သို့ ရောက်ရှိချိန်။ ပညာသင်ကြားနေသူများ ရွှေရောင် အောင်မြင်
ဆီးကြိုနေချိန်။ အိမ်ထောင်ရှင်များ စီးပွားဥစ္စာ ပြည့်စုံကြွယ်ဝပြီး တည်ငြိမ်အေးချမ်းသည့် မိသ
ရရှိမည်။ ချစ်သူများ အရာရာ၌ အဆင်ပြေ အိုကေမည်။


www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ မတ်လ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ် ၌ လက် ၁၂လက်ဖြင့် လူတန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ ...င်းအား ထွန်းတောက်သော နက္ခတ် ၁၂လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ ...ဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ ...ပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက် ...သည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ် ...သီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီး ...ာ် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လက်တစ်လက် ... သတ်မှတ်၍ လက် ၁၂လက်အတွက် နက္ခတ် ၁၂လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် ...တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) ...ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ ...တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့ ... ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့် နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လက် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လက်ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်းဖြင့် လက် ၁၂လက်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် ၅း၄၅ မှ ၇း၄၅ နာရီအတွင်း မွေးဖွားသူ တစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉း၄၅ မှ ၁၁း၄၅ နာရီအတွင်း မွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လက်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် ...ည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ...ပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္ဂ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး ... နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ ...များဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လက်အသီးသီး ...ာ် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္ဂ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် ...လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ ...သစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆို ...အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*ဦးဇေယျာကို (B.Sc)(D.S.A)*

*နက္ခတ်သိပ္ပံအဖွဲ့*



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှာ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၂၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁၀း၂၉ | ၁၁း၀၁ | ၁၂း၀၇ | ၁၂း၃၆ | ၁၄း၂၈ | ၁၄း၅၈ | ၁၆း၁၆ | ၁၆း၄၈ | ၁၇း၀၄ | ၁၇း၃၇ | ၂၀း၅၂ | ၂၁း၂၅ |
| ၁၀း၂၅ | ၁၀း၅၇ | ၁၂း၀၃ | ၁၂း၃၂ | ၁၄း၂၄ | ၁၄း၅၄ | ၁၆း၁၂ | ၁၆း၄၄ | ၁၇း၀၀ | ၁၇း၃၃ | ၂၀း၄၈ | ၂၁း၂၁ |
| ၁၀း၂၁ | ၁၀း၅၃ | ၁၁း၅၉ | ၁၂း၂၉ | ၁၄း၂၁ | ၁၄း၅၁ | ၁၆း၀၈ | ၁၆း၄၀ | ၁၆း၅၆ | ၁၇း၂၉ | ၂၀း၄၄ | ၂၁း၁၇ |
| ၁၀း၁၇ | ၁၀း၄၉ | ၁၁း၅၅ | ၁၂း၂၅ | ၁၄း၁၆ | ၁၄း၄၆ | ၁၆း၀၄ | ၁၆း၃၆ | ၁၆း၅၂ | ၁၇း၂၅ | ၂၀း၄၀ | ၂၁း၁၃ |
| ၁၀း၁၃ | ၁၀း၄၅ | ၁၁း၅၁ | ၁၂း၂၁ | ၁၄း၁၂ | ၁၄း၄၂ | ၁၆း၀၀ | ၁၆း၃၂ | ၁၆း၄၈ | ၁၇း၂၁ | ၂၀း၃၆ | ၂၁း၁၀ |
| ၁၀း၁၀ | ၁၀း၄၁ | ၁၁း၄၇ | ၁၂း၁၇ | ၁၄း၀၈ | ၁၄း၃၈ | ၁၅း၅၆ | ၁၆း၂၈ | ၁၆း၄၄ | ၁၇း၁၇ | ၂၀း၃၂ | ၂၁း၀၆ |
| ၁၀း၀၆ | ၁၀း၃၇ | ၁၁း၄၃ | ၁၂း၁၃ | ၁၄း၀၄ | ၁၄း၃၄ | ၁၅း၅၂ | ၁၆း၂၄ | ၁၆း၄၀ | ၁၇း၁၃ | ၂၀း၂၈ | ၂၁း၀၂ |
| ၁၀း၀၂ | ၁၀း၃၃ | ၁၁း၃၉ | ၁၂း၀၉ | ၁၄း၀၀ | ၁၄း၃၀ | ၁၅း၄၈ | ၁၆း၂၁ | ၁၆း၃၆ | ၁၇း၁၀ | ၂၀း၂၄ | ၂၀း၅၈ |
| ၉း၅၈ | ၁၀း၂၉ | ၁၁း၃၅ | ၁၂း၀၅ | ၁၃း၅၆ | ၁၄း၂၆ | ၁၅း၄၄ | ၁၆း၁၇ | ၁၆း၃၂ | ၁၇း၀၇ | ၂၀း၂၀ | ၂၀း၅၄ |
| ၉း၅၄ | ၁၀း၂၅ | ၁၁း၃၁ | ၁၂း၀၁ | ၁၃း၅၂ | ၁၄း၂၂ | ၁၅း၄၀ | ၁၆း၁၃ | ၁၆း၂၈ | ၁၇း၀၀ | ၂၀း၁၆ | ၂၀း၅၀ |
| ၉း၅၁ | ၁၀း၂၁ | ၁၁း၂၇ | ၁၁း၅၇ | ၁၃း၄၈ | ၁၄း၁၈ | ၁၅း၃၇ | ၁၆း၀၉ | ၁၆း၂၅ | ၁၆း၅၇ | ၂၀း၁၂ | ၂၀း၄၆ |
| ၉း၄၆ | ၁၀း၁၈ | ၁၁း၂၃ | ၁၁း၅၃ | ၁၃း၄၄ | ၁၄း၁၄ | ၁၅း၃၃ | ၁၆း၀၅ | ၁၆း၂၁ | ၁၆း၅၃ | ၂၀း၀၈ | ၂၀း၄၂ |
| ၉း၄၂ | ၁၀း၁၄ | ၁၁း၁၉ | ၁၁း၄၉ | ၁၃း၄၀ | ၁၄း၁၀ | ၁၅း၂၉ | ၁၆း၀၁ | ၁၆း၁၇ | ၁၆း၄၉ | ၂၀း၀၄ | ၂၀း၃၈ |
| ၉း၃၈ | ၁၀း၁၀ | ၁၁း၁၆ | ၁၁း၄၅ | ၁၃း၃၇ | ၁၄း၀၆ | ၁၅း၂၅ | ၁၅း၅၇ | ၁၆း၁၃ | ၁၆း၄၅ | ၂၀း၀၀ | ၂၀း၃၄ |
| ၉း၃၄ | ၁၀း၀၆ | ၁၁း၁၂ | ၁၁း၄၁ | ၁၃း၃၃ | ၁၄း၀၃ | ၁၅း၂၁ | ၁၅း၅၃ | ၁၆း၁၀ | ၁၆း၄၁ | ၁၉း၅၆ | ၂၀း၃၀ |
| ၉း၃၀ | ၁၀း၀၂ | ၁၁း၀၈ | ၁၁း၃၇ | ၁၃း၂၉ | ၁၃း၅၉ | ၁၅း၁၇ | ၁၅း၄၉ | ၁၆း၀၅ | ၁၆း၃၇ | ၁၉း၅၂ | ၂၀း၂၆ |
| ၉း၂၆ | ၉း၅၈ | ၁၁း၀၄ | ၁၁း၃၄ | ၁၃း၂၅ | ၁၃း၅၅ | ၁၅း၁၃ | ၁၅း၄၅ | ၁၆း၀၁ | ၁၆း၃၄ | ၁၉း၄၈ | ၂၀း၂၂ |
| ၉း၂၂ | ၉း၅၄ | ၁၁း၀၀ | ၁၁း၃၀ | ၁၃း၂၁ | ၁၃း၅၁ | ၁၅း၀၉ | ၁၅း၄၁ | ၁၅း၅၆ | ၁၆း၃၀ | ၁၉း၄၄ | ၂၀း၁၈ |
| ၉း၁၈ | ၉း၅၀ | ၁၀း၅၆ | ၁၁း၂၆ | ၁၃း၁၇ | ၁၃း၄၇ | ၁၅း၀၅ | ၁၅း၃၇ | ၁၅း၅၂ | ၁၆း၂၆ | ၁၉း၄၀ | ၂၀း၁၄ |
| ၉း၁၄ | ၉း၄၆ | ၁၀း၅၂ | ၁၁း၂၂ | ၁၃း၁၃ | ၁၃း၄၃ | ၁၅း၀၁ | ၁၅း၃၃ | ၁၅း၄၉ | ၁၆း၂၂ | ၁၉း၃၇ | ၂၀း၁၀ |
| ၉း၁၀ | ၉း၄၂ | ၁၀း၄၈ | ၁၁း၁၈ | ၁၃း၀၉ | ၁၃း၃၉ | ၁၄း၅၇ | ၁၅း၂၉ | ၁၅း၄၅ | ၁၆း၁၈ | ၁၉း၃၃ | ၂၀း၀၇ |
| ၉း၀၇ | ၉း၃၈ | ၁၀း၄၄ | ၁၁း၁၄ | ၁၃း၀၅ | ၁၃း၃၅ | ၁၄း၅၃ | ၁၅း၂၅ | ၁၅း၄၁ | ၁၆း၁၄ | ၁၉း၂၉ | ၂၀း၀၃ |
| ၉း၀၃ | ၉း၃၄ | ၁၀း၄၀ | ၁၁း၁၀ | ၁၃း၀၁ | ၁၃း၃၁ | ၁၄း၄၉ | ၁၅း၂၁ | ၁၅း၃၇ | ၁၆း၁၀ | ၁၉း၂၅ | ၁၉း၅၉ |
| ၈း၅၉ | ၉း၃၀ | ၁၀း၃၆ | ၁၁း၀၆ | ၁၂း၅၇ | ၁၃း၂၇ | ၁၄း၄၅ | ၁၅း၁၇ | ၁၅း၃၃ | ၁၆း၀၆ | ၁၉း၂၁ | ၁၉း၅၅ |
| ၈း၅၅ | ၉း၂၆ | ၁၀း၃၂ | ၁၁း၀၂ | ၁၂း၅၃ | ၁၃း၂၃ | [illegible]း၄၂ | ၁၅း၁၃ | ၁၅း၂၉ | ၁၆း၀၂ | ၁၉း၁၇ | ၁၉း၅၁ |
| ၈း၅၁ | ၉း၂၂ | ၁၀း၂၈ | ၁၀း၅၈ | ၁၂း၄၉ | ၁၃း၁၉ | ၁၄း၃၈ | ၁၅း၁၀ | ၁၅း၂၅ | ၁၅း၅၈ | ၁၉း၁၃ | ၁၉း၄၇ |
| ၈း၄၇ | ၉း၁၈ | ၁၀း၂၄ | ၁၀း၅၄ | ၁၂း၄၅ | ၁၃း၁၅ | ၁၄း၃၄ | ၁၅း၀၆ | ၁၅း၂၁ | ၁၅း၅၄ | ၁၉း၀၉ | ၁၉း၄၃ |
| ၈း၄၃ | ၉း၁၅ | ၁၀း၂၁ | ၁၀း၅၀ | ၁၂း၄၂ | ၁၃း၁၂ | ၁၄း၃၀ | ၁၅း၀၂ | ၁၅း၁၇ | ၁၅း၅၀ | ၁၉း၀၅ | ၁၉း၃၉ |
| ၈း၃၉ | ၉း၁၀ | ၁၀း၁၇ | ၁၀း၄၆ | ၁၂း၃၈ | ၁၃း၀၈ | ၁၄း၂၆ | ၁၄း၅၈ | ၁၅း၁၃ | ၁၅း၄၆ | ၁၉း၀၁ | ၁၉း၃၅ |
| ၈း၃၅ | ၉း၀၇ | ၁၀း၁၃ | ၁၀း၄၂ | ၁၂း၃၄ | ၁၃း၀၄ | ၁၄း၂၂ | ၁၄း၅၄ | ၁၅း၁၀ | ၁၅း၄၂ | ၁၈း၅၇ | ၁၉း၃၁ |
| ၈း၃၁ | ၉း၀၃ | ၁၀း၀၉ | ၁၀း၃၈ | ၁၂း၃၀ | ၁၃း၀၀ | ၁၄း၁၈ | ၁၄း၅၀ | ၁၅း၀၆ | ၁၅း၃၉ | ၁၈း၅၃ | ၁၉း၂၇ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလက် | | ဗြိစ္ဆာလက် | | ဓနုလက် | | မကာရလက် | | ကုမ်လက် | | မိန်လက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၂၂:၁၀ | ၂၂:၄၃ | ၂၃:၂၁ | ၂၃:၅၀ | ၀၂:၄၄ | ၀၃:၁၄ | ၀၂:၄၆ | ၀၃:၁၆ | ၀၅:၁၆ | ၀၅:၅၀ | ၀၈:၂၀ | [illegible] |
| ၂ | ၂၂:၀၇ | ၂၂:၃၉ | ၂၃:၁၆ | ၂၃:၄၇ | ၀၂:၄၀ | ၀၃:၁၀ | ၀၂:၄၂ | ၀၃:၁၂ | ၀၅:၁၂ | ၀၅:၄၆ | ၀၈:၁၆ | [illegible] |
| ၃ | ၂၂:၀၃ | ၂၂:၃၅ | ၂၃:၁၂ | ၂၃:၄၃ | ၀၂:၃၇ | ၀၃:၀၇ | ၀၂:၃၈ | ၀၃:၀၈ | ၀၅:၀၈ | ၀၅:၄၂ | ၀၈:၁၂ | [illegible] |
| ၄ | ၂၁:၅၉ | ၂၂:၃၁ | ၂၃:၀၈ | ၂၃:၃၉ | ၀၂:၃၃ | ၀၃:၀၃ | ၀၂:၃၄ | ၀၃:၀၄ | ၀၅:၀၄ | ၀၅:၃၈ | ၀၈:၀၈ | [illegible] |
| ၅ | ၂၁:၅၅ | ၂၂:၂၇ | ၂၃:၀၄ | ၂၃:၃၅ | ၀၂:၂၉ | ၀၂:၅၉ | ၀၂:၃၀ | ၀၃:၀၀ | ၀၅:၀၀ | ၀၅:၃၄ | ၀၈:၀၄ | [illegible] |
| ၆ | ၂၁:၅၁ | ၂၂:၂၃ | ၂၃:၀၀ | ၂၃:၃၁ | ၀၂:၂၅ | ၀၂:၅၅ | ၀၂:၂၆ | ၀၂:၅၆ | ၀၄:၅၆ | ၀၅:၃၀ | ၀၈:၀၀ | [illegible] |
| ၇ | ၂၁:၄၇ | ၂၂:၂၀ | ၂၂:၅၇ | ၂၃:၂၇ | ၀၂:၂၁ | ၀၂:၅၁ | ၀၂:၂၂ | ၀၂:၅၂ | ၀၄:၅၂ | ၀၅:၂၆ | ၀၇:၅၆ | [illegible] |
| ၈ | ၂၁:၄၄ | ၂၂:၁၆ | ၂၂:၅၃ | ၂၃:၂၃ | ၀၂:၁၇ | ၀၂:၄၇ | ၀၂:၁၈ | ၀၂:၄၈ | ၀၄:၄၈ | ၀၅:၂၂ | ၀၇:၅၂ | [illegible] |
| ၉ | ၂၁:၄၀ | ၂၂:၁၂ | ၂၂:၄၉ | ၂၃:၁၉ | ၀၂:၁၃ | ၀၂:၄၃ | ၀၂:၁၄ | ၀၂:၄၄ | ၀၄:၄၅ | ၀၅:၁၈ | ၀၇:၄၈ | [illegible] |
| ၁၀ | ၂၁:၃၆ | ၂၂:၀၈ | ၂၂:၄၅ | ၂၃:၁၅ | ၀၂:၀၉ | ၀၂:၃၉ | ၀၂:၁၀ | ၀၂:၄၀ | ၀၄:၄၁ | ၀၅:၁၄ | ၀၇:၄၄ | [illegible] |
| ၁၁ | ၂၁:၃၂ | ၂၂:၀၄ | ၂၂:၄၁ | ၂၃:၁၁ | ၀၂:၀၅ | ၀၂:၃၅ | ၀၂:၀၇ | ၀၂:၃၇ | ၀၄:၃၇ | ၀၅:၁၀ | ၀၇:၄၀ | [illegible] |
| ၁၂ | ၂၁:၂၈ | ၂၂:၀၀ | ၂၂:၃၇ | ၂၃:၀၇ | ၀၂:၀၁ | ၀၂:၃၁ | ၀၂:၀၃ | ၀၂:၃၃ | ၀၄:၃၃ | ၀၅:၀၆ | ၀၇:၃၆ | [illegible] |
| ၁၃ | ၂၁:၂၄ | ၂၁:၅၆ | ၂၂:၃၃ | ၂၃:၀၃ | ၀၁:၅၇ | ၀၂:၂၇ | ၀၁:၅၉ | ၀၂:၂၉ | ၀၄:၂၉ | ၀၅:၀၂ | ၀၇:၃၂ | [illegible] |
| ၁၄ | ၂၁:၂၁ | ၂၁:၅၂ | ၂၂:၂၉ | ၂၂:၅၉ | ၀၁:၅၃ | ၀၂:၂၃ | ၀၁:၅၅ | ၀၂:၂၅ | ၀၄:၂၅ | ၀၄:၅၈ | ၀၇:၂၈ | [illegible] |
| ၁၅ | ၂၁:၁၆ | ၂၁:၄၈ | ၂၂:၂၅ | ၂၂:၅၆ | ၀၁:၄၉ | ၀၂:၁၉ | ၀၁:၅၁ | ၀၂:၂၁ | ၀၄:၂၁ | ၀၄:၅၅ | ၀၇:၂၄ | [illegible] |
| ၁၆ | ၂၁:၁၂ | ၂၁:၄၄ | ၂၂:၂၁ | ၂၂:၅၂ | ၀၁:၄၅ | ၀၂:၁၆ | ၀၁:၄၇ | ၀၂:၁၇ | ၀၄:၁၇ | ၀၄:၅၁ | ၀၇:၂၁ | [illegible] |
| ၁၇ | ၂၁:၀၈ | ၂၁:၄၀ | ၂၂:၁၇ | ၂၂:၄၈ | ၀၁:၄၂ | ၀၂:၁၂ | ၀၁:၄၃ | ၀၂:၁၃ | ၀၄:၁၃ | ၀၄:၄၇ | ၀၇:၁၇ | [illegible] |
| ၁၈ | ၂၁:၀၄ | ၂၁:၃၆ | ၂၂:၁၃ | ၂၂:၄၄ | ၀၁:၃၈ | ၀၂:၀၈ | ၀၁:၃၉ | ၀၂:၀၉ | ၀၄:၀၉ | ၀၄:၄၃ | ၀၇:၁၃ | [illegible] |
| ၁၉ | ၂၁:၀၀ | ၂၁:၃၂ | ၂၂:၀၉ | ၂၂:၄၀ | ၀၁:၃၄ | ၀၂:၀၄ | ၀၁:၃၅ | ၀၂:၀၅ | ၀၄:၀၅ | ၀၄:၃၉ | ၀၇:၀၉ | [illegible] |
| ၂၀ | ၂၀:၅၆ | ၂၁:၂၈ | ၂၂:၀၅ | ၂၂:၃၆ | ၀၁:၃၀ | ၀၂:၀၀ | ၀၁:၃၁ | ၀၂:၀၁ | ၀၄:၀၁ | ၀၄:၃၅ | ၀၇:၀၅ | [illegible] |
| ၂၁ | ၂၀:၅၂ | ၂၁:၂၄ | ၂၂:၀၁ | ၂၂:၃၂ | ၀၁:၂၆ | ၀၁:၅၆ | ၀၁:၂၇ | ၀၁:၅၇ | ၀၃:၅၇ | ၀၄:၃၁ | ၀၇:၀၁ | [illegible] |
| ၂၂ | ၂၀:၄၉ | ၂၁:၂၁ | ၂၁:၅၈ | ၂၂:၂၈ | ၀၁:၂၂ | ၀၁:၅၂ | ၀၁:၂၃ | ၀၁:၅၃ | ၀၃:၅၄ | ၀၄:၂၇ | ၀၆:၅၇ | [illegible] |
| ၂၃ | ၂၀:၄၅ | ၂၁:၁၇ | ၂၁:၅၄ | ၂၂:၂၄ | ၀၁:၁၈ | ၀၁:၄၈ | ၀၁:၁၉ | ၀၁:၄၉ | ၀၃:၅၀ | ၀၄:၂၃ | ၀၆:၅၃ | [illegible] |
| ၂၄ | ၂၀:၄၁ | ၂၁:၁၃ | ၂၁:၅၀ | ၂၂:၂၀ | ၀၁:၁၄ | ၀၁:၄၄ | ၀၁:၁၅ | ၀၁:၄၆ | ၀၃:၄၆ | ၀၄:၁၉ | ၀၆:၄၉ | [illegible] |
| ၂၅ | ၂၀:၃၇ | ၂၁:၀၉ | ၂၁:၄၆ | ၂၂:၁၆ | ၀၁:၁၀ | ၀၁:၄၀ | ၀၁:၁၁ | ၀၁:၄၂ | ၀၃:၄၂ | ၀၄:၁၅ | ၀၆:၄၅ | [illegible] |
| ၂၆ | ၂၀:၃၃ | ၂၁:၀၅ | ၂၁:၄၂ | ၂၂:၁၂ | ၀၁:၀၆ | ၀၁:၃၆ | ၀၁:၀၈ | ၀၁:၃၈ | ၀၃:၃၈ | ၀၄:၁၁ | ၀၆:၄၁ | [illegible] |
| ၂၇ | ၂၀:၂၉ | ၂၁:၀၁ | ၂၁:၃၈ | ၂၂:၀၈ | ၀၁:၀၂ | ၀၁:၃၂ | ၀၁:၀၄ | ၀၁:၃၄ | ၀၃:၃၄ | ၀၄:၀၇ | ၀၆:၃၇ | [illegible] |
| ၂၈ | ၂၀:၂၅ | ၂၀:၅၇ | ၂၁:၃၄ | ၂၂:၀၄ | ၀၀:၅၈ | ၀၁:၂၈ | ၀၁:၀၀ | ၀၁:၃၀ | ၀၃:၃၀ | ၀၄:၀၃ | ၀၆:၃၃ | [illegible] |
| ၂၉ | ၂၀:၂၁ | ၂၀:၅၃ | ၂၁:၃၀ | ၂၂:၀၀ | ၀၀:၅၄ | ၀၁:၂၄ | ၀၀:၅၆ | ၀၁:၂၆ | ၀၃:၂၆ | ၀၃:၅၉ | ၀၆:၂၉ | [illegible] |
| ၃၀ | ၂၀:၁၇ | ၂၀:၄၉ | ၂၁:၂၆ | ၂၁:၅၇ | ၀၀:၅၀ | ၀၁:၂၀ | ၀၀:၅၂ | ၀၁:၂၂ | ၀၃:၂၂ | ၀၃:၅၆ | ၀၆:၂၆ | [illegible] |
| ၃၁ | ၂၀:၁၃ | ၂၀:၄၅ | ၂၁:၂၂ | ၂၁:၅၃ | ၀၀:၄၆ | ၀၁:၁၇ | ၀၀:၄၈ | ၀၁:၁၈ | ၀၃:၁၈ | ၀၃:၅၂ | ၀၆:၂၂ | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

# ဆိုးချွန်းမောင်ဆိုင်
# မင်းတိုင်ပင်

မြရောင်မြေ



www.burmeseclassic.com

www.burmeseclassic.com

စေ့စေ့တွေး ရေးရေးပေါ်ဆိုသလို

အတိတ်ဆိုတာ နှစ်ပရိစ္ဆေဒ ကြာညောင်းလာတော့ တရိပ်ရိပ် ရေးရေး အနေးပြကွက်တွေ ပေါ်လာ တတ်ပါတယ်။ ဖြစ်ရပ်ဆန်းတွေ၊ ကြောင်းအရာအသစ်တွေ ဟာ ခုပြီးတစ်ခု ပေါ်တတ်တယ်။ တချို့ သြလို့ မကုန်နိုင်ဖွယ်ဟု ဆိုရပါလိမ့် မယ်။ ဒီအကြောင်းတွေသည်လည်း ပြီးခဲ့လို့ နိဂုံးချုပ်သွားကြပေ ကျန်ရှိနေတဲ့သူ၊ ကြားတဲ့သူ၊ မြင် သူ၊ တစ်ဆင့်စကား တစ်ဆင့်ကြား သားထားတဲ့သူတွေက ပြန်ပြောပြ ပုံပြင်လို၊ ဒဏ္ဍာရီလိုလိုဖြစ်လာ ယ်။

သမုဒ္ဒိသစ္စာအမြင်နဲ့ ကြည့်ကြည့် ဒိဋ္ဌိနဲ့ ယူယူ၊ ဖြစ်စဉ်ကတော့ တူ ပါပဲ။ ဒါကြောင့် သိသမျှကိုတော့ ပြစ်တင်မှုတွေ ဖြစ်ပါစေ၊ တင်ပြ ကတော့ ရဲရဲဝံ့ဝံ့ မမိုတ်မသုန် တ်ကြောင်းတစ်ခုဖြစ်တယ်ဆိုရင် အကျိုးနဲ့ အကြောင်း နှစ်ခုရဲ့ ဆပ်မှုတစ်ရပ်ကြောင့် ဖြစ်ပေါ်လာ ဟု ယုံကြည်သင့်ပါ၏။ ခေတ် ခေတ်သည် ဆိုးမွေ၊ ကောင်းမွေ ကုဏ္ဍာရုံနှင့်၊ အနိဋ္ဌာရုံတို့၏ က သက်သေဖြစ်ပါ၏။

ဒုတိယကမ္ဘာစစ်ကာလအတွင်း တစ်ပြည်လုံး စစ်ဘေးစစ်ဒဏ် ဟုန်းတောက်နေချိန်၊ ဘေးအမျိုး ရောက်နေရတဲ့ ကပ်ဆိုးဘေးဆိုး အနိဋ္ဌာရုံ မြင်ကွင်းကြီးကြားမှာ ဟိုပြေး ဒီပုန်းသည့်ကာလအခါ မှာ ကောင်းကင် လေယာဉ် ဗုံးကြဲချမှု ကြောင့် အစုလိုက် အပြုံလိုက် အလောင်းချင်းထပ် မီးလောင် ပြာကျ သေကြရ၏။ လူသေအလောင်းတွေ ကြားထဲ ငုတ်တုတ်ထိုင် ငိုနေတဲ့ ကလေးတစ်ယောက်၊ အမေ…အမေ နှင့် တစာစာငိုကြွေးလျက် သေကံ မရောက်ခဲ့သည့် သေခဲလေး၊ သက်ပြင်း လေး၊ သုသာန် လက်မခံလေး။ ထို ကလေး၏ အော်ငိုသံကို အနားရှိ ကျောင်းအိုကြီးပေါ်မှ တရားထိုင်၊ ပုတီး စိပ်၊ ဘုရား အာရုံပြုနေသည့် ဆရာ တော်ကြီးတစ်ပါးက ကြားလိုက်ရ၏။

"တပည့်ကျောင်းသား နတ္ထိ။ တောရကျောင်းကဲ့သို့အလားပါ။ ချုံတွေ ရစ်ပတ်နေသည့် ကျောင်း။ ဆရာတော် ကြီးသည် သက်တော် အိုမင်းနေသည့် အရွယ်။ မျက်စိမှုန်၊ ခါးကိုင်း၊ နားထိုင်း၊ ဆံဖြူ သွားကျိုး။ ဇရာ မီးလောင်နေ သည့်ကြား၊ ယခုတော့ မီးတစ်မီး တိုး လာတော့မှာပါလား။ မိမိ၏ ခန္ဓာကိုယ် ကို မနိုင့်တနိုင် ထူမ၊ လက်သုံးတော် ဝါးတောင်ဝှေးကို အဖော်မို၍ ကျောင်း အိုကြီး၏ မနိုင့်တနိုင် လှေကားပေါ်မှ တဒေါက်ဒေါက်နှင့် ဆင်းလာခဲ့ပါတော့ ၏။ ကျောင်းရှေ့သို့ မျက်မှောက်ကို ကြုတ်၊ စမ်းတဝါးဝါးနှင့် ကြည့်လိုက် တော့ ကလေးငိုသံက စူးစူးဝါးဝါး ကြားလာရ၏။ သေသေချာချာ ဂရုစိုက် နားထောင်၏။

"ဒုက္ခ…ဒုက္ခ…ဒုက္ခ၊ ဘယ်လို ဘဝက ဝဋ်ကြွေးပါလိမ့်ကွယ်၊ ဘုရား …ဘုရား…ဘုရား"

ကောင်းကင်ပေါ်မှ တဝီဝီ ပျံဝဲ နေသည့် အင်္ဂလိပ် လေယာဉ်ပျံတွေက မြင်မြင်သမျှကို တဒက်ဒက်နှင့် ပစ် ခတ်နေ၏။ ဗုံးကြဲ တိုက်ခိုက်သံတွေက ပေါက်ပေါက်ဖောက်သည့်အလား။ ထို သို့ ပစ်ခတ်နေသည့်ကြားမှ ငယ်သံပါ အောင် ငိုနေသည့် ကလေးကို ကယ် တင်မှု မရှိခဲ့လျှင် ဆရာတော်ကြီးသည် သတ္တဝါတွေရဲ့ အသက်ကို ကယ်တင် နိုင်သည် မမည်။ တဒက်ဒက် စက် သေနတ်သံတွေကြား အသက်စွန့်၍ ကယ်နိုင်ဖို့ တစ်လုပ်မျှချင်း တုန်တုန် ယင်ယင်နှင့် ထွက်လာခဲ့၏။ ငိုသံက လည်း မစဲသေး။ နားထဲ သံရည်ပူ ပွက်သကဲ့သို့။ ခြေလှမ်းက နှေး၊ ငိုသံ က ကျယ်၊ တဖြည်းဖြည်း အနားတိုး လာတော့…

"ဟာ…ကလေးယောကျ်ားလေး ပါလား။ မသေကောင်း၊ မပျောက် ကောင်းကွယ်"

ကလေးကို မနိုင့်တနိုင် ကရုဏာစိတ်နှင့် မေတ္တာတရားကြီးမား လွန်းတဲ့ ဆရာတော်ကြီးသည် သင်္ကန်း ကွင်း ပြုလုပ်ပြီး ကလေးအား ထည့် ကာ၊ သူ့ဇရာကို ဂရုမထား၊ မရ,ရ အောင် ကျောင်းပေါ်သို့ သယ်ယူ ကယ်မတော်မူခဲ့ပါတော့၏။ ကလေး အား သင်္ကန်းနှင့် ထွေးပြီး ထမင်းကို သွားမရှိသော ခံတွင်းနှင့် ဝါးမြုံ့ကာ ထမင်းကာစီ ကျွေးမွေးခဲ့ပါတော့၏။

ထိုကလေးသည် အသက်အပြင်း ဆုံးလေး ဖြစ်သည်က တစ်ကြောင်း၊ စက်သေနတ်တွေ၊ ကျည်ဆန်တွေကြား ထဲမှာ မထိမှန်ဘဲ ကျန်ခဲ့သည်က တစ်ကြောင်း။ မိမဲ့ ဖမဲ့ကလေးဖြစ်လို့ ရတနာတွေထက် တန်ဖိုးအရှိဆုံး၊ အမာကျောဆုံး "စိန်"ဟု အမည်တပ် လို၍ ဗေဒင်နက္ခတ်အလိုအရ အင်္ဂါနေ့ တွင် ကောက်ရသဖြင့် "မောင်စိန်"ဟု နာမည်ပေးလိုက်ပါတော့၏။

◈◈◈

"အဟမ်း…အဟွတ်…အဟွတ် ….အဟမ်း…ဝေါ့…ဝေါ့…ထွီး



www.burmeseclassic.com

www.burmeseclassic.com

"အဘ··· ချောင်းတွေ သိပ်ဆိုး လွန်းတယ်၊ ခဏနားပါဦး"

"ရပါတယ် ငါ့မြေးရယ်။ မင်းတို့ သိစေချင်လို့ အဘ ပြောနေရတာ၊ မမောပါဘူး"

"အဘ··· ဒါဆို အဘမိတ်တွေနဲ့ ညီအစ်ကိုမောင်နှမတွေ မရှိကြဘူးလား"

"အေးကွ၊ ငါ့မှာ ဘယ်အမျိုး အနွယ်၊ မိဘ ဘယ်သူဆိုတာ ငါ့ဘဝ မှာ မရှိတော့ဘူးကွ"

"တော်တော်ရင်နာစရာကောင်းပါ တယ် အဘကြီး"

"တစ်ကောင်ကြွက်မော့ပါကွာ။ ငါ့ မိဘက ဘုန်းကြီး၊ ငါ့ကျေးဇူးရှင် ဘုန်း ကြီးပါ။ ခုတော့ သူလွမ်းစေတီစေ ပေါင်းလေးတော့ စိုင်တမော့ကွင်းထိပ် မှာ ရှိတန်ကောင်းပသေးတယ်။ ဒီလိုနဲ့ အဲဒီ ခေတ်ဆိုးခေတ်ကျပ်ကြီးရဲ့ ဘေး က တော်တော်နဲ့ မလွတ်ခဲ့ဘူး။ အင်္ဂလိပ်က တို့ဗမာပြည်ကို နှစ်ပေါင်း ရာချီကြာအောင် အုပ်ချုပ်ခဲ့တာ။ တို့ ဗမာအရှင်သခင် ရတနာပုံဘုရင်ထိ ပေါ့။ မင်းနဲ့ စုဖုရားလတ်တို့ကို ဖမ်းပြီး ဟိုး တိုင်းတစ်ပါးပို့။ သူတို့က တို့ဗမာ တွေကို ကျွန်စာရင်းသွင်း နှိပ်စက်ချင် သလို၊ နည်းအမျိုးမျိုးနဲ့ နှိပ်စက်ကြ တယ်။ ပညာရေးကျတော့ တို့အတွက် ဘုန်းကြီးကျောင်း၊ သူတို့လူမျိုးအတွက် တော့ ဟို တက္ကသိုလ်ကြီးတွေ ဖွင့်၊ ရသမျှ သယံဇာတကိုကျတော့ သူတို့ နိုင်ငံပို့၊ သူတို့ မယူနိုင်မှ တို့ပြည်မှာ အသုံးပြုတာလားကွာ။ ဒီနောက်တော့ အဘကြီးတို့လည်း အရွယ်ရောက်လာ တော့ သူ့ကျွန်မခံလိုတဲ့ စိတ်ပြင်းပြ လာတယ်။ အဟွတ်···အဟွတ်··· ထွီ···ထွီ···"

"ကိုမောင်စိန်··· ရှင် မောနေ ပြီ၊ နောက်မှ ပြောပါလား"

"အဟမ်း···အဟမ်း···မငွေ တင့်၊ နင့်မြေးတွေကို ငါ မသေခင် ပြောပြရမှာပေါ့ဟာ၊ အဟွတ်··· အဟွတ်···"

"ကဲ···ရှင့်သဘော၊ ကျွန်မက မောနေမှာစိုးလို့ပါရှင်၊ တကတည်း တော်"

"အဘ···ဒါဆို အင်္ဂလိပ်ရော၊ ဂျပန်ရော နှိပ်စက်တာကို အဘတို့ ခံရတာပေါ့နော်"

"လူလေးတို့··· မင်းတို့က မမွေး သေးတော့ ခေတ်ဆိုးကြီးကို မသိဘူး ပေါ့ကွာ။ ကျွန်ဆိုတာ သူများခိုင်းသမျှ လုပ်၊ မဝရေစာကျွေး၊ မတန်မရာခိုင်း၊ တိရစ္ဆာန်လို ထားပြီး သူတို့ ဇိမ်ခံလို့ မကုန်မှ ကျန်တဲ့ အသိုးအပုပ်တွေ တို့ ကို ကျွေးတာ။ အဲဒါ သူတို့က သခင် တဲ့ကွ။ ငါတို့လည်း ကျွန်ဆိုတဲ့ စကား ကို မခံချင်လို့ တို့ဆရာတော်ကြီးက အင်းအိုင်၊ ခလဲ့၊ လက်ဖွဲ့တွေ ထိုးတဲ့ ပညာ၊ တစ်ပွဲပြန် ပညာတွေကို သင်ပေး ခဲ့တယ်။ အဘကြီးတို့ လူငယ်တွေ တော်တော်သင်ကြတယ်။ နောက်တော့ ကွာ၊ ရဲဆေးတင်တဲ့ ပညာနဲ့ ပျူစော ထီးအဖွဲ့တို့၊ ဂဠုန်တို့အဖွဲ့တို့ ဖွဲ့ကြ တယ်ကွ။ တုတ်၊ ဓား၊ လက်နက်၊ ဒူးလေး၊ ဝါးချွန်၊ လုံ ရတဲ့ လက်နက်နဲ့ မျိုးချစ်စိတ်ဓာတ် ထက်သန်တဲ့ လူငယ် တွေ၊ တိုင်းရင်းသားတွေက တွန်းလှန် ခဲ့ကြတယ်"

"အဘ···ဆက်ပြောပါဦးဗျ"

"မောင်လုတ်···ရေတစ်ခွက် ခပ်ခဲ့စမ်းပါဦး ငါ့မြေး"

"ဟုတ်ကဲ့ အဘ၊ ဟုတ်ကဲ့"

အဘကြီး ဦးမောင်စိန်၏ စကား ကို နားထောင်နေသူက စာရေးသူနှင့် သူ၏ မြေး မောင်လုတ်။ မောင်လုတ် ဆိုတာ ချစ်စနိုးခေါ်တဲ့ အမည်ပါ။

အဘမှာ သမီးနှစ်ယောက်ရှိတ
အကြီးမက ဒေါ်တင်လှ၊ အငယ်မ
မစိမ်းတဲ့။ ဒေါ်တင်လှနဲ့ ဖား
ခင်မောင်တို့ အကြောင်းပါ
မောင်လုတ်ဆိုတဲ့ သူ့မြေးအ
ယောက်ျားလေး ၅ယောက် မွေးဖွ
ပါ၏။ ကျန်တဲ့ ဒေါ်မစိမ်းက အပျို
ဘဝဖြင့် နေရင်း လူပျိုကြီးနှင့်
ထောင်ကျလို့ ကံစွပ်ပြီး သမီး
တစ်ယောက် မွေးဖွားခဲ့ပါ၏။ အ
ဦးမောင်စိန်၏ ဇနီး ဒေါ်ငွေတင့်သ
စာရေးသူတို့အစမေနှင့် ညီအစ်မဝမ်း
တော်ပါသည်။ သူတို့က သွပ်မိုး
ထောင်၊ ကျွဲကိုင် လယ်လုပ် ပ
ချမ်းသာတဲ့ ရွာသူဌေးစာရင်းမှာ
သည်။ ဦးမောင်စိန်ကိုတော့ လူ
လူတိုကြီး၊ လူတစ်ဇောက်ကန်ကြီး
ပြောကြ၏။ နောက်တစ်မျိုးပြောကြ
ကတော့ လူ့ခွစာကြီးတဲ့။ ဒီ
ပိုဆိုးတာက ကိုချောင်း မောင်စိ
ဘာကြောင့်ခေါ်သည်ကိုတော့
ဆက်မေးမှ သိလာပါလိမ့်မည်။

"အဘ···အဘကို ကိုချော
မောင်စိန်လို့ ဘာလို့ ခေါ်ကြတာ

"အေးကွ၊ အဲဒီအကြောင်း
ပြောပါ့မယ်။ ဒီမှာ ကြည့်ကြ
ကြည့်"

အဘ ဦးမောင်စိန်သည်
ပါးတစ်ဖက်နှင့် ညာဘက် လက်
တစ်ဖက်ကို လှန်ပြပါ၏။ ထို
ညာဘက် လက်ညှိုးတစ်ချောင်း
ပြရာ ငုံးတိတိ တိုနေခြင်းကို
တော့သည်။

"အဘ···ဘာလို့ ပြတ်သွား
လဲ"

"အေး ဒါကြောင့် ကိုချော
မောင်စိန်လို့ ခေါ်တာပေါ့ကွ
ပြောမယ်၊ ဟိုး လွန်ခဲ့တဲ့ အ



www.burmeseclassic.com

www.burmeseclassic.com

ပ်ချုပ်စဉ်က သူတို့နဲ့ ပါလာတဲ့ လားတွေ၊ ဂျာရဝါးတား ကုလားတွေ၊ ာက်ပြီး ငွေတိုးချေးတဲ့ ချစ်တီးတွေ ငွေချေးမဆပ်နိုင်ရင် အတိုးနဲ့ ရင်းပေါင်း။ နောက်တော့ သူတို့က ကြီးကို အပိုင်စည်းရုံးထားတယ်။ ခ်ိုးစစ်သားတွေက သူ့တို့အစောင့် ကြပ်တွေကွ၊ လက်နက်တကားကား ဒီတော့ကွာ၊ လယ်သိမ်း၊ နွားသိမ်း၊ ရတာ ယူ။ နောက်ဆုံးတော့ ကလေးတွေကို ခြေတော်တင် က်ဆီး၊ မယားငယ်ဆိုပြီး ယူကြ ယ်။ ဒီတော့ကွာ၊ တို့ဗမာမတွေ ာမယားတွေ ဖြစ်ကုန်ရောကွ။ ဖ- တဲ့ သားတွေ မွေး၊ ဘူလင်ဂျာဗူး ကွ"

"တော်တော်ရက်စက်တဲ့ ချစ်တီး နော် ဘကြီး"

"အေးကွာ။ အဲဒီအချိန်က ငါက က် ၂၀ကျော်။ တို့ရွာမှာ လူငယ် ာ ၃၀ လောက် ရှိလိမ့်မယ်။ လုံး စည်းရုံးထားကြတာပေါ့ကွာ။ ကြောင်းရှိရင် လက်ဦးအောင် ချမယ် တို့တွေ ကတိပြုထားတယ်။ နေ့မှာ တို့ရွာထိပ်နား၊ ငါ့အိမ်နား မယ်သုန်ကို သူ့ယောက်ျားသေပြီး မှ တစ်လမပြည့်သေးခင် ကြွေး ဖို့ လာပြောတယ်။ သူ့မှာက က ၅ကော၊ သားက အရှုးအပေါ င်နဲ့ သမီးက ခင်ယုံတဲ့ကွ။ က်က ၂၀တောင် မရှိသေးဘူး။ ရဲ့တာပေါ့ကွာ။ သူမှာ ပူဆွေး ကရောက်နေစဉ်အချိန်၊ ကံဆိုးမ ာ မိုးလိုက်လို့ရွာ ဆိုသလိုပဲ ဆပ်ဖို့ ဝရမ်းရောက်လာတယ်။ ာ့ နွားကလေးတစ်ရှဉ်းရှိတာကို ဆပ်ဖို့ ပြောကြတယ်။ မယ်သုန် တောင်းပန်၊ ချစ်တီးက ဆွဲ အဲဒီလို ဖြစ်နေကြတယ်။ ချစ်တီးက နွားမယူရရင် သူ့သမီးကို လက်ညှိုးထိုးပြတယ်။ သူကြီးကလည်း ဝင်ဖျန်ဖြေပေမယ့် ချစ်တီးက လုံးဝ နားချလို့ မရဘူးကွ"

"*အမာ…ဟိုဟာ နာ့ပေးမလား၊ လဲမယ်…လဲမယ်*"

"*ခွေး နင်ဟာ ခွေး ငါ့သမီးကို မထိနဲ့၊ ငါ့အသက်နဲ့ လဲမယ် သီလား၊ သောက်ကုလားရဲ့*"

"*ဒါဆို နွားဆွဲ…ဆွဲကြ၊ နာ့ အပစ်မရှိ၊ နော်…နော်၊ ဟဲဟဲ…ဟဲ*"

"ရွာထဲက ရွာဓော်ကြီး ဦးဘသာနဲ့တောင် စကားများသေးတယ်ကွာ။ အဲဒီလို အခြေအတင်ပြောပြီး ချစ်တီးက နွားကို ဆွဲခိုင်းလို့ တို့ရွာက ချစ်တီးနောက်လိုက်ခွေး ညိုကြီးဆိုတဲ့ ကောင်က ဆွဲ၊ နွားက တပဲပဲအော်၊ တစ်ရွာလုံး ပွက်လောညံသွားတယ်။ ဒီသတင်း ငါ့ဆီရောက်လာတော့ ငါ့အပေါင်းအသင်းတွေနဲ့ ရွာထိပ်က စောင့်နေတယ်။ ပုလိပ်က လေးယောက်၊ ချစ်တီးတပည့်က နှစ်ယောက်။ ချစ်တီးရယ်၊ နောက်လိုက် ညိုကြီးရယ် တို့အနားရောက်တော့ ငါတို့အဖွဲ့က ဓားနဲ့ ဝင်ခုတ်ကြတယ်။ ပုလိပ်တွေက ငါတို့ကို သေနတ်နဲ့ ပစ်၊ ငါတို့က ဓားနဲ့ ခုတ်ကြနဲ့ ပွဲကြမ်းသွားတော့တယ်ကွာ။

နောက်တော့ ချစ်တီး ဇက်ပြတ်သွားတယ်။ စစ်သား လေးယောက်လည်း ဓားဒဏ်ရာနဲ့ လဲနေကြတယ်။ ညိုကြီးဆိုတဲ့ကောင်ကိုတော့ ရွာပြင်မှာ ကားစင်တင်ပြီး သတ်ခဲ့တယ်။ တို့တွေလည်း တောထဲ ပြေး၊ ရိုးမတောင်ပေါ် တက်ပြီး ထွက်ပြေးရတော့တယ်ကွာ။ ငါတို့ကို အင်္ဂလိပ်အရေးပိုင်ရုံးက ဝရမ်းထုတ်ပြီး ဖမ်းဆီးအမိန့်ထုတ်ထားတယ်။ ဒီ့ထက်ဆိုးတာက ငါတို့ကို မိတဲ့နေရာမှာ မာရှယ်လောလို့ ကြေညာချက်ထုတ်ထားတယ်။ တို့တွေလည်း လူဆိုးကြီးတွေ ဖြစ်မှန်းမသိ ဖြစ်လာကြတယ်"

"ဖမ်းဝရမ်းထုတ်ထားပြီဆိုတော့ ဘကြီးတို့ မိသွားသေးလား"

"အဘတို့ ရိုးမတောမှာ ပုန်းလျှိုးနေရင်း အင်္ဂလိပ်စစ်သားတွေနဲ့ ချစ်တီးတွေကို အလစ်ဝင်ဝင်တိုက်ကြတယ်။ မမိအောင် ဂရုစိုက်နေရတယ်။ နောက်တော့ကွာ၊ အင်္ဂလိပ်ကို တော်လှန်ဖို့ ဗိုလ်ချုပ်နဲ့ ရဲဘော်သုံးကျိပ်တို့ ဂျပန်မှာ စစ်ပညာသင်ချိန်၊ ငါတို့တွေလည်း နာမည်တွေ ပြောင်း၊ ရုပ်ဖျက်ပြီး ဒီရွာရောက်တော့ မငွေတင့်နဲ့ အကြောင်းပါနေရတာပေါ့။ နောက်တော့ကွာ၊ ဂျပန်ကို မိတ်ဖွဲ့ပြီး မဟာမိတ်တွေ ဝင်လာ၊ အဲဒီ စပ်ကူးမတ်ကူးကာလမှာပေါ့ကွာ၊ တိုက်လိုက်တဲ့ ဓားပြ၊ ဆွဲလိုက်တဲ့ ပြန်ပေး၊ ညတိုင်းလို ပြေးအိပ်၊ ပြေးပုန်းနေရတယ်။ ဒီကြားထဲ ရွာတွေကို အနုကြမ်းစီး၊ မီးရှို့ လူသတ်ကွာ၊ မကြားချင် မမြင်ချင်တဲ့အဆုံးပေါ့။ တော်တော်ဆိုးတယ်။ လူလေးတို့ရဲ့ အမေတို့ဆို မသေလို့ ကျန်တာနော်။

အေး ငါဖြစ်ရပ်က ခု ဟိုး ရွာထဲက ခြံကြီးမှာပေါ့ကွာ။ အဲဒီမှာ သွပ်မိုးအိမ်ကြီးဆောက်၊ ခု ငါ့သမီးနှစ်ယောက်က ငယ်ငယ်တွေပေါ့ကွာ၊ နေကြတာလား။ ဒီတော့ ဓားပြက သိပ်တိုက်တယ်။ ငါ့အိမ်မှာ လယ်လုပ်တဲ့ သူရင်းငှားက မင်းတို့အမျိုး ဒိတ်ကြီးလေ။ သူက ငါ့အပေါ် သိပ်စိတ်ကောင်းရှိတာ။ လူယုံတစ်ယောက်ပါ။ တစ်ညမှာ မိုးတောင် မချုပ်သေးဘူး၊ ငါ့အိမ်ကို လူစိမ်း ငါးယောက်ဝင်လာပြီး မင်းအဒေါ်ကို လက်ပြန်ကြိုးတုပ်၊ သမီးတွေကို ဓားနဲ့ မိုးပြီး ဓားပြတိုက်တော့တာပဲ။ ငါက အဲဒီအချိန်မှာ နွားတင်းကုပ်ထဲ

www.burmeseclassic.com

မှာ ရှိနေတယ်။ နောက် မင်းအဒေါ်ကို သူတို့က ခြိမ်းခြောက်ပြီးတော့ ပစ္စည်းတွေ တောင်း။ လူကိုလည်း ရိုက်။ ငါ ဒီအသံကြားတော့ လက်ခေါက်မှုတ် လိုက်တယ်။

ငါ့လက်ခေါက်မှုတ်သံကို ဒိတ်ကြီး ကြားတော့ သူ ငါ့အိမ်ဘက်ကို ပြေးလာတယ်။ အကြောင်းရှိရင် လာဖို့ အချက်ပေးထားလို့ ပြေးလာတာကွ။ သူလည်း ရောက်ရော ငါလည်း အိမ်ပေါ် ခုန်တက်၊ ဓားနဲ့ ဝင်ခုတ်။ ဒိတ်ကြီးကလည်း ခုတ်။ တို့နှစ်ယောက်နဲ့ ဓားပြ ငါးယောက် သူတစ်ပြန် ကိုယ်တစ်ပြန် ခုတ်ကြတယ်။ အဲဒီမှာပဲ မင်းအဒေါ်နဲ့ သမီးတွေက ရွာထဲ ထွက်ပြေး၊ ငါတို့ နှစ်ယောက်ပဲ ကျန်တယ်ကွ။ သူ့ခုတ် ကိုယ်ခုတ်နဲ့ နောက်ဆုံး ဒိတ်ကြီးခေါင်းကို ဓားထိ၊ သတိလစ်ပြီး လဲ။ နောက် သူတို့က ငါ့ကို ဝိုင်းခုတ်ကြတယ်။ ငါက တစ်ယောက်တည်းဆိုတော့ နောက်ဆုံး ဓားချက်က ငါ့ကို ထိသွားတယ်။ ငါ မောလည်း မော၊ သတိလည်း လစ်၊ ဘာမှမသိတော့ဘူး။ ဒီကောင်တွေ ငါသေပြီဆိုပြီး ထားခဲ့တာကွ"

"ဟာ...အဘ မသေကောင်း မပျောက်ကောင်းဘဲ"

"ငါ့မှ ကိုယ်ခံပညာရယ်၊ ဆေးအတတ်ရယ်ကြောင့်သာ မသေတာ။ ဒါတောင် သတိရတော့ ခု လက်ညှိုး တစ်ချောင်းနဲ့ ဟောဒီ ဒဏ်ရာတွေ ကျန်ခဲ့တယ်။ အဲဒီတော့ ငါ့မှာ လက်က ၁၀ ချောင်းမဟုတ်တော့ဘဲ ၉ချောင်းသာ ရှိလို့ "ကိုးချောင်း မောင်စိန်"လို့ ခေါ်တာပေါ့ကွာ"

"ဟုတ်ကဲ့ ဘကြီး၊ တော်တော် အံ့ဩပါတယ်"

"နင့်အဘက တော်တော် အသက်ပြင်းတယ် လူလေးတို့ရဲ့"

◈◈◈

ကဲ - ကိုးချောင်း မောင်စိန် အကြောင်းတော့ ရှင်းလောက်ပါပြီ။ သူ့ဥပဓိရုပ်က အသားဖြူဖြူ၊ ခါးကုန်းကုန်း၊ နားရွက်ကားကား၊ မျက်လုံးပြူးပြူး၊ အနေ့ထည် အမြဲဝတ်ထားတဲ့သူ။ ဘာကြောင့်လဲဆိုရင် ရင်ကျပ်သည့်ကြီး။ သူ့ခြံကြီးကို စွန့်ခွာပြီး နောက်နေရာတစ်ခု ရှာနေတဲ့သူ။ ထိုခြံကြီးထဲမှာ သူပိုင်ပစ္စည်းတွေဖြစ်တဲ့ ငွေဒင်္ဂါးတွေ၊ ရွှေဒင်္ဂါးတွေနဲ့ ရတနာပစ္စည်းတွေကို သိုသိုသိပ်သိပ် မြှုပ်နှံထားခဲ့တော့၏။ ထိုခြံကြီးသည် ၁၀ ဧကခန့် ကျယ်ဝန်းပြီး ယခင်က ဝါးပိုးဝါး၊ ဝါးနက်ဝါးနှင့် ကုက္ကိုပင်၊ ဆီးပင်၊ မယ်ဇလီပင်တို့ ပေါက်ရောက် ကြီးထွားနေရာ နေပြောက်မထိုးသည့် ခြံကြီးဖြစ်ပါ၏။ ထိုခြံထဲမှ ဆီးပင်တစ်ပင်သည် ရာသီအလိုက်သီး၍ အလွန်စားကောင်းသည့် ဆီးတော်ပင်ဖြစ်ပါသည်။ အဲဒီအချိန်မှ ယနေ့အထိ ကိုးချောင်း မောင်စိန်ခြံကြီးဟု ခေါ်ကြပါသည်။

ကိုးချောင်း မောင်စိန်ခြံကြီးသည် ယခင် နှစ်ပရိစ္ဆေဒ ကြာညောင်းပြီဖြစ်၍ ယခုအခါမှာတော့ သူ၏ သမက်ဖားလေး ခင်မောင်နှင့် မြေးများသာ နေထိုင်ကြပါတော့သည်။ ကိုးချောင်း မောင်စိန် ကွယ်လွန်သည်မှာ ယခုဆို နှစ်ပေါင်း ၇၀ ကျော်ကာလ။ သူ၏ ဇနီး ဒေါ်ငွေတင်၊ သမီး မတင်လှ၊ မစိမ်း၊ မြေး မောင်လှတ်တို့လည်း ကွယ်လွန်ရာ တမလွန်ဘဝသစ်တစ်ခုသို့ ရောက်ရှိနေကြပြီ။ သူ ကွယ်လွန်ပြီးနောက်ပိုင်းမှာ ထိုခြံကြီး၏ ထိပ်နားမှာ လှည်းလမ်းဖောက်ထားသဖြင့် ညအချိန် လှည်းမောင်းသွားပါက နွားတွေက ပြူးတူးပြတဲနှင့် နှာမှုတ် လန့်ဖျပ်

ပြီး ပဒပ်ရပ်၊ ကဆုန်ပေါက်၊ ရှေ့
တစ်ခါတလေများ လှည်းကို ဆွဲ
ဆွဲပြေးခြင်းကြောင့် ကန်သင်းနှင့်
၍ လှည်းမှောက်၊ လှည်းသံတွေ
အိမ်တွေ ကျိုးပဲ့ ပျက်စီးကြရ၏
ဒါကြောင့် ကိုးချောင်း မော
ခြံကြီးသည် သူသေပြီးမှ ဒီလို ခြော
လှန့်ခံရတော့ မြှုပ်ထားသမျှ ပ
တွေကို စွဲလမ်းသေလို့များ သူ့
သူပြန်စောင့်တဲ့ ဥစ္စာစောင့်လား
ကြီးလား၊ ဒါမှမဟုတ် တစ္ဆေကြီး
ပရလောကသားကြီးများ ဖြစ်နေ
သလားလို့ ရွာက လူကြီးတွေက
နေကြပါ၏။ သို့သော် အ
အထည်နှင့်တော့ ခြောက်လှန့်တာ
ကို မမြင်ကြရ။ ဒီတော့ သူတစ်
သေအောင် ဓား၊ လက်နက်
အမျိုးမျိုးပစ်ခတ် ခုတ်ဖြတ်သော
သေကံမရောက် သက်မပျောက်
သက်ပြင်း မောင်စိန်သည် ယခု
ဥပဒ္ဒေဒကကံနှင့် မသေပါဘဲ၊ အ
မရဏ၊ ကမ္မခယ မရဏ၊ ဥတ
မရဏတို့၏ သေခြင်းများနှင့် သူ၏
တစ်ဘုံတစ်ဘဝခရီးသို့ ရောက်
ခြင်းသာ ဖြစ်ပါတော့သတည်း။■

သတ္တဝါအားလုံး ကျ
ချမ်းသာကြ

＊＊＊

မင်းတိုင်ပင်မြေ



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ - မတ်လအတွက် ကံကောင်းစေမည့် အကြံပြုစာမျက်နှာ

## ဓေတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့ သလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ သင့်ဘဝ ကံကောင်းစေဖို့အတွက် အထောက်အပံ့ပြုမှာ ပါတယ်။

"ကံဆိုသည်မှာ အခွင့်အလမ်းနှင့် ဆုံတွေ့ဖို့ ကြိုတင် ပြင်ဆင်ထားမှုသာ ဖြစ်၏"

(အိုပရာ ဝင်းဖရေး)


### ၂၀၁၄၊ မတ်လ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၉၊ ၁၀၊ ၁၉၊ ၂၀၊ ၂၇၊ ၂၈ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၂၊ ၃၊ ၁၁၊ ၁၂၊ ၁၃၊ ၂၁၊ ၂၂၊ ၂၉၊ ၃၀၊ ၃၁ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၆၊ ၁၄၊ ၁၅၊ ၂၃၊ ၂၄ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၇၊ ၈၊ ၁၆၊ ၁၇၊ ၁၈၊ ၂၅၊ ၂၆ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်းဖြစ်သည်။ ကြီးသော ကိစ္စများအတွက် နေ့အလိုက် ဆိုင်ရာ ထောင့်အရပ်ဘက်ကို မျက်နှာမူပြီး ဆုတောင်းခြင်း၊ မေတ္တာပို့ ဂါထာ မန္တန် ရွတ်ဆိုခြင်းများ ပြုနိုင်ပါသည်။ ဉာဏ်ရှိသလို သုံးစွဲနိုင်ပါသည်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ မေထုန်၊ တူ၊ ကုမ်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်တွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။ စန်းပွင့်အရပ်များကို မျက်နှာမူ၍ မနက်တိုင်း လိုရာဆုတောင်း၊ ဆန္ဒပြု၊ ဂါထာ မန္တန် ရွတ်ခြင်းများ ယုံကြည်စွာ လုပ်နိုင်ကြပါသည်။

### ထီးကံ




ဤဇာတာသည် သူဌေးလောင်းရွေးမည့် ကောဇာ ဇာတာဖြစ်သည်။ ထီထိုးသင့်သော အဓိက ပါရမည့် ဂဏန်းများမှာ ၅ ၆)ဂဏန်းများ များများပါရမည်ဖြစ်သည်။ အာရုံပြု အဓိဋ္ဌာန် ဂဏန်းမှာ (၃၊ ၇)ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရတနာအဆောင်

ဤလထဲတွင်···

* တနင်္ဂနွေသားသမီးများ - ကျောက်နီပါသော ရတနာ။
* တနင်္လာသားသမီးများ - ပုလဲရတနာ။
* အင်္ဂါသားသမီးများ - သန္တာကျောက် ရတနာ။
* ဗုဒ္ဓဟူးသားသမီးများ - မြရတနာ။
* ကြာသပတေးသားသမီးများ - ဥဿဖယား ရတနာ။
* သောကြာသားသမီးများ - စိန်ရတနာ။
* စနေသားသမီးများ - နီလာရတနာ···တို့ကို ဆောင်သင့်သည်။

## ငွေကြေးကံကောင်းရန်

ဤလထဲတွင် မွေးနေ့ရောက်တိုင်း ငွေကြေးပုံ့သကူ စွန့်ပါ။ အိမ်သို့ ဧည့်သည်လာပြီး ပြန်ပါက လမ်းစရိတ်ထော... အလှူခံများကို ငွေကြေးလှူဒါန်းပါ။

၁၁-၁-၂၀၁၄၊ သောကြာနေ့ ညနေ ၄နာရီတွင် လည်းကောင်း၊ ၂၇-၂-၂၀၁၄၊ ကြာသပတေးနေ့ ညသန်းခေါ်... လည်းကောင်း ဒိဝါတပတိ အစချီ ဂါထာတော် (သို့မဟုတ်) မဟာဝေဒဗ္ဗ မန္တန်တော်ကို ရွတ်ပွားပူဇော်ပါ။ လူနတ်... သတ္တဝါတို့အား မေတ္တာပို့သပါ။

တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့ မနက်ပိုင်းတို့တွင် ဘုရားရှင်အား လက်ဖက်ဆွမ်း ကပ်လှူပါ။ ခု... သားသမီးများအား လက်ဖက်ရည် ဝေငှပါ။

## ဖြေဆေး ယတြာ

ခုနစ်ရက်သားသမီးများအားလုံး စနေ၊ တနင်္ဂနွေ၊ အင်္ဂါ တစ်ရက်ရက်တွင် တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်... ခေါင်းလျှော်နေစဉ် သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုပါ။ ညပိုင်းတွင် ဘုရားရှင်အား အလင်းတိုင် ၅တိုင်၊ နံ့သာတိုင် ... သောက်တော်ရေချမ်း ၅ခွက် ကပ်လှူပူဇော်ပြီး ဂုဏ်တော်ဆယ်ပါးကို ပုတီး (၁၀)ပတ်စိပ်ပါ။ ၁၀ရက်ဆက်တိုက် ... တစ်ကြိမ်၊ နေ့လယ် ၁၂နာရီ တစ်ကြိမ်၊ ညတစ်ကြိမ် စိပ်ပါ။ ဂုဏ်တော်ဆယ်ပါးမှာ -

* အရဟံ
* သမ္မာသမ္ဗုဒ္ဓေါ
* ဝိဇ္ဇာစရဏ သမ္ပန္နော
* သုဂတော
* လောကဝိဒူ
* အနုတ္တရော
* ပုရိသ ဒမ္မသာရထိ
* သတ္ထာဒေဝ မနုဿာနံ
* ဗုဒ္ဓေါ
* ဘဂဝါ···ဟူ၍ ဖြစ်သည်။

## အကြံပြု ယတြာ

ဤလထဲတွင်···

* ကွန်ပျူတာ-မိတ္တူဆိုင်များ ကောင်တာတွင် ထန်းလျက်ကို ဘူးဖြင့်သော် လည်းကောင်း၊ ပု... လည်းကောင်း အပြည့်ထည့်ထားပြီး လာသမျှ ဧည့်သည်များ စားပါစေ။ ကံပွင့်လန်းပါမည်။

www.burmeseclassic.com

www.burmeseclassic.com

* အထည်ဆိုင်များ ဘုရားရှင်အား လက်ဖက်ဆွမ်း ကပ်လှူပြီး ဈေးဆိုင်တွင် ရွက်လှပန်းထိုးပါ။
* အုတ်၊ သဲ၊ ကျောက်၊ ထုံး အရောင်းအဝယ်ဆိုင်များ သပြေပန်းကို အဆောင်ပြုပါ။ ဖေါက်ပေါက်ပွင့်ကို ပျားရည်ဆမ်း၍ ဘုရားရှင်အား လှူဒါန်းပါ။ ညနေတိုင်း ငွေကြေးပံ့သကူစွန့်ပါ။
* အဝတ်ထည်ဆိုင်/အထည်ဆိုင် အရောင်းသမားများ... ဂန္ဓမာပန်းအဖြူကို အဆောင်ပြုပါ။ ကားတွင် ထိုးထားပါ။ ညနေတိုင်း ခွေးကို အစာကျွေးပါ။
* စာအုပ်အဝတ်ဆိုင်ဖွင့်သူများ/ရောင်းသူများ မြေအိုးထဲသို့ ဆားအပြည့်ထည့်ပြီး အမွှေးတိုင် စိုက်ထွန်း၍ ကောင်တာတွင် ထားပါ။ ညနေတွင် ခုနစ်ရက်သားသမီးများကို လက်ဖက်ရည်တိုက်ပါ။ ဆံပင်ညှပ်ဆိုင်(ဆံသ)များလည်း လုပ်နိုင်ပါသည်။
* လက်ဖက်ရည်ဆိုင်ဖွင့်သူများ ရှင်သီဝလိ မထေရ်မြတ်အား ရည်စူး၍ လက်ဖက်ရည်ကပ်လှူပါ။ ရွှေပန်းများကို ပန်းကန်ပြားတွင်ထည့်၍ ဘုရားအား ကပ်လှူပါ။

ခုနစ်ရက်သားသမီးများအားလုံး ဤတစ်လလုံး တတ်နိုင်သရွေ့ ငွေကြေးပံ့သကူစွန့်ပါ။ အလှူခံများအား ငွေကြေးလှူဒါန်းကြပါ။

(မှတ်ချက်။ အကြံပြု ယတြာကို ရေးရာတွင် "ဈေးဆိုင်များအတွက် လက်လှမ်းတမီ သီးသန့် ထည့်ရေးပါ"ဟု တိုက်တွန်းသော ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်တချို့နှင့် လစဉ် ဝယ်ဖတ်နေပါသည်ဆိုသော မတိုးတိုးအောင်(ပွင့်ဖြူ)အား ကျေးဇူးတင်ပါသည်။ အားလုံး စိတ်ကျေနပ်နိုင်ကြပါစေ။ အကြံပြု စာမျက်နှာအား တလေးတစားဖတ်ရှု၍ အကြံပြုသမျှ အားလုပ်ဆောင်နေကြသော စာဖတ်သူများအား အလေးထား ရေးသားပေးပါမည်။ စာရေးသူ) ■

* * *

ခေတ္တရာ ဆရာကျော်


## လှလှနွယ်စာပေမှ ထုတ်ဝေသော.....




### ခေတ္တရာဆရာကျော် ရေးသားပြုစုသည့်

# ကျွန်ုပ်၏ကျေးဇူးရှင်ဆရာတော်ကြီးများ

ဤစာအုပ်တွင် ကျွန်ုပ်ဖူးတွေ့ကြည်ညိုခဲ့ရသော ဆရာတော်ကြီး ၂၁ ပါး၏ ထေရုပ္ပတ္တိအကျဉ်း၊ ကျင့်စဉ်သြဝါဒများ၊ လောကီတိုးတက်[illegible]ွားရေးလမ်းညွှန်တရားများ၊ လောကုတ္တရာလမ်းညွှန်တရားများ၊ ပုတီးစိပ်ကျင့်စဉ်များ၊ မေတ္တာကျင့်စဉ်တရားများ စသည့် မှတ်သားလိုက်နာစရာ တရားတော်စုံလင်စွာ ပါဝင်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။


(စာအုပ်ဆိုင်တိုင်းတွင်မေးဝယ်ပါ။ မရပါက လှလှနွယ်စာပေသို့ မှာကြားပါ။)

လှလှနွယ်စာပေ – ၀၉–၇၃၁၀၆၃၅၄၊ ၀၉–၂၈၀၂၇၃၆၇၇၊ ၀၁–၅၇၄၆၄၂

www.burmeseclassic.com

# ဆန်းကြယ်ထူးဆန်းသော အင်တာနက်ပုံရိပ်များ

မောင်ဝေသား



မဂ္ဂဇင်း ဖောင်ပိတ်ရက်အမီ၊ နှစ်သစ် ဇန်နဝါရီ ပထမ အတွင်း အင်တာနက် စာမျက်နှာပေါ်မှ သတင်းပုံရိပ်များကို ပြန်လည် မျှဝေပေးချင်ပါသည်။

ပထမဆုံး သတင်းဆန်းကတော့ Min Min (Face book) ဝေမျှပေးသော သတင်းပုံရိပ်ပင် ဖြစ်သည်။ Min Min ကတော့ ဓာတ်ပုံများဖြင့် အထောက်အထား ခိုင်လုံစွာ ဖြန့်ဝေထားသည်။

ET-ဂြိုဟ်သားများအကြောင်းကို ရုပ်ရှင်၊ စာစောင်များတွင် နှစ်ပေါင်းများစွာ မရိုးနိုင်အောင် ကြားနေ၊ မြင်နေရသည်။ ဒီတစ်ခါ ET လေးများကို အရှင်လတ်လတ် တွေ့မြင်လိုက်ရသည့် သတင်းကတော့ မြန်မာပြည်၊ မိတ္ထီလာမြို့တွင် ဖြစ်နေ၏။


မိတ္ထီလာမြို့ မော်တော်ယာဥ် ဘုန်းကြီးကျောင်း (ဆရာတော် ဦးပဏ္ဍိတကျောင်း) ဘုရားစင်ပေါ်တွင် ET ... လေးများ ပြေးလွှားနေ၏။ စတင်တွေ့ရှိသူ ကိုရင်လေး... ၏ အပြောအရ ET လေးများ၏ မျက်လုံးများမှ အ... တလက်လက်ထွက်နေကြောင်း၊ လိုက်ဖမ်းကြည့်သော်... ဖမ်းမရဟု ဆို၏။


ကိုရင်လေးကြောင့်ပင် လူ ၃၀ခန့်အထိ ဝိုင်း... သော်လည်း ET သတ္တဝါလေးများမှာ ဘုရားစင်... အသွားအလာမပျက်ခဲ့ကြောင်း ဆို၏။ တဖြည်းဖြည်း... တွေ များလာပြီး လူ (၁၅၀)ကျော်ခန့် ဝိုင်းအုံကြည့်... အခါ မျက်စိရှေ့မှာပင် သူ့အလိုလိုပျောက်ဆုံးသွား... ဆို၏။ ဓာတ်ပုံမှတ်တမ်းတော့ အမိအရရိုက်ယူထား... ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





နောက်သတင်းပုံရိပ်တစ်ခုကတော့ ရဟန်းရှင်လူအများအတွက် ကြည်ညိုသဒ္ဓါပွားများနိုင်မည့် စေတီတော်ရောင်ခြည်တော် ကွန့်မြူးခြင်း ပုံရိပ်များကို အဆင့်ဆင့်ဖော်ပြပေးလိုက်ပါသည်။

သထုံမြို့ ရွှေစာရံစေတီတော်ရင်ပြင်ထက် အရန်စေတီငယ်တစ်ဆူ ရောင်ခြည်တော် ကွန့်မြူးနေသော ပုံရိပ်များပင်ဖြစ်ပါသည်။ စာဖတ်သူများ ကြည်ညို ပူဇော်နိုင်ရန် ပြန်လည်ဝေမျှပေးလိုက်ရပါသည် ■

* * *

မောင်ဝေအေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အထက်တန်း ကျောင်းသားဘဝကပင် ကျွန်တော့် မိဘများ ကွယ်လွန်သွားကြသည်။ ကျွန်တော် လက်ထပ်ပြီး၍ ဇနီးသည် ၏ မိဘနှစ်ပါးကို ကျွန်တော့်မိဘများ သွယ် လေးစားရိုသေ ချစ်ခင်ခဲ့သည်။ နီးသည်နှင့် လက်ထပ်ပြီး သုံးနှစ်နီးပါး နေ့အထိ သားသမီး မထွန်းကားသေး ၏ ယောက္ခမများက မြေးချီချင်သည် ဟု တဖွဖွပြောကြသည်။

ကျွန်တော်က အသားညိုသော် ည်း ကျွန်တော့်ဇနီးက အသားဖြူ သည်။ ကျွန်တော့်ယောက္ခမများမှာ ည်း အသားအရေ ဖြူဖြူသန့်သန့်ပင် ဖြစ်သည်။ သူ့အဖေဆိုလျှင် အရပ် ထောင်ထောင်မောင်းမောင်းနှင့် စီး ကရက်ကို လက်ဖျားက မချတမ်း သောက်လေ့ရှိသည်။ စီးကရက်ကို လိုက်ဝယ်၍ သောက်သည်။ စ်လိပ်ကုန်ခါနီးတာနဲ့ နောက် စ်လိပ်ကူးပြောင်းပြီး သောက်သည်။ ခြစ်ဆောင်ထားရန် မလိုအောင် သောက်သည်။ စီးကရက် ဆက်တိုက် သောက်သဖြင့် လက်ညှိုးနှင့် က်ခလယ်ကြားတွင် စီးကရက်ညှပ် ထားသည့် အရာထင်နေသည်အပြင် က်အဆစ်တွင် အလယ်ဆစ်အထိ ထိန်နေသည်။

သူ့အမေဆိုလျှင်လည်း ကွမ်းယာ လွန်ကြိုက်သည်။ ကွမ်းယာကို ဆက်မပြတ် စားလေ့ရှိသည်။ ခရီး သွားလျှင်ပင် ကွမ်းယာထုပ် ယူသွား လေ့ရှိသည်။ သွားများအားလုံး ကွမ်း များဖြင့် နီရဲနေသည်။ သွားများမှာ ၏ အဖြူရောင်ပင် မပေါ်တော့ပါ။

ယောက်ျားက "မင်း ကွမ်းစား တာ လျှော့ပါဦး" ဟု ပြောလျှင် မိန်းမဖြစ် သူက အားကျမခံ "ရှင်လည်း ဆေးလိပ်သောက်တာ လျှော့လို့လား။ မီးခိုး မတိတ်တမ်း သောက်နေတာပဲ" ဟု ပြန်ပြောကာ မကြာခဏ စကားများ လေ့ရှိသည်။

မိန်းမက ဆေးလိပ်မီးခိုးနဲ့ မခံ နိုင်သလို၊ ယောက်ျားဖြစ်သူကလည်း ကွမ်းတံတွေး တပျစ်ပျစ်ထွေးသည် ကို မကြိုက်ပါ။ တစ်ယောက်အပြစ် တစ်ယောက်ပြောလေ့ရှိကြသည်။

သို့သော် ကျွန်တော့်ယောက္ခမ များ ဆေးလိပ်အသောက်မပျက်၊ ကွမ်း အစားမပျက်ခဲ့ပါ။

◈◈◈

ကျွန်တော်တို့ လင်မယား ကံ ဆိုးသည်ဟုပင် ဆိုရမည်ထင်သည်။ ကျွန်တော်တို့ အိမ်ထောင်ကျပြီး သုံးနှစ် ကျော်ကျော်တွင် ကျွန်တော့်ယောက္ခမ နှစ်ဦးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ် လွန်သွားကြသည်။ သူတို့ ချီပိုးချင်လှ သည့် မြေးလည်း ချီပိုးခွင့် ရမသွားကြ ပါ။

"မြေးရှိရင် သိပ်ကောင်းမှာပဲကွဲ့။ မောင်သက်အောင်နဲ့ တူရင် အသားညို မယ်။ တို့နဲ့ တူရင်တော့ အသားဖြူ မယ်"

ဟု မကြာခဏပြောလေ့ရှိသည်။ ယခု ယောက္ခမများ ကွယ်လွန်သွားကြ သော်လည်း သူတို့ဆန္ဒ မပြည့်ဝခဲ့ကြ ပါ။

ယောက္ခမများ ကွယ်လွန်သွား ပြီး နောက်တစ်နှစ်ကျော်မှ ကျွန်တော့် ဇနီး သားယောက်ျားလေးတစ်ဦး မွေး ဖွားခဲ့သည်။ သားငယ်လေးမှာ အသား အရေ ဖြူဖြူဝင်းဝင်းနှင့် မျက်ခုံး မျက်လုံး၊ နှာတံကျပုံမှာ 'သူ့ဘွားအေ နှင့် တူပြီး ခြေတံလက်တံရှည်ရှည်နှင့် ထွားကျိုင်းပုံမှာ သူ့ဘိုးအေနှင့် တူနေ သည်။ အဘိုးအဘွားများရှိလျှင် မည်မျှ အချစ်ပိုမည်ကို တွေးမိပြီး စိတ်မကောင်း ဖြစ်ခဲ့မိသေးသည်။

သားငယ် ၂နှစ်ကျော်ကျော်တွင် အလုပ်တာဝန်ဖြင့် နယ်ဘက်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသည်။ ထားဝယ်ခရိုင်အတွင်းရှိ ကန်ပေါက် သတ္တုမိုင်းများရှိရာသို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ရသည်။ ဇနီးနှင့် သားပါ တစ်ပါတည်း ခေါ်သွားခဲ့သည်။ သား ငယ်မှာ ထွားထွားကျိုင်းကျိုင်း သန်သန် မာမာနှင့် လွန်စွာ အဆော့သန်သည့် ကလေးဖြစ်သည်။ နောက်ဆုံး အဆော့ သန်လွန်း၍ မြေပေါ် လဲကျကာ ဝဲဘက် လက် ကျိုးရသည်အထိ ဖြစ်ခဲ့သည်။ ဆေးရုံ နှစ်ပတ်ခန့် တက်လိုက်ရသည်။

ထားဝယ်ဒေသသည် သားငယ် အတွက် ကံမကောင်းသည့် ဒေသဖြစ် နေသည်။ လက်ကျိုးပြီးနောက် ၆လခန့် တွင် ၄က်ဖျားရောဂါ ခံစားခဲ့ရပြန်သည်။ သားက အဆော့မက်ကာ အနေအထိုင် မဆင်ခြင်မှုများကြောင့် ခြင်ကိုက်ခံရ ကာ ၄က်ဖျားရောဂါရရှိခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ဆော့ကစားရင်း မောပန်း ကာ အိပ်ပျော်သွားလေ့ရှိသည်။ နေ့ခင်း ဘက် အိပ်ပျော်နေသဖြင့် ခြင်ထောင် မရှိဖြစ်ကာ ခြင်ကိုက်ခံရခြင်းဖြစ်သည်။

ထားဝယ်ဘက်တွင် ၄နှစ်ကျော် တာဝန်ထမ်းဆောင်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ပြောင်းရွှေ့ တာဝန်ထမ်းဆောင် ခဲ့ရသည်။ သား၏ ဝဲဘက်လက် ကျိုး သည့် ဒဏ်ရာမှာ ပကတိအတိုင်း ကုသ ကောင်းမွန်ခဲ့သော်လည်း ၄က်ဖျား ရောဂါမှာ ရန်ကုန်ထိ ပါလာခဲ့သည်။ အသက် ၅နှစ်ကျော်၍ ကျောင်းထား ရမည့်အရွယ်သို့ ရောက်ခဲ့သော်လည်း ကျောင်းမထားရသေးပါ။ ၄က်ဖျားရောဂါ ကို ကုသနေရသည်။ အပြင်းဖျားပြီး သတိလစ်သည်အထိ ပြင်းထန်ခဲ့သော ကြောင့် ကလေးဆေးရုံကြီးသို့ တင်ပို့ ခဲ့ရသည်။

၄က်ဖျားရောဂါပိုး ဦးနှောက် အတွင်းသို့ ရောက်ရှိသွားပြီဟု ဒေါက်


www.burmeseclassic.com

www.burmeseclassic.com

မကောင်းစွာ သိလိုက်ရသည်။ ကျွန်တော့်ဇနီးနဲ့ ကျွန်တော် တစ်လှည့်စီ သားငယ်ကို ညအိပ်စောင့်ကြရသည်။ သားမှာ လုံးဝ သတိမရတော့ဘဲ အောက်စီဂျင်ပေးထားရသည်အထိ ဖြစ်သည်။ ဂလူးကို့စ်၊ နွားနို့များကို ပိုက်ဖြင့် သွင်းရသည်။ သားတစ်ကိုယ်လုံး ပိုက်များဖြင့် ရှုပ်ယှက်ခတ်နေပါတော့သည်။ မြင်ရက်စရာပင် မရှိပါ။ နောက်ဆုံး အဖျားကြီးလွန်းသဖြင့် အအေးခန်းတွင် ရေခဲခြင်ထောင်ဖြင့် ထားရသည်။ ဆေးရုံတွင် နှစ်ပတ်ကျော်ခဲ့ပြီဖြစ်သော်လည်း သားမှာ လုံးဝ သတိမရသေးပါ။ အောက်စီဂျင်ဆေးရည်များ၊ နွားနို့များ သွင်းထားရဆဲဖြစ်သည်။

ကျွန်တော်တို့က သားငယ် သေနိုင်သည်ဟုပင် ယူဆထားခဲ့ကြသည်။ ကျွန်တော့်ဇနီးက ဗေဒင်မေးခြင်း၊ ယတြာချေခြင်းများလည်း အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။ အချို့သူများက ဖုတ်ဝင်နေသည်ဟုပင် ဆိုကြသည်။ ကျွန်တော်တို့ လင်မယား သားလေးကို မျှော်လင့်ချက်မရှိတော့ဟု သတ်မှတ်ထားပြီး အတတ်နိုင်ဆုံး စိတ်ကို ဖြေသိမ့်ထားကြရသည်။

◈ ◈ ◈

တစ်နေ့ ကျွန်တော် သားကို စောင့်သည့်ည၊ ဂနာရီခန့်တွင် မမျှော်လင့်သော အဖြစ်အပျက်များ ဖြစ်ခဲ့သည်။ သားငယ်မှာ သတိမေ့မြောနေရာမှ မျက်လုံးပွင့်၍ သတိရလာပြီး အသံကျယ်ကျယ်ဖြင့် ထအော်ပါတော့သည်။

"ဖေဖေ . . . သား ဘိုးဘိုး၊ ဘွားဘွားတို့နဲ့ တွေ့ခဲ့တယ်"

ထိုသို့ အော်ဟစ်ရင်း သူ့ကိုယ်ပေါ်မှ ဆေးပိုက်များကို ဖြုတ်ပစ်ပါတော့သည်။ ပြီးနောက် ခုတင်ပေါ်မှ ဆင်းပြီး ဟိုခုန် ဒီခုန် လုပ်နေသည်။ ရုတ်တရက် ကျွန်တော် မှင်တက်မိကာ အံ့သြနေစဉ်မှာပင် . . .

"သား ဘိုးဘိုး၊ ဘွားဘွားတို့နဲ့ တွေ့ခဲ့တယ်။ သူတို့ ပြန်လွှတ်လိုက်လို့ သား ဒီကို ပြန်လာတာ"

သားငယ်အဖြစ်မှာ မယုံနိုင်စရာ ဖြစ်နေပါသည်။ သားငယ်၏ အော်ဟစ်ခုန်ပေါက်နေသည့် အသံကြောင့် တာဝန်ကျ ဆရာဝန်နှင့် သူနာပြုများ ရောက်လာသည်။ သားငယ်ကို ဝိုင်းဝန်းထိန်းချုပ်လိုက်ကြသည်။ ချက်ချင်းပင် ဆေးထိုးပေးသည်ကို တွေ့ရသည်။

"ကလေး သတိရလာတာ သိပ်ကံကောင်းတယ်။ သူ့စိတ်က ပုံမှန်အနေအထား ပြန်မရောက်သေးဘူး။ ကယောင်ကတမ်းနဲ့ ပြောချင်ရာ ပြောလိမ့်မယ်။ သတိထားပြီး စောင့်ကြည့်ပေါ့"

သားငယ် မကြာမီ ပြန်လည် အိပ်ပျော်သွားပါသည်။ နောက်ထပ် တစ်နာရီကျော်ကျော်အကြာတွင် ပြန်လည် နိုးလာသည်။ သတိရရချင်းပင် သူ့အမေကို မေးပါတော့သည်။ စိတ်ထား ပုံမှန်မရသေးဟု ဆိုသော်လည်း သားငယ်က သူ့အမေကို မေးသဖြင့် ကျွန်တော် ဝမ်းသာသွားမိပါသည်။

"မေမေ . . . မနက်ဖြန် စောစော လာလိမ့်မယ်။ သား ဘာပြောချင်လဲ"

"သား ဘိုးဘိုး၊ ဘွားဘွားတို့နဲ့ တွေ့ခဲ့တယ်"

"ဟဲ့ - သား၊ ဘာတွေ ပြောနေတာလဲ။ ဘိုးဘိုး၊ ဘွားဘွားတို့နဲ့ ဘယ်မှာ တွေ့ခဲ့တာလဲ"

"နေရာတော့ မသိဘူး။ ဘိုးဘိုးတို့အိမ်က အကြီးကြီးပဲ။ သားကို သူတို့နဲ့ အတူတူနေဖို့ ခေါ်ကြတယ်"

"သား . . . သတိထားပါဦး"

သားငယ်မှာ သတိရရချင်းပင် သူ့အဘိုးအဘွားတွေနှင့် တွေ့ခဲ့သည့် အကြောင်းကို ထပ်တလဲလဲသာ ပြောနေသည်။ သားငယ် သတိပြန်ရလာ၍ ဝမ်းသာခဲ့ရသည်မှာ တဒင်္ဂသာ ဖြစ်ခဲ့ရသည်။ သားငယ်မှာ စိတ်မမှန်တော့ဘဲ ကယောင်ကတမ်းတွေ ပြောနေသည်ဟု ထင်နေမိသည်။

"သား ဘိုးဘိုးတို့နဲ့ အကြာကြီး မနေခဲ့ပေမယ့် သား ပျော်ပါတယ်။ သူတို့နဲ့ အတူတူနေဖို့ သားကို ခေါ်ကြ တယ်။ သား မနေချင်လို့ ပြန်လာတာ"

"သားတွေ့ခဲ့တဲ့ ဘိုးဘိုး၊ ဘွားဘွား တို့ရဲ့ ရုပ်ရည်တွေက ဘယ်လို ဖြူလား၊ မည်းလား၊ ပိန်ပိန်လား၊ လား"

"အဘိုးရော အဘွားရော အသား ဖြူတယ်။ အရပ်လည်း မြင့်တယ်"

သားငယ် စကားကြောင့် ကျွန်တော့်စိတ် ထူးဆန်းသလို ခံစား လိုက်ရသည်။ သူ မေ့မြောနေစဉ် တွေ့ ခဲ့သည်ဆိုသော အဘိုးအဘွားများ သူ့အဘိုးအဘွားနှင့် ရုပ်ရည်တူနေသဖြင့် ကျွန်တော် အံ့သြရခြင်းဖြစ်သည်။

"သားတွေ့ခဲ့တဲ့ အဘိုးအဘွား တွေက သားကို ချစ်ရဲ့လား"

"ချစ်ကြပါတယ်။ သား အဘွားနားကို သိပ်မကပ်ဘူး။ ဘိုး နားမှာပဲ နေတာ များတယ်"

"ဘာဖြစ်လို့ ဘွားဘွားအနား မနေတာလဲ"

"ဘွားဘွား ရယ်လိုက်ရင် သား ကြောက်တယ်။ ဘွားဘွားရဲ့ သွား က ဖြူမနေဘဲ ကွမ်းစားထားသလို နီရဲနေတော့ သား ကြောက်မိတယ်"

သား၏ စကားကြောင့် ကျွန်တော် အထိတ်တလန့်ဖြစ်သွားသည်။ သား ငယ်သည် သူ့အဘိုးအဘွားများကို တွေ့မြင်ဖူးသူ မဟုတ်ပါ။ သူ မမြင်ဖူး သော သူ့အဘွား ကွမ်းစား၍ သွား နီရဲနေပုံကို ပြောသဖြင့် ပို၍ထိတ်လန့် ခဲ့မိသည်။

"ပြီးတော့ ဘွားဘွားက သား မေးသေးတယ်။ သား လက် တာ ကောင်းသွားပြီလား



www.burmeseclassic.com

www.burmeseclassic.com

"သား···ဘာပြောလိုက်တယ်၊ သား လက်ကျိုးခဲ့တာကို သားရဲ့ ဘွားဘွားက မေးတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ။ သားက လက်ကျိုးတာ ကောင်းသွားပါပြီဆိုပြီး သားရဲ့ လက်ကို ထောင်ပြလိုက်တယ်"

လွန်စွာ ထူးဆန်းလွန်းသော အဖြစ်အပျက်များပင် ဖြစ်နေသည်။ သားငယ် သတိမရဘဲ မေ့မြောနေစဉ် ကာလတွင် သူ့အဘိုးအဘွားများထံသို့ သူ့ဝိညာဉ် ရောက်သွားခဲ့သည်ဟု ကျွန်တော် တွေးထင်လိုက်သည်။ မယုံနိုင်စရာပင် ဖြစ်နေသည်။

မကြာမီ သူနာပြု ဆရာမများနှင့် ဆရာဝန် ရောက်လာပြီး ကြည့်ရှုစစ်ဆေးကာ ဆေးတစ်လုံးထိုးပေးကြပါသည်။ ယခင်တစ်ခါကလို ပြင်းပြင်းထန်ထန် ရုန်းကန်မှုမျိုး မရှိတော့ပါ။ ဆေးထိုးပေးပြီး မကြာမီ သားငယ် အိပ်ပျော်သွားပါသည်။

သားငယ် အိပ်ပျော်သွားသော်လည်း ကျွန်တော့်အတွေးများက အဆုံးမပြတ်နိုင်ခဲ့ပါ။ တမလွန်ရောက် သူ့အဘိုးအဘွားများနှင့် တွေ့ဆုံခဲ့ရသည့် ထူးဆန်းသည့် အဖြစ်အပျက်များကို ဆက်လက်တွေးနေမိသည်။ သားငယ်မှာ သူ တွေ့မြင်ဖူးခြင်း မရှိသည့် အဘိုးအဘွားများအဖြစ်ကို အမှန်အတိုင်း ပြောပြနိုင်ခဲ့သည်။ ပြီးနောက် သူလက်ကျိုးခဲ့ရသည့် အဖြစ်ကိုလည်း သူ့အဘွားက သိနေပြန်သည်။ ထိုညက ကျွန်တော် အိပ်မပျော်ခဲ့ပါ။

◈◈◈

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော့်ဇနီး ဆေးရုံသို့ ရောက်လာသည်။ သားငယ် သတိရသည့်အကြောင်းကို ယမန်နေ့ကတည်းက အသိမပေးခဲ့၍ဆိုပြီး ကျွန်တော့်ကို ကျေမနပ်ဖြစ်နေသည်။

သားငယ် အိပ်ပျော်နေဆဲမို့ ကျွန်တော့်ဇနီးကို ဝရန်တာဘက်သို့ ခေါ်သွားကာ သားငယ်ပြောသည့် အကြောင်းများကို ပြည့်ပြည့်စုံစုံပြောပြလိုက်သည်။

"သတိမေ့နေတုန်း သူ့အဘိုးအဘွားတွေနဲ့ တွေ့ခဲ့တယ်၊ ဟုတ်လား။ ကျွန်မတော့ ဘယ်လိုမှ မယုံနိုင်အောင် ဖြစ်နေတယ်။ သားက နောက်ထပ် ဘာတွေ ပြောသေးလဲ။ ကျွန်မတို့ မိသားစုအကြောင်းတွေပေါ့"

"သူ့အဘိုးအဘွားတွေနဲ့ တွေ့ခဲ့တဲ့ အကြောင်းက လွဲပြီး တခြား ဘာအကြောင်းမှ မပြောဘူး"

"အစ်ကိုပြောပုံအရဆိုရင်တော့ တော်တော်ထူးဆန်းနေတယ်။ သားနိုးလာမှ ကျွန်မ မေးကြည့်ဦးမယ်"

သူ့အမေရောက်လာပြီး မကြာမီ သားငယ် အိပ်ရာမှ နိုးလာသည်။ ကျွန်တော်တို့ လင်မယားကို မမှတ်မိသလို ကြောင်ကြည့်နေသည်။

"သား···မေမေရောက်လာပြီလေ၊ မေမေ့ကို မှတ်မိတယ်မဟုတ်လား။ သား မေမေ့ကို မေးသေးတယ်ဆို။ ပြီးတော့ သားရဲ့ ဘိုးဘိုးဘွားဘွားတွေနဲ့ တွေ့ခဲ့တယ်ဆို။ မေမေ့ကို ပြောပြပါဦး"

ကျွန်တော့်ဇနီးက သားအပြောကို မစောင့်နိုင်ဘဲ အလောတကြီး မေးလိုက်သည်။

"ဟုတ်တယ်။ ဘိုးဘိုး ဘွားဘွားတို့နဲ့ တွေ့ခဲ့တယ်"

"ဘိုးဘိုးအနားမှာ နေတော့ ထူးခြားတာ ဘာတွေ့ခဲ့လဲ။ မှတ်မိတာ ပြောပါဦး"

"ဘိုးဘိုးက သားကို ဖက်ထားတာ။ ဘိုးဘိုးရဲ့ လက်ညှိုးနဲ့ လက်ခလယ်နေရာမှာ ဆေးလိပ်ညှပ်ထားတဲ့ အစင်းရာတောင် တွေ့ခဲ့တယ်။ ပြီးတော့ လက်က ဝါထိန်နေတယ်"

"ဘုရားရေ··· သား၊ သားလေး"

ကျွန်တော့်ဇနီးက ဘုရားတရင်း တအံ့တသြဖြစ်နေသည်။ ကျွန်တော်တို့ လင်မယားနှစ်ယောက် မယုံကြည်မှုများနှင့်အတူ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလျက်သားဖြစ်သွားပါတော့သည်။ ထိုစဉ် ဆရာဝန်ကြီး လှည့်လည်စစ်ဆေးရင်း သားရှိရာ ရောက်လာသည်။

"ကလေးအခြေအနေတော်တော် တည်ငြိမ်လာပါပြီ။ သူ့စိတ်က ပုံမှန်ပြန်မရောက်သေးဘူး။ စိတ်ရှည်ရမှာပေါ့။ ဂရုစိုက်ပါ။ ဆေးရုံက ဆင်းခွင့်ပြုလိုက်ပြီ၊ ထူးခြားတာ ထပ်ဖြစ်ရင်တော့ ဆေးရုံကို အမြန်ဆုံး ပြန်လာပါ။ ကလေးကို ကျောင်းထားလို့ မဖြစ်သေးဘူးနော်"

◈◈◈

ဆေးရုံက ဆင်းခဲ့ပြီး အိမ်ပြန်ရောက်ခဲ့သော်လည်း သားငယ်မှာ သူ့ကစားဖော်များကိုပင် ကောင်းကောင်း မမှတ်မိတော့ပါ။ တစ်ဦးတည်း တွေဝေငေးမောနေတတ်သည်။

ကျွန်တော်တို့ သားငယ်သည် အမှန်ပင် အဘိုးအဘွားများရှိရာ တမလွန်ဘဝရောက်ခဲ့ပါသလား။


သူ မမြင်ဘူးသော အဖြစ်အပျက် အကြောင်းအရာများကို တိကျစွာပြောနိုင်ခဲ့ခြင်း၊ အဘိုးအဘွားများနှင့် အတူ မနေချင်၍ ပြန်လာခဲ့ခြင်းတို့ကြောင့် သားငယ် တမလွန်ဘဝသို့ အလည်တစ်ခေါက်ရောက်ခဲ့သည်မှာ အမှန်ပင် ဖြစ်နိုင်သည်ဟု ကျွန်တော် ယုံကြည်နေမိပါတော့သည်။ ■

* * *

မောင်မောင်မိုးအောင်



www.burmeseclassic.com




ဟိုစပ်စပ် ဒီစပ်စပ်နဲ့ တတ်သမျှ မှတ်သမျှလေးတွေနဲ့ တိုင်းရင်းဆေးမြီးတိုလေးတွေနဲ့ ကုလိုက်၊ ဗေဒင်လေးဟောလိုက်၊ သည့်ကြားထဲ ပညာလေးက ယူထားတော့ ပယောဂလေးလည်း ကုလိုက်သေး၊ ဒီလိုနဲ့ နေတဲ့ နေရာတိုင်းမှာ သူများထက်ထူးပြီး နာမည်ထင်ရှားရှိခဲ့တယ်။ ကိုယ်နေခဲ့တဲ့ လပွတ္တာမြို့နယ်လုံးမှာလည်း သိုင်းဆရာအဖြစ် နာမည်ကျော်ကြားခဲ့တာကလား။ ဒီလို ဟိုစပ်စပ် ဒီစပ်စပ်နဲ့ အတတ်ပေါင်းစုံလို့လားတော့ မသိဘူး၊ ဆင်းရဲတွင်းက မထွက်နိုင်သေးဘူး။ တစ်ခုတော့ ကောင်းပါတယ်။ အဲဒီလို စပ်စုတတ်တာတွေကြောင့် ဘဝအတွေ့အကြုံတွေများပြီး စာရေးဆရာဖြစ်လာတာလား မသိပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီစာရေးဆရာဘဝလေးကိုတော့ ဘဝပေါင်းစုံထဲမှာ အမြတ်နိုးဆုံး၊ အခင်တွယ်ဆုံး၊ တန်ဖိုးအထားဆုံးပါပဲ။ ဖြစ်နိုင်ခဲ့တဲ့ ဘဝမို့လား။ ဒီဘဝမှာ အကျိုးပြု စာပေတွေ ရေးသားပြီး အများပြည်သူအတွက် တစ်ဖက်တစ်လမ်းက ကူညီပေးနေရလို့ ဝမ်းသာရပါတယ်။

ကျေးလက်တောရွာဒေသများဆိုတာက အစစအခြ ဆင်းရဲနွမ်းပါးကြပြီး အသိပညာ၊ အတတ်ပညာ နည်း ကြပါတယ်။ ရိုးသားတဲ့ တောသူတောင်သားများမို့ ခပ်အေ အေးနေတတ်ကြပါတယ်။ ခုလည်း စာရေးသူတို့ နေ အိမ်စုလေးဟာ မြို့နဲ့ အလွန်အလှမ်းကွာဝေးတဲ့ ဒေသ လို့ ရောဂါတစ်ခုခုဖြစ်ရင် အတော်ဒုက္ခရောက်ကြရပါတ ဆေးရုံ၊ ဆေးခန်းနဲ့လည်း ဝေးကွာလွန်းပါတယ်။ ဆင်းရဲ များမို့ ငွေကြေးအခက်အခဲကြောင့်လည်း ဆေးရုံ၊ ဆေး များကို မသွားချင်ကြတာလည်း ပါပါတယ်။ တော့ရဲ့ အနာကတော့ ဒီလိုပဲ တတ်သရွေ့ မှတ်သရွေ့နဲ့ လိုက်ကြရပါတယ်။

ဒီအထဲမှာ စာရေးသူက စာရေးဆရာလည်း တိုင်းရင်းဆေးပညာလေးလည်း မတောက်တစ်ခေါက် ဗေဒင်လေးလည်း တတ်ဆိုတော့ အနူတောမှာတော့ ဖြစ်နေတာပေါ့။ ဘာပဲဖြစ်ဖြစ်လေ ကိုယ်တ

www.burmeseclassic.com

တ်ပညာတစ်ခုခုနဲ့ အများအကျိုးဆောင်ရွက် ကူညီပေး အလွန်ကုသိုလ်ရတဲ့ အလုပ်ပါပဲ။ အားကိုးခံရတာတွေ ာတော့ စာရေးသူလည်း ရှာရဖွေရ၊ ဖတ်ရမှတ်ရနဲ့ ာက်လာပါတယ်။ သူတို့ကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေ ယ်။

တစ်နေ့ စာရေးသူက အတူနေ တဲနီးချင်းများဆီကို ပြ စကားစမြည်ပြောရန် ထွက်လာခဲ့ပါတယ်။ တဲချင်း စ်တဲနှင့် တစ်တဲ ခပ်ကျဲကျဲဆောက်ထားကြသည်မို့ ယ်တော့ လှမ်းသည်။ စာရေးသူ ရောက်သွားတော့ ကတည်းက ကိုဝင်းကြည်က လှမ်းနှုတ်ဆက်ပါတယ်။

"ဟော…ဆရာပါလား၊ ဘယ်လဲ၊ ဝင်ဦးလေ။ ရေနွေး လေးသောက်ရင်း စကားပြောကြရအောင်"

စာရေးသူက ကိုဝင်းကြည် ဖိတ်ကြားမှုကြောင့် ကိုဝင်း အိမ်အတွင်းကို ဝင်လာခဲ့တယ်။ ကိုဝင်းကြည်က န်း ဘုရားကျောင်းဆောင်ရှေ့မှာ နေရာပေးရင်း ရေ ငါးခြောက်ဖုတ် ဆီဆမ်းကို ချကာ ဧည့်ဝတ်ပြုပါ စာရေးသူတို့ မိတ်ဆွေနှစ်ဦး ရောက်တတ်ရာရာ နေကြစဉ် ကိုဝင်းကြည်ရဲ့ ဇနီးက သူ့ကလေး ာက်ကို လက်ဆွဲပြီး ဝင်လာပါတယ်။

သူ့ယောက်ျားနှင့် စကားပြောနေသော စာရေးသူကို ည်နှင့်…

"ဟော…ဆရာရောက်နေတာနဲ့ အတော်ပဲ။ ကဲပဲ့- …လာ၊ နင့်ခေါင်းက ပြည်တစိုစိုနဲ့ အနာကို ပြလိုက်စမ်း"

ပြောပြီး သူ့ကလေးကို စာရေးသူရှေ့ တွန်းပို့ပြီး ဦးခေါင်းထက်က အကြည့်ရဆိုးစွာ ပြည်တစိုစိုနှင့် င်းလုံးပြည့်မတတ်ရှိနေသော ဝဲနှင်းခူအစိုနာများကို ယ်။

နှင်းခူအစိုနာက ပေါက်မိသည်နှင့် ယားယံကာ ကုတ် အနာမှ အရည်ထွက်ပြီး ထိုအရည်နှင့် ထိသမျှ ပေါ်တွင် အနာစက်များ ပြန့်ပွားပေါက်ကာ ပြည် အလွန်အခံရခက်စေပါတယ်။ စာရေးသူက ကလေး ဝဲနှင်းခူအစိုနာများကို သေချာစွာ စစ်ဆေးကြည့်

"…ကလေးခေါင်းကို ဆပ်ပြာတိုက်၊ သေသေချာချာ ပြီး အဝတ်သန့်သန့်နဲ့ ခြောက်အောင် သုတ်လာ တ်မှာ အဲဒီလို အနာမျိုးအတွက် ဖော်ထားတဲ့ ယ်။ ပြီးရင် ကျွန်တော့်အိမ်ကို လိုက်လာခဲ့ကြ။ ကျွန်တော် ဆေးထည့်ပြီး ကုပေးပါမယ်"

"အေး၊ အဲဒါကြောင့် တို့ဆရာကို အားကိုးနေရတာပဲ နော်။ ဟုတ်ကဲ့၊ အနာကို ဆေးကြောပြီး ကျွန်မတို့ သားအမိ လိုက်လာခဲ့ပါမယ်ဆရာ"

"ကိုင်း… ဒါဆိုရင် ကျွန်တော်ပြန်ဦးမယ်။ ကျွန်တော် အိမ်က စောင့်နေပါမယ်"

ထိုသို့ပြောပြီး စာရေးသူက ပြန်လာခဲ့ပါတယ်။ အတန် ကြာသောအခါ ကိုဝင်းတို့ ဇနီးမောင်နှံနဲ့ သူ့ကလေး အနာ ထူတို့ ပေါက်ချလာကြပါတယ်။ စာရေးသူက အသင့်ဖြင့် ထားတဲ့ ဆေးကို တစ်ခေါင်းလုံး သေသေချာချာလိမ်းပေး လိုက်ပါတယ်။ ဆေးက ဆေးအေးမို့ ကလေးက မညည်း မညူနဲ့ ဆေးလိမ်းခံပါတယ်။

"ကိုင်း…ကလေးကို ဆေးလိမ်းထားတုန်းမို့ ရေချိုး မပေးနဲ့ဦး။ အနာကိုလည်း ရေမထိစေနဲ့၊ အညှီပါတဲ့ အသား ငါး၊ ပုစွန်တွေလည်း မကျွေးနဲ့ဦး။ ဟုတ်လား။ ဆေးကို မနက် တစ်ခါ၊ ညနေ တစ်ခါ မှန်မှန်လာလိမ်းရလိမ့်မယ်။ လက်သည်းတွေလည်း ညှပ်ပေးထား၊ နေပူထဲလည်း ထွက် မကစားခိုင်းနဲ့ဦး၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ၊ ဩော်… ဒါနဲ့ မရွှေအေး တစ်ယောက်လည်း မမြင်ပါလား"

ထိုစဉ်…

""ရှိပါတယ် မမရဲ့၊ နောက်ဘက်မှာ ချက်ပြုတ်နေလို့ ရှေ့တရက် ထွက်မလာနိုင်တာပါ။ အောင်မယ်…ကျော်ဇော သူ့၊ နင်ကတော့ နာမည်နဲ့ မလိုက်တဲ့ အနာထူသူလို့ ပြောင်း ရမလိုဖြစ်နေပြီ ဟင်း…ဟင်း…ဟင်း…"

"ဟုတ်ပါတော်…ဟုတ်ပါ။ မရွှေအေး ပေးတဲ့ နာမည်တောင် ပြောင်းရမလိုဖြစ်နေပြီ"

"ဟား…ဟား…ဟား…"

ကိုဝင်းကြည်ဇနီးစကားကြောင့် အားလုံး ရယ်မော ကြရပါတယ်။

ဒီလိုနှင့် တစ်နေ့နှစ်ခါ ဆေးလိမ်း၊ ဖန်ရည်ဆေး ဆေးတိုက်ဖြင့် မှန်မှန်ကုသပေးလိုက်ရာ ဆယ်ရက်ခန့်အကြာ တွင် ကိုဝင်းကြည်၏ သားလေး ဦးခေါင်းမှ ပြည်တစိုစိုနှင့် ဝဲနှင်းခူအနာများမှာ ခြောက်ပြီး အလွှာလိုက် ကွာကျကုန် တော့သည်။ ဒီတော့မှ နနွင်းတက်ကို သွေးပြီး လိမ်းပေးလိုက် ရာ ဦးခေါင်းတစ်ခုလုံး အနာများ ရှင်းရှင်းလင်းလင်းပျောက် ကုန်ကြသည်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

"မရွှေအေးရေ··· မရွှေအေး၊ ဆရာရှိလား"

အိမ်ရှေ့ဆီမှ ခေါ်ရင်း ဝင်လာကြသူများကို မီးဖိုခန်းမှ ထွက်ကြည့်လိုက်ရာ ကိုဝင်းကြည်တို့ မိသားစုဖြစ်နေပါတယ်။ အနာမထူတော့သော ကျော်ဇောသူလေးကို လက်ဆွဲပြီး စာရေးသူအိမ်တွင်းသို့ ဝင်လာကြခြင်းကြောင့် စာရေးသူလည်း မီးဖိုခန်းထဲတွင် ချက်ပြုတ်နေ လက်စကို ခဏထားခဲ့ပြီး အိမ်ပြင် ဧည့်ခန်းကို ထွက်လာခဲ့ပါတယ်။ တစ်ပြိုင်နက်မှာဘဲ စာရေးသူရဲ့ ဇနီး မရွှေအေးကလည်း ဟင်းရွက်များ ပွေ့လျက် ရောက်လာပါတယ်။

"ဟော··· မမတို့ပါလား၊ အောင်မယ်···အနာထူလည်း ပါလာတယ်ကိုး။ ကဲ···တက်ကြလေ"

"သားကို အနာထူလို့ မခေါ်နဲ့တော့။ သားမှာ အဒ အနာတွေ မရှိတော့ဘူး။ ဘဘ ကုပေးလိုက်လို့ ကြောက် သွားဘီ၊ ဒီမှာ ကြည့်"

ကိုဝင်းကြည်သား ကျော်ဇောသူလေးက မရွှေအေးကို မပီကလာ ပီကလာဖြင့် ပြောရင်း သူ့ခေါင်းလေးကို ရှေ့သို့ ထိုးပြနေသည်။

"ဩော်···အေးအေး၊ မှားပါတယ် ကိုကျော်ဇောသူရယ်။ ဟုတ်ပါ့တော်၊ ငါ့တူလေးခေါင်းမှာ ဘာအနာမှ မရှိတော့ပါလား။ ပိုချောလာတယ်ဟေ့"

"ဟဲဟဲ···ကြီးကြီးအေးလည်း ချောပါတယ်နော်"

"ဟယ်··· ဒီကလေး အတတ်ပါလားတော့။ ဟား··ဟား···ဟား···"

"ကဲ - ဆရာရေ၊ ဟောဒီ သားတော်မောင် အနာတွေ ပျောက်အောင် ကုပေးလို့ ဆရာတို့ စားဖို့ ကျွန်မကိုယ်တိုင် လုပ်ထားတဲ့ ငါးခြောက်တွေနဲ့ လာကန်တော့တာပါ၊ ဟဲ့-သားလေး၊ မင်းဘဘကို ကန်တော့လိုက်လေ"

ကျော်ဇောသူလေးက စာရေးသူကို ကုန်း,ကုန်းပြီး ရှိခိုးနေတာကြောင့် စာရေးသူလည်း ပြုံးရွှင်စွာဖြင့် ဆုများ ပေးလိုက်ရပါတယ်။ ကိုဝင်းကြည်တို့ မိသားစုက ခဏမျှ စကားပြောဆိုကြပြီး ပြန်သွားကြသည်နှင့်···

"ကိုင်း···ဆရာကြီး၊ အဲဒီဆေးနည်းလည်း ပြောထားဦးလေ။ ဒါမှ နောက်တစ်ခါ "ကို"မရှိတုန်း ကျွန်မလည်း ဆရာမလုပ်ရမှာ ဟား···ဟား···ဟား"

"ကောင်းပါ့ကွာ၊ ပြောရမှာပေါ့ကွ။ ပညာဆိုတာ လျှို့ထားရင် ကြာတော့ ပျောက်သွားတတ်တယ်။ အဲဒီလို အနာဆွေး၊ အနာဟောင်း၊ ပြည်တည်နာ၊ ဝဲနှင်းခူအစိုလို အနာမျိုးတွေကို ကုဖို့ ထိကရုံး ဆူးပေါက်ပင်တွေကို နုတ်စဉ်းပြီး ထည့်လှော်ရတယ်။ လှော်လို့ တူးလာရင် သံဆုံနဲ့ မှုန့်ညက်နေအောင် ထောင်းရတယ်။ ပြီးရင် အမှုန့်တွေကို စွပ်ကျယ်စနဲ့ ပေါင်ဒါမှုန့်လို မှုန့် ရအောင်'စစ်ယူပြီး၊ ရေနံချေးကို မီးနည်းနည်းနဲ့ ခပ် ဖြစ်လာအောင် နွှေးပြီး စောစောက ထောင်းထားတဲ့ တွေနဲ့ သမအောင် ရောမွှေပေးရတယ်။ အေး၊ သမသွားပြီဆိုရင် လေလုံတဲ့ ဖန်ပုလင်းမှာ ထည့် တယ်။ ဆေးလိမ်းမယ့် အနာကို ရေစင်စင်ဆေးပြီး အ ခံထားရတယ်။ နောက်ပြီးမှ အနာပေါ်မှာ ဆေးကို စုတ် နဲ့ ခပ်ဖွဖွလေး လိမ်းပေးရတယ်ကွ။ ဆေးလိမ်း အချိန်မှာ ရေမချိုးရဘူး။ နောက် အညှီကြီးတဲ့ သ ပုစွန်တွေကိုလည်း မစားရဘူး။ လက်သည်းတွေ ညှပ်ပေးထားရမယ်။ အနာက ယားတော့ လက် ကုတ်ရင် အနာက အရည်တွေက လက်သည်းထဲ အခြားနေရာတွေကို ကူးစက်တတ်တယ်။ အေး တစ်ပတ်လောက် ဂရုစိုက်ပြီး သေသေချာချာ ကု ရင် ပြည်တစိုစိုနဲ့ ဝဲနှင်းခူနာ၊ အနာဆွေး၊ အနာဟော ဟာ အလွှားလိုက် ကွာကျပြီး အသားနုပေါ်လာတ တော့မှ နနွင်းတက်ကို သွေးပြီး လိမ်းပေးလိုက်ရ ကောင်းသွားပြီပေါ့ကွာ။ ကဲ - ဆရာမကြီး မှတ်မိ

"အင်း··· မှတ်ရတာများတော့ လွယ်တော ဘူး။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ ကိုယ့်ယောကျ်ားက ဆေး ပဲဟာ၊ မေ့ရင် ပြန်မေးရမှာပေါ့"

"အေးလေကွာ၊ မမေ့အောင် စာလေးနဲ့ ရေး လိုက်ပေါ့ကွ"

"အင်း၊ ကောင်းတယ်။ ဒီလိုဆို အဲဒီ ဆေး ကုပုံကုနည်းပါ ကိုပဲ ရေးမှတ်ပေးထားနော်။ ဒီမှာ ချက်လိုက်ဦးမယ်။" ကဲ - သွားပြီ ဆရာကြီးရေ- ဟင်းဟင်း"

"ဟော···ကောင်းပါ့ကွာ၊ ဒီမိန်းမကတော့ လိုက်ပြန်ပြီ"

ဟုသာ စိတ်တွင်းမှ ညည်းညူရင်း ကျန်ရ တယ်ခင်ဗျာ။

နှလုံးစိတ်ဝမ်း အေးချ

* * *

မိုးမာန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၄ ခုနှစ်၊ မတ်လ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

**…သရာသီ**



**ARIES**

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

အခက်အခဲများစွာရှိနေသော်လည်း ဘ၀တိုးတက်မှု ကြုံရတတ်ပါသည်။ ခင်မင်ရင်းနှီးသူတစ်ဦး၏ လိမ်ညာမှု၊ ပြိုင်ဆိုင်မှုကို ခံရတတ်သည်။ သို့ရာတွင် စိတ်ထား တည်ငြိမ်တတ်ချိန်ဖြစ်၍ လိမ်ညာခံရခြင်း၊ ကောက်ကျစ်ခံရခြင်းမှ ကင်းဝေးပါလိမ့်မည်။ ယခုကာလအတောအတွင်း စိတ်မရှင်းသည့်ကိစ္စ၊ ဝေခွဲဆုံးဖြတ်ရန် ခက်သည့်ကိစ္စတစ်ခု ကြုံရတတ်သည်။ ရပ်ဝေးပြည်ပဆက်သွယ်ရေး မျှော်လင့်ထားသကဲ့သို့ ကြုံမည်။ မိမိကျန်းမာရေးကောင်းသော်လည်း အတူနေသူတစ်ဦး ကျန်းမာရေး ဂရုစိုက်သင့်၏။

**…သင့် သောနေ့** - အင်္ဂါ၊ စနေ။

**…ရမည့် ဂဏန်း** - (၅)အစ (၂)အဆုံး၊ (၁)အစ (၇)အဆုံး။

- ကျောင်းသား ကျောင်းသူများကို စာအုပ်နှင့် စာရေးကိရိယာ လှူဒါန်းပါ။

**…သရာသီ**



**…URUS**

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

ငါးရံ့နှစ်ကောင် ဖမ်းခွင့်ရချိန်ဖြစ်၍ ဗျာများနေရတတ်သည်၊ စိတ်အာရုံရှုပ်ထွေးခြင်း၊ အတွေးယိမ်းယိုင်ခြင်းများ ကြုံရတတ်၏။ မိသားစုကိစ္စရပ်အချို့တွင် ပြောများဆိုများ၊ လုပ်ကိုင်များ ကြုံရတတ်သည်။ ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းတို့တွင် အခက်အခဲနှင့် အခွင့်အရေး ရောရောထွေးထွေးရှိနေသည်။ လောင်းကစားမှုကို အထူးရှောင်ပါ။ ပျော်ပါးသောက်စားမှုကြောင့် ရပ်ဝေးခရီးကိစ္စ ဆုံးရှုံးမှု ကြုံရတတ်သည်။ မတည့်သောအစားအစာကို စားမိသဖြင့် ရောဂါဝေဒနာဟောင်း ပြန်ထတတ်၏။ အချိုလျှော့စားပါ။

**…သင့် သောနေ့** - အင်္ဂါ၊ သောကြာ။

**…ရမည့် ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၆)အစ (၀)အဆုံး။

- ဖြူစင်သော စိတ်စေတနာကို အရင်းခံလျက် လူကြီးမိဘတို့၏ ဝေယျာဝစ္စကို ပိုမိုပြုလုပ်ပါ။

**…ထုန်ရာသီ**



**…EMINI**

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

ထည်ဝါခန့်ညားသော ဘ၀သစ်သို့ နေ့ချင်း… ပြောင်းလဲတတ်သည်။ တိုးတက်မှုကို ဖော်ညွှန်းနေပါသည်။ မိသားစုဝင်တစ်ဦးအတွက် ဂုဏ်ယူဝံ့ကြွားဖွယ် ဖြစ်ပျက်မှုတစ်ခု မမျှော်လင့်ဘဲ ကြုံရတတ်ပါသည်။ ငွေကြေးဥစ္စာ လာဘ်ရွှင်ခြင်း၊ ထီပေါက်ခြင်းတို့ ကြုံရတတ်ပါသည်။ လောလောဆယ်ဆောင်ရွက်နေသည့်ကိစ္စအတွက် ဆုံးဖြတ်ချက်များ ပြောင်းလဲတတ်ပါသည်။ ဆုံးဖြတ်ချက်အသစ်ပေါ်လျှင် ရဲရဲတင်းတင်းလုပ်ပါ။ ရပ်ဝေးပြည်ပ ဆက်သွယ်ရေး အထူးကောင်း၏။ ကျန်းမာရေးကို ဂရုစိုက်တတ်ချိန်ဖြစ်၍ နပျိုသန်စွမ်း သွက်လက်နေပါလိမ့်မည်။

**…သင့် သောနေ့** - တနင်္လာ၊ ကြာသပတေး။

**…ရမည့် ဂဏန်း** - (၁)အစ (၉)အဆုံး၊ (၆)အစ (၃)အဆုံး။

- တစ်နေ့တည်း တန်ခိုးကြီးဘုရားသုံးဆူ ဖူးလျက် အဓိဋ္ဌာန်ပုတီးစိပ်ကာ လိုရာဆုတောင်း…



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )



CANCER

ပန်းလိုမွှေး၍ ရေလို အေးရတတ်ချိန်ဖြစ်သည်။ ဓနရော လာဘ်ပါ တစ်ပြိုင်တည်း ဝင်က တတ်ပါသည်။ သင်နှင့် သင့်မိသားစုအတွက် မည်သည့်အချိန်ကမှ အခွင့်အရေးမပေးခဲ့သ ကောင်းခွင့်တစ်ခုရရှိတတ်၏။ လောလောဆယ် ဆောင်ရွက် အကောင်အထည်ဖော်သည့် ကိစ္စ ကောင်းသော အကျိုးဆက်များသာ ကြုံရပါလိမ့်မည်။ ရာထူး၊ နေရာ ပြောင်းရွှေ့မှုတိုင်း အ တတ်၏။ အမွေရ၊ ထီပေါက်၍ လာဘ်ရှင်ချိန်ဖြစ်သောကြောင့် ထီထိုးပါ။ ကျန်းမာရေးအ ရောဂါဝေဒနာဟောင်းရှိသူဖြစ်က အနေအထိုင်ဆင်ခြင်ပါ။

**ထီးထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၈)အဆုံး၊ (၅)အစ (၀)အဆုံး။

**ယတြာ** - နံနက်စောစော သီလခံယူပြီး ဂုဏ်တော်ကွန်ချာ ရွတ်ဖတ်ပူဇော်ပါ။

## သိဟ်ရာသီ

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )



LEO

ရင့်သန်သော အတွေးအခေါ်သစ်များ ဖြစ်ထွန်းရရှိမည်။ ထူးခြားသော အောင်မြင်မှုကြောင့် ချက်များ ပြည့်စုံအောင်မြင်မည်။ ရန်အတိုက်အခိုက်၊ အပြိုင်အဆိုင်ကြားမှ အရှိန်အဟုန်မြ တိုးတက်ပြောင်းလဲမည်။ လက်ရှိ သင့်စီးပွားရေးအနေအထားကို သင် သိပ်အားမရနိုင်ပါ။ သော အတွေးစိတ်ကူးဖြင့် လန်းဆန်းတက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်နေမည်။ မိတ် ဝန်းကျင်သစ်ကြောင့် ကံပွင့်လန်းလာမည်။ အိမ်၊ ခြံ၊ မြေ၊ ကားကိစ္စ ဆုံးမစေသင့်ပေ။ ကျ ကိစ္စကြောင့် စိတ်ညစ်ရပေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၅)အဆုံး၊ (၈)အစ (၈)အဆုံး။

**ယတြာ** - သံဃာတော်တစ်ပါးကို ထီး (သို့မဟုတ်) ဖိနပ်လှူပြီး လိုရာဆုတောင်းပါ။

## ကန်ရာသီ

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )



VIRGO

ချမ်းသာသုခနှင့် ပြည့်စုံ ကြွယ်ဝခွင့် ကြုံမည်။ ထူးခြားသော ပြောင်းလဲမှုအချို့ကို အံ့ဩဖွယ် ရင်ဆိုင်နေရလိမ့်မည်။ ဝီရိယကောင်းကောင်းနှင့် လုပ်ဆောင်မှုအတွက် အောင်မြင် အကျိုး တတ်၏။ ငွေကံ ကောင်းမွန်နေသည်။ မည်သည့်လုပ်ငန်းမဆို တကယ်လုပ် အဟုတ်ဖြစ် ပါ။ သို့သော် ရိုးသားပွင့်လင်းလွန်းခြင်းကြောင့် သူတစ်ပါး ကွက်ကျော်ရိုက်စားမှုမျိုး ခံရတ ငွေကြေးကိစ္စ၊ စာချုပ်စာတမ်းကိစ္စတို့တွင် အထူးသတိရှိသင့်၏။ ကျန်းမာရေး အထူးပင် နေပါသည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (၂)အစ (၀)အဆုံး။

**ယတြာ** - မေတ္တာ စေတနာကို အရင်းတည်လျက် ကိုယ်ဝန်ဆောင်တစ်ဦးကို ဆေးနှင့် မုန့်ပေ



www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ




( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

စိတ်ကူးစိတ်သန်း အထူးကောင်းမွန်နေပါလိမ့်မည်။ တီထွင် ဖန်တီးနိုင်စွမ်း ကောင်းမွန်နေမည်။ စကားပြောစွမ်းရည်ရှိသူဖြစ်၍ အရောင်းအဝယ်သွက်နေမည်။ ယခုကာလမှာ ဂန္ထိရဆန်သော ကိစ္စရပ်များကို အထူးစိတ်ဝင်စားနေတတ်သည်။ ပညာမျက်စိကို ဖွင့်လျက် လောကလမ်းကို လျှောက်လှမ်းနေမည်။ လူချစ်လူခင်များပြားပြီး လူအများ၏ ယုံကြည်လေးစားမှုကို ခံရပါလိမ့်မည်။ အိမ်၊ ခြံ၊ မြေကိစ္စ အကျိုးထူးမည်။ ကျန်းမာရေးကောင်းသည်ထက် ကောင်းမွန်စေရန်အတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို မှန်မှန်ပြုလုပ်သင့်၏။

ထိုးသင့်သောနေ့ - အင်္ဂါ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၃)အဆုံး၊ (၆)အစ (၀)အဆုံး။
ယတြာ - သတိရတိုင်း မကြာခဏ ဘုရားဂုဏ်တော်ကိုးပါးကို နှလုံးသွင်းကာ ရွတ်ဆိုပါ။

## ဗြိစ္ဆာရာသီ




( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

ကံကောင်းမှုများ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာမည့် ကာလ။ လူအများ အာရုံမထားသော စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်နေပါလိမ့်မည်။ ဆင်ခြင်တုံတရားရှိခြင်းကြောင့် စွန့်စားလှုပ်ရှားမှုတို့ အဆင်ပြေလိမ့်မည်။ လုပ်ငန်းခွင်မှာ ဦးစီးဦးဆောင်လုပ်နေရမည်။ ယခုကာလမှာ ဂမ္ဘီရဆန်သော အိပ်မက်မက်မှုမျိုး ကြုံရတတ်သည်။ မိသားစု ပျော်ရွှင်ချမ်းမြေ့စေရန် မိမိက အနစ်နာခံကာ ဆောင်ရွက်နေတတ်သည်။ ကျန်းမာရေးအတွက် မပေါ့ဆသင့်ပေ။ တတ်ကျွမ်းနားလည်သူများနှင့် တိုင်ပင်ကုသသင့်၏။

ထိုးသင့်သောနေ့ - တနင်္လာ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၅)အဆုံး၊ (၉)အစ (၄)အဆုံး။
ယတြာ - မွေးနေ့တွင် ယောဂီဝတ်ဆင်လျက် ကိုးပါးသီလ ခံယူပြီး တရားထိုင်၊ တရားမှတ်ပါ။

## ဓနုရာသီ




( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၁) ရက်အတွင်း )

အနီးကပ်ပြီး ဒုက္ခပေးသော လူယုံကို သတိပြုသင့်သည်။ အပြောကောင်းသူက သင့်စီးပွားရေး ရည်ရွယ်ချက် အောင်မြင်မှုကို ရှေ့သို့ တွန်းပို့နိုင်သကဲ့သို့ နောက်သို့လည်း ပြန်ဆွဲနိုင်၏။ စာချုပ်စာတမ်းနှင့် ပတ်သက်၍ လည်းကောင်း၊ ငွေကြေးကိစ္စနှင့် ပတ်သက်၍ လည်းကောင်း၊ မကြာခဏ စကားအခြေအတင် ပြောရ၏။ ရပ်ဝေးခရီးကိစ္စ အဆင်ပြေ အကျိုးထူးမည်။ ကျန်းမာရေးအတွက် ဉာဏ်နှင့် ချင့်ချိန်ကာ သင့်တင့်ရုံ စားပါ။ ကိုယ်နေဟန်ထား မှန်ကန်စွာ နေထိုင်သင့်၏။

ထိုးသင့်သောနေ့ - တနင်္လာ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၉)အဆုံး၊ (၆)အစ (၆)အဆုံး။
ယတြာ - မေတ္တာရှိသူတစ်ဦးကို အဝတ်အထည်၊ ငွေကြေးတို့ ပေးလှူပါ။



www.burmeseclassic.com

www.burmeseclassic.com

မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ပစ်တိုင်းထောင်ကဲ့သို့ အမြဲတမ်း တည့်မတ် တည်ငြိမ်စွာ ထောင်နေပါလိမ့်မည်။ စီးပွားရေးလုပ်ငန်း ကိစ္စရပ်များကို စိတ်အေးအေးထားပြီး မှန်မှန်ကန်ကန် လုပ်ဆောင်တတ်ခြင်းကြောင့် အဆင်ပြေ ရရှိတတ်သည်။ စီးပွားရေး ပညာရေးနှင့် လူမှုရေးတို့တွင် ဘက်စုံ အောင်မြင်ပါလိမ့်မည်။ စီးပွားရေး တရိပ်ရိပ်တိုးတက် ဖွံ့ဖြိုးမှု ကြုံရပါလိမ့်မည်။ ဂုဏ်သိက္ခာမြင့်မားခြင်း ရာထူးတိုးခြင်းတို့ ကြုံရပါလိမ့် မည်။ သြဇာအာဏာပြည့်ဝလျက် ကျော်ကြားလူသိများမှုမျိုး ကြုံတွေ့ရပါလိမ့်မည်။ ကျန်းမာရေး အသက်ကို ဉာဏ်စောင့်သောကြောင့် မိမိကိုယ်မိမိ စောင့်ရှောက်ပါ။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။

ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၅)အဆုံး၊ (၃)အစ (၅)အဆုံး။

ယတြာ - မွေးနံထောင့်တွင် ရွှေထီးနှင့် ထီးဖြူ၊ ထီးနီများ ကပ်လှူ၍ ပူဇော်ပါ။

ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

သတိတရားကို လက်ကိုင်ပြု၍ နေထိုင်သင့်သည်။ လောကဓံတရားတို့က သင့်ကို နည်းလမ်းမျိုး နှင့် အားစမ်းနေပါလိမ့်မည်။ ကုသိုလ်ကံ အကောင်းအဆိုး ဒွန်တွဲနေတတ်၏။ လုပ်ငန်းအောင်မြင် နှေးကွေးနေမည်။ စေတနာကောင်းသော်လည်း အပြောကြမ်းသောကြောင့် အခက်အခဲကြုံရတတ် သည်ကို သတိပြုစေချင်သည်။ ချိုသာသိမ်မွေ့စွာ ပြောဆိုရန် မမေ့သင့်ပေ။ ကျန်းမာရေးအနေဖြင့် စိတ်အာရုံရှုပ်ထွေးခြင်းကြောင့် ခေါင်းအုံခြင်း၊ ခေါင်းကိုက်ခြင်းတို့ ခံစားရတတ်သည်။ ကံကောင်း ကျန်းမာ လာဘ်ရွှင်မှုများ ဆက်တိုက်ကြုံရစေရန် ဘာသာရေး အဓိဋ္ဌာန်တစ်ခုကို ပြုကြည့်သင့်

ထီထိုးသင့်သောနေ့ - ကြာသပတေး၊ သောကြာ။

ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၉)အဆုံး၊ (၆)အစ (၆)အဆုံး။

ယတြာ - စေတနာရှိသူတစ်ဦးကို မျက်နှာသုတ်ပဝါ လက်ဆောင်ပေးပါ။ စေတနာ ရောင်ပြန်ဟပ် အောင်မြင် အဆက်မပြတ်ကြုံရပါလိမ့်မည်။

မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

စူးစမ်းလေ့လာလိုစိတ် ပြင်းပြနေမည်။ လုပ်ငန်းတူ ပြိုင်ဘက်တို့အပေါ် စေတနာလွန်၊ အားနာလွန် လျှင် ဆုံးရှုံးမှု ကြုံရတတ်သည်ကို သတိပြုပါ။ ဘဝတက်လမ်းအတွက် အခွင့်အလမ်းကြုံလာလျှင် မိမိရရဆွဲဖမ်းထားလိုက်သင့်၏။ ခရီးသွားလာရန် စီစဉ်ထားသောကိစ္စ အထစ်အငေါ့ အနည်းငယ် ကြုံပြီးမှ အဆင်ပြေတတ်သည်။ ဂတ်တလောမှာ ဖြစ်ချင်သည်ထက် ဖြစ်နိုင်သည်ကို ရွေးချယ် လုပ်ဆောင်ပါ။ ကျန်းမာစေရန် နာမကျန်းဖြစ်က ချက်ချင်းကုမှ ချက်ချင်းပျောက်မည်။ မိမိကျန်းမာ ရေးကို စောင့်ရှောက်သကဲ့သို့ မိသားစု ကျန်းမာရေးကိုလည်း ဂရုပြုပါ။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ သောကြာ။

ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၆)အဆုံး၊ (၉)အစ (၀)အဆုံး။

ယတြာ - ကံတက်လမ်း ပွင့်လန်းစေရန် မိတ်ဆွေ၊ သူငယ်ချင်းများကို ကြာဆံ ချက် ဒါနပြု ကျွေးမွေး

*****



www.burmeseclassic.com

# ဘဂ်နှင့် ခိုက်ကို ဝေဖန်ခြင်း

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**

တစ်နေ့သဌ်ဟူသော ဝါကျဖြင့် ကျွန်ုပ်၏ ဆောင်းပါးကို ရေးပါမည်။ ထိုတစ်နေ့သည် အင်္ဂါနေ့ပင် ဖြစ်၏။ စာရေးဝါသနာပါသော ကျွန်ုပ်၊ ဗေဒင်ဆရာဘဝဖြင့် မိမိရဲ့ သက်တမ်းကို မရဏာကာလထိ ဖြတ်ကျော်နေစဉ်၊ ဗေဒင်ဖြင့်သာ ချွင် ခုနစ်ရက်သားသမီးတို့ကို ပညာပေးသော စာများကို ရေးချင်၏။ သို့သော် ဝါသနာအရ ဗေဒင်ပညာပေး သုတဆောင်းပါးများတွင် ရသများ ထည့်၍ ရေးသားသောအကျင့်ရှိနေ၏။ မဂ္ဂဇင်းတစ်စောင်တွင် စာတည်းချုပ် လုပ်ဖူးသောဆရာ မြတ်ထူထက်က "ဆရာ မြတ်စောလင်းရဲ့ အရေးအသားတွေ ကောင်းပါတယ်။ သုတလည်း ရေးပေါ့။ ရသလည်း ရေးစမ်းပါဦး" ဟု ပြောဖူး၏။ ထို့ကြောင့် "မြိုင်ဝနားခဲ့ခဲ့သော ဝတ္ထုရှည်မျိုးကို အတိုလေးတွေ ဖြစ်အောင် စိတ်ကူးမိ၏။ ဘယ်လိုပင် စိတ်ကူးသော်လည်း ဗေဒင်ချစ်သူစာဖတ်ပရိသတ်အတွက် ရေးရသော ဆန္ဒများကသာ လွှမ်းမိုးနေ၏။

ကျွန်ုပ်သည် အင်္ဂါနေ့တိုင်း ဟောခန်းကို ဆရာမ မ်းကေသီနှင့် ထားခဲ့၍ မဂ္ဂဇင်းတိုက်များသို့ စာမူပေးခြင်း၊ ယူခြင်း၊ စာမူခ ထုတ်ခြင်းကို လုပ်ရန် ရန်ကုန်ထဲသို့ ထွက်မြဲဖြစ်၏။ ၃၃လမ်းမှ တည်တည်တံ့တံ့ဖြင့် စာပေသစ္စာ၊ စာပေသိက္ခာစည်းကမ်း အပြည့်ရှိသော မဂ္ဂဇင်းတစ်စောင်သို့ စာမူပို့ရန် လာခဲ့၏။ လမ်းထဲသို့ အဝင်မှာပင် မဂ္ဂဇင်းစာတည်းချုပ်နှင့် တွေ့ရ၏။

"ဟာ··· ဆရာလာတာနှင့် အတော်ပဲ၊ စာမူခ ကြိုထုတ်ပေးလိုက်ရမယ်"

ထိုစကားကြောင့် ကျွန်ုပ်သည် တစ်ခဏဝမ်းသာသွား၏။ သို့သော် အပြည့်အစုံသိရသောအခါ ကျွန်ုပ်၏ မေတ္တာနှင့် စေတနာကို ဗေဒင်ချစ်သူ စာဖတ်ပရိသတ်ရှေ့သို့ ရောက်ရသဲ စာမူခ နှစ်ထောင်၊ သုံးထောင် ကျွန်ုပ် မလိုချင်ပါ။

သို့နှင့်ပင် မဂ္ဂဇင်းတိုက်မှ ထွက်၍ ဆူးလေဘုရားသို့ လာခဲ့၏။ ဆူးလေ အင်္ဂါထောင့်တွင် ကျွန်ုပ် ဝတ်ပြုလိုက်၏။ ဆူးလေဘုရားသို့ သွားစဉ် မမျှော်လင့်ဘဲ ကျွန်ုပ်၏ တပည့်ရင်း မခိုင်ကို တွေ့လိုက်ရ၏။ ခေတ္တ စကားပြော၍ ဘုရားပေါ်သို့ လာခဲ့၏။ ဘုရားပေါ်တွင် မကြွယ်ဆိုသော မိတ်ဆွေတစ်ဦးနှင့် တွေ့ပြန်၏။ မကြွယ်- တနင်္လာ။ မခိုင်- တနင်္လာ။ အင်္ဂါသား၊ အင်္ဂါနေ့၏ ဒုက္ခ၊ ခိုက် ပုဂ္ဂိုလ်များပင် ဖြစ်၏။ မကြွယ်က လက်ဖက်ရည်ဖိုး ငွေသုံးရာတောင်း၍ ပြန်သွား၏။ အင်္ဂါထောင့်တွင် ဆက်၍ အဓိဋ္ဌာန်ပြုနေစဉ်မှာပင်···

"ဦး···မင်္ဂလာပါ"

"သြော်···မင်္ဂလာပါ"

"ကျွန်မကို အကူအညီပေးပါလား ဦးရယ်"

"ပြောပါဦး၊ ဘယ်လိုကူညီရမှာလဲ"

သူမသည် အသက် ၃၀ ခန့်ပင် ရှိမည်ထင်ရ၏။ သူ့အခက်အခဲနှင့် ငွေလိုနေမှုတို့ကို တင်ပြ၏။ ထိုအဖြစ်မျိုးနှင့် မကြုံဘူးသော ကျွန်ုပ်သည် ကလေးမအား သနားသွားမိ၏။ ထို့ကြောင့် သူတောင်းသော အကူအညီကို ပေးလိုက်မိ၏။ ကျွန်ုပ်သည် သူမ ခေါ်ဆောင်ရာသို့ လိုက်သွားမိ၏။ လမ်း ၄၀ နှင့် အနော်ရထာလမ်းပေါ်ရှိ ရှေးအိမ်အိုကြီးတစ်လုံးပေါ်သို့ ကျွန်ုပ်အား ခေါ်ဆောင်သွား၏။ အပေါ်ထပ်အခန်းထဲသို့ ရောက်ပြီး ၄၅မိနစ်အတွင်းတွင် ကျွန်ုပ်သည် လောကကြီးနှင့် ကင်းကွာသလိုလိုဖြစ်လာ၏။ ထိုစဉ် သူမသည် လန်ဒန်စီးကရက်တစ်လိပ်ကို ထုတ်၍ သောက်လိုက်၏။ ပြီးလျှင် ကျွန်ုပ်၏ မျက်နှာသို့ မှုတ်ထုတ်လိုက်၏။

ကျွန်ုပ်သည် ထိုအိမ်ပေါ်သို့ ရောက်သည်နှင့် သူမလုပ်ဆောင်ချက်နောက်သို့သာ လိုက်ပါနေမိ၏။ ဘာတစ်ခုမှ စဉ်းစား၍ ငြင်းဆိုနိုင်ခြင်း မရှိခဲ့ပေ။ ကျွန်ုပ် သတိရလာ၍ ထိုအိမ်ကြီးပေါ်မှ ဆင်းလာပြီး ၃၉လမ်းအတိုင်း လျှောက်



www.burmeseclassic.com

www.burmeseclassic.com

ဘလောက်သို့ သွားနေမိ၏။ ကျွန်ုပ်သည် အိမ်ပြန်ရမည် မဟုတ်ပါလား။ ကျွန်ုပ်၏ ဇနီးသည် ပူပန်တတ်သူ၊ ဆွေမျိုး ညီအစ်ကိုမောင်နှမနှင့် အားကိုးလောက်သော မိတ်ဆွေမရှိ သူဖြစ်သည်။ ကျွန်ုပ်၏ ခြေလှမ်းများသည် ဝေခွဲမရသော၊ နှောင့်နှေးသောသဘောဖြင့် တုံ့ဆိုင်းနေ၏။ ထိုစဉ် ကျွန်ုပ် အနီးသို့ အသက် ၄၀/၅၀ ပတ်ဝန်းကျင်ရှိ ယောက်ျား တစ်ယောက် ကပ်လာ၏။

သူသည် ကျွန်ုပ်အား တာဝန်ရှိသူဟု ဆိုကာ ခုန ကလေးမနှင့် ပတ်သက်၍ ကျွန်ုပ်အား ဥပဒေတို့နှင့် ခြိမ်း ခြောက်လာတော့၏။

သူသည် နိုင်မာသော အချက်တို့နှင့် ပြောနေသဖြင့် ကျွန်ုပ် မငြင်းဆိုနိုင် ဖြစ်ရတော့၏။ အကယ်၍ လမ်းကြောင်း အတိုင်းသွားနေလျှင် အချိန်များ ကြန့်ကြာတော့မည်။ အခြား အခြားသော မဖြစ်သင့်သည်တို့ပါ ဖြစ်ကုန်ရော့မည်ဟူသော အတွေးတို့က ဝင်လာ၏။ ကျွန်ုပ်သည် (၂)ကြွင်း မဟာ ဘုတ်ပိုင်ရှင်ဖြစ်ခြင်းကြောင့် အလွန်ပင် အတွေးလွန်၍ စိုးရိမ်ကြောင့်ကြကြီးတတ်၏။ သို့ကြောင့် ထိုယောက်ျားနှင့် ညှိကာ ကျွန်ုပ်တွင် ပါလာသော ငွေနှစ်သောင်းငါးထောင်ကို ပေးလိုက်ရ၏။

ထိုငွေကို ပေးပြီး ထွက်လာစဉ် ဆယ်လှမ်းမျှ လှမ်း ပြီးသောအခါ ကျွန်ုပ်၏ စိတ်နှင့် ဦးနှောက်တို့သည် ပုံမှန် ဖြစ်သွား၏။ ထိုယောက်ျားအား ကျွန်ုပ် ပြန်မေးရမယ့်၊ ပြော ရမယ့် အချက်နှင့် စကားတို့ကို စဉ်းစားလာမိ၏။ သို့သော် နောက်ကျသွားပြီ။ ထိုယောက်ျားသည် ဘယ်ကလဲ၊ ဘာလဲ၊ ကျွန်ုပ်သည် ဆက်၍ မစဉ်းစားတော့ပါ။ ကျွန်ုပ်၏ ခေါင်းထဲ တွင် မနိုင်၊ မကြွယ်၊ မခိုင် စသော တနင်္လာနာမည်တွေကို သာလျှင် ပဲ့တင်ထပ်နေ၍၊ ငါသည် ဗေဒင်ဆရာ၊ အင်္ဂါနေ ၏ ဒုက္ခ/ခိုက်၊ တနင်္လာနိမိတ်တွေ့ပြီးသော ငါ မဟာဘုတ် က (၂)ကြွင်း၊ တနင်္လာဘင်္ဂ ငါ့အသက်အရ ပိုင်ဂြိုဟ်က တနင်္လာဘင်္ဂ သက္ကတ် ခိုက် ဒုက္ခ သက္ကတ်ကာလတွင် ဒုက္ခ ခိုက် ဘင်္ဂ စသောနိမိတ်တွေကို မရှောင်ဘဲ တစ်ပါးသူ တွေကို အကြွင်းမဲ့ သနားတတ်ခြင်း၊ ယုံကြည်ခြင်း၊ အားနာ ခြင်းသည် ကျွန်ုပ်၏ အမှားနှင့် အားနည်းချက်ပင် ဖြစ်ပေ ၏။ ကျွန်ုပ်သည် ဘဝအတွေ့အကြုံထဲမှ ဗေဒင်ချစ်သူတို့ အား ပညာပေးခြင်းဖြင့် အမြတ်ထုတ်လိုသည်။ ထို့ကြောင့် ဘင်္ဂ မရဏ သက္ကတ်ကာလတွင် ဘင်္ဂ မရဏနှင့် ပတ် သက်သော လူ၊ ပုဂ္ဂိုလ်အကြောင်းတရားကိစ္စမှန်သမျှနှင့် ထိုပုဂ္ဂိုလ်များ ခိုက် ဒုက္ခထဲ ရောက်ချိန် နေ့ရက်တို့ကို ပတ်သက်ခြင်း ပြုလုပ်မိခြင်း မရှိစေရန် အရေးကြီးလှ[...] သည်။

**ခုနစ်ရက်သားသမီးများ၏ ဒုက္ခ ခိုက်ကျသော နေ့နံများ**

(၁) တနင်္ဂနွေသားသမီးများ တနင်္ဂနွေနေ့ တနင်္ဂနွေအ[...] စနေသားသမီးနှင့် စနေနံအကြောင်းအရာများ။

(၂) တနင်္လာသားသမီးများ တနင်္လာနေ့ တနင်္လာအ[...] တနင်္ဂနွေသားသမီးများနှင့်၊ တနင်္ဂနွေနံနှင့် ပတ်သ[...] သော အကြောင်းကိစ္စများ။

(၃) အင်္ဂါသားသမီးများ အင်္ဂါနေ့ အင်္ဂါအချိန် တနင်္လာသ[...] သမီးနှင့်၊ တနင်္လာနံနှင့် ပတ်သက်သော အကြေ[...] ကိစ္စများ။

(၄) ဗုဒ္ဓဟူးသားသမီးများ ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးအချိန် အ[...] သားသမီးများနှင့် အင်္ဂါနံနှင့် ပတ်သက်သော အကြေ[...] ကိစ္စများ။

(၅) ကြာသပတေးသားသမီးများ ကြာသပတေးနေ့ ကြာ[...] ပတေးအချိန် ဗုဒ္ဓဟူးသားသမီးများနှင့်၊ ဗုဒ္ဓဟူးနံ[...] ပတ်သက်သော အကြောင်းကိစ္စများ။

(၆) သောကြာသားသမီးများ သောကြာနေ့ သောကြာအ[...] ကြာသပတေးသားသမီးများနှင့်၊ ကြာသပတေးနံ[...] ပတ်သက်သော အကြောင်းကိစ္စများ။

(၇) စနေသားသမီးများ စနေနေ့ စနေအချိန် သော[...] သားသမီးများနှင့်၊ သောကြာနံနှင့် ပတ်သက်သေ[...] အကြောင်းကိစ္စများကို . . .

မဆောင်ရွက်မိစေရန် အထူးအရေးကြီးလှ၏။ သ[...] နှင့် ရှောင်နိုင်ကြပါစေ။ ယခင်က ဆောင်းပါးများသည် ဂြိ[...] ပိုင်ကာလနှင့် သက္ကတ်များ၊ မဟာဘုတ် အကြွင်းတိုင် ယေ[...] များ ဖော်ပြရေးသားခဲ့ပြီးဖြစ်၍ စာမျက်နှာဝဲ့ကွက်ကာ ချန်[...] ခဲ့ပါသည်။ ထိုဘေးဒဏ် / ခိုက်ကြသော နေ့နံများ ပ[...] ဘင်္ဂ၊ မရဏတို့တွင် ရှိမည်ဆိုလျှင် ထိုနေ့များကို အ[...] သတိထားသင့်လှပေသည်။

စာဖတ်သူများ တန်ဖိုးရှိစွာ အသုံးချနိုင်စေခြင်း[...] အဖြစ်မှန်ကို ပြောပြသော လမ်းဘေး ဗေဒင်ဆရာ "ဆ[...] ပြည့်ဝချမ်းသာ"၏ ပြောပြချက်ကို အခြေခံ၍ ရသခံစာ[...] များဖြင့် ရေးသားတင်ပြခြင်းသာလျှင် ဖြစ်ပါသည် ■

အထူးကျေးဇူးတင်[...]

* * *

သစ္စာဝါဒီ[...]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်၊ ၂၅နှစ်ခန့်က ပြည်မြို့ ခေတ္တရာမြို့သစ်ဈေးအတွင်းနှင့် ဈေးအနီးတစ်ဝိုက်၊ ခေတ္တရာနှင့် ရွှေတံခါးကွက်သစ်သွား ၂-လမ်းတစ်လျှောက်တွင် တစ်နေရာမဟုတ် တစ်နေရာ၌ "ခင်မေ"ဆိုသည့် အမျိုးသမီးကို မြင်ဖူး၊ တွေ့ဖူးသူများ သတိထားမိကြမည်ဟု ထင်ပါသည်။

အမျိုးသမီးက အသက် ၃၀ ဝန်းကျင်၊ အသားလတ်လတ်၊ အရပ်မနိမ့်မမြင့်၊ တစ်ပတ်လျှိုဆံထုံး အမြဲထုံးတတ်သည်။ သူနေသည့် ရပ်ကွက်ထဲမှာ သူ့အား ကုန်စိမ်းရောင်းသည့် မခင်မေအဖြစ် သိသူ များသည်။ သူက စိတ်ရောဂါဝေဒနာရှင်တစ်ဦးဖြစ်သည်။ သို့သော်လည်း သူ့အား စိတ်ရောဂါဝေဒနာရှင်အဖြစ် လူတိုင်း မသိ။ အိမ်နီးချင်းနှင့် တချို့တလေသာ သိသည်။

သူက အဝတ်အစားကို အမြဲသေသေသပ်သပ် ဝတ်သည်။ ဈေးသွား ဈေးဝယ်၊ ဈေးရောင်းလည်း လုပ်သည်။ ထမင်းဟင်းကိုလည်း အမြဲချက်ပြုတ်စားသည်။ အဝတ်အစားကို ကိုယ်တိုင်လျှော်ဖွပ် မီးပူတိုက်ဝတ်သည်။ ရေမိုးချိုး၍ သန့်သန့်ပြန့်ပြန့်နေသည်။ အိမ်ဝေယျာဝစ္စ မရှိသည့်အခါများတွင် တစ်နေရာရာ စူးစိုက်ငေးနေတတ်သည်။ တစ်ခါတစ်ရံတွင်လည်း မျက်ရည်များစီးကျလျက် အသံမထွက်ဘဲ ငိုချင်ငိုနေတတ်သေးသည်။

ငိုနေရင်းက ရုတ်တရက် မျက်ရည်သုတ်၍ စားပင်သီးပင်လေးများကို ပေါင်းသင်၊ ပေါင်းနုတ်၊ မြေဆွ၊ ရေလောင်းခြင်းတို့ကို လုပ်ချင် ထလုပ်တတ်သည်။ လုပ်စရာရှိလျှင်တော့ သူက အနားမနေတတ်။ တစ်ခုမဟုတ် တစ်ခုလုပ်နေတတ်သည်။ သို့ကြောင့်လည်း သူ့အကြောင်း မသိသူများက စကားနည်းသည်၊ အေးသည်ဟုသာ ထင်ကြသည်။ ယဉ်ယဉ်လေးမှ တကယ့်ယဉ်ယဉ်လေး။

သည်ရပ်ကွက်ထဲမှ လူများနှင့် အိမ်နီးနား ပတ်ဝန်းကျင်တို့က မခင်မေအား စိတ်ရောဂါဝေဒနာရှင်အဖြစ် မဆက်ဆံ။ သာမန်လူများနယ်ပင် သဘောထားသည်။ နဂိုကကဲ့သို့ပင် ခင်မင်ဖော်ရွေမှု ရှိကြသည်။ ဤသည်ကလည်း မခင်မေတို့ လင်မယား၏ နဂိုကတည်းက အနေအထိုင်မှန်ကန်မှုကြောင့်လည်း ဖြစ်နိုင်သည်။ ရပ်ကွက်ထဲမှာ အနေကြာနေတာကြောင့်လည်း ဖြစ်နိုင်သည်။

သည်ရပ်ကွက်လေးထဲမှာက သည်ရပ်ကွက်၊ သည်ဇာတိသားရယ်လို့ များများစားစားမရှိ၊ အရပ်စုံ၊ ဒေသစုံက လာရောက် အခြေချသူက များသည်။ လက်လုပ်လက်စား ကျပန်းသမားက အများစု၊ ပြေလည်သူက အနည်းစုဖြစ်သော်လည်း အေးအေးနေထိုင်တတ်သူများဖြစ်သဖြင့် ခင်ရာ ဆွေမျိုးဆိုသည့်နယ် ရပ်ဆွေရပ်မျိုးဖွဲ့ ခင်ခင်မင်မင်နေကြသည်။

မခင်မေတို့ ဇာတိကလည်း သည်နယ်သားတွေတော့ မဟုတ်။ ဟင်္သာတ တောနယ်ဘက်က ဖြစ်သည်။ မခင်မေတို့ဘက် ပြည့်စုံကြွယ်ဝ၍ ဆွေမျိုးအသိုင်းအဝန်း တောင့်တင်းသည်။ မခင်မေယောကျ်ား ကိုနီအောင်တို့က စားနိုင်သောက်နိုင်သည် ဆိုရုံလေး။ ဆွေမျိုးပေါက်ဖော်လည်း နည်းသည်။ မတူညီသော ဘဝနှစ်ခု ဖူးစာဆုံဖြစ်ကြပြီဆိုသည်နှင့် ပြဿနာတို့က စလာသည်။ သို့ကြောင့်လည်း ဇာတိမြေကို စွန့်၍ သည်ရပ်ကွက်[...]
အတွင်း အခြေချဖို့ ဖြစ်လာခဲ့ရ[...]

ကိုနီအောင်က ပန်းရံ[...]
သမား နှစ်မျိုးစလုံးကျွမ်းသည်။ မ[...]
က စိုက်ပျိုးရေးရော၊ ရောင်းရေး[...]
ပါ လုပ်ပတ်သည်။ လင်ရော မ[...]
တက်ညီလက်ညီ စီးပွားရှာကော[...]
လည်း တစ်နှစ်ကျော်၊ နှစ်နှစ်[...]
အိမ်ငှားဖြင့် နေခဲ့ရသည်။ ငှားနေ[...]
အိမ်နှင့် ခြံကိုပင် အပိုင်ဝယ်နိုင်ခဲ့[...]

အိမ်ပိုင်၊ ခြံပိုင်လေးဖြစ်ပြီး[...]
မခင်မေက အရပ်တကာလှည့်၍[...]
ရောင်းခြင်းကို ရပ်လိုက်သည်။ [...]
အိမ်မှာပင် ကုန်စိမ်းဆိုင်လေး ဖွင့်[...]
သူ့ဆိုင်မှာက ကိုယ်တိုင် စိုက်ပျိုး[...]
သည့် အသီးအရွက်လည်း ပါ[...]
ဈေးမှတစ်ဆင့် ဝယ်ရောင်းသည့် [...]
အနံ့တို့လည်း ရှိသည်။ အမယ်စုံ[...]
တင်နိုင်၍လည်း ရပ်ကွက်ထဲမှ [...]
က သူ့ဆိုင်ကိုပင် အားပေးသည်[...]

ကိုနီအောင်၏ ရင်သွေး[...]
မခင်မေဝမ်းမှာ လွယ်ခဲ့ရပြီ၊ ဈေး[...]
ခေါင်းရွက်နေချိန်က စူပုံ့ပုံ့ ဝ[...]
လေးမှာ အိမ်ဆိုင်ရောင်းချိန်၌ [...]
လာသည်။ ခင်မင်ရင်းနှီးသူ[...]
ယောကျ်ားလေး မွေးမှာဟု ထင်[...]
ပေးသည်။ သူတို့လင်မယားက[...]
ယောကျ်ားလေးပဲ လိုချင်ကြသ[...]

လစေ့သည့်အခါတွင်တော့[...]
လင့်ထားသည့်အတိုင်း ယောကျ်ား[...]
မွေးဖွားခဲ့သည်။ လင်ရော မ[...]
သည်းသည်းလှုပ် ချစ်ကြ၍ [...]
အမေနာမည်ပါအောင် "မောင်နီ[...]
အမည်မှည့်သည်။ သည်ကလေး[...]
မခင်မေတို့ စီးပွားပိုဖြစ်လာသည်[...]
အောင့်အလုပ်က တပည့်လ[...]
တစ်ကျိပ်ကျော်နှင့် နှစ်နေရာ[...]
ခွဲလုပ်ရသည့်အထိပင် တွင်က[...]





www.burmeseclassic.com

www.burmeseclassic.com

ည်။ မခင်မေ၏ အိမ်ဆိုင်လေးက ည်း ကုန်စိမ်းသက်သက်ဆိုင်မဟုတ် ဘဲ ဆန်၊ ဆီ၊ ဆား၊ ငံပိ ကုန် ခြောက်တို့ပါ တွဲရောင်းသည့်ဆိုင်ဖြစ် သည်။

◈◈◈

မောင်နီခင်လေးပင် ၆နှစ်သား ဖြစ်လာ၍ စာသင်ကျောင်းသို့ ပို့ အိမ်ကလေးကလည်း နည်းနည်း ပြီ။ မူလပိုင်ရှင်လက်ထဲမှာ လောက်ကြာခဲ့သည်တော့ မသိ၊ မခင်မေတို့လက်ထဲမှာ (၈)နှစ် ပြီမို့ ယိုင်သည့်တိုင်က ယိုင်၊ ပိုး အောက်ပိုင်းသိမ်သည့်တိုင်က ဖြစ်နေသည်။

မည်သည့်အချိန်က စခဲ့သည်မှန်း သော တောင်ပို့ကြီးကလည်း ခင်နှင့်ပင် ထိလုထိခင် ဖြစ်နေ သည်နှစ် သီတင်းဝါလကျွတ် အိမ်က ပြင်ဆောက်တော့မှ ဖြစ် မည်ဟု လင်ရော မယားပါ သိ သည်။ အိမ်ကို နောက်ဘက် ရွှေ့ ရမည်လား၊ လက်ရှိ နေရာမှာ ပြန်ဆောက်ရမည်လား၊ ဆုံးဖြတ် ချမရသေး။

နောက်ရွှေ့ဆောက်လျှင် အိမ် ကို ပြည့်ပြည့်ချင်း အားမှ ဖျက် သည်။ တောင်ပို့ကိုလည်း ထားချင် ဖြိုချင်လည်း ဖြိုလို့ရသည်မို့ ကိုနီ က နောက်ဘက်ရွှေ့ဆောက်ဖို့ နေ့သည်။ မခင်မေက နဂိုနေရာ ပြန်ဆောက်ချင်သည်။ နောက် သူ စိုက်ပျိုးထားသည့် သီးပင် တို့ကို အထိအခိုက်မခံချင်။ သို့အားဖြင့် အိမ်ပြင်ဆောက် နေရာအတွက် မဆုံးဖြတ်နိုင် ဖြစ် သည်။ သီတင်းဝါလကျွတ်ဖို့က ဝေးသေး၍ အိမ်ဆောက်ရန်

အချိန်လိုပါသေးသည်။ ချက်ချင်း စဉ်းစားစရာမလိုသေးသည့် ကိစ္စမို့ နှစ်ယောက်စလုံး ခေတ္တငြိမ်နေဖြစ် သည်။ သို့သော်လည်း နဂိုရှိရင်းစွဲ နေရာမှာ ပြန်ဆောက်ဖြစ်ဖို့ ကြိတ်ကြံ သည်။ အစိကမှာ အိမ်အောက်က တောင်ပို့ကြီးကို ဖြိုဖို့ဖြစ်သည်။

ရပ်ကွက်တွင်းမှ ကျယ်ပန်း အလုပ် ကြမ်းလုပ်သူများနှင့် မခင်မေ တိုင်ပင် ကြည့်ခဲ့ဖူးသည်။ အဆင်မပြေ။ လူ နှစ်ယောက် သုံးယောက်နှင့် တက်ညီ လက်ညီလုပ်မည်ဆိုပါက တစ်မနက် ခင်းနှင့်ပင် ပြီးနိုင်သည့်အလုပ်မှန်း သိ သော်လည်း ငြင်းကြသည်။ နေ့တွက် မကိုက်၍တော့ မဟုတ်၊ တောင်ပို့ဖြိုရ မည့်အလုပ်မို့ စိတ်မသန့်၍ မလုပ်ရဲကြ ၍ဖြစ်သည်။

အိမ်နီးနားချင်းအချို့က တောင်ပို့ ပေါက်ခြင်းသည် အကျိုးပေးတာ များ သည်။ မဖြိုပါနှင့်ဟု အကြံပြုသည်။ အချို့ကလည်း နိုက်တတ်သည်၊ ရှင်း ပစ်တာ ကောင်းသည်ဟု ပြောသည်။ သို့သော်လည်း တောင်ပို့ရှိခြင်း၏ အကျိုးအပြစ်ကို မယ်မယ်ရရတော့ မပြောနိုင်ကြပေ။ ဇယ်နဇာလည်း မသိ ကြ။ မခင်မေစိတ်တွင် ဒွိဟများ ဖြစ် လာသည်။

◈◈◈

တစ်နေ့ အိမ်စဉ် လှည့်လည် အလှူခံနေသည့် အဘိုးအိုတစ်ဦး အလှူခံရင်း မခင်မေတို့အိမ်ဆိုင်လေး သို့ ရောက်လာသည်။ အဘိုးအိုက အသက် ၇၀ဝန်းလောက်ပင် ရှိလိမ့်မည် ထင်ရသည်။ ခပ်နွမ်းနွမ်း အညိုရောင် ယောဂီတိတ်စုံနှင့် အညိုရောင်ခေါင်းပေါင်း ပဝါပေါင်းထားသည်။ ဇရာအရ ကျန်းမာ ရေးလည်း ပြည့်စုံပုံမရ။ ဝါးတောင်ဝှေး ကို အားပြုထောက်ကိုင်လျက် အလှူ

ခံရပ်လာသည်။

မခင်မေက ဈေးဆိုင်ခွက်ထဲမှ ခပ်လတ်လတ် ရတနာသုံးရှက် နှိုက်၍ အဘိုးအိုအား လှူလိုက်သည်။ အဘိုး အိုက သာဓုခေါ်ပြီး ဆုတွေ တသီကြီး ပေးသည်။ ဆုပေးရင်းက အိမ်အောက် ရှိ တောင်ပို့ကြီးအား လှမ်းကြည့်သည်။ တောင်ပို့ကလည်း တစ်နေ့ တစ်နေ့ဖြင့် ကြီးထွားလာလိုက်သည်မှာ ဈေးဆိုင်ခုံ နားသို့ပင် ရောက်နေချေပြီ။

"သမီး… ညည်းအိမ်အောက် မှာ တောင်ပို့ကြီးနဲ့ပါလား"

"ဟုတ်ပါတယ် အဘိုး။ သမီးတို့ လည်း ဖြိုသင့်၊ မဖြိုသင့် စဉ်းစားနေကြ ပါတယ် အဘိုး"

"အေးကွယ်၊ အဘိုးကတော့ ဖြို ဖို့၊ မဖြိုဖို့ မပြောလိုပါဘူး။ ဒါပေမယ့် တောင်ပို့ဆိုတာ ပေါက်တိုင်း မကောင်း ဘူးကွဲ့။ အကျိုးပေးတဲ့သူတွေ ရှိသလို နိုက်တဲ့သူတွေလည်း အများကြီး ရှိ တယ်။ များသောအားဖြင့်ကတော့ အကျိုးပေးတာ နည်းပါတယ်။ အကျိုး ပေးတဲ့ တောင်ပို့တွေမှာတောင် အိမ်ရှင် သန့်သန့်ပြန့်ပြန့် မထားရင်၊ မသိလို့ ဖျက်ဆီးမိ၊ ဖြိုမိရင်လည်း နိုက်တတ် ကြပါတယ်။ သိနားလည်သူတွေနဲ့ မေး မြန်းပြီးမှ ထားသင့်၊ မထားသင့် ဆုံး ဖြတ်ပါ သမီး"

အဘိုးအိုက ရှည်ရှည်ဝေးဝေး လေးပြောပြီး မခင်မေအား နှုတ်ဆက် ၍ ခြိမ့်ငြိမ့်သို့ ဖြည်းဖြည်းချင်းလျှောက် ထွက်သွားသည်။ မခင်မေကတော့ အဘိုးအို၏ အပြောအား စဉ်းစားရင်း ရပ်လျက် တွေဝေနေမိသည်။

◈◈◈

အဘိုးအို ပြန်သွားပြီးနောက် အဘိုးအို၏ စကားအား မခင်မေသည် မည်သို့ သဘောပေါက်သွားသည် မသိ၊

www.burmeseclassic.com

နေ့လယ်စာ စားစားစား၊ ခြံဝါခါးလေး ပိတ်၍ အလုပ်သမား အရှာထွက်သည်။ သိပ်ပင် ခပ်ဝေးဝေးမသွားလိုက်ရ။ မျက်မှန်း တန်းမိသော ရပ်ကွက်တွင်းမှ ကျပန်း လူငယ်လေးတစ်ဦးနှင့် စကားစပ်မိသည်။ ထိုလူငယ်လေးမှပင် ဦးဆောင်၍ သူ့အဖော်နှစ်ဦးရှာကာ မခင်မေအိမ်သို့ လိုက်လာသည်။

သုံးဦးသား တောင်ပို့ကို လှည့်ပတ်ကြည့်သည်။ တီးတိုးစကားတွေလည်း ပြောသည်။ မခင်မေကတော့ သူတို့သုံးဦး ဘာတွေပြောလို့ ဘာတွေ ဆိုမှန်းမသိ။ မခင်မေ ရပ်နေသည့်နေရာနှင့် သူတို့ရှိသည့်နေရာက နည်းနည်း လှမ်းသည်။

"အစ်မ . . . ကျွန်တော်တို့ မနက်ဖြန်မနက် လာခဲ့မယ်။ သုံးယောက်လုပ်မှာမို့ သုံးထောင်တော့ ပေးပါနော်"

စငွေခွဲသည့် လူငယ်က ဈေးစကားဆိုသည်။ မခင်မေးက ဈေးဆစ်မနေတော့။ မတော် သူတို့နှင့် အလုပ်မဖြစ်လျှင်ဆိုသောအတွေးက ခေါင်းထဲဝင်လာသည်။

"အေးအေး၊ ပေးပါ့မယ်။ မနက်ဖြန်မနက်သာ လာခဲ့ကြပါ။ အခုရော မင်းတို့သုံးဖို့ ယူသွားကြဦးမလား"

"ဟုတ်ကဲ့၊ တစ်ထောင်ပဲ ပေးလိုက်ပါ။ ကျွန်တော်တို့ မျှသုံးမယ်"

မခင်မေက ငါးရာတန်လေး နှစ်ရွက်ထုတ်ပေးလိုက်သည်။ ကြိုတင်ငွေရသဖြင့် လူငယ်သုံးဦး ရယ်ကာမောကာနှင့် ပြန်သွားကြသည်။ မခင်မေကတော့ တောင်ပို့အတွက် စိတ်အေးသွားရပြီဟူသော အတွေးဖြင့် ကျေနပ်ပီတိဖြစ်နေသည်။

◈◈◈

နောက်တစ်နေ့ အဆာပြေစားပြီးလောက်ချိန်တွင် လူငယ်သုံးဦး ရောက်လာပြီး တောင်ပို့ကို ဖြိုသည်။ ဝယ်သူကျချိန်မို့ မခင်မေကတော့ သွားမကြည့်အား။ ဝယ်သူပါးမှ ရေနွေးကြမ်း လက်ဖက်အမြည်းတို့ သွားပို့ဖြစ်သည်။ တောင်ပို့ကတော့ တစ်ဝက်ကျော်ကျော်ပင် ဖြိုပြီးနှင့်နေသည်။

"အစ်မရေ . . ထည့်စရာ ကြွပ်ကြွပ်အိတ်လေးတစ်လုံးလောက် ရှိရင် ပေးစမ်းပါ"

"အေးအေး၊ ရှိတယ်။ ဘာထည့်ဖို့လဲ မောင်လေး"

"ဒီမှာလေ အစ်မရဲ့ ဒီကောင်တွေ ထည့်ဖို့ပေါ့"

အဖွဲ့ခေါင်းဆောင် လူငယ်က တောင်ပို့ခေါင်းထဲမှ ရသည့် လက်သန်းလုံးခန့် ဖြူဖြူ ပိုးကောင်လေး တစ်ကောင်ကို ကိုင်ပြသည်။ သည်အကောင်လေးမျိုး မခင်မေ မမြင်ဘူး။ ဘာကောင်မှန်းလည်း မသိ၍ အထူးအဆန်းဖြစ်နေသည်။

"ဒီအကောင်လေးတွေက မင်းတို့ ဘာလုပ်ဖို့လဲ"

"ကြော်စားဖို့ပေါ့ အစ်မရယ်။ သိပ်ဆိမ့်တာဗျ။ အစ်မရော ယူဦးမလား"

"ဟဲ့ . . . ဟဲ့၊ မစားရဲပါဘူးဟယ်။ ယူလည်း မယူရဲပါဘူး။ မင်းတို့ပဲ ယူကြ။ အစ်မ ထည့်စရာသွားယူဦးမယ်"

မခင်မေ၏ အပြောနှင့် အမူအရာက ထိတ်ထိတ်ပျာပျာဖြစ်နေ၍ လူငယ်သုံးဦးမှာ ဝါးခနဲ ပွဲကျသွားသည်။ မခင်မေအကြည့်က တူးဖြိုထားသည့် တောင်ပို့ခေါင်း ကလိုင်တွင်း ရောက်သွားသည်။ တောင်ပို့ ကလိုင်အတွင်း၌ သောက်ရေအိုးခန့် မြေလုံးကြီးတွေကို တွေ့ရပြီး ဗွင်းငယ်လေးများတွင် ပိုးကောင်ငယ်လေးတို့က တရွရွလှုပ်ရှား

နေသည်။

လူငယ်လေးနှစ်ယောက်က [illegible] ကြီးခဲလုံးအား မကွဲမပဲ့အောင် ဂရု[illegible] ခွဲထုတ်သည်။ တစ်ယောက်က [illegible] သယ်ခြင်းဖြင့် ထိုးခံပေးသည်။ မခ[illegible] ထဲမှ ထည့်စရာရောက်လာသော[illegible] မြေသားများအား ဖဲ့၍ ပိုးကောင်[illegible] များကို ဖမ်းယူထည့်ကြသည်။ ကြွ[illegible] အိတ်ထဲတွင်တော့ ပိုးကောင်လေ[illegible] ပြည့်လုနီးပါး လေးဆယ်သား ငါး[illegible] သားခန့်ပင် ရှိမည်ထင်ရသည်။

နောက် တူးဖြိုသည့် မြေ[illegible] မှာ တခြား သွားပစ်ဖို့ မလို။ [illegible] ခေါင်းတွင်းသို့ပင် ပြန်ထည့်ကြ[illegible] မြေကို ညီအောင် ဖိသိပ် ရိုက်[illegible] ညှိပေးသည်။ သည်သို့ဖြင့်ပင် မ[illegible] တို့ အိမ်အောက်က တောင်ပို့[illegible] ရှင်းသွားသည်။

◈◈◈

နောက်တစ်နေ့နံနက် [illegible] ဈေးသွား၍ ကုန်စိမ်းယူပြီး အ[illegible] ညက ရပ်ကွက်တွင်းမှ [illegible] သတင်းကြားရသည်။ ဖြစ်ပွားခဲ့[illegible] များက သူ့အိမ်လာပြီး တောင်[illegible] ခဲ့သည့် လူငယ်များဟု သိရ[illegible] ပိုင်း အရက်သေစာသောက်[illegible] စကားများ ရန်ဖြစ်ကြပြီး [illegible] အထိ ဖြစ်သွားခြင်းဖြစ်သည်။

တစ်ဦးက လက်ပြတ်[illegible] ဆေးရုံပို့ရပြီး နှစ်ဦးက ရဲစခ[illegible] ထဲ ရောက်သွားသည်တဲ့။ မနေ့[illegible] မှ သူ့အိမ်၌ အလုပ်လာလုပ်[illegible] လူငယ်သုံးယောက်ကို ပြန်မြ[illegible] မိသည်။ ညရောက်မှ သည်သုံး[illegible] ဘယ်လိုဖြစ်သွားကြပါလိမ့်။ [illegible] သွားကြ၍သာ ဖြစ်မည်ဟု [illegible] ထင်သည်။

ကိုနီအောင် ညက [illegible]



www.burmeseclassic.com

www.burmeseclassic.com

တွင်လည်း သည်သတင်း ကြား ခဲ့သည်။ ကိုသ့်ရပ်ကွက်သားတွေ မခင်မေအား ဘယ်သူတွေများလဲ မေးသည်။

"ကျွန်မလည်း နာမည်တော့ မသိ မျက်မှန်းတန်းမိရုံလောက်ပဲ သိ မနေ့ မနက်ပိုင်းကတောင် တို့ တောင်ပို့ကို သူတို့ လာဖြို သွားကြသေးတယ်"

"ဟေ…၊ မင်း တောင်ပို့ဖြိုပြီး ဟုတ်လား"

"ဟုတ်တယ် ကိုနီအောင်။ အိမ် ဆောက်ဖို့ အချိန်ကလည်း နီးလာ သူတို့နဲ့ စကားစပ်မိပြီး လုပ်ဖြစ် တာပါ"

"အေးကွာ၊ ကောင်းတာပေါ့။ မှပဲ အိမ်ကိစ္စ တို့တွေ တိုင်ပင် ယ်"

ကိုနီအောင်က စကားကို ဖြတ် စတ့်အစားလဲပြီး ရေချိုးဖို့ ဆင်း သည်။ မခင်မေက ညစာစား က်ကြဖို့ ထမင်းဟင်းခူးခပ်၍ ပိုင်း ပြင်သည်။ မောင်နီအောင် မခင်မေအား ပိုင်းဝန်းကူညီ ပိုင်ပေးရင် ဖအေ ရေချိုးအပြီး ပိုင်းသို့အလာကို စောင့်နေသည်။

◈◈◈

မိသားစု ညစာစားအပြီးတွင် နီအောင်က ကျောင်းစာများကို ကျက်သည်။ ကိုနီအောင်က ရေ ပြီး ထန်းသျက်ခဲအမြည်းတို့ဖြင့် ခန်းတွင် ထိုင်သည်။ မခင်မေ စားအိုးစားခွက် ပန်းကန်တို့ကို ကြသိမ်းဆည်းပြီးမှ ကိုနီအောင့် လာထိုင်သည်။ ရေနွေးကြမ်း ရင်း အိမ်ဆောက်ဖို့ကိစ္စ သားနှစ်ယောက် တိုင်ပင်ကြ

ဝယ်ရမည့် သစ်သီး၊ ပြန်ထည့် သုံး၍ရနိုင်သည့် ပစ္စည်းများကို တွက်ကြည့်၍ စာရင်းပြုစုသည်။ နဂိုပုံစံအတိုင်း ဆောက်လျှင် ကုန်ကျမည့်ငွေနှင့် နည်းနည်းချဲ့ဆောက်လျှင် ကုန်ကျမည့်ငွေတို့ကို ချိန်ဆကြသည်။ မခင်မေက ငွေပိုငွေလျှံလေး စုံစုံပိုပို့ချန်ချင်သေးသည်။ နွေရာသီ ကျောင်းကြီးပိတ်လျှင် သားကို သင်္ကန်းချည်ပေးဖို့ စိတ်ကူးနေသည်။

လင်မယားနှစ်ယောက် စကားကောင်းနေ၍ အချိန်မည်မျှရှိနေပြီးကို ပင် မသိကြ။ ပလတ်စတစ် မီးလောင်သည့် ညှော်နံ့စူးစူးဝါးဝါး နံနေသည်ကို သတိထားမိလိုက်သည်။ အနံ့က အိပ်ခန်းဆီမှဖြစ်၍ လှည်းကြည့်မိရာ မီးအလင်းရောင်ကလည်း တစ်ခန်းလုံး ဝင်းလက်နေသည်။ မောင်နီခင်၏ လုံးလွှန့်ငိုသံတို့ကိုလည်း တွဲလျက်ကြားရသဖြင့် အိပ်ခန်းဆီသို့ ကိုနီအောင် ထပြေးသွားသည်။

အိပ်ခန်းထဲက မိသားစုအိပ် နိုင်လွန် ခြင်ထောင်မှာ မီးစွဲလောင်နေသည်။ သားလေး မောင်နီအောင် ခြုံထားသည့် နိုင်လွန်စောင်မှာလည်း မီးတွေ လောင်နေသည်။ ကိုနီအောင်က ကလေးကိုယ်ပေါ်မှ မီးလောင်နေသည့် စောင်ကို ဆွဲဖယ်ဖို့ ကြိုးစားနေဆဲမှာပင် ခြင်ထောင်က သားအဖနှစ်ဦးစလုံး အပေါ်သို့ အုပ်ကျသွားသ[illegible]။

သားအဖနှစ်ဦးစ[illegible] မီးတောက်များဖြင့် မချိမဆံ့ [illegible]ရှားနေသည်ကို မြင်ရသည့် မခင်မေမှာ မေ့လဲကျသွားသည်။ မခင်မေတို့အိမ်မှ ရုတ်ရုတ်သဲသဲ အသံများကြောင့် ခေါင်းရင်း၊ ခြေရင်း အိမ်နီးနားချင်းတို့ ပြေးလာကြသည်။ ဘေးအိမ်များမှ လူများအရောက်တွင် မီးက အလိုလိုပင် ငြိမ်းသွားသည်။

မခင်မေက သတိလစ် မေ့မြောနေဆဲ။ ကိုနီအောင်တို့သားအဖက ညည်းညူ တွန့်လိမ်နေကြသည်။

မိန်းမသားများက မခင်မေအား ဝိုင်းဝန်း မ,ချီပြီး အခန်းအပြင်ဘက် ထုတ်၍ ပြုစုကြသည်။ ယောက်ျားသားများက ကိုနီအောင်တို့ သားအဖအား ဆေးရုံသို့ အမြန်သယ်ပို့ပေးသည်။ သို့သော်လည်း မောင်နီခင်လေးက ဆေးရုံပေါက်အဝင်မှာပင် ဆုံးသွားသည်။ ကိုနီအောင်ကလည်း သက်ဆိုးမရှည်။ နိုင်လွန် မီးလောင်သည့် အရည်များက ခန္ဓာကိုယ်တွင်း စိမ့်ဝင်၍ အပ်ချောင်းများ ထိုးသွင်းထားသည့်နှယ်ဖြစ်နေသည်။ နိုင်လွန်စများကို ဇာဂနာဖြင့် ဆွဲထုတ်၍ ဆေးထည့် ကုသသည့်တိုင် ဆေးရုံပေါ်၌ပင် ကွယ်လွန်သွားခဲ့သည်။ ထိုအချိန်မှစ၍ မခင်မေတစ်ယောက် စိတ်ရောဂါဝေဒနာရှင်တစ်ဦးအဖြစ်သို့ ရောက်သွားခဲ့တော့သည်။

◈◈◈

တောင်ပို့ကို ဖြိုခဲ့သည့် လူသုံးဦး အနက် တစ်ဦးက လက်ပြတ်ပြီး ကျန် နှစ်ဦးက အချုပ်ထောင်တန်းကျခဲ့သည်။ တောင်ပို့ဖြိုရန် စေခိုင်းသည့် အိမ်ရှင် မခင်မေက ရူးသွပ်သွားခဲ့ပြီး လင်နှင့် သားက မီးလောင်သေဆုံးခဲ့ရသည်မှာ ဆန်းကြယ်လွန်းသည့် တိုက်ဆိုင်မှုဟု ပင် ဆိုရပေမည်လော။

ဤ ရင်နင့်ဖွယ် အဖြစ်အပျက်၏ မူလ ဇစ်မြစ်သည် တောင်ပို့ကြီး ဖြစ်၍ အများအမြင် ယုံကြည်မှုမှာ တောင်ပို့ဖြိုခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ပင် စကားစပ်မိတိုင်း ပြောဆိုနေခဲ့ကြ တော့သည် ■

* * *

ခေါင်းစွန်အောင်





www.burmeseclassic.com

www.burmeseclassic.com

**အသုဘာနှင့် အိုးရိုက်ခွဲခြင်း**

အသုဘာနှင့် ပတ်သက်၍ ထပ်မံပြီး တင်ပြလိုသော ကိစ္စမှာ အိုးရိုက်ခွဲသည့်ကိစ္စပင် ဖြစ်သည်။ သုံးရက်မြောက် အသုဘာချသည့်နေ့တွင် အိမ်ပေါ်ကအဆင်းမှာ အိုးရိုက်ခွဲကြသော အစဉ်အလာကိုလည်း မိမိတို့ ပြုလုပ်ခဲ့ကြလေသည်။ ထိုအယူအဆသည် မည်သည့်ဘာသာက ဆင်းသက်လာပါသနည်း။ မည်သို့သော အကြောင်းမျိုးကြောင့် ထိုကဲ့သို့ ပြုလုပ်ခဲ့ကြပါသနည်း။ အဖြေကို ရှာကြည့်မိသောအခါတွင် ခြေရာ သဲလွန်စကို ကောက်မိပါသည်။



# အသုဘာနှင့် မိရိုးဖလာ အယူအဆ အစွဲအလမ်းများ (၂)



www.burmeseclassic.com

www.burmeseclassic.com

၅၅၀-ဇာတ်တော်တွင် "အဿက,ဇာတ်" ရှိ၏။ သကဘုရင်၏ တောင်ညာစံ အဂ္ဂမဟေသီဖြစ်သူ "ဥပရီ" ရားခေါင်ကြီး နတ်ရွာစံသွားသည့်အခါ ဘုရင်ကြီးမှာ သူ ရလွန်းသော မိဖုရားကြီးဖြစ်သောကြောင့် ဖြေမဆည်နိုင် င် ပူဆွေးသောက ဖြစ်ရသည်။ ဈာန်အဘိညာဉ်ရသည့် လောင်းတော် ရသေ့ကြီးသည် ထိုအချိန်က မင်းဥယျာဉ် တ်ထဲတွင် သီတင်းသုံးနေစဉ်ဖြစ်၏။

ဥပရီ မိဖုရားကြီး ဘယ်ဘဝရောက်နေသည်ကို ရသေ့ သိသည်ဟု လျှောက်ထားလာသောကြောင့် ဘုရင်ကြီး ည်း အပြေးအလွှားရောက်သွားတော့သည်။ ဘုရား လောင်းတော် ရသေ့ကြီးက တန်ခိုးတော်နဲ့ ခေါ်လိုက် ည့်အတွက် ဥပရီ မိဖုရားတစ်ဖြစ်လဲ နွားချေးပိုးမသည် င်နှင့် အတူရောက်လာတော့သည်။ သည်အချိန်မှာပင် သေ့ကြီးက နွားချေးပိုးမအား ...

"အရင်ဘဝက ဘုရင်ကြီးနှင့် ယခုဘဝ လင်ကို ယ်သူ့ပိုချစ်သလဲ"

ဟု မေးလိုက်သည့်အခါ နွားချေးပိုးမက ...

"ယခုဘဝ လင်ကသာ လိုချင်တယ်ဆိုပါက အဿက ရင်ကြီးရဲ့ လည်ချောင်းသွေးကိုတောင် ဖောက်ပြီး ပေးချင် တယ်"

ဟု နွားချေးပိုးမက ပြောသည်။

ထိုအခါ နွားချေးပိုးမ၏ စကားကို ကြားသိရသည့် ရင်ကြီးမှာ ဒေါသပေါက်ကွဲတော့၏။ ချစ်လွန်းသည့် တွက် ရုပ်အလောင်းကို မပစ်ရက်နိုင်ဘဲ တစိမ့်စိမ့်ကြည့် သည့် သူ့ကို ထိုကဲ့သို့ ပြောရက်လေခြင်းဆိုကာ ဘုရင် လည်း အလွန်စိတ်နာကြည်းသွားလေသည်။ နာကြည်း ၏ ရလဒ်အနေနဲ့ အိုးကို ရိုက်ခွဲလိုက်တော့သည်။

ဤတွင် မိဖုရား(မိန်းမ)ကို နာကြည်းရုံနဲ့ အိုးကို ဘာ ကြောင့် ရိုက်ခွဲရပါသနည်းဟု မေးစရာရှိလာသည်။

အကြောင်းကမူ စလယ်ဝင်အိုးသည် အိမ်ထောင်ဦး၏ သင်္ကေတအမှတ်ဖြစ်သည်။ စလယ်ဝင်အိုးကို အစပြုကာ တည် ထောက်လာခဲ့သည့် တစ်ထောင့်ငါးရာ ချစ်ခြင်းမေတ္တာနှင့် ဆောင်ထားသော အိမ်ထောင်ရေးမှာ ဒီနေ့က စပြီး သေခန်း ပြီဆိုသည့် အဓိပ္ပာယ်နှင့် အိုးကို ရိုက်ခွဲကြခြင်းပင် သည်။

၅၅၀-ဇာတ်တော်မှ မြစ်ဖျားခံ၍ ဆင်းသက်လာသော ရိုက်ခွဲသည့်ကိစ္စနှင့် ပတ်သက်၍ စဉ်းစားကြည့်စေလိုပါ သည်။ ဆိုခဲ့သည့်အတိုင်းသာ မှန်ပါက သုံးရက်ပြည့်၍ အိမ် ပေါ်မှ အဆင်းတွင် အိုးရိုက်ခွဲခြင်းအစဉ်အလာ အစွဲအလမ်း သည် သေသူအတွက် မည်သို့မျှ အကျိုးမရှိသည့်ကိစ္စမှန်း ပေါ်လွင်နေပါသည်။

ရှင်ဘုရင်ကြီးက မိဖုရားကို စိတ်နာကာ သေခန်းပြတ် ပြီဆိုသော အဓိပ္ပာယ်နှင့် အိုးရိုက်ခွဲခဲ့ခြင်း ဖြစ်သည်။ မိမိတို့ က မိဘ၊ သားသမီး၊ ဇနီး၊ မည်သူပင်သေသေ အိုးတစ်လုံး အဆုံးခံကာ ရိုက်ခွဲနေခြင်းသည် သေသွားသူကို စိတ်နာ၍ လော၊ ဖြစ်ရော ဖြစ်သင့်ပါသလော။ အိုးရိုက်ခွဲခြင်းကလည်း ဘယ်လိုအဓိပ္ပာယ်ရှိပါသလဲ။

အမှန်မှာ အမှန်ကို တိတိကျကျမသိဘဲ အစဉ်အလာ အစွဲအလမ်းအရ လည်းကောင်း၊ မိရိုးဖလာအရ လည်း ကောင်း ပြုလုပ်လာခဲ့ကြသည့် အသုဘနှင့် ပတ်သက်သော ခေတ်နောက်ပြန်ဆွဲ အလုပ်များမှာ အယူအခံအမှားများသာ ဖြစ်ကြပါသည်။ ထေရဝါဒရှုထောင့်၊ ယုတ္တိဗေဒရှုထောင့်၊ မည်သည့်ရှုထောင့်နှင့်မျှ မှတ်ကျောက်တင်မခံနိုင်သော အထက်ပါ အယူအဆများသည် သဲထဲ ရေသွန်များသာ ဖြစ်ပါတော့သည်။

**လောက်လန်းသဖွယ် ဝိညာဉ်တွယ်**

အသုဘ (သို့မဟုတ်) သေခြင်းတရားနှင့် ပတ်သက် ၍ နောက်ဆုံးအချက်ကို တင်ပြပါဦးမည်။ မိမိတို့ ဗုဒ္ဓဘာသာ ဝင်များတွင် "လောက်လန်းသဖွယ် ဝိညာဉ်တွယ်" ဟူ၍ ဘဝ ကူးပြောင်းပုံနှင့် စပ်လျဉ်း၍ မှားယွင်းစွာ လက်ခံထားကြသူ များ ရှိသည်။ လောက်လန်းသဖွယ် ဝိညာဉ်တွယ်ဆိုသော အဓိပ္ပာယ်မှာ တမလွန် ဟိုမှာဘက်ဘဝတွင် မှီစရာကို ရရှိ မှသာလျှင် ယခုလက်ရှိ တွယ်ထားသည့် နောက်ဆုံးဘဝ စုတိစိတ်ကို ဖြုတ်ကြသည်ဟု နားလည်ထားကြခြင်းပင် ဖြစ်သည်။

ထိုသို့ နားလည်ထားသည်နှင့်အမျှ ယုံကြည်နိုင်ဖို့ အတွက် ပိုးလောက်လန်းနှင့် သက်သေခိုင်ခိုင်မာမာပြတတ် ကြသည်။ ပိုးလောက်လန်းကောင်လေးသည် တစ်နေရာတွင် အမြီးပိုင်းကို တွယ်ထားပြီး ခေါင်းပိုင်းနှင့် အခြားနေရာကို ရှာသည်။ ရှာ၍မတွေ့သေးသမျှ တွယ်ထားသည့် အမြီးပိုင်း ကို မလွှတ်သေးဘဲ တွေ့သည့်အခါမှသာ ခေါင်းနှင့် ထိုနေရာ ကို ထောက်ကာ အမြီးပိုင်းနှင့်တကွ တစ်ကိုယ်လုံးကို ပြောင်းရွှေ့သည်။

ဤဥပမာနှင့် အတူပင်။ တစ်စုံတစ်ယောက် သေဆုံး သောအခါ နောင်ဘဝတွင် အမှီတွယ်ရာကို ရရှိမှသာလျှင် ဘဝဟောင်းမှ သေဆုံးသည်ဟု မှားယွင်းစွာ လက်ခံထား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုအယူအဆသည် "သသသတဒိဋ္ဌိ" ဖြစ်၏။ သသသတဒိဋ္ဌိ ဟူသည်မှာ ဘဝဟောင်းမှ အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်လေးသည် ခန္ဓာအိမ်အသစ်လဲ၍ ဘဝသစ်ပြောင်းရွှေ့လာသည်ဟူသည့် အယူပင် ဖြစ်သည်။ ဤသို့ဆိုလျှင် ထေရဝါဒအရ မည်ကဲ့သို့ ဘဝကူးပြောင်းပါသနည်းဟု မေးရန်ရှိသည်။

ဆိုရပါမူ၊ ပုထုဇဉ် သတ္တဝါများ၏ သန္တာန်တွင် ကိန်းအောင်နေသော အဝိဇ္ဇာတဏှာ၊ ဥပါဒါန်ကံတရားများကပင် ဘဝသစ်ကို ဖန်တီးပေးလိုက်ကြခြင်းဖြစ်သည်။ ယခုဘဝတွင် နောက်ဆုံးဖြစ်သည့်စိတ်ကို "စုတိစိတ်"ဟု ခေါ်၍၊ ဘဝသစ်၌ ပထမဆုံးဖြစ်သောစိတ်ကို "ပဋိသန္ဓေစိတ်"ဟု ခေါ်ကြောင်း အထက်မှာ တင်ပြခဲ့ပြီးဖြစ်၏။ ပဋိသန္ဓေဟူသည့် ပါဠိစကားသည် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းဟု အဓိပ္ပာယ်ရသည်။ ဘဝဟောင်းအဆုံး သေရခြင်း စုတိစိတ်နှင့် ဘဝသစ်မှ ပဋိသန္ဓေစိတ်သည် ကြားကာလမရှိဘဲ တစ်ဆက်တည်း ရှေ့နောက်ဆက်၍နေကြသည်။

ရှေ့ဘဝနှင့် နောက်ဘဝ နေရာဌာနနီးသည်၊ ဝေးသည်၊ အနေးအမြန်အချိန်ကာလ ကွာခြားမှု လုံးဝမရှိပေ။ ဤလူ့ဘုံမှ ဗြဟ္မာ့ဘုံ၊ လူ့ဘုံမှ ငရဲဘုံ၊ မည်မျှပင် ဝေးကွာစေကာမူ၊ တစ်စက္ကန့်မျှပင် မခြားဘဲ ရောက်ရမည့်ဘဝသို့ တန်းကာရောက်ရသည်။ ထေရဝါဒအရ ဘဝကူးပြောင်းခြင်းနှင့်

ပတ်သက်၍ ကျမ်းဂန်များတွင် အောက်ပါအတိုင်း ဥပ
ဖော်ပြထားပါသည်။

မိမိတို့ အော်ဟစ်လိုက်သည့်အခါ အော်လိုက်
အသံသည် နံရံကို ထိခိုက်ကာ ပဲ့တင်သံအနေဖြင့် ပြ
ထွက်ပေါ်လာသည်။ ထိုပဲ့တင်သံသည် မူလ အော်လိုက်
သူ၏ အသံလည်း မဟုတ်၊ ထိုသူ၏အသံနှင့် ကင်း၍
ပေါ်လာခြင်းမဟုတ်။ ထိုသူ အော်ဟစ်လိုက်သောအကြေ
ကြောင့် အကျိုးတရားအနေနှင့် ပဲ့တင်သံ ပေါ်ထွက်လာ
သာ ဖြစ်သည်။

နောက် ဥပမာတစ်ခုကတော့ မှန်ရှေ့တွင် ရပ်
သောအခါ မှန်ထဲမှာ အရိပ်ထင်လာသည်။ မှန်မှာ ထင်
သည့်အရိပ်သည် ရပ်နေသောသူ မဟုတ်သကဲ့သို့၊
မရပ်ဘဲ ပေါ်လာခြင်းလည်း မဟုတ်ပေ။ ရပ်နေ
အကြောင်းကြောင့် အကျိုးတရားအနေနှင့် မှန်ထဲတွင်
ထင်လာခြင်းသာ ဖြစ်သည်။

ထိုဥပမာများကဲ့သို့ပင်၊ ဘဝသစ်တွင် ပထမ
စတင်သည့် ပဋိသန္ဓေစိတ်သည် ဘဝဟောင်းက ရ
မဟုတ်သလို၊ ဘဝဟောင်းနှင့် ကင်းကာ ဖြစ်လာ
ရုပ်နာမ်လည်း မဟုတ်ချေ။ မသေခင် ဘဝဟောင်းက ပြ
ခဲ့သော ကံတရားနှင့်တကွ အဝိဇ္ဇာတဏှာ ဥပါဒါန်ဟူ
အကြောင်းတရားတို့ကြောင့် အကျိုးတရားအနေနှင့် ဘ
တွင် ပဋိသန္ဓေရုပ်နာမ်များ ဖြစ်ပေါ်လာခြင်းသာ ဖြစ်

ထို့ကြောင့် လောက်လန်းသဖွယ် ဝိညာဉ်တွယ်ဆို
အစဉ်အလာ အစွဲအလမ်းများအရ ပြောဆိုနေကြ
စကားသံများသည် "သသသတဒိဋ္ဌိ"ဖြစ်သည်မှာ အ
မြင်သင့်ကြပေ၏။ ဤကဲ့သို့ မိမိတို့ ဗုဒ္ဓဘာသာဝင်များ
အမှန်ကို သိမြင်ကာ၊ အစဉ်အလာအရ ပြုလုပ်နေကြ
လုပ်ရပ်များ၊ ပြောဆိုနေကြသည့် စကားများတို့ကို မ
ထဲမှ အပြီးအပိုင် ဖယ်ရှားနိုင်ကြစေရန် အကြံပြု
ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်■

* * *

ကိုး:
- မိရိုးဖ[illegible] ဗုဒ္ဓဘာသာဝင်တို့နှင့် အစဉ်အလာ အစွဲအလ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အိမ်မှ တိုင်ကပ်နာရီ၏ ည တစ်နာရီထိုးသံကို ကြားနေရပါသည်။ ပြင်ပတွင် အမှောင်ထု ဖုံးလွှမ်းနေပါသည်။ ညဦးဦးထဲက အပြင်သို့ ထွက်သွားသောသားသည် ယခုအချိန်ထိ ပြန်ရောက်မလာသေးပါ။ သူငယ်ချင်းများနှင့် ဘယ်ကိုများ သွားနေကြပါလိမ့်။ ဖဲဝိုင်းကိုလား၊ အရက်ဝိုင်းကိုလား။ အရက်ဝိုင်းကိုလား ဆိုတာ တွေးမိပြီး ကျွန်တော်နှင့် ဇနီးဖြစ်သူတို့ စိတ်ပူနေကြပါသည်။ သား ယောကျ်ားလေးမွေးရတာ သမီး မိန်းကလေးမွေးရတာထက် ပိုမိုပြီး စိတ်ပူရပါသလားဟု တွေးမိပါသည်။ ဒါနဲ့ အိမ်အပြင် လမ်းပေါ်သို့ ထွက်ပြီး ကျွန်တော်က ရှေ့ဘက်သို့ ကြည့်နေသည်။ ကျွန်တော့်ဇနီးက အနောက်ဘက် လမ်းဆီသို့ ငေးမျှော်ကြည့်နေဆဲမှာပင် ကျွန်တော်ကြည့်နေသော လမ်းထိပ်တည့်တည့်မှ လူလေးငါးယောက်ခန့် အရိပ်သဏ္ဍာန်များသည် ဘယ်ညာယိမ်းထိုးကာ လာနေကြပါသည်။ ပြန်လာကြသည်ဟု ထင်လိုက်မိပါသည်။

"ဟော . . . နင့်သား ပြန်လာပြီထင်တယ်"

ကျွန်တော့်ဇနီးက လှည့်ကြည့်လိုက်ပြီး အဲဒါ လူတွေလာနေတာ မဟုတ်ဘူး။ ဝိညာဉ်တွေ လာနေတာ။ ရှင်မယုံရင် ကြည့်နေ၊ ဒီဘက်ကို ရောက်မလာနိုင်ဘူး။ နီးလာသလိုဖြစ်ပြီး ပျောက်သွားလိမ့်မယ်"

ဟု ပြောပါသည်။ မှန်ပါသည်။ လူရိပ်သဏ္ဍာန်များသည် ဘယ်ညာယိမ်းကာ လာနေရင်း တဖြည်းဖြည်း အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါသည်။ ထိုအခါ ကျွန်တော်၏ ခန္ဓာကိုယ်သည် ချမ်းစိမ့်လာပြီး ကြောက်စိတ်များ အလိုလိုဝင်လာပါတော့သည်။

"အင်း . . . ဒီကောင်လေး ဘယ်ကိုများ သွားနေပါလိမ့်။ ဖဲဝိုင်း၊ အရက်ဝိုင်း ဆိုလျှင် ရန်တွေဘာတွေဖြစ်နေရင် ဒုက္ခဟု စိတ်ထဲမှ တွေးပြီး ပူပန်နေမိပြန်ပါသည်။ ရင်ထဲက အပူဓာတ်က တစ်မျိုး၊ ပြင်ပ အအေးဓာတ်က တစ်ဖုံ၊ ကျွန်တော့်မှာ ခံစားနေရပါသည်။ ဇနီးဖြစ်သူအား အိမ်ထဲပြန်ဝင်၍ အိပ်ခိုင်းလိုက်ပြီး ကျွန်တော်တစ်ဦးတည်း လမ်းမပေါ်၌ တုတ်တိုကလေးတစ်ချောင်းကိုင်ကာ သားအပြန်ကို ဆက်လက် စောင့်မျှော်နေမိပါသည်။

ထိုသို့ စောင့်မျှော်နေစဉ် အလုပ်သမားဆေးရုံကြီးဘက်မှ ခွေးတစ်ကောင် ဆွဲဆွဲငင်ငင်အော်သံကို ရုတ်တရက်ကြားလိုက်ရပါသည်။ ဒီခွေး ဘာကိုများ တွေ့လို့ အူ

လိမ့်။

တွေ့လိုက်ပါပြီ။ သီတာလမ်း ဈေးဘက်မှ ထွက်

လာသော မိန်းမဝဝကြီးသည် သရက်သီး ခံတောင်းကြီး

ရွက်ကာ တဖြည်းဖြည်းချင်း ရွာတော်ရှင်နတ်နန်းကို

ဖြတ်လာပြီး အလုပ်သမားဆေးရုံကြီးတည့်တည့်သို့ ရှေ့

သွားနေပါသည်။ ၎င်း မိန်းမဝဝကြီးဘေးတွင် ရှိနေ

ခွေးတစ်ကောင်က မြင်ဟန်မတူ။ အလုပ်သမားဆေးရုံ

သို့ ခွေးသည် ခံတောင်းကြီးကို ရွက်ကာ တဖြည်းဖြည်း

နေသော ဆီပိုင်းသဏ္ဍာန် မိန်းမဝဝကြီးကို ကြည့်ကာ

ပါသည်။ ထိုမိန်းမကြီးကို ကျွန်တော်မြင်ဖူးပါသည်။ သီ

လမ်းဈေးတွင် သရက်သီးရောင်းသော အမျိုးသမီးကြီး

ပါသည်။ ဈေးကြိုသွားနေသည်ဟု ထင်လိုက်ပါသည်။

မယ့် စိတ်ထဲမှာ သံသယနည်းနည်းဝင်လာပြီး ငါလိုက်

ရင် ကောင်းမလားဟု တွေးပြီး နောက်မှ ခပ်ဝေးဝေး

ကြည့်မိပါသည်။ လမ်းဘေး သရက်ပင်များ၊ သစ်ပင်ရိပ်

အောက် ရောက်သွားသောအခါ ကြည့်နေရင်းမှာပင် တ

ဖြည်းချင်း မှုန်ဝါးပျောက်ကွယ်သွားပါတော့သည်။

မကြာခင် ကျွန်တော့်သား ပြန်ရောက်လာပြီး ည

ပေါက်၌ ဖွင့်သော လက်ဖက်ရည်ဆိုင်များတွင် သူငယ်ချင်း

နှင့် ရှိနေကြကာ စကားပြောရင်း အချိန်ကုန်သွားကြော

ပြောပါသည်။

◈◈◈

အိပ်ရာထဲသို့ ရောက်ရှိနေသော်လည်း တော်တော

အိပ်မပျော်သေးပါ။ တွေ့မြင်ခဲ့ရသော ပုံရိပ်များအကြော

ကို ပြန်စဉ်းစားနေမိပါသည်။ လမ်းထိပ်မှာ အရက်ဖြူ

တစ်ဆိုင်ရှိပါသည်။ ထိုအရက်ဖြူဆိုင်မှာ နေ့စဉ် အရက်

ဖွဲမြဲစွာ သောက်နေကြသော လူတချို့သည် အရက်ကြော

ရောဂါရကာ ကွယ်လွန်ကုန်ကြပါသည်။ မိမိတို့၏ ဘ

အရက်ဖြင့်သာ အချိန်ကုန်ခံကာ ကွယ်လွန်သူတို့၏

သည် ဘဝသံသရာထဲတွင် မကျွတ်လွတ်သော ပြိတ္တာ

သို့သာ ရောက်ရှိနေကြရကြောင်း ယခုလို ကိုယ်တွေ့

ရပါသည်။

သရက်သီးတောင်းကြီး ရွက်သွားနေသော ဈေး

ကြီးသည်လည်း ကွယ်လွန်သွားပြီးနောက် ယခုလို ပြ

ဈေးသည်ကြီးအဖြစ်နဲ့ တွေ့ရှိခဲ့ရပြန်ပါသည်။ ကျ

သည် သတိသံဝေ တရားများ ရရှိခဲ့ရပါသည်။ တရား

ရဟန်းတစ်ပါး ပုံလွှန်တော်မူသွားပြီး မကျွတ်သော ဘုံ



www.burmeseclassic.com



...သို့ ရောက်ရှိရပုံကို မေတ္တာရှင် ဆရာတော်၏ မဂ်တား၊ ...ား အန္တရာယ်များ စာအုပ်မှ ကောက်နုတ် တင်ပြအပ် ...ည်။

◈◈◈

လယ်တီ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိ ...ါက အဘိဓမ္မာ ဒေသနာတရားတော်များကို တစ်ပြည် ...ည့်လည်ဟောကြားရင်း ခရမ်းမြို့ကို ရောက်ရှိလာပါ ...။ ရွာတစ်ရွာမှာ အရင်ဆုံး ဟောရမှာပါ။ အဲဒီ ရွာဦး ...င်းမှာပဲ တည်းခိုရပါတယ်။ ညရောက်သောအခါ ...င်းဘေးမှာ စင်္ကြံလျှောက် တရားရှုမှတ်နေတဲ့ ဆရာ ...ကြီးနားကို မဲမဲလုံးလုံး မကောင်းဆိုးဝါးကြီးတစ်ကောင် ...လာပြီး ဆရာတော်ကို ဦးချနေပါတယ်။ သုသာန်ရှုတင် ...တည်နေကျ ဆရာတော်ကြီးအတွက် မကောင်းဆိုး ...တာ အထူးအဆန်းမဟုတ်တော့ပါ။

...ါကြောင့် "အသင် ဘယ်သူလဲ၊ ဘာအကူအညီလို ...ောက်လာတာလဲ" လို့ မေးလိုက်တော့ မကောင်းဆိုးဝါး ... ပြန်ဖြေပါတယ်။

"တပည့်တော် လွန်ခဲ့တဲ့ လေးလခန့်က ဒီကျောင်းမှာ ...တော်မူခဲ့တဲ့ ကျောင်းထိုင် ဘုန်းကြီးပါ ဘုရား" တဲ့။ ... လယ်တီဆရာတော်ဘုရားကြီးက ကရုဏာတရား ...ပြောလိုက်တယ်။

"ဒကာ၊ ဒကာမတွေကို အပါယ်လေးပါး မကျရောက်အောင် တရားဟော ပြသနေတဲ့ အရှင်ဘုရားက ကိုယ့်ကိုယ်ကျတော့ အပါယ်မကျအောင် မစောင့်ရှောက်နိုင်ဘူးလား"

လို့ ပြောလိုက်တော့ . . .

"တပည့်တော်လည်း ဒီလိုဖြစ်တတ်တာတွေကို ကြိုတင် သိထားတော့ ပျံလွန်တော်မူခါနီးမှာ စွဲလမ်းစရာ ကိစ္စတွေကို အကုန်ဖြတ်လိုက်ပါတယ် ဘုရား။ သက်ရှိကို ဖြစ်စေ၊ သက်မဲ့ကို ဖြစ်စေ၊ စွဲလမ်းနေတဲ့ လောဘစိတ်နဲ့ သေရင် ပြိတ္တာဘုံကို ရောက်မယ်ဆိုတာ သိပါတယ် ဘုရား။ တရားရှုမှတ်ပြီး အသေပြင်နေတုန်းမှာပဲ အလိုက်ကမ်းဆိုးမသိတဲ့ ဒကာမတစ်ယောက်က ကျောင်းတိုက်ကြီးကို ဘယ်တပည့်မှ မလှူရသေးပါ ဘုရားလို့ လျှောက်လိုက်တော့ တပည့်တော်ရဲ့ စိတ်က တရားရှုမှတ်နေရာကနေ ကျောင်းကို စွဲလမ်းတဲ့ လောဘစိတ်နဲ့ စုတိစိတ်ကျပြီး ပျံလွန်တော်မူခဲ့လို့ ယခုလို ပြိတ္တာဘဝကို ရောက်ရှိခဲ့ရပါသည့် ဘုရား။ တပည့်တော်ကို သနားသောအားဖြင့် ဒီဘဝက ကျွတ်လွတ်အောင် ကယ်မတော်မူပါ ဘုရား"

လို့ လျှောက်ထားပါတယ်။

အဲဒီမှာ လယ်တီဆရာတော်ဘုရားကြီးက ဒကာ၊ ဒကာမတွေကို အသိပေးပြီး သံဃာတော်တွေ ပင့်ဖိတ် ဆွမ်းကျွေး၊ သင်္ကန်းတွေ လှူပြီး အမျှပေးဝေလိုက်မှ ပြိတ္တာဘဝက ကျွတ်လွတ်သွားခဲ့ပါတယ်။

လူ့ဘဝဆိုတာ အသက်ရှင်စဉ် ကာလမှာ အနေတတ်ဖို့ လိုပါတယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြား ဆုံးမသော ဓမ္မတရားတော်ကို နာကြားလေ့ကျင့် ပွားများရင်း အသေတတ်အောင်လည်း မိမိကိုယ်ကို ပြင်ဆင်ထားရပါမယ်။ ဒါမှ အသေမြတ်မှာပါ။ ထွင့်ခေါင်ဆရာတော်ဘုရားကြီး ဆုံးမ ဟောကြားခဲ့သလို၊ "လူတစ်သိန်းသေလို့ လူတစ်ယောက် ကောင်းရာသုဂတိ မလွယ်ဘူး" ဆိုတဲ့အထဲမှာ မိမိမပါဖို့ တရားနှလုံးသွင်းကြစို့ ■

* * *

ဒွေးအောင်သင်း




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# ဂျမ္ဗူရာဇဝန်းကြယ် စာအုပ်စင်

သုတအံ့

## မောင်သိခ် — ရုပ်ပွားတော် ကိုးကွယ်မှုနှင့် အကျိုးအာနိသင်များ




"စာနဒီ"စာအုပ်တိုက်မှ ထုတ်ဝေလိုက်သည့် ဆရာ မောင်သိခ်၏ စာအုပ် လာသည်။ စာအုပ်အမည်မှာ "ရုပ်ပွားတော် ကိုးကွယ်မှုနှင့် အကျိုးအာနိသင်များ ဖြစ်သည်။

ဗုဒ္ဓယဉ်ကျေးမှု သမိုင်းလမ်းကြောင်းတွင် ပုဂံခေတ်မတိုင်မီ အခြေအနေမှ မျက်မှောက်ခေတ်အထိ ကိုးကွယ်သော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအကြောင်း သည်။ အခန်း(၂)အဖြစ် ရုပ်ပွားဆင်းတုတော်များအား ကိုးကွယ်ယုံကြည်မှုရှိသူ ပါရမီဓာတ်ခံ အရင့်အနု အဆင့်သုံးဆင့်နှင့် အကျိုးသက်ရောက်ပုံ၊ အခန်း(၃) အခြေခံ ဗုဒ္ဓယဉ်ကျေးမှု ပဋိမာသိပ္ပံ လက္ခဏာရုပ်များနှင့် အခန်း(၄)တွင် အထွေ ဗုဒ္ဓယဉ်ကျေးမှု ဗဟုသုတအကြောင်းများ ပါဝင်၏။ ဗုဒ္ဓရုပ်ပွားတော်များ၏ အနေအ များကို သိပ္ပံနည်း၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုရေးရာများဖြင့် ကိုက်ညီအော တင်ပြထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာပေတိုက်** - စာနဒီ စာအုပ်တိုက်    **အုပ်ရေ** - ၁၀၀၀

**မျက်နှာဖုံးပန်းချီ** - ဗဂျီ လင်းဝဏ္ဏ    **တန်ဖိုး** - ၂၅၀၀ ကျပ်။

**ပုံနှိပ်ခြင်း** - ၂၀၁၃ ခုနှစ်၊ တတိယအကြိမ်။

## မျက်မှောက်ခေတ် ဘာသာရေးနှင့် . . .

နစ်ဖက်လှ ဦးကျော်လွင်၏ စာအုပ်ကောင်းတစ်အုပ် တတိယအကြိမ်အဖြစ် ထွက်ရှိလာသည်။

ဤစာအုပ်တွင် ကိုးကွယ်မှုဆိုင်ရာ ဘာသာကြီး လေးရပ်နှင့်တကွ ရုပ်ဝါဒအမျိုးမျိုး တို့၏ အကြောင်း ဘာသာဝါဒရေးရာ သဘောထားခံယူချက်အပိုင်းများကို ပိဋကတ် ရှုထောင့်၊ သိပ္ပံရှုထောင့်၊ သဘာဝရှုထောင့်များမှ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို အမြန်သိလာစေရန် ရေးသားတင်ပြထားသည်။

ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားမှန်တို့ကို ယခုခေတ် ပရိယတ္တိကျမ်းဂန်ဘက်၌ ကျွမ်းကျင်မှု မရှိသေးသောသူတို့အဖို့ လွယ်လွယ်ကူကူ သိရှိနားလည်စေရုံသာမကဘဲ၊ ကွဲပြား၍ နေသော ဝါဒများနှင့်လည်း နှိုင်းယှဉ်ပြသ ရှင်းလင်းထားသောကြောင့် စာဖတ်သူတို့ အတွက် စစ်မှန်သော ဓမ္မအတွေးများကို ရရှိစေမည်ဖြစ်သည်။



**စာပေတိုက်** - စာနဒီ စာအုပ်တိုက်

**မျက်နှာဖုံးပန်းချီ** - ဗဂျီ လင်းဝဏ္ဏ

**ပုံနှိပ်ခြင်း** - ၂၀၁၃၊ တတိယအကြိမ်။

**အုပ်ရေ** - ၁၀၀၀

**တန်ဖိုး** - ၁၂၀၀ ကျပ်။



www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူကျွန်း အောင်သိန်း — နေမင်းတစ်ထောင်



၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ(ဝတ္ထုရှည်)ဆုရခဲ့သော ဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်း၏ လက်ရာကောင်းဖြစ်သည်။ ယခင်က အတွဲရှစ်တွဲထုတ်ဝေခဲ့ပြီး ယခု "ရှုဝံ"စာအုပ်တိုက်မှ ပေါင်းချုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။


နေမင်းတစ်ထောင်ကို ကျွန်တော်တို့ အချိန်ပေးပြီး ဖတ်ခဲ့ကြသည်။ အချိန်ပေးရသလောက် တန်ဖိုးရှိသောအရာများကို ပြန်ရခဲ့ကြသည်။

ကုန်းဘောင်မင်းဆက် ဆင်ဗျူမရှင်(ပုဂံမင်း)လက်ထက်မှ မဆလ ပါတီ နေဝင်း သွားချိန်အထိ ရေးဖွဲ့ထားသော သမိုင်းဆိုင်ရာ ဝတ္ထုရှည်ကြီးတစ်ပုဒ်ဖြစ်သည်။ အမျိုးသား အားမာန်များကို အဖေမှ သား၊ သားမှ မြေး၊ မြေးမှ မြစ်၊ မြစ်မှ တီအထိ လက်ဆင့်ကမ်း အမွေပေးခဲ့သော အဖြစ်အပျက်များကို စာဖတ်သူများ တစ်ဝကြီး ဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်တိုက် - ရှုဝံ
မျက်နှာဖုံးပန်းချီ - ဝသုန်၊ ကျော်သောင်း၊ မောင်မောင်သိုက်
မျက်နှာဖုံးဒီဇိုင်း - တင်ထွန်း
ထုတ်ဝေခြင်း - ၂၀၁၃၊ နိုဝင်ဘာ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀၀ ကျပ်။

## ဝသုန်ဟိန်းထက် — ခေတ်အဆက်ဆက် လျှို့ဝှက် အစွမ်းထက် ပုတီးစိပ်နည်းများ

ဆရာ ဝသုန်ဟိန်းထက် ရေးသားသော ပုတီးစိပ်နည်းစာအုပ်တွင် ခေတ်အဆက်ဆက် လျှို့ဝှက် အစွမ်းထက်ပြီး သည့် ပုတီးစိပ်နည်းပေါင်း များစွာပါဝင်သည်။ စာရေးသူ ကိုယ်တိုင် ပုတီးသမားတစ်ဦးအဖြစ် နှစ်များစွာ အားထုတ်ခဲ့သလို ရေးသူ၏ ကိုယ်တွေ့ များနှင့်တကွ ကြုံတွေ့ခဲ့ရသော ဆရာသခင် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ချီးမြှင့်ခဲ့သော စိပ်နည်းများကို စုစည်းဖော်ပြထားသည်။



စိပ်ပုတီး၏ ရာဇဝင်နောက်ခံအကျဉ်း၊ ပုတီးစိပ်သင့်တဲ့ နေရာ၊ စိပ်ပုတီးကိုင်နည်း၊ ပုတီးနှင့် အရုပ်မျက်နှာများအကြောင်းကို ရှင်းလင်းပြထားသေး၏။

ဝိဇ္ဇာပညာရပ်များကို လိုက်စားလိုသူများ၊ စိပ်ပုတီးဖြင့် သမထစွမ်းအား ရချင်သူများ ဝသုန်ဟိန်းထက်၏ စာအုပ်ကို လေ့လာဖတ်ရှုသင့်ရုံမက၊ ဆောင်ထားသင့်သည့် စိပ်နည်း လမ်းညွှန်စာအုပ်တစ်အုပ်လည်း ဖြစ်သည်။

စာအုပ်တိုက် - စိန်မိုးယံ စာပေ
ထုတ်ဝေခြင်း - ၂၀၁၃၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်။

* * *



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးတင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟော



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်း
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအ
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီနေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာ
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှုမြန်မာများအတွက်နာမ
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပွဲဇော်ဂ
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍ အထူး
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်း
နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တို
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသော
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြ
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်း
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူ
စုံတွဲဇာတာစစ်ဆေးခြင်းအကြေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေး
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝ
ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်
မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်
များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့ VPLဖြင့်လည်းကောင်း
လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်၊နေရပ်လိပ်စာဖော်ပြ၍
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေး
မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမဂ်လာတော

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-5



၁၈၇၉ - ခုနှစ်မှစ၍ ကလေးဆေးများသာ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော

# ဆရာဘိန်းဆရာလှ ဆေးတိုက်





## ကလေးဆေးဆို ပေးမနေနဲ့

### ဆရာဘိန်း-ဆရာလှ ကလေးဆေးကို သတိရပါ

ပင်ရင်း - အမှတ် ၈၁၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၅၃၅၀၄၅၊ ၀၉ ၇၃၀ ၉၉၀၁၉

၇/၂၀၁၃ တဆထလ (၂၄၈၇) www.facebook.com/sayarbain




ကလေးများ၏ ဗွက်ပေါင်ခေါက်ခြင်း ချောင်းဆိုးနာရောင်ရောဂါ အစစ်မြင်စရာ ဖြစ်တတ်သော ရောဂါများကိုကောင်း

သင်၏ကလေး လေသန်နာ - ကျောပုံးတဲ့ - တစ်ညလုံး ကျယ် ကြွက်ကြွက်ညည်း - ကျောက်ပန်းလနှ

ဆရာဘိန်း - ဆရာလှ ကလေးဆေးတိုက်ကို သ


www.burmeseclassic.com

www.burmeseclassic.com



သူ့နယ်
သူ့မြေ
သူ့ပိုင်နက်

ကျွန်တော့်တွင် အညစ်သန်
(စားသန်)သည့် ညီဝမ်းကွဲ
ာက်ရှိ၏။ ကျွန်တော့်အပေါ်
အညစ်သန်တတ်သော်လည်း
ာင်းရှိလွန်းသောကြောင့် ကျွန်
ည် သူ့အပေါ်တွင် သံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးခဲ့ရ၏။ ထိုသံယောဇဉ်ကြီးမှုများကြောင့်ပင် ကျွန်တော်သည် သူနေထိုင်ရာ နေရာများသို့ အမြဲလိုလိုပင် သွားရောက် လည်ပတ်မိသည်ချည်း ဖြစ်၏။

တစ်နေ့ ရန်ကုန်-သန်လျင်မြို့သို့ သွားရောက် အလုပ်လုပ်ကိုင်နေသော သူ့ထံသို့ ထုံးစံအတိုင်း ကျွန်တော်သွားရောက် လည်ပတ်မိပြန်သည်။ အစ်ကိုဖြစ်သူ ကျွန်တော် အဝေးတစ်နေရာမှ သူ့ထံသို့ တကူးတက လာရောက် လည်ပတ်ခြင်းကြောင့် ကျွန်တော့်အပေါ်တွင် အတူနေစဉ်ကကဲ့သို့ အကျီးစားသန် အညစ်သန်မှုများ မရှိတော့လောက်ပြီဟု အထင်ရှိခဲ့မိ၏။ သို့သော် ကျွန်တော့်ညီ၏ ဝါသနာနှင့် စရိုက်လက္ခဏာကား ကျွန်တော်တွေးထင်ထားသကဲ့သို့ လုံးဝ ကင်းစင်ပ,ပျောက်မသွားသေးကြောင်း သူ့ထံမှာ လည်ပတ်နေသည့်အခိုက် သုံးညအိပ် လေးရက်မြောက်သောနေ့၌ပင် သိလာရလေသည်။

ကျွန်တော်သည် တစ္ဆေ သရဲ စသည့် အကောင်ဖလောင် မကောင်းဆိုးရွားများအား တွေးတော ကြောက်ရွံ့တတ်သူ မဟုတ်ပါ။ ထိုသို့ ကျွန်တော် မကြောက်တတ်မှန်း သိ၍လည်း စခြင်းနောက်တွန်းခြင်းဖြစ်ပေလိမ့်မည်။

သန်လျင်မြို့၌ သူ လုပ်ကိုင်နေထိုင်သည့် အလုပ်ရှင်များသည် လုပ်ငန်းကြီးကျယ်သကဲ့သို့ နေထိုင်ရာ ခြံဝန်းကြီးသည်လည်း ကျယ်ဝန်းလှ၏။ ကျွန်တော် ရေတွက်ကြည့်ရှုမိသည်မှာ ထိုခြံဝန်းကြီးအတွင်း လူနေရန် အဆောက်အအုံများသည် အကြီးအသေးအားဖြင့် ဆယ်လုံးထက်မနည်း ရှိကြောင်း တွေ့ရလေသည်။ ထိုဆယ်လုံးကျော်ကျော် အဆောက်အအုံများအနက် သစ်လွင်သည့် အဆောက်အအုံဟူ၍ တစ်လုံးသာ လတ်လတ်ဆတ်ဆတ်အဖြစ် တွေ့ရ၏။ အခြားအဆောက်အအုံများကား အားလုံး အဟောင်းများချည်းသာ ဖြစ်ကြသည်။

ထို သစ်လွင်လတ်ဆတ်သည့် အဆောက်အအုံ၌ကား သူတို့၏ အလုပ်ရှင်မိသားစု သီးသန့်နေထိုင်ကြ၏။ ထို့ကြောင့် အလုပ်သမားများသည် လုပ်ငန်းလုပ်နေသည့်အလုပ်ချိန်မှအပ ကျန်သည့်အချိန်များတွင် ကိုယ့်အဆောက်အအုံ၌သာ လွတ်လပ်စွာ နေထိုင် ချက်ပြုတ်စားသောက်ကြသည်ကို တွေ့ရလေသည်။

အထူးသဖြင့် ကျွန်တော့်ညီ နေထိုင်သည့် အဆောက်အအုံကား ထိုအလုပ်ရှင်အိမ်နှင့် ပို၍ပင် ဝေးလေရကား ပို၍လွတ်လပ်သကဲ့သို့ ရှိလေ၏။ သူတွင် မန္တလေးဘက်မှဟု သိရသည့် သူငယ်ချင်းတစ်ယောက်နှင့် အတူတွဲဖက် နေထိုင်ရခြင်းကြောင့် ပို၍အေးဆေး လွတ်လပ်လှလေသည်။ သို့သော်လည်း သူက ကျွန်တော့်အား ဤသို့ပြော၏။

"အစ်ကိုကြီးခင်ဗျာ . . . ဒီမှာ အေးအေးဆေးဆေးနေလို့ ရပါတယ်။ ဒါပေမယ့် ဒီအိမ်က အနံ့အသက် သိပ်မကောင်းဘူး။ အဲဒါကြောင့် အေးအေးဆေးဆေးလည်း ဖြစ်၊ လေကောင်းလေသန့်လည်း ရအောင် ဒီခေါင်းရင်းက အိမ်ပေါ်သာ နေဗျာ။ ကျွန်တော် ဆရာကို ပြောပြီးပြီ"

"အေး၊ ဟုတ်တယ်။ အနံ့အသက်ကတော့ သိပ်မကောင်းဘူး။ ခေါင်းရင်းက အိမ်မှာ နေလို့ရရင်တော့ သိပ်ကောင်းတာပေါ့။ မင်းရော လိုက်နေလို့ ဖြစ်ပါ့မလား"

"ဟင့်အင်း၊ ကျွန်တော်က အလုပ်သမားဆိုတော့ မဖြစ်… အစ်ကိုကြီးကသာ ဧည့်သည်မို့ နေ… တာ"

"ဒါဆို ငါတစ်ယောက်တည်း… နေရမှာပေါ့"

"ဒါပေါ့"

ဤသို့နှင့် ကျွန်တော်သည် … အား ဘာမျှ ဆက်မပြောတော့… စီစဉ်ပေးသည့်အတိုင်းပင် ကျွန်… သည် အနံ့အသက် ကင်းစင်… ခေါင်းရင်းမှ အိမ်သို့ ပြောင်းရွှေ့ နေ… လိုက်တော့၏။

◈◈◈

ထိုသို့ ပြောင်းရွှေ့ နေထိုင်… ပထမညသည် ဤအိမ်ကြီး၏ အခြေ… အား ဘာမျှမသိသေးသော ကျွန်… အတွက် ခြင်ထောင်သည် အနီး… ၌ တစ်ဦးတစ်ယောက်မျှ ပူးကပ်… စက်သူလည်း မရှိ၊ လေတိုက်… လည်း အလျဉ်းမရှိလေတဲ့ မ… မကြာ တလုပ်လုပ် တရမ်းရမ်း… ခြင်းကြောင့် ကျွန်တော်သည် … ဆုံး ခြင်ထောင်အား အနားမှ… အိပ်စက်ရသည်အထိ ဖြစ်ခဲ့ရ၏။ … တစ်ခါ တစ်စုံတစ်ယောက်က … ထောင်ကြီးစများအား ဆွဲလှန်… လိုက်သည့်နှယ်။ ဤသို့နှယ် တစ်… မိုးလင်းသွားပြန်၏။

မိုးလင်း၍ မနက် … ကျွန်တော့်ညီ အလုပ်မဝင်ခင်… တွင် လက်ဖက်ရည်ကြိုက်… ကျွန်တော်သည် ညီဖြစ်သူ… လက်ဖက်ရည်ဆိုင်သို့ ခေါ်… လက်ဖက်ရည်သောက်ဖြစ်၏။

လက်ဖက်ရည်ဆိုင်တွင် … လေးပါးပြောရာမှ ကျွန်တော်… ကျွန်တော့်မျက်နှာအား … စေ့စေ့ တစ်ချက်ကြည့်ပြီး …



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမေးမြန်းသည်။

"အစ်ကိုကြီး…ဘယ်နှယ့်လဲ၊ ညက အိပ်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ဟုတ်ရဲ့လားဗျာ။ တစ်ယောက်တည်း အိပ်ရတာဆိုတော့"

"ဟာ…ငါ လူပျို။ တစ်ယောက်တည်း မအိပ်လို့ ဘယ်နှယောက်အိပ်ရမှာတုန်း"

"ဩော်…မသိပါဘူး၊ စိတ်ကူးတွေ ယဉ်ပြီး တစ်ယောက်ယောက်နဲ့များ စိတ်ကူးထဲ အဟဲ…ဟဲ…ဟဲ"

"မင်း အရူးပဲ၊ တိုးတိုးပြောစမ်း။ ဘေးလူတွေ ကြားကုန်ပါ့မယ်"

ကျွန်တော်က ပျာပျာသလဲ ထိုသို့ပြောတော့ ကျွန်တော့်ညီသည် ကျွန်တော့်အား ကြည့်၍ အဓိပ္ပာယ်မဲ့စွာ ရယ်နေလေ၏။ ထို့နောက်မှ အခြားအကြောင်းများ ဆက်ပြောလေသည်။

အချိန်ကလည်း သူ အလုပ်ဝင်ချိန်အတွက် နာရီဝက်လောက်မျှသာ ရခြင်းကြောင့် ကျွန်တော်တို့နှစ်ယောက် အလုပ်ရုံများရှိရာ ခြံဝန်းကြီးသို့ ပြန်လာခဲ့ကြ၏။

◈◈◈

"ဒေါင်…ဒေါင်…ဒေါင်…"

"ဒေါင်…ဒေါင်…ဒေါင်…"

ည သန်းခေါင်ယံ ဆယ့်နှစ်နာရီသံချောင်းခေါက်သံ ထွက်ပေါ်လာသည့်တိုင် ကျွန်တော် မအိပ်သေး။ စာအုပ်ဖတ်လျက်သာ ရှိသေး၏။ ထိုသို့ ကျွန်တော် စာအုပ်ဖတ်ကောင်းနေဆဲ အချိန်၌ပင် မှောက်လျားထိုး ဖတ်လျက်ရှိသော ကျွန်တော့်ဘေးအနီးသို့ အမိုးပေါ်မှ တစ်စုံတစ်ခု ပြုတ်ကျလာလေသည်။

"ဖုန်း"

"ဟင်"

ထိုအသံနှင့်အတူ ကျွန်တော် ဆတ်ခနဲ ငုတ်တုတ်ထထိုင်ရင်း လှည့်ကြည့်လိုက်၏။ ထိုသို့ ချက်ချင်းလက်ငင်း အံ့အားသင့်စွာ ကျွန်တော် လှည့်ကြည့်လိုက်သော်လည်း မီးရောင်အောက် ကြမ်းပြင်ထက်တွင် ဘာမှမရှိ။ ပကတိ။

"ဟင်…ဘယ်လိုဖြစ်တာပါလိမ့်၊ အသံကြီးက လူတစ်ယောက် ခုန်ချလိုက်တဲ့ အသံကြီးပဲ၊ အခုကျတော့ ဘာမှမရှိဘူး"

ကျွန်တော် ထိုသို့ တစ်ယောက်တည်း အံ့အားသင့်စွာ ပြောနေသော်လည်း မြို့ကြီးသည် လည်းကောင်း၊ မြို့ကြီးအတွင်းရှိ အိမ်တို့မှ လူများသည် လည်းကောင်း နှစ်မြိုက်စွာ အိပ်မောကျနေခြင်းနှင့်အတူ အကာလညသန်းခေါင်ယံသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။

ထို့နောက် မည်သည့်အသံဗလံများ ကြားရလေဦးမည်နည်းဟူသည့် သတိ ဝီရိယ နိုးကြားစိတ်နှင့် ကျွန်တော် စာအုပ်အား ဆက်လက်ဖတ်ရှုနေသော်လည်း အတန်ကြာသည့်တိုင်အောင် မည်သည့် ထူးခြားမှု၊ မည်သည့် အသံဗလံမျှ မကြားရတော့ပေ။ ဤသို့နှင့်သာ ကျွန်တော် စာအုပ်ဖတ်ရင်း ပြီးဆုံးသွားသည့်အချိန်၌ အိပ်ရာဝင်၍ အိပ်စက်လိုက်တော့၏။

မျက်စိညောင်းနေ၍ ကျွန်တော် ကြာကြာ မမေးလိုက်ရ၊ ခဏအကြာ၌ပင် ကျွန်တော် အိပ်ပျော်သွားလေတော့သည်။

◈◈◈

"မင်း… ဘယ်က အကောင်လဲ၊ ဒီအိမ်ထဲ နေလို့ မရဘူး၊ ထွက်သွား"

ကျွန်တော် ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသည်မသိ၊ ပက်လက်အနေအထားနှင့် ဒူးခေါင်းတစ်ဖက်ထောင်၍ အိပ်ပျော်နေသော ကျွန်တော့် ဒူးခေါင်းအား လူတစ်ယောက်မှ အနီးသို့ ကပ်၍ ခပ်ကြမ်းကြမ်းတွန်းထိုးပြောလိုက်သကဲ့သို့ စကားသံ ကြားလိုက်ခြင်းနှင့်အတူ ကျွန်တော်၏ ထောင်နေသည့် ညာဘက် ဒူးခေါင်းသည် ဘယ်ဘက်သို့ အဆမတန် ယိမ်းယိုင်သွားခြင်းကြောင့် ကျွန်တော် လန့်နိုးသွားရ၏။

ထိုသို့ ကျွန်တော် လန့်နိုးသည်နှင့် တစ်ပြိုင်နက် မိမိပတ်ဝန်းကျင်အား အကဲခတ်ကြည့်မိ၏။ လူတစ်ဦးတစ်ယောက် မဆိုထားနှင့်၊ အနီးပါး၌ ကြောင်တစ်ကောင် ကြွက်တစ်ကောင်မျှ မတွေ့မြင်ရပေ။ နာရီကြည့်လိုက်တော့ မနက် သုံးနာရီခွဲနေပြီမို့ ခပ်လှမ်းလှမ်းရှိ ဘုန်းကြီးကျောင်းမှ ကုလားတက်ခေါက်သံလည်း ပေါ်ထွက်လာလေသည်။

◈◈◈

မနက်မိုးလင်း၍ လက်ဖက်ရည်ဆိုင်အရောက်တွင် ကျွန်တော့်ညီနှင့် ကျွန်တော် လက်ဖက်ရည်သောက်ရင်း စကားပြောဖြစ်၏။

"အစ်ကိုကြီး… ညဘက်… ညဘက် လေကောင်း လေသန့်ရော ရရဲ့လားဗျာ"

"အင်း… လေကောင်း လေသန့်တော့ ရပါတယ်ကွာ။ ဒါပေမယ့်…"

ကျွန်တော်သည် စကားမဆုံးသေးခင်မှာပင် ပြောရကောင်း၊ မပြောရကောင်းဟူသည့်အတွေး ရုတ်တရက်ဝင်လာခြင်းကြောင့် ခေတ္တခဏ ရပ်ထားလိုက်၏။ ထိုသို့ ကျွန်တော် ပြောလက်စ စကားအား သိသိသာသာ ရပ်



www.burmeseclassic.com

www.burmeseclassic.com

တန်လိုက်ခြင်းသည်ပင် ကျွန်တော့်ညီအတွက် မေးကွက်ဖြစ်သွားလေတော့သည်။

"ဆက်စမ်းပါဦး အစ်ကိုကြီးရ၊ ဒါပေမယ့် ဘာဖြစ်တုန်းဗျ"

"ဩော်... ဘာမှမဖြစ်ပါဘူး။ ညဘက်ကျတော့ ကြောင်တွေ တက်တက်လာပြီး သောင်းကျန်းတာက ခက်တယ်ကွ"

ကျွန်တော် ရုတ်တရက် စိတ်ထဲဖြစ်ပေါ်လာသည့်အကြံနှင့် ထိုသို့ လျှီးလွှဲပြောဆိုလိုက်သည့်အခါတွင်မတော့ ကျွန်တော့်ညီ၏ မျက်နှာသည် အနည်းငယ် ပြောင်းသွားသည်ဟု ကျွန်တော် ထင်လိုက်မိသည်။ သို့သော် သူက ဆက်ပြော၏။

"ဒါဆို ကြောင် ဘယ်နကောင်တုန်းဗျ"

"မများပါဘူး၊ တစ်ကောင်စ နှစ်ကောင်စပါ"

"ဒါဆို ဟိုတက် (သုံး)အဆောင်က သန်းဝင်းအောင်တို့ မွေးထားတဲ့ ကြောင်မ နှစ်ကောင်ပဲ ဖြစ်ရမယ်။ အဲဒီကြောင်တွေက ဖိနပ်ပေါ် ချေးပါတတ်တယ်နော်၊ အစ်ကိုကြီး သတိထား။ ဝင်လာရင် ပစ်သာလွှတ်လိုက်"

"ဟာ...အဆန်းပါလား၊ ကြောင်က ဖိနပ်ပေါ် ချေးပါရတယ်လို့"

"ဟုတ်တယ်ဗျာ။ ကျွန်တော့် ဖိနပ်ပေါ်တောင် နှစ်ခါရှိပြီ ပါပါသွားတာ။ အလွန်သောက်ကျင့်ယုတ်တဲ့ ကြောင်တွေ"

ကျွန်တော့်ညီ၏ အပြောကြောင့် ကျွန်တော့်စိတ်ထဲ အနည်းငယ် အံ့သြစွာပင်။ ဖိနပ်ချွတ်သည့်အခါ လုံမချွတ်ဘဲ ထောင်ချွတ်ဖို့ ကျွန်တော် စဉ်းစားမိလိုက်၏။ ကြောင်ချေးဆိုသည်က အလွန်နံစော်သည့် စက်စုပ်ဖွယ်ရာ အညစ်အကြေးမဟုတ်ပါလား။

ဤသို့နှင့် ကျွန်တော့်ညီ ပြောသည့် ကြောင်အကြောင်း ပြောဆိုနေရင်းနှင့်ပင် မနက် ၇နာရီအမီ လုပ်ငန်းဝင်ရတော့မည့် ညီမှ ပြန်ဖို့ရန် သောဆော်ခြင်းကြောင့် ညီအစ်ကိုနှစ်ယောက် သူ့အလုပ်ရုံ လုပ်ငန်းခွင်သို့ အမီ ခပ်သုတ်သုတ်ပြန်ခဲ့ရ၏။

ထို့နောက် ညီမှ ၇နာရီ လုပ်ငန်းဝင်သကဲ့သို့၊ ကျွန်တော်သည်လည်း ရန်ကုန်မြို့တွင် ပန်းဆိုးတန်းဘက်ရှိ စာအုပ်အဟောင်းဆိုင်များနှင့် စာအုပ်အသစ်ရောင်းသည့် စာပေလောက စာအုပ်ဆိုင်များသို့ စာအုပ်ဝယ်ရန်အလို့ငှာ ကားစီး၍ ထွက်ခွာခဲ့လေသည်။

ရန်ကုန်မြို့တွင်းသို့ လှည့်လည်သွားလာရသည်ကို နှစ်ခြိုက်သော ကျွန်တော်သည် စာအုပ်အဟောင်းဆိုင်၊ အသစ်ဆိုင်များသို့လည်း လှည့်လည်ဝင်ရောက်ကြည့်ရှု၏။

ထိုမှတစ်ခါ ဆူးလေဘုရားသို့ ဝင်ရောက် ဦးတိုက် ဖူးမြော်၏။ နောက် သိမ်ကြီးဈေး၊ ကုန်တိုက် စသည့် လူသုံးကုန် ပစ္စည်းပစ္စယ အရောင်းဆိုင်များသို့လည်း လိုအပ်တာ အကြိုက်တွေ့လျှင် ဝယ်ယူမည်ဟူသည့် စိတ်ကူးနှင့် တောက်လျှောက် လှည့်လည်ကြည့်ရှု၏။

မနက် ၉နာရီခွဲလောက်ကတည်းက လှည့်လည်ကြည့်ရှုသော ကျွန်တော်သည် နေ့ခင်း ၁၂နာရီထိုးတော့မှပင် လသာ ၁၅လမ်းဘက်သို့ သွားရောက်၍ နေ့လယ်စာ ထမင်းစားဖြစ်တော့၏။ အောက်လမ်း၊ အပေါ်လမ်း၊ အလယ်လမ်း စုံသွားလေသည်။ ရန်ကုန်မြို့သားများဆိုလျှင်တော့ ကျွန်တော့်ကဲ့သို့ တောသားမဟုတ်ခြင်းကြောင့် ခြေအညောင်းခံ၍ လျှောက်ချင်မှ လျှောက်ပေလိမ့်မည်။

ကျွန်တော်ကတော့ ရောက်သည့် အခိုက်မို့ ညောင်းကာမှ ညောင်းရော အတိုးချ၍ အနှံ့လျှောက်၍ ကြည့်ရှုခြင်းဖြစ်၏။ လသာရှိ ကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်း ထမင်းဆိုင်သို့ သွားစားခြင်းသည် ထမင်း အလကား စားလိုခြင်းထက် စကားစမြည်ပြောလိုခြင်းကြောင့် တကူးတက အရောက်သွား၍ စားခြင်းဖြစ်၏။ သူငယ်ချင်းက ပျူပျူငှာငှာဖြင့် ကြိုဆို ဧည့်ခံကျွေးမွေးပါသည်။

တစ်နှစ်ဆို တစ်နှစ် ရောက်ဖြစ် ခဲ့လာသော ကျွန်တော့်အား သူငယ်ချင်းမှ သင့်တော်သည့် မိန်းကလေး တစ်ယောက်နှင့် အိမ်ထောင်ပြုဖို့ အတင်း တိုက်တွန်းနေခြင်းကြောင့် မရက်တမ်းပင် သူ့အား ကျွန်တော့်ကို ကြိုက်သူ မရှိကြောင်း ပြန်၍ပြောရ၏။

ရောက်တုန်း ရောက်ခိုက်မို့ သူငယ်ချင်းနှင့် စကားစမြည် အေးအေးဆေးဆေးစွာ ပြောဆို၍ ညနေ ၄နာရီထိုးတော့မှပင် ကျွန်တော် နေထိုင်ရာ သန်လျင်သို့ ပြန်ရန် ခြေဦးလှည့်ဖြစ်တော့၏။

လသာ ကားမှတ်တိုင်အရောက်တွင် ကားက လာခဲလွန်းသောကြောင့် ကျွန်တော်သည် လမ်းဘေးဝဲယာများအား ကြည့်ရှုရင်း ကားပေါ်သည့် ပန်းဆိုးတန်း ကားမှတ်တိုင်သို့သာ ကုန်းကြောင်းလျှောက်၍ ကားစီးခဲ့လေသည်။

◈◈◈

ကျွန်တော် ပြန်ရောက်သည့် အချိန်သည် ညနေ ၆နာရီထိုးနေပြီ၏။ အိမ်ရောက်၍ တစ်နာရီခန့်လောက်မျှ အနားယူပြီးသော ကျွန်တော့် ညီအစ်ကိုများ ညစာ ထမင်းစားကြ ဟင်းကလည်း ...



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပင်ပန်းလာသည်မို့ ကျွန်တော် ဆင်းအတော်ကလေး . စားကောင်း သွားသည်။ ဝက်သားနှပ်၊ သရက်ချဉ် သုပ်၊ ငရုတ်သီးကြော်၊ အရည်သောက် ဟင်းချိုနှင့် ဗိုက်ပြည့် ချက်ကား စားပစ် ခြင်းကြောင့် ကျွန်တော် ဝယ်ယူလာ သည့် ဆရာကြီး ရွှေဥဒေါင်း၏ စာအုပ် များကို မည်သို့မျှ မဖတ်ရှုနိုင်တော့။ ညီများနှင့် အတော်အသင့် စကားပြော ဆိုပြီး ည ၉နာရီခန့်အချိန်တွင် မျက် လုံးများ မှေးစင်း၍ အိပ်ပျော်သွားလေ သည်။ ကျွန်တော် အိပ်ပျော်သွားသည့် အချိန်၌ ကျွန်တော့်ညီနှင့် မန္တလေး သားသည် လူငယ်တို့ဘာဝ ရည်းစား အကြောင်းများ ပြောဆိုနေကြဦးမည် သာ ဖြစ်၏။ အိပ်ကြဦးမည် မဟုတ် သေးပေ။

ထိုသို့ ပြောဆိုနေကြသည့်တိုင် သူတို့ပြောဆိုနေသည့် စကားများအား ကျွန်တော့်နားအစုံက မကြားနိုင်။ ကြားမိ။ သို့သော် ကျွန်တော် ကြား လိုက်မိသည့် နီးနီးကပ်ကပ် အသံကြီး ကတော့ ကြက်သီးထဖွယ်ဖြစ်၏။

"ဟေ့ကောင်··· မင်း ဒီည ဒီမှာ အိပ်လို့ မရဘူး၊ သွား။ မသွားဘူးလား၊ သွားရင် ငါ ဆွဲချမယ်၊ ကဲကွာ"

"ဂျုံး···ဂျုံး···ဂျုံး···"

"ဖြောင်း···"

"ဖြုန်း"

ခြေရင်းအက်မှ ကျွန်တော့်ခြေ ချောင်းအား ခပ်ကြမ်းကြမ်းအဆွဲခံ လိုက်ရသည့်နည်းတူ ခြင်ထောင်အမိုး ပေါ်မှ ထောင်ထားသည့် ခုတင်တိုင် သည်လည်း ထက်ပိုင်းကျိုးထွက်သွား သကဲ့သို့၊ ကျွန်တော်သည်လည်း အားပင် ပြန်ပြောနေချိန် မရလိုက်။ ခုတင်ပေါ်မှ အောက်ပျဉ်ပြားကြမ်းခင်း ပေါ်သို့ အတားအဆီးမဲ့စွာ ခြေပစ် လက်ပစ် ထိုးကျသွားလေသည်။

"အား···"

"ကျွတ်···ကျွတ်···ကျွတ်"

"အစ်ကိုကြီး··· အစ်ကိုကြီး ဘာဖြစ်တာတုန်း"

ထိုသို့ပြောရင်း ပြေးတက်လာကြ သည့် ကျွန်တော့်ညီနှင့် မန္တလေးသား သည် ခုတင်ထက်မှ ရုပ်ပျက်ဆင်းပျက် ပြုတ်ကျ၍ နာသည့်ခါးအား လက်နှစ် ဖက်နှင့် နှိပ်၍ ထထိုင်ဖို့ ကြိုးစားနေ သော ကျွန်တော့်အား ဆွဲထူရင်း···

"အစ်ကိုကြီး · · ·ဘာဖြစ်တာ တုန်း။ ခုတင်ပေါ်က လိမ့်ကျတာလား"

"အေး၊ ဟုတ်တယ်။ ခုတင်ပေါ် က လိမ့်ကျတာဆိုတာထက် ဆွဲအချခံ ရတာကွ။ ငါ့နားထဲမှာ ငါ့ကို မကျေမနပ် မောင်းထုတ်တဲ့ အသံလိုလို ဘာလိုလို လည်း ကြားလိုက်ရတယ်"

"ဟင်···ဒါဆိုရင် အစ်ကို့ကို ဘယ်လိုမောင်းထုတ်တာလဲ"

"ငါ့ကို ဒီည ဒီမှာ အိပ်လို့ မရ ဘူးတဲ့ကွ။ အဲဒါ ဘယ်သူက မောင်း ထုတ်တာလဲ။ ဒါ မင်းတို့နယ်မြေဆို တော့ မင်းတို့ သိရမယ်"

ကျွန်တော်က ထိုသို့ပြောလိုက် ခြင်းကြောင့် ကျွန်တော့်ညီဖြစ်သူ မဖြေ ခင်မှာပင် မန္တလေးသားသည် မျက်စိ မျက်နှာပျက်ပျက်နှင့် ဖြေလေတော့၏။

"အစ်ကိုကြီးကို မောင်းထုတ်တာ လူမဟုတ်ဘူးဗျ"

"ဘာ···၊ လူမဟုတ်တော့ ဘာလဲ"

"လူမဟုတ်တော့ သရဲပေါ့ဗျ။ ဒီအိမ်ပေါ်မှာ ရှိနေတာ သေချာပြီ"

"ဟုတ်တယ်။ ငမန်းပြောသလို ပဲ အစ်ကိုကြီး။ လာ၊ ဒီအိမ်ပေါ်မှာ ဆက်မအိပ်တော့နဲ့ အန္တရာယ်ရှိတယ်"

"ထားပါ၊ သရဲခြောက်တာ ဘာ အန္တရာယ်ရှိရမှာတုန်း။ ဒီအိမ်ပေါ်မှာ အရင်တုန်းကရော ဒီလို ခြောက်ဖူး လား"

"ဟာ···ကျွန်တော်တို့တော့ အခြောက်မခံရဖူးဘူး။ ဟို ငပွတို့ ကောင်တွေက သရဲခြောက်တယ် ဘာညာနဲ့ ပြောလွန်းလို့ ဟုတ်,မဟုတ် အစ်ကိုကြီးနဲ့ စမ်းကြည့်တာ။ အစ်ကို ကြီးက မကြောက်တတ်ဘူးလေ။ အဲဒါ ကြောင့်"

"ဒါဆို မင်း ငါ့ကို ကြိုမပြောဘဲ စမ်းလိုက်တာပေါ့လေ"

"အင်း··· စမ်းတာလည်း ပါ တယ်။ နောက် အစ်ကိုကြီးကို ညစ် ကြည့်တာလည်း ဟုတ်တယ်"

"ဩ···၊ လက်စသတ်တော့ မင်းက ဒီအကျင့်မပျောက်သေးဘဲကိုး"

◈◈◈

ကျွန်တော့်ညီ၏ အညစ်သန် ကျီစားမှုသည် အသည်းငယ်၍ ကြောက်လန့်တတ်သူတစ်ယောက်အဖို့ သာဆိုလျှင် အန္တရာယ်တော့ ရှိလေ၏။ ကျွန်တော်သည် သူ့အညစ်သန်မှုအပေါ် တွင် ကြောက်လန့်ချိန်ပင် မရလိုက်ပေ။ သို့သော် ထိုအိမ်နှင့် ပတ်သက်၍ ထို သုံးညစလုံးအတွက်ကိုတော့မှု အလွန် ကြမ်းတမ်းသည့် အခြောက်လှန့်ခံရမှု အဖြစ် ဘဝတစ်သက်တာတွင် မမေ့ ပျောက်နိုင်လောက်အောင် အမှတ်တရ အဖြစ် ထင်ကျန်နေရစ်တော့မည့်ဖြစ် ၏။ ■

* * *

ကိုဘုန်းဇေ



www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်စိုးမိုးနိုင်

# ဘဝပဉ္စာ အဖြေရှာကဏ္ဍ

မကေ
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

**မေး။** ။ ကျန်းမာစေကြောင်း နည်းလမ်းကောင်းများ သိလိုပါသည်။

**ဖြေ။** ။ မကေသည် ဂဏန်းဗေဒင်ပညာရပ်အရ (၄) ဂဏန်းသမား။ တရုတ်ဝေဒ ဗေဒင်ပညာရပ်အရ ကြွက် (သင်္ဘော:)နှစ်ဖွား ဇာတာရှင်။ တူရာသီဖွား(Libra) ဖြစ်ခြင်းကြောင့် အခွင့်အရေးကို အရယူတတ်သူဖြစ်သည်။ အမှန်တရားကို မြတ်နိုးပေလိမ့်မည်။

အာရောဂျံ ပရမံ လာဘံ ဟူသော ဘုရားဟော တရားတော်နှင့်အညီ ကျန်းမာရေးလာဘ်ကြီးကို လက်ကိုင်ရရှိထားမှသာ လူ့ဘဝရကျိုး နပ်ပါလိမ့်မည်။ ကျန်းမာရေးနှင့် လျော်ညီစွာ ပြုမူနေထိုင်ပါမှ မွန်မြတ်လှသော ထိုလာဘ်ကြီးကို ရရှိနိုင်ပေမည်။

မိမိတို့ နေထိုင်ရာအိမ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြုပြင်နေထိုင်ခြင်း မရှိပါက ထိုအဆောက်အအုံသည် မကြာမီ ပျက်စီးယိုယွင်းသွားတတ်သကဲ့သို့ အိမ်နှင့် တူသော ခန္ဓာကိုယ်ကို ကျန်းမာမှုအတွက် ဂရုမပြုဘဲ နေပါက တဖြည်းဖြည်း ချို့တဲ့လာကာ စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်းများကို ကြုံတွေ့ ခံစားရလိမ့်မည်။

ကျန်းမာရေးနှင့် ညီညွတ်စွာ နေနိုင်ရန်မှာ မခက်ပေ။ မိမိ၏ နေမှု၊ စားမှုတို့ကို စနစ်တကျ ဂရုစိုက်၍ ပြုပြင်ပေးရုံမျှနှင့် ကျန်းမာမှုကို လွယ်ကူစွာ ရနိုင်သည်။ ဤသို့ ဖြစ်စေရန် အောက်ပါ ကျန်းမာရေးကျင့်စဉ် ၉ချက်ကို ကျင့်သုံး လိုက်နာကြရပေမည်။

(၁) လေကောင်း လေသန့် ရှူရှိုက်ပါ။
(၂) ရေကောင်း ရေသန့်ကို သောက်ပါ။
(၃) ကျန်းမာစေမည့် အစားအစာမျိုးကို စားပါ။
(၄) အိပ်ရေးဝအောင် အိပ်ပါ။
(၅) ကျန်းမာရေးနှင့် ညီညွတ်စွာ ဝတ်စားနေထိုင်ပါ။
(၆) ကိုယ်ခန္ဓာအနေအထား မှန်ကန်အောင် နေပါ။
(၇) ကာယပုဒ် မျှတအောင် နေထိုင်ပါ။
(၈) သန့်ရှင်း စင်ကြယ်စွာ နေပါ။
(၉) စိတ်ကြည်လင် ရွှင်လန်းစွာ နေပါ။

### လေကောင်း လေသန့် ရှူရှိုက်ခြင်း

လူ၏ အသက်ရှင်နေမှုအတွက် မိနစ်စက္ကန့်မ[...] အရေးကြီးသည်မှာ "လေ" ဖြစ်သည်။ အသက်နှင့် ခ[...] တည်မြဲနေစေရန် ခန္ဓာကိုယ်အတွင်းရှိ သွေးတို့၏ လည်ပ[...] သွားလာမှုကို လေက များစွာ ကူညီထောက်ပံ့ရသည်။ ခ[...] ကိုယ်တွင်းသို့ ရှူသွင်းလိုက်သောလေသည် သန့်ရှင်းစင်ကြ[...] မှ ကျန်းမာရေးအတွက် အကျိုးအာနိသင် ထိရောက်နိုင်သည်[...]

ခန္ဓာကိုယ်အတွင်းရှိ အဆုတ်သည် သန့်ရှင်းသေ[...] လေထဲ၌ ပါသည့် အောက်ဆီဂျင်ကိုသာ အလိုရှိသည်[...] ထို့ကြောင့် ကျွန်ုပ်တို့သည် လေကောင်း လေသန့်ကို[...] အခါခပ်သိမ်း အလိုရှိအပ်ပေသည်။

အချို့က လေစိမ်းတိုက်လျှင် နေထိုင်မကောင်းတ[...] ဟု ယူဆကာ အိမ်တံခါးများ ပိတ်ဆို့နေလေ့ရှိကြသည်[...] ညစ်ပတ်သောအိမ်နှင့် ကျဉ်းမြောင်းသော အခန်းထဲ[...] ညစ်ညမ်းသောလေသည် လူတို့ကို အန္တရာယ်ဖြစ်စေသည်[...]

လေကောင်း လေသန့်သည် မည်သည့်အခါမှ ဘေး[...] အန္တရာယ်ကို မဖြစ်စေနိုင်ပေ။ နေအိမ်အဆောက်အအုံတွ[...] ၌ လေကောင်း လေသန့် ကောင်းမွန်စွာ ဝင်ထွက်နိုင်အေ[...] ထားရသည်။ အိပ်စက်သည့်အခါတွင် လေကောင်း လေ[...] ကို ပိုမို၍ လိုအပ်ပေသည်။ ကိုယ်ကို နွေးနေအောင် ထ[...]



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ခြုံထားလျှင် တံခါးဖွင့်၍ အိပ်စက်နိုင်သည်။

**ရေကောင်း ရေသန့်ကို သောက်ခြင်း**

လူ၏ ခန္ဓာကိုယ်သည် အစိုင်အခဲအနေမျိုး ဖြစ်တည် ပုံပန်းသဏ္ဌာန်ရှိသော်လည်း ခန္ဓာကိုယ်ကို ခွဲခြားစိစစ် လျှင် လေးပုံသုံးပုံမှာ ရေဖြစ်သည်။ ခန္ဓာကိုယ်တွင်းရှိ များ မှန်ကန်စွာ လည်ပတ်သွားလာနိုင်ရန် ရေ၏ ကူညီ က်ပံ့မှုကို လိုလေသည်။

**ာ၍ အင်အားဖြစ်စေမည့် အစားအစာတို့ကို စားခြင်း**

အင်ဂျင်စက်တို့ကို ထင်း၊ မီးသွေး၊ ဆီတို့ဖြင့် အားဖြစ် ၍ မောင်းနှင်ရွေ့လျားစေရသကဲ့သို့ အစားအစာဖြင့် လူ ခန္ဓာကိုယ်ကြီးကိုလည်း အားဖြစ်စေ၍ လှုပ်ရှားသွား နိုင်သည်။ နေ့စဉ်နှင့်အမျှ လှုပ်ရှားသွားလာနေရသဖြင့် ားမှုကြောင့် ကုန်ခန်းသွားသော အင်အားများကို ဖြည့် ပေးရန်အတွက် အစားအစာများကို စားသောက်ပေးရ ည်။

**အိပ်ရေးဝအောင် အိပ်ခြင်း**

လန်းဆန်းတက်ကြွ ရွှင်ဖျစွာ အလုပ်လုပ်လိုလျှင် ရေးဝအောင် အိပ်သင့်သည်။ လူ၏ ခန္ဓာကိုယ် စက် ကြီးကို အလုပ်ပြီးသောအခါ ရပ်နားအိပ်စက်ခွင့်ပေး သည်။ ရပ်နားခွင့် ကောင်းစွာ မရှိခဲ့လျှင် ချွတ်ယွင်းချက် ရှိလာကာ၊ လူ၏ ကျန်းမာရေးကို ထိခိုက်စေသည်။

**ကျန်းမာရေးနှင့် ညီညွတ်စွာ ဝတ်စားဆင်ယင်ခြင်း**

အဝတ်အစားများကို ရာသီဥတုနှင့် အချိန်အခါအလိုက် ားဆင်ယင်သင့်သည်။ ချမ်းအေးသော ရာသီ၌ ထူထဲ နွေးသော အဝတ်မျိုးကို ဝတ်ဆင်သင့်ပြီး၊ လေအေး ပင် တိုက်သော်လည်း ကိုယ်မှ လုံခြုံနွေးနေလျှင် ခြင်း မဖြစ်နိုင်ပေ။ ꩻ

**ကိုယ်ခန္ဓာအနေအထားမှန်ကန်ခြင်း**

ခေါင်းမော့၍ ရင်ကော့ကာ တင့်တယ် ဖျတ်လတ်စွာ လျှောက်လာသူတစ်ဦးကို အများကပင် ဂရုထား၍ ကြပေသည်။ ထိုကဲ့သို့ လမ်းလျှောက်တတ်သူသည် သူများ၏ မျက်စိတွင် ခံ့ညားတင့်တယ်သည်သာမက၊ ဝေဒနာများ လွယ်လွယ်ကူကူ မစွဲကပ်နိုင်ပေ။

**ကြွက်သားပုန်း မျှတစေခြင်း**

ကိုယ်ခန္ဓာရှိ အရိုး၊ ကြွက်သား၊ အကြော စသည်တို့ လှုပ်ရှားမှုအသင့်အတင့်မျှ မရရှိလျှင် တောင့်တင်း မာကျော၍ အားနည်းသွားတတ်သည်။ လှုပ်ရှားနေသော အရိုးနှင့် ကြွက်သားတို့သည် သွေးကို ပိုမို၍အလိုရှိသဖြင့် သွေးပိုမိုရရှိရန် နှလုံးနှင့် အဆုတ်တို့မှာ ပိုမို၍အလုပ်လုပ် ကြရသည်။ ထိုသို့ ပိုမို၍ အလုပ်လုပ်ရသဖြင့် နှလုံးမှာ ပို၍ ခန့်ရပြီးလျှင်၊ အဆုတ်မှာလည်း ပို၍ အားရှိလာသည်။

**သန့်ရှင်းစင်ကြယ်ခြင်း**

ရောဂါဖြစ်လာမှ ပျောက်ကင်းချမ်းသာအောင် ကုသရ ခြင်းထက်၊ မဖြစ်မီ ကြိုတင်ကာကွယ်ခြင်းက ပိုမိုသက်သာ လွယ်ကူသည်။ ရောဂါဖြစ်လာမှ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခံကာ ကုသခြင်းထက် ရောဂါမဖြစ်အောင် ကြိုတင် ကာကွယ်ခြင်းမှာ သက်သာလွယ်ကူပေသည်။ ထိုသို့ ကာကွယ်ရာ၌ သန့်ရှင်းစင်ကြယ်စွာ နေထိုင်ခြင်းသည် များစွာ အရာရောက်၍ အကျိုးရှိသော အကြောင်းတစ်ပါးဖြစ်သည်။

* စားသောက်သောအခါ သန့်ရှင်းသော လက်ဖြင့် စားသောက်ရမည်။

* စားသောက်ပြီးသော ပန်းကန်ကို ပလုတ်ကျင်းရမည်။

* သွားညစ်ပတ်လျှင် အရုပ်ဆိုးသည်သာမက၊ သွား များ ပိုးစား၍ သွားကိုက်၊ သွားနာရောဂါများ မကြာမီ ဖြစ် လာတတ်သည်။ ထို့ကြောင့် မပျော့မမာလွန်းသော သွားတိုက်တံဖြင့် တစ်နေ့နှစ်ကြိမ် သွားတိုက်ပါ။

* အသားအရေစိုပြည်စေရန် နေ့စဉ် ရေမှန်မှန်ချိုးပါ။

* နေအိမ်နှင့် ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ထားပါ။

**စိတ်ကြည်လင် ရွှင်လန်းစွာ နေခြင်း**

"စိတ်ပျို့မှ ကိုယ်နု"ဆိုသော စကားရှိပေသည်။ ထို့ အတူ "စိတ်ထောင်းတော့ ကိုယ်ကြေ"ဟူသော စကားလည်း ရှိပေသည်။ ထိုစကားများသည် စိတ်ကြောင့် ရုပ်အပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ဖော်ပြနေခြင်းပင် ဖြစ်သည်။

စိတ်ကို ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျထားမှ ကျန်းမာသော ဘဝကို ပိုင်ဆိုင်နိုင်ပါလိမ့်မည်။ ထို့ကြောင့် စိတ်ကြည်လင်စေရန် တရားထိုင်ခြင်း၊ တရားနာခြင်း၊ ဘာသာ ရေး အမှုတွန်းများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

မကေအနေဖြင့် ကျန်းမာရွှင်လန်းစေရန် အထက် ပါ နည်းလမ်းများကို လိုက်နာသည့်အပြင် "သုဂတော ငါးချက်"ဂါထာကို ရွတ်ဆိုပြီး မိမိကိုယ်မိမိ ဉာဏ်ပညာဖြင့် စောင့်ရှောက်လျှင် ကျန်းမာပျော်ရွှင်မှုများ မုချ ကြုံရပါလိမ့် မည်။ ■

* * *

တက္ကသိုလ်နိုးနိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒသနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါ... ရေလိုက်လွှဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ ... လမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါကြောင့် . . . ဒသနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒ... တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ...

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်...

- **A** ▪ ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** ▪ ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** ▪ ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** ▪ ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** ▪ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။(ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေး... လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** ▪ ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊... မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လို...)
- **G** ▪ အပ်စပ်သော အမိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

### ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ______________________

မွေးခုနှစ်၊လ၊ရက် ။ ။ ______________________

နေရပ်လိပ်စာ ။ ။ ______________________

______________________

______________________

မိမိမေးလိုသည့် ။ ။ ______________________

မေးခွန်းအကြောင်းအရာ ______________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ ------------------------------------------------

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ၊ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် - ၁၇၉ (မြေညီထပ်)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com

ညွန့်ဝင်း (နတ်တလင်း)

# စပါးကြီးမွှေးသည်းခြေ စစ်,မစစ် အလွယ်စမ်းသပ်နည်း

စပါးကြီးမြွေသည် လူကို ကိုက်တတ်သော မြွေမျိုး သို့သော် လူဖြစ်စေ၊ အခြား အစာဖြစ်စေ၊ သူက ွာ ညှို့ယူနိုင်၏။ ထိုသို့ ညှို့ယူနိုင်ခြင်းမှာ ၎င်း၏ တွင် ညှို့တံနှင့် နှာမောင်းကဲ့သို့ အမျှင်များ ပါရှိသော ဟု ဆိုပါသည်။ ၎င်းညှို့တံတို့သည် နေ့တစ်နေ့တည်း မြွေခန္ဓာကိုယ်၏ အရင်း၊ အလယ်၊ အဖျား စသည် ပြောင်းရွေ့နေတတ်ကြောင်း အတွေ့အကြုံရှိသူတို့က သည်။

စပါးကြီးမြွေတွင် ဤသို့ ထူးခြားသော ညှို့တံရှိသကဲ့ ဆေးဖက်ဝင် သည်းခြေလည်း ရှိသည်။ စပါးကြီးသည်း မေးခိုင်နေသော ဝေဒနာရှင်များ၊ ဆီးရောဂါဝေဒနာ အသုံးပြုနိုင်သည်။ လူနာသည် အကြောင်းကြောင်း မေးခိုင်နေလျှင် စပါးကြီးသည်းခြေကို အရည်ဖျော် ပေါ်တင်ပေးခြင်းဖြင့် ခိုင်နေသော မေးကြောများ ပျော့ပျောင်းလာစေသည်။

စပါးကြီးသည်းခြေသည် ဆေးဖက်ဝင်၍ အစွမ်းထက် လူတိုင်းက လိုချင်ကြ၏။ ဝယ်ယူ ဆောင်ထား သို့ရာတွင် စပါးကြီးသည်းခြေအစစ်ကို ဆောင်ထားမိ မှသာ အရေးကြုံလျှင် အသုံးချကာ အကျိုးထူးပေလိမ့်မည်။ သို့မဟုတ်ပါက ပိုးသာကုန် မောင်ပုံ စောင်းမတတ်ဆိုသကဲ့သို့ ငွေကြေးအကုန်ခံ ဝယ်ထားသော စပါးကြီးသည်းခြေမှာ အစစ်မဟုတ်ပါက အဟောသိကံ ဖြစ်ရတတ်သည်။ သို့ဖြစ်၍ စပါးကြီးသည်းခြေ စစ်မစစ် အလွယ်စမ်းသပ်နည်းကို စာရှုသူထံ တင်ပြလိုက်ပါသည်။

စပါးကြီးသည်းခြေသည် ခါးသက်သော အရသာရှိသည်။ သို့သော် လျှာပေါ်တင်မစမ်းပါနှင့်။ နှားဖာကလော်ဖြင့်ဖြစ်စေ၊ ကြက်တောင်မွေးဖြင့် ဖြစ်စေ၊ အနည်းငယ်ယူ၍ နှား ၊ ဂျပ်ကြည့်လိုက်ပါ။ လျှာတွင် ခါးသက်သက်အရသာ ခံ ျမှုကို သတိပြုမိပါလိမ့်မည်။ စပါးကြီးသည်းခြေရည်ကို လက်ခုံတွင် သုတ်လိမ်းပြီး လက်ဖဝါးဘက်မှ လျှာဖြင့် လျက်ကြည့်ပါ။ ခါးသက်သည့် အရသာ ရပါမည်။ စပါးကြီးသည်းခြေ စစ်ပါက ဤသို့သော အလွယ်တကူ စမ်းသပ်နည်းများဖြင့် စစ်ဆေးခွဲခြားနိုင်ပါကြောင်း ဗဟုသုတအဖြစ် တင်ပြရေးသားရပါသည်■

* * *

ညွန့်ဝင်း(နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးမြတ်စံ

# သူ့ကို နိုင်လို အမြစ်ဂြိုဟ်

တစ်နေ့ အရှင်သံဝရကျောင်းသို့ ရောက်လျှင် ရောက်ချင်း ဆရာတော်ထံ ဦးခိုက်ပြီး ထွေးခံကို ယူ၍ စနစ်တကျ သန့်ရှင်းရေးလုပ်ကာ ဆရာတော်၏ ထိုင်ခုံအောက်နားတွင် အသာထားလိုက်ပါသည်။ ထိုအခါ ဆရာတော်က…

“ဒကာ မြတ်စံက ဘုန်းကြီးကျောင်းကို ရောက်တိုင်း ဘုန်းကြီးကို ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ ကုဋီ၊ ထွေးခံကို ဆေးကြောသန့်ရှင်းရေးလုပ်ပေးလို့ ခန္ဓာကိုယ်အတွင်းအပြင်မှာ ရှိတဲ့ ရောဂါတွေ မကပ်နိုင်ဘူးပေါ့ကွယ်။ တူသော အကျိုးပေးပေါ့”

ဟု မိန့်ပါသည်။ စာရေးသူကလည်း…

“ဆရာတော် ရှင်းပြသလို၊ တပည့်တော်လည်း တူသောအကျိုး ခံစားရပါလို၏ ဘုရား။ ဒါပေမယ့် တပည့်တော် တစ်ခုတင်လျှောက်စရာရှိပါတယ် ဘုရား။ အဲဒါက တပည့်တော်ရဲ့ မိဘတွေက ကိုယ်ပိုင်စီးပွားရေးလုပ်တာ။ အလုပ်သမားတွေအပေါ်မှာ မိသားစုအရင်းချာပမာ ဆက်ဆံပြီး လိုလေသေးမရှိ ထောက်ပံ့ ပေးကမ်းတာတောင် အလုပ်သမား မမြဲကြပါ ဘုရား”

ဟု လျှောက်တင်လိုက်ပါသည်။ ထိုအခါ ဆရာတော်က…

“ဒကာ မြတ်စံကို အလုပ်သမား လက်အောက်ငယ်သားတွေ မြဲစေတဲ့ ဓာတ်ရိုက်မှာတ်ဆင် ယတြာနည်းကို ဥပလက္ခဏာနည်းနဲ့ သင်ပေးပါမယ်။ ဒါပေမယ့် ကတိတစ်ခုတော့ ပေးရမယ်။ မိမိက တစ်ဖက်သားအပေါ် နိုင်လိုမင်းတက် တစ်ဖက်စောင်းနင်း ဆက်ဆံတာမျိုးတော့ မဖြစ်စေရပါ”

ဟု အမိန့်ရှိပါသည်။ ကျွန်ုပ်ကလည်း…

“တင်ပါ့ ဘုရား။ တပည့်တော် ကတိပေးပါတယ် ဘုရား။ တစ်ပါးသူအပေါ် ဘယ်သောအခါမှ အနိုင်အထက် မလုပ်ပါဘူးလို့ ကတိပေးပါတယ် ဘုရား”

ဟု ကတိပေး လျှောက်တင်လိုက်ပါသည်။

အင်္ဂဝိဇ္ဇာမှာ “သူ့ကို နိုင်လိုဆနဲ့ ခို”ဟု ရေရွတ်သုံးစွဲနေကြကြောင်း ယခုသင်ပေးမည့် ပညာရပ်သည် “သူ့ကို နိုင်လို အမြစ်ဂြိုဟ်”ဟူသော ပညာဖြစ်ပြီး ဓာတ်ရိုက် ဆင် ပညာဖြစ်ပါသည်။ ၎င်းပညာကို အသုံးမချမီ နည်းစနစ်အချက်အလက်များကို ကြိုတင် သိထား

(၁) အမြစ်ဂြိုဟ်

| ထုံ | သင်း | မှည့် | ရောင် | စား | ကောင်း | အောင် | |
|---|---|---|---|---|---|---|---|
| ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ | [illegible] |

စနေသား၏ အမြစ်ဂြိုဟ်သည် သောကြာ ထို့ကြောင့် ထုံ(စနေ)၏ အမြစ် သင်း(သောကြာ) ကျန်ဂြိုဟ်များကို လက်ာရွတ်၍ စဉ်းစားကြည့်နိုင်

(၂) အဝင်အထွက် အက္ခရာကို ကြိုတင်လေ့လာ မည်။

| အဝင် အက္ခရာ | အထွက် အက္ခရာ |
|---|---|
| က | င |
| စ | ည |
| ဋ | ဏ |
| တ | န |
| ပ | မ |
| ယ | ရ |
| ဝ | ဝ |
| သ | ဠ |
| အ | ဩ |

(၃) ဂြိုဟ်တို့၏ မူလအရပ်ကို သိရှိထားရပါမည်။




အင်း ၀ ရှင် ပြီး ထန်း သီး
၁ ၄ ၈ ၂ ၇ ၆

* ရာဟုထောင့်မှစ၍ လ
မြားပြထားသကဲ့သို့ ချ

အာဒိ ဒီပကာနည်းအရ ပြရသော် မိမိအိမ်၌ မိသားစုဝင်တစ်ဦးဦးသော် လည်းကောင်း၊ အိမ် သမားတစ်ဦးသော် လည်းကောင်း။ အိမ်၌ မြဲစေလိုသောသူ၏ မွေးနံအမြစ်ဂြိုဟ်ကို ရှိုင်ရပါမည်

www.burmeseclassic.com

နက်နွေသားသမီးဆိုပါစို့၊ တနင်္ဂနွေ၏ အမြစ်ဂြိုဟ် စနေနံ
ဖြင့် ဓာတ်ဆင်ရပါမည်။ စနေနံအမြစ်ဂြိုဟ်သည် ဇယား(၂)
တွင် ပြထားသကဲ့သို့ အဝင်အက္ခရာသည် "ငှ"နှင့် "တ"တို့
ဖြစ်ပါသည်။

ထိုအဝင်အက္ခရာမှ "တ"ဖြစ်စေ၊ "ငှ"ဖြစ်စေ အိမ်မှာ
ဆလိုသော တနင်္ဂနွေသားသမီး၏ မူလအရပ် ရာဟုထောင့်
နောက်မြောက်ထောင့် "တိုင်"တွင် ရေးရပါမည်။ စနေ
မြစ်ဂြိုဟ်ဖြစ်၍ တိုင်သည် စနေဓာတ်ဖြစ်ပြီး "တ"သည်
ဖြစ်၍ ဓာတ်နှစ်ဆင့်ရပါသည်။ အလားတူပင် တနင်္ဂနွေ
မြဲစေလို၍ အိမ်တွင် ဓာတ်ဆင်ခြင်းသည်လည်း ဓာတ်
ဆင့်ရပါသည်။

ရေးရမည့်အချိန်မှာ "လာစေလိုသော် တက်၊ ပြန်ချက်
ဆုတ်"ဟူသော စည်းကမ်းအရ နေတက်ချိန်၊ နေထွက်
ရေးသားလျှင် ပိုကောင်းပါသည်။ အောက်ပါ နမူနာ
အိုင်း အိမ်တိုင်တွင် ထုံးဖြင့် ရေးပါ။ ထုံးနှင့် ရေးလျှင်
ဓာတ်မြဲပါသည်။ ထုံးသည်လည်း တနင်္ဂနွေ၏ အမြစ်
ဖြစ်ပါသည်။




တနင်္ဂနွေ၏ အမြစ်ဂြိုဟ် တဝမ်းပူ "တ"ကို ပက်၍ စက်ဝိုင်းသဏ္ဍာန် ရေးထားပါသည်။

တစ်ဖန် တနင်္ဂနွေသားသမီး အိမ်၌ မြဲစေရန် ဓာတ်
၍ရသလို၊ အခြားသော နေ့သားသမီးများကိုလည်း
အားတူ အိမ်၌ ဓာတ်ဆင်၍ ရ,မရ ဆရာတော်အား
မေးကြ်ထားမိပါသည်။ ထိုအခါ ဆရာတော်ဘုရားက မိန့်
မှာ...

"နဂိုဓာတ်ကို နဂိုအရပ်မှာ စီရင်ရပါတယ်။ ယာယီ
ကို ယာယီအရပ်မှာ စီရင်ရပါတယ်"

ဟု ဖြေကြားပါသည်။

ယခု မောင်အောင် တနင်္ဂနွေသားအိမ်၌ မြဲစေလိုသဖြင့်
ရပ်အိမ်၌ ဖြစ်စေ၊ အိမ်၏ ဥပစာ၌ ဖြစ်စေ၊ စီရင်ရပါ
သို့မဟုတ်က ပညတ်ဓာတ်တူနံတူကို စီရင်လျှင်
င်းပါသည်။

အလားတူပင်၊ မျဉ်းဖြင့် မှည့်ခေါ်ထားသော နာမည်
တဲ့ သရဖြင့် မှည့်ထားသော နာမည်ဖြစ်ပါက ဥပမာ-
ကို ဓာတ်ရိုက် ဓာတ်ဆင်လုပ်လိုလျှင် အောက်ပါ
ဇယားကို ကြည့်ပါ။

| | | | |
|---|---|---|---|
| အဝင်သရ | အ | ဣ | ဥ |
| အထွက်သရ | အာ | ဤ | ဦ |
| ဓာတ်ဆုံးသရ | ဧ | ဩ | |

အောက်ပါ ဇယားဖြင့် အမြစ်ဂြိုဟ်ရှာ၍ ဓာတ်ဆင်နိုင်ပါသည်။

| နေ့သား | အမြစ်နံ | အဝင်အက္ခရာ | မူလအရပ် | ရေးရမည့်နေရာဒေသ |
|---|---|---|---|---|
| တနင်္ဂနွေ | စနေ | တ/ငှ | အရှေ့မြောက်ထောင့် | အိမ်တိုင် |
| တနင်္လာ | တနင်္ဂနွေ | အ | အရှေ့ | အိမ်ဦးခန်း |
| အင်္ဂါ | တနင်္လာ | က | အနောက်တောင် | ခုတင်ခြေရင်း တံခါးကျည်းသောင် |
| ဗုဒ္ဓဟူး | အင်္ဂါ | စ | မြောက်အရပ် | သင်ဝင်၊ ညောင်ရေအိုး |
| ကြာသပတေး | ဗုဒ္ဓဟူး | ယ | အနောက်အရပ် | ယောက်တန်း၊ လှေကား |
| သောကြာ | ကြာသပတေး | ပ | တောင်အရပ် | ဗီရို၊ မီးဖိုခုံ |
| စနေ | သောကြာ | သ | အရှေ့တောင် | သေတ္တာ သံပြား၊ သွပ်မိုး |

နေ့ မသိသောသူများ နာမည်ဖြင့် နာမ ပညတ်ကို ဓာတ်ရိုက်ဓာတ်ဆင်ပြုနိုင်ပါသည်။ နာမည်ပေး၍ အရေးတိုင်လေဟူသော ပရိဘာကအရ လူနာမည်ကို ခေါ်၍ ရေးလျှင် ပို၍ ဓာတ်စူးထိရောက်ပါသည်■

မေတ္တာရည်၍...

* * *

ဆရာဦးမြတ်စံ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အချိန်က ၁၉၄၅ ခုနှစ်၊ မြန်မာပြည် လွတ်လပ်ရေးမရမီ အချိန်ကာလခန့်က ဖြစ်သည်။ သူတော်စုရွာကလေးက အိမ်ခြေ ငါးဆယ်ပင် မပြည့်သေး။ တစ်အိမ်နှင့် တစ်အိမ်မှာ တစ်ခေါ်သာသာ ဝေးကြ၏။ တောသူတောင်သားများမှ လယ်ယာလုပ်ငန်းတို့ကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြရင်း အသက်မွေးဝမ်းကျောင်းပြုနေကြသော ရိုးသားသူများဖြစ်ကြ၏။

ရွာကလေးတွင် အဘ ဦးဖိုးခင်က ရွာ၏ ဦးစီးခေါင်းဆောင်ဖြစ်သည်။ အဘ ဖိုးခင်မှာ လယ်ဧက ၂၀ ကျော်ပိုင်ဆိုင်လုပ်ကိုင်ရင်း တစ်ဖက်မှလည်း ပယောဂ ဆေးဝါးများ ကုသမှုကြောင့် ရွာနီးပတ်ဝန်းကျင် ကျေးရွာများကပါ သိရှိ ထင်ရှားသူဖြစ်၏။ သူ၏ ဇနီး ဒေါ်သိန်းခက်မှာ လက်ပံရွာသူဖြစ်ပြီး သူတို့တွင် မိတင်လေးဆိုသော သမီးတစ်ယောက်ရှိ၏။ မိတင်လေးမှာ တောသူဟု ဆိုသော်လည်း မြို့သူများ ရှုံးလောက်အောင်ပင် ချောမောပြေပြစ်သူလေးဖြစ်သည်။ ရွာရှိ ကာလသား၊ ကာလသမီးတို့ဖြင့် သူမတို့အိမ်မှာ ညစဉ်တိုင်းလိုပင် ဧည့်စည်နေတတ်သလို၊ သူမတို့ ခြံဝင်းရှိ ပေါက်ပင်အိုကြီးအောက်တွင် ဝိုင်းဖွဲ့တတ်ကြ၏။ ခြံကြီးမှာလည်း သစ်ကြီးဝါးကြီးတို့၏ အရိပ်အာဝါသများဖြင့် တစ်ကေကျော်ကျော်ခန့် ရှိလေသည်။

◈◈◈

လမိုက်ညမို့ ထင်သည်။ ကောင်းကင်တွင် ကြယ်ပွင့်များက မိုးကုတ်စက်ဝိုင်းအဆုံးထိ ရှိနေကြ၏။

ဒေါ်ဂျစ်နှင့် သာဖူးတို့နှစ်ယောက် ဦးဖိုးခင်၏ လယ်တလင်းတွင် တလင်းခေါက်နေကြသည်။

ဆင်နင်း သရက်ပင်နှင့် ပေါက်ပင်အိုကြီးတို့၏ အရိပ်က တလင်းတစ်ချပ်စာလုံးကို အုပ်မိုးထား၏။

"အောက်···အီး···အီး···အွတ်···"

အချိန်က ညဥ့်နက်ပြီဖြစ်သည်။ သန်းခေါင်ကြက်ပင် တွန်နေပြီဖြစ်၏။ ဆောင်းလေ တဖြူးဖြူးတိုက်ခတ်နေသဖြင့် သစ်ရွက်သစ်ကိုင်းတို့ လှုပ်ခတ်နေကြသည်။

"ဒေါ်ဂျစ်ရေ···ဖြုတ်မယ်ဟေ့၊ ညဥ့်နက်ပြီကွ"

"အေးအေး"

ဘာပူးတို့ အလုပ်သိမ်းရန် ပြင်နေကြ၏။

"ဝေါ···ဝရော"

အသံက ဆင်နင်း သရက်ပင်ပေါ်မှဖြစ်သည်။ နွားများမှာ နားရွက်တထောင်ထောင်နှင့် ဟိုရှန်း သည်ရှန်း ဖြစ်နေ၏။

"ကျွတ်···ကျွတ်···ကျွတ်"

ဒေါ်ဂျစ်က နွားများကို ချော့ရင်း လှည်းထမ်းပိုးကျည်းများ ဖြုတ်နေလေ၏။

"ဝေါ···ဝုန်း···"

"ဟာ···"

မီးနှစ်လုံးအလား ဝင်းလက်နေသော မျက်လုံးကြီးဖြင့် ဝက်ပေါက်သာသာခန့် ကြောင်ကြီးတစ်ကောင်မှာ ဆင်နင်း သရက်ပင်ပေါ်မှ ခုန်ဆင်းလာပြီး ပေါက်ပင်အိုကြီး၏ အခေါင်းပေါက်အတွင်းသို့ ဝင်သွားသည်ကို သူတို့နှစ်ဦး တွေ့လိုက်ရလေသည်။

"သာဖူးရေ··ဟန်ကျတာပဲဟေ့၊ ဟင်းစားကွ"

"အေး၊ ဟုတ်တယ်"

သာဖူးတို့ နွားများကို ...
ဘေးရှိ လင့်စင်တိုင်များတွင် ချည် ...
ကြ၏။ ထို့နောက်···

"ဒေါ်ဂျစ်ရေ··ကောက်ရိုး ...
ဆွဲကွာ၊ ပေါက်ပင်အခေါင်းပေါ် ...
မီးမြှိုက်မယ်"

"အေးအေး"

ခုချိန်ဆို အဘဖိုးခင်တို့တ ...
သားလုံး အိပ်နေလောက်ပြီဖြစ် ...
သူတို့နှစ်ယောက်ကား မအိပ် ...
သေး။ ဒေါ်ဂျစ်က ကောက်ရိုး ...
ပေါက်ပင်အခေါင်းပေါက်တွင် ဆို ...
၏။ သာဖူးက ချောင်းရိုးအတွင်းမှ ...
အစိုတို့ကို သယ်ရင်း ကောက် ...
ပေါ်သို့ အုပ်နေ၏။ မီးက အတွင်း ...
လောင်ပြီး မီးခိုးများများ အခေါင်း ...
တွင်းသို့ ဝင်ရန်ဖြစ်သည်။ ထို့ ...
ကောက်ရိုးထုံးကို သူတို့ မီးရှို့လို ...
၏။ လှည်းထမ်းပိုးကျည်းများကို ...
ကိုင်လျက် ကြောင်ကြီးထွက်အလ ...
စောင့်နေကြသည်။

အချိန်က မိုးလင်းလုနီးဖြ ...
သည်။ သူတို့ထင်သလို ကြောင် ...
ထွက်မလာ။ နောက်ဆုံးတွင် မီးမ ...
သတ်ပြီး ပေါက်ပင်ခေါင်းကြီးကို ...
အစိုများနှင့် ဆို့ကာ အိပ်စင်ရှိ ...
ပြန်လာခဲ့ကြလေသည်။

"ရှဲ···ရှဲ···ဝေါ"

သူတို့၏ အိပ်စင်မှာ လှု ...
နေသည်ကို တွေ့လိုက်ရ၏။ မည် ...
မရှိဘဲ လှုပ်ခါနေသည်ကို နှစ်ဦး ...
တုန်လှုပ်သွားကြသည်။ တစ်ဦးမျ ...
ကို တစ်ဦးကြည့်လိုက်ကြပြီး လက ...
ဓာတ်မီးကိုယ်စီဖြင့် တုတ်ကိုယ်စီ ...
လျှက် အနီးသို့ ချဉ်းကပ်သွား ...

"ဝုန်း"

"ဟာ···"

www.burmeseclassic.com

www.burmeseclassic.com

"အောင်မလေးဗျ ကြောက်ပါပြီ ဗျ"

ကြောင်မျက်နှာနှင့် ထိပ်ပြောင်ကြီးကို မီးရောင်အောက်တွင် တွေ့လိုက်ကြရ၏။ နှစ်ဦးစလုံး ဦးဖိုးခင်တို့ အိမ်ရှိရာသို့ တန်းပြေးကြလေတော့သည်။

"ဒုန်း…ဒုန်း…"

"အဘရေ…အဘ"

အိမ်တံခါးကို ထုရင်း အော်ဟစ်နေကြ၏။

"ဟေ့ကောင်တွေ…ဘာဖြစ်လို့လဲ"

"ဟို…ဟို တလင်းထဲမှာ အဘ၊ ထိပ်ပြောင်ကြီး…အဘ"

"ဟေ…"

ဦးဖိုးခင် အံ့သြသွား၏။ သူတို့နှစ်ဦးကို အိမ်ပေါ်သို့ တက်ခိုင်းလိုက်သည်။

"မင်းတို့ ထိပ်နီကို တွေ့လာကြပြီနဲ့ တူတယ်"

"ဗျာ…"

ဦးဖိုးခင်၏ စကားကြောင့် သူတို့ သန့်သွားကြသည်။

"ရေသောက်ကြဦး"

အိမ်သားများ နိုးလာသလို၊ မီးများလည်း လင်းလာ၏။

"ဘယ်…ဘယ်က ထိပ်နီလဲ အဘ"

ချွေးများ စို့လျက် ထိတ်ထိတ်ပျာပျာရှိနေသော သားဖူးတို့ကို ကြည့်ရင်း ဦးဖိုးခင်မျက်နှာမှာ တည်တည်ငြိမ်ငြိမ်ရှိနေသည်။ သူ့ကို ကြည့်လျက် ဒေါ်သိန်းခက်မှာလည်း မျက်လုံးပြူးကာယ်သွား၏။

"ကိုဖိုးခင်…ရှင် ဘာတွေ လုပ်ထားတာလဲ၊ ရှင့်ကြောင့်…"

"နင် မသိဘဲ ဝင်မရှုပ်နဲ့ သိန်းခက်"

**မမျှော်လင့်သော**
**နေ့တစ်နေ့တွင်**
**စိုးမြတ်သာတစ်ယောက်**
**ဆင်နှင်းသရက်ပင်အောက်တွင်**
**အပေါ့သွားပြီး နောက်**
**အရှေ့ရွာသို့**
**ပြန်သွားစဉ် လမ်းမှာ**
**ဆီးတက်နာဖြစ်ပြီး**
**သေဆုံးသွား၏**

ဦးဖိုးခင်က ဒေါ်သိန်းခက်ကို ဟန့်လိုက်၏။ ထို့နောက်…

"နင်တို့ လက်ပံရွာမှာ လူပ်ရှားလွန်းနေလို့ ငါ ခဏခေါ်လာတာ။ နေစရာမရှိလို့ ဆင်နှင်းပင်မှာ ငါ ခဏထားတာ"

"ဟာ…အဘ၊ ကျွန်တော်တို့ အဲဒါဆို…"

သာဖူးတို့နှစ်ယောက်မှာ တုန်လှုပ်သွားကြ၏။

"မင်းတို့ မပူကြနဲ့။ နောက်ထပ် ဘာမှမဖြစ်စေရဘူး။ မင်းတို့ ယောက်ျားတွေ မဟုတ်ဘူးလား"

"ဗျာ…၊ ဟုတ်…ဟုတ်ကဲ့ အဘ"

"အေး ဒါဆို သွားကြတော့"

ဦးဖိုးခင်၏ ခပ်ထန်ထန်အမူအရာအကြောင့် သာဖူးနှင့် ဒေါ်ဂျစ်တို့မှာ၊ ဒေါ်သိန်းခက်နှင့် မိတင်လေးတို့ကို တစ်ချက်ကြည့်ရင်း အိပ်စင်ရှိရာသို့ ခပ်ကုပ်ကုပ်ပြန်သွားကြလေသည်။

◈◈◈

မနက်မိုးလင်းသောအခါ သူတို့နှစ်ဦး၏ ပြောပြမှုကြောင့် အိမ်မှာ သတင်းမေးသူများနှင့် စည်ကားနေလေ၏။

အဘ ဖိုးခင်မှာ ဘာမှမဖြစ်သယောင် ပကတိ တည်တည်ငြိမ်ငြိမ်ရှိနေသော်လည်း ဒေါ်သိန်းခက်နှင့် မိတင်လေးတို့မှာ တရှုပ်ရှုပ်နှင့် ငိုကြွေးနေကြရင်း ရှင်းပြနေရလေသည်။ အဘဖိုးခင်၏ စကားကတော့…

"ဒါတွေက နောက်ပိုင်း ရှိုးသွားကြမှာပါဗျာ"

သည်လိုနှင့် အခုဆို ညဘက်အိမ်တွင် အဘဖိုးခင် မရှိချိန်၌ ဆင်နှင်းသရက်ပင်အောက်တွင် ကာလသားများ ဝိုင်းဖွဲ့နေတတ်သလို၊ ထိပ်နီကြီးနှင့် အပေါင်းအသင်းများသဖွယ်ဖြစ်နေလေ၏။

"ထိပ်နီကြီးရေ… မိတင်လေးက ကာလသားချက် စားချင်လို့တဲ့၊ ကြက်သွားဖမ်းရအောင် ငါတို့နဲ့ လိုက်ခဲ့ကွာ"

ဤသို့ဖြင့် ကာလသားများ အပျော်တမ်း ကြက်ဖမ်းသွားလျှင် ထိပ်နီကြီးမှာ အိမ်ရှင်များ မသိအောင် ကူညီလေ့ရှိ၏။

ဆင်နှင်း သရက်ပင်တွင် သူရှိကြောင်းကို မယုံကြည်လျှင် တစ်ခုခုကို လုပ်ပြတတ်၏။ လေမတိုက်ဘဲ သစ်ကိုင်းများကို လှုပ်ယမ်းပြတတ်၏။ တစ်ခါတစ်ရံ မီးရောင်လိုလို ပြတတ်

www.burmeseclassic.com

၏။ ကြာလာတော့ ထိပ်နီကြီးမှာ လူများနှင့် ရင်းနှီးသလိုဖြစ်လာခဲ့လေသည်။

ထူးခြားသည်မှာ မိတင်လေးကို သူ ခင်မင်ကြောင်း ထင်ရှားနေခြင်းပင်ဖြစ်သည်။ မိတင်လေး အိမ်၌ နေထိုင်မကောင်းဖြစ်ပြီဆိုလျှင် ခြံထဲမှာ ခြေသံများ အလိုလိုကြားနေရတတ်၏။

မိတင်လေးမှာ သူ့ရှိမှန်း မသိခင်က ဆင်နင်း သရက်ပင်အောက်တွင် အပေါ့သွားလေ့ရှိခဲ့သော်လည်း၊ နောက်ပိုင်း သရက်ပင်အောက် ရောက်လျှင် သက်ရှိ လူသားတစ်ဦး အနီးဝန်းကျင်တွင် ရှိနေသလို ဆင်ခြင်နေထိုင်လာခဲ့သည်။

သို့နှင့် အချိန်ကာလအတိုင်းအတာတစ်ခုအတွင်းမှာပင် မိတင်လေးနှင့် သရဲ ထိပ်နီတို့၏ သတင်းက ရွာတွင်းသာမက၊ ရွာနီးချုပ်စပ် ကျေးရွာများအထိပါ ပျံ့နှံ့လာလေသည်။

အဘ ဖိုးခင်မှာလည်း လူနာအပ်သူများ ပိုမိုများပြားလာသလို၊ တဖြည်းဖြည်းနှင့် နာမည်ကြီးလာ၏။

◈◈◈

တစ်နေ့တွင် အဘ ဖိုးခင်၏ အိမ်တွင် အရှေ့ရွာမှ လူအများ ရောက်ရှိနေကြ၏။ အရှေ့ရွာသူကြီး ဦးဘိုးစိန်၏ သား ဖိုးမြတ်သာနှင့် မိတင်လေးတို့ကို စေ့စပ်ရန် ရောက်ရှိနေခြင်း ဖြစ်သည်။

"ကိုဖိုးခင် . . . ကျွန်တော်တို့ လာရင်းကိစ္စကို ခင်ဗျားလည်း သိပြီးပြီ။ ခင်ဗျားရဲ့ သိက္ခာ သမာဓိကိုလည်း ကျွန်တော်တို့ ရွာသားတွေက အသိအမှတ်ပြုပါတယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားဆီက အဖြေကို သိသွားချင်တယ်"

အရှေ့ရွာသူကြီး၏ညီ ဦးညိုတင်က ပြောလိုက်ခြင်းဖြစ်သည်။

အရှေ့ရွာမှာ ဦးဖိုးခင် အမြဲလိုလို ဆေးသွားကုပေးနေရသော ရွာဖြစ်၏။ သူကြီး ဦးဘိုးစိန်နှင့် ဦးဖိုးခင်တို့မှာ ရင်းနှီးခင်မင်နေကြသူများလည်း ဖြစ်သည်။

"ကျုပ် သိန်းခက်နဲ့ တိုင်ပင်ပြီးပါပြီ။ သမီးမှာလည်း ရည်းစားသနာ မရှိပါဘူး။ ကျုပ်တို့ လူကြီးတွေဘက်က သဘောတူပါတယ်။ ဒါပေမယ့် . . ."

ဦးဖိုးခင်က ထိန်းထိန်းသိမ်းသိမ်းနှင့် ပြန်ပြော၏။

"ကျွန်တော်တို့လည်း သဘောပေါက်ပါတယ်။ သူတို့လည်း ရင်းရင်းနှီးနှီးရှိကြပါစေဦး"

နှစ်ဖက် မိဘတို့၏ စကားပြောပြေလည်မှုကြောင့်က ဖိုးမြတ်သာနှင့် မိတင်လေးတို့၏ လူကြီးချင်း သဘောတူ စေ့စပ်မှုက အောင်မြင်သွားပြီဖြစ်သည်။

◈◈◈

သူကြီးသား ဖိုးမြတ်သာ တစ်ယောက် မိတင်လေးတို့အိမ်သို့ ချောင်းပေါက်မတတ် မကြာခဏ ရောက်ရောက်လာတတ်သလို၊ ရွာမှ ကာလသားများနှင့်လည်း တဖြည်းဖြည်း ရင်းနှီးလာပြီဖြစ်သည်။ ထိပ်နီကြီးနှင့် မိတင်လေးတို့၏ သတင်းသိုးသိုး သန့်သန့်ကိုလည်း သူ သိရှိလာပြီဖြစ်၏။

မမျှော်လင့်သော နေ့တစ်နေ့တွင် ဖိုးမြတ်သာတစ်ယောက် ဆင်နင်း သရက်ပင်အောက်တွင် အပေါ့သွားပြီးနောက် အရှေ့ရွာသို့ ပြန်သွားစဉ် လမ်းမှာ ဆီးတက်နာဖြစ်ပြီး သေဆုံးသွား၏။

အရှေ့ရွာတစ်ရွာလုံးက အဘ ဖိုးခင်ကို သူကြီးသားနှင့် သူ့သမီးကို သဘောမတူ၍ သရဲနှင့် တိုက်သတ်သည်ဟု စွပ်စွဲလာကြတော့သ[...] အဘဖိုးခင်လည်း အရှေ့ရွာသို့ သွ[...] ဆေးဝါးကုသပေးနေမှုကို ရပ်တန့်ထ[...] ရလေသည်။

အဖြစ်အပျက်များကလ[...] မြန်ဆန်လွန်းလှပါသည်။ အဘ ဖိုး[...] မှာလည်း ဆင်နင်း သရက်ပ[...] သရက်ကိုင်း ကြက်ပေါင်ပဲ့ကျ[...] သရက်ကိုင်း ပိမိပြီး ဆုံးပါးသွားရ[...] လေသည်။

ဒေါ်သိန်းခက်တို့ သ[...] နှစ်ယောက်မှာ ရှိသမျှ လယ်ယာ[...] တို့ကို ရောင်းချပြီး မြို့သို့ ပြောင်[...] သွားရလေတော့၏။

◈◈◈

အချိန်တွေက ကြာမြင့်ခဲ့[...] အခုတော့ မိတင်လေးတို့၏ အိ[...] နေရာဟောင်းမှာ လူနေအိမ်ခြေမျာ[...] ရပ်ကွက်ကလေးတစ်ခုဖြစ်လို့နေပါ[...]

ပေါက်ပင်အိုကြီးမှာ မရှိတေ[...] သော်လည်း ဆင်နင်း သရက်ပင်[...] ကဖြင့် ထီးထီးမားမားရှိနေဆဲ [...] သည်။ ထိုသရက်ပင်ကြီးကို တစ်ရွာ[...] မည်သူမျှ ခုတ်လှဲခြင်း မပြုကြပေ[...]

ထိုအကြောင်းတွေသည် တစ်[...] လုံးက ပြောနေသော ဇာတ်လ[...] တစ်ပုဒ်ပမာဖြစ်နေပါတော့သည်■

* * *

လွှမ်းသျှင်[...]

(မဟာသာ[...]



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မတ်လအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွဋ်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

### တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဣတိပိသော ဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုကာ မိမိလိုရာဆု တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်၊ ထီးနီ (၉)လက်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကိတ်မုန့်တစ်ခု၊ ငြိမ်းတံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ခွာပ်ပြာ (၅)တုံး လှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက် ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများသို့ ပက်ဖြန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
သရက်သီး (၂)လုံးနှင့် ဆူးတံခွန် (၁)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလို
တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီခွဲမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ် လှူဒါန်

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော
တွင် နှင်းဆီ (၉)ပွင့်နှင့် ငြိမ့်ပဲဖက်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော
တွင် ဆီး (၈)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံတို့ကို သွားရောက်လှူဒါန်းပြီး မိမိလို
တောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့မနက် ၉နာရီခွဲမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော
တွင် သပြေ(၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆန်(၉)လုံး လှူဒါန်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေ
ထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူ
၍ မိမိလိုရာဆု တောင်းပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၈)ညွန့်ကို ဖလားတစ်ခုအတွ
ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၂)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း နှင်းဆီ(၉)ပွင့်၊ ထီးနီ(၉)လက်တို့ကို တ
ကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သွားရောက်လှူဒါန်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ မနက် ၉နာရီခွဲမှ ၁၀နာရီခွဲအတွင်း ရွက်လှ (၉)ညွန့်၊ ထီးဖြူ (၉)လက်တို့
တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း အုန်းညွန့် (၉)ညွန့်နှင့် ကြက်လျှာ (၉)
တို့ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သွားရောက်လှူဒါန်း၍ မိမိလို
တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်
သီဟိုဠ်စေ့ (၉)စေ့ကို ဆွမ်းနှင့်တကွ သွားရောက် လှူဒါန်း၍ မိမိလိုရာဆု တောင်

ကျန်းမာရေးအတွက် - မိမိမွေးနေ့တွင် ဘုန်းကြီးတစ်ပါးကို ရေသန့်တစ်ဘူးနှင့် ခရမ်းသီးနှပ်ဆွမ်းဟင်းတစ်
လောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ငွေ (၉၀၀)ကျပ်ကို ဘုန်းကြီးတစ်ပါးကို လှူပါ။

စီးပွားရေးလုပ်ငန်းများအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း မိမိမွေးနံထောင့်တွင် သရက်ရွက် ၉ရွက်
ထီးနီ (၉)လက်ကို လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် ကော်ဖီတ
နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။

ထီကံကြမ္မာ - (၃)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (ဂ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

| | | |
|---|---|---|
| ...မှုနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဆိုင်း (၉)ညွှန့် လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ...ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသောက်ခွက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| ...ပြဿနာအခက်အခဲအတွက် | - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွှန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၁၈)ပတ်စိပ်ပါ။ |
| ...အကိုင်အခက်အခဲအတွက် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ...ာရေးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| ...ခရီးအတွက် | - | သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကား(၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| ...ရေးလုပ်ငန်းများအတွက် | - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ...ား ရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ...ပြမှာ | - | (၃)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## ကြာသပတေးသားသမီးများအတွက်

| | | |
|---|---|---|
| ...မှုနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| ...ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| ...ပြဿနာအခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွှန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ...အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ခွ[illegible]လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။ |
| ...ာရေးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀[illegible]ရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွှန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။ |
| ...ခရီးအတွက် | - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွှန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ...ရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ...ားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ...ပြမှာ | - | (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာ
ထောင့်တွင် ထန်း (၁၀)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာ
ထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ
ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၂၇)ပတ်စိပ်

**အလုပ်အကိုင်အခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အ
တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်

**ကျန်းမာရေးအတွက်** - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေ
ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)
သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီး** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာ
ထောင့်တွင် ဇီဇဝါ (၇)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆု

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေ
တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်

**အိမ် / ကား ရောင်းလိုသော်** - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွှက်လှ(၄)ညွန့်ကို တရော်ကင်ပွန်းနှင့်
တစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၆)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (အ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး
တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါ
ဖတ်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး
တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ
ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာ
ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေ
ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်
လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီး** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာ
ထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆု

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေ
တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၀)ညွန့်ကို ဖလားတစ်ခုအတွင်း
၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၇)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၄ ကောဇာဂြိုဟ်စီးဂြိုဟ်မြင်များနှင့် ဒေါ်အောင်ဆန်းစုကြည် အနာဂတ်ကံကြမ္မာ



ဦးဇေယျာကို(နက္ခတ်သိပ္ပံ)

## အပိုင်း ( ၂ )

**၂၀၁၄ ဇွန် ၂၁ မှ ဒီဇင်ဘာ ၃၁ရက်အတွင်း ကြာသပတေးဂြိုဟ် ကရကင့်ရာသီ၌ ကောဇာဂြိုဟ်သွားမှုနှင့် ဒေါ်အောင်ဆန်းစုကြည် ကံကြမ္မာ**

သိဟ်ရာသီရှိ အင်္ဂါ၊ သောကြာဂြိုဟ်များဖြင့် ၉၀ ဒီဂရီအကွာအဝေး၌ တည်ရှိနေမည်ဖြစ်ပေရာ ဒေါ်အောင်ဆန်းစုကြည်ဖြင့် အတိုက်အခံ ပီသစွာ အစိုးရ၏ အားနည်းချက်များအား ပြင်းထန်စွာ ထောက်ပြဝေဖန်ခြင်း၊ အစိုးရအဖွဲ့အစည်း ကန့်ကွက်မှုများ ပြုလုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် မဖြစ်ဖြစ်သည့် နည်းလမ်းများဖြင့် ကြိုးပမ်း ဝင်သွားမည့် အချိန်ကာလများဖြစ်ပေသည်။ အဆိုပါ အချိန်ကာလ၌ ကြာသပတေးဂြိုဟ် ရွေ့လျားမှုမှာ သိဟာဇာသွား ကရကင့်ရာသီ၌ သွားလာမည်ဖြစ်သည့်အတွက် ရည်မှန်းချက်များ ပုံဖော်ရာတွင် အလျင်အမြန် အရှိန်ပြင်းပြင်းဖြင့် ဆက်သွားနိုင်ပေသည်။ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုအပိုင်း၌ လိုအပ်သည်ထက် ပိုမို၍ စိတ်ဝင်ပန်း၊ လူပင်ပန်းဖြစ် နိုင်ငံရေးလမ်းခရီးအတွက် စိန်ခေါ်မှုများစွာ ရင်ဆိုင်ကျော်ဖြတ်ရပေလိမ့်မည်။ လက်ရှိ တာဝန်ယူနေသည့် အစိုးရအဖွဲ့ ၏ ဝန်ထုပ်ဝန်ပိုးတာဝန်များ မိမိထံသို့ ရောက်ရှိလာနိုင်ပေသည်။

**အထူးသတိပြုရန်အချက်မှာ ၂၀၀၃၊ မေ ၃၀၊ ဒီပဲယင်းလုပ်ကြံမှုဖြစ်စဉ်ကဲ့သို့ မိမိအပေါ် အန္တရာယ်ပြုမည့် ဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သည်။**

ထိုသို့ ဖြစ်ပေါ်နိုင်သော အကြောင်းအရင်းမှာ မိမိ၏ လဂ်သခင်ဂြိုဟ် ကြာသပတေး မရဏဘာဝတွင် ကောဇာသွား အတွက်ကြောင့် ဖြစ်ပါသည်။ ကြာသပတေးဂြိုဟ်သည် ၂၀၁၄၊ အောက်တိုဘာလအတွင်း မရဏဘာဝပေါ်သို့ စီးနင်း



www.burmeseclassic.com

www.burmeseclassic.com

ချိန်၊ မိမိ၏ မွေးနံဂြိုဟ်ဖြစ်သည့် အင်္ဂါဂြိုဟ်မှာလည်း ဗျာယ(သောက ပြဿနာ) ဘာဝတွင် ရပ်တည်နေမည့် ကာ
ခြင်းကြောင့် အောက်တိုဘာ (၁)ရက်မှ (၁၈)ရက်အတွင်း အထူးသတိပြုသင့်ပေသည်။

ပြီးခဲ့သော ဒီပဲယင်းဖြစ်စဉ်တွင်လည်း ယခုကဲ့သို့ ကောဇာ ကြာသပတေးဂြိုဟ် မရဏဘာဝပေါ်သို့ စီးနင်း
နေချိန်ဖြစ်ပါသည်။ ယခု ၂၀၁၄ ဖြစ်စဉ်တွင်လည်း တနင်္ဂနွေ ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်များ ရပ်တည်မှု ကောင်း
အတွက် လက်မတင်လေး ပွတ်ကာသီကာဖြင့် ကံအညွှမှ လွတ်မြောက်သွားပါလိမ့်မည်။ ဒေါ်အောင်ဆန်းစု
ဇာတာခွင်တွင် ကြာသပတေးဂြိုဟ်ရပ်တည်မှု အထူးအားကောင်းသည့်အတွက် ဥပဒ္ဒွေကကံမှ လွတ်ကင်းစေပြီး သ
(၇၅)နှစ်အထက် အသက်ရှည်နိုင်သူဖြစ်ပေသည်။

## ၂၀၁၄ နှစ်ဆန်းကာလမှ နိုဝင်ဘာ ၂၈ရက်အတွင်း စနေဂြိုဟ် တုရာသီ၌ ကောဇာဂြိုဟ်သွားမှုနှင့် ဒေါ်အောင်ဆန်းစုကြည် ကံကြမ္မာ

ကောဇာ စနေဂြိုဟ်သည် တုရာသီ၌ ၂၀၁၄ နိုဝင်ဘာ ၂၈ရက်နေ့အထိ ရပ်တည်နေမည်ဖြစ်ပေရာ လူသား
လုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့ အကူအညီများ ရရှိခြင်း၊ ကမ္ဘာကျော် လူမှုအဖွဲ့အစည်းများ၊ က
ကုဋေကြွယ် သူဌေးကြီးများမှ မြန်မာပြည်သူများအတွက် အကူအညီပေးမည့် ကဏ္ဍများတွင် ဂုဏ်သိက္ခာ တင့်တ
ဦးဆောင်လမ်းညွှန် ပါဝင်နိုင်ပါလိမ့်မည်။ မတ်လမှ ဇူလိုင်လအတွင်း စနေဂြိုဟ် ဖောက်ပြန်၍သွားလာမှုကြောင့်
သားချင်းများနှင့် ပတ်သက်၍ ငွေကြေး၊ အမွေ အနှောင့်အယှက်ပြဿနာများ တွေ့ကြုံပေါ်ပေါက်လာတတ်ပါ

လူမှုရေးပိုင်းဆိုင်ရာ အနှောင့်အယှက်များနှင့် မိမိအား ဂုဏ်သိက္ခာကျဆင်းအောင် စွပ်စွဲကြိုးပမ်းမည့် အကြေ
များ ပေါ်ပေါက်လာတတ်ပါသည်။ ကောဇာ စနေဂြိုဟ်အနေဖြင့် ဖောက်ပြန်သွားလာမည့် ကာလတိုအတွင်းသာ အတိ
အနှောင့်အယှက်ဖြစ်ဖွယ် အခြေအနေအချို့ တွေ့ကြုံရသော်လည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အားလုံးကို အေ
စွာ ဖြေရှင်း ကျော်ဖြတ်နိုင်ပါလိမ့်မည်။

## ကောဇာ အင်္ဂါဂြိုဟ်မှ အထောက်အကူပြုမှာလား…အန္တရာယ်ပေးမှာလား…

အင်္ဂါဂြိုဟ်သည် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနံဂြိုဟ်ဖြစ်သည့်အတွက် အင်္ဂါ၏ ကောဇာ ရွေ့လျားပြောင်း
သည့် သုမဘာဝအတွက် အရေးပါသော ပြောင်းလဲမှု ထူးခြားဖြစ်စဉ်များအား ဖြစ်ပေါ်စေနိုင်ပါသည်။ မွေးဖွားစဉ် ဇာ
အင်္ဂါဂြိုဟ် သောကြာဂြိုဟ်နှင့် နီးကပ်စွာ ပူးယှဉ်နေမှုကြောင့် အတိုက်အခံသဘောကို ဖော်ဆောင်လျက်ရှိပြီး ဂုဏ်
ထင်ရှားကြီးမြင့်ခြင်းကိုလည်း ပေးစွမ်းနိုင်မည့် ဂြိုဟ်တစ်လုံးဖြစ်ပေသည်။ သို့ဖြစ်၍ အတိုက်အခံယှဉ်၍ နိုင်ငံရေးစ
ရာဇပလ္လင်ထက်ဆီသို့ ပို့ဆောင်ပေးနိုင်မှုကို မွေးနံအင်္ဂါမှ အထောက်အကူပြုသွားပေလိမ့်မည်။

နဝင်းဇာတာ၌ အင်္ဂါနိစ် နဝင်းစီးနေသော်လည်း အင်္ဂါ၏ စွမ်းအားသတ္တိ မပျက်ပြယ်ဘဲ ဒေါ်အောင်ဆန်းစုကြ
ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော သံမဏိစိတ်ဓာတ်အား ပိုင်စိုးစေသည့်အတွက် နိုင်ငံတကာမှ ချီးမြှင့်သော
ဂုဏ်ထူး၊ ဆုတံဆိပ်များမှ သက်သေပြပေးလျက် ရှိနေပေသည်။ အင်္ဂါဂြိုဟ်အနေဖြင့် မတ်လမှ မေလအတွင်း ဒေါ်
ဆန်းစုကြည်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးဘာဝ (၁၀)တန့်တွင် ခန့်ထည်စွာ စီးနင်းနေမည်ဖြစ်ပေရာ နိုင်ငံရေးဘုန်း
ထွန်းတောက်၍ အောင်မြင်မှု အောင်ပွဲများဆီသို့ ပို့ဆောင်ပေးနိုင်ပေသည်။ အင်္ဂါဂြိုဟ်အနေဖြင့် ၂၀၁၄၊ ဖေ
(၂)ရက်နေ့တွင် တစ်ကြိမ်၊ မတ်လ ၂၇ရက်နေ့တွင် တစ်ကြိမ်၊ ဇူလိုင် ၁၃ရက်နေ့၌ တစ်ကြိမ်၊ တနင်္လာစန်း
စီးနင်းမည်ဖြစ်ပေရာ နိုင်ငံရေးသြဇာ အရှိန်အဝါတောက်ပမှုနှင့်အတူ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးအတ
အထောက်အပံ့ပြုလာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

"စန်းကောင်းလျှင် ပြည်ကျော်" နက္ခတ်ဆိုရိုးစကားအတိုင်း ဒေါ်အောင်ဆန်းစုကြည်၏ ဇာတာခွင်၌ မွန်းတည့်ကောင်းကင်၌ ရပ်တည်နေသော တနင်္လာစန်းသည် အားအင်ပြည့်ဝနေသည့်အတွက် နိုင်ငံတကာအဆင့်၊ ကမ္ဘာ့အဆင့်ထိ ထင်ရှား ကျော်ကြားနေသည်ကို လက်တွေ့ တွေ့မြင်နေရပေသည်။ သို့ဖြစ်၍ ကျော်ကြားသော စန်းပေါ်သို့ အင်္ဂါဂြိုဟ်၏ (၃)ကြိမ် စီးနင်းမှုဖြစ်စဉ်သည် နိုင်ငံရေး၊ အုပ်ချုပ်ရေးကဏ္ဍအတွက် ဘဝကံအပြောင်းအလဲများ ပေါ်ပေါက်လာနိုင်ပေသည်။ အင်္ဂါသည် ကျန်းမာရေးအညံ့ မကောင်းနိုင်သည့် အားအင်ပါရှိနေခြင်း၊ မူလ တနင်္လာအနေဖြင့်လည်း ကျန်းမာရေးဘာဝကို ကိုယ်စားပြုနေသည့် ဂြိုဟ်ဖြစ်နေရာ စိတ်ပင်ပန်းမှုကြောင့် ကျန်းမာရေးအား ထိခိုက်နိုင်ပေသည်။ အထူးသဖြင့် ယင်းကာလများ၌ နိုင်ငံရေးစိတ်ကူး ကျားကွက်ရွှေ့ပြီး မိမိရည်မှန်းချက်များ အကောင်အထည်ဖော်ရတတ်ပေရာ ပြင်ပစိတ်သဘောတွင် ဇာန်အပြည့်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်သော်လည်း အတွင်းစိတ်၌ စိတ်ပင်ပန်းဖိစီးမှုများ ပြင်းထန်နေတတ်ပေသည်။

ဩဂုတ် ၂၇ ရက်နေ့ အင်္ဂါနှင့် စနေဂြိုဟ်များ တူရာသီ၌ စစ်ထိုးချိန် မိမိဇာတာခွင်၏ လာဘဘာဝတွင် ဖြစ်သည့်အတွက် လူသားအကျိုးပြု လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံရပ်ခြားမှ ပေးအပ်ချီးမြှင့်သော အဆင့်မြင့် ဘွဲ့ထူးဂုဏ်ထူးများ ထပ်မံရရှိလာပေလိမ့်မည်။ လူမှုရေး ပရဟိတလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့ အကူအညီကောင်းများ ရရှိလာနိုင်ပေသည်။ ၂၀၁၄၊ အောက်တိုဘာလအတွင်း ဗြိစ္ဆာရာသီရောက် အင်္ဂါဂြိုဟ်နှင့် ကရကဋ်ရာသီအတွင်းရှိ ကြာသပတေးဂြိုဟ်များ ၉၀ ဒီဂရီအကွာအဝေးဖြင့် ဆက်သွယ်မှု ရှိထားခြင်းသည် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်စဉ်နှင့် ယင်းကဲ့သို့ ဖြစ်စဉ်မျိုးအား သတိထားရမည့် ကာလဖြစ်သည်။ ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူရခြင်းများ၊ ခွဲစိတ်ကုသမှု ခံယူရခြင်းများ ပေါ်ပေါက်လာတတ်ပြီး ကျန်းမာရေးအညံ့ဖြစ်စဉ်တွေ့ပါက မိမိအပေါ် တိုက်ခိုက် ရန်ပြုမည့် အခြေအနေမှ လျော့ပါး လွတ်မြောက်သွားနိုင်ပေသည်။ အောက်လက်ငယ်သားများနှင့် ပတ်သက်၍ သတိပြုသင့်သော အချိန်ကာလဖြစ်သည်။ ကောဇာအင်္ဂါ ဓနုရာသီခွင်အတွင်းရောက်ရှိ၍ မူလအင်္ဂါဖြင့် ၁၂၀ ဒီဂရီအကွာအဝေးတွင် ရပ်တည်လာမည့် နိုဝင်ဘာ ၄ရက်နေ့တွင်ကား ဂုဏ်သတင်းကျော်ကြားခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်မှုတွင် မိမိ၏ ရည်မှန်းချက်များ ပြည့်ဝလာခြင်း၊ စစ်မှန်သော စေတနာ မေတ္တာကို အခြေပြု၍ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အမြင်မတူညီသူများဖြင့် ပူးပေါင်းဆောင်ရွက်ခွင့် ရရှိလာပေလိမ့်မည်။ ပြည်ထောင်စု စည်းလုံးညီညွတ်ရေးအတွက် အုတ်မြစ်ချ တည်ဆောက်နိုင်မည့် အချိန်ကာလဖြစ်သည်။ ကောဇာ အင်္ဂါဂြိုဟ်လဂ်အပေါ် စီးနင်းမည့် နိုဝင်ဘာ ၁၅ရက်နေ့တွင် နိုင်ငံ့တာဝန်များ၊ အမျိုးသားရေးတာဝန်များအတွက် စိတ်ပင်ပန်းမှု များပြားနိုင်သည့် အချိန်ကာလဖြစ်သည်။ သမိုင်းတွင်ရစ်မည့် နိုင်ငံရေး ကြိုးပမ်းဆောင်ရွက်မှုများ လုပ်ဆောင်ရတတ်ပြီး မိမိ၏ ဂုဏ်သိက္ခာ ထင်ရှားမြင့်မားတိုးတက်လာပေလိမ့်မည်။ ပြည်သူလူထု၏ ထောက်ခံ ယုံကြည်လေးစားမှု အားအင်များရရှိပြီး နိုင်ငံရေးအနာဂတ် ယုံကြည်ချက်၊ ရည်မှန်းချက်များ တစ်ဆထက်တစ်ဆ ပိုမိုပီပြင်လာမည့် အချိန်အခါကောင်းဖြစ်ပေသည်။

## မွန်းတည့်ဘာဝရှိ စန်းအပေါ် စီးနင်းဖြတ်ကျော်မည့် အရိပ်ဂြိုဟ် ရာဟု

ဇူလိုင် ၂၂ရက်နေ့တွင် အားကောင်းသော တနင်္လာအပေါ်သို့ အရိပ်ဆာယာဂြိုဟ်ရာဟု ဖြတ်ကျော်စီးနင်းမည်ဖြစ်သည့်အတွက် လူမှုရေးတာဝန်ကဏ္ဍများ၊ ခရီးဝေးသွားလာမှုများအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရတတ်ပါသည်။ စိတ်ဖိစီးမှုဆ လေးလံ ထိုင်းမှိုင်းတတ်ပြီး နိုင်ငံရေးကဏ္ဍတွင် မိမိ၏ အိမ်ထောင်ဖက်ကို အကြောင်းပြု၍ အနှောင့်အယှက်ပြုမှုများ ရင်ဆိုင်ရတတ်ပါသည်။ စစ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပတ်သက်၍ နိုင်ငံရေးနှင့် ပတ်သက်သော အနှောင့်အယှက်များ ရင်ဆိုင်ရတတ်ပါသည်။ ၁၀ တန့် ဘာဝပေါ်သို့ ရာဟုဂြိုဟ်ဖြတ်သန်းမည့် အောက်တိုဘာလ ၁၆ရက်နေ့တွင်လည်း မိမိ၏ နိုင်ငံရေးလှုပ်ရှားမှုကဏ္ဍများတွင် အထိုက်အခံ ပဋိပက္ခများ ယှဉ်တွဲနေတတ်ပါသည်။ နိုင်ငံရေး (သို့မဟုတ်) ခရီးသွားလာမှု


www.burmeseclassic.com

www.burmeseclassic.com

များနှင့် ပတ်သက်၍ ဒီပဲယင်းဖြစ်စဉ်နှင့် နီးစပ်သည့် ထူးခြားအဖြစ်အပျက်များ ပေါ်ပေါက်လာတတ်ပါသည်။ သို့ ၂၀၁၄၊ အောက်တိုဘာလအတွင်း အထူးသတိပြု၍ ဖြတ်သန်းရပေလိမ့်မည်။

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ၂၀၁၄အတွက် ဒေါ်အောင်ဆန်းစုကြည်၏ ကံကြမ္မာအခြေအနေသည် အကော အဆိုး ခွန်တွဲမည့် နိုင်ငံရေးခရီးလမ်းအား လျှောက်လှမ်းရမည့် အချိန်ကာလဖြစ်ပေသည်။ ကောင်းကင်၌ ကောဇာဂြိုဟ် ရပ်တည်ရွေ့လျား တည်ရှိနေမှုအရ မတ်လမှ မေလအတွင်းရှိ နိုင်ငံရေးကံကြမ္မာအပြောင်းအလဲ အခြေအနေသည် အတွက် နိုင်ငံရေးကံကောင်းမှု ဆုလက်ဆောင်တစ်ခု ဖြစ်လာနိုင်ပေသည်။ အောက်တိုဘာလသည် အစစအရာရာ သ ဆင်ခြင်ရန် လိုအပ်လှပြီး အန္တရာယ် ရန်စွယ်များ မိမိ၏ လက်တစ်ကမ်းတွင် တည်ရှိနေပေသည်။ မည်သို့သော အခက် များ တွေ့ကြုံရသော်လည်း ခိုင်မာသော သံမဏိစိတ်ဓာတ်၊ တည်မြဲသော ဖွဲ့လုံ့လ အားမာန်များဖြင့် သန်း (၆၀) မြန်မာပြည်သူများ လိုလားလျက်ရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးအား ရဲဝံ့ တည်ကြည်စွာဖြင့် အောင်မြ ကြိုးပမ်း ပုံဖော်သွားနိုင်ပေလိမ့်မည်■

**နက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတ ပညာပေးဆောင်းပါးများနှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေး အကြံပြုလိုပါ**

*ဦးဝေယျာကို (အမှုဆောင်အရာ*

*မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့. (၀၉ ၅၃ ၉*

*****


# ဆရာ မင်းသုန္ဒ (မန်းတက္ကသိုလ်)

**B.sc (Geology) H.G.P (မြန်မာနိုင်ငံနက္ခတ်ပညာရှင်များအဖွဲ့ဝင်)**

**အဆင့်မြင့် သိပ္ပံလက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်**

ပြည်တွင်းဟောပြောသက် ၁၅နှစ်နှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှာ ၅နှစ် ဟောပြောပို့ချခဲ့ပါသည်။

* စာမေးပွဲ အောင်ပွဲဝင်၊ ဂမ္ဘီရအစီအရင်ပေးခြင်း၊ ကလေးအမည်၊ လုပ်ငန်းအမည်၊ ကုမ္ပဏီအမည်ပေးခြင်း ဆောင်ရွက်ပေးသည်။
* ခွဲစိတ်မွေးဖွားမှုနှင့် အိမ်သစ်တက်၊ ပန္နက်ရိုက်ခြင်း၊ နက္ခတ်ကောင်းများ ရွေးချယ်ပေးခြင်း၊ လက်ထပ်မင် ဇာတာနှစ်စောင် သင့်၊ မသင့် စီစစ်တွက်ချက်ပေးခြင်း၊ မင်္ဂလာလက်မှတ်ရေးထိုးရန် နက္ခတ်အချိန်ကောင်း ရွေးချယ်ပေးမှု၊ ကိုယ်ရေးအကြံပြု လမ်းညွှန်ချက်၊ ဘဝကံ နှစ်, လ, ရက် စိတ်၍ အနုစိတ်တွက်ချက်ပေးသ
* ကွန်ပျူတာ၊ ဆေးဝဲများ ရောင်းချပေးသည်။
* အိမ်၊ ခြံ၊ မြေ၊ ရွှေနှင့် ကောက်ပဲသီးနှံ၊ ငွေကြေးဈေးနှုန်းများ တွက်ချက်ခန့်မှန်းပေးသည်။
* လက်ထပ်မည့် ပုဂ္ဂိုလ်တို့ နှစ်ပါးစုံ သိဒ္ဓိဝင် လက်ဝတ်ရတနာများ စီရင်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ရုံးခန်းဖွင့်ချိန် - နံနက် ၉နာရီမှ ညနေ ၄နာရီထိ။ (လပြည့်၊ လကွယ် နားသည်။)

အခန်း (၂)၊ မဟာဝိဇယစေတီတော်မြတ်ကြီး မြောက်ဘက်မုခ် (တံတားထိပ်)၊ ရန်ကုန်။

ဖုန်း ၀၉-၇၃၂-၃၄၆၂၄ (ကြိုတင် ဖုန်းဆက်ပါ။)

www.burmeseclassic.com

KIDSZONE®

Baby Fancy World

ction Square Level (2), C-228 C-235 C-248, Kamaryoot Tsp. Yangon.
w Win Center Level (2), 3084-3085, Da Gon Tsp. Yangon.
9 524 2121, 09 4922 1290

www.burmeseclassic.com

www.burmeseclassic.com

# ရေယုန်နာပျောက် ဆေး တစ် နည်း

ကိုသက်ရှည်

ရှေးလူကြီးသူမတို့၏ "ပေတစ်သီး ကျိုးတစ်သား" ဆိုသည့် ဆိုရိုးစကားရှိခဲ့သည်။ အမှန်လည်း ပေပင်တို့မှာ အပင်သက်တမ်းတစ်လျှောက် နှစ် ၄၀-၅၀ ဝန်းကျင်ရှိမှ အသီးသီးကာ၊ တစ်ခါတည်းသီးပြီး အပင်မှာ သေသွားလေ့ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ပေပင်အား အုန်းပင်၊ ထန်းပင်တို့ကဲ့သို့ ပေါပေါများများရှိတာ မတွေ့ရပေ။ အုန်းပင်မှာ နှစ်ပတ်လည် အသီးသီး၍ နှစ်ပတ်လည် ဝင်ငွေရသည်။ ထန်းပင်မှာလည်း တစ်နှစ်တစ်ခါ ထန်းသီး,သီး၊ ထန်းနို့ထွက်၍ ထန်းလျှီးကာ ထန်းလျက်ချက်ပြီး ဝင်ငွေရသော်လည်း ပေပင်မှာ နှစ်ပေါင်း ၄၀၊ ၅၀၊ ၆၀ ဝန်းကျင်ရှိမှ ပေဖူး ပေပွင့် ပေသီး သီးလေ့ရှိရာ ထန်းကဲ့သို့ ပေရည်ထုတ်ယူရရှိနိုင်သော်လည်း တစ်သက်တစ်ခါလို ရရှိသည်ဖြစ်၍ ပေပင်စိုက်ပျိုးခြင်းအား လူတိုင်း စိတ်မဝင်စားပေ။ ထို့ကြောင့် ပေပင်တို့မှာ ရှားပါးသစ်ပင်ကဲ့သို့ ဖြစ်လာရသည်မှာ မဆန်းတော့ပါ။

ပေပင်၊ ပေသီးအား ဆေးဖက်လိုမှပင် ရှာရကာ၊ ခပ်ရှားရှားဖြစ်လာသည်။ ယခင်က စာရေးသူတို့ အိမ်ဝိုင်းထဲတွင် ပေပင်တစ်ပင် ရှိခဲ့ဖူးသည်။ ယခုတော့ အသီးသီးပြီး အပင်ခြောက်၍ သေတာ ၂နှစ်ကျော် ၃နှစ်ပင် ကြာခဲ့ပြီ။

တစ်နေ့ ကြပ်စုကျေးရွာမှ ဒေါ်ပိုင်း စာရေးသူတို့အိမ်သို့ ရောက်လာသည်။ လက်ထဲတွင်လည်း သံကူရှင်[illegible] ကိုင်လျက် တွေ့ရသည်။

"ဒေါ်ပိုင်း··· ဘာကိစ္စ၊ လက်ထဲမှာလည်း တူရှင်[illegible] ကိုင်လို့"

ဟု ပြောရာ သူက ပေပင်အား မော့ကြည့်လျ[illegible] ပေမြစ်နည်းနည်းတူးယူချင်လို့ဟု ပြောသည်။

ကျွန်တော်ကလည်း···

"ကြိုက်သလောက် တူးသွားဗျာ၊ ဆေးသုံးဖို့[illegible] အသုံးကိုလည်း ပြောပြလို့ရရင် ပြောပြခဲ့ဦး။ ကျွန်တော်[illegible] မဂ္ဂဇင်းတွေမှာ ဆေးနည်းတိုလေးတွေလည်း ရေးပြီး[illegible] တယ်။ ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝတာပေါ့"

ဟု ပြောလိုက်ရာ ဒေါ်ပိုင်းမှ သူ၏ လက်တွေ့ အ[illegible] တည့်သည့် ဆေးနည်းအား ပြောပြခဲ့ပါသည်။

"ငါ့သမီး အလတ်မ၊ နောက်ကျောမှာ ရေယုန်နာ[illegible] လို့၊ အဲဒါ ယုန်ရိုးနဲ့ သွေးလိမ်းဖို့ ပေမြစ်လာတူးတာ"

ဟု ဆိုကာ ပေပင်ရင်း၌ ပေမြစ် လက်ညှိုး လ[illegible] အရွယ် သုံးလေးမြစ်တူးယူကာ ပြန်သွားပါတော့သည်[illegible]

* * *

ကိုသက်[illegible]



www.burmeseclassic.com


www.burmeseclassic.com
သစ္စသတ္တာ
www.burmeseclassic.com

www.burmeseclassic.com

မိုးတဖြောက်ဖြောက်ရွာနေသော သက်ကြီး ခေါင်းချအချိန်ဝယ် သပြေကုန်းတစ်ရွာလုံး လမ်းသွားလမ်းလာ ကင်းမဲ့လျက်ရှိသည်။ အမြဲတစေ ပြေးလွှား ဟောင်အူတတ်သော ရွာခွေးများပင်လျှင် ထိုနေ့ညက တဖွဲဖွဲစွေနေသော မိုးကြောင့် စွတ်စိုထိုင်းမှိုင်း ပျင်းတိပျင်းတွဲဖြစ်ကာ ကွေးနေကြဟန်တူသည်။

မနက်ကြီးကတည်းက တစိမ့်စိမ့်ဆွဲ၍ တဖွဲဖွဲရွာနေသော မိုးဖြစ်သည်။ ထိုမိုးသံကြားကတည်းက ဒေါ်ရွှေသွယ်အိမ်မှ ထွက်ပေါ်နေကျ အသံတစ်ခုထုံးစံအတိုင်း ပေါ်လာခဲ့သည်။

"သဗ္ဗေသတ္တာ အဝေရာ ဟောန္တု

အဗျာပဇ္ဇာဟောန္တု

အနီယာဟောန္တု

သုခီအတ္တာနံ ပရိဟာရ န္တု

ဒုက္ခာမုစ္စ န္တု

ယထ္တလဒ္ဓသမ္ပတ္တိတော၊ မာဝိဂစ္ဆန္တု ကမ္မသကာ"

"နောင်...ဝေ...ဝေ...ဝေ"

မေတ္တာပို့သံအပြီးတွင် ကြေးစည်သံကလေးချိုချိုက အဆုံးသတ်လိုက်လေသည်။ ထိုကြေးစည်လေးမှာ မကြီးလွန်း၊ မငယ်လွန်း ယောက်ျားကြီးတစ်ယောက်၏ လက်ဖဝါးခန့်သာ ရှိပေမည်။

မိုးရွာချင်လျှင် ရွာ၍၊ ခြောက်သွေ့ချင်လျှင် ခြောက်သွေ့ကာ၊ လရောင်ကင်းမဲ့သည့် ညတွင် ကင်းမဲ့လျက်၊ လဆန်း-လဆုတ် လသာချင်သည့်အခါ သာနေတတ်သဖြင့် သပြေကုန်းရွာကလေး၏ ညတို့မှာ တစ်ညနှင့် တစ်ည သဘာဝချင်း ထပ်တူထပ်မျှမဖြစ်စေကာမူ၊ ထိုမေတ္တာပို့သံနှင့် ထိုကြေးစည်သံကလေးမှာ ထိုအချိန်တိုင်း ထွက်ပေါ်လာတတ်သောကြောင့် ရွာကလေး၏ ထာဝရ သင်္ချိုင်းတစ်ခုဟု ဆိုရမလိုဖြစ်တော့သည်။

မေတ္တာရှင် ဒေါ်ရွှေသွယ်သည် သဗ္ဗေသတ္တာနှင့် ချီ၍ မေတ္တာပို့တိုင်း ပို့တိုင်း သူ့သား မောင်ချက်ကြီးကို အထူး ဝိသေသ ထားမိသည်။ နှုတ်ပါးစပ်က သီးသန့်၍ ထွက်မလာစေကာမူ၊ သဗ္ဗေသတ္တာထဲမှာ သူ့သား မောင်ချက်ကြီးက အရေးကြီးဆုံးဖြစ်သည်။ နောက်ဆုံး သဗ္ဗေသတ္တာ ကမ္မသကာဟု ဆိုလိုက်ရသည့်အထဲမှာ သူ့သားကို သူ ကမ္မသကာ မလုပ်နိုင်သေး၍ ဤနေရာရောက်တိုင်း ချက်ကြီးအတွက် ခြွင်းချက်ထားရပြန်သည်။

ဟိုသစ္စ - မှန်၏။ သူ့သား ချက်ကြီးကို ကမ္မသကာဟု သဘောမထားနိုင်။ ဤသို့ သဘောမထားဘဲနှင့်ပင် ချက်ကြီးမှာ ဆိုးလွန်း၊ မိုက်လွန်း၊ ရမ်းကားလွန်းလှသည်။ ကမ္မသကာထဲများ ထည့်၍ ဥပေက္ခာပြုလိုက်ရလျှင်ကား သေသော် သေ၊ မသေသော မရှုမလု ဆိုသလိုဖြစ်သွားမှာ စိုးရသည်။

သားတော် မောင်ချက်ကြီးကလည်း သူ့အမေ မေတ္တာပို့၍ ကောင်းအောင် တစ်ဖက်တစ်လမ်းက ပါရမီဖြည့်လျက်ရှိပါသည်။ သူ့အမေ ဘုရားရှိခိုး၍ မေတ္တာပို့ချိန်တိုင်း အိမ်မှာ ဘယ်တော့မှ မရှိ၊ ကိုလူအေးတို့ ကစားဝိုင်းမှာ ဖြစ်စေ၊ အဖုတ်ရှုတ်၏ ဘုံဆိုင်မှာ ဖြစ်စေ၊ မကုလားမတို့၏ ထန်းရည်တဲမှာ ဖြစ်စေ၊ ရှိနေတတ်သည်။ ဒါတောင်မှ စည်းကမ်းသေဝပ်စွာ ရှိခြင်းမဟုတ်။ သုတဝေရီ ရန်စီစီဆိုသလို ခိုက်ရန်ဒေါသဖြစ်ကာ သူက ရိုက်လျှင်လည်း ရိုက်ခဲ့၍၊ သူများ၏ အရိုက်ကို ခံခဲ့ရလျှင်လည်း ခံခဲ့ရမှ အိမ်ပြန်၍ ...

စမြဲဖြစ်ရာ ဒေါ်ရွှေသွယ်အဖို့ ...

ကြောင့်ကြမဲ့ ရှိနိုင်ပါအံ့နည်း။

တစ်နည်းအားဖြင့်ဆိုရ...

ထိပ်က စီခနဲဆိုလျှင် ချက်ကြီ...

ဖျားက ညံ့ခနဲဆိုလျှင်လည်း ...

သာ ဖြစ်တတ်သောကြောင့် ...

တ,တတ နေရသည့်တွက် ...

သတိရကာ မမေ့နိုင်အောင် ရှိ...

သားဆိုး၊ သားမိုက်တို့ကို မိဘ...

ချစ်ရ ကြင်နာရသည်မှာ ဤလို...

ကြောင့်ဖြစ်သည်။ အစစအ...

စိတ်ချရအောင် လိမ္မာသော သ...

သမီးတွေအတွက် မိဘက မ...

ကြ၊ ဆိုးတေ မိုက်မဲသော သ...

ဆိုလျှင် မိဘများမှာ ရင်တမမ...

တောင့်တနေကြရသည်မှာ ...

ကိုယ့်သားက ဆိုးသော...

သူတစ်ထူးကို စော်ကား...

လက်လွန်ခြေလွန်ပြုခဲ့မှာလည်...

သည်နှင့်အမျှ ကိုယ့်သားက ...

ကြောင့် သူတစ်ပါးက လ...

ခြေလွန်လုပ်လိုက်ရသည်ကို ...

မှာလည်း စိုးရသေးသည်။

ယခု ဒေါ်ရွှေသွယ်၏ ဝ...

ဝင်ကြည့်ရမည်ဆိုလျှင်လည်း ...

စိတ်စေတသိက်တွေသာ တွေ့...

မည်။ ညဉ့်နက်သန်းခေါင်အထိ...

ကိုးပေါက် လျှောက်လည်နေ...

သော ချက်ကြီးကို စိတ်မ...

ဒေါ်ရွှေသွယ်သည် သဗ္ဗေသ...

အဝေရာ ဟောန္တုနေရလေ့ရှိ...

ဤမျှလောက် ချက်ကြီး...

ပူရပေမယ့် ဒေါ်ရွှေသွယ်သည် ...

ကြီးကို ဝိစိညှပ်ကလေးမှ မမှ...

မမုန်းသည့်အပြင် မောင်မင်း...

ဆပွားမေတ္တာ ချစ်၍ချစ်...

သည်။ အဘယ့်ကြောင့်ပါမှ...

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်မရောက်သေး၍ စိတ်ပူ
သူ့အကြောင်း တွေးရသည်။ သူ့
ကြောင်းတွေးရာက သူ့အဖေ
ကြောင်း ဆက်လာရသည်။ သူ့အဖေ
ထော်လည်း ချက်ကြီးကဲ့သို့ပင်
တော ရမ်းကားခဲ့သူတစ်ဦးဖြစ်ရာ
ခြေရာနင်းသော ချက်ကြီးကို
ရသည်မှာ ကိုဘိုးထော်အကြောင်း
ပေါ်ပေါက် ထင်မြင်လာအောင်
လုတ်ကလေး နှိုးရသောကြောင့်
သွယ်အဖို့ အရသာရှိလှသည်။
ချက်ကြီးကား အဖေတူ သား။
ကြီး၏ ဆိုးတေခဲ့ရသော ဗီဇ
ကား ကိုဘိုးထော်။

ခြော် . . . ကိုဘိုးထော် . . .
ထော်၊ အခုထိသာ ရှိနေသေးရင်
က်ပိုင်းက ကိုသာရွှန်းလို ခါးများ
နေမလား၊ ရှာဦးကျောင်းက
ကြီး ကိုရွှေလှလို နားထိုင်း
ဖြစ်နေမလား။ သွားကျိုးပါးကျိုး
နဲ့ မြဲနေရမလား။ ဒီလို နေချင်မှ
ပါလေ။ လူက စိတ်မြန်လက်မြန်
ကလေးဆိုတော့ သိပ်ကျချင်မှ
ဖျတ်ဖျတ်လတ်လတ် သန်သန်
နဲ့ ဟိုတောက်တောက် . . .
က်တောက် ရောက်နေမှာပါပဲ။
တစ်ခုတော့ ရှိတယ်။ အရွယ်က
တဲ့နဲ့ အရက်ကလေး တမြမြ
ည်ကလေး တမြမြနဲ့ ကြီးကောင့်
ရုက်စရာကောင်းရာက မှချ။
ကာ ဘုရားနဲ့ တရားနဲ့ ဝိတ်
ပုတီးနဲ့ ကျောင်းနားကန်နား
တုန်း သူက သူ့အကျင့်တွေ
မှာ စိုးရတယ်။ ဒါလည်း ငါက
ွားပူနေတာပါလေ။ လူဆိုတာ
က်လုံး သေအထိ ဘယ်အထိ
က်ကြမလဲ။ အသက်အရွယ်
လာတော့ ကိုယ့်ကိုယ်ကို



သတိတရား ရလာတတ်စမြဲပဲ။ ဘုရား
လက်ထက်ကတောင် ကြည့်ပါလား၊
အကျွတ်တရားရချင်တဲ့ တစ်နေ့ကျ
သော်တာပန်ဖြစ်သွားကြတာ။ ဥပကတို့
များ အရွယ်လွန်လို့ ဇရာပိုင်းရောက်ပြီး
သားတစ်ယောက်မွေးပြီးမှ လိမ္မာသေး
တာ။

သူ့ဆုံးတုန်းက အသက် ဘယ်
လောက်များ ကြီးသေးလို့လဲ။ ငချက်
မှ ရှင်လူထွက်။ အဲဒီတုန်းက ဘိုးထော်
ရဲ့ အသက်ဟာ လေးဆယ်ကျော်ရုံ
ရှိသေး။ ဟုတ်သပေါ့၊ ငါက အဲဒီတုန်း
က သုံးဆယ့်ခုနစ်နှစ်။ ဟုတ်ပေါင်
သုံးဆယ့်ရှစ်နှစ်ပေါ့။ ဘာဖြစ်လို့လဲဆို
တော့ ဦးစက္ကိန်က ငါ့ကို နှစ်စုံထဲမှာ
အတော်ညှဲ့သပေါ့၊ သတိထားလို့
မှတ်မှတ်ရရ ပြောခဲ့သေးတာပဲ။

ဟုတ်ပါ့တော်၊ ညှဲ့လိုက်သမှ ဖြစ်
ခြင်း။ အဲဒီနှစ်ပဲ ကိုဘိုးထော် လူ
အသတ်ခံရတယ်။ နောက် ဘာကြာလဲ၊
လယ်တွေ ပိုးကျ၊ အိမ်ကြီး ချစ်တီး

သိမ်း၊ ကိုဘိုးထော်အမှုကြောင့် မြီတက်
ပြီး တရားဆိုင်ရ၊ ကုန်လိုက်တဲ့ ခရီး
စရိတ်၊ ရုံးစရိတ်တွေ သောက်သောက်
လဲ။ နာလည်း နာသေး၊ နံလည်း နံသေး
ဆိုတာကျနေတာပဲ။ လူလည်း သေရ၊
ငွေလည်း ကုန်ရသေး။

အင်း . . . ကိုဘိုးထော် . . . ကိုဘိုး
ထော်၊ မီးစာကုန် ဆီခန်းမဟုတ်ရှာဘူး။
သူများသတ်လို့ လောလောလတ်လတ်
အသေဆိုး သေရရှာတာ။ ရန်သူမျိုး
ငါးပါးထဲက မချစ်မနှစ်လိုသူဆိုတာ
ရန်သူတစ်ပါးတဲ့။ တယ်ဟုတ်တဲ့
စကား။ တယ်ကြောက်စရာကောင်း။
ဒါကြောင့်ထင့်၊ ဘုရားရှိခိုး ဆုတောင်း
ထဲမှာ အပါယ်လေးပါး၊ ရန်သူမျိုး ငါးပါး
ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရား
ငါးပါးတဲ့။ သူ့မှလဲ လူမှန်း တယ်များ
ကိုး။ ဘယ့်နှယ့်တော်၊ သောက်လိုက်
တဲ့ အရက်၊ နေ့မလင်း ညမလင်း။
ပြောလိုက်မှဖြင့်တော့ တက်ထောင်
မောင်းနင်း။ ဒီကြားထဲ အလောင်းအစား
ကလည်း ဝါသနာပါလိုက်သေး။ ကြက်
ပွဲဆိုလည်း သူပဲ၊ နွားပြိုင်၊ ကျွဲတိုက်၊
ဖဲရိုက်၊ အနီထောင်။

သတ္တိကိုကလည်း တုံးဆို တိုက်၊
ကျားဆို ကိုက်။ ငါ့ကြိုက်တုန်းက
တောင် ကြည့်ပါကော၊ အစီး စာဥတို့
အလှူမှာ ငါက ကွမ်းတောင်ကိုင်၊ သူ
က ရှင်လောင်းထိန်း။ စိမ်းစိမ်းကြီး
ကြည့်ရာက မျက်စိတစ်ဖက် မိတ်ပြ
တာ။ အဲ . . . ဟီ၊ ဒီတုန်းကတည်းက
သူက သောက်တတ်နေတာ။ ငါ့မှာဖြင့်
ရှက်လိုက်တာလေ၊ ခြေလှမ်းတောင်
ပျက်ယူရော။ ဒါတောင် ငါ့အနား ကပ်
လိုက်လာတဲ့ ရှင်ငြိမ်းဇံက သူ့ကို
ကိုဘိုးထော်က ပိုးပြီး လုပ်ပြသလိုလို၊
ကြွားလိုက်သေး။ အာဂ ကောင်မ။

ဤသို့ တွေးလိုက်မိသောအခါ

www.burmeseclassic.com

အပေါင်းက အသစ်ဖြစ်၍ နွားများ စားမြုံပြန်ကာ အရသာခံသလို အိပ်ရာထဲတွင် တွန့်လိမ်ကောက်ကွေးရင်း အမျှင်းဆန့်လိုက်မိပါသေးသည်။ ယခု အသက်အရွယ်မှာ ခြောက်ဆယ်ကျော်သော ဇရာရွယ်ဖြစ်သော်လည်း သူ့ ပန်ဦးယံ မောင်မင်းကြီးသားအကြောင်း တွေးလိုက်မိလျှင် ဆတ်ကော့ လတ်ကော့အရွယ်လေးသို့ တစ်မုဟုတ်ချင်း ပြန်ရောက်သွားမိသည်။ ထို့ကြောင့် ကိုဘိုးထော်အကြောင်း တွေးလိုက်မိခြင်းမှာ အမေသွယ်အဖို့ အယုဝဓုဏဆေးကို စားလိုက်ရသကဲ့သို့ ရှိသည်။

အိမ်ခေါင်ပေါ်က မိုးသည် တဖြောက်ဖြောက်လုပ်နေတုန်းပင်။ သူ့သား ချက်ကြီးမှာလည်း တရှောက်ရှောက်နှင့် ကတ်ဆွဲနေတုန်းပင် ဖြစ်ကောင်း ဖြစ်မည်။

အိပ်လို့ကလည်း မပျော်နိုင်သေး။ ညစဉ်ညတိုင်း သားတော်မောင် ချက်ကြီး အိမ်ပြန်လာ၍ "အမေ" ဟု ခေါ်သံနှင့် မရှေးမနှောင်း မိမိက တံခါးထဖွင့်ပေးကာ၊ သူ့ အတွင်းရောက်ပြီး ရှောက်ခနဲ မင်းတုတ်ချရမှ စိတ်ချလက်ချ အိပ်ပျော်နိုင်သော အကျင့်တစ်မျိုးဖြစ်နေရှာတော့သည်။ ဒီကြားထဲမှာ ကိုဘိုးထော်အကြောင်း တွေးလက်စရှိပြီဆိုမှဖြင့် လက်ဖက် တစ်အစ်ကို တစ်ယောက်တည်း စားထားမိသလို၊ သာ၍တောင် မျက်လုံးကြောင်လိုက်သေးသည်။ ဒီအပေါ် ခနိအိမ်ခေါင်ပေါ် ကျနေသော မိုးရေပေါက်များက အမေသွယ် တွေးလို့ကောင်းအောင် စည်းချက် ဝါးချက်မှန်မှန်နှင့် သိဂီသံလိုက်ပေးနေသလို ဖြစ်ပါသေးသည်။ အမေသွယ်သည် သားကလည်း ပြန်မလာသေး။ မိုးကလည်း မတိတ်သေးသဖြင့် မအိပ်သေးဖြစ်သော သူ့အတွေးကို ဆက်၍ တွေးလိုက်ချင်သေးသည်။

◈◈◈

အင်း…ကိုဘိုးထော်…ကိုဘိုးထော်၊ သွေးရိုးသားရိုး ဖျားနာသေရတယ်ဆိုရင် ပွေ့ပွေ့ပိုက်ပိုက်နဲ့ ငါ ပြုလိုက်နိုင်ဦးမှာနော်။ ခုတော့တော်၊ မျက်စိထဲ အမှိုက်ဝင်သလို ဖြုန်းခနဲ ဖြစ်လိုက်ရတာ။ ကာလက အခက်သားပဲ။ ကိုယ့်ထက်သာ မနာလို၊ အဘိဇ္ဈာတွေက ပိုနေကြတာ။ မြွေဟွေ့စိုင်ရဲ့တွေ ပျောက်၊ မြွေဟွေ့ခြောက်တွေ များကြတာ။ ကိုဘိုးထော် ဆိုတာက နဂိုကတည်းက လူရေတတ်သားမဟုတ်လား။ သူ့အဖေ လေ့သူကြီးလက်ထက်က တန်ဆောင်းကြီးတွေ၊ ကျောင်းကြီးတွေ ခုတောင် ရှိသေး။ အင်း… ပျက်စီးတန်သလောက်တော့ ပျက်စီးကုန်ကြပြီပေါ့လေ။ လူလည်း သခ်ိရ၊ ဝတ္ထုပစ္စည်းလည်း သခ်ိရ၊ သဗ္ဗေသခ်ိရ အနိစ္စာတဲ့။ သူတို့…သူတို့တစ်တွေ တောင် အရိုးဆွေးနေမှပဲ။

ကိုဘိုးထော်က လူရေတတ် လေ့သူကြီးသားဆိုတော့ မော်တယ်၊ ကြွားတယ်၊ သုံးတယ်၊ ဖြုန်းတယ်။ ယောက်ျားဆို အသောက်အစား ဘယ်ကင်းမလဲ။ ဒါကတော့ ရွာထဲမှာဆို သူ့မောင် ကိုယ့်မောင်၊ သူ့လင် ကိုယ့်လင်။ သောက်တယ်၊ စားတယ်ဆိုတာကလည်း လွယ်တာ မှတ်လို့။ ပိုက်ဆံရှိမှ ဖြစ်တာ။ ဟယ်တော့ ဂုဏ်မငယ်လှဘူး။ ဟုတ်တယ်လေ၊ ဂုဏ်မငယ်ပါဘူး။ သူတို့ ယောက်ျားချင်း ဒါပဲ ကြွားရတာ။

ကစားတယ်ဆိုတာကရော တော်ရုံတန်ရုံ မိဘသားသမီး တတ်နိုင်တာ မှတ်လို့။ ငွေလည်း ဖောရမယ်၊ နမြောတဲ့စိတ်လည်း ကင်းရမယ်။ သတ္တိလည်း ရှိရမယ်။ လူကလည်း

ပါးရေနုပ်ရေရှိရသေးသတဲ့။ ဟု
ပေါ့ ကစားသမားဆိုတာ သူများ
တောင်မွေးပေါ် စကြီးလျှော
အဲသလို အဖက်ဖက်က စုံ
မလိုတဲ့လူ များသပေါ့လေ၊ အိ
လက်သည်မပေါ်တာပဲ။ သြော်
နေလို့၊ ဒါလောက်တင် ဘယ်
လဲ။ မိန်းမ…မိန်းမ။

သူ အစွမ်းထက်တာက
ဘက်ကပေါ့။ ရုပ်ကလည်း
သဘောကလည်း ဖိုးဖိုးခေါက်
စိတ်မြန်လက်မြန်။ အသားက
ဆို ဝါဖန့်ဖန့်။ ဒီကြားထဲ ထ
ကလေးများ သောက်လာပြီ
သူ့မျက်နှာကလေးဟာ ပန်းရော
ပြေးနေတာပဲ။ အဟုတ်၊ ဘုရာ
ကိုယ့်လင်မို့ ကိုယ်ပြောတာ
ဘူး။

ချက်ကြီး ကိုယ်ဝန်နဲ့
အနိပ်သည် ဆယ်အိမ်ခေါင်
မိမွေးအုံနဲ့ ဖြစ်ကြသေးတာ။ ငါ့
ကြားကြားချင်း ခေါင်း မီးတော
တာပဲ။ ဟုတ်သလေ၊ မိန်းမဆို
သာ ဝေစားနိုင်တော့မပေါ့။

နောက် ချက်ကြီး မွေ
မီးက ထွက်ပြီး ကလေး ကင်
တဲ့အထိ ကိုယ်တော်မြတ်ကို
မလား အောက်မေ့မိပါတယ်။
တဲ့ နွား ခြိုခန်တော့တာပါပဲ။
တောင် မကတော့ဘူး၊ တရုတ်
က မိစိန်အေးတို့၊ ရွာလယ် မွေ
က တစ်ခုလပ် မိငွေပွင့်တို့၊
ခယ်မ မုဆိုးမ မိခွေးမတို့…
စုံတကာ စေ့သွားတာပါပဲ။
တွေကလည်း ပိန်းကောမ ဦး
ထောင်တွေဆိုတော ကျော
နဲ့ ထိပြီး ကျိုလိလိမြည်ကု
ငါ့မှာဖြင့် အိမ်စောင်



www.burmeseclassic.com

www.burmeseclassic.com

ည်နဲ့ ဝမ်းချ၊ဘာ ခံနေရတာပဲ။ ခုမှ
ဘာ့ ကျုပ်ဂ ဘယ့်နယ့်လုပ် မာနိုင်
ဘာ့မတုန်း။ သားတစ်ကောင်နဲ့ တွဲ
ကောင်းဖြစ်နေပေါ့ပဲဟာ။ နို့…ပြီး မှန်
ာ ပြောရမှာဖြင့် သူ့ကိုလည်း အရင်
လောက် သိပ်ပြီး အရေးမစိုက်ပေါင်။
ကိုယ့်သား ဝေယျာဝစ္စနဲ့ ကိုယ့်သားကို
နေရရင် ပျော်လို့။ သင်း ဘယ်
လောက်ယှုယှ၊ အသီးတစ်ရာ အညှာ
စ်ခုပေါ့၊ ငါဟာ ပွဲတက်မယားဆိုတာ
စ်ရွာလုံးအသိ။

အင်း…ကိုဘိုးထော်…ကိုဘိုး
တော်၊ လယ်လွန်းတဲ့ ဘီး ချေးသင့်လိမ့်
နော်လို့ ငါက တပွပွ သတိပေးနေတဲ့
ကြားက သားကလေး ချက်ကြီး ရှင်ပြု
ဲ နစ်ပေါ့။

တစ်ညာ၊ ငါ့နယ် အိပ်မက်မက်
လိုက်တာ။ အခုတွေးမိရင် ခုတောင်
ကြက်သီးထမိသေး။ ငါ့ခေါင်းက ဆံပင်
တွေ ခေါင်းလျှော်ရင်း တရော်ရည်နဲ့
ာ်တာနဲ့ ငယ်ထိပ်က အကွက်လိုက်
ကျွတ်ပါသွားသတဲ့တော်။ တကယ်
ည်း မထိတ်သာ မလန့်သာ။
ာ်ချင်း အိပ်ရာက လန့်နိုးလို့ ကိုယ့်
ဆံပင်တောင် ကိုယ်ပြန်စမ်းမိသေးရဲ့။
း…စိတ်မကောင်းလိုက်တာလေ၊
ဆိုလို ငိုချင်လာတာပဲ။ သူ့ကို အိပ်
ာ နိုးပြောမယ်လို့ ကြည့်လိုက်တော့
လား…သူကဖြင့် အိပ်နေလိုက်
ာ ဘာမှအပူအပင်မရှိသလို၊ လေး
ာ် လေးတန် ကားလို့။ တံခါးခါ
 ဟောက်များတောင် ဟောက်နေ
လိုက်သေး။

ရေနံတိုင် မီးခွက်ကလေးက
ည်း ခုလိုပဲ ထွန်းထားလို့။ သူ့
မျက်နှာကို ခင်သင်းလင်းပဲ မြင်လိုက်
ယ်။ တစ်သက်နဲ့ တစ်ကိုယ်၊
ယ်လင်ကိုယ် စေ့စေ့ကြည့်နေခဲ့မိ

ပေါင်း များပါပြီ။ ဒေါသနဲ့ ကြည့်မိတဲ့
အခါလည်း ကြည့်မိရဲ့။ ချစ်လို့ ကြည့်
မိတဲ့အခါလည်း ကြည့်မိရဲ့ အမှတ်တမဲ့
ပဲ။ အဲဒီနေ့ညကတော့ သူ့ကြည့်ရင်း
သူ့မျက်နှာဟာ ရေနံတိုင် မီးရောင်နဲ့
လှလိုက်တာလေ။ မညားခင် ကိုယ်က
ကွမ်းတောင်ကိုင်၊ သူက ရှင်လောင်း
ထိန်းတုန်းကလိုပါပဲ။ လှသမှ မျက်စိ
အောက်က အပျောက်မခံတဲ့ ကြည့်နေ
ချင်သလောက်။ အဲသလို ကြည့်ရင်း
ကြည့်ရင်းနဲ့ တဖြည်းဖြည်း ဝမ်းနည်း
လာလိုက်တာ မျက်ရည်တွေဟာ
တစ်ပေါက်ချင်း ကျလာတာပဲ။ ကြာ
တော့ သူ့လည်း နိုးပြောချင်တာနဲ့ နိုး
လိုက်တော့ သူ နိုးလာပြီး…

“ငါ့နယ်…လန့်လိုက်တာ ရွှေ
သွယ်ရယ်၊ ဟဲ့ - မိသွယ်၊ ဘာဖြစ်နေ
တာတုန်း။ တစ်ရေးကြီးနိုးမှ”

ကျုပ်လေ . . .ကျုပ်၊
ခေါင်းလျှော်တုန်း ငယ်ထိပ်က
ဆံပင်တွေ အကွက်လိုက်
ကျွတ်ပါလာသတဲ့တော်။
အဲဒီ ခေါင်းက ဆံပင်ဆိုတာ
ကိုယ့်ထိပ်က လူမဟုတ်လား။
တခြားတွေ ၎င်း၊
အင်း . . .တော့်မိဘတွေလည်း
ရှိတော့တာ မဟုတ်၊
ကျုပ်မိဘဆိုတာလည်း

“ကိုဘိုးထော်…ကျုပ်လေ…
ကျုပ် အိပ်မက်မကောင်းဘူးတော်”

“အောင်မလေးကွာ…မင့်နယ်၊
ညကြီးမင်းကြီး နိုးပြောရသလား။ မနက်
ကျမှ ပြောလည်း ပြီးတာပေါ့။ ဘာများ
ဘယ်လိုမက်လို့တုန်း”

“ကျုပ်လေ…ကျုပ်”

“ဩော်ကွာ…မင်းကလဲ၊ ဘုမသိ
ဘမသိ ငိုပြန်ပါပြီ၊ တကတည်း”

“မဟုတ်ဘူးနော်…မဟုတ်ဘူး။
ဘုမသိ ဘမသိ မဟုတ်ဘူး။ နိမိတ်
ကောက်ကြည့်စမ်း။ ဘယ်လောက်ဆိုး
သလဲ၊ ကျုပ် စိတ်မချတာ တော့်ပဲ…
တော့်ပဲ”

“မင်းကလည်း စိတ်မချတာတဲ
ပြောနေ၊ ဘယ်လိုဟာ ဘယ်ရယ်လို့
ဖြင့် မပြောသေးဘူး”

“ကျုပ်လေ…ကျုပ်၊ ခေါင်းလျှော်
တုန်း ငယ်ထိပ်က ဆံပင်တွေ အကွက်
လိုက် ကျွတ်ပါလာသတဲ့တော်။ အဲဒါ
ခေါင်းက ဆံပင်ဆိုတာ ကိုယ့်ထိပ်က
လူမဟုတ်လား။ တခြားတွေရင်၊ အင်း
…တော့်မိဘတွေလည်း ရှိတော့တာ
မဟုတ်၊ ကျုပ်မိဘဆိုတာလည်း ဆုံးလို့
ကြာ့ကြာလှပြီ။ ဒီတော့ တော်…
တော်၊ အမယ်လေး…မပြောကောင်း
မဆိုကောင်း တော်များ တစ်ခုခု…”

“ဟာကွာ၊ မင်းကလည်း မဟုတ်
တရုတ်တွေ။ ငိုမနေပါနဲ့ကွာ၊ တိတ်စမ်း
ပါ။ အိပ်မက်ဆိုတာ အိပ်ရင် မက်တာ
ပေါ့ကွ။ ဆောင်းတွင်းအိပ်မက်
ကယောက်ကယက်တဲ့”

“အခု ဆောင်းတွင်းမှ မဟုတ်တဲ့
မိုးတွင်းပဲဟာ”

“ဟာ…မိုးတွင်းလည်း မိုးက
သည်းနေတော့ အေးမဟုတ်လား
ရွှေသွယ်ရဲ့”

သူက အဲသလိုပဲ အရေးမပြ

www.burmeseclassic.com

သလို ငါ့ကို ပြန်ပြောတယ်။ ဟုတ်လည်း ဟုတ်ပါရဲ့ မိုးကလည်း မနက်ကတည်းက ရွာနေလိုက်တာ တစ်နေ့လုံး တစ်ညလုံး။ ခုလိုပါပဲတော်၊ ခုလိုပါပဲ။ ဒီညမျိုးပါပဲ။

"ဒါပေမယ့်တော် ကျုပ်တော့ စိတ်ထဲမှာ စနောင့်စနင်းဖြစ်နေတာပဲ"

"ဟယ်…အိပ်မက် မက်ပြီးများ စနောင့်စနင်းဖြစ်စရာ။ မဟုတ်တာကွာ၊ ငါကရော သေကောင်ပေါင်းလဲ ဖျားနာနေတာ မှတ်လို့၊ ဒီမှာ…ဒီမှာ အိပ်မက် မက်တယ်ဆိုတာ အိပ်မက်ခြင်း အကြောင်းတရား ငါးပါးရှိသကွ၊ ဘုရားဟော အကျိုးပေးချင်လို့ မက်တာလည်း ရှိတယ်။ အိပ်ရာနေရာ မသန့်လို့ မက်တာလည်း ရှိသတဲ့"

"တော်ဥစ္စာ ငါးပါးလည်း ဆိုသေး ငါးပါးမှ မပြည့်သေးဘဲ။ နောက်ဟာတွေရော"

"နေပါဦး။ အင်း… ထမင်းစားပြီး ခြေဖဝါးမှာ ထမင်းလုံးကပ်နေလည်း မဟုတ်မဟတ်တာတွေ မက်သတဲ့။ ငါ မမှတ်မိတော့ပါဘူး။ ကျောင်းတုန်းက ဘုန်းကြီး သင်တော့ သင်ပေးတာပဲ။ မင်းခြေထောက် မင်းပြန်ကြည့်စမ်း၊ ထမင်းလုံးများ ကပ်နေသလား။ တို့ငယ်ငယ်တုန်းက ကြည့်ပါလား၊ ထမင်းလုံး ခြေဖဝါးကပ်ပြီး အိပ်ရင် ထမင်းလုံးတစ္ဆေခြောက်တာလေ။ ချောက်ကြီးထဲ ကျသွားလိုက်တာများ အသည်းထဲ အေးသွားတာပဲ။ နောက် တကယ်ကျတာလည်း မဟုတ်ဘူး မဟုတ်လား။ အဲဒီလိုပဲပေါ့"

အဲဒါသာ ကြည့်တော့၊ ကိုဘိုးထော်တို့များ ဗဟုသုတနည်းပါးလိုက်တာ။ သူမှာ စာပေကျမ်းဂန်ဆိုလို့တာမှ ရေရေလည်လည် မသိဘူး။ သူများတကာဆို သံပြိုဟ်စကားပြောကြ၊ အဘိဓမ္မာစကားပြောကြ၊ အလှူအိမ်၊ မသာအိမ်ဆိုရင် သံဃာစင်နားမှာ ရှိတဲ့ အရွယ်ပေါ့။ သူဖြင့် ဟုတ်ပေါင်။ အရက်ဆိုင်၊ ကစားဝိုင်းနဲ့ မိန်းမဝိုင်းတွေမှာသာ အချိန်ကုန်ခဲ့ရတာ။ ဒီတော့ ငါက သူ့ကို အတွန့်တက်လိုက်မိသေးတယ်။

"ကိုယ်သိစောင့်နတ် ဆယ့်နှစ်ပါးက အိပ်မက်ပေးတာရော ကိုဘိုးထော်ရဲ့ ပွဲထဲများ ကြည့်ပါလား။ မင်းသမီး မင်းသားကို နတ်က အိပ်မက်လာပေးတာလေ"

"ဟယ်…ဒါက ဇာတ်ထဲ လွမ်းအောင် ကြံကကြံတာပါကွာ။ ကိုယ်စောင့်နတ် ဆယ့်နှစ်ပါးစလုံးကသာ အိပ်မက်လာပေးနေရင် မိုးသာ လင်းရော အိပ်ရမှာ မဟုတ်ဘူး။ ဟဲဟဲ… အိပ်စမ်းပါကွာ စိတ်ချလက်ချ။ မင်းကြောက်ရင် ငါဖက်ထားမယ်၊ ကဲ"

◆◆◆

နောက်တစ်နေ့မနက် အိမ်က ထွက်သွားလိုက်တာ အလောင်းတောင် အိမ်ပြန်မရောက်လာနိုင်တော့ဘူး။ ဦးသာကျော်တို့လယ်ကွက်ထဲ အဝိုင်းဝိုင်း အတစ်တစ်သာ ဖြစ်လုနီးရော။ ဒါနဲ့ သူကြီးအိမ်ရောက်၊ သူကြီးအိမ်ကနေ မြို့က ဂါတ်ရောက်၊ ဂါတ်က တစ်ခါ ဆေးရုံရောက်၊ ငါ့မှာတော့ သူ့နောက်က တကောက်ကောက် ချက်မတတ် သွားလေရာ လိုက်ရတာပဲ။ ဒါပေမယ့် ဆေးရုံကနေ မြို့သင်္ချိုင်းရောက်တဲ့နောက် ငါ ဆက်မလိုက်သာတော့ဘဲ ရွာကို တစ်ယောက်တည်း ပြန်ခဲ့ရတယ်။ ငါ့ကိုယ်ငါ သင်္ချိုင်းမှာ မတ်တတ်က လဲကျတာတောင် တစ်တွင်းထဲ အတူမသေရဘူး။ ရှင်လူထွက်စ ချက်ကြီးဆိုတာကလည်း မျက်စိသူငယ် နားသူငယ်ကလေးနဲ့ ငိုလိုက်တာလေ

တရှုံ့ရှုံ့ပေါ့။ သူ့ငိုလေ ကိုယ်
လေ။ အသည်းတွေတောင် ပြ
တော့မလား အောက်မေ့လိုက်

ရွာရောက်တော့ရော
မနေတတ် မထိုင်တတ်ကြီးပဲ။
နေဝင်ရီတရောအချိန်များဆိုရင်
သွားတာကို မေ့နေပြီး ကြ
ခေတ္တခဏသွားနေသလိုလို၊
ပဲ အတော်ကြာ ထပြန်လာ
လို၊ အရက်တွေ မူးပြီး
လူ့ရှာလေး ယိုင်တိယိုင်ထိုး ပြ
မလိုလို။ ညဦးဆိုပြန်ရော အိ
ပိတ်ထားတုန်း "ဟေ့…ရွေ
ဟဲ…ဟဲ…ဝေါ့…ဟော
အရက်သံနဲ့ မူးမူးကြီး အော
အန်သံ ကြားရဦးမလိုလို၊ လာပြ
အတင်းထုနေဦးမလိုလို စောင့်
မိသေးတယ်။

နောက် အတန်းကြီး တွေ
မှ မပြန်လမ်း မြန်းရရှာတာကို
သတိရနိုင်တော့တယ်။ အဟု
ငါ့မှာ သူ့ကို တစ်ရက်၊ နှစ်ရက်
ကလေးမှ အိပ်ရာထဲ လဲနေတာ
မြင်ရခဲ့တာမှ မဟုတ်ဘဲ။ လော
လတ်လတ် ဖျတ်ခနဲ ဖြစ်သွာ
မဟုတ်လား။ မနေရလို့ သေရ
ဆန်ပြုတ်ကလေးတစ်ငွန်း။
ကလေးတစ်ခွက် တိုက်လိုက်ရ
သေးရဲ့နော်။

ခြော်…ကိုဘိုးထော်…
ထော်၊ သတ်သွားတာ လက်
တရားခံမှ မမိ။ ကိုယ်ကလည်း
ဟိုလူ့ဖမ်းစစ်၊ ဒီလူ့ဖမ်းစစ်၊ တစ်
သူနဲ့ ရန်စ မကင်းသလိုဖြစ်နေ
ဘယ်သူမှ ခြေရာမကောက်နိုင်ကြ
ဘူး။ သက်သေ သက္ကာယ
တစ်ကောင်တစ်မြီးမှ မ
သိပဲ တကယ်မသိကြလို့လား။

www.burmeseclassic.com

www.burmeseclassic.com

အမြင်ကတ်ကတ်နဲ့ ပါးစပ် ရေငုံထား ကြလေသသလား။

ကိုဘိုးထော် ဆိုးတာတော့ ဆိုးတာပါပဲ။ ကိုယ့်လင်ဆိုးတာ ကောင်းတယ်လို့ မငြင်းချင်ပါဘူး။ ဒါပေမယ့်တော်၊ မသကာ ထိပ်ပေါက်၊ ခေါင်းကွဲ ရိုက်လိုက်ရုံ ရိုက်လိုက်ပါတော့။ ဒါသောက်နဲ့မှ ရန်ငြိုးမပြေလည်း တစ်ချက်တလေ အသက်နဲ့ ဖေးတဲ့နေရာ ခုတ်ချင်လည်း ခုတ်လိုက်ပါတော့။ အခုတော့…အခုတော့ သေပြီးတဲ့နောက်မှ စိမ်ပြေနပြေ ငါးကို မွှန်းသလို မွှန်းထားရက်တာ လွန်လွန်းလှပါသတော်။ ဟင်းဟင်း…ငါ မိန်းမသားဖြစ်ပေမယ့် သူ့သတ်တဲ့လူ မသိရလား။ သိမှား သိရရင် ဒင်းကို ဓားနဲ့တောင် ခုတ်ချင်ဘူး၊ လက်ခုပ်ထဲ ထည့်ပြီး စိစိညက်ညက်ကြေအောင် ခြေလိုက်ချင်သေးတော့။

◈◈◈

အဲမေသွယ်ခေါ် ဒေါ်ရွှေသွယ်သည် မျက်စိကလေး ပေကလတ်ပေကလတ်လုပ်ပြီး အံကြိတ်လိုက်မိသည်။ အိမ်ရာနားက ရေနံတိုင် မီးခွက်ကလေးမှာလည်း သူ့ကို အားကျ၍ မီးတောက်ကလေး ပေကလတ် ပေကလတ် လုပ်နေလေသည်။ မိုးကတော့ မှန်မှန်ပင်။

ဒေါ်ရွှေသွယ်၏ မျက်လုံးအစုံမှာ အသြကြောင့် မီးရောင်တွင် တဖိတ်ဖိတ်တောက်ပြောင်လျက်ရှိသည်။ သူ့စိတ်နှင့် သူ့ဒေါသမှာ တကယ့်ကို ပြင်းထန်သည်။ မကြာသေးမီကမှ သဗ္ဗေသတ္တာ အဝေရာ ဟောနှု ဆိုပေမင့် ခွင်ပွန်းကို သတ်သွားသူအား တစ်စိကလေးမျှ အဝေရာ မဟောနှုချင်ပေ။ အခုတွေ့၍ အခုသာ လုပ်ရလျှင် ဓားနှင့် ဖြစ်ဖြစ် ခုတ်ပြလိုက်ချင်သေးသည်။



သူ့ကို သတ်၍ အစိုးရ ကြိုးမိန့်ကို အားကိုးကာ သူ့ယောကျ်ား ကိုဘိုးထော်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားချင်ပါသေးသည်။ နို့ပေမယ့် လောကကြီးမှာ သံယောဇဉ်ကလေးတစ်ခုတော့ ကျန်နေရစ်ဦးမည်။ သူ့ကြောင့်…သူ့ကြောင့် လောကကြီးထဲက မထွက်ချင်သေးပါ။

ချက်ကြီး…ချက်ကြီး၊ ဤချက်ကြီးသာ အဲမေသွယ်၏ တစ်ခုတည်းသော ခိုင်မြဲနေသည့် သံယောဇဉ်ဖြစ်တော့သည်။ ကိုဘိုးထော် ပစ်သွားကတည်းက ချက်ကြီးကိုသာ အစလိုက် အပုံလိုက် အာရုံစိုက်၍ ချစ်နေရသည်။ ချစ်လည်း ချစ်စရာ အလွန်အမင်းကောင်းပါသည်။ ချက်ကြီးကား အဖေတူသားမဟုတ်ပါလော။ ကိုဘိုးထော် ချောသလို ချောသည်။ ခေတ်ကာလအလိုက် ထိုးကွင်း ဒူးကျ မရှိတာက လွဲလို့ အရွယ်၊ အရပ်၊ မျက်ခုံး မျက်လုံး၊ နှာကျပါးကျ အတော်တူသည်။ စိတ်သဘောကတော့ ကြည့်ပါဦး။ ရွှတ်တိရွှတ်ထိုး ငေါက်ဆတ်ဆတ်နှင့် တစ်ရှူးထိုး။ အသောက်အစားကို ကြည့်ဦးမလား၊ နေ့မလင်း ညမလင်း။

ညညာ အိမ်ပြန်လာလျှင် သူ့အဖေလို ခပ်တွေတွေ ခပ်ယိုင်ယိုင်ပြန်လာလေ့ရှိသည်။ ဒါကိုပဲ အမေသွယ်က ချစ်နေရသည်။ သူ့လင်နှင့် တူလွန်းလို့ ချစ်နေတာ အမှန်ဖြစ်သည်။ ထို့ကြောင့်ပင် ကိုဘိုးထော်နှင့် သရုပ်တူလွန်းလှသည့်အတွက် ပြင်းပြင်းထန်ထန် မကန့်ကွက်။ သူ့ အသောက်ပျက်သွားမှာတောင် သူ မသိအောင် စိုးရိမ်လိုက်မိပါသေးသည်။ ကိုဘိုးထော်၏ ကိုယ်ပွားကလေး၊ ကိုဘိုးထော်၏ လမ်းစဉ်မှ သွေဖည် ဖောက်လွဲသွားလျှင် ကိုဘိုးထော်၏ သရုပ်သကန်တွေ ပျောက်၍ မျက်မှောက်မှာ မမြင်ရမည်ကို စိုးသည်။ နောက်တစ်ခုရှိပါသေးသည်။

"မသွယ်ရာ… ငွေမျှော ငွေနဲ့ လိုက်ရမှာမို့ပါ။ မင့် ကြံဆစ် လက်ကောက်ကလေး ပေးပါ။ ဒီတစ်ခါတည်း၊ ဒီတစ်ခါတည်း။ ဘုရားစူးစေ့ ဒီတစ်ခါတည်း"

ဟု ကစားဝိုင်းမှ ထလာပြီး တောင်းသော လေသံမျက်နှာမျိုး အတိုင်း…

"အမေရာ…ငွေမျှော ငွေနဲ့ လိုက်ရမှာမို့ပါ။ အမေ ငွေငါးကျပ်ပေးပါ။ ဒီတစ်ခါတည်း၊ ဒီတစ်ခါတည်း။ ဘုရားစူးစေ့ ဒီတစ်ခါတည်းပါ မေရာ"

ဟု အပြီးသတ်တွင် အမေမှ ပီပီသသ မခေါ်တော့ဘဲ ခပ်ချွဲချွဲနှဲ့ တောင်းသည်မှာလည်း သူ့အဖေ ကိုဘိုးထော်နှင့် တစ်ထေရာတည်း။

မသွယ်ဟု ခေါ်တာနှင့် အမေဟု ခေါ်တာသာ ကွဲခြင်းဖြစ်သည်။ နောက်တစ်ခု ကြံဆစ် လက်ကောက်ကလေးကို တောင်းတာနှင့် ဘူးစင်ကဲ ဘူးသီးရောင်းထားသော ငွေငါးကျပ်တည်းကို



www.burmeseclassic.com

www.burmeseclassic.com

တောင်းတာသာ ကွာခြားသည်။ ဒါက လည်း အခြေအနေလိုက်သာ ကွဲခြင်း ဖြစ်သည်။

ကိုဘိုးထော်လက်ထက်က အိမ်ကြီးရခိုင် ရွှေပိုင် ငွေပိုင်ရှိသေးသည့် အတွက် ရွှေလက်ကောက်ကို သူ့ အဖေ တောင်းနိုင်သည်။ ယခုအချိန်မှာ တော့ ခရမ်းသီးပိန်၊ မားတုံး၊ မားမ နောက်ပိတ်ခွေး ဖြစ်နေသောကြောင့် သူ့ခမျာမှာ သူ့အဖေတောင်းသလောက် မှ မတောင်းနိုင်ရှာပေ။

အမေသွယ်ကမူ ကြိုးဆစ် လက်ကောက်ကလေး ရှိများ ရှိသေး ရင် ချက်ကြီး ကျေနပ်သွားအောင် ပေးသော ပေးလိုက်ချင်ပါသေးသည်။

ဖအေထက် သာတာ ချက်ကြီး မှာ တစ်ခုရှိသည်။ ချက်ကြီးကား သူ့ အဖေလို မိန်းမဘက်ကိုတော့ မရိုက် စား။ ယခု လူပျိုကြီးဖားဖား အသက် နှစ်ဆယ်ကျော်၍ အစိတ် သုံးဆယ်ထဲ ရောက်ခဲ့ပြီ။ ရွတ်တိုရွတ်ထိုး ကြမ်းပိုး လို နေချင်သာ နေမည်။ မိန်းမဘက် ဆိုလျှင်တော့ ရည်းစားမှ မထားဘူး သေး။ ဒါကြောင့် သူ့အဖေထက်ပင် ချစ်စရာကောင်းလှသည်။ သူသာ သူ့ အဖေလို မိန်းမတွေနှင့် ရှုပ်ယှက်ခတ် နေမည်၊ အိမ်ထောင်ရက်သား ပြုမည် ဆိုလျှင် အမေသွယ် ရင်ကွဲမလား မသိ။ သူ့မေတ္တာအတုံးအခဲကြီးကို မိန်းမတစ်ယောက်လက်ထဲ ဝကွက်၍ မအပ်လိုက်နိုင်ပါ။ ဆိုးကာမှ ဆိုး၊ တေ ကာမှ တေ၊ လူပျိုကြီးဘဝနှင့် နေတာပဲ မောင်မင်းကြီးသားကို ကျေးဇူးအများ ကြီး တင်နေရသေးသည်။ အမေ အနှစ် နှစ်ဆယ်-အစိတ် သက်ဆိုးရှည် အောင် မွေးလာခဲ့ပြီးမှ တစ်လ နှစ်လ အတွင်း တွေ့ရသည့် မိန်းမနောက်သို့ ကောက်ကောက်ပါအောင် မအော်ကို ခြေစုံကန်၍ ပစ်သွားမှာ ဓမ္မတာမို့ အစိုးရိမ်ကြီး စိုးရိမ်နေသည့်အတွင်း ချက်ကြီးထံမှ "မ"သတင်း မကြားရ ခြင်းက အမေသွယ်မှာ တစ်မီးအေးလှ သည်။

◈◈◈

"အင်း... ပါသားကြီး ဘေးရန် ခပ်သိမ်း ငြိမ်းပါစေ၊ မြန်မြန်လာပါစေ တော့"

အမေသွယ်သည် သူ့ဘာဝဖြစ်စဉ် ၏ ပျော်ခန်းရွှင်ခန်း၊ ဆွေးခန်းတွေ စုံလို့ စီသွားသောကြောင့် ဖအေတူ သားကြီး ကို တောင့်တလိုက်သည်။

ကြက်ဦးတွန်ချိန်ကား ရောက်ခဲ့ ပြီ။ ချက်ကြီးကား ပြန်မလာနိုင်သေး။ မိုးကလည်း မတိတ်သေး။

"တယ်... ဒီကောင်လေး ဒီနေ့ည မှ ကြာလိုက်တာနော်။ သာခွေးတို့အိမ် က ကြက်ဝိုင်း ကောင်းနေပြန်ပြီလား။ နိုင်နေလို့သာ ဌွဲနူပဲကြီးနေဟန်တူရဲ့။ ရှုံးလို့ ကုန်ပြီး ဖြိုခါပြာခါကျရင် ဒင်း ပြန်ပြီး ပိုက်ဆံတောင်းတတ်သေးရဲ့။ အလို...ဘာသံတွေပါလိမ့်၊ တောင် ပိုင်းက ဆူညံ ဆူညံပါကလား"

အမေသွယ် အိပ်ရာထဲက ကြား လိုက်မိသလိုလိုဖြစ်သော လူသံများမှာ ပို၍ကျယ်လာသောကြောင့် အမေသွယ် ခေါင်းနပန်းကြီးသွားကာ အိပ်ရာမှ ဆတ်ခနဲ ထထိုင်လိုက်မိသည်။

"ချက်ကြီး...ချက်ကြီး၊ မင်းပဲ ဖြစ်မှာပဲ။ ဖဲဝိုင်းမှာ ရန်ဖြစ်ပလား"

"လိုက်ဟ...လိုက်ဟ၊ မြောက် ဘက်ကို ပြေးတယ်၊ မြောက်ဘက်ကို ပြေးတယ်"

လူလေးငါးယောက် ပြိုင်အော်၍ ညာသံပေးကာ ပြေးလိုက်ကြသော အသံကို ဆက်၍ ကြားရပြန်လေပြီ။ မြောက်ဘက်ကို ဆိုသည်ကား အမေ သွယ် နေသော အိမ်စုကို ဆိုလိုဟန် ရှိသည်။

"အင်း...ချက်ကြီးများ လူရိုက် ပြေးလာပြန်ပလား။ တယ်ခက်ပါ သားပဲနော်"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ကသော ကမျော ပြေးလာတဲ့ သူ့ခြေသံပဲ။ သူ့ နောက်က လူတွေက လိုက်တုန်း လား"

အမေသွယ်သည် အိပ်ရာထဲ ကမန်းကတန်းထကာ အိမ်တံခါး ဖွင့်ကြည့်လိုက်သည်။ မှောင်နှင့် မည်းမည်းထဲတွင် မသဲမကွဲပြေး သော သဏ္ဌာန်ကို တွေ့လိုက်ရသည်။ ထွက်ပြေးလာသူသည် ကမူးရှူးထိုး အမေသွယ်၏ တဲအိမ်ယော်ကိုပင် ကျော်ပြေးတော့မည် ရှိသဖြင့်...

"ဟဲ့...လူလေး၊ ဝင်ခဲ့...ဝင်ခဲ့ အမေ တံခါးဖွင့်ထားတယ်"

ဟု ဖိတ်မန္တက ပြုလိုက်ရသည်။ ဒီတော့မှ ဟောဟဲလိုက်နေသော သူငယ်သည် အမေသွယ်၏ တဲအတွင်း သို့ စွတ်စွတ်ရွတ်ရွတ်ဝင်နိုင်ဖို့ သတိ ရတော့သည်။

"ဘာဖြစ်လာရပြန်တာလဲ သား ရယ်၊ မင့်နယ်..."

ဟု မြည်တမ်းရင်း နောက်က လိုက်လာသူတွေ မရောက်လာခင် တံခါးကို ပြန်ပိတ်ပြီးမှ သမင်လည်ပြန် ကြည့်လိုက်မိသောအခါ အမေသွယ် သည် ပါးစပ်အဟောင်းသား အံ့အား သင့်သွားမိသည်။

"ဟဲ့ - ဘယ်သူတုန်း၊ မင်းက ဘယ်သူတုန်း"

လူငယ်သည် မောဟိုက်နေသည့် ကြားက အသနားခံသလို မျက် ကလေး ငယ်စွာနှင့် "နေပါဦး ကျွန် ပြောပါ့မယ်"ဟု ဆိုသည့်အသံ



www.burmeseclassic.com

www.burmeseclassic.com

အက်တစ်ဖက်က ရင်ကို ဖိ၍ လက်တစ်ဖက်က အမေသွယ်ကို လက်ဝါးအာပြထားသည်။

"မင်း ဒီရွာက မဟုတ်ပါဘူး။ ငါ မမြင်ဖူးဘူး ထင်တယ်"

လူငယ်သည် စကားမပြောနိုင်သေးသောကြောင့် ခေါင်းညိတ်ကာသာ ခံနေသည်။ အရွယ်ကတော့ ချက်ကြီးတို့အရွယ်။ ချက်ကြီးနှင့် မတိမ်းမယိမ်း။ လူရည်လူသွေးကတော့ မြို့ကြီးသားနှင့် သဏ္ဍာန်တူသည်။ ဝတ်ကောင်းစားလှနှင့် ရည်ရည်မွန်မွန်ရှိသည်။

"ကျွန်တော်...ကျွန်တော် ခရီးသွားသူ့သည်...သည်ပါ ခင်...ခင်ဗျာ"

"အေးအေး၊ မောနေရင် စကားမပြောနဲ့ဦး။ ဟောဟိုမှာ သောက်ရေအိုး၊ ရေသောက်လိုက်ဦး။ နေဦး...နေဦး အမော်ပြေဦး၊ မင်းတို့အရွယ်တွေ တယ်ခက်ကြသကိုး"

အမေသွယ်၏ စကားမှ မဆုံးသေး၊ လူစုလူဝေးတစ်စု အမေသွယ်အိမ်ရှေ့သို့ ရောက်လာသံ ကြားရသည်။ သူတို့အချင်းချင်း မျက်ခြည်ပြတ်သွားသော လူငယ်အကြောင်းသာ ပြောနေကြသည်။

"ဒီနားလောက်မှာ ပျောက်သွားတာကွ"

"ဟုတ်တယ်...ဟုတ်တယ်၊ တစ်အိမ်အိမ်များ ဝင်ခိုနေမလား"

အမေသွယ်က သူငယ်ကို လှည့်ကြည့်လိုက်မိသည်။ လူငယ်၏ မျက်နှာမှာ ဆီးရွက်ကလေးလောက်သာ ရှိတော့သည်။ ရှန်းစိုသော မျက်လုံးအစုံက ကတုန်ကယင်ဖြစ်နေသော သူ့ကိုယ်နှင့်အတူ...

"အမေကြီးရယ်... အမေကြီး

ညှိ့သည်ကလေးကို
ကြည့်လိုက်ရာ ထိုညှိ့သည်၏
မျက်နှာမှာ သေခါနီး လူမမာများ
ဖြူဖပ်ဖြူရော်နှင့်
မျက်လုံးကြီးကြောင်နေသလို
ကြောင်တက်တက်ကြီး
ဖြစ်နေတော့သည်။
တစ်ခဏချင်း ဆွံ့အသွားသကဲ့သို့
ပါးစပ်အဟောင်းသားကို
ပြန်၍ မစေ့နိုင်။
ထိုအခိုက် အိမ်နီးချင်း ကိုသာငှက
ဆူဆူညံညံကြား၍ နီးလာသလို ...

သနားမှုပါပဲဗျာ။ ကျွန်တော့်အသက် အမေကြီးလက်ထဲ ဖြစ်နေပါပြီ"

ဟု အသနားခံနေသလို မြင်ရလေရာ အမေသွယ်သည် သားချင်းစာ၍ ကရုဏာအကြီးအကျယ်ဖြစ်လိုက်ရသည်။ သူ့သား ချက်ကြီး ပထမဦးဆုံး လူရိုက်ပြီး ပြေးလာခဲ့တုန်းက ဤကဲ့သို့ မျက်နှာထား၊ ဤကဲ့သို့ ကတုန်ကယင်၊ ဤကဲ့သို့ပင် မျက်ကလူး ဆန်ပျာဖြစ်နေရှာသည်ကို ပြေးမြင်မိတော့သည်။

လမ်းပေါ်က လူသိုက်မှာ လက်နိပ် ဓာတ်မီးများနှင့် အိမ်ကြိုအိမ်ကြားတွေ လိုက်ရှာနေဆဲပင် ဖြစ်သည်။ တစ်ခါတစ်ရံ သူတို့ ထိုးလိုက်သော ဓာတ်မီးရောင်သည် အမေသွယ်၏ တဲငယ် ကွက်တိကွက်ကျား အပေါက်ကလေးများက ဖ,င်းခနဲ လင်းခနဲ ထိုးဝင်လာသေးသည်။

"ကဲဟေ့...အမေသွယ်ကို နှိုးကြမလား"

လူတစ်ယောက်က သံတိုင်လိုက်သည်။

အိမ်ထဲက ညှိ့သည်လေးမှာ ကြောက်လန့်တကြား၊ ခေါင်းပု၍ဝင်သွားသည်။

အမေသွယ်ကတော့ "ဘာမှ မကြောက်နဲ့ တိတ်တိတ်နေ"ဟု အရိပ်အကဲပြလိုက်၏။

"ဟေ့ကောင်တွေ မယ်ကြီးကို နှိုးကြပါဦး၊ မနှိုးဘူးလား"

"သူ့သားတစ်ယောက်လုံး အသတ်ခံရတာ၊ နှိုးမပြောလို့ ဘယ်ဖြစ်မတုန်းကွ"

"ဗျို့...အမေသွယ်...အမေသွယ်"

အမေသွယ်မှာ မထူးလို့၍ မထူးလိုက်သည်မဟုတ်။ ထူးရမည်ကိုပင် မေ့သွားသောကြောင့်ဖြစ်သည်။ သူကြားလိုက်ရသော နားကို သူ မယုံရအခက်၊ ယုံရအခက်။ သူ့သား တစ်ယောက်လုံး အသတ်ခံရတာ ဆိုသော စကားမှာ ထပ်တလဲလဲ ကြားနေရသလို ရှိနေသည်။

ညှိ့သည်ကလေးကို ကြည့်လိုက်ရာ ထိုညှိ့သည်၏ မျက်နှာမှာ သေခါနီး လူမမာများ ဖြူဖပ်ဖြူရော်နှင့် မျက်လုံးကြီးကြောင်နေသလို ကြောင်တက်တက်ကြီး ဖြစ်နေတော့သည်။ တစ်ခဏချင်း ဆွံ့အသွားသကဲ့သို့ ပါးစပ်အဟောင်းသားကို ပြန်၍ မစေ့နိုင်။ ထိုအခိုက် အိမ်နီးချင်း ကိုသာငှက ဆူဆူညံညံကြား၍ နီးလာသလို...

"ဟေ့ကောင်တွေ...ဘာဖြစ်ကြတာလဲကွ၊ ဆူလို့ ညံလို့"

ဟု ထ,မေးရာ..

"ဩော်...ဦးလေး သာငှက၊

www.burmeseclassic.com

ချက်ကြီးပေါ့ဗျာ၊ ချက်ကြီး လူသတ်ခံရလို့"

"ဟင်..."

အမေသွယ်သည် လမ်းပေါ်က ဆက်ပြောနေကြသည်ကိုပင် မကြားလိုတော့ပေ။

"ဘယ်သူက သတ်သွားတာလဲကွ"

"လက်သည် မမိလိုက်ဘူး ဦးလေး သာဇံရ။ ဘယ်သူမှန်းလည်း မသိလိုက်ဘူး။ ဒီဘက် ထွက်ပြေးလို့ ကျုပ်တို့ လိုက်တာ ဒီနေရာတင် မျက်ခြည်ပြတ်သွားတယ်"

"ဖြစ်မှ ဖြစ်ရလေကွယ်။ မင်းတို့ကလည်း ဘယ်သူမှန်းမှ မသိလိုက်ရအောင် ဘယ်မှာ ဖြစ်ကြတာမို့တုန်း"

"လမ်းမှာ ဦးလေး သာဇံရ၊ လမ်းမှာ။ ဒီကောင့်ကိုကလည်း ကြုံဟ်မွှေတာပါ။ ကစားဝိုင်းမှာ ရှုံးလို့ ဓားမြှောင်တစ်လက်နဲ့ ဟိုလူဆီ ငွေချေး၊ ဒီလူဆီ ငွေချေးလုပ်နေတာ။ ကျုပ်တို့က ချော့လွှတ်လိုက်လို့။ အပြန်လမ်းမှာ ဘယ်သူနဲ့ တွေ့တယ် မသိပါဘူး။ သူကပဲ လုသလား၊ ရိုးရိုးပဲ ရန်ဖြစ်သလား မဆိုနိုင်ဘူး။ ကယ်တော်မူကြပါဗျို့ဆိုတဲ့ လူစိမ်းတစ်ယောက်အသံ ကြားလိုက်ရတာပဲ။ နောက်ပြီး ထွေလုံးရစ်ပတ် သတ်နေကြတာနဲ့ တူပါရဲ့။ ကျုပ်တို့ ကစားဝိုင်းက ထလိုက်တော့ သူ့ဓားနဲ့ သူပြန်ထိုးသွားတာပဲ"

ဤသို့ မေးသူက မေး၊ ဖြေသူက ဖြေနေစဉ် သူစိမ်းယောက်ျားပျိုကား သားကို သတ်ခဲ့၍ သူ့မိခင် အမယ်အိုထံ ဝင်ပုန်းနေမိသောအဖြစ်ကို စဉ်းစားမိတော့သည်။

သားမိုက်မိခင် အမယ်အိုကြီးကို မြင်ရသည်မှာ ရင်ထုမနာဖြစ်စရာကောင်းလှသည်။ အိုကြီးအိုမနှင့် မျက်ရည်တွေကျကာ တစ်ခဏချင်း ရူးသွားတော့မလို ထင်ရသည်။

"ကဲ - အမယ်ကြီး သဘောကျသလိုသာ လုပ်တော့။ အမေကြီးသားနဲ့ ကျွန်တော်နဲ့ ရန်စ ရှိကြတာလည်း မဟုတ်ဘူး။ ဒီနေ့ ကျွန်တော့်ရည်းစားကို တိတ်တိတ်လာခိုးတာ။ လမ်းမှာ သူနဲ့ တွေ့ပြီး ငွေလုလို့ လုပ်မိလုပ်ရာ လုပ်ခဲ့မိတာပဲ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အပြစ်ကတော့ ရှိနေပြီ"

အမေသွယ်သည် ရက်စက်သော လူသတ်သမား၊ ကိုယ့်သား၏ လက်သည်ကို အမိဖမ်းထားပြီးသား ရှိလေပြီ။ ကိုဘိုးတော် သေတုန်းက လက်သည်ကိုတော့ မမိ၍၊ မသိ၍ အနှစ်အစိတ် သုံးဆယ်သာ ကြာရော လုလုဝဝကြီး လက်စားမချေရ၊ အခုတော့ ကိုဘိုးတော်၏ သား၊ တစ်ဦးတည်းသော ရင်သွေးအား သက်တမ်းစေ့မနေရအောင် ဇီဝိတ်ခြွေ ခြွေလိုက်သူကို လက်ဝယ်ရပြီးသားဖြစ်သည်။

ထိုအပြောအဆို၊ အတွေးအခေါ်တို့မှာ စာနှင့် ရေးပြလျှင်သာ ကြာမည်ထင်သည်။ အချိန်ကတော့ တစ်ခယုတ်ကိုးဆယ်သော စိတ်၏ တစ်ခဏမျှသာဖြစ်သည်။

ထိုအခိုက် ရွာဦးကျောင်းမှ အုန်းမောင်းခေါက်လိုက်သည်။

"ဗျို့...အမေသွယ်...အမေသွယ်"

ဟု ဒီတစ်ခါတော့ အိမ်ပေါ်တက် တံခါးခေါက် နှိုးကြ၏။

"ဟေ..."

"ထပါဦး၊ အမေကြီးသား လူအသတ်ခံရလို့"

အမေသွယ်က တံခါးထဖွင့်တော့မည်ရှိရာ လူစိမ်းကလေးသည် အိမ်ကလေးအတွင်းဘက် ခပ်ကျကျရှိနေရာမှ အမေသွယ်နှင့်အတူ ထွ... လိုက်တော့မလို တံခါးနား ကပ်လာ... သည်။

အမေသွယ်သည် မျက်ရည်... ရွဲနှင့် သူငယ်ကလေးအား နောက်... တွန်းပစ်လိုက်ပြီး တုန်တုန်ယင်ယင်... သူ့အိပ်ရာထဲ လက်ညှိုးညွှန်ပြလို... သည်။ ထို့နောက် မိုးရွာထဲ ထီး... ဆောင်မပါ လူစုတွေနှင့်အတူ တကျ... ကုပ်လိုက်သွားရာသည်။ လမ်း... တစ်လျှောက်လုံးတွင်လည်း အမေ... သွယ်မှာ သားနှင့် ပတ်သက်၍ ... စကားမှလည်း မပြော၊ ဘာတစ်ခွန်း... လည်း မမေး၊ ဘုန်းကြီးကျောင်း... အုန်းမောင်းသံနှင့်အတူ...

သဗ္ဗေသတ္တာ အဝေရာ ဟော...
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီအတ္တာနံ ပရိဟရန္တု၊
ဒုက္ခာ မုစ္စန္တု၊
ယထာလဒ္ဓ သမ္ပတ္တိတော၊
မာဝိဂစ္ဆန္တု ကမ္မဿကာ...

ဟူ၍သာ တတွတ်တွတ် ရွ... ဆိုလိုက်ပါတော့သတည်း။■

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄၊ မတ်လအတွက်

# နာမက္ခရာဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

(အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ" အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ဝင်လာသောပစ္စည်း ပြန်ထွက်ခြင်း။ ထွက်သောပစ္စည်း ပြန်ဝင်လာကိန်းရှိသည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် ဆောင်ရွက်ရမည်။ ပညာရေးဆိုင်ရာ သင်တန်းတက်ရခြင်း၊ စာမေးပွဲဖြေဆိုမှု အောင်မြင်ခြင်း။ ...ရေး၊ ဘာသာရေးဆိုင်ရာ ကိစ္စများအားလုံး ကောင်းသည်။ ငွေဝင်သော်လည်း ငွေမမြဲ မစုနိုင်ဖြစ်နေမည်။ ပြည်တွင်းပြည်ပ ...ဆ မသွားသင့်သေးပါ။ လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။ ပုံမှန်အလုပ် ဆက်လုပ်တာ ကောင်းသည်။ သူတစ်ပါး ...ကြားဝင် အာမခံ၊ သက်သေလိုက်ခြင်း အထူးရှောင်ပါ။ သွားနာ၊ သွားကိုက်၊ အကြောရောဂါ ခံစားရမည်။ ထိဝါသနာပါက ...သပတေး၊ စနေသားသမီးနှင့် စပ်တူထိုးပါ။

...ဂင်းကျိုးပြုယတြာ - သက်ကြီးဝါကြီးအား မျက်နှာသုတ်ပဝါ၊ ပုတီး၊ ဓာတ်မီး ဒါနပြုပေးပါ။

### တနင်္လာနံအက္ခရာ

(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ကံဇာတာ ညှိုးနေသည်။ လိုတ ဒမရ ရတာ မလိုဖြစ်နေမည်။ အကြံအစည်လွဲချော်နေမည်။ ပညာရေးသင်တန်း ...မှ စာမေးပွဲ၊ အင်တာဗျူး အောင်မည်။ မိတ်ဆွေ ဆရာသမားထံမှ အကူအညီရမည်။ အိမ်ထောင်ဖက်နှင့် ခွဲခွာနေရမည်။ ...သူနှင့် လမ်းခွဲရမည်။ ထီး နာရီ၊ ဖိနပ်၊ အထည်၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဓာတုပစ္စည်း အရောင်းအဝယ် အဆင်ပြေမည်။ ...သည့်ကိစ္စမဆို တနင်္လာနှင့် သောကြာနေ့နံများ ရှောင်၍ ပြုလုပ်ပါ။ အကြီးအကဲ၏ ပြစ်တင်မှုကို ခံရတတ်သည်။ ...သမ်းများ ငွေကြေး၊ စာရင်းဇယားကိစ္စ ပြဿနာဖြေရှင်းရမည်။ အစားမှား၊ ဆေးမှားဖြစ်တတ်သည်။

...ဂင်းကျိုးပြုယတြာ - ရဟန်းသံဃာ၊ ဆရာသမားများအား ထီး နာရီ၊ အဝတ်အထည်၊ ဦးထုပ်၊ ဖိနပ် တတ်နိုင်သလောက် လှူပါ။

### အင်္ဂါနံအက္ခရာ

(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ဗုဒ္ဓဟူးနံ ရွှေ ရေ လျှပ်စစ် . . . စသည့် လုပ်ငန်းများ အရောင်းအဝယ် အဆင်ပြေမည်။ လုပ်ငန်းတိုးချဲ့ ...ကိုင်ရမည်။ ပညာရေးနှင့်ဆိုင်သော သင်တန်း၊ စာမေးပွဲ အောင်မြင်မှု ရရှိမည်။ သားသမီးထံမှ အကူအညီရခြင်း၊ သား ...အတွက် ဂုဏ်ယူစရာ ပေါ်ပေါက်မည်။ လူမှုရေး ပရဟိတလုပ်ငန်းများ ပါဝင်ဆောင်ရွက်ရမည်။ စေတနာသည် ...နာဖြစ်တတ်သည်။ အိမ်၊ ခြံ၊ ကား ရောင်းထွက်မည်။ မြေဝင်ကိန်း၊ တိုက်ခန်းဝင်ကိန်း ရှိသည်။ အကြွေးကိစ္စ၊ စာချုပ် ...မ်းကိစ္စ ပြဿနာဖြေရှင်းရတတ်သည်။ စက်ပစ္စည်းပျက်ခြင်း၊ စက်အတွက် ငွေကုန်ကျမည်။ မိဘကျန်းမာရေး ဂရုစိုက်ရ ...။ အိမ်ထောင်ရေး အချစ်ရေးအတွက် အဆင်မပြေဖြစ်နေမည်။

...ဂင်းကျိုးပြုယတြာ - တနင်္လာနေ့တိုင်း ငါး၊ ခို၊ ခွေးတို့အား အစာကျွေးပါ။ ငါး စားကလေးတစ်မျိုးမျိုး ရှစ်ကောင်လွှတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အကြံအစည် အောင်မြင်မည်။ လုပ်ငန်း၊ နေရာဌာန ပြောင်းရွှေ့ရကိန်းရှိသည်။ အတိုက်အခံ၊ အပြိ
လုပ်ကိုင်ရမည်။ ပြည်တွင်းပြည်ပ ခရီးသွားလာရမည်။ လူမျိုးခြား၊ နိုင်ငံခြား၊ မင်းစိုးရာဇာနှင့် ဆက်နွှယ်သောအလုပ်များ ဆော
ရမည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ ကြာသပတေးနှင့် စနေသားသမီးတို့ဖြင့် ပူးတွဲပေါင်းစပ် လုပ်ကို
အိုးအိမ်အဆောက်အအုံ မွမ်းမံပြင်ဆင်ရမည်။ လက်အောက်ငယ်သား၊ တပည့်၊ အလုပ်သမားများကြောင့် စိတ်ညစ်စရာပေါ်
မိဘဘိုးဘွား ကျန်းမာရေးညံ့မည်။ အစာအိမ်၊ လေရောဂါခံစားရတတ်သည်။ (၅၇၀)ပါသောထီ ထိုးပါ။

**ကောင်းကျိုးပြု ယတြာ** - မိဘဘိုးဘွားများအား စားစရာ၊ ဆေးဘူး၊ ဖျော်ရည်တို့ဖြင့် ကန်တော့ပါ။ ပိတောက်
ဗုဒ္ဓါဂုဏ်တော် နေ့စဉ်စိပ်ပါ။

## ကြာသပတေးနံအကျရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အမွေရ၊ ထီပေါက်၊ ကံစမ်းမဲပေါက် စသည့် ကောင်း
ကြုံတွေ့ရမည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမားနှင့် ပြန်ဆုံရမည်။ စပ်တူရှယ်ယာ လုပ်ကိုင်ရမည်။ တနင်္လာ၊ ဗော
အမည်ပါသူ သတိထား ဆက်ဆံပေါင်းသင်းပါ။ သားသမီး ပညာရေး စိတ်အေးရမည်။ ပြည်ပ ရပ်ဝေးရောက်နေသော သား
ထံမှ ကူညီထောက်ပံ့မှု ရမည်။ ဝန်ထမ်းများ သင်တန်းတက်ရခြင်း၊ လုပ်အားပေးတာဝန် အပိုထမ်းဆောင်ရမည်။ အလု
ပြောင်းခြင်း မကောင်းသေးပါ။ ဆုံးဖြတ်ချက်မှားတတ်သည်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့မည်။ ဆေးကုရမည်။ ထီဝ
၅အစ ၇အဆုံး၊ ၇အစ ၅အဆုံး ထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ကြာသပတေးနေ့နှင့် စနေနေ့တွင် ထောပတ်ဆွမ်း၊ ပဲနို့ ပလာတာ၊ ဒံပေါက်ဆွမ်း ကပ်ပါ။ ပိတော
ပိန္နဲသီး/အရွက် အဆင်ပြေရာ လှူပါ။

## သောကြာနံအကျရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိပြုလုပ်နေကျအလုပ် ပုံမှန်ဆက်လုပ်နေခြင်းသည် အကောင်းဆုံးဖြစ်သည်။ စပ်တူရှယ်ယာပြ
ငွေရင်းနှီးမြှုပ်နှံခြင်း မပြုလုပ်သင့်ပေ။ သူတစ်ပါးကိစ္စ အာမခံ၊ သက်သေလိုက်၊ ငွေချေးစား စသည့် အလုပ်များ အထူ
ခရီးဝေးသွားလျှင် ယတြာချေ၊ ရက်ရွေးပြီးမှ သွားပါ။ ဖြတ်လမ်းစီးပွားပြုလုပ်ခြင်း၊ ဥပဒေနှင့် မကင်းသောအလုပ်၊ လော
အထူးရှောင်ပါ။ ပညာရေး၊ ဘာသာရေး၊ လူမှုရေး(ပရဟိတ)အလုပ် ပြုလုပ်ပေးပါ။ မည်သည့်ကိစ္စမဆို မိဘဆရာနှင့် တိုင်
ပြုလုပ်ပါ။ အမည်တွင် ကြာသပတေးနံနှင့် စနေနံပါသောသူများဖြင့် ပူးတွဲပေါင်းစပ်လုပ်ကိုင်ပါ။ အိမ်ခြံမြေ ကား ရောင်းဝ

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ထီးဖြူ (၇)လက်လှူပါ။ ဖယောင်းတိုင်အဖြူ (၇)တိုင် ပူဇော်ပါ။

## စနေနံအကျရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ မြုပ်နေသော ငွေအရင်းအနှီးများ ပြန်ပေါ်မည်။ စီးပွားရေး
တိုးချဲ့ဆောင်ရွက်ရမည်။ ဝန်ထမ်းဆိုပါက ရာထူး၊ ဝင်ငွေ တိုးတက်မည်။ ကျောင်းသူ ကျောင်းသားများ ပညာရေးတွင် 
သလောက် အကျိုးထူး ခံစားရမည်။ ပြည်တွင်းပြည်ပ ယာယီခရီးသွားရမည်။ အိမ်တွင်းရေး စိတ်ပူစရာပေါ်တတ်သည်။ လု
အချစ်ရေးထက် ပညာရေး စီးပွားရေး ဦးစားပေး ဆောင်ရွက်ပါ။ လမ်းခရီးသွားရင်း စာရွက်စာတမ်း၊ ငွေပျောက်တတ်
ထီဝယ်နှုန်းပါက (၅၇၀)ပါသော ထီလက်မှတ်ရွေးထိုးပါ။ ဆိတ်သား၊ အဆီများသော အစာများ ရှောင်ပါ။

**ကောင်းကျိုးပြုယတြာ** - ပေါက်ပေါက်ဆွမ်း၊ ပဲမုန့်၊ ပျဉ်းမညွန့်၊ မေမြို့မုန့်၊ ပန်းသီး စသော ကြာသပတေးနံအ
ဒါနပြုပေးပါ။

*****

ကောင်းကျိုးဟိုရာဆရာ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ကြွယ် (ဖြူး)

# ငွေလည်ပတ်ဖို့ လိုချင်ရင် ငွေထီးစာတ်ကို ဆင်

တစ်နေ့သော နံနက်ခင်းအချိန်တွင် ကျွန်တော့်ထံသို့ ...ခင်နှင့်အတူ မမြမြဦးတို့ ရောက်ရှိလာသည်။ မမြမြဦး ...ကျွန်တော့်အတွက် ညေ့်စိမ်းတစ်ဦးမဟုတ်ပါ။ လွန်ခဲ့သော ...ခန့်ကပင် ဒေါ်စန်းခင်နှင့် ဆက်နွယ်၍ သိကျွမ်းရင်းနှီး ...သည့် ဗေဒင် ဝေနေယျတစ်ဦးဖြစ်နေသည်။ ထို့ ...ကြောင့်လည်း ကျွန်တော်ကပင် လောကဝတ် စတင်ပြုလိုက် ...သည်။

"မမြမြဦးရဲ့ ဆိုင်လေးကြည့်ရတာ ပစ္စည်းအမယ် ...တော်လေး စုံတာပဲနော်။ ဝယ်သူကလည်း အမြဲမြင် ...တယ်။ အရောင်းအဝယ် အဆင်ပြေတယ် မဟုတ်လား"

"အရောင်းအဝယ်ကတော့ အဆင်ပြေပါတယ် ဆရာ။ ...က လက်လီရော လက်ကားပါ လုပ်နေတော့ ပစ္စည်း ...င်၊ ဆိုင်လှအောင် မနည်းကြိုးစားရပါတယ်။ ပစ္စည်းစုံ ... ကျွန်မဆီကတစ်ဆင့် ဝယ်ရောင်းကြတဲ့ ဖောက်သည် ...လည်း များပါတယ်။ ကျွန်မဆီမှာ ပစ္စည်းစုံတော့ ...လည်း တခြားဆိုင်တွေ သိပ်မသွားတော့ဘူး။ အပေါင်း ... အသစ်ယူလုပ်တဲ့သူတွေလည်း များလာတယ် ဆရာ။

ကျွန်မဆိုင်အတွက် ပစ္စည်းတွေ တင်တဲ့အခါမှာ ကိုယ့် ...လက်ငင်းဝယ်တင်ရတာရယ်၊ လဆိုင်း အပေါင်းပေး ...ယူတင်ရတာရယ်၊ အပ်ကုန်အနေနဲ့ တစ်ပတ် ဆယ် ...အား ရှင်းရတာရယ်၊ အမျိုးမျိုးရှိပါတယ် ဆရာ"

ရောင်းအားက ကောင်းတော့ ဝယ်အားလည်း ကောင်း ...တယ် ဆရာ။ အဲဒီမှာ ကိုယ်ရစရာ အကြွေးတွေ များလာ ... ကိုယ်ပေးရမယ့် အကြွေးကလည်း များလာတော့တာ ... ကြားထဲ ကိုယ် လက်ငင်းဝယ်မှရတဲ့ ပစ္စည်းကျတော့ ဟိုဟာရောင်းထည့်ရ၊ ဒီဟာပေါင်ထည့်ရနဲ့ ဖြစ်လာတယ်။ အမြတ်အစွန်းက စာရင်းမှာတော့ အားရစရာကောင်းပါရဲ့။ ဒါပေမယ့် လက်တွင်းကိုင် ငွေကတော့ စိုစိုပိုပိုမရှိလှဘူး ဖြစ်နေတယ်။ အဲဒီကိစ္စလေး ရှင်းပေးပါဦး ဆရာ"

"ဟုတ်ကဲ့၊ ကောင်းပါပြီ မမြမြဦး။ မမြမြဦးရဲ့ အရောင်းအဝယ်လုပ်ငန်းမှာ ငွေကြေးလည်ပတ်မှု အဓိက အားနည်းသွားတဲ့ ပြဿနာလို့ ဆိုရမှာပါ။ ဒီကိစ္စပြေလည်ဖို့ အတွက် ကျွန်တော် အစီအရင်လေးတစ်ခုပြောပြပါ့မယ်။ ဒီအစီအရင်က ကျွန်တော့်ဆရာများ လက်တွေ့ စီရင် အောင်မြင်ခဲ့တဲ့ နည်းဖြစ်သလို၊ ကျွန်တော်ကိုယ်တိုင်လည်း စီရင်ဆောင်ရွက်နေတဲ့ နည်းတစ်ခုပါ။ အစီအရင်ရဲ့ အမည် ကိုတော့ "ငွေလည်ပတ်ချင် ငွေထီးဆင်"လို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ အဲဒီ အစီအရင်လေး ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာလေး ပြောပြပေးပါ"

"ကောင်းပါပြီ မမြမြဦး။ မမြမြဦးအနေနဲ့ ရဟန်းဆောင်း ထီး၊ ဒါမှမဟုတ် ကန္တာဒန်ထီးတစ်လက် ကြီးကြီး/သေးသေး အသစ်တစ်လက်ကို ဦးစွာဝယ်ရပါမယ်။ ပြီးတော့ ငွေတစ်ရာ တန်၊ ...ရာတန်၊ ငါးရာတန်၊ တစ်ထောင်တန်အသစ် (ရောင်း ...ယ်သုံးစွဲပြီးငွေ မဖြစ်စေရ) အမျိုးအစားအတူကိုပဲ ဖြစ်ဖြစ်၊ တစ်ရွက်တစ်မျိုးပဲ ဖြစ်ဖြစ်၊ ထီးအသေးအကြီးပေါ် မူတည် ပြီး ငါးရွက်၊ ခုနစ်ရွက်၊ ကိုးရွက် သင့်သလို ချိတ်ဆွဲရမှာ ဖြစ်ပါတယ်။ ချိတ်ဆွဲတဲ့အခါမှာ ပလတ်စတစ်အကြည် အနေတော်လေးတွေထဲမှာ ထည့်ပြီး အိတ်ရဲ့ အလယ်တည့် တည့်အဖျားမှာ ငွေကို မထိမနာစေဘဲ အပ်ချည်ကြိုးသန့်သန့် တစ်ထွာလောက် အရှည်လေးတွေနဲ့ တစ်ရွက်တစ်အိတ်



www.burmeseclassic.com

www.burmeseclassic.com

ထီးဖျားမှာ ချိတ်ဆွဲရပါမယ်။

အဲဒီ ငွေထည့်ထားတဲ့ အိတ်လေးတွေကို လေတိုက်ရင် လည်နေပါလိမ့်မယ်။ သံဃာဆောင်းထီးဆိုရင် ထီးရဲ့ ထိပ်ဖျားခရိုင် ဘုလုံးလေးမှာ ကြိုးသန့်သန့်ခိုင်ခိုင် တစ်တောင်လောက်အရှည်နဲ့ ချည်ပြီး ဘုရားရုပ်ပွားတော်အပေါ်မှာ ကပ်လှူ ချိတ်ဆွဲရပါမယ်။ ငွေတွေလည်သလို၊ ထီးကလည်း လည်နေမှာပါ။ အလားတူပဲ ကန္တက္ကဒန်ထီးကိုလည်း လုပ်နိုင်ရင် ကောင်းပါတယ်။ ဘုရားစင်နေရာ အခက်အခဲရှိရင်တော့ ဘုရားရုပ်ပွားတော်ရဲ့ ညာဘက်မှာ ကပ်မိုး လှူဒါန်းရပါမယ်။ လှူဒါန်းရမယ့်ရက်ကတော့ ဘယ်လမှာမဆို လရဲ့ လဆန်းပိုင်း တစ်ရက်က နေပြီး ၇ရက်အတွင်း လှူလို့ ဖြစ်ပါတယ်။ လဆုတ်ရက်တွေမှာတော့ မလုပ်ပါနဲ့။ နေ့အရတော့ မိမိရဲ့ မွေးနေ့နံနက် ၇နာရီမှ ၈နာရီအတွင်း အပြီးချိတ်ဆွဲ၍ ဘုရားရှိခိုး၊ ငါးပါးသီလခံယူပြီး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ရည်စူး ရည်မှန်းပြီး ငွေထီးတော်ကို ဆက်ကပ်လှူဒါန်းရပါမယ်။

ဆက်ကပ်လှူဒါန်းတဲ့အခါ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား… မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား သက်ကော်ထင်ရှားရှိသည် ထင်မှတ်၍ တပည့်တော် -----------နေ့ဖွား၊ -------------နေ့ သားသမီးဖြစ်သူ ---------------သည် ဤငွေထီးတော်အား ဆက်ကပ်လှူဒါန်းအပ်ပါသည် ဘုရား။ (အလှူခံတော်မူပါ ဘုရား)' ဟု ရွတ်ဆို ကပ်လှူရပါမည်။ ထိုသို့ ရွတ်ဆို ကပ်လှူပြီးနောက် ဤငွေထီးတော်အား တပည့်တော် လှူဒါန်း ဆက်ကပ်ရခြင်းကြောင့် ငွေကြေးလည်ပတ်မှု သွက်လက်မြန်ဆန်ရသည့် ဘဝမျိုးကို ရယူပိုင်ဆိုင်ရပါလို၏ အရှင်ဘုရားဟု ဆုတောင်း ခံယူရမှာ ဖြစ်ပါတယ်။

ဒီနည်းကို ခုနစ်နေ့ဖွား မည်သည့်နေ့သားသမီးမဆို သတ်မှတ်ရက်အတွင်း တစ်ရက်ရက်မှာ ပြုလုပ် ကပ်လှူပေးခြင်းဖြင့် ငွေနှင့်ပတ်သက်သော ရရန်၊ ပေးရန်ကိစ္စ၊ ငွေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်တာမှန်သမျှ ပြေလည်စေနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ဒီငွေထီးတော်ကို ကပ်လှူဒါန်းတဲ့အခါ ဘယ်နရက် လှူထားရမယ်၊ ဒါမှမဟုတ် ဘယ်လောက်ကြာတဲ့အချိန် စွန့်ရမယ်ဆိုတာရော ရှိပါသလား ဆရာ"

"မရှိပါဘူး မမြမြဦး။ ငွေနဲ့ ကြေးနဲ့ မကင်းသမျှ ကာလပတ်လုံး ရက်အကန့်အသတ်မရှိ ကပ်လှူထားနိုင်ပါတယ်။ တကယ်လို့ ကပ်လှူဒါန်းထားတဲ့ ထီးတော်[illegible] နွမ်းသွားရင်ပဲ ဖြစ်ဖြစ်၊ အရောင်မှေးမှိန်သွားရင်ပဲ [illegible] အသစ်လှူဒါန်းလိုတဲ့အခါ စွန့်လို့ ရပါတယ်။ ထီးတော်[illegible] ကို စွန့်မယ်ဆိုရင် နောက် ထီးတော်အသစ်တစ်ခု [illegible] ရပါမယ်။ အဲဒီအခါမှာ ထီးတော်အဟောင်းနဲ့ ထီး[illegible] အဟောင်းပါ ငွေတွေကို ပြန်မသုံးရပါဘူး။ စတင် [illegible] ဒါန်းစဉ်ကလိုပဲ အသစ်များကိုသာ သုံးရပါမယ်။

ထီးတော်ဟောင်းကို ဒီအတိုင်း မပြောမဆိုဘဲ [illegible] တာမျိုး၊ ဖြုတ်ပစ်တာမျိုးတော့ မလုပ်ရပါဘူး။ မြတ်စွာ[illegible] ရုပ်ပွားတော်အား ရှိသေစွာ ရှိခိုးဝတ်ပြုပြီး ဘုရား[illegible] တော်သည် ငွေထီးတော်အသစ် ဆက်ကပ်လှူဒါန်း[illegible] ဆန္ဒရှိပါသဖြင့် တပည့်တော်အား ငွေထီးတော်အ[illegible] စွန့်ခွင့် ပေးသနားတော်မူပါ ဘုရားလို့ စွန့်ခွင့် တောင်[illegible] မယ်။

ထီးတော်ဟောင်းပါ ငွေကိုတော့ ရဟန်း သံ[illegible] သီလရှင်၊ သက်ကြီးရွယ်အို အဘိုးအဘွားတို့ကို ပေးလှူ[illegible] မယ်။ ထီးတော်ဟောင်း စွန့်ပြီးရင်တော့ နေ့ချင်းပြ[illegible] တစ်ပတ် ခုနစ်ရက်ထက် မကျော်ဘဲ ဖြစ်စေ၊ ပြန်[illegible] ဆက်ကပ်လှူဒါန်းဖို့ လိုပါမယ်။ ထီးတော်သစ် လှူဒါန်း[illegible] တော့ ပထမ စတင်လှူဒါန်းတဲ့ အစီအစဉ်အတိုင်းပဲ [illegible] မှာမို့ ဘာမျှ အထွေအထူးမရှိပါဘူး"

ဟု ပြောပြလိုက်သည်။

မမြမြဦးက သူ ပါလာသည့် အသင့်သုံး လက်[illegible] ရည် တစ်ပါကင်နှင့် မုန့်တစ်ဘူးအား ကျွန်တော့်ထံ ကပ်[illegible] ပြီး ဦးချ ကန်တော့သဖြင့် ဆုပေးရသေးသည်။

"ယခုလို လှူဒါန်းကန်တော့ရသော အကြောင်း[illegible] ဖြင့် ငွေကြေးလည်ပတ် ပြေလည်မှုများ ရရှိ၍ ရောင်[illegible] ဖောက်ကားမှုများလည်း အဆင်ပြေကာ၊ ကာယသုခ၊ [illegible] သုခနှင့် ပြည့်စုံသော အကျိုးတရားများ ရရှိခံစားနိုင်ပါ[illegible] ဟူ၍ပင်။

ဤအစီအရင်အား ဆောင်ရွက်ကြကုန်သော မည်[illegible] နေ့နံဖွား သားသမီးမဆို ငွေလည်ပတ်ချင်၊ ငွေထီးဆင်[illegible] လာဘ်ဝင် ငွေရ၊ ကြွယ်ဝချမ်းသာ ဆန္ဒပြည့်ဝနိုင်ပါကြေ[illegible] ယုံကြည်မှုများစွာဖြင့် ရေးသား တင်ပြအပ်ပါသည်■

စေတနာကောင်းလျှင် ကံကောင်း[illegible]

* * *

မောင်တင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



စမအောင်

# ရာသီအေးအေး ချင်းပြုတ်ရည်နွေးနွေး

ဒီနှစ် ဆောင်းက အအေးပိုး၏။ ဆောင်းဝီသသည်။ သအေးများ ဝင်ရောက် နေရာယူမှုကြောင့် နေ့နေ့ညည ပြီး ချမ်းအေးလွန်းသည်။

အအေးပိုခြင်းကြောင့်ပင် အသံတွေ ကြားနေရသည်။ ာင်းသတင်းတော့ မဟုတ်။ သက်ကြီးရွယ်အိုတွေ ာ်တရက် ဆုံးပါးကြသည်။ ဒါတင်မက၊ လူလတ်ပိုင်းတွေ ာဖြတ်ကြ၏။ လေဖြန်းကြ၏။

ကျန်းမာရေး ဗဟုသုတနည်းတာလည်း ပါမည်။ ဘဝ ခြေအနေကြောင့် ပူခြင်း၊ အေးခြင်းကို ဂရုမထားနိုင်ဘဲ လွယ် နေထိုင်စားသောက်ကြတာလည်း ပါမည် ထင်၏။

ဆောင်းဥတုကာလကြောင့် အအေးပတ်ခြင်း၊ ဂရုမမူ း ရေချိုးမှားခြင်းများကြောင့် ကာ၊ စိတ်၊ ဥတု အာဟာရ ညီမျှဘဲ ရောဂါတွေ တန်းစီပြီး ဝင်ကြတော့သည်။

ဒါတွေကို သိထားပြီး ကာကွယ်စရာ နည်းလမ်းက ိသား။ ဆေးစရိတ်ကလည်း များများစားစားကုန်စရာမလို။ ၏ မီးဖိုချောင်သုံး ဟင်းချက် အမွှေးအကြိုင်ပစ္စည်းကို သုံးချတတ်ဖို့ပဲ လိုသည်။

ချင်းတက်အစိုကို အိမ်တိုင်းမှာ ဟင်းခတ်အမွှေး ကြိုင်အဖြစ် သုံးကြမှာ သေချာသည်။ ချင်းမှာ တကယ် သုံးတည့်သော မီးဖိုချောင်သုံး ပစ္စည်းဖြစ်၏။ တိုင်းရင်းဆေး း ဖြစ်သော အစာကြေဆေးနှင့် အခိုးပွင့်ဆေးမှန်သမျှတွင် ပါဝင်ရသည်။ ချင်း၏ ထူးခြားသော ဂုဏ်သတ္တိတစ်ခုမှာ ်ဆာရောဂါကို ကာကွယ်နိုင်ခြင်းပင် ဖြစ်သည်။

အအေးပတ်ခြင်းနှင့် ရေချိုးမှားခြင်းတို့မှာ အပူဓာတ် း ငုပ်သွားခြင်းကြောင့်ဖြစ်သည်။ ရာသီအေးအေးမှာ ချင်း အသုံးပြု ကာကွယ်သင့်သည်။

ချင်းတက်ကို ဓားဖြင့် ပါးပါးလှီးဖြတ်ပါ။ ခုနစ်လွှာရ အောင် လှီးပါ။ ပြီးရင် ထန်းလျက်(အမည်း) ခုနစ်ခဲနှင့် ကွမ်းရွက်သုံးရွက်ကို ယူပါ။ အားလုံးကို အိုးထဲ ထည့်ပြီး ဆားအနည်းငယ်နှင့် ရေချက်အေး မတ်ခွက်တစ်ခွက် ရောပြီး မီးအပူပေး ကျိုချက်ပါ။ သုံးပုံတစ်ပုံခန့် ကျန်အောင် ကျိုချက်ပါ။

ချင်းပြုတ်ရည်ကို တဖြည်းဖြည်းမှုတ်၍ သောက်သုံး လိုက်ပါ။ အအေးပတ်ခြင်း၊ နှာစေးခြင်း၊ ခေါင်းအုံ့ ခေါင်းကိုက် ခြင်းများ သက်သာပြီး အခိုးအငွေ့ပွင့်ကာ ချက်ချင်း ချွေးများ စို့လာပါလိမ့်မည်။

ချင်း၏ အပူကြောင့် သွေးဆင်းမှန်စေ၏။ ထန်းလျက် အမည်းတွင် သံဓာတ်များ ပါဝင်သဖြင့် သွေးအားနည်းခြင်းကို ကောင်းစေ၏။ ရာသီအေးသော ကာလတွင်း သွေးလေ ညီညွတ်မျှတစေရန် ချင်းပြုတ်ရည်ကို သောက်သုံးသင့်ပါ သည်။

အသက်ကြီးသူများ၊ ကိုယ်ခံအား မကောင်းသူများ အနေဖြင့် အေးသော ရာသီဥတုကို ကြံ့ကြံ့ခံနိုင်စေဖို့ ချင်း သုပ်ကို နေ့စဉ် စားသုံးပေးသင့်ပါသည်။

အအေးမိခြင်း၊ အအေးပတ်ခြင်း၊ ရေချိုးမှားခြင်းများ ကြောင့် သွေးတိုးခြင်းနှင့် ဦးနှောက်သွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်းများကိုပါ ခံစားနိုင်ပါသည်။ ထိုဝေဒနာဆိုးများ ကို ခုခံကာကွယ်နိုင်ဖို့ ချင်းပြုတ်ရည်နွေးနွေးလေးကို သောက်သုံးပေးသင့်ပါကြောင်း စေတနာဖြင့် ဝေငှလိုက်ရပါ သည်■

* * *

စမအောင်



www.burmeseclassic.com


www.burmeseclassic.com

အချိန်ကာလအားဖြင့် နှစ်ပေါင်း ၃၀ နီးပါးမျှ ကြာမြင့်ခဲ့ပါပြီ။

၁၉၈၅ ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့က ဖြစ်ပါ၏။

ရန်ကုန်မြို့ ကျုံးကြီးလမ်းနှင့် လမ်းမတော်လမ်းထောင့်ရှိ ထိုစဉ်က "ပဲ့ဘဂျီမ ဒေါ်ပုဆေးရုံ"ဟု ခေါ်သည့် ဆီးနှင့် ကျောက်ကပ် အထူးကု ဆေးရုံ၏ အထူးကြပ်မတ် ကုသဆောင် အတွင်းဝယ် ကျွန်တော်၊ ကျွန်တော့်ဇနီးနှင့် သူနာပြု ဆရာမလေးတို့ ရှိနေကြပါ၏။ ထိုနေ့က ရာသီဥတုသည်လည်း မိုးလင်းကတည်းက ကောင်းကင်တစ်ပြင်လုံး အုံ့မှိုင်းနေခဲ့သည်။ နံနက်ခင်း အိပ်ရာမှ နိုးလာသော ဇနီးဖြစ်သူ၏ မျက်နှာက မရွှင်ပျလှ။

"ခိုင်လေး... သက်သာလာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဟု နှုတ်ဆက်ရင်း ဇနီးသည်၏ မျက်နှာကို လက်ကိုင်ပဝါနုနုလေးဖြင့် သုတ်ပေးကာ မျက်နှာသစ်ပေးရန် ကျွန်တော်ပြင်လိုက်ပါသည်။ ဇနီးသည်က နွမ်းလျစွာ ပြုံးရင်း…

"ဒီနေ့ ဝါဆိုလပြည့်နေ့ မဟုတ်လား အစ်ကို၊ နေ့ခင်း အစ်ကိုပြန်ရင် သားလေးကို ခေါ်လာခဲ့ပါနော်"

အိမ်တွင် ထားရစ်ခဲ့သော ကျွန်တော်တို့သားလေးကို ဇနီးသည် တွေ့ချင်ပေလိမ့်မည်။ သို့သော်…

"ဟို လေးငါးရက်ကတင် ခေါ်လာခဲ့သေးတယ်လေ။ ကလေး ပင်ပန်းနေမှာပေါ့ နိုင်လေးရယ်။ နိုင်လေးလည်း ဆေးရုံက ဆင်းရတော့မှာပဲ"

ကျွန်တော့်စကားကို ဆုံးအောင်ပင် မပြောလိုက်ရပါ။ ဇနီးသည်က လက်ကာပြလိုက်ရင်း…

"ဒီနေ့ ခေါ်ဖြစ်အောင်သာ ခေါ်လာခဲ့ပါ အစ်ကိုရယ်"

ဟုသာ ပြောနေတော့သည်။

ကျွန်တော့်ဇနီး ဆေးရုံရောက်နေသည်မှာ ထိုနေ့က နှစ်ပတ်တိတိပြည့်လေပြီ။ အာဇာနည်နေ့ကတည်းက ဆေးရုံတက်နေခဲ့ရသော ကျွန်တော့်ဇနီးသည် ဆေးရုံတွင် နှစ်ပတ်ကြာမျှ တက်ရောက်နေရချိန်ဝယ် အသက် ဆက်လက် ရှင်သန်ရန် မျှော်လင့်ချက်မရှိသလောက် နည်းနေပြီဖြစ်ကြောင်း ကျွန်တော် သိရှိထားပြီးဖြစ်ပါ၏။

ကျွန်တော့်ဇနီးသည် အိမ်တွင် နေနေရာမှ ရုတ်တရက် ဆီး လုံးဝ သွား၍ မရတော့သဖြင့် ဆေးရုံသို့ ရောက်ခဲ့ရသည်။ ဆေးရုံတွင် စစ်ဆေးကြည့်တော့ ကျောက်ကပ်နှစ်ခုလုံး အလုပ်မလုပ်တော့ဟု သိခဲ့ရသည်။ ထိုစဉ်က ယခုခေတ်ကဲ့သို့ ကျောက်ကပ် အစားထိုးကုသ၍ မရသေးသည့်အပြင် ကျောက်ကပ်ဆေး စက်လည်း မရှိသေးသဖြင့် ဗိုက်ကို ဖောက်ကာ ကျောက်ကပ်များအတွင်းသို့ ဆေးသွင်းပြီး သန့်စင်အောင် ဆေးကြောနေသည်မှာ ဆေးပုလင်းပေါင်း ကိုးဆယ်ကျော်ပေပြီ။ ဇနီးသည်၏ ပါးလျလျ ခန္ဓာကိုယ်လေးက မြင်မကောင်းအောင် ပွရောင်းကာ နဂိုထက် သုံးဆကျော် လေးဆနီးပါးမျှ ဖောင်းပွပြီး ဝဝတုတ်တုတ်ကြီး ဖြစ်နေချေပြီ။ ထိုအချိန်ထိအောင် ဆီးက မသွားနိုင်သေးသဖြင့် ဆရာဝန်ကြီးက အခြေအနေ မကောင်းတော့ကြောင်းကိုလည်း ကျွန်တော့်အား ပြောပြထားပြီး ဖြစ်ပါ၏။

ကျွန်တော် အတတ်နိုင်ဆုံး ဇနီးသည်ကို ကုသပါသော်လည်း မျှော်လင့်ချက်ကား ဝေးနေခဲ့ချေပြီ။

ထိုအချိန်က ကျွန်တော်တို့တွင် သုံးနှစ်အရွယ် သမီးလေးနှင့် အခါလည်အရွယ် သားလေးတစ်ယောက်တို့ ရှိပါ၏။ ဇနီးသည် နေမကောင်း၍ ဆေးရုံတက်ရတော့ သမီးလေးကို နယ်မှ ကျွန်တော့်အမေက လာရောက်ခေါ်ယူသွားခဲ့သည်။ သားလေးကိုတော့ နို့စို့အရွယ်မို့ ဇနီးသည်က ခေါ်သွားခွင့်မပြုခဲ့ပါ။ ကျွန်တော်က ညပိုင်းတွင် ဆေးရုံ၌ ဇနီးသည်အား စောင့်အိပ်ပြီး သားလေးကို ဘေးအိမ်မှ အစ်မထွေးက နို့တိုက်ကာ ထိန်းပေးထားသည်မှာ သူ ဆေးရုံ စတက်ကတည်းကပင် ဖြစ်ပါ၏။ မနက်ပိုင်းတွင် ကျွန်တော် အိမ်ပြန် ရေချိုး သားလေးနှင့် ခဏနေပြီး ညနေပိုင်းတွင် ဆေးရုံသို့ ပြန်လာရသည်။

လွန်ခဲ့သော လေးငါးရက်လောက်က အစ်မထွေး ကျွန်တော်နှင့် ဆေးရုံသို့ လိုက်လာကာ သားလေးကိုပါ ခေါ်လာခဲ့သေးသည်။ ကျွန်တော်က ကလေးကို ဆေးရုံသို့ သိပ်ခေါ်မလာစေချင်။ နုနယ်သေးသော က… လေးတစ်ယောက်အတွက် ဆေး… သို့ နေရာမျိုးက အချိန်မရွေး … တွေ ကူးစက်သွားနိုင်သည်ဟု ကျွ… စွဲမြဲစွာ ယုံကြည်ထားသည်။

သည်နေ့တော့ ဇနီးသည်က သ… လေးကို ခေါ်လာခိုင်းပြန်ပါပြီ။

ရောဂါသည်သာသည့် ဇနီး… ကိုလည်း စိတ်ချမ်းသာစေချင်ပါ… သူ့ဘဝ၏ နောက်ဆုံးကာလ နီး… လာနေသောအချိန်များတွင် သူ… လိုက်လျောသင့်သည်ဟုလည်း … တော် ထင်မိခဲ့ပါသည်။

"အစ်ကို ပြန်တော့နော်၊ … လေးကို စောစောခေါ်ခဲ့ပါနော်"

ဇနီးသည်၏ မျက်နှာကို ကြ… ကာ ကျွန်တော် စိတ်မကောင်းဖြ… ပါသည်။

"အစ်မထွေးကိုပါ ခေါ်ခဲ့မ…

ဇနီးသည်က ကျွန်တေ… အားယူကာ ပြုံးပြပြီး ခေါင်းညိတ်… ပါသည်။

◈◈◈

ကျွန်တော် အိမ်သို့ ရောက်… ချင်း အံ့သြဖွယ်တစ်ခုနှင့် ကြုံ… သည်။

အိမ်တံခါးကို ဖွင့်လိုက်သည်… ကျွန်တော်တို့အိမ် ဧည့်ခန်းတွင် ဘု… ပန်းများသည် တစ်စုံတစ်ဦးက လွှင့်… ထားသည့်အလား ကြမ်းပေါ်တွင် … ကြဲနေသည်ကို တွေ့လိုက်ရပါသည်… အိမ်သော့ကို အစ်မထွေးက ယူမ… သဖြင့် မနေ့ညနေက ကျွန်တေ… ဘုရားညောင်ရေအိုးလဲအပြီး မည်… တစ်ယောက်မျှ အိမ်ထဲသို့ ဝင်လာ… အကြောင်းမရှိပါချေ။ အိမ်သေ… လည်း အသေအချာပိတ်ထ… ကြွက်များ တိုးရှေ့သွားဟု ကျ…

www.burmeseclassic.com

www.burmeseclassic.com

တော် ဘုရားစင်ကို ကြည့်လိုက်မိပါသည်။ ဧည့်ဘောင်ရေအိုး သုံးလုံးရှိရာ တစ်လုံးမှ လဲမနေသည့်အပြင် ဧည့်ဘောင်ရေအိုးများထဲမှ ရေများသည်လည်း ကျွန်တော် မနေ့ညနေက ကပ်ထားခဲ့သည့်အတိုင်း အပြည့်ရှိနေပါသည်။ ကျွန်တော် စဉ်းစားမရနိုင်ပါပြီ။

ကျွန်တော် အိမ်တံခါးဖွင့်နေသည်ကို မြင်တော့ အစ်မထွေးက…

"အေးအေးခိုင် ဘယ်လိုနေသေးလဲ ကိုဝင်းဇော်"

ဟု မေးကာ ကျွန်တော်တို့ အိမ်ဘက်သို့ ကူးလာပါသည်။ ကြမ်းပေါ်တွင် ပြန့်ကြဲနေသော ပန်းများကို ကြည့်ကာ…

"ဟာ…ပန်းတွေ ဘာဖြစ်လို့ ပြန့်ကြဲနေတာတုန်း"

ဟု ရေရွတ်ကာ ကျွန်တော့်ကို ကြည့်ပါသည်။

"ကျွန်တော်လည်း မသိဘူး အစ်မထွေး။ မနေ့က ကျွန်တော် သေသေချာချာ ဘုရားပန်းလဲထားခဲ့တာ။ ဘယ်လိုဖြစ်တာလဲ မသိဘူးနော်။ စိတ်မကောင်းဘူး ထင်ပါရဲ့ဗျာ"

"ဟယ်…ဘာတွေ လျှောက်ပြောနေတာလဲ"

အစ်မထွေးက ပန်းများကို ကောက်ယူကာ စွန့်လိုက်ပါသည်။

"အစ်မ ဈေးသွားပြီး ပန်းတွေ လဲထားပေးလိုက်မယ်"

ကျွန်တော်လည်း ဘုရားပန်းကိစ္စမှ မစဉ်းစားတော့ဘဲ သားလေးကို မွေးလာဖို့ ဇနီးသည်က ပူဆာကြောင်းကိုသာ အစ်မထွေးအား ပြောပြလိုက်သည်။

"သူလည်း သူ့သားလေးကို တွေ့ချင်မှာပေါ့ဟယ်။ အစ်မပါ လိုက်ခဲ့မယ်"



ထိုနေ့ နေ့ခင်းတွင် သားလေးကို ရေချိုး၊ သနပ်ခါး ပါးကွက်ကျားလေး ကွက်ပြီး ဆေးရုံသို့ ခေါ်သွားခဲ့ပါသည်။

ဆေးရုံရောက်တော့ သားလေးက သူ့အမေကို တွေ့ရ၍ ပြုံးနေလိုက်သည်မှာ ကျွန်တော်တို့ ခေါ်၍ပင် မရတော့။ ဇနီးဖြစ်သူကလည်း နေမကောင်းသည့်ကြားမှ သူ့သားလေးကို နို့တိုက်နေရင်း မျက်ရည်များ တစ်ပေါက်ပေါက်ကျနေသည်ကို မြင်ရသဖြင့် ကျွန်တော့်ရင်ထဲ ပြောမပြနိုင်လောက်အောင် ခံစားခဲ့ရပါသည်။ ထိုအချိန်သည် ကျွန်တော့်သားလေးနှင့် ကျွန်တော့်ဇနီးတို့၏ နောက်ဆုံး ဆုံတွေ့နေကြခြင်းဖြစ်သည်ကို ကျွန်တော် ထိုစဉ်က လုံးဝ မသိခဲ့ပါချေ။

သားလေးကတော့ စကား မပီကလာ ပီကလာ ပြောတတ်ရုံသာ ရှိသေးသည်။ မေမေ…မေမေဟု ခေါ်ကာ သူ့အမေကို အတင်းအကျပ်ဖက်ထားသည့် ထိုနေ့က မြင်ကွင်းကို ကျွန်တော် ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။

သားအမိနှစ်ယောက်တို့၏ နောက်ဆုံးအချိန် မြင်ကွင်းများက ကျွန်တော့်ဘဝအတွက် ကြေကွဲဖွယ်အတိပါပင်။

ညနေ အတော်လေး စောင်းတော့မှ အစ်မထွေးနှင့် သားလေးတို့ ပြန်သွားခဲ့ကြပါသည်။ သူတို့ပြန်တော့ ဇနီးသည်က ထိုင်ချင်သည်ဟု ဆိုသဖြင့် သူနာပြု ဆရာမလေးက ထူပေးပြီး ခုတင်ခေါင်းရင်းတိုင်ကို မှီကာ ထိုင်စေပါသည်။ ကျွန်တော်က ကျွန်တော့်ဇနီးကို ဖက်ထားရင်း ဆေးရုံမှ ဆင်းရမည့် အကြောင်းတွေကို ဇနီးသည် ကျေနပ်မှု ရစေရန် နှစ်သိမ့်ပြောဆိုနေမိပါသည်။ ကျွန်တော့်ဇနီးကမူ သူ ဆေးရုံမှ ဆင်းရမည့်ကိစ္စကို စိတ်ဝင်စားမှု မရှိဘဲ…

"အစ်ကို… ခိုင်လေး ရွှေစက်တော်ကို သွားတော့မယ်နော်"

ဟုသာ ထပ်ခါထပ်ခါပြောနေပါတော့သည်။

ဇနီးသည် ဘာကို ဆိုလိုမှန်း ကျွန်တော်သာလျှင် တိတိကျကျသိသူဖြစ်ပြီး အနားမှ ဆရာမလေးကတော့ ဘာမှ နားမလည်ရှာပါ။

"ခိုင်လေးရယ်… အဲဒီ အစွဲအလမ်းတွေကို ဖျောက်ထားပါကွာ။ မင်း နေကောင်းရင် အစ်ကိုတို့ ခိုင်လေး သွားချင်တဲ့ ရွှေစက်တော်ကို သွားကြမယ်နော်"

ဟု ကျွန်တော်က ပြောတော့ ဇနီးသည်က မချိပြုံးလေး ပြုံးနေပါသည်။

ညနေ ၅နာရီ ၄၅မိနစ်တွင် ကျွန်တော့်ရင်ခွင်တွင်း မှိန်းနေရင်းက သူ ကွယ်လွန်သွားခဲ့ပါသည်။

သူ့အသက် ၂၄နှစ်၊ သမီးလေး တစ်ယောက်၊ သားလေးတစ်ယောက်။

◈◈◈

ကျွန်တော်တို့သည် ဈေးတီ

www.burmeseclassic.com

တိုင်း၊ ကျိုက်လတ်မြို့လေးမှ ဖြစ်ကြပါ၏။ သူက ကျွန်တော့်အောက် ၄နှစ်ခန့်ငယ်ကာ ကျွန်တော်တို့နှစ်ယောက်လုံး ကျိုက်လတ်မြို့ အစိုးရ အထက်တန်းကျောင်းတွင် အတူကျောင်းတက်ခဲ့ကြပြီး ကျောင်းသားဘဝမှာကတည်းက ချစ်ကြိုက်ခဲ့ကြပါသည်။ ကျွန်တော်တို့ အိမ်ရာထူထောင်ကြချိန်တွင် သူက အသက် ၂၀၊ ကျွန်တော်က အသက် ၂၄နှစ်အရွယ်ဖြစ်ပါ၏။

ငယ်စဉ်ကတည်းက ချစ်ကြိုက်ခဲ့ကြသူများဖြစ်သဖြင့် ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် မြတ်နိုးစွာ သံယောဇဉ်တွယ်ခဲ့ကြပါ၏။

ကျွန်တော့်ဇနီးက ကျွန်တော်တို့ အိမ်ထောင်ကျပြီးသည့်နောက်ပိုင်းဝယ်...

"အစ်ကို... ခိုင်လေးက သိုက်က လာတာ အစ်ကိုရဲ့။ အစ်ကို့အတွက် သမီးလေးတစ်ယောက်၊ သားလေးတစ်ယောက် မွေးပေးပြီးရင် ခိုင်လေး သိုက်ကို ပြန်ရမှာ"

ဟု မကြာမကြာ ပြောလေ့ရှိတတ်ပါသည်။

"မင်း ဘာတွေ လျှောက်၊ လျှောက်ပြောနေတာလဲကွာ"

"ဟုတ်တယ် အစ်ကိုရဲ့၊ ခိုင်လေး တကယ်ပြောနေတာ"

"မင်းကို ဘယ်ဗေဒင်ဆရာတွေက မဟုတ်မဟတ်တွေ ဟောထားလို့လဲကွာ"

"ဘယ်ဗေဒင်ဆရာကမှ ဟောတာ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် သိတယ်"

"မင်းဟာက မဖြစ်နိုင်တာဘဲလေ"

"ဩ... အစ်ကိုရယ်၊ အစ်ကို တစ်နေ့ကျ ယုံလာပါလိမ့်မယ်"

ကျွန်တော့်ဇနီးအား ကျွန်တော် နားမလည်နိုင်ခဲ့ပါ။

"ခိုင်လေးတို့ညီအစ်မနှစ်ယောက်လုံးက ရွှေစက်တော်သိုက်က လာကြတာ။ ညီအစ်မနှစ်ယောက်လုံး သိုက်ကို ပြန်ကြရမှာ။ ခိုင်လေးက အရင်ပြန်ရမယ်။ ပြီးရင် အစ်မနွေးနွေး ပြန်မယ်။ သူက အသက် ၃၁နှစ်အထိ နေရမယ်"

သူတို့ညီအစ်မနှစ်ယောက်ရှိပါသည်။ နွေးနွေးခိုင်က သူ့အစ်မ။

ထိုသို့ပြောသည့်အခါတိုင်း သူ့မျက်လုံးတွေက အလွန်တောက်ပလွန်းနေသည်ကို ကျွန်တော် သတိထားမိခဲ့ပါသည်။

"မင်းပြောတာတွေ အစ်ကို တစ်ခုမှ လက်မခံချင်ဘူး၊ သိလား"

သူက ကျွန်တော့်ကို ပြုံးကြည့်နေသည်။

"မင်း ငါ့ကို မချစ်ဘူးလားကွာ။ ဒီစကားတွေ ကြားရရင် ငါ ဘယ်လိုခံစားရမလဲဆိုတာ မင်း မစဉ်းစားမိဘူးလား"

"စဉ်းစားမိတာပေါ့။ အစ်ကို့ကို အရမ်းချစ်လို့ ပြောပြနေတာ။ ခိုင်လေး မရှိတော့တဲ့နောက်မှာ အစ်ကို နောက်မိန်းမ ဘယ်တော့မှ မယူဘူးဆိုတာလည်း ခိုင်လေး သိနေတယ်။ ခိုင်လေးရဲ့ သားလေးနဲ့ သမီးလေးက အစ်ကို့ တစ်ဘဝလုံးစာ ခိုင်လေးရဲ့ ကိုယ်ပွားတွေပဲလေ"

ပြောဖန်များတော့ ကျွန်တော် သက်ပြင်းအခါခါချမိခဲ့ပါသည်။

"ခိုင်လေးအသက် ၂၄နှစ်အထိပဲ နေဖို့ သိုက်က ခွင့်ပြုလိုက်တာပဲ"

သူ့မျက်နှာလေးကလည်း ပြောပြီးတိုင်း ညိုးသွားတတ်ပါ၏။

ကျွန်တော် ထိုအကြောင်းတွေကို မေ့ပျောက်နိုင်အောင် ကြိုးစားခဲ့ပါ

သည်။ မယုံကြည်ဟု ဆိုရပါသေ
လည်း သူ ဆေးရုံတက်နေရချိန်သ
အသက် ၂၄နှစ်၊ ကလေးနှစ်ယော
ရခဲ့ပြီးချိန်။ ဆရာဝန်ကြီးက မျှော်
ချက်နည်းပါးနေပြီဟု ပြောလိုက်
ဝယ် ကျွန်တော် မည်သို့မျှ မခံစာ
တော့ပါပြီ။

သူပြောခဲ့သည့်အတိုင်း သူ
သွားခဲ့ပါပြီ။

◈◈◈

ဇနီးသည် ကွယ်လွန်ပြီး ၅
အကြာ ၁၉၉၀ ခုနှစ်၊ မတ်လ
ကျွန်တော် ရွှေစက်တော်ဘုရာ
ရောက်ရှိသွားခဲ့ပါသည်။

မန်းချောင်းဘေးမှ တည်
လေးတွင် ကျွန်တော့်ညီမ၊ ကျွန်
ညီတို့နှင့်အတူ တည်းခိုခဲ့ပါ
ကျွန်တော့်သားနှင့် သမီးတို့တော
မလာခဲ့ပါ။ တစ်ခါမျှ မရောက်
သော ရွှေစက်တော်သို့ ကျွန်
ရောက်လာခဲ့ချိန်တွင် ရွှေစက်
အထူးတမ်းတခဲ့ဖူးသည့် ကျွန်
အား အမှတ်ရနေမည်ကို အ
ဖွယ် မလိုတော့ပါ။ ရွှေစက်
ရောက်ရောက်ချင်းည ကျွန်
အားလုံး အိပ်ပျော်နေကြ
ကျွန်တော့်အား တစ်စုံတစ်ယေ
နှုန်းနှုန်းညံ့ညံ့ ထိတွေ့လိုက်သကဲ့
လိုက်ရပြီး ကျွန်တော် အိပ်
လန့်နိုးခဲ့ပါသည်။ ကျွန်တော့်န
လည်း ကျွန်တော့်ဇနီး အေးအေ
"အစ်ကို" ဟု ခေါ်လိုက်သံ
ရှင်းလင်းစွာ ကြားလိုက်ရပါ

ကျွန်တော်အိပ်၍ မရ
သူ မကွယ်လွန်မီ ပြောခဲ့သည်
ရွှေစက်တော်တွင် အမှန်ပင်
ရှေ့သလား။ ကျွန်တော်
ပါ။

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့သည်၌ ကျွန်တော့်ဇနီးကို အိပ်မက်မက်ခဲ့ပါသည်။ အိပ်မက်ထဲတွင် အလွန်လှပသော အဝတ်အစားများ ဝတ်ဆင်ထားသော အေးအေးခိုင်သည် ကျွန်တော်တို့ တည်းခိုနေသည့် အခန်းလေးထဲသို့ ရောက်လာပြီး ကျွန်တော့်ကို စကားတွေ လာပြောပါသည်။ အိပ်မက်ထဲတွင် အေးအေးခိုင်ကို ကျွန်တော် ကိုင်တွယ်ထိတွေ့၍ မရခဲ့ဘဲ သူ့ကို အမျှဝေပါဟု ထင်ထင်ရှားရှား ပြောသွားခဲ့သည်ကိုသာ မှတ်မိခဲ့ပါသည်။

ထိုစဉ်က ရွှေစက်တော်ဘုရားပွဲ၏ နံနက်ခင်း အရုဏ်တက်ချိန်များတွင် သံဃာတော်များ ဆွမ်းခံကြွလေ့ရှိရာ ထိုသံဃာတော်များအား ဆွမ်းနှင့် သစ်သီးများ ကပ်လှူကာ ဇနီးဖြစ်သူကို ထက်သန်သောစိတ်ဖြင့် ကျွန်တော် အမျှအတန်းပေးဝေခဲ့ပါသည်။ ထိုအချိန်တွင် ဇနီးသည် ပြောခဲ့သည့် စကားများကို ကျွန်တော် ယုံကြည်လိုက်ရပါပြီ။ သူပြောခဲ့သည့်အတိုင်း အမှန်ပင် သိုက်သို့ ပြန်သွားခဲ့လေပြီဟုသာ ကျွန်တော် တွေးရပါတော့သည်။

◈◈◈

ရန်ကုန်သို့ ပြန်ရောက်ပြီး တစ်ရက်ဝယ် ကျွန်တော်သည် မရီးဖြစ်သူ နွေးနွေးခိုင်ထံသို့ ရောက်ဖြစ်ခဲ့ပါသည်။ သူက မြောက်ဥက္ကလာပ၊ ရေဆင်းတွင် ဖိနပ်လုပ်ငန်း လုပ်ကိုင်နေသည်။ သူ့ထံ ကျွန်တော်ရောက်သွားခဲ့စဉ်က ရွှေစက်တော်မှ အကြောင်းများကို လုံးဝ မပြောဖြစ်ခဲ့သော်လည်း သူ ကျွန်တော့်ကို ပြောလိုက်သည့် စကားများက ကျွန်တော့်အား များစွာ ပဟေဠိဆန်စေခဲ့ပါသည်။

"ကိုဝင်းဇော်ရေ…ရောက်တုန်း ပြောရဦးမယ်။ ကျွန်မ အေးအေးခိုင်ကို အိပ်မက်မက်တာ သုံးခါရှိပြီ။ သူ ရွှေစက်တော်မှာ ရှိတယ်တဲ့။ ကျွန်မကို နင် လာခဲ့တော့တဲ့။ တို့ညီအစ်မတွေ အတူတူပြန်နေကြမယ်လို့ ပြော,ပြော နေတယ်"

အေးအေးခိုင် မကွယ်လွန်မီက ပြောသွားသော စကားများကို ကျွန်တော် ပြန်လည်ကြားယောင်နေမိပါသည်။ နွေးနွေးခိုင်က ကျွန်တော့်ဇနီးထက် ၂နှစ်လောက် ကြီးသည်။ ကျွန်တော့်ဇနီး ကွယ်လွန်ချိန်ဝယ် သူက အသက် ၂၆ နှစ်အရွယ်ဖြစ်ပါသည်။ ယခု သူ ၃၁နှစ် အရွယ်ဖြစ်နေပြီ။ အေးအေးခိုင် ကျွန်တော့်အား ပြောသွားသော စကားများကို သူသိလား၊ မသိသလား ကျွန်တော်လည်း မသိခဲ့ပါ။

"အေးပါ မနွေးရယ်၊ အစွဲအလမ်းတွေ မထားပါနဲ့။ အိပ်မက်ဆိုတာ ဒီလိုပဲ မက်တတ်တာပါပဲ"

ကျွန်တော် သူ့ကို နှစ်သိမ့်စကားပြောဖြစ်ခဲ့ပါသေးသည်။

◈◈◈

ကျွန်တော်၏ ကိုယ်တွေ့ဂမ္ဘီရသည် ဤနေရာတွင် ရပ်ဖို့ ကောင်းပြီဖြစ်ပါသည်။ သို့သော် အနည်းငယ်မျှ ဆက်ရပါဦးမည်။

ကျွန်တော် နွေးနွေးခိုင်အိမ်သို့ ရောက်အပြီး ၁၀ ရက်ခန့်အကြာတွင် နွေးနွေးခိုင်တစ်ယောက် ရုတ်တရက် ကွယ်လွန်သွားခဲ့ပါသည်။ သူသည်လည်း ရွှေစက်တော်သို့ အမှန်ပင် ရောက်သွားလေပြီလား မပြောတတ်တော့ပါပြီ။

ပရလောကကို ကျွန်တော် မည်သို့မျှ နားမလည်နိုင်တော့ပါတကား။

◈◈◈

ကျွန်တော်ငယ်စဉ် ကျောင်းသားဘဝကတည်းက ချစ်မြတ်နိုးခဲ့ရသော ကျွန်တော့်ဇနီး အေးအေးခိုင် ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၂၈ နှစ်ကျော်ခဲ့ပါပြီ။ ကျွန်တော့်အသက်သည်လည်း ၅၆နှစ်ကျော်ခဲ့ပါပြီ။

ကျွန်တော် ယခုအချိန်အထိ နောက်အိမ်ထောင်မပြုခဲ့ပါ။ သမီးနှင့် သားတို့ကို ပြုစုပျိုးထောင်ပေးခဲ့ပြီး သူတို့တွေ အိမ်ထောင်အသီးသီးကျသွားခဲ့ကြပါပြီ။ ကျွန်တော့်ဘဝ၏ ကျန်ရှိနေသေးသော ကာလများတွင်လည်း ကျွန်တော် အိမ်ထောင်ပြုဖြစ်တော့မည် မဟုတ်ပါ။

"ခိုင်လေးရဲ့ သားလေးနဲ့ သမီးလေးက အစ်ကို့တစ်ဘဝလုံးအတွက် ခိုင်လေးရဲ့ ကိုယ်ပွားတွေပဲလေ"

ဟု ပြောခဲ့သည့် ဇနီးဖြစ်သူ၏ စကားများကို ကျွန်တော် အမှတ်ရနေဆဲပါပေ။

သူ ကွယ်လွန်ပြီးနောက်ပိုင်း ကျွန်တော် နောက်အိမ်ထောင်မပြုဘဲ နေလိမ့်မည်ကို ချစ်သော ခိုင်လေးတစ်ယောက် ထူးခြားစွာ ကြိုတင်သိရှိနေခဲ့သည်ကို ကျွန်တော် မည်သို့မျှ စဉ်းစား၍ မရနိုင်သေးပါချေ။

သူပြောခဲ့သည့် ရွှေစက်တော် သိုက်ဆိုသည်မှာလည်း အမှန်ပင် ရှိနေပါသလား ဆိုသည်ကိုလည်း ကျွန်တော် စဉ်းစား၍ မရနိုင်သေးပါတကား။

မည်သို့ပင်ဖြစ်စေ၊ ရွှေစက်တော်သို့ ကျွန်တော် နောက်တစ်ခါက်သွားရပါဦးမည်■

* * *

ဝင်းတို့ဇော်



www.burmeseclassic.com


www.burmeseclassic.com

# ထူးဆန်းထွေလာ ကမ္ဘာ

မောင်လင်းအောင်

### သုံးပွင့်ဆိုင်

တောင်အမေရိကတိုက် (လက်တင် အမေရိက)ရှိ ဘရာဇီး(brazil)၊ အာဂျင်တီးနား(Argentina)နှင့် ပါရာဂွေး (Paraguay) နိုင်ငံတို့၏ သုံးပွင့်ဆိုင် နယ်စပ်နေရာ ဖြစ်သည်။ မြစ်၏ တစ်ဖက်တစ်ချက်စီတွင် နိုင်ငံ သုံးနိုင်ငံ




တည်ရှိနေပုံကို ထူးခြားဖွယ်ရာ မြင်တွေ့နိုင်ပါသည်။ အရှေ့တောင်အာရှဒေသတွင်လည်း မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ နယ်နိမိတ်ချင်း ဆက်စပ်နေသော ရွှေတြိဂံနယ်မြေသည် ထင်ရှားကျော်ကြားသည်။

### မြွေလိမ်မြွေကောက် လမ်းကလေးများ


ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံး လမ်းပိုင်းများတွင်



တစ်ခုအပါအဝင်ဖြစ်သည့် ချီလီနိုင်ငံနှင့် အာဂျင်တီးနားနိုင် တို့အကြား ဆက်သွယ်ပေးထားသည့်၊ အကွေ့အကော အလွန်များသည့် တောင်ပေါ်လမ်း တစ်နေရာပုံဖြစ်သည်

### အိပ်ခန်းလုလု

နေအိမ် အိပ်ခန်းတွင် နေရာလွတ်အများအပြ ချွေတာလိုသူများအတွက် ဆန်းသစ်သော စိတ်ကူးလေး အကောင်အထည်ဖော်ပြထားသည်။ အိပ်ရာ ခုတင်ကို အခ



အသေးစားလေးသဖွယ် ပြုလုပ်ထားပြီး အပေါ်တွင် အိပ် ကာ၊ အောက်တွင် ဧည့်ခန်းအသေးစားသဖွယ် ပြင်ဆင်ထ သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကိတ်မုန့် ပန်းချီ



ထူးခြားအံ့သြဖွယ်ကောင်းသော လက်ရာပြောင်မြောက်သည့် ကိတ်မုန့်ပန်းချီ ရေးဆွဲနေပုံဖြစ်သည်။

## မခွဲအတူ

ပင်လယ် ဖျံငယ်လေးများသည် အချင်းချင်း လွန်စွာ ယောင်ငြိုရှိသူများဖြစ်သည်။ အိပ်စက်ချိန်၌ပင် တစ်ကောင် တစ်ကောင် လက်ချင်းချိတ်ထားလျက် မခွဲအတူ အိပ်



ကြသည်။ လက်ချင်းချိတ်ထားခြင်းအားဖြင့် အိပ်နေသွင် ရေစီးကြောင့် တစ်ကောင်နှင့် တစ်ကောင် နေရာ သွားတော့ပေ။

## ထာဝရသစ္စာ

တရုတ်အမျိုးသားတစ်ဦးသည် သူ၏ ချစ်သူကို လက်ထပ်ခွင့် တောင်းရာတွင် နှင်းဆီပန်း (၉၉၉၉)ပွင့် အသုံးပြု ဖန်တီးထားသည့် ဝတ်စုံကို ကိုယ်တိုင်ပြုလုပ်၍ ချစ်သက်



လက်ဆောင်အဖြစ် ပေးခဲ့သည်။ "၉"ဂဏန်းသည် တရုတ် အယူအဆအရ "ထာဝရ"ဟု အဓိပ္ပာယ်ရသည်။ ထာဝစဉ် ချစ်ခင်မြတ်နိုးမည့် အဓိပ္ပာယ်ကို ဖော်ဆောင်စေသည်။

## နယ်စပ်

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့အကြား






www.burmeseclassic.com

www.burmeseclassic.com


နယ်စပ်စည်းတစ်နေရာဖြစ်သည်။ မျဉ်းဖြူတစ်ကြောင်းသာ ခြားထားသည်။ အံ့ဩဖွယ်ကောင်းလှသော နယ်စပ်စည်း ပင်တည်း။

### ဟယ်ရီပေါ်တာ

ဟယ်ရီပေါ်တာ (Harry Potter) ဇာတ်လမ်းတွဲများကို လူအများက နှစ်ခြိုက်စွာ အားပေးခဲ့ကြသည်။ ထို ဇာတ်လမ်းတွဲ ဝတ္ထုများကို ရုပ်ရှင်အဖြစ် ဖန်တီးခဲ့ရာတွင်လည်း ပရိသတ်များ အားပေးမှု များပြားခဲ့သည်။ ဟယ်ရီပေါ်



တာ ဇာတ်လမ်းတွဲ၏ ရိုက်ကွင်းတစ်နေရာတွင် ဟယ်ရီပေါ်တာအဖြစ် သရုပ်ဆောင်သူကိုယ်တိုင် ဟယ်ရီပေါ်တာ ဇာတ်လမ်းကို နှစ်ခြိုက်စွာ ဖတ်ရှုနေပုံဖြစ်သည်။



မြင့်မြင့်မားမား စာတ်လှေကား

တရုတ်နိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံးသော ဓာတ်လှေ (အဆောက်အအုံပြင်ပ)၏ ပုံကို ရင်သပ်ရှုမောဖွယ် မြ နိုင်သည်။

### စာကြည့်တိုက်

အိုင်ယာလန်နိုင်ငံ၊ ဒူဗလင်(Dublin) မြို့ Trinity ကောလိပ်ကျောင်းရှိ စာကြည့်တိုက်ကြီး၏ သည်။ ကြီးမားခိုင်ခံ့လှသော အဆောက်အအုံကြီ



မျက်နှာကျက်ခေါင်မိုးထိအောင် စီထားသည့် များပြား စာအုပ်များအကြားတွင် စာထိုင်ဖတ်ခွင့်ရသည့် အတွေ ကို မည်သည့်အရာနှင့်မျှ လဲ၍ ရနိုင်မည်မဟုတ်ပေ

### ရောင်စုံ ပန်းဥယျာဉ်

နယ်သာလန်နိုင်ငံရှိ ရောင်စုံ ခတ္တာပန်းဥယျာဉ်





www.burmeseclassic.com

www.burmeseclassic.com

ကို ရှုထောင့်အမျိုးမျိုးမှ လှပစွာ မြင်တွေ့ရပုံဖြစ်သည်။

### ဟာကျူလီလေး

Richard Sandrak ဟု အမည်ရသူ ၁၀နှစ်အရွယ် ကလေးငယ်လေးသည် ငယ်ရွယ်စဉ်ကတည်းကပင် ကိုယ်ကာယဗလ ဖွံ့ဖြိုးရန် လေ့ကျင့်ခဲ့သည်။ သူသည် ကာယ



ဗလမောင် အငယ်စားလေးတစ်ဦးကဲ့သို့ ကြွက်သားများ ပိုင်ဆိုင်ထားပြီး သူ့ကိုယ်အလေးချိန်၏ နှစ်ဆကို ချီမနိုင်စွမ်း နိုင်သည်။

### နှစ်ချို့ ရှန်ပိန်


ဘော်တစ်ပင်လယ်အတွင်း နှစ်မြှုပ်နေသည့် သဘော



ပျက်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့သည့် နှစ် ၂၀၀ သက်တမ်းရှိ ရှန်ပိန်ပုလင်းတစ်ပုလင်း၏ ပုံဖြစ်သည်။ နှစ်ပေါင်း ၂၀၀ လုံးလုံး ပင်လယ်ရေအောက်အတွင်း လှို့ဝှက်စွာ နှစ်မြှုပ်နေခဲ့သည်။

### လူစွမ်းကောင်းလေး

အဝေးပြေး ကားလမ်းမ၏ အလယ်တွင် အကူအညီမဲ့စွာ ရပ်နေရသော ခွေးလေးတစ်ကောင်၏ အသက်ကို စွန့်စွန့်စားစား ကယ်တင်ခဲ့သည့် လူငယ်လေး၏ မွန်မြတ်သည့် လုပ်ရပ်ကို မှတ်တမ်းတင်ထားပုံဖြစ်သည်။ မိမိအသက်



ကို ပမာနမထားဘဲ ခွေးငယ်လေးကို ကားတိုက်မည့်ဘေးမှ စွန့်စွန့်စားစား ကယ်တင်ခဲ့သည့် အဆိုပါ လူငယ်လေး၏ စိတ်ဓာတ်ကို ကမ္ဘာက "ကြင်နာတတ်သည့် လူစွမ်းကောင်းလေး"အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

### နေ့၊ ည

အာကာသအတွင်းမှ ရိုက်ကူးထားသည့် ကမ္ဘာပေါ်ရှိ နေ့နှင့် ည ဖြစ်ပေါ်နေပုံဖြစ်သည်။ လင်းနေသည့်စက်ခြမ်းသည် နေ့ဘက်ဖြစ်ပြီး မှောင်နေသည့်အခြမ်းသည် ညအခါ



ကျရောက်နေချိန်ဖြစ်သည်။ ထူးခြား၍ ရှားပါးလှသည့်ပုံလည်း ဖြစ်သည်။

### ရေသောက်ခြင်း၏ အကျိုးကျေးဇူးများ

* နံနက် အိပ်ရာနိုးနိုးချင်း ရေတစ်ဖန်ခွက် အဝ သောက်ခြင်းဖြင့် ကိုယ်တွင်းအင်္ဂါများကို ပုံမှန် အလုပ်လုပ်စေကာ တစ်နေ့တာလုံး လန်းဆန်းတက်ကြွစေသည်။



* အစာမစားမီ မိနစ် ၃၀ခန့် စော၍ ရေတစ်ဖန်ခွက်ကို သောက်ထားခြင်းအားဖြင့် အစာချေဖျက်ရာတွင် အထောက်အကူများစွာပေးသည်။

* ရေမချိုးမီ ရေတစ်ဖန်ခွက် သောက်ခြင်းဖြင့် ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုကို ထိန်းညှိပေးကာ သွေ[...] ရောဂါကို ကာကွယ်ပေးသည်။

* အိပ်ရာမဝင်မီ ရေတစ်ဖန်ခွက် သောက်ပေး[...] လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ခြင်းတို့မှ အကာအ[...] ပေးသည်။

### ငှက်ပျောသီး ကြာရှည်အထားခံစေရန်

ငှက်ပျောသီးများကို အဖီးလိုက် ဝယ်ထားပြီး အ[...] မစားနိုင်ပါက အညှာမှ ပြုတ်ထွက်ကာ မဲသွား၍ စား[...]



သွားရတတ်သည်။ ငှက်ပျောသီး၏ အညှာတွင် ပလတ်[...] ပတ်၍ ချည်ထားခြင်းအားဖြင့် သာမန်ထက် လေးငါး[...] ပို၍ ကြာရှည်ခံကြောင်း လေ့လာတွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### အန္တာတိကတိုက်


အန္တာတိကတိုက်ကို-အာကာသအတွင်းမှ မြင်တွေ့ရ[illegible]သည်။ ရေိယာ (၁၄,၀၀၀,၀၀၀) စတုရန်း ကီလိုမီတာ



[illegible]ဝန်းကာ ရေခဲများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

### မတည့် အတူနေ


ဝက်ဝံ၊ ကျားနှင့် ခြင်္သေ့တို့သည် တစ်ကောင်နှင့်တစ်[illegible]င် သင့်မြတ်လေ့ရှိသော သတ္တဝါများ မဟုတ်ပေ။




[illegible]ကောင်နှင့် တစ်ကောင် ဗိုလ်မထားဘဲ တိုက်ခိုက်လေ့[illegible]သည်။ သို့သော် ပုံတွင်မြင်တွေ့ရသည့် ခြင်္သေ့၊ ကျားနှင့် [illegible]တို့သည် ငယ်စဉ်ကတည်းကပင် အတူတကွ ကြီးပြင်းလာကြပြီး တစ်ကောင်နှင့်တစ်ကောင် ချစ်ခင်ကြင်နာစွာ အတူတကွ နေထိုင်နေကြပုံကို ထူးခြားစွာ မြင်တွေ့ရသည်။

### သွေးစုပ် ဖုတ်ကောင် နှိမ်နင်းရေး

သက္ကရာဇ် ၁၈၀၀ ဝန်းကျင်ခန့်က အသုံးပြုခဲ့သည့်



သွေးစုပ် ဖုတ်ကောင် နှိမ်နင်းရေး ကိရိယာ တန်ဆာပလာများဖြစ်သည်။

### ကြီးလိုက်တဲ့ မြွေ

ဘရာဇီးနိုင်ငံရှိ မြစ်တစ်စင်း၏ ကြမ်းပြင်တွင် တွေ့ရှိခဲ့ရသည့် Ana Conda အမျိုးအစား ရေမ မြွေကြီး၏ပုံကို




ရေငုပ်သမားများက စွန့်စွန့်စားစား မှတ်တမ်းတင်နိုင်ခဲ့ပုံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ဥယျာဉ်ငယ်လေး**

မိမိတို့၏ ခြံဝင်းအတွင်းတွင် ကိုယ်ပိုင်စိတ်ကူးဖြင့်




နှစ်သက်ဖွယ်ရာ ဥယျာဉ်ငယ်လေးများကို ပြုလုပ်ခြင်းဖြင့် စိတ်ကြည်နူးမှုကို အပြည့်အဝ ရရှိစေနိုင်ပါသည်။



**နှစ်သစ် မင်္ဂလာ**

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် ၂၀၁၄-နှစ်သစ်ကို ကြိုဆိုနေကြပုံများကို ရင်သပ်ရှုမောဖွယ် မြင်တွေ့ရသည်။



**ခေါင်းတိုင်တွန့်တွန့်**

သမားရိုးကျပုံစံများမှ ခွဲထွက်၍ ဆန်းသစ်သောအ[illegible] ဖြင့် တည်ဆောက်ထားသည့် မီးခိုးခေါင်းတိုင် ပုံစံဆန်း[illegible] သည်■

* * *

မောင်လင်းဒေ[illegible]

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၄၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com

# အဖြေများစွာ အလယ်ကိန်းပညာ

ကျော် မိုး လွင် (ဝါး ခယ် မ)

စနေ၊ တနင်္ဂနွေနေ့သည် ကျွန်ုပ်အိမ်ကပ်သည့်နေ့ဖြစ်၏။ ထိုနေ့များ၌ ပို့နေကျ မဂ္ဂဇင်း၊ ဂျာနယ်များအတွက် စာမူပို့ရန် စာရေးရပါသည်။

စာရေးအရှိန်ရနေစဉ်ဖြစ်သည်။ ဗေဒင်ပညာ လေ့လာနေသော ကျေးတော စောလှိုင် ရောက်လာခဲ့သည်။

"ဆရာမိုး ရှိမှရှိပါ့မလားလို့ စိုးရိမ်လိုက်ရတာဗျာ၊ ထင်တော့ ထင်သား၊ စာရေးနေလိမ့်မယ်လို့"

ပြောရင်း ကျေးတော စောလှိုင်က ကျွန်ုပ်ရှေ့ရှိ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်သည်။

"ကဲ - ဆို၊ ဘာမေးဦးမလဲ"

ကျွန်ုပ်က ရေးနေသော ဘောလ်ပင်ကို အဖုံးပြန်ပိတ်ကာ ရှေ့မှာချရင်း မေးလိုက်သည်။

ပုဂ္ဂိုလ်က စပ်ဖြီးဖြီးလုပ်နေသည်။ တူမအကြီးက လက်ဖက်ရည်ဗန်း လာချသွားသည်။

"အာစရိ·· အဲဒါတွေ တော်တာပဲ၊ တပည့်အထာကို သိနေတယ်"

ကျေးတော စောလှိုင်လာတိုင်း ဗေဒင်နှင့် ဆိုင်သော မေးခွန်းများ ပါလာတတ်၍ ကျွန်ုပ်က ကြိုပြောလိုက်ခြင်းဖြစ်တော့သည်။

"ကဲပါ၊ ကြော်ညာတွေ ဝင်မနေစမ်းပါနဲ့။ ငါ့အလုပ်တွေက မပြီးသေးဘူး။ မေးစရာရှိတာ မေးပြီး ကျောင်းပေတော့"

သူ့အမေးကို စောင့်နားထောင်ရင်း ရေနွေးတစ်ခွက်ငှဲသောက်လိုက်ရသည်။

"ခရီးသွား ပြန်, မပြန် မေးတာတွေ အများကြီးပဲဆရာမိုးရဲ့။ ကျွန်တော်လည်း အာစရိဆီက ရထားတဲ့ နည်းတွေနဲ့ လုပ်ကြည့်တာပဲ။ ဒါပေမယ့် မှန်တာလည်း ရှိရဲ့၊ မှန်တာလည်း ရှိရဲ့"

ကျွန်ုပ် ပြုံးလိုက်မိသည်။ ကျေးတော စောလှိုင်အတွေ့အကြုံနုသေးသည်။ ဗေဒင်ပညာမှာက တစ်ကွက်ကောင်းနှင့် မလုံလောက်။ စစ်သားစကားနှင့် ပြောရလျှင် ချေးတွက်များနှ သွေးတွက်နည်းမည်ဆိုသည်သို့ များများသိထားရန် လိုသည်။ အားမစိုက်ဘဲ မည်သည့်အရာမှ အကျိုးထင်လိမ့်မည်မဟုတ်။

ဆရာ ဇီဝက အသုံးမဝင်သည့်အပင် ရှာမတွေ့သကဲ့သို့၊ ဗေဒင်ပညာမှာလည်း အသုံးမဝင်သည့် ပညာမရှိပါ။ ချင့်ချိန် သုံးစွဲတတ်ရန်သာ လိုပါသည်။

"အေး၊ နည်းတစ်ခုထပ်ပေးမယ်။ ဒါပေမယ့် ဗေဒင်မေးတဲ့သူဟာ တကယ်အကြောင်းကြီးငယ်ရှိသလား၊ ကုန်သည်လား၊ သူဌေးလား၊ ဘာလုပ်စားသလဲ ဆိုတာ သိထားဖို့လိုတယ်။ သူ ယခုသွားမှာ ဘာကိစ္စလဲ၊ ကုန်အတွက်ဆိုရင် ကောင်း, မကောင်းတို့ကို တွက်နည်းစုံစုံလင်လင်နဲ့ တွက်ပြီးမှ ကောင်းတယ်၊ မကောင်းဘူး ဟောရမယ်။ တစ်နည်းကောင်းကို ကြည့်ပြီး မဟောနဲ့၊ မှန်ချင်မှ မှန်မယ်။ ဟောပြန်လည်း အဆက်အသွယ်၊ အချိန်ကာလ ကောင်း, မကောင်း အစစအရာရာ နှိုင်းချိန်ပြီး ဟောမှသာ အမှန်များမယ်။

ကျွန်ုပ်သည် တစ်ပွဲတိုးမဖြစ်ရန် မှာတမ်းချွေပြီးနောက် ကျွန်ုပ်မှတ်စုထဲမှ အလယ်ကိန်းရှာ တွက်နည်းလေးကို ကျေးတော စောလှိုင်အား ပေးလိုက်ရပါတော့သည်။

ဗေဒင်ဝါသနာရှင် အဆွေစာရှုသူများလည်း လေ့လာစမ်းသပ်ကြည့်ကြပါကုန်။

◈◈◈

ရှေးဦးစွာ ပုံပါအတိုင်း အကွက် ၉ကွက်ချရပါမည်။ နေ့အလိုက်၊ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြာဟု ရွတ်ဆိုပြီး လက်ဝဲမှ လက်ျာအဆုံး ကိုးကွက်ရေးသွားရန် ဖြစ်ပါသည်။ မေးသည့်နေ့သည် တနင်္လာနေ့ဖြစ်လျှင်၊ စန္ဒရောက စ,ချရပါမည်။ တခြားနေ့များလည်း ဤနည်းအတိုင်း တစ်နေ့တာ မေးခွန်း၏ အဖြေကို သိလိုလျှင် ချထားသော ကိုးကွက် ဇယားမှ အလယ်ကိန်း(ဂဏန်း)ကို ကြည့်ကာ ဟောကိန်းထုတ်ရပါမည်။

(နာရီပိုင်းခွင်လည်း ဤနည်းကို အသုံးပြုနိုင်ပါသည်။)

* တနင်္ဂနွေနေ့

စနေဂြိုဟ် အလယ်မှာ နေ၍ ခရီးသွားမေးလျှင် မကြာမီ ရောက်မည်။ ပစ္စည်းပျောက်မေးလျှင် မရ၊ တရားတဘောင်ဖြစ်လျှင် အကြောက်အကန်ပြောရမည်။ လူနာရှိလျှင် နာတာရှည်လိမ့်မည်။ အိမ်တွင်းနတ် ကိုးပါ၊ ပျောက်မည်။



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁ | ၆ | ၄ |
| ၂ | (၀) | ၅ |
| ၃ | ၁ | ၆ |

* တနင်္လာနေ့

တနင်္ဂနွေဂြိုဟ် အလယ်မှာ နေ၍ ခရီးသွားမေးလျှင် တစ်ရက် နှစ်ရက်မှာ ရောက်လိမ့်မည်၊ တရားဆင်လျှင် နိုင်မည်။ လူနာမေးလျှင် စိုးရိမ်စရာမရှိ။ ပစ္စည်းပျောက်လျှင် ရှာရလိမ့်မည်။ အကြီးအကဲများထံမှ လာဘ်ရမည်။

| | | |
|---|---|---|
| ၂ | ၀ | ၅ |
| ၃ | (၁) | ၆ |
| ၄ | ၂ | ၀ |

* အင်္ဂါနေ့

တနင်္လာဂြိုဟ် အလယ်မှာ နေ၍ ခရီးသွားရှိလျှင် ပြန်လာတော့မည်။ တရားဖြစ်နေလျှင် နိုင်လိမ့်မည်။ လူနာ ရောဂါဖြစ်နေလျှင် မင်းနှစ်ပါးကို ပွဲတော်ဆက်၊ ပျောက်မည်။ ပစ္စည်းပျောက်လျှင် အရှေ့အရပ်မှာ ရှိမည်။

| | | |
|---|---|---|
| ၃ | ၁ | ၆ |
| ၄ | (၂) | ၀ |
| ၅ | ၃ | ၁ |

* ဗုဒ္ဓဟူးနေ့

အင်္ဂါဂြိုဟ် အလယ်မှာ နေ၍ ခရီးသွားမေးလျှင် ကြာမည်။ ပစ္စည်းပျောက်လျှင် မရတော့။ တရားဖြစ်လျှင် အင်္ဂါသား ရှေ့ဆောင်မှ နိုင်မည်။ လူနာရှိလျှင် ရိုးရာနတ်ပွဲပေးရမည်။

| | | |
|---|---|---|
| ၄ | ၂ | ၀ |
| ၅ | (၃) | ၁ |
| ၆ | ၄ | ၂ |

* ကြာသပတေးနေ့

ဗုဒ္ဓဟူးဂြိုဟ် အလယ်မှာ နေ၍ ခရီးသွားမေးလျှင် လေးရက်၊ လေးလ။ ပစ္စည်းပျောက်လျှင် မရတော့။ လူနာ မေးလျှင် စိုးရိမ်ရမည်။

| | | |
|---|---|---|
| ၅ | ၃ | ၁ |
| ၆ | (၄) | ၂ |
| ၀ | ၅ | ၃ |

* သောကြာနေ့

ကြာသပတေးဂြိုဟ် အလယ်မှာ နေ၍ ခရီးသွား လျှင် အနောက်အရပ်မှာ ရှိတတ်၊ ပြန်ရရန် မလွ လူနာမေးလျှင် ကြာသပတေးနေ့သား ဆရာနှင့် ကု၊ မည်။

| | | |
|---|---|---|
| ၆ | ၄ | ၂ |
| ၀ | (၅) | ၃ |
| ၁ | ၆ | ၄ |

* စနေနေ့

သောကြာဂြိုဟ် အလယ်မှာ နေ၍ ခရီးသွားမေ ရောက်တော့မည်၊ ပစ္စည်းပျောက်မေးလျှင် မရတော့ တဘောင်ဖြစ်လျှင် ကြာမည်။ အိမ်ရာဝယ်၍ မကော အနာရောဂါရလျှင် ဂရုစိုက်ရမည်။

| | | |
|---|---|---|
| ၀ | ၅ | ၃ |
| ၁ | (၆) | ၄ |
| ၂ | ၀ | ၅ |

◈◈◈

လိုက်မှတ်နေသော၊ ကျေးတော စောလှိုင်က သ ကျသွားခဲ့သည်။

"ဆရာမိုး နည်းက ခရီးသွားတဲ့ကိစ္စအပြင် ပျောက်၊ လူနာ တော်တော်စုံတာပဲ။ ဟန်ကျတယ် မိုးရာ လက်ဖက်ရည်၊ မုန့်နဲ့ ဆရာသမားကို ပြုစု မြို့ဘက်ကမ်း ခဏလိုက်ခဲ့ပါ"

အမှန်က အိမ်မှာ လက်ဖက်ရည်ဖျော်သော စာရေးနေခြင်း ဖြစ်သည်။

သို့သော် အပြောင်းပြေ အညာပြေ လမ်းလျှော သေး၍ လွယ်အိတ်ထ,လွယ်ကာ ကျေးတောနေ လိုက်သွားရပါတော့သည်■

* * *

ကျော်မိုးလွင်(ဝါး




www.burmeseclassic.com

www.burmeseclassic.com

တင်မောင်မောင်
(ပေါက်ကုန်း)

# လူ့ပြည်က သမီးအတွက်

မြင့်ထွန်းနှင့် ခိုင်ခိုင်ဝေတို့ အသစ်စက်စက် ဇနီးမောင်နှံနှစ်ဦး နှစ်ဖက်မိဘများကို ကန်တော့နေကြသည်။ မင်္ဂလာဆည်ခံပွဲလည်း ပြီးပြီမို့ ဧည့်သတ်တွေလည်း ပြန်ကုန်ကြပြီ။ ကန်တော့နေကြသည့် သမက်နှင့် သမီးကို ကြည့်ကာ ဦးဘမောင်တစ်ယောက် သက်ပြင်းရှည်ကြီး ချလိုက်ပြီးနောက် စကားစလိုက်သည်။



"မောင်မြင့်ထွန်း မိဘတွေရှေ့မှာပဲ မောင်မြင့်ထွန်းကို မှာချင်တယ်"

"ဟုတ်ကဲ့၊ ပြောပါ"

"မောင်မြင့်ထွန်းနဲ့ သမီးတို့ရဲ့ ဆန္ဒအတိုင်း နှစ်ဖက်မိဘတွေက

www.burmeseclassic.com

www.burmeseclassic.com

မောင်မြင့်ထွန်းတို့ကို လက်ထပ်ပေးခဲ့ကြတာ။ အဲဒီတော့ တစ်ယောက်အကြောင်း တစ်ယောက်သိကြဖို့၊ တစ်ယောက်နဲ့ တစ်ယောက် တိုင်တိုင်ပင်ပင်နေကြဖို့ လိုတယ်။ တစ်ယောက်အမှားရှိရင်လည်း တစ်ယောက်က နားလည် ခွင့်လွှတ်တတ်ဖို့ လိုတယ်။ သမီးကလည်း ကိုယ့်ခင်ပွန်းအပေါ် ပွင့်ပွင့်လင်းလင်းဆက်ဆံရမယ်။ အထူးသဖြင့် မှာချင်တာကတော့ နိုင်နိုင်ဝေ အသက်ရှင်နေသရွေ့ ဝက်သားကို ရှောင်ပါ”

ဦးဘမောင်က ပြောသင့်သည်တို့ကို ပြောဆိုမှာကြားခဲ့သည်။ မြင့်ထွန်းတို့ ဇနီးမောင်နှံ၏ နေရေးထိုင်ရေးကိုလည်း နှစ်ဖက်မိဘများ တိုင်ပင်ကာ မြေကွက်လပ်တစ်ခုဝယ်ယူပြီး ခနိအိမ်လေးတစ်လုံးဆောက်ပေးခဲ့ကြသည်။ တစ်အိုးတစ်အိမ်ထူထောင်ခဲ့သည့် မြင့်ထွန်းတစ်ယောက် သစ်ဆွဲ လွှတိုက်အလုပ်ဖြင့် အိမ်ထောင်သည်ဘဝတစ်ခုကို ရပ်တည်ခဲ့သည်။ နိုင်နိုင်ဝေကတော့ ဇနီးမယားတစ်ယောက်၏ ထုံးစံအတိုင်း ခင်ပွန်းသည်၏ ဝေယျာဝစ္စနှင့် အိမ်မှုကိစ္စတို့ကို မြန်မာမိန်းကလေးပီပီ ဆောင်ရွက်ခဲ့ရသည်။ စိတ်တူကိုယ်တူရှိကြသည်မို့ ပျော်စရာကောင်းသည့် တူနှစ်ကိုယ်ဘဝတစ်ခု။

အိမ်ထောင်သက် တစ်နှစ်နီးပါးရှိလာချိန်ထိ ဘာပြဿနာမှ မဖြစ်ခဲ့ပေ။

◈◈◈

တစ်နေ့ မြင့်ထွန်း လွှဆွဲပြီး၍ နေလယ် ထမင်းစားချိန် အိမ်ပြန်ရောက်တော့ နိုင်နိုင်ဝေတစ်ယောက် အိမ်၌ မရှိ။ အတန်ကြာမှ ပြန်ရောက်လာသည်။ ထိုကိစ္စအတွက် လင်မယားနှစ်ယောက် စကားအခြေအတင်ဖြစ်ကြသည်။ နိုင်နိုင်ဝေကတော့ မိန်းမသားပီပီ မျက်ရည်ကို အားပြုသည်။ သို့သော်လည်း ထိုကိစ္စက ပြဿနာကြီးကြီးမားမားမဟုတ်ဘဲ ပြီးသွားခဲ့သည်။

ထိုနေ့ညက မြင့်ထွန်းနှင့် နိုင်နိုင်ဝေတို့ စောစီးစွာ အိပ်ရာဝင်ခဲ့ကြသည်။ နေ့လယ်က အရှိန်နှင့် တစ်ဦးကို တစ်ဦး စကားမပြောဖြစ်ခဲ့ကြ။ တစ်ဦးကို တစ်ဦး ကျောပေးကာ အိပ်ခဲ့ကြသည်။

မြင့်ထွန်း အိပ်ပျော်သွားပြီး တစ်ရေးနိုးချိန်၌ နားထဲတွင် လူတစ်ဦး အိမ်ပေါ်၌ လမ်းလျှောက်နေသည့် ခြေသံကို ကြားနေရသည်။ ပထမတော့ ဇနီးသည် နိုင်နိုင်ဝေ အပေါ့အပါးသွားသည်ဟု ထင်မိသည်။ နောက်တော့ ခြေသံက အိမ်ရှေ့နှင့် အိပ်ခန်းနားထိ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်မို့ စိတ်ထဲ သင်္ကာမကင်းဖြစ်သွားသည်။ အနီးကို စမ်းကြည့်တော့ ဇနီးသည် နိုင်နိုင်ဝေက အိပ်နေဆဲ။ ဒါဆိုလျှင် ဘယ်သူလဲ၊ သူခိုးလား။ သူခိုးကရော ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပါ့မလား။ သိချင်စိတ်၊ စိုးရိမ်စိတ်တို့ဖြင့် အနီးက လက်နှိပ်ဓာတ်မီးကို ကောက်ယူလိုက်ပြီး အဆင်သင့် ပြင်လိုက်သည်။

ဒီတစ်ခေါက် မိမိအိပ်ခန်းနား ရောက်လာလျှင် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရမည်ဟု စိတ်က တွေး၍ ခြင်ထောင်အပြင်သို့ ထွက်လိုက်ပြီး စောင့်နေလိုက်သည်။ ထိုအချိန် ခြေသံက ပျောက်သွားသည်။ မြင့်ထွန်း ကပျာကယာ အပြင်ထွက်လိုက်ပြီး အိမ်အတွင်း ဓာတ်မီးထိုးကာ ခြေသံရှင်ကို ရှာလိုက်သည်။ ဘာမှမတွေ့။ အိမ်ရှေ့တံခါးကလည်း ပိတ်လျက်သား။ စိတ်ထဲ အတွေးတစ်ခုဝင်လာသည်။ သရဲတစ္ဆေများလား။ အိမ်အနှံ့ ဓာတ်မီးဖြင့် ထိုးကြည့်ပြီး ဘာမှမထူးခြားသည် အိမ်ရာထဲ ပြန်ဝင်ခဲ့သည်။

နိုင်နိုင်ဝေလည်း အိပ်ရာထဲ မြင့်ထွန်းနှင့် ထိုခြေသံတို့၏ အ အနေကို နားစွင့်နေသည်။ ဒီခြေသံ သူ့ဘဝမှာ ဘယ်တော့မှ ပျောက်ကွယ် တော့မှာလဲ။ စိတ်ထဲက ထိုခြေသံ မနှစ်မြို့ချင်။ ထိုခြေသံနှင့် ရင်းနှီး မလိုချင်။ မိမိခင်ပွန်းသည်နှင့် ထိုခြေ ကိုလည်း မပတ်သက်စေချင်။ အကြောင်းတွေ ခင်ပွန်းသည် မသိ ချင်တာ အမှန်။ ထို့ကြောင့်လည် အိပ်ရာထဲမှ နားစွင့်နေရုံမှတစ် မပြောဖြစ်ခဲ့ခြင်း ဖြစ်သည်။

◈◈◈

သုံးလခန့်အကြာ၌ နိုင်နိုင် တစ်ယောက် အပြင်းဖျားခဲ့သည် ဆရာဝန်ခေါ်၍ ဆေးထိုးရသည့်အ သို့ ရောက်ခဲ့သည်။ ထိုညကလည် လူမမာ စောင့်ကြည့်ရသည့် မြင့်ထွ အိပ်မပျော်ခင်မှာပင် ခြေသံပြင်းပြင်း ကြားလိုက်ရသည်။ လက်နှိပ်ဓာတ်မီး ယူကာ အိပ်ခန်းအပြင်ထွက်လိုက် ခြေသံကြားရာဆီ ဓာတ်မီးထိုးကြ လိုက်သည်။ ဘာမှမတွေ့။ သို့သေ လည်း ခြေသံကိုတော့ ကြားနေရသည် မြင့်ထွန်း ခေါင်းနပန်းကြီးသွားပြီး မြ ထောင်ထဲ ဝင်ကာ ငုတ်တုတ်ထိုင် လိုက်တော့သည်။ ခြေသံတွေကနေ နီးလာလိုက်၊ ဝေးသွားလိုက်။ အထ ငယ်ကြာမှ ခြေသံပျောက်သွားသည်။ အခါမှ မြင့်ထွန်း သက်ပြင်းချနိုင် ထိုခြေသံတွေအတွက် သင်္ကာမက ဖြစ်ကာ စိုးရိမ်နေမိသည်။ နောက် ထိုကိစ္စအတွက် လူကြီးတွေကို အ ပေးလိုက်တော့သည်။

တစ်နေ့ မြင့်ထွန်းနှင့် နိုင် ရှိနိုက် ဦးဘမောင် ရောက်လာသည်



www.burmeseclassic.com

www.burmeseclassic.com

ဦးဘမောင်က ဆိုကိစ္စအတွက်···

"မောင်မြင့်ထွန်းကို သမီးက ဘာမှမပြောဘူးလား"

"ဟင့်အင်း၊ ဘာမှမပြောဘူး"

"သမီးကလည်း ဒီကိစ္စမျိုးဆိုတာ နီးမယားက ပြောပြမှ ဖြစ်မှာပေါ့။ လင်နဲ့ မယားဆိုတာ ပွင့်ပွင့်လင်းလင်း နေသင့်တယ်ကွဲ့။ မိဘတွေအနေနဲ့ ဒီကိစ္စမျိုးမှာ ဝင်ပြောရင် သမက်ဖြစ်သူက စာနာမှုထင်နိုင်တယ်။ ဒါကြောင့် လည်း မောင်မြင့်ထွန်းကို အဖေ ဘာမှ မပြောခဲ့တာပဲ။ သမီးက ဒီကိစ္စကို ငယ်ငယ်ကတည်းက ရှက်လို့ မပြောခဲ့ဘူးဆိုလို့ အဖေတို့ ဘယ်သူ့ကိုမှ ပြောမပြဖြစ်ခဲ့ဘူး။ ခုတော့ ပြောပြမှ ဖြစ်တော့မယ့်အခြေအနေရောက်လာပြီ ဒီလိုကွဲ့"

ဟု အစချီလိုက်ပြီး ဦးဘမောင်က ခိုင်ခိုင်ဝေနှင့် ပတ်သက်သည့် သူ့မိသားစုဘဝ တစ်စိတ်တစ်ပိုင်းကို ပြောပြခဲ့သည်။

◈◈◈

လွန်ခဲ့သည့် နှစ် ၂၀ ကျော်အချိန်က ဝါးခယ်မမြို့၏ မြို့စွန်တွင် "စင်ဟိုဘောင်း"ဆန်စက်ကြီး ရှိသည်။ စက်ကြီးက အလွန်ရှေးကျသည်။ ထိုစက်ကြီးတွင် အလုပ်သမား မိသားစု ၃၀ ကျော် မှီခိုနေထိုင်ကာ အလုပ်လုပ်ကြသည်။ ဆန်စက်ဝင်းအတွင်း အနောက်ဘက်နှင့် ဘေးဘက်တို့တွင် အလုပ်သမားတန်းလျားများ ရှိသည်။ ထိုတန်းလျားတွင်ပင် ဆန်စက်အလုပ်သမား ကိုဘမောင်နှင့် ဇနီးသည် မအေးစိန်တို့ နေထိုင်ခဲ့ကြသည်။ တစ်ညတွင် ကိုဘမောင်နှင့် မအေးစိန်တို့ အတူအိပ်နေရာမှ မအေးစိန်၏ အလန့်တကြား အော်ဟစ်သံကြောင့် ကိုဘမောင် နိုးသွားပြီး···

"မအေးစိန်··မအေးစိန် ဘာဖြစ်တာလဲဟင်"

"ကျွန်မ အိပ်မက်မက်တာ ကိုဘမောင်။ အိပ်မက်ထဲမှာ ဒီစက်နောက်ဘက် မြစ်ကမ်းမှာ အစောင့်ဖြစ်နေတဲ့ ကုလားအဘိုးကြီး ရောက်လာတယ်။ မဲမဲသဲသဲ ကုလားမလေး တစ်ယောက်လည်း ပါလာတယ်။ အဘိုးကြီးက သူ့သမီး လိုက်ချင်လို့ ခေါ်သွားပါတဲ့။ ကောင်းကောင်းမွန်မွန် မွေးရင် ဥစ္စာပေးမယ်တဲ့။ မမွေးရင် ဒုက္ခပေးမယ်တဲ့လေ။ ကျွန်မလည်း ကြောက်လို့ မခေါ်ဘူးလို့ ပြောတော့ မခေါ်ရင် နင် မပြန်ရဘူးတဲ့။ အဲဒါနဲ့ သူတို့အလစ်မှာ ထွက်ပြေးတော့ နောက်က လိုက်လာပြီး ကျွန်မကို ဝိုင်းဖမ်းကြတယ်။ ကျွန်မလည်း ကြောက်လို့ အော်ဟစ်ရင်းက အသံထွက်သွားတာ ဖြစ်မယ်"

ထို့နောက်တော့ မအေးစိန် ကိုယ်ဝန်ရလာပြီး ခိုင်ခိုင်ဝေကို မွေးခဲ့သည်။ ခိုင်ခိုင်ဝေကို မွေးပြီး တစ်ပတ်လောက်အကြာမှ စ၍ အိမ်ပေါ်၌ လူတစ်ယောက် လမ်းလျှောက်နေသည့် အသံ(ခြေသံ)ကို မကြာခဏ ကြားရတတ်သည်။ တစ်ခါတစ်ရံ ပုခက်တွင်းကလေးအိပ်နေခိုက် မိဘများ မရှိနေလျှင် ခြေသံတရှပ်ရှပ်ပြုလျက် ပုခက်လွှဲပေးနေတတ်သည်။ ထိုအကြောင်းတို့ကို တစ်ညမှာ မ အေးစိန်အား ကုလားအဘိုးကြီးက အိပ်မက်ပေးကာ ပြောပြခဲ့ခြင်းဖြစ်သည်။

ကိုဘမောင်တို့ လင်မယားလည်း ခိုင်ခိုင်ဝေကို မွေးပြီးမှ အလုပ်အကိုင် ပို၍အဆင်ပြေလာသည်ဟု ဆိုရမည်။ ထို့နောက်တော့ တစ်ညမှာ မအေးစိန်ကို အိပ်မက်ပေးပြန်သည်။ အိမ်ရှေ့မှာ ပင်စိမ်းပင် စိုက်ပေးဖို့၊ သူ့သမီးကို အမြဲစောင့်ရှောက်သွားချင်ကြောင်းနှင့် ကိုဘမောင်တို့ကို ဝက်သားရှောင်ဖို့ အိပ်မက်ပေး ပြောခဲ့သည်။ ကိုဘမောင်တို့လည်း သမီးငယ်၏ အရေးနှင့် ပတ်သက်နေသည်မို့ လိုက်လျောခဲ့ကြသည်။ ထိုအချိန်မှ စ၍ ကိုဘမောင်တို့ မိသားစုနှင့် ထိုခြေသံတို့ ရင်းနှီးလာခဲ့ကြသည်။ အထူးသဖြင့် ခိုင်ခိုင်ဝေနှင့် ပို၍ရင်းနှီးခဲ့သည်ဟု ဆိုနိုင်သည်။

ခိုင်ခိုင်ဝေ သုံးနှစ်သမီးအရွယ် တစ်ညမှာ အိမ်ရှေ့၌ အဖော်တွေနှင့် ဆော့ကစားရာမှ အိမ်ပေါ် ပြန်တက်လာသည့် ခိုင်ခိုင်ဝေ၏ လက်ထဲတွင် ရွှေဒင်္ဂါးပြားနှစ်ပြားကို တွေ့ရသည်။ ဘယ်က ရသလဲဟု မေးကြည့်သည့်အခါ အိမ်ရှေ့မှာ ကျနေတာ တွေ့၍ ကောက်ခဲ့ကြောင်း ပြောသည်။ ထို နောက်ပိုင်း ကိုဘမောင်တစ်ယောက် ဆန်စက်အလုပ်သမားဘဝမှ ဖွဲနှအရောင်းအဝယ်သမားဘဝသို့ ပြောင်းလဲ လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ဝါးခယ်မမြို့တစ်ဖက်ကမ်း သော်ကရွာလေးသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်။

ကိုဘမောင်တို့၏ မိသားစုနှင့် ထိုခြေသံရှင်တို့၌ ဆက်စပ် ပတ်သက်မှုတွေ ရှိနေသည်မှာ အမှန်။ ကိုဘမောင်က သူ၏ စီးပွားရေးလုပ်ငန်းတို့တွင် အကြောင်းအရာအချို့၌ ထိုခြေသံရှင်၏ အကူအညီယူရသည့်အခါများ ရှိခဲ့သည်။ ထို့ကြောင့်လည်း ကိုဘမောင်တို့မိသားစု ခြေသံရှင်ကို မလွန်ဆန်နိုင်ခဲ့ကြပေ။ တစ်ခါတစ်ရံလည်း သမီးဖြစ်သူ ခိုင်ခိုင်ဝေကို ရိုက်နှက် ဆုံးမရသည့်အခါတို့၌ ညဘက်တွင် ခြေသံပြင်းပြင်းနှင့် တက်ခေါက်သံတို့ကို ကြားကြရသည်။ ထိုသို့ဖြင့် ကိုဘမောင်နှင့် ခြေသံရှင်တို့၏ ဆက်နွယ် ဆက်စပ်မှု





www.burmeseclassic.com

www.burmeseclassic.com

တို့က အဆင်ပြေတာ ရှိသလို၊ အဆင် မပြေတာတွေလည်း ရှိခဲ့ကြသည်။ မည်သို့ပင်ဆိုစေ၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြင့် ကိုဘမောင်တို့မိသားစုနှင့် ခြေသံရှင်တို့ နေလာခဲ့ကြသည်မှာ သမီး နိုင်နိုင်ဝေတစ်သက်ပင်ဖြစ်သည်။

◈◈◈

"အဲဒါပါပဲ မောင်မြင့်ထွန်း၊ အဲဒီ ခြေသံရှင်ကို အဖေတို့မိသားစုအတွင်းမှာ နေရာပေးခဲ့ရတယ်။ မောင်မြင့်ထွန်း အနေနဲ့ ခုပြောခဲ့တာတွေကို နားလည်နိုင်လိမ့်မယ်လို့ ထင်ပါတယ်ကွယ်"

မြင့်ထွန်းတစ်ယောက် ဦးဘမောင် စကားတို့ကို နားထောင်နေသော်လည်း အတိတ်ဘဝက နိုင်နိုင်ဝေ၏ ဖခင်ဆိုသည့် ခြေသံရှင်ကို လက်မခံချင်။ ဦးဘမောင် ပြန်သွားပြီးနောက် နိုင်နိုင်ဝေအား ထိုကိစ္စကို မေးမိတော့သည်။

"ဒီမှာ မိနိုင်၊ မင်းအဖေပြောသွားတာတွေက အမှန်တွေပဲလား။ ငါတို့ လင်မယားကြားမှာ ဒီအကောင်အထည် ပြလို့ မရတဲ့ဟာကြီး အရေးပါလာမှာကို ငါ လက်ခံမှာ မဟုတ်ဘူး။ မင်းတို့တွေကိစ္စကို မင်းတို့ဘာသာ အပြီးရှင်း"

"ကျွန်မလည်း သဘောကျလို့ လက်ခံနေတယ် မထင်နဲ့ ကိုမြင့်ထွန်း။ ဒီခြေသံတွေကို မကြားချင်ခဲ့တာ ကြာပါပြီ။ ဒါပေမယ့် ဘယ်လိုမှ တုံ့ပြန်လို့ မရလို့သာ ငြိမ်နေခဲ့ရတာ။ ကျွန်မ အဖေဟာ ဦးဘမောင်ပဲ။ ဦးဘမောင်ရဲ့ အရိပ်အာဝါသနဲ့ ဆိုဆုံးမတာပဲ ခံချင်တယ်။ ဟိုဘဝက အဖေတွေ ဘာတွေ ကျွန်မမှာ မရှိဘူး။ လိုလည်း မလိုချင်ဘူး"

နိုင်နိုင်ဝေလည်း သူမ၏ ခံစားမှုကို ရင်ဖွင့်တော့သည်။ မြင့်ထွန်းနှင့် နိုင်နိုင်ဝေတို့ နှစ်ဦးစလုံး၌ မလိုလားသောစိတ် တူညီနေကြသည်။ ထိုအကြောင်းနှင့် ပတ်သက်၍လည်း လင်မယားနှစ်ယောက် ခြေသံရှင်ကို မလိုလားကြောင်း ပြောဖြစ်ခဲ့ကြသည်။

ထိုညကလည်း ခြေသံရှင်၏ တုံ့ပြန်မှုကို ကြားကြရသည်။ ခြေသံပြင်းပြင်းနင်းသံနှင့်အတူ ကျယ်လောင်သည့် တက်ခေါက်သံတို့ကိုပါ ကြားရသည်။ ထိုညက မြင့်ထွန်းတို့ လင်မယား နှစ်ယောက်စလုံး အိပ်မရအောင်ပင် နှောင့်ယှက်ခြင်းကို ခံကြရသည်။ ထို့အတွက်လည်း မြင့်ထွန်း မကျေမနပ် ဖြစ်မိသည်။

◈◈◈

နောက် ရက်အနည်းငယ်အကြာ မြင့်ထွန်းတစ်ယောက် ဝက်သားတွဲ တစ်တွဲကို ဆွဲကာ အိမ်ပေါ်တက်လာသည်။ ထို့နောက် ခြေသံကြားရတတ်သည့် နေရာဝန်းကျင်က အိမ်တိုင် တစ်တိုင်၌ ဝက်သားတွဲကို ချိတ်ဆွဲထားလိုက်သည်။ မကြာပါ၊ မြင့်ထွန်း၏ ဒူးတစ်ဖက် ရောင်ကိုင်းလာပြီး လမ်းလျှောက်မရသည့် အခြေအနေသို့ ရောက်သွားခဲ့သည်။ ထိုအခြေအနေကို ခံစားလိုက်ရပြီမို့ မြင့်ထွန်း ယုံကြည်စွာ လက်ခံလိုက်ရပေသည်။ ထို့အတွက် စိတ်ဒုန်းဒုန်းချလိုက်တော့သည်။

နောက်နေ့မနက် မြင့်ထွန်း လမ်းမလျှောက်နိုင်၍ အလုပ်မသွားနိုင်ခဲ့။ မြင့်ထွန်း၏ မိဘများနှင့် ဦးဘမောင်လည်း မြင့်ထွန်းတို့အိမ် ရောက်နေကြသည်။ မကြာခင် ဒေါ်အေးစိန် တစ်ယောက် မျက်နှာညှိုးငယ်စွာဖြင့် အိမ်ပေါ်တက်လာသည်။ ထို့ကြောင့်ပင် သမီးဖြစ်သူ နိုင်နိုင်ဝေက…

"အမေ…ဘာဖြစ်လို့လဲ မျက်နှာလည်း မကောင်းပါလား"

ဒေါ်အေးစိန် ဘာမှမပြော။ မျက်ရည်တို့သာ တတွေတွေကျနေသ
ထိုအခါ ဦးဘမောင် စိတ်ပူသွာ

"မအေးစိန်…ဘာဖြစ်လ
လဲ၊ ကျုပ်ကို ပြောစမ်းပါ"

ထိုအခါ ဒေါ်အေးစိန် ပြေ
သည့် စကားကို နားထောင်နေ
အံ့ဩ မှင်တက်သွားကြသည်။
သံဝဲဝဲဖြင့် ပြောလာသည့် စကာ
စိတ်မကောင်းဖွယ်။

"နာက တမီးကို စိတ်
လိုက်စောင့်ရှောက်ပေးခဲ့တာပါ။ အ
မတူတာကို တီပေမယ့် တား
တဲ့ တံယောဇဉ်နဲ့ တမီးရောက်
တကောက်ကောက်လိုက်ခဲ့တာပါ
ကို လူတွေ လက်မခံနိုင်ဘူး ဆို
နားလည်ပါတယ်။ ဒါပေမယ့်
မှောက်မှာ နာ့တမီးရှိနေရင်
တဲ့စိတ်နဲ့ စားရမဲ့ နေစရမဲ့
နာနေခဲ့ရတာပါ။ ခုတော့
ကိုယ်တိုင်က နာ့ကို လက်မခံနို
ဆိုတော့ နာ စိတ်မကောင်းဘူး
ကြောင့်မို့ နာ့နေရာ နာပြန်တော့
ဟိုကောင်လေးရဲ့ ဝေဒနာ
ပျောက်ကင်းပါစေကွယ်။ တမီး
လိမ်လိမ်မာမာနဲ့ နေရစ်ခဲ့တော့။
အတန်းလုပ်တဲ့အခါသာ နာ့ကို
အတန်းဝေပေးပါကွယ်"

ဘဝဟောင်းက နိုင်နိုင်
ဖခင်တော်သူ ကုလားအဘိုးကြီ
ဒေါ်အေးစိန်ကို ပူးကပ်၍ ပြော
ဖြစ်သည်။ ထိုသို့ ဆိုလာတော့
မြင့်ထွန်းနှင့် နိုင်နိုင်ဝေတို့ စိတ်မ
ဖြစ်ကြရပြန်သည်။ ထို့နောက်
မြင့်ထွန်းတစ်ယောက် ဖခင်တစ်ယော
၏ သံယောဇဉ်ကို နားလည်စွာ လ
နိုင်ခဲ့ပေတော့သည်။ ■

* * *

ခင်မောင်ဇော် (ဝေါ်တ


www.burmeseclassic.com

www.burmeseclassic.com

**အနောက်ဘက်လွန်မင်းတရားကြီးနှင့်**
**ဗားမဲ့ဆရာတော်**

တစ်ခါသော် အနောက်ဘက်လွန်မင်းတရားကြီးသည် ဗားမဲ့ဆရာတော်အား နန်းတော်သို့ ပင့်ဆောင်တော်မူသည်။ ဆရာတော်ကြီး နန်းတွင်းသို့ ရောက်ရှိသောအခါ ကြီးကျယ်ခိုင်ခံ့၍ အင်အားတောင့်တင်း ခိုင်မာသော၊ ဗေဒင်ယတြာများ တတ်ကျွမ်းပြီး အစွမ်းထက်လှသော၊ "ရှင်မုံယို" ဆိုသူလည်း ရှိနေသော တောင်ငူမြို့ကို လုပ်ကြံနိုင်ရန် စီမံဆောင်ရွက်ပေးဖို့ လျှောက်ထား တောင်းဆိုသည်။ ဗားမဲ့ဆရာတော်ကလည်း တောင်ငူမြို့ကို လုပ်ကြံတော်မူလျှင် အောင်မြင်မည်။ သို့သော် အချိန်အနည်းငယ် ကြာရှည်နိုင်သည်။ အရှင်မင်းကြီး၏ တပ်တော်ကို တေဇအရပ်ရှိ ခတက်ပင်ရှိရာ နေရာတွင် တပ်ချထားတော်မူပါဟု မိန့်ကြားလေသည်။

ထိုအကြောင်းကို တွက်ချက် လေ့လာမိသော ရှင်မုံယိုကလည်း မြို့နား ပတ်ဝန်းကျင်ရှိ ခတက်ပင်များအားလုံး




# ရှေးမြန်မာဘုရင်များနှင့် ဂမ္ဘီရဆန်းကြယ်၊ ဖြစ်ရပ်အသွယ်သွယ်

**လှစံ (ပညာရေး)**

www.burmeseclassic.com

ကို ရှာဖွေခုတ်လှဲစေပြီး အမြစ်ပါမကျန် တူးဆွ၍ ရေသို့ ပစ်စေလေသည်။

အနောက်ဘက်လွှန်မင်းတရားကြီး၏ တပ်တော်သည် တောင်ငူမြို့နားသို့ ရောက်ရှိ၍ တပ်ချရန် ခံတက်ပင်ကို ရှာဖွေကြရာ မတွေ့ရှိနိုင်ဘဲ ဖြစ်နေသည်။ သို့သော် ကံအားလျော်စွာ ပျှဉ်ပုံတစ်ခုကို ဖယ်ရှားရာ ထိုအောက်တွင် ခံတက်ပင်ငယ်တစ်ပင်ကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် ထိုနေရာတွင် တပ်စခန်းချစေသည်။ နေ့စဉ် သုံးချက်တီးအချိန်ကျလျှင် ရှင်မုံပို စီရင်ထားသော ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတို့သည် လူသူ၊ ဆင်၊ မြင်း အသွားအလာကို ခတ်လေ့ရှိသည်။ တပ်တော်လည်း လေးရက် တစ်ခါ ငါးရက် တစ်ခါ တပ်လှန့်လေ့ ရှိလေသည်။

ထိုအကြောင်းကို ဗားမဲ့ဆရာတော်ထံ မြင်းသည်တော် စေလွှတ်၍ လျှောက်ထား မေးမြန်းတော်မူစေသည်။ ဆရာတော်သည် အကြောင်းစုံ သိရသောအခါ မည်သို့မျှ ပြောဆိုခြင်းမရှိဘဲ ဒေါက်ချာကို ယူကာ ဦးခေါင်း၌ စွပ်ပြီး အတန်ကြာလျှင် ချွတ်ယူ၍ ကြမ်းပြင်ပေါ်သို့ ပစ်ချပြလိုက်သည်။ ထို့နောက် အခန်းတွင်းသို့ ဝင်ရောက်ပြီး တံခါးပိတ်နေလေတော့သည်။ မင်းလုလင်လည်း ဗားမဲ့ဆရာတော်ထံမှ မည်သည့်စကားမှ မကြားရသောအခါ မင်းတရားကြီးထံ အချိန်မီ ပြန်ရလေတော့သည်။ အနောက်ဘက်လွှန်မင်းတရားကြီးသည် ကျိုးကြောင်းဆင်ခြင် သုံးသပ်တွေးတောမိသည်မှာ တောင်ငူမြို့တည်စဉ်အခါက ခုနစ်ဌာနအပါအဝင် ဖြစ်သော မြတ်စောညီနောင်ဘုရား၏ ထီးတော်ကို ချစေလိုကြောင်း သိရှိတော်မူလိုက်သည်။

ထို့ကြောင့် မြတ်စောညီနောင်ဘုရား၏ ထီးတော်ကို ချစေလိုက်သောအခါ ရှင်မုံပို စီရင်ထားသော ကျွဲခေါင်း၊ နွားခေါင်းများ ပျောက်ကွယ်သွားကြပြီး တောင်ငူမြို့ကိုလည်း တိုက်ခိုက်သိမ်းယူနိုင်ခဲ့လေသည်။

## ရာဇဓိရာဇ်နှင့် မင်းရဲကျော်စွာ

ဟံသာဝတီဘုရင် ရာဇဓိရာဇ်သည် ဟူးရားတတ် ပုရောဟိတ်၊ မဟာသမိန်၊ ဘုန်းတော်ကြီးတစ်ပါးနှင့် ရှင်မထေရ်တစ်ပါး၊ စုစုပေါင်း လေးယောက်တို့ကို ဇာတာတော် စစ်ဆေးစေ၍ မြန်မာမင်းသား မင်းရဲကျော်စွာကို မည်သည့်လတွင် အောင်နိုင်မည်နည်းဟု မေးတော်မူသည်။ ရှင်မထေရ်က ဇာတာတော်ကို စစ်ဆေးပြီး ဇာတာတော်သန့်၍ တန်ခူးလဆန်း ၄ရက်၊ ဗုဒ္ဓဟူးနေ့၌ တိုက်လျှင် နိုင်မည်ဟု ပြောသည်။

မဟာသမိန်ကလည်း ထိုအတိုင်းပင် ပြောကြား
ဘုန်းတော်ကြီးကလည်း ထိုနေ့တွင် "ရန်"ဟူသည့်
စီး၍ အစွယ်နှစ်ချောင်းကို သိုက်ဝါးထက်တွင် တင်
တိုက်တော်မူပါ။ မင်းရဲကျော်စွာကို ရေကန်နားတွင် ရမည်
ပြောကြားလိုက်သည်။

ထိုအခါ ဟူးရားတတ် ပုရောဟိတ်ကလည်း ထို
တွင် မင်းရဲကျော်စွာကို ဆင်ခါချလိမ့်မည်။ ခါးကို ဆင်
၍ ခါးကျိုးလေလျှင် ရေကန်နား ဥန်ပင်အောက်တွင်
ကျော်စွာကို ရလိမ့်မည်ဟု ပြောကြားလေသည်။ ရာဇဓိ
မင်းကြီးက မင်းရဲကျော်စွာတွင်လည်း ဗေဒင်ပညာရှိ ဟူ
တတ်များ ရှိနေသည်။ ထိုနေ့တွင် သူ၏ တပ်မှ ထွက်ပါ
လောဟု မေးရာ၊ ယင်းနေ့တွင် သူသည် တပ်က ထွ
တိုက်ခဲ့ပါလျှင် မင်းကြီးနိုင်မည်။ ထွက်၍ မတိုက်
မလျှောက်ဝံ့ပါဟု ဆိုလေသည်။ ထို့ကြောင့် တန်ခူးလ
၄ရက်၊ ဗုဒ္ဓဟူးနေ့တွင် စစ်ထိုးကြရန် မင်းရဲကျော်စွာ
အကြောင်းကြားလေသည်။

မင်းရဲကျော်စွာဘက်မှ ဟူးရားတို့ကလည်း...

"မနက်ဖြန် ရွှေနန်းသခင်သားတော် စစ်မထွက်ပါ
ဇာတာတော် မသန့်၍ ဆိုင်းငံ့တော်မူပါ။ နောက် ခုနစ်ရက်
လျှင် ဇာတာတော်သန့်၍ ဘေးအန္တရာယ်မှ ကင်းလွတ်ပါ
မည်။ ထိုအခါကျမှ စစ်ထွက်တော်မူပါ"

ဟု လျှောက်ထားကြသည်။ ထိုအခါ မင်းရဲကျော်
က...

"ငါသည် ရာဇဓိရာဇ်နှင့် တိုက်ရန် စစ်ချီခဲ့သည်
နှစ်ဝက်မျှပင် ရှိနေသည်။ ယခုမှပင် သူနှင့် တိုက်ရတော့မည်
ငါ၏ ဆန္ဒပြည့်ဝလေပြီ။ အချိန်းအချက်ပြုထားပြီး ငါ မထွ
လျှင် ငါ့စကားပျက်ချေတော့မည်။ ယခု ငါ မတိုက်ခဲ့သေ
နောင် ဘယ်သောအခါမှ သူနှင့် စစ်ထိုးခွင့်ရပါတော့မည်
နည်း"

ဟု မိန့်တော်မူသည်။

သို့သော် ဟူးရား ပုရောဟိတ်များကလည်း စစ်မထွ
ရန် အကြောင်းအမျိုးမျိုးပြ၍ တားဆီးကြလေသည်။

ချိန်းဆိုထားသောနေ့ရက်သို့ ရောက်သောအခါ မင်း
ကျော်စွာ ထွက်မလာ၍ ရာဇဓိရာဇ်၏ သူရဲကောင်း အမတ်
ဒိန်က "မင်းရဲကျော်စွာ ချိန်းဆိုထားသည့်နေရာသို့ ထွ
မလာခြင်းမှာ ဟူးရား ပုရောဟိတ်တို့က တားထားခြင်းဖြ
နိုင်ချေရှိကြောင်း" ရာဇဓိရာဇ်ထံ လျှောက်ထားသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

အခါ ရာဇဓိရာဇ်သည် "သမိန် အဝနိုင်"နှင့် သူ့ရဲကောင်းတို့ကို မင်းရဲကျော်စွာ၏ တပ်အနီးသို့ ချဉ်းကပ်၍ မခံချင်အောင် ကားဆိုစေသည်။

ထိုအခါ မင်းရဲကျော်စွာသည် ဒေါသအမျက်ကြီးစွာ ထွက်လျက်...

"ငါ၏ ဇာတာတော် မသန့်၍ ပုရောဟိတ်တို့ တားသဖြင့် ငါ ဆိုင်းငံ့နေသည်။ ငါ့ကို သည်လို ဆဲရေးပြောဆိုလျှင် ငါ မခံ။ ယခုပင် ထွက်မည်"

ဟု ဆိုကာ ဟူးရား ပုရောဟိတ်တို့က အတန်တန် တားသည့်ကြားမှ ရာဇဓိရာဇ်နှင့် စီးချင်းထိုးကြသည်။

နောက်ဆုံးတွင် မင်းရဲကျော်စွာ၏ ဆင်မှ ဒဏ်ရာများကြောင့် မခံနိုင်တော့ဘဲ ခါချရာ ဆင်ထက်မှ ကျ၍ ဆင်ကို ဆင်ခတ်မိလေသည်။ ထို့နောက် ရေကန်တစ်ခုအနီး ညှိုပင်အောက်၌ အနိစ္စရောက်ခဲ့ရလေသည်။

စစ်မက်ရေးရာကိစ္စများတွင်လည်း ဂမ္ဘီရပညာသည် အထူးအရေးပါကြောင်း သိသာနိုင်ပေသည်။

## ပုဂံမင်းနှင့် မင်းတုန်း၊ ကနောင် မင်းညီနောင်

အမရပူရ ရွှေနန်းတော်ကြီးတွင် ပုဂံမင်း နန်းတက်နေသော အချိန်ကာလဖြစ်သည်။

ပုဂံမင်းနှင့် ညီတော်များဖြစ်ကြသော မင်းတုန်းမင်းသား၊ ကနောင်မင်းသားတို့သည် စည်းလုံးညီညွတ်စွာဖြင့် တိုင်းရေးပြည်ရာများကို ညီညီညွတ်ညွတ် ဆောင်ရွက်နေကြသည်။ သို့ပါသော်လည်း နန်းတွင်းအရေး မီးမွှေးလိုကြသူများသည် ကြားဝင် သွေးထိုးကြသည်။ လုပ်ဇာတ်များ ဖန်တီး၍ စိတ်ဝမ်းကွဲအောင် ပြုလုပ်လာကြသည်။ ထို့ကြောင့် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် အမရပူရ ရွှေနန်းတော်မှ ထွက်ခွာ ပုန်ကန်မှုပြုရန် ဆုံးဖြတ်ခဲ့ရသည်။

မင်းတုန်းမင်းသား၏ အစ်မတော်(အဖေတူ အမေကွဲ) စုဖုရားကြီးသည် ဗေဒင်ကျမ်းကျေသောသူဖြစ်၍ ပုဂံမင်း၏ ဇာတာတော်၊ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့၏ ဇာတာတော်များကိုသာမက၊ မိမိ၏ ဇာတာကိုလည်း အမြဲစစ်ဆေးလေ့ရှိသည်။ ဗေဒင်ပညာတတ်ကျွမ်းနားလည်သူတို့သည် ကံတရားကို တပ်အပ်သေချာ မပြောနိုင်စေကာမူ ဗေဒင်ကျမ်းလာ အဆိုအမိန့်များအရ မူလဇာတာခွင်တွင် မည်သို့ပါလျှင် မည်သို့ ဖြစ်တတ်သည်ကိုတော့ ရေးရေးခြုံရိပ် သိမြင်လေ့ရှိကြသည်။

မင်းတုန်းမင်းသား ဖွားမြင်တော်မူစဉ်က ထူးခြား



ဆန်းကြယ်သော ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်။ ရတနာမဥ္ဇူ ဘုရားကို တိုင်းသူပြည်သားများ အုတ်အော်သောင်းနင်း သွားရောက်ဖူးမြော်ကြသည်။ ထိုအခါ မယ်တော်က "ငါ့သားသည် မင်းအဖြစ်ကို ကေန်ရရှိလိမ့်မည်"ဟု ပြောခဲ့သည်။ ထို့အပြင် အမရပူရမြို့ စံအိမ်တော်အနီး ရွှေလင်းပင်ဘုရားရှေ့ရှိ ညောင်ပင်ပွင့်သဖြင့် ပြည်သူပြည်သားများ လာရောက်ဖူးမြော်ကြပြန်သည်။ ညောင်ပင်သည် အင်္ဂါနံဖြစ်ပြီး မင်းတုန်းမင်းသားသည်လည်း အင်္ဂါသားဖြစ်သည်။ ညောင်ပင်ပွင့်သည် ဖြစ်၍ အတိတ်နိမိတ်ကောင်းသည်။ ထို့ပြင် ဒေးဝန်းတိုက် စံနန်းတော်တွင် စံမြန်းနေစဉ် မင်းသားစားသော မုံလာချဉ်အိုးမှ မုံလာပင် ပေါက်လာခြင်း၊ ချိုးထားသော စကားစိမ်းကိုင်းမှ အပင်ပြန်ပေါက်ခြင်း၊ ကောင်းကင်တွင် ပေါ်လာသော ရွှေပြာသာဒ်ကြီးဆီသို့ ငွေစောင်းတန်းဖြင့် တက်ရောက်၍ စံမြန်းရသည်ဟု အိပ်မက် မြင်မက်ခြင်း၊ ရွှေနန်းတော်သို့ ဝင်ရန် အိမ်ထောင်ပေါ်မှ ဆင်း၍ ရထားပေါ် တက်ရန်ပြုစဉ် လက်ယာ လက်ရုံးပေါ်သို့ ရွှေပြည်စိုးငှက် လာရောက်နားခဲ့သဖြင့် ရွှေပြည်ကြီးကို စိုးမိုးအုပ်ချုပ်ရမည်ဟု နိမိတ်ဖတ်ယူခဲ့ကြပြန်သည်။

ဗေဒင်၊ ယတြာကျမ်းများကို တတ်ကျွမ်းနားလည်သော အစ်မတော် စုဖုရားကြီးသည် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အား အစ်ကိုတော်ဖြစ်သော ပုဂံမင်းကို ဆန့်ကျင်ပုန်ကန်ရန် အခါပေးခဲ့သည်။ လက်ပါးစေ လူယုံတော်ကို စေလွှတ်၍ သက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပြာသိုလဆန်း ရက်၊

www.burmeseclassic.com

သောကြာနေ့ ညနေ ၄ချက်တီးအကျော်တွင် မင်္ဂလာစံအိမ်တော်မှ အပ်ရပ္ပုရ ရွှေမြို့တော်၏ အရှေ့ဘက် မျက်နှာရှိ မြောက်ဘက် အစွန်ဆုံးဖြစ်သော "လေးကျွန်းတံခါး"မှ ထွက်ခွာကြရန် အခါပေးလေသည်။

မင်းသားညီနောင်တို့သည် အချိန်အခါ အတိအကျယူ၍ လေးကျွန်းတံခါးမှ ထွက်ခွာရာ တံခါးမှူး၊ တံခါးစောင့်တို့ကို အောင်မြင်စွာ သုတ်သင်နိုင်ပြီး နောက်ဆုံးတွင် ပုဂံမင်းကို နန်းစွန့်စေနိုင်ခဲ့သည်။ ထိုနောက်ပိုင်းတွင်မှ ပုဂံမင်းသည် ထိုအရေးတော်ပုံ အောင်မြင်စေရေးအတွက် စုဖုရားကြီးက အခါတော်ပေးခဲ့ကြောင်း သိရှိရသဖြင့်...

"ငါတို့နှမများ တစ်မိပေါက် မောင်အရင်းထက်၊ အမိကွဲ မောင်ကို စေတနာပိုပြီး ဗေဒင်ယတြာများနဲ့ အခါပေးရက်လိုက်သည်မှာ သူ မိဖုရားဖြစ်ဖို့ ရည်ရွယ်ချက်ရှိပေတာကိုး"

ဟု ခနဲ့ခနဲ့ ပြောဆိုခဲ့လေသည်။

ထိုကဲ့သို့ မင်းရေးမင်းရာများတွင်လည်း ဗေဒင်ယတြာသည် အရေးပါ ထိရောက်ခဲ့လေသည်။

## ကနောင်မင်းသားကြီးနှင့် ဖောင်းတော်

ကနောင်မင်းသားကြီးသည် ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ ညီတော်ရင်းဖြစ်ပြီး ငယ်နာမည်မှာ "မောင်ကောက်"ဖြစ်သည်။ တူတော်များ ဖြစ်ကြသော မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင် မင်းသားတို့၏ လုပ်ကြံခြင်း မခံရမီ မကောင်းသော နိမိတ်တစ်ခုရှိခဲ့လေသည်။ ကနောင်မင်းသားကြီးသည် လုပ်ကြံခြင်း ခံရမည့်နေ့တွင် နောက်ပါ ကိုယ်ရံတော်များ၊ အိမ်တော်သားများ၊ အမတ်ပညာရှိအချို့တို့နှင့် အတူ လွှတ်တော်ရှိရာသို့ လာကြရာတွင် ချောင်းငယ်တစ်ခုကို ဖြတ်ကျော်ကြရသည်။

ထိုသို့ ဖြတ်ကူးရာတွင် ကနောင်မင်းသားကြီး၏ ဖောင်းတော်မှာ မြေသို့ ကျွတ်ကျခဲ့သည်။ အထွတ်အမြတ်ထားသော ဖောင်းတော် မြေသို့ ကျခြင်းကြောင့် နိမိတ်မကောင်းဟု ပညာရှိ အမတ်များက သိမြင်ကြ၍ ရှေ့သို့ ခရီးမဆက်သင့်ကြောင်း လျှောက်ထားကြသည်။ ကနောင်မင်းသားကြီးသည် အမတ်ပညာရှိများ၏ စကားကို နားယူခြင်းမရှိဘဲ လွှတ်တော်အရောက် ခရီးဆက်ခဲ့သည်။ လွှတ်တော်သို့ရောက်ပြီး မကြာမီ တူတော်များဖြစ်ကြသော မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင် မင်းသားတို့၏ လုပ်ကြံခြင်းကို ခံခဲ့ရရှာသည်။

**ဘဝရှင် မင်းတုန်းမင်းတရားကြီးနှင့် သားတော်**

မင်းတုန်းမင်းတရားကြီး ရတနာပုံ နေပြည်တော်မင်းအဖြစ် ဘိသိက်တော် ခံယူပြီးသောအခါ ညီတော်ဖြစ်သော ကနောင်မင်းသားကြီးကို အိမ်ရှေ့စံ အပ်နှင်းသည်။ ရတနာပုံ ထီးနန်းစည်းစိမ်ကို ရရှိအောင် ညီတော် ကနောင်မင်းသားကြီးက ကြံဆောင်ပေးခဲ့သောကြောင့် ဖြစ်သည်။ ထိုအခါ မင်းတုန်းမင်းတရားကြီး၏ ပထမ တော် ရေး မိဖုရားကြီးမှ ဖွားမြင်သော သားတော် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့သည် ရွှေနန်းတော်ကို ... သောကြောင့် ခမည်းတော်ဘုရား၏ သစ္စာတော်ကို ... အမေ့အလျော့ရှိနေချိန်တွင် ခမည်းတော်နှင့် ဘထွေးတော် ရတ်တရက် လုပ်ကြံသတ်ဖြတ်ရန် အခါကောင်းကို ... စားလျက် ရှိကြသည်။ လက်နက် လူသူများကိုလည်း ... ဆောင်ပြီးဖြစ်ကြသည်။


မင်းတုန်းမင်းတရားကြီးသည် ထိုအချိန်အခါ ကိ... ယတြာများအရ အခိုက်အတန့် ယတြာချေခြင်းဖြင့် ရွှေ... တော်ကြီးမှ ခွာ၍ နန်းမြေဘုံသာ ယာယီစံနန်းတော် ပြောင်းရွှေ့ စံနေတော်မူသော အချိန်ဖြစ်လေသည်။ ထို... ပြုလုပ်ခြင်းသည် လာလတ္တံ့သော ဘေးဆိုးအန္တရာယ်အ... တို့မှ လွတ်မြောက် ပြေပျောက်စေခြင်းအလို့ငှာ နန်း... မှ ခေတ္တဆင်းပေးခြင်းဖြင့် ယတြာချေခြင်းဖြစ်လေသည်။

ပုန်ကန်တော်လှန်ကြမည့် မြင်ကွန်းနှင့် မြင်းခုံ... မင်းသားတို့သည်လည်း ပုန်ကန်ရာတွင် အောင်မြင်စေ... အတွက် ဗေဒင်အရာ ကျွမ်းကျင်တတ်မြောက်သော ဗေ... ဆရာကြီး ဦးပုညအား ဗေဒင်ကိန်းခန်းတို့ကို တွက်ချက်... အခါပေးရန် ခိုင်းစေခဲ့ကြသည်။ ဆရာကြီး ဦးပုည... မင်းသားညီနောင်တို့ကို ကြောက်ရွံ့၍ အခါပေးခဲ့ရ... လည်း မင်းတရားကြီး၏ သစ္စာကို စောင့်သိသောအား... အချိန်ကို အနည်းငယ်လွဲ၍ ပေးခဲ့သည်။ ထို့ကြောင့်... အိမ်ရှေ့စံ ကနောင်မင်းသားကြီး ကျဆုံးခဲ့သော်လည်း ပုန်... မှု မအောင်မြင်ခဲ့ပေ။ အံ့သြဖွယ်ကောင်းသော ယော... ပညာရပ်များကြောင့်ပင် ဖြစ်ပေမည်။

ဗေဒင်ကိန်းခန်းအရ ယတြာချေခြင်း ပြုလုပ်ထား... မင်းတုန်းမင်းကြီးသည် တစ်ကိုယ်တည်း ထွက်ပြေး... တစ်နေရာတွင် ပုန်ကန်သော မင်းသားညီနောင်တို့... ဘက်တော်သား လူယုံတော် ရွှေဓားဆွဲ လှမိုက်ကြီး... နှင့် တစ်ယောက်ချင်း ဆုံတွေ့မိကြသည်။ လှမိုက်ကြီး... ကို မင်းတုန်းမင်းကြီးအား တွေ့သည့်နေရာ၌ ဆုတ်...

www.burmeseclassic.com

www.burmeseclassic.com




ရှင်းလင်းရန် မင်းညီနောင်တို့က ကြိုတင် စေလွှတ်ထားခြင်း ဖြစ်သည်။ မင်းတုန်းမင်းတရားကြီးတစ်ပါးတည်း အနောက်ဘက်မှ ဝင်လာတော်မူသည်ကို တွေ့သော် ရွှေဓားဆွဲ လုပိုက်ကြီး ငပိုက်မှာ မင်းတရားကြီး၏ ဘုန်းတော်အရှိန်အဝါကြောင့် မင်းတရားကြီး စေခိုင်းသည့်အတိုင်း ဓားကို ချလျက် အချီတော်ဆက်ကာ လွတ်ရာသို့ ပို့ပေးခဲ့ရလေသည်။ ယတြာကောင်း၍ သေကံမရောက်ခဲ့ခြင်း ဖြစ်လေသည်။

### သီပေါမင်းတရား

သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်နေ့တွင် ဘဝရှင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံကံတော်ကုန်ခဲ့သည်။ အလောင်းတော်ကို ရွှေနန်းတော်အတွင်း ရာဇပလ္လင်ရှေ့သို့ ပြောင်းရွှေ့ ထားရှိခဲ့သည်။ ထိုနေ့မှာပင် သားတော် အိမ်ရှေ့မင်း မဟာဥပရာဇာ (သီပေါမင်းသား) စံနေတော်မူရာ စံနန်းတော်သို့ မှူးတော် မတ်တော်များ စုံညီစွာ သွားရောက်ကြပြီး ခမည်းတော်၏ အရိုက်အရာကို ဆက်ခံရန် လျှောက်ထားကြသည်။ သီပေါမင်းသားသည် ထိုနေ့မှာပင် မှန်နန်းတော်သို့ ထွက်စံတော်မူ၍ ဖခမည်းတော် အရိုက်အရာတော် ရွှေဘုံရွှေနန်းနှင့် တိုင်းနိုင်ငံတော်အလုံးကို သိမ်းမြန်း စိုးစံတော်မူကြောင်း အမိန့်တော်မှတ်ခဲ့လေသည်။ မန္တလေး နေပြည်တော်ကြီးကို စတင်တည်ခဲ့သည့် အခါက မင်းတုန်းမင်းတရားကြီးသည် အင်္ဂါသားဖြစ်၍ အနောက်အရပ် (ဘုမ္မိကျသောအရပ်)တွင် လူသေများ ထုတ်ရာ အင္ဂဝတီ တံခါးကို ပြုလုပ်ထားရှိခဲ့သည်။ ထို့ကြောင့်လည်း အနိဋ္ဌ+အနိဋ္ဌဖြစ်ခြင်းကြောင့် ဆန်းဝင်ပြီး ကောင်းကျိုးဆက်ခံရန် လျှောက်ထားကြသည်။ များစွာ ဖြစ်ထွန်းခဲ့သည့် သာသနာ့ ဒါယကာမင်းအဖြစ်လည်း ကျော်ကြား၍ ထီးနန်းစည်းစိမ်ကို အပြည့်အဝ ခံစား စံစားခဲ့ရသည်။

မင်းတုန်းမင်းတရားကြီး၏ သားတော်ဖြစ်သော သီပေါမင်းသည်ကား စနေသားဖြစ်၏။ လူသေထုတ်သော အင္ဂဝတီတံခါးထားရာအရပ်သည် သီပေါမင်းအတွက် "အာယု" အရပ်ဖြစ်နေသည့်အတွက် မထားကောင်းပေ။ ဗေဒင်ကိန်းခန်းအရ အနောက်အရပ်သည် မင်္ဂလာရှိသောကိစ္စများသာ ထားရှိပြုလုပ်ရမည့် အာယုအရပ်ဖြစ်သော်လည်း သီပေါမင်းသည် ထိုအရပ်တွင် မင်္ဂလာမရှိသော အင္ဂဝတီတံခါးအဖြစ် ဆက်လက်ထားရှိခဲ့သည်။ ထို့ကြောင့်လည်း သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်၊ တနင်္ဂနွေနေ့ သုံးချက်တီးအချိန်တွင် ရွှေနန်းစည်းစိမ်ကို စွန့်လွှတ်ခဲ့ရသည်။ သီပေါမင်း နန်းမကျမီအချိန်ကလည်း နန်းကျမည့် နိမိတ်တဘောင်အဖြစ်...

**ထုံးအောက်က တီတွန်၊ လူလွန်မ သား၊**
**မုံ့ဆီကြော် အလယ်အက်၊ ပြည်ဖျက်မယ့်သား**

ဟူသော နိမိတ်တဘောင် ပေါ်ထွန်းခဲ့လေသည်။ မန္တလေး နေပြည်တော်ကို စိုးစံခဲ့သော မင်းတုန်းမင်းတရားကြီး နတ်ရွာစံလျှင် သီပေါမင်းသား နန်းတက်မည်ဟု "ထုံးအောက်က တီတွန်"ဟူသော နိမိတ်တဘောင်ဖြင့် ပြဆိုခဲ့ခြင်းဖြစ်သည်။ "လူလွန်မသား"ဆိုသည်မှာ သီပေါမင်းသား၏ မယ်တော်ဖြစ်သော လောင်းရှည်မိဖုရားသည် သီလရှင် ဝတ်သွားသည်ကို ဆိုလိုကြောင်း နိမိတ်ကောက်ယူကြသည်။

◈◈◈

ဤသို့အားဖြင့် မြန်မာရှင်ဘုရင်အသီးသီးတို့၏ ကံကြမ္မာအပြောင်းအလဲတို့တွင် ဗေဒင်ပညာ၊ အတိတ်၊ နိမိတ်၊ တဘောင် စသော ဂမ္ဘီရ ပညာရပ်များသည် ထူးခြားဆန်းကြယ်လှကြောင်း လေ့လာသိရှိနိုင်ကြလေသည်။ ■

* * *

လှစံ(ပညာရေး)

မှီငြမ်းပြု
- ရတနာပုံ၏ နိဒါန်းနှင့် နိဂုံး (ဒီဂုန် ခင်ခင်လေး)။
- အံ့ဖွယ် နိမိတ်တဘောင် ဖြစ်ရပ်ဆန်းနှင့် အိပ်မက်များ (အောင်မြတ်ဦး)။
- မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ။
- ရာဇဝိရာဇ်အရေးတော်ပုံကျမ်း (နိုင်ပန်းလှ)။



www.burmeseclassic.com

www.burmeseclassic.com



# အရက်၏ ဆိုးကျိုးကြောင့် သွေးအန်ခဲ့လျှင်

ရောင်မြေ ကျော်ဝေ

စာရေးသူ၏ နေအိမ်တွင် ဇနီးသည်ကို နေ့စဉ် လာရောက်ကူညီ ချက်ပြုတ်ပေးသော တစ်ရပ်ကွက်တည်းသူ မိတ်ဆွေ မတင်တင်သန်းသည် တစ်နေ့တွင် အလာနောက်ကျသဖြင့် သူ၏ အလာကို စောင့်မျှော်နေသော ဇနီးက

"ဟဲ့ - တင်တင်သန်း၊ ဒီနေ့လာတာ နောက်ကျလှချည်လား"ဟု ပြောသောအခါ မတင်တင်သန်းသည်…

"နောက်ကျတာတော့ မပြောနဲ့ မမရေ၊ အိမ်က ကျွန်မယောက်ျား အရက်သမားလေ၊ ထမင်းမစားတာဆို ဒီနေ့အပါအဝင် သုံးရက်ရှိပြီလေ။ အရက်လည်း ဆက်မသောက်တော့ဘဲနဲ့ သွေးအန်နေတာနဲ့ သူ့ကို ဆေးတိုက်ဖို့ လုပ်ပေးနေရတာနဲ့ ကြာသွားတာပါ"ဟု ပြောလေသည်။

"နင့်ယောက်ျားကို အရက်ဖြတ်ခိုင်းပေါ့၊ ဆေးခန်းလည်းပြကြည့်ပေါ့"

"ဆေးခန်းသွားဖို့ဆိုတာ ကျွန်မတို့ လက်လုပ်လက်စားဘဝတွေမှာ မလွယ်ကူပါဘူး မမရယ်။ ဆေးမြီးတိုနဲ့ပဲ ကုရမှာပါပဲ"ပြောသောအခါ စာရေးသူက…

"ဆေးမြီးတိုနဲ့ ကုတာဆိုတော့ ဘယ်လို ဆေးမြီးတိုလဲ၊ ငါ့ကို ပြောပြပါဦး"

"ဦးက စာရေးဆရာဆိုတော့ ဆေးမြီးတိုဆောင်းပါးရေးဦးမယ်ထင်တယ်"

"အေး၊ ရေးသင့်ရင်လည်း ရေးရမှာပေါ့"

"ဆေးနည်းကတော့ လွယ်ပါတယ် ဦးရယ်၊ ပေရွက်… လိုသလောက်ခူးပြီး ဒန်အိုးထဲထည့်ပြီးပြုတ်၊ အအေး… ရေဆာတိုင်း တိုက်ရင် သွေးအန်တာလည်း ရပ်သွားမ… သုံးရက်လောက် မစားနိုင်တဲ့ ထမင်းလည်း စားနိုင်လာ… မယ်။ ကျွန်မယောက်ျား ကိုအေးနိုင်ကို ကျွန်မ ဆေးကု… အထက သီနေ၊ လုပ်နေကျပါ။ သူက ကျန်းမာရေးကော… တာနဲ့ တစ်လလောက် အရက်မသောက်ဘဲ နေနိုင်ပြီး နော… ပြန်သောက် ပြန်ဖြစ်တာပါပဲ။ အရက်မသောက်ဘဲ နေလို… တော့ သွေးအန်တဲ့ ရောဂါက နင်နေ၊ ငါသွားဆိုသ… ပေရွက်ပြုတ်ရည်က အစွမ်းထက်ပါတယ်။ အရက်ကို … မနား ညမနားသောက်သူတွေအတွက်ကတော့ ပေရွက်ပြု… ရည်ဟာ ဆေးနည်းကောင်းတစ်လက်ပါပဲဆိုတာ ရေးသ… ပေးပို့လို့ ပါလာခဲ့ရင်လည်း ကျွန်မတို့ကို ပေးဖတ်ပါဦး"ဟ… မတင်တင်သန်းက ပြောသောအခါ စာရေးသူကလည်း…

"လာမယ်၊ ကြာမယ်၊ စောင့်နိုင်ရင်တော့ အက… လိမ့်မယ်"ဟု နောက်ပြောင်ပြီး ပြောလိုက်ရပါတော့သည်…

အရက်ချစ်သူတို့အတွက် မှတ်သားစရာ ဆေးနည်း… ကောင်းတစ်လက်ဟုပင် စေတနာ မေတ္တာများစွာဖြင့် ဖော်… လိုက်ရပါတော့သည်။

* * *

ရောင်မြေကျော်ဝေ…



www.burmeseclassic.com

www.burmeseclassic.com

မင်းဟိန်းထိဝ်

# စာကလေးဝင်ပေါက်မှ ဝင်နိုင်၊ ထွက်နိုင်သော လူစွမ်းကောင်း

ခိုးကြောင်ပါသောသူတို့အကြောင်းကို ကြားဖူးကြပေလိမ့်မည်။ ခိုးကြောင်ပါသော လူများသည် ခိုးဝက်ရာတွင် အလွန်တော်ကြောင်း။ ပိုင်ရှင်က သူတို့ပစ္စည်းများကို မည်မျှအထိပင် ကာကွယ်စောင့်ရှောက်ပြီး လုံခြုံ



www.burmeseclassic.com

www.burmeseclassic.com

စွာဖြင့် ထားသည်ဖြစ်စေ၊ ခိုးကြောင်ပါသောလူကသာ ကြံဖန် ခိုးယူမည်ဆိုလျှင် ပါသွားမည်သာဖြစ်ကြောင်း ကြားဖူးကြပေလိမ့်မည်။

ခိုးကြောင်ဟူသည်မှာ မည်သည့်အရာဟူ၍ကား သိနိုင်ကြရန် လွယ်မည်မထင်ပေ။ ခိုးကြောင်ဟူသည်မှာ မွေးရာပါ ခိုးချင်စိတ်ပါသော၊ ပိုင်ရှင်မသိအောင် ခိုး၍လည်း ရတတ်သော လူများကိုသာ "ခိုးကြောင်ပါသော လူ" ဟု ပြောကြခြင်းဖြစ်မည်ဟု ထင်ပါသည်။

တချို့ကတော့ ထိုကဲ့သို့ မယူဆပေ။ ခိုးကြောင်ပါသော လူ၏ ကိုယ်၌ အမှတ်အသားရှိသည်ဟု ဆိုကြသည်။ ထိုအမှတ်အသားသည် ချိုင်းအောက်တွင် လည်းကောင်း၊ ကျောကုန်းတွင် လည်းကောင်း၊ ဗိုက်သားတွင် လည်းကောင်း ကြောင်ရုပ်နှင့် ဆင်ဆင်တူသော အမာရွတ်ကဲ့သို့ (မထင်မရှား) အညိုရောင် အရုပ်ကလေးပါသည်ဟုလည်း ပြောကြသည်။

တချို့ကမူ ခိုးကြောင်ပါသော လူများ၏ မျက်စိ၌ မျက်နက်ဝိုင်းကို ရံနေသော အဖြူရောင်သည် သိပ်ပြီး မဖြူဘဲ၊ မျက်တွင်းထောင့်စွန်း၌ ညိုညစ်ညစ်ရှိနေတတ်သည်ဟု ဆိုကြသည်။ ထိုညိုညစ်ညစ်နေရာကို ဂရုစိုက်ကြည့်လျှင် ထိုညိုညစ်သော အရာသည် ကြောင်ရုပ်နှင့် တူသည်ဟု ပြောကြပြန်သည်။

ခိုးကြောင်ပါသော လူများသည် ထိုကြောင်ရုပ်ကလေး လှုပ်ရှား (ယားယံသကဲ့သို့ဖြစ်)လာလျှင် မခိုးဘဲ မနေနိုင်ဟုလည်း ဆိုကြသည်။ ထိုခိုးကြောင်းပါသော လူ၏ တူဖြစ်သူ ဦးနီတွတ်မှ စာရေးသူအား ပြောပြဖူးသည်။

သူ့ဦးလေးသည် ခိုးကြောင်ထလာသောအခါ ဂဏှာမငြိမ်ဖြစ်လာသည်။ ခိုးချင်စိတ်ကိုလည်း ထိန်း၍မရဖြစ်လာသည်။ သို့သော် သူ့ဦးလေးသည် ထိထိရောက်ရောက် ခိုးနိုင်ခြင်းမရှိဘဲ ရရာ အတိုအစလေးများကိုသာ ခိုးသည်။

ပဲခင်း၊ သခွားခင်းများကို ဝင်ပြီး ပဲသီး၊ သခွားသီးများကို ခိုးသည်။ ကြက်ခိုးသည်။ ရေချိုးသွားရင်း ရေချိုးဖော်များဆီမှ ဆပ်ပြာခွက် ခိုးသည် စသည်ဖြင့် မဆိုစလောက်၊ နာမည်ပျက်ရုံမျှသာ ခိုးသော အခိုးမျိုးဖြစ်သည်။

ထိုခိုးကြောင်သည်လည်း အမြဲတမ်းထနေခြင်းမျိုး မဟုတ်ဘဲ တစ်ခါတစ်ရံမှသာ ထလာတတ်ခြင်းဖြစ်သည်။ ထိုကဲ့သို့ ထလာလျှင်လည်း တန်ဖိုးရှိသော ပစ္စည်းများကို မရလျှင်၊ ရသည့်ပစ္စည်းကို ခိုးမည်မှာ မလွဲပေ။

တစ်ခါသော် ဦးနီတွတ်သည် သူ့ဦးလေး ခိုးကြောင်ထနေသည်ကို သိ၍ စမ်းလိုသောကြောင့် သူ့အိမ်သို့ ခေါ်လာခဲ့သည်။ သူ ခိုးချင်ရာကို ခိုးပါစေ၊ တစ်နေရာရာက ချောင်းကြည့်နေမည်ဟုလည်း စိတ်ကူးထားသည်။ သို့သော် အိမ်သို့ ရောက်သောအခါ အိမ်မှာ ဧည့်သည်များ ရောက်နေသည်ကို တွေ့လိုက်ရသည်။ ထိုဧည့်သည်များကလည်း မိန်းမဘက်က ဆွေမျိုးများဖြစ်သဖြင့် လေးငါးရက်နေပြီးမှ ပြန်ကြမည့်သူများဖြစ်သည်။ ထို့ကြောင့် သူ့အစီအစဉ်ပျက်ပြီဟု တွေးပြီး ဦးနီတွတ် စိတ်ပျက်သွားသည်။

သို့သော် သူ့ဦးလေးသည် အိမ်ပေါ်တက်ထိုင်ပြီး ဧည့်သည်များနှင့် ရေနွေးသောက်၊ စကားပြော၊ တအောင့်နေပြီးမှ အပြန်တွင် တောင်ကြည့်မြောက်ကြည့်နှင့် ခြံထဲက ထင်းပိုင်းတစ်ပိုင်းကို ကောက်ထမ်းသွားလေသည်။ ထိုအခါမှ ဦးနီတွတ်လည်း လက်တွေ့ကြုံ၍ ယုံရလေသည်။

◆◆◆

မယုံနိုင်လောက်အောင် အံ့
ဖြစ်ရသည့် ခိုးကြောင်အကြီးစား
လည်း ရှိသေးသည်။ လျှို့ဝှက် န
ပြီး လက်တွေ့စမ်းသပ်ထားကြ
ကြောင့် ငြင်းနိုင်သူလည်း မရှိပေ
ခိုးကြောင်ပါသော ပုဂ္ဂိုလ်မှာ သာမ
မဟုတ်ဘဲ ဖိုးသူတော်နေဖြစ်သည်

ထိုဖိုးသူတော် ကျောက်
နယ်ကို ရောက်လာသောအချိန်
ရန်ကုန်မြို့၌ ခါးပိုက်နှိုက်၊ အိတ်
တို့အား နှိပ်ကွပ်နေသော အချိန်
သည်။ ဖိုးသူတော်သည် တ
ဖိုးသူတော်ကျင့်ဝတ်နှင့်အညီ နေ
သည်။ ဆွမ်းဆန်ခံပြီး ချက်စား
ပုတီးစိပ်၊ ပရိတ်ရွတ်၊ မေတ္တာ
တရားမှတ်၍ သူတော်ကောင်းကျ
နှင့် အချိန်ပြည့် နေထိုင်သည်။

ထို့ကြောင့် လူကြည်ညို
လေးစားလည်း ရှိသည်။ ပေ
လှူဒါန်းကြသူများလည်း မနည်း
သူတော်ကောင်းတို့၏ အကျင့်ကို
ကြံနေသောကြောင့် သူတော်
တို့၏ လာဘ်သပ်ပကာများကို
အဝခံစားနေရခြင်းဖြစ်သည်။ ထို
တော်မှာ ခိုးကြောင်ပါသည့် အ
ကိုလည်း မည်သူမျှ မသိကြပေ
တော်သည် သူ၏ ခိုးကြောင်ကို
သမာဓိ ပညာများဖြင့် နှိပ်ကွပ်ထား
ရှိသည်။ မည်သည့်အခါမျှ ခိုးကြော
၍ ခိုးဝှက်သည်ဟု မရှိပေ။

တစ်နေ့သောအခါ လူမ
တစ်ခုတွင် ခိုးကြောင်နှင့် ပတ်
သော အကြောင်းကို ပြောကြ
ခိုးကြောင်၏ သိမ်မွေ့ပုံ၊ နက်နဲ
ကြောင်သည် မွေးရာပါဖြစ်သော
အသိခက်ပုံ၊ ခိုးကြောင်မှာ ခိုး
ကြီး၊ ခိုးကြောင်ကလေးဟူ၍
စသည်ဖြင့် ကြားဖူးနားဝ ရှိ
ပြောကြသည်။

ခိုးကြောင်ကလေးသည်



www.burmeseclassic.com

www.burmeseclassic.com

လောက် အနည်းငယ်မျှသာ နိုးယူလို့ရှိပြီး ပိုင်ရှင်များနှင့်လည်း မကြာ ဖမ်းမိတတ်သည်။ ရွှေငွေဥစ္စာများ လျှင်လည်း သိပ်ပြီး များများစားစား ရနိုင်ဘဲ ထိုက်သလောက်သာ ရရှိပြီး နောက် ပြန်ပေါ်တတ်သည်။

နိုးကြောင်ကြီးသည်ကား မိရန် ခဲယဉ်းသည်။ - အခိုးအဝှက်လည်း အလွန်အမင်းကျွမ်းကျင်သည်။ ဆူးများ ဖြင့် သုံးထပ်မျှ ကာရံထားသောခြံကို ပင် နိုးကြောင်အတတ်ဖြင့် ဝင်နိုင်၊ ထွက်နိုင်သည်။ သော့ပိတ်ထားသော သေတ္တာကိုလည်း သော့မပါဘဲ ဖွင့်နိုင် သည် စသည်ဖြင့် ပြောဆိုနေကြသည်။

ထိုအခါ ပိုက်သေရပ်ရွာသား တွေး မာမူကြီးတစ်ယောက်က မဖြစ် နိုင်ဟု ဆိုသည်။ ဆူးခြံကိုလည်း ဖွင့် ပေးဘဲ ဝင်နိုင်၊ ထွက်နိုင်သည်၊ သံ သေတ္တာကိုလည်း သော့မပါဘဲ ဖွင့်နိုင် သည်ဟု ဆိုခြင်းမှာ လုပ်ကြံ ချဲ့ကား ပြောင်းသာ ဖြစ်ရမည်ဟု ဆိုသည်။

ထိုကဲ့သို့ နိုးယူနိုင်သည်ဆိုပါက ခြံ အိမ်၊ သေတ္တာ အကုန်လုံးကို ပိတ်ထားမည်။ သေတ္တာထဲက တစ်စုံ တစ်ခုသော ပစ္စည်းကို ယူပြပါ။ ယူပြ နိုင်လျှင် ငါချမ်းသာသမျှထဲက ပစ္စည်း ထက်ဝက်ကို ပေးမည်ဟူ၍ပင် ရဲရဲ ကြီးဆိုလေသည်။

မာမူကြီးကား အလွန်ကြွယ်ဝ ချမ်းသာသည်။ မယားလည်း လေး ယောက်ရှိသည်။ အတွင်းပစ္စည်းများ ဖြင့် ကျွဲ၊ နွား၊ လယ်ယာကိုင်းကျွန်း များလည်း လက်ညှိုးထိုးမလွဲအောင် ရှိလေသည်။ ထို့ကြောင့်လည်း ထိုကဲ့သို့ ရဲရဲကြီး ပြောဝံ့ခြင်း ဖြစ် သည်။

ထိုနိုးကြောင်နှင့် ပတ်သက်သော အကြောင်းသည် တစ်ဆင့်စကားမှ ဖိုးသူတော်နားသို့ ရောက်သွားသည်။ ဖိုးသူတော်က ယခု ကျောက်တော်နယ်တွင် နေသော်လည်း ဇာတိက ရန်ကုန်သားဖြစ်သည်။ ဘဝအကျိုးပေး အပြောင်းအလဲ အလျောက်သာ ကျောက်တော်နယ်သို့ ရောက်လာခြင်း ဖြစ်သည်။ ခေတ်ပညာလည်း တတ်သည်။ ဗဟုသုတလည်း စုံသည်။

ထို့ကြောင့် ပိုက်သေရပ်သားများက ဖိုးသူတော်ကို အထင်ကြီးကြသည်။ လက်ရှိတွင် သီလ၊ သမာဓိကျင့်စဉ်များကို စောင့်ထိန်း ကျင့်ကြံပြီး ဖိုးသူတော်ဝတ်နေသဖြင့် လေးစားကြည်ညိုခြင်းလည်း ရှိကြသည်။ ရွာသူရွာသားများ ဉာဏ်မမီနိုင်သောကိစ္စများ ပေါ်ပေါက်လာလျှင်လည်း ဖိုးသူတော်ကိုပင် သွားမေးကြရသည်။

ယခုလည်း နိုးကြောင်နှင့် ပတ်သက်ပြီး ဖိုးသူတော်အား သွားမေးကြရာ ဖိုးသူတော်က ထောက်ခံသည်။ အထက်က တင်ပြခဲ့သည့်အတိုင်း နိုးကြောင် အကြီး/ အသေးတို့၏ အကြောင်းကိုလည်း ရှင်းပြသည်။ ထို့ကြောင့် မထောက်ခံဘဲ ရှိနေသော မာမူကြီးက ဒေါသထွက်လေသည်။

ဖိုးသူတော်လုပ်နေပြီး သီလ သမာဓိမဲ့စွာဖြင့် မဖြစ်နိုင်သည်ကို ထောက်ခံနေသည်။ ဝင်ပေါက်မရှိအောင် ပိတ်ထားသည့် ခြံ အိမ်အတွင်း ထဲကို ဝင်ပြီး သော့မပါဘဲ သေတ္တာကို အဘယ်သို့ ဖွင့်နိုင်မည်နည်း စသည်ဖြင့် အကြောက်အကန်ပြောလေသည်။

ထိုအခါ ဖိုးသူတော်က...

"မာမူကြီး... လောကဟာ အင်မတန် ဆန်းကြယ်ပါတယ်။ တိမ်တဲ့ အရာများ ရှိသလို၊ နက်ရှိုင်းတဲ့ အရာများလည်း ရှိပါတယ်။ ဒါကြောင့် ကိုယ်ဉာဏ်မမီနိုင်ရင် မဖြစ်နိုင်ဘူးလို့ မဆိုနဲ့ မှားတတ်တယ်"

ဟု ရှင်းပြသည်။ မာမူကြီးက လက်မခံပေ။ လက်မခံသည့်အပြင် ဒေါ်နှင့် မောနှင့်ပင် ပြောလာလေသည်။

"ဆူးအုံကြီးအထပ်ထပ်ပတ်ကာထားတဲ့ ခြံကို ဖွင့်မပေးဘဲ နင်ဝင်နိုင်မလား။ မင်းတုတ်အပြည့်ချထားတဲ့ အိမ်ကို ဖွင့်မပေးဘဲ နင်ဝင်လို့ ရသလား။ သော့ခတ်ထားတဲ့ သေတ္တာထဲက ပစ္စည်းကိုရော သော့မဖွင့်ဘဲ နင်ယူနိုင်သလား"

ဟု ဖိုးသူတော်မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်သည်။ ဖိုးသူတော်ကား မျက်စိကို မှိတ်ပြီး ငြိမ်၍သာနေသည်။ မာမူကြီးက ဆက်ပြောသည်။

"အလကား။ မျက်လှည့်ဆရာတွေ လုပ်ပြတာကို အဟုတ်မှတ်ပြီး လျှောက်ပြောနေတယ်။ နင်ကိုယ်တိုင် တတ်နိုင်လို့လား။ တတ်နိုင်ရင် ငါ့အိမ် ခြံ သေတ္တာ အားလုံးကို သော့ပိတ်ထားမယ်။ နင် ဒီညလာပြီး ယူပြ။ ငါ့သေတ္တာထဲက ပစ္စည်းတစ်ခုခုလောက် ယူပြနိုင်ရင် ငါချမ်းသာတဲ့အထဲက ပစ္စည်း ထက်ဝက်ကို နင့်ခွဲပေးမယ်"

မာမူကြီးက နှုတ်ခမ်းမွေးများ ထောင်ထပြီး ဖိုးသူတော်အား စိုက်ကြည့်ကာ ပြောနေသည်။ ဖိုးသူတော်ကား မျက်စိမှိတ်၍ ငြိမ်လျက်သာ နေသည်။ ထို့ကြောင့် မာမူကြီးက ထပ်မေးသည်။

"ဘယ်လိုလဲ"

ဖိုးသူတော် အနည်းငယ် လှုပ်ရှားလာပြီး...

"မာမူကြီး... မှားလိမ့်မယ်နော်"

ဟု လေသံအေးအေးဖြင့် ပြောသည်။

"မှားပလေ့စေ။ မှားပါ။ ယူနိုင်ရင် ယူပြ။ ငါ့ပစ္စည်းကို တစ်ဝက်ခွဲပေးမယ်လို့ ပြောပြီးပြီ။ တတ်နိုင်ရင် စိန်လိုက်ပါလား"

ဖိုးသူတော်သည် မျက်စိဖွင့်လာပြီး တစ်ချက်ပြုံးကာ မာမူကြီးအား ကြည့်သည်။ ထို့နောက် ပြောလိုက်၏။

"မာမူကြီးက အဲဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

မယုံရှိနေမှတော့ လက်တွေ့ပြရတော့မှာပေါ့။ မာမူကြီး ခြံ၊ အိမ်၊ သေတ္တာအားလုံးကို လုံအောင် ပိတ်ပြီးသာ စောင့်နေပါ။ ည ၈နာရီတိတိအချိန်ကို ကျုပ်ဆက်ဆက်လာခဲ့ပါ့မယ်"

မာမူကြီး အနည်းငယ်မျှ တွေသွားသည်။ မျက်နှာကြီး တင်းလျက်က ဖိုးသူတော်အားလည်း စိုက်ကြည့်နေသည်။ ဘေးက ရပ်ကြည့်နေကြသည့် လူများလည်း ဖိုးသူတော်ကို တစ်လှည့်၊ မာမူကြီးကို တစ်လှည့် စူးစမ်းသည့် အနေဖြင့် ကြည့်နေကြသည်။ ထို့နောက် မာမူကြီး တင်းသွားပြီး…

"ကြိုက်တယ်၊ စိန်လိုက်"

ဟု ကျယ်လောင်စွာ အော်ပြောလျက် ဒေါနှင့် မောနှင့် သူ့အိမ်ဘက်သို့ ပြန်သွားလေသည်။

◈◈◈

ညနေ မိုးချုပ်သည်နှင့် ရွာသူရွာသားများ မာမူကြီး၏ အိမ်နားဝန်းကျင်သို့ အတော်များများရောက်လာနေကြသည်။ နေ့လယ်က ဖိုးသူတော်နှင့် မာမူကြီးတို့ စကားစစ်ထိုးထားကြသည့်ကိစ္စ အကောင်အထည်ဖော်ရန် အချိန်က နီးလာနေပြီဖြစ်၍ စိတ်ဝင်စားစွာဖြင့် မာမူကြီး၏ အိမ်ဘက်ကိုသာ အာရုံစိုက်ပြီး ကြည့်နေကြသည်။

တချို့ကလည်း လမ်းစ လမ်းဝများကို စိုက်ကြည့်နေကြသည်။ ဖိုးသူတော်သည် ဘယ်လမ်းမှ ဘယ်လိုလာပြီး သော့အတန်တန် ပိတ်ခတ်ထားသော မာမူကြီး၏ အိမ်ကို ဘယ်လိုဝင်၍ ဘယ်လိုလုပ်မည်ကို သိချင်နေကြသည်။ အဖြေကို မှန်းမရအောင် ဖြစ်နေသဖြင့် ပိုပြီးလည်း စိတ်ဝင်စားကြသည်။

မာမူကြီး၏ အိမ်သည် မှောင်မိုက်လျက်ရှိသည်။ အိမ်ထဲတွင် လူအားလုံးရှိနေကြသော်လည်း မည်သည့်အသံကိုမျှ မကြားရပေ။ ဖိုးသူတော် ဝင်အလာကို မိမိတို့ထင်သည့် နေရာတိုင်း၌ အိမ်ရှိ လူကုန် စောင့်ကြည့်နေကြဟန်ရှိသည်။

မာမူကြီးကလည်း လက်တွေ့သမား။ မည်သည့်အရာကို ဖြစ်စေ၊ လက်တွေ့ကျမှ လက်ခံသည်။ ဖိုးသူတော်ကလည်း သီလ သမာဓိသမား။ မဟုတ်သည်ကို အဟုတ်လုပ်၍ ပြောဆိုမည် မထင်ပေ။ သူ့ပညာကို သူယုံကြည်၍သာ မာမူကြီးကို လက်တွေ့ပြပြီး ခုံမလို၍ ပြောလိုက်ခြင်းဖြစ်ပေမည်။

မာမူကြီးကလည်း ကြိုတင်၍ သူ့အိမ်၊ ခြံ သေတ္တာ စသည်များကို ပိတ်ထားပြီး စောင့်ကြည့်နေသဖြင့် လွယ်မည့်ကိစ္စတော့ မဟုတ်ပေ။ ထို့ကြောင့် အဖြေမည်သို့ထွက်မည်ကို ပွဲကြီး ပွဲကောင်းအဖြစ် ကြည့်မြင်ခွင့်ရကြလိမ့်မည်ဟု ရွာသူရွာသားများက ရင်တမမနှင့် စောင့်ကြည့်နေကြသည်။

တချို့လည်း လက်ပတ်နာရီကို ခဏခဏကြည့်နေကြသည်။ ည ၈နာရီ ထိုးရန် စက္ကန့်ပိုင်းမျှအလို။ ထို့နောက် ၈နာရီထိုးလေသည်။ ထိုအချိန်မှာပင် အိမ်ထဲက "အလာ…အလာ…"ဟု မာမူကြီး၏ အော်သံကို ကြားကြရလေသည်။ ရွာသားများက ခြံစောင့်အား ခြံကို ဖွင့်ခိုင်းပြီး အပြေးအလွှားသွားကြည့်ကြရာ ဖိုးသူတော်၏ ရှေ့တွင် မာမူကြီးသည် ဖင်ဘူးတောင်းထောင်နေသည်ကိုသာ တွေ့ကြရလေသည်။

မာမူကြီးက…

"ဖိုးသူတော်… နင် တော်တယ်။ ငါရှုံးပြီ။ နင် ငါ့ပစ္စည်းတစ်ဝက်ကို ယူပါတော့"

ဟု ဆိုသည်။

ဖိုးသူတော် မည်သည့်နေရာမှ ဝင်လာသည်ကို သိလို၍ မေးကြည့်ကြရာ…

"နေ့ခင်းဘက်၌ စာကလေးများ ဝင်လေ့ရှိသော အပေါက်မှ ခုန်ဝင်လာသည်"

ဟု ပြောပြသည်။

ဖိုးသူတော်သည် ခြံကို ဖွင့်…
ဘဲ ဝင်လာနိုင်သည်။ အိမ်ကိုလ…
ဖွင့်မပေးဘဲ ဝင်လာနိုင်သည်ဟု…
သူ့သတ္တိကို ရွာသူရွာသားများ …
နှားလည်ကြပြီးနောက်၊ ကျန်…
သတ္တိတစ်မျိုးကို ပြသရန် ကျန်သေ…

"မာမူကြီးနဲ့ ရွာသူရွာသား…
ခဏလောက် အပြင်ကို ထွက်ပေ…
ပါ"

ဟု ဆိုလိုက်သည်။

မာမူကြီးနှင့် ရွာသူရွာသာ…
အပြင်သို့ ထွက်ပြီးနောက် တစ်…
တည်းလိုပင် ဖိုးသူတော်က လ…
တီးပြီး ပြန်ခေါ်၍ ဝင်လိုက်သွား…
မာမူကြီး၏ သေတ္တာများ ဟင်းလ…
လျက် ရွှေငွေရတနာများသည်…
ဖိုးသူတော်၏ လက်ထဲသို့ အပြ…
ရောက်နေသည်ကို တွေ့ကြ…
သည်။

ရွာသူရွာသားများ တအံ့…
ကြည့်နေကြချိန်မှာပင် ဖိုးသူ…
သည်လက်ဝယ် ပိုက်ထားသော …
ရတနာများကို မာမူကြီးအား …
လိုက်သည်။ ကတိအတိုင်းသာ…
မာမူကြီးပိုင်ဆိုင်သော ပစ္စည်း…
တစ်ဝက်ကို ဖိုးသူတော်အား …
တော့မည်ဖြစ်သော်လည်း ဖိုးသူ…
ကပင် ကြိုတင်၍ ပြောလိုက်…

"မာမူကြီးက မယုံဆိုလို့…
ရတာပါ။ ကျုပ် ဘာပစ္စည်းကိုမှ…
ချင်ပါဘူး။ ဘုရားမီး ပူဇော်ဖို့ …
တိုင်တစ်ထုပ်ပဲ လှူပါ"

ဟု ဆိုကာ မာမူကြီး…
ဖယောင်းတိုင်တစ်ထုပ်ကို အ…
ပြန်သွားလေသည်။ သို့မှ …
လည်း အဆီပြန်နေသော မျ…
ပုဆိုးဖြင့် သုတ်ပြီး သက်မ …
သည်■

* * *



www.burmeseclassic.com

www.burmeseclassic.com

# ချိန်တက်လို့ အိမ်တက်စို့

ဂမ္ဘီရ ဆရာပွင့်



"ရှိစုမဲ့စုနဲ့ အိမ်ကလေးတစ်လုံးတော့ ဆောက်လို့ ြီးသွားပြီ ဆရာ။ အဲဒါ ဘယ်နေ့ ဘယ်ရက်တွေမှာ အိမ် ာက်ရင် ကောင်းလေမလဲဆိုတာ သိချင်လို့ ဆရာ့ဆီ ရောက်လာခဲ့တာပဲ။ အကြံဉာဏ်လေး ဘာလေး လုပ်ပါဦး ဆရာ"

"ကောင်းတာပေါ့ကွယ်။ စား၊ ဝတ်၊ နေမှု ကိစ္စသုံးပါး နက် နေရေးကိစ္စနဲ့ ပတ်သက်ပြီး ခုလိုမျိုး တင့်တောင်း င့်တယ် အိမ်သစ်ယာသစ်နဲ့ နေထိုင်နိုင်တယ်ဆိုတာ လောကီမင်္ဂလာတစ်ရပ်ပေပဲပေါ့။ အိမ်တက်တဲ့ ကိစ္စနဲ့ တ်သက်ပြီး ဆရာအသေးစိတ်ပြောပြမယ်။ သေသေချာချာ တ်ပေရော့"

တပည့်ကလေး မောင်ကျွဲသိုး အိမ်သစ်တက်ရေး အတွက် အကြံဉာဏ်ပေးရသည်မှာ ကျွန်ုပ်အတွက် များစွာ နှစ်ထောင်းအားရ ရှိလှပေတော့သည်။ မောင်ကျွဲသိုးက သည်း ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ကျွန်ုပ်ပြောဆို ညွှန်ကြား ာမည့်အပေါ် ဇွဲလင့် စောင့်စားနေရှာသည်။

"မောင်ကျွဲသိုးရေ・・・ပထမဦးဆုံး မှတ်ရမှာက နေ့ အလိုက် အိမ်တက်တဲ့အခါ လိုက်နာရမယ့် အချက်တွေပဲ"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာ"

"အေး၊ ဒီလိုကွယ့် ဒီလို။ တနင်္ဂနွေနေ့မှာဆိုရင် ရွှေ ငွေယူပြီး အိမ်တက်ရမယ်။ တနင်္လာနေ့မှာ ဆိုရင် အဝတ် အစားတွေ ယူပြီး အိမ်တက်ရမယ်။ အင်္ဂါနေ့မှာ ကျောက် မျက်ရတနာတွေကို ဆောင်ပြီး အိမ်တက်ရမယ်။ ဗုဒ္ဓဟူးနေ့ မှာ အစာစားပြီးမှ အိမ်တက်ရမယ်။ ကြာသပတေးနေ့မှာ ခေါင်းဆေး၊ ေါင်းလျှော်ပြီးမှ အိမ်တက်ရမယ်။ သောကြာ နေ့ကတော့ ဘာမှဆောင်ဖို့ မလိုဘူး။ ဆောင်ချင်တာရှိရင် လည်း ဆောင်နိုင်တယ်။ ကြိုက်တဲ့အချိန် တက်ပေရော့။ အဲ - စနေနေ့ အိမ်တက်မယ်ဆိုရင် မတက်ခင် တစ်ရေးအိပ် လိုက်ဦး။ တစ်ရေးနိုးပြီးမှ အိမ်တက်ပေါ့ကွယ်"

"ဟုတ်ကဲ့ ဆရာ။ နောက်ထပ် ဘာတွေများ ဆောင် ရွက်စရာတွေ ရှိပါသေးသလဲ ဆရာ"

"ရှိတာပေါ့ကွယ်။ အိမ်တက်တော့မယ်ဆိုရင် သံဃာ (ဒါမှမဟုတ်) မိဘအကြီးအကဲလုပ်တဲ့သူဟာ ပထမဆုံး ရှေ့က တက်ရမယ်။ အိမ်ရှင်ယောကျ်ားက ရေအိုးတစ်လုံး ပိုက်ပြီး ရှေ့က တက်ပေါ့။ ကလေးရှိမယ်ဆိုရင်လည်း အကြီး ဆုံး ကလေးကို လက်ဆွဲပြီးတက်။ အိမ်ရှင်မက ထမင်းအိုး၊ ဒါမှမဟုတ် စပါးတောင်းကို ကိုင်ပြီး တက်ပါ။ အဲသည် နောက် ကျန်တဲ့ အိမ်သားတွေက ပန်းကန်ခွက်ယောက်တွေ၊ အိပ်ရာလိပ်၊ ခေါင်းအုံးတွေ၊ ပြီးတော့ အိမ်ထောင် ပရိဘောဂ တွေကို ဆောင်ပြီး တက်ပေါ့ကွယ်"

အဲသည်လို အိမ်တက်တဲ့ နေရာမှာလည်း လေ့ကား ထစ် အထစ်・・・အထစ်တိုင်းမှာ ပိုက်ဆံ တစ်မတ်စေ့ကို တင်ပြီး တက်ပါ။ သောက်ရေအိုးကို ပရိတ်ရွတ်ပြီး သပြေညွန့် ၂၇ညွန့်ထိုးလို့ အိုးကို ပရိတ်ကြိုးနဲ့ ပတ်ပါ။ အိမ်ပေါ် ရောက် ပ..ခါ ပရိတ်ကြိုးကို ဖြုတ်ပြီး အိမ်အဝင် တံခါးပေါက်မှာ ချည်ထားလိုက်ပါ။ ပရိတ်အိုးထဲက ပရိတ်ရေနဲ့ တစ်အိမ်လုံး ကို သပြေခက်နဲ့ ပက်ဖျန်းပေးပါ။ အမှောင့်ပယောဂတွေ ကင်းပြီး စီးပွားလာဘ်လာဘတွေ ရွှင်တဲ့ သိရိဂေဟာဖြစ်သွား ပါလိမ့်မယ် တပည့်ရယ်" ■

* * *

-ဂမ္ဘီရဆရာပွင့်



www.burmeseclassic.com

www.burmeseclassic.com

# တစ်ညသော
# မြင်တွေ့ခဲ့သောဖြစ်ရပ်ဆန်း
# တင်မောင်မောင်သန်း
(သုံးဆယ်)



အနောက်ဘက်တွင် နေ

က ရဲရဲနီနေသည်။

အလင်းရောင်က ကျ

ပျော့လာ၏။

www.burmeseclassic.com

တောအုပ်အတွင်းမှ တောကြက်တွန်သံများ၊ တောတိရစ္ဆာန်များ၏ အသံ ...ကို ကြားနေရသည်။

နေလုံးပျောက်ကွယ်တော့မည့် ...သို့ချိန်၊ ချောက်ချားဖွယ်ရာ တော ...ရစ္ဆာန်အသံများနှင့် လူသွားလူလာ ...သော တောတန်းအတွင်း အဖော် ...ပါ တစ်ပါးတည်း ခြေလှမ်းသွက်သွက် ...လျှောက်နေသော ထိုအရှင်၏ ကိုယ်ရုံ ...ကန်းပေါ်တွင် ချွေးများ စို့နေသည်။ ...ခါတစ်ခါ အားငယ်စိုးရိမ်စိတ်များ ...င် သက်ပြင်းချလိုက်မိသည်။

"ရွာကို စောစော ကြိုတင် ...အကြောင်းမကြားထားသည်မှာ မှား ...များပြီ"ဟူ၍ အကြိမ်ကြိမ်ရေရွတ်၍ ...ခင်တရနေသည်။

ထိုအရှင်မှာ တောင်ခြေရှိ ...ချောင်းဖျားရွာကျောင်းမှ ပခုက္ကူမြို့သို့ ...ရောက် စာသင်နေသော အရှင် ...ကာဝိဒ ဖြစ်သည်။ ရဟန်းဝါတော် ...သးဝါသာ ရှိသေး၏။ ပခုက္ကူမြို့ စာ ...တိုက်မှ ဇာတိရွာချောင်းသို့ တစ်နှစ် ...စ်ခေါက် ပြန်နေကျဖြစ်သည်။ အရှင် ...များက ပြန်လိုလျှင် ရွာသို့ စောစော ...ကြိုတင် အကြောင်းကြားထားလိုက် ...သည်။ ရဟန်းဒကာကြီး မိသားစုက ...ထောက်ရာပင်လမ်းဆုံ၌ လှည်းနှင့် ...ခင့်ကြိုနေသည်။ ပခုက္ကူမြို့သို့ ပြန် ...လည်း လိုက်ပို့ပေးသည်။ အသွား ...ပြန် အခက်အခဲမရှိ၊ အဆင်ပြေလှ ...၏။ ယခုတစ်ခေါက် အပြန်တွင် ...ကြိုတင်၍ ရွာကို အကြောင်းမကြားနိုင် ...သွားသည်။ ထောက်ရာပင်လမ်းဆုံ ...ရောက်လျှင် လှည်းကြုံဖြစ်စေ၊ ခရီးသွား ...အဖော်များနှင့် ဖြစ်စေ၊ ခြေကျင် ...လျှောက်ပြန်လိုက်မည်ဟု စိတ်ကူး ...ခဲ့ကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

လမ်းခရီးတွင် စီးနင်းလိုက်ပါလာသောကားမှာ ပျက်သွားသဖြင့် ထောက်ရာပင်လမ်းဆုံကို နေစောင်းမှ ရောက်သည်။ လမ်းဆုံတွင် လှည်းကြုံများနှင့် ခရီးသွားအဖော်များ မရှိတော့။ မိုးချုပ်စအချိန် ရွာကို ရောက်နိုင်မည်ဟု ခန့်မှန်းလျက် ဖြတ်လမ်းဖြစ်သော တောတန်းအတွင်းမှ ခပ်သွက်သွက်လျှောက်လှမ်းလာခဲ့သည်။

တောတန်းအတွင်းမှ ထွက်လာ၍ ကွင်းပြင်ထဲ ရောက်လာသောအချိန်တွင် နေလုံးပျောက်ကွယ်သွားသော်လည်း အလင်းရောင်ရှိသေး၏။ ရှေ့က သမြပင်ရွာကို ရောက်တော့မည်။ သမြပင်ရွာကို ကျော်လျှင် နှစ်မိုင်ကျော်ဝေးသော ချောင်းဖျားရွာကို ရောက်မည်ဖြစ်သည်။ ချောင်းဖျားရွာကို မိုးချုပ်မှောင်မည်းမှ ရောက်မည်။ လပြည့်ကျော်ရက်ဖြစ်သဖြင့် မိုးချုပ်မှောင်မည်းသွားသော်လည်း လက ထွက်လာမည် မဟုတ်သေး။ ဘယ်လိုပြန်ရပါ့ဟု တွေးကာ အားလျော့သွားမိသော်လည်း ခြေလှမ်းက သွက်နေ၏။

တဖြည်းဖြည်း သမြပင်ရွာအနား ရောက်လာခဲ့ရာ ရွာအပြင်ရှိ သွပ်ရောင်ဖွေးဖွေး ဘုန်းကြီးကျောင်းကို မြင်ရသည်။ သမြပင်ရွာကျောင်း ဆရာတော်သည် ချောင်းဖျားရွာကျောင်းသို့ မကြာခဏ ကြွရောက်လာသည်။ စာသင်တိုက်သို့ မသွားခင်ကတည်းက ဆရာတပည့်များပမာ မျက်မှန်းတန်းသိနေကြ၏။ ရှေ့သို့ ဆက်လက်မလျှောက်တော့ဘဲ သမြပင်ရွာကျောင်းတွင် နားနေကိန်းစက်၍ မနက်မှ ရွာကို ဆက်တော့မည်ဟူသော ဆုံးဖြတ်ချက်ချကာ ကျောင်းဘက်သို့ ဝင်လာခဲ့သည်။

အရှင် ကောဝိဒသည် ကျောင်းတံခါးပေါက်နားတွင် ရပ်နားလိုက်သည်။ သစ်တုံးတစ်တုံးပေါ်သို့ လက်ဆွဲအိတ်တင်၍ လက်ကိုင်ပဝါကို ထုတ်ကာ ချွေးများ သုတ်ရင်းနှင့် ကျောင်းခြံဝင်းထဲသို့ လှမ်းကြည့်လိုက်သည်။ ကျောင်းခြံမှာ ကျယ်ဝန်းလှသည်။ သစ်ပင်ကြီးများ အုပ်ဆိုင်းနေ၏။ ကျောင်းခြံအလယ်တွင် အုတ်ကာပ်၊ သွပ်မိုး သိမ်ကြီးတစ်လုံးရှိသည်။ သိမ်ကြီးနောက် ခပ်ကွာကွာ ခြေတံရှည် သွပ်မိုး၊ ပျဉ်ကာထားသော ကျောင်းကြီးတစ်လုံးရှိသည်။ ကျောင်းကြီးခြေရင်း၌ သက်ငယ်မိုး၊ ဝါးထရံကာ သုံးပင်အနိမ့်ကျောင်းလေးတစ်ကျောင်း ရှိသည်။ အရှင်ကောဝိဒက ကိုယ်ရုံ သင်္ကန်းအား သေသေသပ်သပ် လွှမ်းခြုံလျက် လမ်းအတိုင်း ကျောင်းဝင်းအတွင်း ဝင်လာခဲ့၏။

ကျောင်းကြီးရှေ့ လှေကားခုံပေါ် ရပ်၍ ခြေရင်းမှ ကျောင်းလေးသို့ လှည့်ကြည့်လိုက်သည်။ ကျောင်းလေးရှေ့တွင် နှစ်တစ်လက်မ သစ်သားချောင်းများ ထောင်၍ ခပ်ကျဲကျဲထားသည်။ ကျောင်းအတွင်း၌ မီးအိမ်တစ်လုံး ထွန်းထားသဖြင့် အိုးခွက်ပန်းကန် အသုံးအဆောင်များကို မြင်ရသည်။ ဆွမ်းစားကျောင်းဖြစ်မှန်း သိလိုက်၏။ ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သော်လည်း တစ်ပါး၊ တစ်ယောက်မှ မတွေ့မမြင်ဖြစ်နေ၏။ ကျောင်းကြီးပေါ်မှ စကားပြောသံများ ကြားရသည်။ ပြတင်းပေါက်တံခါးများ ပိတ်ထား၏။

အရှင်ကောဝိဒသည် ကျောင်းကြီးပေါ်သို့ လှမ်းတက်လာခဲ့သည်။ ကျောင်းကြီး၏ အပေါ်ထပ်တွင် ရေနံဆီမီးအိမ်တစ်လုံးထွန်းထားရာ အလင်းရောင်ပြန်လျက် လင်းနေသည်။ ကျောင်းဆောင်ရင်း ဘုရားခန်းအတွင်း၌ ဖယောင်းတိုင်များ ထွန်း၍ မီးပူဇော်ထားသည်။ ကျောင်းရှေ့ အလယ်ပြတင်းပေါက်ဘေးတွင် ဆရာတော်မှာ



www.burmeseclassic.com

www.burmeseclassic.com

ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေ၏။ ဆရာတော်ရှေ့ ကြမ်းပြင်ပေါ်၌ အသက် ၆၀ ကျော်အရွယ် ဒကာကြီးတစ်ယောက် ထိုင်နေသည်။ ကျောင်းပေါ် တက်လာသော အရှင်ကောဝိဒအား လှည့်ကြည့်၍ စကားပြော ရပ်သွားကြသည်။

အရှင် ကောဝိဒက ဘုရားခန်းရှေ့ ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်ထိုင်ကာ ဘုရားဝတ်ပြု ကန်တော့လိုက်သည်။ ထို့နောက် ဆရာတော်ဘက် လှည့်၍ ဝတ်ပြု ကန်တော့လိုက်၏။ ဆရာတော်သည် အပေါ်မှ မီးရောင်အား လက်နှင့်ကာကြည့်၍ မိန့်လိုက်၏။

"အာဂန္တုလား။ ဘယ်ကျောင်းကလဲ"

"တပည့်တော် ချောင်းဖျားရွာကျောင်းက ကောဝိဒပါ ဘုရား"

"ကောဝိဒလား၊ ဘုန်းကြီးက ဘယ်က အာဂန္တုလဲလို့ ကြည့်နေတာ။ အချိန်မရှိမှ ဘယ်လိုဖြစ်လာတာလဲ။ ဒါနဲ့ ပခုက္ကူစာသင်တိုက်မှာဆို"

ဆရာတော်က မှတ်မိသွားသဖြင့် အရှင်ကောဝိဒ ဝမ်းသာသွားသည်။

"ပခုက္ကူစာသင်တိုက်မှာပါ ဘုရား။ အခု ရွာကို ပြန်လာရင်း မှောင်တာနဲ့ ရွာကို ဆက်မကြွတော့ဘဲ ကျောင်းကို ဝင်လာခဲ့တာပါ ဘုရား။ တပည့်တော်ကို တစ်ညကျိန်းစက်ခွင့်ပြုပါ ဘုရား"

"လာကြို့တဲ့ ဒကာတွေရော ပါလာသေးသလား"

"ပါမလာပါဘူး ဘုရား။ တပည့်တော် တစ်ပါးတည်း ခြေကျင်လျှောက်လာခဲ့တာပါ"

"အိမ်း…အိမ်း။ နားနားနေနေ နေပေါ့။ မနက် အရုဏ်ဆွမ်းစားပြီးမှ ရွာကို ဆက်ပြန်ပေါ့ ဟုတ်လား"

"မှန်လှပါ ဘုရား"



အရှင်ကောဝိဒနှင့် ဆရာတော်တို့ စကားပြောနေကြစဉ် အနားမှ ဒကာကြီးက ကြည့်၍ နားထောင်နေ၏။

"မောင်ပဥ္စင်း ကောဝိဒ ရောက်လာတာနဲ့ အတော်ပဲ၊ အခု ဘုန်းကြီးနဲ့ ဟောဒီက ကပ္ပိယကြီး စကားပြောနေတာ။ ဘုန်းကြီးရဲ့ ကျောင်းမှာ ကိုရင်၊ ကျောင်းသားတွေ မရှိဘူး။ ဘုန်းကြီးနဲ့ ကပ္ပိယကြီးပဲ ရှိတယ်။ ဘုန်းကြီးက ကျောင်းပေါ်မှာ ကျိန်းပြီး ကပ္ပိယကြီးက ခြေရင်း ဆွမ်းစားကျောင်းလေးမှာ အိပ်တယ်။ ကျောင်းရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးနေတာ။ အခုညမှာတော့ ကပ္ပိယကြီးက သူ့မြေး နေမကောင်းလို့ ရွာထဲက အိမ်ကို တစ်ညပြန်အိပ်ဖို့ လျှောက်နေတာ။ ဆွမ်းစားကျောင်းမှာ အသုံးအဆောင်ပစ္စတွေ ထားလေတော့ လူမရှိလို့ မဖြစ်ဘူးလေ။ အဲဒါ ဘယ်လိုလုပ်ရပါ့မလဲလို့ အခက်အခဲဖြစ်နေကြတာ"

"မှန်ပါ။ တပည့်တော် အောက်က ကျောင်းလေးမှာ ကျိန်းစက် နားနေပါ့မယ် ဘုရား"

အရှင်ကောဝိဒက လျှော…
လိုက်သည်။

"ဟော…၊ မောင်ပဥ္စင်းကျိန်း…
ဆိုတော့ ဘုန်းကြီးနဲ့ ကပ္ပိယကြီး…
အခက်အခဲတွေ အဆင်ပြေသွား…
ပေါ့။ ကဲ - ကပ္ပိယကြီး၊ မောင်ပ…
အတွက် ကျောင်းပေါ်မှာ ကျိန်းဖို့ အ…
အဆောင်ပစ္စည်းတွေ လုပ်ပေး…
မမှောင်ခင် ရွာထဲ ပြန်ပေတော့။ …
ရင်းနဲ့ အရုဏ်ဆွမ်းချက်မယ့် ဒကာ…
အိမ်ကို ကျောင်းမှာ အာဂန္တုရှိတယ်…
ပြောသွားဦး"

"မှန်လှပါ ဘုရား"

ကပ္ပိယကြီးမှာ ဝမ်းသာသွ…
ဆရာတော်အား ဝတ်ပြု ကန်တော…
အရှင်ကောဝိဒအနား ရောက်လာ…

"အရှင်ဘုရား… တပည့်…
ဆွမ်းစားကျောင်းထဲမှာ မီးထွန်း…
အရှင်ဘုရား ကျိန်းစက်ဖို့ လုပ်ပြီး …
ခွင့်ပြုပါ ဘုရား။ တပည့်တော် မန…
ဆွမ်းချိုင့်ယူပြီး စောစောပြန်လာခဲ့ပါ့…
ဘုရား"

"ပြန်ပါ ဒကာကြီးရယ်။ မ…
ကျရင်လည်း အေးအေးဆေး…
အရုဏ်ဆွမ်းကပ်အမီသာ ပြန်လာ…

အရှင်ကောဝိဒက ပြော…
သည်။

ကပ္ပိယကြီးက ကျောင်းကြီး…
မှ သင်ဖြူးဖျာ၊ ခေါင်းအုံး၊ စောင်…
ယူ၍ ဆင်းသွားသည်။ ဆရာတော်…
အရှင်ကောဝိဒတို့ နှစ်ပါးသာ ကျော…
ကြီးပေါ်၌ စကားပြောရင်း က…
သည်။

◈◈◈

အရှင်ကောဝိဒသည် ကျိန်း…
နေရာမှ ရုတ်တရက် နိုးသ…
ခေါင်းမြီးခြုံထားသော စောင်ကို …



www.burmeseclassic.com

www.burmeseclassic.com

ထိုက်၏။ အပြင်မှ လရောင်က ကျောင်းအတွင်းအထိ ပြန့်လင်းနေ၏။ ညဦးပိုင်း ကျောင်းကြီးပေါ်မှ ဆင်းလာခဲ့စဉ်က အရှေ့ဘက်တွင် လထွက်စ အလင်းရောင် မှုန်ဝါးဝါးသာ ရှိသေးသည်။ အခုတော့လည်း အပေါ်ရောက်နေ၍ ထိန်ထိန်သာနေ၏။ အိတ်အတွင်းမှ နာရီကို ထုတ်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ ညဉ့်နက်ပိုင်း ၁၂ နာရီကျော်ပြီဖြစ်သည်။ ပြန်အိပ်လိုသော်လည်း မျက်လုံးများကြောင်ကာ အိပ်မဖြစ်နေသည်။

အရှင်ကောဝိဒသည် လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။ ကျောင်းရှေ့ ကွင်းပြင်ထဲ၌ လသာလျက် တိတ်ဆိတ် ငြိမ်သက်နေသည်။ အိပ်မပျော်သဖြင့် ကျောင်းရှေ့မှ လသာနေသော မြင်ကွင်းအား ကြည့်ချင်စိတ်များ ပေါ်လာမိသည်။ အိပ်ရာထဲမှ ထကာ နံတစ်လက်မ သစ်သားချောင်းများ ကာထားသော ကျောင်းရှေ့သို့ ဆင်းလာခဲ့သည်။ မတ်တတ်ရပ်လျက် သစ်သားချောင်းများအကြားမှ ကွင်းပြင်ထဲသို့ လှမ်းကြည့်လိုက်သည်။ လပြည့်ကျော်ရက်ဖြစ်သဖြင့် အပြင်တွင် လက ထိန်ထိန်သာနေ၏။ ကျောင်းရှေ့ ကွင်းပြင်ထဲမှ သစ်ပင်ကြီးများ၊ မရှိသဖြင့် သိမ်ကြီးအထိ မြင်နေရသည်။

အရှင်ကောဝိဒ အဝေးသို့ ကြည့်ရင်းနှင့် သိမ်ကြီးဘေးမှ မည်းမည်း သဏ္ဌာန်များအား သေချာစူးစိုက်ကြည့်လိုက်ရာ သက်န်းများ ရုံ၍ တန်းစီထိုင်နေသော ကိုရင်လေး သုံးပါးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ကိုရင်လေး သုံးပါးမှာ စကားမပြောဘဲ ငုတ်တုတ် ထိုင်နေကြ၏။ ဦးခေါင်းများမှာ လရောင် ကြောင့် ပြောင်လက်နေ၏။

"ဒီကိုရင်လေးတွေ ညဉ့်နက်သန်းခေါင် မအိပ်သေးဘဲ ကွင်းထဲမှာ ဘာထိုင်လုပ်နေပါလိမ့်"

ဟု တွေးကာ ကြည့်လိုက်သည်။ စကားမပြောဘဲ ငြိမ်ထိုင်နေကြသဖြင့် လသာသာမှာ တရားများ ထိုင်နေသလားဟု ထင်မိသေး၏။ ကြည့်ရင်းနှင့် ညနေပိုင်းက ဆရာတော် ပြောစကားကို သတိရလာမိသည်။ ကျောင်း၌ ဆရာတော်နှင့် ကပ္ပိယကြီးသာ ရှိသည်ဟု မိန့်ဆိုပြောသည်။ ကိုရင်ငယ်လေး သုံးပါးရှိသေးသည်ကို ဆရာတော် မေ့သွားဟန်တူသည်။ အရှင်ကောဝိဒသည် ကိုရင်လေးများအား လှမ်းကြည့်လျက် တွေးရင်း အိပ်ချင်လာသဖြင့် ကျောင်းရှေ့မှ ခွာ၍ အိပ်ရာဘက်သို့ ပြန်ထွက်လာခဲ့သည်။

◈◈◈

နားထဲသို့ အုန်းမောင်းခေါက်သံ တိုးဝင်လာသည်။ ချောင်းဖျားရွာကျောင်းမှ အုန်းမောင်းခေါက်သံ ဖြစ်လိမ့်မည်။ နံနက် ၄နာရီထိုးလျှင် အုန်းမောင်း ခေါက်နေကျဖြစ်၏။ ရွာမှာ နေစဉ်ကတည်းက အကျင့်ပါခဲ့ရာ အိပ်ရာမှ နိုးထလိုက်သည်။ ကျောင်းအတွင်း၌ ထွန်းထားသော မီးအိမ်မှ မီးရောင်မှာ မှုန်ပျပျလင်းနေသည်။ လစောင်းသွားသဖြင့် အလင်းရောင်အား နည်းနေသည်။ မီးအိမ်မှ မီးစာအား မြှင့်တင်ထွန်းလိုက်ကာ မျက်နှာသစ်ရင်း ကျောင်းရှေ့ ကွင်းပြင်ထဲသို့ လှမ်းကြည့်လိုက်၏။ လရောင်မှာ သစ်ပင်ကြီးများ ကွယ်နေ၍ ကွင်းထဲ၌ မှောင်နေသည်။ ကိုရင်လေးများ မရှိတော့။ ပြန်အိပ်သွားပြီ ထင်မိ၏။

အရှင်ကောဝိဒသည် ကျောင်းနောက်ဘက် အဆောင်သို့ သွားကြည့်လိုက်သည်။ မီးဖိုဆောင်ဖြစ်နေ၏။ မီးဖိုပေါ်တွင် ရေနွေးအိုးတစ်လုံးတင်ထားသည်။ ထင်းပေါက်စ အသားများ ထည့်၍ အဆင်သင့် ပြုလုပ်ထားသည်။ ကပ္ပိယကြီးမှ ရေနွေးအိုးကျိုရန် ထားမှန်း သိသဖြင့် မီးမွှေး၍ မီးစောင့်ထိုးနေလိုက်သည်။

အတော်ကြာသောအခါ ကျောင်းကြီးပေါ်မှ ဆရာတော် ချောင်းဟန့်သံနှင့် မျက်နှာသစ်သည့် ရေသံများ ကြားရသည်။ ပြီးနောက် ဘုရားရှိခိုးသံ ထွက်ပေါ်လာသည်။

တဖြည်းဖြည်း ကျောင်းအပြင်မှ ငှက်အော်သံများနှင့် လင်းရောင်ခြည် ဖြာထွက်လာသည်။

"ဦးပဉ္ဇင်း … ရေနွေးအိုးတည် နေတာလား။ တပည့်တော် လုပ်လိုက်ပါ့မယ်၊ ထားလိုက်ပါ။ တပည့်တော်လည်း ဆွမ်းဟင်းချက်တာ မကျက်သေးတာနဲ့ စောင့်ယူနေတာ ကြာသွားတယ် ဘုရား"

ကပ္ပိယကြီးက ဆွမ်းချိုင့်ဆွဲတက်လာရင်း လှမ်းပြောလိုက်၏။

"ရေနွေးအိုးဆူတော့မယ် ဒကာကြီး၊ ဦးပဉ္ဇင်း ဆက်လုပ်လိုက်မယ်။ လုပ်စရာရှိတာလုပ်"

ကပ္ပိယကြီးက စားပွဲဝိုင်းခင်း၍ ဆွမ်း၊ ဆွမ်းဟင်းချိုင့်များ ဖြတ်ကာ တင်နေသည်။

"ညက တပည့်တော် ရွာထဲ ပြန်တော့ အခုမနက်စောစော ချောင်းဖျားရွာဘက်သွားမယ့်လူတွေ တွေ့တာနဲ့ ဦးပဉ္ဇင်း ကျောင်းရောက်နေတဲ့ အကြောင်း မှာလိုက်သေးတယ်"

ကပ္ပိယကြီးက ပြောလိုက်သည်။ ရေနွေးအိုးဆူသဖြင့် အကြမ်းအိုးတွင် ထည့်ကာ အရှင်ကောဝိဒ ကျောင်းပေါ် တက်လာခဲ့သည်။ ဆွမ်းဝိုင်း ပြင်ဆင်ပြီးသည့်အခါ မိုးစင်စင်လင်းလာသည်။ ကျောင်းကြီးပေါ်မှ ဆရာတော် ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ဘုဉ်းပေးရန် ဆွမ်းစားကျောင်းဘက်သို့ ကူးလာသည်။

အရှင်ကောဝိဒသည် ဆရာတော်နှင့်အတူ ဆွမ်းဘုဉ်းပေးရင်း ကိုရင်လေးများအား သတိရလာ၏။ ညက ညဥ့်နက်သန်းခေါင်နေသဖြင့် အိပ်ရာက မနိုးသေး၊ ကျောင်းပေါ်သို့ ဆွမ်းစားတက်မလာသေးဟု၍ ထင်မိသည်။ ကိုရင်လေးများအတွက် ဆွမ်းဝိုင်းပြင်မထားသေးပေ။

"ကိုရင်လေးတွေ ဆွမ်းစားမလာကြသေးပါလား ဘုရား"

ဟု ဆရာတော်အား လျှောက်လိုက်၏။ ဆရာတော်နှင့် ကပ္ပိယကြီးတို့က အရှင်ကောဝိဒအား ကြည့်နေကြသည်။

"ဘယ်က ကိုရင်လေးတွေလဲ"

ဆရာတော်က အံ့အားသင့်သလိုနှင့် မေးလိုက်၏။

"တပည့်တော် ညက အိပ်မပျော်လို့ ကျောင်းရှေ့ထွက်ကြည့်တော့ ကွင်းပြင်ထဲက လသာသာမှာ ထိုင်နေတဲ့ ကိုရင်ငယ်လေးသုံးပါးကို မြင်လို့ပါဘုရား"

"မောင်ပဥ္စင်း အမြင်မှားနေပြီ ထင်တယ်။ ဘုန်းကြီးရဲ့ ကျောင်းမှာ ကိုရင်တစ်ပါးမှ မရှိဘူး"

အရှင်ကောဝိဒ အံ့အားသင့်သွားသလို ထူးဆန်းနေ၏။ ညက မြင်တွေ့ရသော အဖြစ်အပျက်များအား လျှောက်လိုက်သည်။

ဆရာတော်နှင့် ကပ္ပိယကြီးတို့မှာ အရှင်ကောဝိဒ ပြောပြသည်ကို နားထောင်လျက် အံ့သြနေကြ၏။

"တပည့်တော် ဒီဆွမ်းစားကျောင်းမှာ နေပြီး အိပ်လာခဲ့တာ တစ်နှစ်ကျော်လာခဲ့ပါပြီ။ အရှင်ဘုရား ပြောပြသလို တစ်ခါမှ မမြင်မိပါဘူး"

ကပ္ပိယကြီးက ပြောလိုက်သည်။ ဆရာတော် ငြိမ်လျက် ဆွမ်းစားနေ၏။

ဆရာတော်သည် ဆွမ်းဘုဉ်းပေး၍ ပြီးသွားသဖြင့် လက်ဆေးကာ လက်သုတ်လိုက်သည်။ အတော်ကြာမှ -

"မောင်ပဥ္စင်း ကောဝိဒ ပြောပြတာကို စဉ်းစားနေတာ။ ဘုန်းကြီးလည်း တစ်ခါမှ မတွေ့ဘူး။ ပြောသံလည်း မကြားဘူး။ ဒါဟာ နာနာဘာဝတွေလည်း မဖြစ်နိုင်ဘူး။ လသာသာမှာ မြင်ရတယ်ဆိုတော့ ဆေးဆရာကြီး ပြောသွားတာ ဖြစ်နိုင်လိမ့်မယ်။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်က တောထဲမှာ ဆေးပင်ရှာထွက်လာတဲ့ ဆေးဆရာကြီးတစ်ယောက် ကျောင်းကို လာရောက်တည်းခိုတယ်။ ဆေးဆရာကြီးက အကျင့်၊ သီလ၊ သမာဓိ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲကွဲ့။ တောထဲက ရှားပါးတဲ့ ဆေးပင်တွေ၊ ဂမုန်းပင်တွေကို ရှာဖွေ တူးယူလာပြီး ကျောင်းမှာ နေတယ်။ ဘုန်းကြီးတစ်ပါးတည်း နေတာကိုလည်း သိတယ်။ ပြန်ခါနီးတော့ "အရှင်ဘုရားတစ်ပါးတည်း



သီတင်းသုံး နေထိုင်တော့ အ…
အရာရာ လုပ်ကိုင်နေရမှာပေါ့ ဘု…
အရှင်ဘုရားအတွက်နဲ့ ကျောင်းအ…
အဖော်ရ၊ အကျိုးပြု ဆောင်ရွက်…
အောင် တပည့်တော် ဂမုန်းရှင်…
စိုက်ထားခဲ့ပါမယ် ဘုရား။ ဂမုန်းရှင်…
အပင် ရှင်သန်လာရင် ကျောင်…
အဖော်ရသလို၊ အကူအညီလည်း …
ပါလိမ့်မယ်။ တစ်ခါတစ်ခါ ကျောင်…
ရှိပြီး အရှင်ဘုရားကို စောင့်ရှောက်…
သိအောင် ထူးထူးခြားခြားပြပါလိမ့်…
လို့ လျှောက်ပြီး သိမ်ကြီးရဲ့ ခေါင်…
ဘေးနားမှာ စီရင်ပြီး ဂမုန်းဥလေး …
စိုက်သွားတယ်။ ဘုန်းကြီးလည်း မ…
တစ်ခါ၊ ညနေ တစ်ခါ သိမ်ကြီး…
သွားရင် ရေကောင်းရေသန့်မှာ တ…
ပရိတ်၊ ရှင်သူငယ်ပရိတ်တို့ကို ရွတ်…
ပြီး ပက်ဖျန်းပေးခဲ့တယ်။

ရှင်သူငယ်ပရိတ်တော်မှာ သ…
နှင့် ရဟန္တာရှင်ကောင်း နတ်အပေါ…
တို့၏ အာနုဘာဝေန- အာနုဘော်…
ကြောင့်၊ သဗ္ဗေ-ခပ်သိမ်းကုန်သေ…
ဘယဉပဒ္ဒဝါ - ဘေးဥပဒ်တို့သ…
လည်းကောင်း၊ အနေကအန္တရာယ်…
များစွာသော အန္တရာယ်တို့သ…
လည်းကောင်း၊ အသေသသေ…
အကြွင်းမဲ့အားဖြင့်၊ ဝိနယန္တု- စင်…
လွင့်ပျောက် မရောက်စေကုန်သတည်…
လို့ ရှင်သူငယ်ပရိတ်မှာ အနက်ပြ…
ထားတယ်မဟုတ်လား။ အခု…
ဂမုန်းရှင်ငယ် သုံးဥက အရွက်…
ထွက်ပြီး ရှင်သန်လာတယ်။ အဲဒီ…
စပြီး ဘုန်းကြီးမှာ ဘာရောဂါဝေဒ…
မခံစားရဘူး။ ကျောင်းမှာလည်း ဖျ…
လေးပါး ပြည့်စုံလာတယ်။ လှူဒါ…
ဒကာတွေ၊ ဝေယျာဝစ္စ ဆောင်ရွ…
တဲ့ ဒကာတွေ၊ ကျောင်းနဲ့ ဘုန်းကြီး…
စောင့်ရှောက်ပေးတဲ့ ဒကာတွေ…

www.burmeseclassic.com

www.burmeseclassic.com

အဖော်ရနေသလို ဖြစ်နေတယ်။ ပြီးတော့ အခက်အခဲရှိရင်လည်း တစ်ခဏနဲ့ အောင်မြင်တယ်။ ကူညီမယ့်သူတွေ တစ်ခဏချင်း ပေါ်ပေါက်လာတယ်လို့ ဘုန်းကြီး သတိထားမိတယ်။ မနေ့ညနေက မောင်ပဥ္စင်းမြင်တဲ့အတိုင်းပဲ၊ ကပ္ပိယကြီး ရွာထဲက အိမ်ကို ပြန်အိပ်ဖို့ ဘုန်းကြီးကို လျှောက်နေတုန်း ချက်ချင်းပဲ ကျောင်းကို မောင်ပဥ္စင်း ရောက်လာတယ်မဟုတ်လား။ ဒါတွေဟာ ဆေးဆရာကြီး စီရင် စိုက်ပေးခဲ့တဲ့ ဂမုန်းရှင်ငယ်သုံးပင်ရဲ့ အစွမ်းလို့ ထင်တယ်"

ဆရာတော်က မိန့်ကြားရင်း ခဏရပ်နားလိုက်သည်။ အရှင်ကောဝိဒနှင့် ကပ္ပိယကြီးတို့က ငြိမ်လျက် နားထောင်နေကြ၏။

"ဂမုန်းရှင်ငယ်ရဲ့ အကူအညီပေးတာ၊ စောင့်ရှောက်ပေးနေတာ သိပေမယ့် ထူးထူးခြားခြားပြလိမ့်မယ်ဆိုတာ သတိမထားမိတော့ မတွေ့ မမြင်ခဲ့ရဘူး။ မောင်ပဥ္စင်း ညက မြင်တဲ့ ကိုရင်လေးသုံးပါးဆိုတာ ဂမုန်းရှင်ငယ်တွေလို့ ထင်မိတယ်။ အစွမ်းထက်တဲ့ ဂမုန်းပင်တွေဟာ လသာတဲ့ ည၊ လူခြေတိတ်ဆိတ်တဲ့ အချိန်တွေမှာ ပျော်မြူးတယ်လို့ သိရတယ်။ တချို့ မြင်ဖူးကြတယ်။ အခုလည်း လသာတဲ့ ညအချိန်မှာ ဂမုန်းရှင်ငယ်လေးတွေ ထွက်မြူးနေတာ ဖြစ်လိမ့်မယ်လို့ ထင်မိတယ်။ ဒါကြောင့် ကိုရင်လေးသုံးပါးကို မြင်ရတာ ဖြစ်မယ်"

ဆရာတော်က မိန့်ကြားသည်။

အရှင်ကောဝိဒနှင့် ကပ္ပိယကြီးတို့ သဘောပေါက်သွားကြ၏။

ဆရာတော်က ကျောင်းကြီးပေါ်သို့ ပြန်ကြွသွားသည်။

အရှင်ကောဝိဒသည် ထူးထူးခြားခြား မြင်တွေ့လိုက်ရသော ဂမုန်းရှင်ငယ်အပင်အား သွားကြည့်ချင်မိသည်။

ရွာသို့ ခရီးဆက်လက်မကြွခင် အရှင်ကောဝိဒနှင့် ကပ္ပိယကြီးတို့ သိမ်ကြီးဘက်သို့ ထွက်လာခဲ့သည်။ သိမ်ကြီးဘေးတွင် အရိုးနီနီနှင့် တောင်စွန်ရွက်ကဲ့သို့ အရွက်ရှည်ရှည်ချွန်းချွန်း။ အရွက်တွင် အတွင်းအပြင် နီညိုရောင်သမ်း၍ အဝါရောင်နှောသော အစင်းများရှိသည်။ အပင်လုံးမထွက်ဘဲ အရွက်ရိုးများ မြေပေါ်မှ ထွက်နေသော အပင်သေးမျိုးဖြစ်ပေသည်။

◈◈◈

အရှင်ကောဝိဒတို့ ဆွမ်းစားကျောင်းသို့ ပြန်လျှောက်လာကြ၏။ ရွာသို့ ပြန်ရန် စီစဉ်နေစဉ် ကျောင်းဝင်းအတွင်းသို့ လှည်းတစ်စီးမောင်းဝင်လာသည်။ လှည်းပေါ်တွင် ချောင်းဖျားရွာမှ ရပ်ဟန်းအကာကြီး ဦးဘိုးမင်း၏ သားများဖြစ်သော ကိုကျော်ရွှေ ကိုအေးရွှေတို့ ဖြစ်သည်။ မိမိအား လာကြိုသည်ဟု သိကာ ဝမ်းသာသွားမိသည်။ ထို့နောက် ဆရာတော် မိန့်ကြားသွားခဲ့သည်ကို သတိရလိုက်၏။ ဂမုန်းရှင်ငယ်များက ဆရာတော်နှင့် ကျောင်းအတွက် အကျိုးများ ဆောင်ရွက်ပေးသလို၊ အခက်အခဲများကိုလည်း ကူညီပေးခဲ့ပေသည်။ ယခု ကျောင်းဝင်းထဲ၌ တစ်ညတာ ကိန်းစက်ပြီး ရွာကို ခရီးဆက်ထွက်မည့် မိမိ၏ အခက်အခဲများကိုလည်း ကူညီပေးလိုက်သည် ထင်သည်။

ကျောင်းကြီးပေါ် တက်၍ ဆရာတော်အား ဝတ်ပြု ကန်တော့ပြီး ရွာသို့ လှည်းနှင့် ပြန်ကြွလာခဲ့တော့သည်။

◈◈◈

ယခုအခါ အရှင်ကောဝိဒသည် ပရိယတ္တိစာသင်တိုက်ကြီးတစ်တိုက်၌ စာချ ဆရာတော်အဖြစ်နှင့် ပရိယတ္တိစာများ သင်ကြားပို့ချလျက် ရှိပါသည်။ ဝါတော်ငယ်စဉ်က ဇာတိရွာသို့ အပြန်တွင် သမြုပင်ရွာ ဘုန်းကြီးကျောင်း၌ တစ်ညတာ နားနေ တည်းခိုစဉ် ထူးထူးဆန်းဆန်း မြင်တွေ့လာခဲ့သော အဖြစ်အပျက်တို့ကို မမေ့မလျော့ဖြစ်နေခြင်း ဖြစ်သည်။ ထိုသို့ မမေ့နိုင်ခြင်းနှင့်အတူ ရှင်သူငယ်ပရိတ်တော်အားလည်း သတိတရဖြင့် ဖော်ပြပေးလိုပါသည်။

**ရှင်သူငယ်ပရိတ်**

* သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊
သာရီ ပုတ္တော စ ဒက္ခိဏော၊
ဝါမအံသေ မောဂ္ဂလာနော၊
ပုရတော ပိဋကတ္တယံ။

* ပစ္ဆိမေ မမ အာနန္ဒော၊
စတုဒ္ဒိသာ ခီဏာသဝေါ၊
သမန္တာ လောကပါလာစ၊
ကုမ္ဘဏ္ဍဝါသ ဖြဟ္မဏာ။

* ဧတေသံ အာနုဘာဝေန၊
သဗ္ဗေ တာယဉပဒ္ဒဝါ၊
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော ■

* * *

တင်မောင်မောင်သန်း(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# ဝယ်သူ မပြတ်စေရန် အစီအမံ

ဝသုန်ဟိန်းထက်



တစ်နေ့သ၌ ကျွန်ုပ်သည် အဓိဋ္ဌာန်ပုတီးစိပ်ရန်အလို့ ငှာ မိုးကောင်းဘုရားသို့ ထွက်လာခဲ့လေသည်။ အေးအေး လူလူ လေညှင်းခံရင်း လျှောက်လာစဉ်…

"အာ…အဘ၊ ဘယ်သွားမလို့လဲ"

ဟု နှုတ်ဆက်သံကြား၍ လှည့်ကြည့်လိုက်မိ၏။ ကျွန်ုပ် တွေ့လိုက်ရသည်မှာ ကွမ်းယာရောင်းသော မောင်စိုးဝင်းပင် ဖြစ်နေ၏။

"ဟေ့…မောင်စိုးပါလား။ ဟုတ်တယ်ကွဲ့၊ အဘက ဘုရားမှာ ပုတီးလာစိပ်တာ"

"ကွမ်းယူသွားပါဦး အဘရဲ့ ကျွန်တော် ဒါနပြုချင်လို့ ပါ"

ကျွန်ုပ်လည်း ခံတွင်းချဉ်သလိုလိုဖြစ်နေ၍…

"အေးကွ"

ဟု လက်ခံလိုက်လေသည်။

"ဒါနဲ့ ဘယ်လိုလဲ မောင်စိုး။ ရောင်းကောင်းရဲ့လ

"မကောင်းဘူး အဘ၊ ခါတိုင်းဆို ကျွန်တော့်ဆိုင် လူမပြတ်ဘူး။ အခုတော့ အဘမြင်တဲ့ အတိုင်းပဲ။ ရှေ့ ဆိုင်အသစ်တစ်ဆိုင် လာဖွင့်တော့ ပိုဆိုးတာပေါ့"

ဟုတ်ပေသည်။ မောင်စိုးဆိုင်တွင် ဝယ်သူ သလောက်။ ရှေ့ဆိုင်တွင်မူ လူစည်နေ၏။

"ဟေ့ - ဒါနဲ့ ဒီမှန်ကွဲကြီးက ဘာလို့ ချိတ်ထားတ ကွဲ့"

ဆိုင်တွင် ချိတ်ဆွဲထားသော ကွဲအက်နေသည့်မှ ကြည့်ရင်း မေးလိုက်၏။

"ဩော်… ဒါက လာဘ်ကီးမှန်ဆိုပြီး ချိတ်ထား အဘ၊ တစ်လောကပဲ ကောင်လေးတွေ လက်ချက်န သွားလို့ပါ"

"အို…ကွာ၊ ဒီလိုဆိုလည်း မချိတ်တော့ဘဲ လွှင့်

www.burmeseclassic.com

ဆိုက်။ ဆိုင်မှာ မှန်ကွဲတွေ ချိတ်ထားတော့ လာဘ်တိတ်တယ်။ ပြီးတော့ ဒီမှာကြည့်စမ်း။ အမွေးတိုင်တုတ်တွေ၊ ပြာတွေ၊ ပန်းအခြောက်တွေ ဘာလို မထွန်းသေးတာလဲ။ ဒါတွေက ဆိုင်ကို ခြောက်ကပ်သွားစေတဲ့ အရာတွေပဲ"

ကျွန်ုပ်စကားကြောင့် မောင်စိုးဝင်းမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ချက်ချင်းပင် ရှင်းလင်းသုတ်သင်လေတော့သည်။

ကျွန်ုပ်က စိတ်လိုလက်ရဖြင့် သူ့ သဘောပေါက်စေရန် ထပ်ရှင်းပြလိုက်သည်။

"ဒီလိုရှိတယ် မောင်စိုး။ ပထမ လိုအပ်ချက်က ကိုယ့်ဆိုင်က ပစ္စည်းတွေက အရည်အသွေးကောင်းရမယ်။ ဆိုလိုတာက ကွမ်းယာမှာ ကွမ်းရွက်လည်း ကောင်းကောင်း။ ထုံးကိုလည်း ကောင်းကောင်းစပ်ထားရမယ်။ ဈေးနှုန်းကလည်း သူများထက် မလျှော့နိုင်ရင် တန်းတူပေါ့။ ဒီလို ကိုယ့်ဘက်က အခြေခံအချက်တွေ ပြင်ဆင်ပြီးပြီဆိုမှ ဆက်ပြုပြင်ရမှာက ဆက်ခံရေးပဲ။ ဆက်ဆံရေး ကောင်းရမယ်"

"ဟုတ်ကဲ့ အဘ၊ သဘောပေါက်ပါတယ် အဘ"

"အင်း…ဒါဆိုရင် ဂါထာတစ်ပုဒ်ပေးမယ်။ ခဲရာခဲဆစ် ဂါထာမဟုတ်ဘူး။ လူတိုင်းနီးပါး သိကြတဲ့ သဗ္ဗဓေယျ မင်္ဂလာ ဂါထာတော်ကြီး ပဲ။ အမြဲမပြတ်ရွတ်။ ဖြစ်နိုင်ရင် စာရွက်မှာ ကူးရေးပြီး ပလတ်စတစ်လောင်းပြီး ဆိုင်မှာ ချိတ်ထား။ ဂါထာက…

ဒီဝါတပတီ အာဒိစ္စော
ရတ္တိမှာ ဘာတိ စန္ဒိမာ
သန္နဒ္ဓေါ ခတ္တိယောတပတိ
ဈာယီတပတိ ဗြာဟ္မဏော၊
အထသဗ္ဗ မဟောရတ္တိ ဗုဒ္ဓေါတပတီတေဇသာ
တေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုသဗ္ဗဒါ။

"ဒီဂါထာကို ကျွန်တော် အလွတ်ရတယ် အဘ။ နေ့တိုင်းတော့ မရွတ်ဖြစ်ဘူး"

"ရွတ်ရမယ်။ ဆိုင် စဖွင့်တာနဲ့ ရွတ်ရမယ်။ ငွေဝင်လာဘ်ရွှင်၊ လာဘ်ခေါ် ဂါထာတော်ကြီးပဲ။ ဒါဆို အတော်ပြည့်စုံပြီ။ အခု ယတြာတစ်ခု ထပ်ပြောပြမယ်။ စာရွက်နဲ့ လိုက်မှတ်ပေတော့ ငါ့တူရေ။ ဒီ ယတြာက ဈေးဆိုင်ဖွင့်ဖို့ မသွားခင် အိမ်က ထွက်ခါနီးမှာ လုပ်ရမယ့် ယတြာကွဲ့"

မောင်စိုးလည်း စိတ်ဝင်တစားဖြင့် လိုက်လံ ရေးမှတ်ပါတော့၏။

* တနင်္ဂနွေနေ့မှာဆိုရင် ငါးပိ မီးဖုတ်နဲ့ ထမင်းကို စတိစားသွားရမယ်။
* တနင်္လာနေ့မှာဆိုရင် ရေချိုးပြီးရင် ဆားနည်းနည်း စတိစားသွားရမယ်။
* အင်္ဂါနေ့မှာဆိုရင် ဒေါနပန်း (သို့မဟုတ်) နံနံပင်စတဲ့ စနေနံ အရွက်၊ အသီး၊ အညွန့် တစ်ခုခုကို စားတန် စား၊ ဆောင်တန် ဆောင်၊ ပန်တန် ပန်သွားရမယ်။
* ဗုဒ္ဓဟူးနေ့မှာဆိုရင် ထန်းလျက်စားပြီးမှ သွားရမယ်။
* ကြာသပတေးနေ့မှာဆိုရင် ငှက်ပျောသီးပြုတ်ကို ထမင်းနဲ့ စတိသဘော စားရမယ်။
* သောကြာနေ့မှာဆိုရင် သဘော်သီးမှည့်စားပြီး သွား။ အသီးမရရင် အရွက်ကို စား။
* စနေနေ့မှာဆိုရင် ခံတက်ရွက်၊ ခံတက်ချဉ်ကို တစ်နည်းနည်းနဲ့ စားသွားရမယ်။

"ကဲ - မောင်စိုးရေ ယုံယုံကြည်ကြည်နဲ့သာ လုပ်ပေတော့၊ မင်းဆိုင်က လက်မလည်အောင် ရောင်းကောင်းလာလိမ့်မယ်ကွ"

"ကျေးဇူးတင်လိုက်တာ အဘရေ။ စိတ်ချ၊ လုပ်ဖြစ်အောင် လုပ်မယ် အဘ"

"ကောင်းပါလေရဲ့ကွယ်။ ကဲ - အဘလည်း ပုတီးသွားစိပ်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်သည် မိုးကောင်းဘုရားသို့ တက်လာခဲ့တော့သည်။ လူတစ်ဦးတစ်ယောက်၏ အခက်အခဲကို တတ်စွမ်းသမျှ ကူညီပေးနိုင်ခဲ့၍လည်း ကျွန်ုပ်ရင်ထဲတွင် ပီတိဖြာနေပါလေတော့သတည်း။

* * *

ဝသုန်မင်းထက်



www.burmeseclassic.com

www.burmeseclassic.com

# ဧဖြပါးသော ရောဂါပျောက်ဆေး

ရောမြေ ထွန်းထွန်း

စာရေးသူ၏ ဖခင် ဦးတင်လှမှာ လွန်ခဲ့သော ၇နှစ်ခန့်က ကွယ်လွန်ခဲ့ပြီးဖြစ်ပါတယ်။ ဖခင် သက်ရှိထင်ရှားရှိစဉ် မြန်မာတိုင်းရင်းဆေးဝါးများနှင့် ပတ်သက်၍ ကျွန်တော့်အား ပညာအမွေအဖြစ် သင်ကြားပြသပေးခဲ့ပါတယ်။ ထိုကျေးဇူးရှင် ဖခင် ဦးတင်လှအား ကျေးဇူးဆပ်သောအနေဖြင့် ဆေးဝါး ဖော်စပ် သုံးစွဲနည်းများကို ရေးသားတင်ပြလေ့ရှိပါတယ်။

ယခု တင်ပြလိုက်တဲ့ ဆေးဝါးများကတော့ ရှာဖွေရန် လွယ်ကူပြီး ကိုယ်တိုင်သုံးစွဲသူများအတွက် အကျိုးရှိစေပြီး ဧဖြပါးသော ဝေဒနာများပပ်မကာ၊ အခြားသော အကျိုးကျေးဇူး များစွာကိုလည်း ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်အဖို့ အရေးကြီးဆုံးသည် ကျန်းမာရေးပင် ဖြစ်ပါတယ်။ ကျန်းမာရေး ကောင်းမွန်မှသာ လူမှုရေး၊ စီးပွားရေး၊ သာရေးနာရေးအတွက် ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးဟာ လာဘ်တစ်ပါး အပါအဝင်မဟုတ်ပါလား။ ကျန်းမာရေး မကောင်းသူတစ်ဦး အတွက် အရာရာ ဆုံးရှုံးနစ်နာရပေတယ်။

မိမိအတွက်၊ မိမိရဲ့ အပေါ် မှီခိုနေထိုင်ကြတဲ့ မိသားစု အတွက် အကျိုးရှိစေရန်၊ ကျန်းမာရေး ကောင်းမွန်ဖို့ရာ အရေးကြီးသော အဓိကအချက်ပင် ဖြစ်၍ ဧဖြပါး ရောဂါ ပျောက်ဆေး ဖော်စပ်သုံးစွဲပုံကို ယခုကဲ့သို့ တင်ပြလိုက်ရပါတယ်။

### ဆေးဖော်စပ်ပုံ

(၁) ဆေးရိုးပင်(ခေါ်) အုန့်ပင်အမြစ် ၁၀ သား။
(၂) ငုမြစ် ၁၀ သား။
(၃) ဆင်တုံးမနွယ်ပင် ၁၀ သား။
(၄) နနွင်းခါးဥ ၁၀ သား။

အထက်ဖော်ပြပါ ဆေးပင်များ၏ အမြစ်၊ ဥတို့ကို ရှာဖွေပြီး ဆေးဖော်ရမှာ ဖြစ်ပါတယ်။ သို့ပါသော်လည်း ဆေး မဖော်စပ်မီ ဆေးပင်တစ်မျိုးချင်း၏ အာနိသင်ကို ဖော်ပြခြင်း ဖြစ်ပါတယ်။

ဆေးရိုးပင် (ခေါ်) အုန့်ပင်သည် မည်သည့် ရာသီဥတု မှာမဆို ခုတ်လှဲသော်လည်း အပင်ဟာ သေခြင်း၊ အိုခြင်း မရှိဘဲ အမြဲရှင်သန် နုပျိုလျက်ရှိ၏။

ငုပင်မှာ နွေရာသီတွင် မည်မျှပင် ပူသော်လည်း အ[...] ၏ အခေါက်များကို ခွာသော်လည်း နာ၍ သေခြင်းမ[...] တန်းခူးလ သင်္ကြန်အခါသမယတွင် အပွင့်ပွင့်မြဲဖြစ်၏။

ဆင်တုံးမနွယ်ပင်သည် မြေကြီးပေါ်တွင် ပေါက်သေ[...] အပင်မျိုးမဟုတ်။ ပင်စည်ရှိ သစ်ပင်ကြီးအမျိုးမျိုးပေါ်[...] နွယ်ပင်အဖြစ် ပေါက်သောအပင်ဖြစ်ပြီး၊ ထိုဆင်တုံးမ[...] ပင်ကို တစ်တောင်၊ တစ်ထွာမျှ ဖြတ်တောက်သော်လ[...] အပင်မှာ သေဆုံးသွားခြင်းမရှိပါ။

ထို့အတူ နနွင်းခါးဥသည် မြေတွင် မိုးဥတု၌ ပေါက်[...] နွေနှင့် ဆောင်းတွင် အပင်သေသော်လည်း၊ ဥမှာမူ နော[...] နှစ် မိုးရာသီတွင် ပြန်၍ အပင်ပေါက်ကာ၊ ထိုအပင်[...] ဥမှာ သေဆုံးခြင်း မရှိပါ။

ထိုအစွမ်းသတ္တိအမျိုးမျိုးရှိသော ဆေးရိုးပင်၊ ငုပ[...] ဆင်တုံးမနွယ်ပင်၊ နနွင်းခါးဥတို့ကို ဆတူ အလေးချိန်အတိုင်[...] ခုတ်စဉ်း၊ လှီးချွတ်ပြီး ခြောက်သွေ့အောင် နေတွင် လှန်[...] အမှုန့်ထောင်းကာ ပျားရည်အနည်းငယ်ဖြင့် သမအောင် [...] ပြီး ဆီးကင်းခန့် အလုံးကလေးများ လုံး၍ ပုလင်းလွတ်ထဲတွ[...] ထည့်ကာ နေ့စဉ် ညအိပ်ရာဝင်ချိန် ဆေးသုံးလုံးကို ရေအေ[...] ဖြင့် စွဲမြဲစွာ သောက်သုံးသွားပါက ဧဖြပါးသော ရောဂါမျ[...] ပျောက်နိုင်ပြီး အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြ[...] ကျန်းမာသန်စွမ်းခြင်း၊ အသားအရေစိုပြည် နုပျိုစေနိုင်သေ[...] အကျိုးထူးများ ရရှိနိုင်မည်မှာ မလွဲပါ။

တချို့ ရှေးလူကြီးများ ပြောစကားအရ မအို၊ မ[...] မသေ ဆေးဟု အမည်တပ်ကာ ဖော်စပ်သုံးစွဲကြသဖြ[...] ကျန်းမာသန်စွမ်းပြီး အသက်ရာကျော် ရှည်စေနိုင်သေ[...] အစွမ်းသတ္တိထူးများ ရရှိခဲ့ကြောင်း ပြောပြသိရှိရ၍ စာရှု[...] အပေါင်းနှင့် မြန်မာတိုင်းရင်းဆေးကို ဝါသနာပါသူများအတွ[...] ရည်ရွယ်၍ ဗဟုသုတရှိစေရန် တင်ပြလိုက်ရပါသည်။■

စာရှုသူအပေါင်း ကိုယ်စိတ်နှစ်[...]
ကျန်းမာကြပါ[...]

* * *

ရောမြေ[...]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကွန်တစ်လက်နှင့် မိသားစု ပါးစပ်ပေါက် ၇ပေါက်ကို အဆင်ပြေအောင် ရှာဖွေကျွေးနေသော ကိုလွန်းမောင်တစ်ယောက် ကွန်ပစ်ရင်း ပစ်ရင်းနှင့် အတော်ဝေးဝေးရောက်သွားသည်။ ရွာနီးချုပ်စပ်တွင် သူ့လို ကွန်ပစ်သမားများ အတော်များများရှိသောကြောင့် အရင်တုန်းကလို ငါးပေါပေါများများ မရနိုင်တော့။ နေမွန်းတည့်လောက်မှပင် ဟင်းစားရသည်။ ရောင်းစားဖို့တော့ ဝေးရော။

ချောင်းအတွင်း ကွေ့ကာ ဝိုက်ကာနှင့် ကွန်ပစ်လာသည်မှာ တဖြည်းဖြည်းနှင့် ကညင်ပင်ကြီးနားပင် ရောက်လာပြီ။ ထိုကညင်ပင်ကြီးကို မိမိတို့ရွာမှပင် လှမ်းမြင်နေရသည်။ ယခု အနားရောက်မှ သေသေချာချာ ကြည့်မိသည်။ အမြင့်က ပေ ၁၀၀ထက်တော့ မလျော့။ လုံးပတ်ကလည်း သေးသေးမဟုတ်၊ လူကြီးသုံးလေးယောက်ဖက်စာလောက် ရှိမည်။

ကညင်ပင်ကြီးနှင့် ချောင်းစပ်က သိပ်မဝေး။ ကိုက် ၂၀ လောက်သာ ရှိသည်။ ကိုလွန်းမောင် ကွန်ပစ်လာရင်း ကညင်ပင်ကြီးနားအရောက်တွင် ပုစွန်ရော၊ ကကတစ်ပေါက်များပါ အတော်များများရသည်။ အခြားနေရာများထက် ပိုရသည်ဟု ဆိုရမည်။

ကိုလွန်းမောင်က ချောင်းစပ်တွင် လှေဦးထိုးလိုက်ကာ ကညင်ပင်ကြီးကို မော့ကြည့်လိုက်သည်။ နည်းနည်းနောနော အပင်ကြီးမဟုတ်။ သစ်ခွဲလိုက်ရင် အိမ်တစ်လုံးစာလောက် ကောင်းကောင်းရမည်ဟု တွက်လိုက်သည်။ သို့သော် ထိုကဲ့သို့သော သစ်ပင်ကြီးမျိုးတွင် အစောင့်အရှောက် ပုဂ္ဂိုလ်များ၊ ရက္ခစိုးများ ရှိတတ်ကြသည်ဟု ကြားဖူးသည်။ ကညင်ပင်ကြီးနားရောက်မှ ဟင်းစားများများရသောကြောင့် အစောင့်အရှောက် ပုဂ္ဂိုလ်များကို ပူဇော်ပ,သလျှင် ကောင်းမည်ဟု စိတ်ကူးပေါက်၍ ပုစွန်တုပ်နှင့် ငါးနစ်ကောင်ခန့် ယူ၍ တက်လာခဲ့သည်။

ချုံကြိုချုံကြားကို ဖြဲကာ တက်လာပြီးမှ ကညင်ပင်ကြီးခြေရင်းကို ရောက်သည်။ ကညင်ပင်ကြီးပတ်ပတ်လည်တွင် နတ်ကွန်းလည်း မတွေ့၊ အဆောင်အယောင်လည်း မတွေ့။

သို့သော် မိမိအကြံအစည်အတိုင်း ပုစွန်တုပ်နှင့် ငါးနစ်ကောင်ကို ရှေ့တွင် ချကာ ကညင်ပင်ကြီးကို ထိုင်ကန်တော့လိုက်သည်။ ပါးစပ်မှလည်း တတွတ်တွတ်ရွတ်ကာ ဆုတောင်းလိုက်သည်။ ကန်တော့ပြီး ခေါင်းထောင်၍ ရှေ့တွင် ချထားသော ပုစွန်တုပ်နှင့် ငါးနစ်ကောင်ကို ကြည့်လိုက်သောအခါ တစ်ကောင်မျှ မရှိတော့။

ပုစွန်ရော ငါးပါ အသေများဖြစ်၍ ခြေထောက်ပေါက်မသွားနိုင်။ ပတ်ဝန်းကျင်တွင်လည်း မိမိမှ လွဲ၍ ဘယ်သူမျှ မရှိ။ ကိုလွန်းမောင် တစ်ယောက် တစ်စုံတစ်ခုကို တွေးကာ ကြောက်လာသည်။ ထို့ကြောင့် လာလမ်းအတိုင်း ချုံများကို တိုးကာ ဖြဲကာ ထွက်လာသည်။

သို့သော် မိမိနောက်မှ လူလိုက်လာသလို ခြေသံများ ကြားရသောကြောင့် ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ လှေပေါ်တွင် တက်ထိုင်ကာ လှော်တက်ကို ကိုင်လိုက်ချိန်တွင် လှေက သိမ့်ခနဲ လှုပ်သွားသည်။ ကိုလွန်းမောင်လည်း ကြောက်ကြောက်
နှင့် ရေဆန်အတိုင်း လှေကို ကျုံးလှော်
လာခဲ့သည်။ ရွာရောက်တော့ လှေ
အကန့်တစ်ကန့်ထဲတွင် ကွန်ပစ်
ရသော ငါး၊ ပုစွန်များ တစ်ကောင်
မရှိတော့။

◆◆◆

ကျေးရွာ ဥက္ကဋ္ဌကြီးကို ကိုလွ
မောင်က ရှင်းပြလိုက်သည်။

"အေး၊ သီလရှင်တွေလို မျက်
လည် လမ်းမှာလေ ဆန်များများရ
ဆိုသလိုပေါ့။ လွန်းမောင်...မင်
လူအေးဆိုတော့ ကွန်ပစ်ပြီး သား
မှု မယားကျွေးမှုပဲ အာရုံစိုက်နေ
ဒါတွေ နားမလည်တာပေါ့။ အဲဒီ ကည
ပင်ကြီးက အမိကရ အပင်ကွ။
အဘိုး ပြောဖူးတယ်။ အင်္ဂလိပ်
ထက်က သစ်တောအရေးပိုင်ကြီ
အဲဒီ အပင်ကြီးကို သဘောကျ
တံဆိပ်တုံးလာရိုက်တယ်။ နောက်
တော့ သူ့လူတွေ လွှတ်လိုက်တ
အဲဒီအပင်ကြီးကို လှဲဖို့ပေါ့။ အဲ
တွေက အပင်ကြီးကို လှဲဖို့ လက်
ကိရိယာတွေနဲ့ ရောက်လာပြီ ခုတ်
ထစ်ကြတာပေါ့။ ဒါပေမယ့် အပင်
ကို ခုတ်ထစ်နေရင်း စိတ်တွေ ပြေ
လာပြီး တစ်ယောက်နဲ့ တစ်ယော
ခုတ်ကြထစ်ကြ လုပ်လိုက်ကြ
အတုံးအရုံးသေကြတာပဲတဲ့။ အဲ
စပြီး ဒီအပင်ကြီးကို ဘယ်သူမှ
ဖို့ မကြိုးစားတော့ဘူး။

နောက် မှတ်မှတ်ရရဖြစ်
ရှိသေးတယ်ကွ။ မော်တော်ဆိ
ကုန်စုံဆိုင်ပိုင်ရှင် ဦးကရင်ရဲ့
အကြီးကောင်က သူ့အဖေ အ
တောင်းခိုင်းလို့ အဲဒီရွာကနေ အ
တောင်းပြီး ပြန်လာတော့ အဲဒီ
ပင်ကြီးနားလည်း ရောက်ရော အ
သွားချင်တာနဲ့ ကြိုးသွားလိုက်


www.burmeseclassic.com

www.burmeseclassic.com

ပေါ့ကွာ။ သွားပြီး လမ်းလျှောက်ပြန် တာတော့ သွားရင်းသွားရင်း လမ်း လျှောက်လို့ မရတော့ဘူး။ ဘာဖြစ်လို့ ဆိုတော့ သူ့ရဲ့ ဖွားဘက်တော်ကြီးက တန်တဆကြီးပြီး ရောင်ကိုင်းနေ တယ်။ ကြံတဲ့လူကို အကူအညီတောင်း ပြီး ထမ်းစင်နဲ့ ပြန်လာရတယ်။ ကုန်စုံ ဆိုင်ပိုင်ရှင် ဦးကရင်ရဲ့ သားဆိုတာ တစ်ရွာလုံးက သိနေလို့ တော်သေး တာပေါ့ကွာ။ အိမ်ရောက်မှ သူ့ကို မေးပြီး ဘာဖြစ်ခဲ့တယ်ဆိုတာ သိတော့ အဲဒီ ကညင်ပင်ကြီးအောက်ကို သွား ပြီး ကန်တော့ပွဲတွေ၊ လက်ဖက်တွေနဲ့ တောင်းပန်လိုက်မှ မူလအတိုင်း ကောင်းသွားတယ်။ အဲဒါက ငါ့မျက်မြင် ပြောတာ။

မျက်မြင်မဟုတ်ပေမယ့် ငါက လူကြီးဆိုတော့ လာ,လာပြောကြတာ တွေ ရှိတယ်။ ရွာက သားဖွားဆရာမ မြင့်က အဲဒီရွာက မိန်းမတစ်ယောက် ကို ကလေးမွေးပေးပြီး ပြန်လာတော့ သူ့ယောက်ျားက ကျေးဇူးတင်လို့ဆိုပြီး စရာ သောက်စရာတွေနဲ့ ချက်စား ကြက်တစ်ကောင်ပေးလိုက်တယ်။ မြင့်က အရှင်ကို မလုပ်ရဲဘူးဆိုလို့ ကြက်ကို သတ်ပြီး ပေးလိုက်တယ်။ မြင့်က အဲဒီ ကညင်ပင်ကြီးအောက် က ပြန်လာရင်း ကြက်သီးတွေ တဖြန်း ဖြန်းထသွားတယ်။ ကြောက်စရာ နဲ့စရာတော့ မတွေ့ဘူး။ ဒါပေမယ့် အိမ်ရောက်တော့ အဲဒီကြက်တစ်ကောင် လုံး မရှိတော့ဘူး။ အမွေးတွေတော့ ကျန်နေခဲ့တယ်။ သားဖွားဆရာမရယ်၊ အဲဒီနေ့က ဖျားတော့တာပဲ"

ထိုင်နားထောင်နေသော ဆယ် အိမ်မှူး ကိုကုလားက···

"ဒါတင် ဘယ်ဟုတ်ဦးမလဲဗျ။ ကျွန်တော့်သား အငယ်ကောင်နဲ့ ကျွန်တော့်သမက်က အရက်ကြိုက် တယ်။ သမက်က အဲဒါတွေ အယုံ အကြည်မရှိဘူး။ သားက ယုံတယ်။ တစ်နေ့တော့ သမီးယောက်ဖနှစ်ယောက် အလောင်းအစားလုပ်တယ်။ အဲဒီရွာ က အမဲသားတစ်ပိဿာဝယ်ပြီး အဲဒီ ကညင်ပင်အောက်က ပြန်ရမယ်။ ဖြတ် ပြန်လို့ ထူးခြားရင် သမက်က အမဲ သားဖိုး ပေးရမယ်။ ဘာမှမထူးခြားရင် ကျွန်တော့်သားက အမဲသားဖိုး ပေးရ မယ်။ ပြန်ရမယ့်အချိန်က နေ့ခင်း ကြောင်တောင်ပဲ။ နှစ်ယောက်လုံး စိန် လိုက်ဆိုပြီး လောင်းကြတယ်။ အမဲ သားတွဲ ဆွဲလာတဲ့ ကျွန်တော့်သမက် ဟာ အဲဒီအပင်ကြီးအောက် ရောက် တော့ ကြက်သီးတွေ တဖြန်းဖြန်းထ လာတယ်။ ချုံတောတွေထဲကနေ လူ တွေ ပြေးလိုက်လာသလို တဖျော်ဖျော နဲ့ အသံတွေ ကြားနေရတယ်။ ကျွန်တော့်သမက်က မကြောက်တတ် ပေမယ့် ခပ်သွက်သွက်လျှောက်လာ ရင်း ဆွဲလာတဲ့ အမဲသားတွေက ပေါ့ နေပါလားလို့ မကြည့်လိုက်တော့ ချည် ထားတဲ့ ကြိုးပဲ တွေ့ရတော့တယ်။ အမဲ သားတစ်ပိဿာက မရှိတော့ဘူး။ ကျွန်တော့်သမက်လည်း အဲဒီတော့မှ ယုံသွားတယ်"

"အေး။ အဲဒါကြောင့်မို့ တို့ရွာနဲ့ အဲဒီရွာကို သွားတဲ့လမ်းက နှစ်လမ်း ဖြစ်နေတယ်။ ချောင်းနံဘေး ကညင်ပင် ကြီးအောက်က သွားတဲ့ လမ်းရယ်၊ တာဖို့ထားတဲ့ တာပေါ်က သွားတဲ့ လမ်းရယ်၊ တာပေါ်က သွားတဲ့လမ်းက ဝေးတယ်။ ကညင်ပင်ကြီးရှိတဲ့လမ်းက နီးတယ်။ ဒါပေမယ့် အဲဒီ ကညင်ပင် ကြီးအကြောင်းသိလို့ အဲဒီလမ်းက သိပ်မသွားကြဘူး"

"ဥက္ကဋ္ဌကြီး···ဒါဆိုရင် ရက္ခစိုး တော့ မဖြစ်နိုင်ဘူး ထင်တယ်"

"ရက္ခစိုးဆိုရင် သားစိမ်းငါးစိမ်း ဘယ်စားမလဲကွ။ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ သရဲမို့ အခုလိုမျိုး လုပ်တာပေါ့။ အဲဒီ တော့ အကြောင်းသိရင် အဲဒီအပင်ကို ရှောင်တာ အကောင်းဆုံးပေါ့ကွာ"

◈◈◈

ကညင်ပင်ကြီးအကြောင်းက သတင်းမွှေးနေဆဲ။ ပတ်ဝန်းကျင်ရွာနီး ချုပ်စပ်မှ လူတွေကတော့ ကညင်ပင် ကြီးကို ရှောင်ကြသည်။ နှစ်ပေါင်း အတော်ကြာ သူက တန်နိုးထွားနေဆဲ။

သို့သော် ဤမျှ သတင်းကြီးနေ သော ကညင်ပင်ကြီးသည် ယခုတော့ ထိုနေရာမှ ပျောက်ကွယ်သွားပြီး မည် သူက အပြုတ်နှံလိုက်သည်မသိ။

ထိုအပင်ကြီးနှင့်အတူ အခြား အပင်များပါမက၊ လူနေအိမ်ခြေနှင့် ရွာများပါမကျန် စိစိညက်ညက်ကြေ အောင် အပြုတ်နှံလိုက်သော တဲရားခံ ကား နာဂစ်ပင်ဖြစ်ပါတော့သတည်း။

ရွာပျက်သွား၍ သက်ဆိုင်ရာမှ အသစ်ဆောက်လုပ်ပေးထားသော အိမ် သစ်ကလေးပေါ်တွင် ငုတ်တုတ်ထိုင် ကာ တစ်ချိန်က ကိုယ်တွေ့ ကြုံခဲ့ဖူး သော ကိုလွန်းမောင်က စဉ်းစားနေ ခြင်းဖြစ်သည်။

သူ့အတွေးထဲတွင်···

"ဒိလောက် တန်နိုးထွားခဲ့သော ကညင်ပင်ကြီးမှ အစောင့်အရှောက် များသည် နာဂစ်နှင့် တွေ့သောအခါ နိုကိုးရာမဲ့၍ ဘယ်ဆီများ ရောက်နေပါ လိမ့်"ဟု··· ■

* * *

မောင်မြင့်မား(မိုးလ်ကလေး)

www.burmeseclassic.com

# အစာအိမ်အချဉ်ပေါက်

## စွဲ၍သောက်

လူစွမ်းမြင့်(နတ်မောက်)

နတ်မောက်မြို့နယ်၊ ရွှေပုံရာ တောင်ပေါ်ကျောင်းဆရာတော်ကြီး ဦးကောသရ၏ လက်စွဲဆေးတစ်လက်ကို တင်ပြလိုပါသည်။ ၎င်းဆေးကို ရွှေပုံရွာမှ ရေးမြန်မာဆေးဆရာကြီး ဦးညိုမှ ဖော်စပ်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီး ဦးကောသရမှာ အသက်တော် ၆၀ ကျော်သည်အထိ ကိုယ်တိုင် ဆွမ်းခံကြွတော်မူပြီး တစ်ထပ်ဆွမ်းသာ ဘုဉ်းပေးသည်။ သက်တော် ၆၅အရွယ်တွင် လေနာရောဂါထပြီး အစာအိမ် အချဉ်ပေါက်၊ အစာအိမ်ရောဂါဖြစ်ခဲ့ပါသည်။ တစ်ခါတစ်ရံ ဆွမ်းခံကြွရင်း လေနာရောဂါထသဖြင့် ဆွမ်းသပိတ်ကို လမ်းဘေးချ၍ ထိုင်တော်မူပြီး ဝေဒနာကို ခံစားခဲ့ရသဖြင့် ဆွမ်းခံမကြွနိုင်တော့ပါ။

ဆရာကြီး ဦးညိုမှ အစာအိမ်ရောဂါအတွက် ဆေးဖော်စပ် လှူဒါန်းပါသည်။ ၎င်းဆေးဖော်စပ်ပုံမှာ နွေရာသီတွင် ဖော်ရပါသည်။ အဘယ်ကြောင့်ဆိုသော် နေပူလှန်းရ၍ ဖြစ်ပါသည်။

ဗီးကြမ်းငှက်ပျောသီး ရင့်ရင့်စိမ်းစိမ်းများကို အခွံသင်၍ အတွင်းသားများ ပါးပါးလှီးကာ လင်ဗန်းတွင် ဖြန့်၍ နေပူပူ၌ ခြောက်သွေ့အောင် လှန်းပြီး မှုန့်ညက်အောင် ထောင်းထားရပါသည်။

ထို့အတူ မာလကာရွက် ရင့်ရင့်စိမ်းစိမ်းများကိုလည်း ခူးယူပြီး ဖုန်၊ သဲ ကင်းအောင် ရေစင်စင်ဆေးကာ နေပူတ…
အခြောက်လှန်း၍ မှုန့်အောင် ထောင်းထားရပါသည်။

၎င်းကဲ့သို့ပင် နနွင်းခါးကိုလည်း အမှုန့်ထောင်းထ…

အထက်ပါ ငှက်ပျောဗီးကြမ်းမှုန့်၊ မာလကာရွက်မှု… နနွင်းခါးမှုန့် သုံးမျိုးတို့ကို အလေးချိန် ဆတူယူ၍ သမအေ… ရောမွှေကာ ဖန်ပုလင်းတွင် ထားရပါမည်။

နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဆေးမှုန့်အား ဟ… သောက်ဇွန်းတစ်ဇွန်းစာနှင့် နွားနို့ (သို့မဟုတ်) အိုဗာတ… တို့ဖြင့် ဖျော်၍ မှီဝဲ သုံးဆောင်ပေးရပါမည်။

ထိုသို့ ပုံမှန်မှီဝဲသွားပါက အစာအိမ်ရောဂါ၊ အစာ… အချဉ်ပေါက်၊ လေနာရောဂါ၊ လေထိုးလေအောင့်တို့ က… ရှင်းစွာ ပျောက်ကင်းစေပါသည်။

ယခုအခါ ဆရာတော် ဦးကောသရမှာ သက်တေ… ၈၀ နား နီးခဲ့ပြီဖြစ်ပြီး၊ အထက်ပါဆေးကို လိုအပ်လ… လိုအပ်သလို မှီဝဲရန်အတွက် လက်စွဲဆေးတစ်လက်အ… ဆောင်ထားလျက်ရှိပါသည်■

ကျန်းမာ ချမ်းသာ လန်းဖြာကြပါ…

* * *

လူစွမ်းမြင့်(နတ်…



www.burmeseclassic.com

www.burmeseclassic.com

# ဝက်ဖြစ်သွားသော တောင်း

ဂါဦးနွန်းကို



www.burmeseclassic.com

www.burmeseclassic.com

သည်အကြောင်း ကြားဖူးသူများ ရှိလိမ့်မည်။ ဂမ္ဘီရနယ်ပယ်တွင် တဖွဲ့တနွဲ့ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုဖူးကောင်း ဖတ်ရှုဖူးလိမ့်မည်။ အဖြစ်အပျက်ကလည်း ထိုစဉ်က မွန်ပြည်နယ် တစ်ဝိုက်တွင် အထင်ကရ ကျော်စောခဲ့သည့်ကိစ္စပေမို့ ရေးသားဖော်ပြခဲ့ကြသည်မှာ မဆန်း။

ဤသို့ဆိုလျှင် ထိုသို့ အများသူငါ ကြားဖူးလောက်သည့် ဇာတ်လမ်းတစ်ပုဒ်ကို အဘယ့်ကြောင့် ပြန်လည်ရေးသား တင်ပြရပါသလဲဟု တစ်စုံတစ်ယောက်ကများ မေးမြန်းခဲ့လျှင် ကျွန်မတွင် တိကျသေချာတဲ့ အဖြေတစ်ခုရှိပါသည်။

ထိုအဖြေမှာ ယခု ရေးသားမည့် ဖြစ်ရပ်မှန် ဝတ္ထုဇာတ်လမ်း၏ အဓိကဇာတ်ဆောင်မှာ ကျွန်မ၏ အဘေးတော်စပ်သူဖြစ်နေသောကြောင့် ဖြစ်ပါ၏။ ယခုဇာတ်လမ်းသည် ကျွန်မတို့ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း ပြောပြခဲ့သော အိမ်ရာဝင်ပုံပြင်တစ်ပုဒ်။ သို့သော် ထိုဇာတ်လမ်းသည် ဖြစ်ရပ်မှန်ဖြစ်သည့်အကြောင်းကို ကျွန်မအဘိုး မဆုံးပါးခင် (လွန်ခဲ့သော ငါးနှစ်ခန့်)က မှ တိတိကျကျသိရှိခဲ့ရသည်။ ကြားသိလိုက်ရသည့်အခိုက် ကျွန်မစိတ်သန္တာန်တွင် မယုံမကြည်ဖြစ်သွားမိသည်ကို တော့ ကျွန်မ ဝန်ခံရပေလိမ့်မည်။ ဤသည်မှာလည်း ကျွန်မအပြစ်မဟုတ်။ ပုံပြင်သဖွယ် ဆန်းကြယ်လှသော ဇာတ်လမ်းတစ်ပုဒ်သည် အပြင်လောကတွင် အမှန်တကယ် ဖြစ်ပွားခဲ့သည်ဟု ဆိုလိုက်လျှင် ခေတ်ကာလ သားသမီးမှန်သမျှ သံသယပွားကြမည်ချည်းသာ။ အထူးသဖြင့် လူအများစုက ဂမ္ဘီရ ပညာရပ်တွေကို နည်းနည်းမျှပင် ယုံကြည်ချင်ကြသူတွေ မဟုတ်။ ထိုအထဲတွင် ကျွန်မလည်း ပါဝင်တာကြောင့် အဘိုးပြောပြစဉ်က အတွန့်တက်ကာ ကတ်ကတ်သတ်သတ် မေးခွန်းတွေ ထုတ်ဖြစ်ခဲ့သည်။ ထိုမေးခွန်းများစွာကို အဘိုးက သေချာစွာ ရှင်းပြခဲ့သလို၊ နောက်တစ်ခုက ကျွန်မအဘိုးသည် သီလ သမာဓိနှင့် ပြည့်စုံသူဖြစ်တာကြောင့် လိမ်ညာပြောဆိုမည့်သူ မဟုတ်ဟု ယုံကြည်မိ၍ ထိုဖြစ်ရပ်မှန်ကို ကျွန်မ လက်ခံခဲ့ရသည်။

ယခုအခါတွင် သိပ္ပံပညာနှင့် စမ်းသပ်ချိန်တွယ်၍ မရနိုင်သော ဆန်းကြယ်လွန်းလှသည့် ထိုနယ်ပယ်ကို ကျွန်မကိုယ်တိုင်လည်း စိတ်ဝင်တစားနှင့် စပ်စုလေ့လာရင်း စာပေများ ရေးသားနေပြီမို့ ကျွန်မအဘိုး ပြောပြခဲ့သည့် ကျွန်မအဘေး၏ အဖြစ်အပျက်ဇာတ်ကြောင်းကို ပြန်ပြောင်းရေးသားရလျှင် ကောင်းမည်ဟု စဉ်းစားမိတာကြောင့် ယခုလို တခမ်းတနား တင်ပြလိုက်ရပါတော့သည်။

◈◈◈

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က ကျွန်မတို့ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ ကျွန်ပြု အုပ်ချုပ်နေခဲ့သည့် အကြောင်းကို အားလုံး သိထားကြပေလိမ့်မည်။ ထိုသို့ အင်္ဂလိပ်တို့ လွှမ်းမိုးအုပ်ချုပ် မင်းလုပ်ခြင်း ခံနေရသည့် နယ်ပယ်ထဲတွင် မွန်ပြည်နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မွန်လူမျိုးတို့သည် မြန်မာနိုင်ငံတွင်းသို့ ပထမဆုံး ရောက်ရှိခဲ့သော တိဗက်-မြန်မာ၊ မွန်-ခမာ ဟူသည့် မျိုးနွယ်စုများတွင် ပါဝင်နေသော လူမျိုးဖြစ်သည်မို့ ဇာတိသွေး ဇာတိမာန် ကြီးမားခက်ထန်ကြသည်။ သူ့လက်အောက်တွင် နေရခြင်းထက် သေရခြင်းသာ မြတ်ကြောင်းကို မနုဿမင်းတရားကြီးက သက်သေပြသွားခဲ့သည်ဖြစ်ရာ၊ ထိုသို့ အင်္ဂလိပ်လက်အောက်၌ နှိမ့်ပါး အောက်ကျစွာ

နေထိုင်နေရခြင်းအပေါ် အံတကြိ
ကြိတ်နှင့် တနုံ့နုံ့ဖြစ်နေခဲ့ကြရသည်
ထိုစဉ်က မွန်ပြည်နယ် ဒေ
ဘိန်း-ကော့ပလိုင်းဒေသတစ်ဝိုက်
ဂန္ဓာရီ (ဂမ္ဘီရ)ပညာရပ်များ အ
ပြန့်ပွား ထွန်းကားခဲ့သည်ဟု (အ
ပြောပြ၍) ကျွန်မ သိခဲ့ရသည်။
သော်လည်း ပညာရှင်ပီပီ ပညာကို
အပ်တဲ့ ကိုယ်ကျိုးအတွက် ထုတ်
တတ်ကြတာကြောင့် အင်္ဂလိပ်တို့
ဖိနှိပ်မှုကို သည်းခံနေခဲ့ရသည်။ အင်္ဂလိ
(အဘိုးတို့အခေါ် မျက်နှာဖြူ) တို့
လည်း မြန်မာလူမျိုးတို့ကို အထင်အ
သေးကာ ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်
နိုင့်ထက်စီးနင်း ဆက်ဆံခဲ့ကြသည်။
ကျွန်မအဘေး (အဘိုး၏ အ
ငယ်)သည် ထိုစဉ်က သာမန် လ
သမားတစ်ဦးအဖြစ်သာ ပတ်ဝန်းကျ
က သိရှိခဲ့ကြသည်။ အဘေးသည်
ရိုးသားကြိုးစားပြီး အေးအေးဆေးဆေ
နေထိုင်တတ်သူဖြစ်သည်။ သို့သေ
မတရားမှုကို မနှစ်မြို့ဘဲ အမှန်တရ
ကို နှစ်ခြိုက်သူဖြစ်တာကြောင့် သူ့
တွင် မတရားတာကို မြင်လျှင် မဆိုင်
သလို ဘေးရှောင်မနေတတ်။ ဘေး
ရှောင်လျှင် သွေးကြောင်သည်ဟု သတ်
မှတ်ကာ ကိုယ့်ကိစ္စဟုတ်သည်ဖြစ်စေ
မဟုတ်သည်ဖြစ်စေ မတရားခံနေရသူ
ဘက်မှ ဝင်ရောက်ဖြေရှင်း ရပ်တည်ပေး
ရမှ ကျေနပ်တတ်သူ။ ထို့ကြောင့်လည်း
ကျွန်မအဘေးကို ရွာမှ လူတော်တော်
များများက ချစ်ခင်လေးစားကြသည်။
သိကြသည့်အတိုင်း သူ့ကျွန်ဘ
သို့ ကျရောက်နေခဲ့စဉ်က ကျွန်မတို့
တစ်မျိုးသားလုံး အတော်နိမ့်ပါး
အောက်ကျခဲ့ရသည်။ အင်္ဂလိပ်
မျက်နှာဖြူ မသူတော်တွေက ကျွန်မတို့
တစ်မျိုးသားလုံးကို နည်းလမ်းအမျိုးမျိ
ဖြင့် ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်။ ထို
က ကော့ဘိန်းနယ်တစ်ဝိုက်တွင် မွန်-



www.burmeseclassic.com

www.burmeseclassic.com

မာ-ကရင်လူမျိုးတို့ အများဆုံး နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးခြင်းအလုပ်ကိုသာ အဓိက လုပ်ဆောင်ခဲ့ကြသည်။ ရိုးသားကြိုးစားကြသော်လည်း အင်္ဂလိပ်တို့က ကျွန်ဟူ၍သာ မြင်ကြတာကြောင့် မျက်နှာသာမပေး။ နှစ်ဦးနှစ်ဖက် အကျိုးအမြတ်မကြည့်ဘဲ အခွန်အတုတ်တွေ မတန်တဆကောက်ခဲ့ကြသဖြင့် ထိုဒေသရှိ လူမျိုးတို့သည် ဘယ်သောအခါမှ ချမ်းသာကြွယ်ဝ ကြီးပွားလာခြင်းဟူ၍ သိပ်မရှိခဲ့ပေ။ ကြိုးစားသော်လည်း ကြိုးစားမှု၏ အသီးအပွင့်တွေကို ခံစားခွင့် မရှိခဲ့ကြ။

ဒေသထွက် သီးနှံများ၊ မွေးမြူထားသော ကြက်၊ ဘဲ၊ ဝက်များကို ရောင်းချရာတွင်လည်း ထိုစဉ်က ယခုလို ဈေးကြီး၊ ဆိုင်ကြီးများ မရှိသေး၍ ကော့ဘိန်းဒေသမှနေ မော်လမြိုင်အထိ လှည်းဖြင့် တစ်သွယ်၊ လှေဖြင့် တစ်နည်း ခက်ခက်ခဲခဲသွားပြီး ဈေးရောင်းကြရသည်။ ဈေးရောင်းခြင်းဆိုသည်မှာ အမှန်တော့ ကိုယ့်ပစ္စည်းကို ဈေးထက် ပိုအောင်၊ အမြတ်ရအောင် ရောင်းချခြင်း မဟုတ်ပါလား။ သို့ပေမယ့် ထိုကာလကတော့ အမြတ်ထွက်ဖို့နေနေသာသာ အရင်းမပါလျှင်ပင် ကျုံ့နပ်နေရမည့်အခြေအနေ။ ရိုးသားဖြူစင်လှသည့် လယ်သူ၊ လယ်သမားတို့၏ ရောင်းကုန်ပစ္စည်းများကို အမြတ်ထုတ် လက်ဝါးကြီးအုပ်ရန် မြို့ကြီးဆိုင်ကြီးများ၌ အင်္ဂလိပ်လက်ပါးစေ အင်္ဂလိပ်ကို မျက်နှာလုပ်ပြီး ကိုယ့်လူမျိုးချင်းချင်းကျ ဖိနှိပ် ဆက်ဆံတတ်သည့် စိတ်ဓာတ်ယုတ်ညံ့သူ) တွေက ရန်သင့် စောင့်နေကြလေသည်။ သည်တော့လည်း လာရောက် ရောင်းချသူတွေခမျာ သူတို့ပေးတဲ့ ဈေး သူတို့ ပေးတဲ့ ဈေးအတိုင်း စိတ်မချမ်းမသာနှင့် ထွက်အပ်ခဲ့ရသည်ချည်း။ သည်ကြားထဲ ပုလိပ်တွေ (အင်္ဂလိပ်ခေတ် ရဲတွေ) ကလည်း ဈေးလာရောင်းသူ လယ်သမားများဆီမှ ဟိုကြေး သည်ကြေးဟုဆိုကာ ဆက်ကြေးကောက်ကြသေး၏။ ခေတ်ကာလကိုက မငြိမ်မသက်နှင့် အနိမ့်ခံဘဝကို ရောက်ရှိနေရသည့် အချိန်။

ကျွန်မအဘေးက လယ်သမားဖြစ်ပေမယ့် အရာရာကို နားစွင့်ထားတတ်သူမို့ ထိုအကြောင်းတွေကို ကြားသိခဲ့ရသည်။ မျက်နှာဖြူတွေရဲ့ ရက်စက်မှု၊ မောက်မာ ပလွှားမှု၊ လူလူချင်း အဆင့်အတန်းခွဲ အာဏာပြမှုတွေအပေါ် ရွံမုန်း အော့နလုံးနာလာသည်။ နေရာတိုင်း၊ ဒေသတိုင်းတွင် သူတို့လူမျိုး၊ သူတို့၏ မဟာမိတ်များကိုသာ အခွင့်အရေးပေးပြီး ကျွန်မတို့ မြန်မာတွေကျ ကျွန်သပေါက်ကဲ့သို့ သဘောထားပြီး နှိမ့်ချဆက်ဆံမှုများကို ကြားရဖန်များလာသဖြင့် အဘေး၏ စိတ်၌သည်းခံခြင်းတရား ကုန်ခန်းလာလေ၏။ နောက်ပြီး ကျွန်မအဘေး၏ ဗီဇကိုက ကိုယ့်ကို နှိမ်စက်လျှင်တောင် ဂရုမစိုက်ဘဲ နေနိုင်ပေမယ့် သူတစ်ပါးအပေါ် မတရားလုပ်နေတာ တွေ့လျှင်တော့ လက်သီးနှင့် ဝင်ထိုး၊ ခြေထောက်နှင့် ဝင်ခတ်ဖို့ ဝန်မလေးသူ မဟုတ်လား။ သည်တော့ တတ်သည့်ပညာ မနေသာဆိုတဲ့အတိုင်း အဘေးက. . .

"ဒီမျက်နှာဖြူတွေကို ပညာပေးမှ ဖြစ်တော့မယ်။ ငါတို့လူမျိုးဟာ သူတို့လို လက်နက်ခဲယမ်းပစ္စည်းတွေ မထွန်းကားပေမယ့် လေးနက် ဆန်းကြယ်တဲ့ ဂန္ဓာရီ ပညာရပ်တွေ ထွန်းကား တတ်မြောက်တဲ့အကြောင်း ဒီကောင်တွေကို ငါပြမှ ဖြစ်တော့မယ်။ ဒါမှ မှတ်မှာ"

ဟူ၍ ကြုံးဝါးကာ ပထမဆုံး တောင်းရက်တဲ့ ဝါးနှင့် ဝက်ပုံသဏ္ဌာန် တောင်းငါးလုံးကို ရက်လေသည်။ ဝက်ပုံသဏ္ဌာန်နှင့် တောင်းငါးလုံးရရှိသည့် အခါ အဘေးက တတ်ထားသည့် ပညာနှင့် ဂါထာမန္တန်တွေ ရွတ်၍ မန်းမှုတ်လိုက်သည့်အခါ ချက်ချင်းဆိုသလို ဝက်ငါးကောင်ဖြစ်သွားခဲ့သည်။ အံ့ဩဘနန်း ဆန်းကြယ်ပါဘိ။ အဘေးက ထိုကိစ္စကို မည်သူမျှ မသိအောင် အိမ်ထဲတွင် တစ်ကိုယ်တည်း တိတ်တဆိတ် ပြုလုပ်ပြီး ထိုဝက်ငါးကောင်ကို လှေပေါ်သို့ တင်ကာ မြို့သို့ ထွက်လာခဲ့လေ၏။ ရွာက လူတွေ၏ အမြင်မှာတော့ အဘေးက မြို့တက်ပြီး ဝက်ငါးကောင် သွားရောင်းသည်ပေါ့။

အမှန်ပင် အဘေးက ဝက်ငါးကောင်ကို မြို့ပေါ်မှ အင်္ဂလိပ်လက်ပါးစေတစ်ယောက်၏ ဆိုင်တွင် သွားရောင်းလေ၏။ ထိုသူက အသက်ငါးဆယ်ကျော် အဘိုးအိုတစ်ယောက်ဖြစ်တဲ့ ကျွန်မအဘေးကို ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံကာ ဈေးကို မတန်တဆနှိမ်သော်လည်း အဘေးက အပြုံးမပျက်ဘဲ ဈေးခပ်ပေါပေါနှင့် ရောင်းခဲ့သည်။ ငွေရသည်နှင့် ဝက်ငါးကောင်ကို ထိုးအပ်ကာ လေကလေး တချွန်ချွန်နှင့် အဘေး ရွာပြန်လာသည်။ ရွာအဝင်က စေတီတော်အတွက်ပင် ငွေတစ်မူးလှူခဲ့သေး၏။

သိပ်မကြာလိုက်၊ အဘေး ရွာပြန်ရောက်လို့မှ တစ်နာရီကျော်ကျော်လောက် ရှိသေး၊ စောစောက အဘေး ဝက်ရောင်းခဲ့သော ဆိုင်ရှင်က တိုင်ကြားလိုက်၍ ပုလိပ်သုံးယောက် အဘေးကို ဖမ်းဖို့အတွက် ရွာသို့ ရောက်လာကြသည်။ ဆိုင်ရှင်ကတော့ အဘေးက သူ့အား လိမ်လည်သွားသည်ဟူ၍သာ တိုင်ကြားလိုက်ခြင်းဖြစ်သည်။ တကယ့် အဖြစ်မှန်မှာ အဘေးက ဝက်ငါးကောင်ကို ဆိုင်ရှင်၏ လက်သို့ ထိုးအပ်ပြီး ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ဆိုင်ရှင်၏ လက်ထဲမှ ဝက်ငါးကောင်သည် ချက်ချင်းဆိုသလို တောင်းငါးလုံး



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ပြောင်းလဲသွားလေ၏။ ဆိုင်ရှင်ခမျာ အတော်သွေးပျက် ချောက်ချားသွားရသည်။ သွေးပျက်မည်ဆိုလျှင်လည်း သွေးပျက်ချင်စရာပါပဲ။ မျက်စိရှေ့၌ပင် ဝက်ငါးကောင်အဖြစ်ကနေ တောင်းငါးလုံးအဖြစ်သို့ ရုတ်ခြည်းပြောင်းလဲသွားသော အဖြစ်အပျက်မှာ ထိတ်လန့် သွေးပျက်ချင်စရာ မဟုတ်ပါလား။ ခဏတာ အံ့သြ မင်သက်နေရာမှ အဘေးကို အသည်းအသန်ပြေးရှာသော်လည်း သွက်လက်လှတဲ့ အဘေးကို သူ ရှာမတွေ့တော့၍ ထိုသို့ ပုလိပ်တွေကို တိုင်ကြားလိုက်ခြင်းဖြစ်သည်။

တကယ်တော့ အဘေးက မြို့မှ ပြန်ရောက်ကတည်းက အိမ်တွင် အေးအေးဆေးဆေး အိပ်နေခြင်းဖြစ်သော်လည်း အဘေးကို သူတို့ ရှာမတွေ့ကြ။ အိမ်တစ်အိမ်လုံး ကြွက်တွင်းမကျန် နှံ့နေအောင် ရှာဖွေပေမယ့် အဘေးကို ရှာမတွေ့ကြ။ ရှာမရသည့်အဆုံး ပုလိပ်သုံးယောက်က ရွာလူကြီးကို ရန်လုပ်တော့သည်။

“ဦးဖေလုကို ထုတ်ပေးရင် ထုတ်ပေး၊ မထုတ်ပေးရင် ခင်ဗျားတို့ရွာကို ဖျက်ပစ်မယ်”

ပုလိပ်တွေက ထိုသို့ ခြိမ်းခြောက်ကြသဖြင့် ရွာလူကြီးခမျာလည်း မျက်စိမျက်နှာပျက်လျက်သား။ ကျွန်မအဘေးနှင့် ရွာလူကြီးက ညီအစ်ကိုဝမ်းကွဲတွေဆိုတော့ ပုလိပ်တွေက သူကြီး ဖွက်ပေးထားတာပဲ ဖြစ်မည်ဟု ယူဆလျှင်လည်း ယူဆချင်စရာ။ သို့သော် အဘေး ဘယ်မှာ ရှိသလဲဆိုတာကို ရွာလူကြီးလည်း မသိ။ တစ်ရွာလုံးလည်း မသိကြ။ ထိုသို့ မလုပ်ကြဖို့ ပုလိပ်တွေကို ရွာလူကြီးက တောင်းပန်ခယနေခိုက် အဘေး အိမ်ပေါ်မှ ဆင်းလာသည်။ အဘေးပုံစံက အိပ်ချင်မူးတူးနှင့်။

“ဟိတ်ကောင်တွေ…အိမ်ရှေ့မှာ ဘာတွေဖြစ်နေကြတာလဲ၊ နားညည်းချက်ကွာ”

အဘေးက အိပ်မှုန်စုံမွှားနှင့် ထိုသို့ အော်ပြော၏။ ပုလိပ်တွေက အဘေးရှိရာသို့ ပြေးဝင်လာကြပြီး နှစ်ယောက်က အဘေး၏ လက်ကို ဝိုင်းချုပ်ပြီး ကြိုးတုပ်လိုက်ကြသည်။ အဘေးက အပြုံးမပျက်။ လူငယ်အချို့က အဘေးဘက်မှ ခံပြင်းကာ ပုလိပ်တွေကို ဝိုင်းဆော်ရန် ပြေးလာကြသဖြင့် အဘေးကပင်…

“ဟဲ့ကောင်လေးတွေ…နေကြစမ်း၊ နင်တို့ ပါစရာမလိုဘူး။ ငါ့ကိစ္စ ငါရှင်းမယ်။ မပူနဲ့”

ဟူ၍ လှမ်းတားလိုက်ရသေးသည်။

အဘေးကို ပုလိပ်သုံးယောက်က ခပ်ကြမ်းကြမ်းဆွဲခေါ်သွားကြသည်။ အရပ် ၅ပေသာသာ ဖြူဖြူသွယ်သွယ်နှင့် လူဖလံလေး ကျွန်မအဘေးကို ရွာသူရွာသားတွေက စိုးရိမ်ကြီးစွာ ငေးကြည့်လျက် ကျန်ရစ်ခဲ့ကြသည်။

အဘေးကို မသိသူတွေက ခပ်နွံ့နွံ့လူ ဟူ၍ပင် ထင်ကြသေးသည်။ အဘေးက ဆိုခဲ့သည့်အတိုင်း သေးသေးသွယ်သွယ် လူဖလံလေးဖြစ်ရုံသာမက၊ တစ်သက်လုံးလည်း မိန်းမတွေကို စိတ်မဝင်စားခဲ့။ အဘေးထံမှ ချစ်သည်၊ ကြိုက်သည်ဟူသော စကားကို တစ်ခါတစ်ရံမျှ မကြားခဲ့ရဘူးဟု အဘေး၏ ညီအစ်ကိုများဖြစ်တဲ့ ကျွန်မအဘိုး၏ အဖေက ကျွန်မအဘိုးကို ပြောပြခဲ့ဖူးသည်။ နောက်ပြီး ကျွန်မအဘေးက ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရနှင့် သုရာမေရယကံနှစ်ပါးကို အသက်ထက်ဆုံး စောင့်ထိန်းသွားခဲ့သူဖြစ်၏။ သူတစ်ပါးကို ကူညီတတ်သော စိတ်စေတနာကောင်းသော ကျွန်မအဘေးကို ပုလိပ်တွေ ဖမ်းသွားကြ

သည့်အတွက် ဆွေမျိုးသားချင်းများသ
မက၊ ရွာသူရွာသားအားလုံး စိတ
မကောင်းဖြစ်နေကြရသည်မှာ မဆ
အားလုံးကလည်း “ဦးဖေ
တစ်ယောက်တော့ သွားရှာပြီ” ဟူ၍
ယူဆလိုက်ကြသည်။

ထိုသို့ ယူဆရခြင်းမှာ အင်္ဂလိ
တွေက ဖမ်းဆီးသွားလျှင် တော်
နှင့် ပြန်မလွှတ်တော့။ အပြစ်ရှိလ
ပြစ်ဒဏ်ကြီးကြီးပေးပြီး အပြစ်မရှိလ
လည်း နှိပ်စက် ညှဉ်းပန်းမည်
အဘေး၏ အသက်အရွယ်၊ အဘေ
ခန္ဓာကိုယ်နှင့် ထိုညှဉ်းပန်းမှုတွေ
ခံနိုင်လိမ့်မည်မဟုတ်ဟု တွက်
သောကြောင့် ဖြစ်သည်။ ထိုသို့ ဟု
သည်သည် တွေးတောနေစဉ်မှာ
အဘေးနှင့် ပုလိပ်သုံးယောက်၏
က သူတို့မျက်စိရှေ့မှ တဖြည်းဖြ
ဝေးကွာ ပျောက်ကွယ်သွားခဲ့ပြီ။

ပုလိပ်တွေက အဘေးကို
ပင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သ
လှေဆိပ်သို့ ရောက်သည့်အခါ ပု
တွေက အဘေးကို လှေပေါ်သို့
ခိုင်း၏။ အဘေးက မတက်။ လေ
ပြီး ကမ်းပေါ်တွင် ထိုင်ချလိုက်သ

“အဘိုးကြီး မတက်ရင် အ
ဆတွဲခေါ်ခဲ့ကွာ၊ အချိန်ကြာတယ်

ပုလိပ်သုံးယောက်ထဲမှ
ဆောင်ဖြစ်သူက ထိုသို့ပြော၍
နှစ်ယောက်က အဘေး၏ လ
အတင်းဆောင့်ဆွဲပြီး လှေပေါ်သို့
သည်။ ကိုယ့်အဘိုးအရွယ်
ဘာသော မတွေးတောဘဲ ကြမ်
တမ်းတမ်း ပြုမူနေသော်လည်း
က စိတ်မဆိုး။ သို့ပေမယ့်
တော့ မတက်။ ကမ်းတွင် ဆက်
ထိုင်နေ၏။

တစ်ကြိမ်တွင် ပုလိပ်နှစ်
က တစ်ပြိုင်နက်တည်း အ
လက်နှစ်ဖက်ကို ဆတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com

ဆောင့်ဆွဲလိုက်ရာ အဘေး၏ လက်နှစ်ဖက်သည် အရင်းမှ ပြုတ်ထွက်သွားပြီး ထိုသူတွေ၏ လက်ထဲသို့ တစ်ဖက်စီ ပါသွားလေသည်။ ပုလိပ်နှစ်ယောက်က အဘေးပါလာပြီအထင်နှင့် လေ့ပေါ်သို့ တက်လိုက်ကာမှ သူတို့လက်ထဲတွင် အဘေး၏ လက်နှစ်သာ ပြုတ်ပါလာကြောင်း သိလိုက်ရ၍ အတော်သွေးပျက်သွားကြသည်။ လက်ပြတ်ကြီးနှစ်ဖက်ကို တစ်ယောက်တစ်ဖက်စီ ကိုင်ကာ ထိတ်လန့်တကြား လှည့်ကြည့်မိတော့ အဘေးက သူတို့တွေ၏ ပုံစံကို ကြည့်ကာ တဟားဟားအော်ရယ်လေသည်။ ခေါင်းဆောင်က ထိုကိစ္စကို မသိဘဲ သူတပည့်နှစ်ယောက်ကို အတင်းသွားခေါ်ခိုင်းသည်။ သို့သော် ဟိုနှစ်ယောက်က တုတ်တုတ်မျှ မလှုပ်ရဲတော့။ လက်နှစ်ဖက်မရှိဘဲ တဟဲဟဲရယ်နေတဲ့ ကျွန်မအဘေးကို သူတို့ကြောက်ရွံ့သွားကြပုံရ၏။ ခေါင်းဆောင်က တပည့်နှစ်ယောက်ကို ခိုင်းမရတော့၍ ကိုယ်တိုင်ပင်...

"လက်မရှိလည်း ခြေထောက်ဆွဲမှာပေါ့ကွာ"

ဟူ၍ ကြုံးဝါးလျက် တကယ်လည်း ခြေထောက်ကို ဆောင့်ဆွဲရာ ရေနှုန်းအတိုင်း ခြေထောက်တစ်ဖက်မှာ ထိုသူ၏ လက်ထဲသို့ ပြုတ်ပါသွားသည်။ အဘေးက တဟဲဟဲရယ်ပြန်၏။ ပြူးကျယ် ပိုင်းစက်တဲ့ မျက်လုံးကြီးတွေနှင့် ထိုခေါင်းဆောင်ခမျာ အဘေး၏ မျက်နှာကို တုန်လှုပ် ချောက်ချားစွာ စိုက်ကြည့်ရင်း...

"မကောင်းဆိုးဝါးကြီး..မကောင်းဆိုးဝါးကြီးဒ"

ဟု အော်ကာ လေ့ပေါ်သို့ ဝုန်းခနဲ ပြေးတက်လျက် သုံးယောက်သားသုတ်ခြေတင် လေ့လှော်ပြေးကြတော့သည်။

ထိုအဖြစ်အပျက်ကို အဘေးက ရွာသားအားလုံးကို ပြောမပြခဲ့။ ပုလိပ်တွေက လူမှားဖမ်းတာဖြစ်ကြောင်းဟူ၍သာ မတင်မကျပြောခဲ့သည်။ သို့သော် အဘေး၏ ညီအစ်ကိုများကတော့ ထိုပညာရပ်ကို အဘေး တတ်မြောက်ထားကြောင်း သိသဖြင့် ပုလိပ်တွေ ခံသွားရခြင်းအပေါ် ဝမ်းသာအားရဖြစ်ခဲ့ကြသည်။

◈◈◈

အသက် ၈၀ ဆယ်ကျော်အရွယ် အဘေး ဆုံးပါးသွားခဲ့သည်။ အဘေး မဆုံးခင်တွင် အဘေး၏ ဆွေမျိုးတော်စပ်သူများ ဖြစ်ကြသော အဘေး၏ မြေးတွေက ထိုပညာရပ်တွေကို အမွေခံရန်အတွက် အဘေး၏ထံပါးသို့ ချဉ်းကပ်ကာ ပညာသင်ကြားပေးရန် တောင်းဆိုခဲ့ကြသည်။ သို့သော် အဘေးက ထိုနက်နဲ ခက်ခဲလှတဲ့ ပညာရပ်တွေကို အမွေဆက်ခံခွင့်မပေးခဲ့။ နောင်လာနောက်သားတွေ အသုံးမချတတ်မည်ကို စိုးရိမ်တာကြောင့် အသုံးမတတ်လျှင် မကောင်းတဲ့ဘက်သို့ ရောက်ရှိသွားမှာကို ပူပန်တာကြောင့် ထိုပညာရပ်တွေကို သားမြေးတို့အား မသင်ကြားပေးခဲ့။ သို့ပေမယ့် ပညာရပ်များ တိမ်ကော ပျောက်ကွယ်သွားမှာကိုတော့ အဘေး လိုလားပုံမရ။ ထိုလျှို့ဝှက်နက်နဲသည့် ပညာရပ်များကို ကျမ်းတစ်အုပ်ရေးသားခဲ့သည်။ ထိုစာအုပ်ထဲတွင် အဘေး တတ်သမျှ ပညာရပ်အစုံစုံကို ပြည့်စုံအောင် ရေးသားခဲ့ပြီး စာအုပ်ပြီးသည့်အခါ အဘေးသည် ထိုစာအုပ်ကို ငင်းကျိုက်တောင်၏ မတ်စောက် နက်ရှိုင်းသော ကျောက်ဂူတစ်ဂူထဲတွင် အစောင့်အရှောက်ချကာ သိမ်းဆည်းထားခဲ့ကြောင်း ဆွေမျိုးများအား အသိပေးခဲ့သည်။ အဘေး၏ ရည်ရွယ်ချက်က ထိုပညာရပ်နှင့် ထိုက်တန်သူမှသာ ထိုစာအုပ်ကို ရရှိစေလိုခြင်းဖြစ်မည်။

အဘေး ဆုံးပါးသွားပြီးနောက် ကျွန်မအဘိုးလက်ထက်တွင် ကျွန်မအဘိုးနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူနှစ်ဦးသည် အဘေးပြောခဲ့သည့်အတိုင်း ထိုတောင်ကြောသို့ သွားကာ ဂမ္ဘီရကျမ်းစာအုပ်ကို ရှာဖွေခဲ့ကြသေးသည်။ ပထမတစ်ခေါက်ရှာစဉ်က မတွေ့ရှိခဲ့ကြပေမယ့်၊ စိတ်မပျက်ဘဲ နောက်တစ်ခေါက် သွားရှာကြသည့်အခါ အဘေးပြောခဲ့သည့်နေရာကို ရှာတွေ့ခဲ့ကြသည်။ ၇ ထိုကျောက်လိုဏ်ဂူက တောင်ကမ်းပါးတစ်ခု၏ ဘေးတွင် တည်ရှိနေသောကြောင့် ထိုလိုဏ်ဂူသို့ ကြိုးဖြင့် ခက်ခက်ခဲခဲဆင်းကြသည်။ လိုဏ်ဂူအတွင်းသို့ ရောက်သည့်အခါ မမြင်ရသူ တစ်ယောက်၏ တွန်းချခြင်းကို ခံရသဖြင့် ချောက်ထဲသို့ ပြုတ်ကျကာ အစ်ကိုဖြစ်သူက ဆုံးပါးသွားခဲ့ပြီး ညီဖြစ်သူမှာ ခြေထောက်တစ်ချောင်း သွင်သွင်ကျိုးသွားခဲ့သည်။ ကျန်ရစ်တဲ့ ညီဖြစ်သူ၏ ပြောပြချက်အရ ထိုဂူထဲတွင် ကျမ်းစာအုပ် အမှန်တကယ်ရှိနေကြောင်း တိတိကျကျ သိခဲ့ရ၏။ သို့သော် ထိုညီအစ်ကိုနှစ်ယောက် ဘဝပျက်ခဲ့ရပြီးနောက်ပိုင်း အဘိုးအပါအဝင် ကျန် ညီအစ်ကိုများမှာလည်း ထိုဂမ္ဘီရကျမ်းစာအုပ်ကို သွားရောက်ရှာဖွေရန် မစဉ်းစားဝံ့ကြတော့ပေ။ ထိုစာအုပ်သည် ယခုအချိန်ထိ ချောက်ကမ်းပါးနံဘေး လိုဏ်ဂူငယ်လေးထဲတွင် ပညာရပ်နှင့် ထိုက်တန်မည့်သူအား စောင့်ဆိုင်း မျှော်လင့်လျက်ရှိပါကြောင်း... ■

(ကျွန်မအဘိုး ပြောပြခဲ့သည့်အတိုင်း မဖွဲ့မနွဲ့ အပိုမပါဘဲ ရေးသားတင်ပြအပ်ပါသည်။ )

စေတနာရှေ့ထားလျက်

* * *

ဓါဦးနွန်းကို



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဦးတည်ချက် ကင်းမဲ့စွာဖြင့် လမ်းလျှောက်နေမိသည်။ ဘယ်လိုက ဘယ်လိုလျှောက်လာမိသည်ကို စဉ်းစား၍ မရ။ ပတ်ဝန်းကျင်ကို ငဲ့စောင်းကာ ကြည့်လိုက်သည်။ မှိုင်းအုံ့နေသလိုလို မှုန်မှုန်မှိုင်းမှိုင်းနှင့်။ မိုးစက်မိုးပေါက်လေးတွေနှင့် ထိတွေ့သည့် အေးစိမ့်စိမ့် အရသာကို ခံစားရသည်။ ပတ်ပတ်လည်တွင် ရှိသော သစ်ပင်ကြီးငယ်တို့မှာ လေနှင့်အတူ ယိမ်းထိုးနေကြသည်။ မြေကြီးကို နင်းလျှောက်ရသည်မှာလည်း ကြမ်းတမ်း ခက်မာနေသည်။ တစ်ချက်တစ်ချက် ခြေထောက်နှင့် မြေကြီး မထိမိ။ ခန္ဓာကိုယ်ကလည်း လေနှင့်အတူ လိုက်ပါနေသည်။ သူ့စိတ်သည် တည်ငြိမ်မှု မရှိ။ အလင်းရောင် မရှိသော နေရာ။ သာမန်လူသားဆိုလျှင် စိတ်ထဲတွင် စိုးရွံ့ထိတ်လန့်မှုတွေ ရှိမည်။ ယခု သူက ဘာကိုမှ မခံစားရသလိုဖြစ်နေသည်။

"ဟိတ်ကောင်မလေး・・・ဒါက ဘယ်ကို သွားမလို့လဲ"

နောက်နားဆီကလား။ ဘေးနားကလား။ ခေါ်သံကို ကြားလိုက်ရသည်။ တိတ်ဆိတ်လွန်းသည့် ပတ်ဝန်းကျင်တွင် သူ့ကို လှမ်းခေါ်လိုက်သည့်အသံမှာ ခပ်ဩဩနှင့် အသံကြီးကြီးဖြစ်သည်။ သူ့အနားတွင် ရှိလေသလားဆိုသည့်အတွေးနှင့် အနီးအနားဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ တစ်ဦးတစ်ယောက်ကိုမှ မတွေ့ရ။

"ဟိတ်ကောင်မလေး・・・ နင်က ငါ့ကို ရှာနေတာလား"

နောက်ထပ် စကားတစ်ခွန်း ကြားလိုက်ရပြန်သည်။ သူ၏ လျှောက်လက်စ ခြေလှမ်းကို ရပ်လိုက်သည်။

"ကျွန်မကို ပြောနေတာ ဘယ်သူလဲဟင်"

သူက လှမ်းမေးလိုက်သည်။ လည်ချောင်းဝတွင် စကားသံက တစ်နေသည်။ နောက်ထပ် အားစိုက်ကာ အော်ပြောလိုက်သည်။

"အနားမှာ ရှိနေတာ ဘယ်သူလဲဟင်"

ပြန်လည်ထူးသံ မကြားရ။ သူ အော်ပြောလိုက်သည့် အသံကလည်း ပါးစပ်မှ ထွက်မလာ။ ဝမ်းဗိုက်ထဲတွင်သာ မြည်ဟီးနေသည်။ ဘယ်လိုဖြစ်ပါလိမ့်။ အသံက ဝင်နေသလိုပင်။

ရယ်သံကိုပါ ထပ်ကြားရသည်။ ကြားရသည်ကလည်း သူ၏ အနားသို့ ကပ်ပြီး ရယ်နေသလိုပင်။

"ဘယ်သူလဲဟင်၊ ဘာဖြစ်လို့ ရယ်နေတာလဲ"

ယိမ်းထိုးနေသည့် သူ၏ ခန္ဓာကိုယ်ကို ထိန်းပြီး လေသံကို အချိုသာဆုံး ထားကာ မေးလိုက်သည်။

"ငါက နင့်အနားမှာလေ၊ နင်က သေသေချာချာမှ မရှာတာ"

ထိုအခါကျမှပင် သူ၏ ညာဘက်သို့ ခေါင်းလှည့်ကာ ကြည့်လိုက်သည်။

"ဟင်・・・နင်・・・နင်က ဘယ်သူလဲ"

အရပ်အနည်းငယ်ပုသည်။ ခန္ဓာကိုယ်က သေးသည်။ သို့သော် ခန္ဓာကိုယ်နှင့် မမျှအောင် ဦးခေါင်းက ကြီးနေသည်။ မျက်စိနှစ်လုံးတွင် ညာဘက်က မေးကာ၊ ဘယ်ဘက်မှာ မျက်စိက အလုံးလိုက် ပြူးထွက်နေသည်။ ခေါင်းအထက်ရှိ ဆံပင်တို့မှာ အတိုအရှည် မညီမျှ။ ဆံပင်မှာ အုံလိုက် ကျပ်ခဲပြီး ဖွာလန်နေသည်။ ခန္ဓာကိုယ်က ပုသော်လည်း ခြေဖဝါးနှစ်ဖက်က ဘဲခြေထောက်ကဲ့သို့ အပြားကြီးဖြစ်သည်။

အသားက မည်းပြီး ပါးစပ်ထဲတွင် သွားမရှိ။

"ကဲ - နင်မြင်ပြီလား။ နင့်အနားမှာ ငါရှိနေတယ်လေ။ ငါ့နာမည်က "ကာဏ"(တစ်ဖက်ကန်း)လို့ ခေါ်တယ်"

အသံဩဩကြီးနှင့် ပြန်၍ပြောသံမှာ ကြားရသူအတွက် နားထဲတွင် ကြက်သီးထစရာပင်။

"ဟိတ်・・・ကောင်မလေး၊ အခု နင် ဘယ်ကို သွားမလို့လဲ"

"ကျွန်မ မသိဘူး။ ဘယ်ကို သွားရမှန်းလည်း မသိဘူး။ ဘယ်က လာတာမှန်းလည်း မသိဘူး။ ကျွန်မ ဘယ်က လာတာလဲ"

မေးရင်းက သူ့ကိုယ်သူ ပြန်ကြည့်သည်။ အမှောင်ထဲမှာ ဖြစ်၍ ကိုယ့်ခန္ဓာကိုပင် ကိုယ် မမြင်ရ။ ဘေးနားတွင် ရှိသော ကာဏဆိုသူကို ကြည့်လိုက်သည်။ ထိုသူ၏ ခန္ဓာကိုယ် တစ်ခုလုံးကိုတော့ မြင်ရပြီး၊ သူ့ခန္ဓာကိုယ်ကျတော့ ဘာကြောင့် မမြင်ရတာလဲ။ သူ စဉ်းစား၍မရ ဖြစ်နေသည်။

"နင်ကရော ဘယ်သူလဲ၊ ဘယ်ကို သွားမလို့လဲ"

"ငါက ဟိုတစ်ဖက်ကမ်းက ကူးလာတာ။ နင့်ကို တွေ့လိုက်တာနဲ့ လိုက်လာတာ"

သူလည်း ကာဏဆိုသူ၏ စကားကြောင့် အံ့ဩသွားသည်။ တစ်ဖက်ကမ်းက ကူးလာသည်ဟု ပြောသည်။ လှေလည်း မတွေ့၊ ရေလည်း မတွေ့။ ဘယ်လိုများ ကာဏ ကူးလာပါလိမ့်။ သူကတော့ သည်နေရာအထိ လမ်းလျှောက်လာသည်။ သက်ရှိ သတ္တဝါဆို၍ ယခု ကာဏဆိုသူကိုသာ တွေ့ရသည်။ ပတ်ဝန်းကျင်မှာလည်း အလင်းရောင်ဆိုတာကို မမြင်ရ။


www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်ကောင်မလေး··· ငါနဲ့ လိုက်ခဲ့မလား"

ထိုလူပုလေး၏ လက်ဖဝါးနှစ်ခုစလုံးမှာလည်း ဘဲခြေထောက်လိုပင်။ သူ့ကို အားနှင့် တွန်းလိုက်သလို ယိုင်သွားပြီး လူပုလေး၏ ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့သည်။

"ဘယ်သွားမှာလဲဟင်"

မေးသော်လည်း မည်သို့မှ ပြန်မဖြေ။ လူပုလေးသည် လျင်မြန်သော အဟုန်နှင့် သူ့ကို ဆွဲခေါ်လာသည်။ လေနှင့်အတူ လွင့်ပါလာသလို ခံစားရသည်။

"ဟင်···ဟိုမှာ···ဟိုမှာ"

သွားရင်းလာရင်းနှင့် ရှေ့နားခပ်လှမ်းလှမ်းတွင် ဆန်းဆန်းပြားပြား လှုပ်နေသည့် အရိပ်သဏ္ဌာန်တွေကို မြင်ရသည်။ မပီမသအသံတွေကိုလည်း ကြားရသည်။

"အဲဒါ ခန့်ကုန်းရွာလို့ ခေါ်တယ်"

လူပုလေးက ပြောပြသည်။ ရွာနှင့် နီးလာသည်။ လှုပ်ရှားနေသော အရိပ်သဏ္ဌာန်တွေ ပိုပြီး ပီပီပြင်ပြင် မြင်လာရသည်။ ရွာထဲသို့ ဝင်လာသည်။ အလင်းရောင်က မှိန်ဖျော့ဖျော့ရှိလှသည်။ အိမ်ပုံသဏ္ဌာန်မှာ ခပ်ကုပ်ကုပ်တွေ ရှိသည်။ အိမ်တစ်အိမ်လုံးတွင် ပြတင်းတံခါးပေါက်တစ်ခုသာ ရှိသည်။ ထိုဝင်ပေါက်မှပင် လူတွေ ဝင်လိုက်၊ ထွက်လိုက်လုပ်နေသည်။

"သူတို့ အစာတွေ စားနေကြတယ်"

လူပုလေး ကာဏက ပြောသည်။ ကာဏ၏ အနားမှ ထွက်လာခဲ့သည်။ ဆီမီးတိုင်မှိန်မှိန်တွင် သူတို့ရုပ်ကို မသဲမကွဲမြင်တွေ့ရသည်။

"ဟာ···အမယ်လေး···"

ပါးစပ်မှ မထိန်းနိုင်ဘဲ ပွင့်ထွက်



သွားသည်။ ထိတ်လန့်စရာကောင်းသော မြင်ကွင်း။ မြင်ရသည်က စိတ်မသက်သာလှ။ အနားမှ ဖြတ်လျှောက်သွားသော တစ်ယောက်မှာ တစ်ကိုယ်လုံး အနာတွေပြည့်။ အနာတွေမှလည်း သွေးပြည်တွေ ယိုစီးကျနေသည်။ လက်ထဲတွင် ရှိသော အစိုင်အခဲကို အားပါးတရ ဝါးမျိုချနေသည်။ သေသေချာချာ ကြည့်လိုက်တော့ အမလေး··တသွားမိသည်။ လက်ထဲတွင် လူ၏ မစင်များကို မက်မောစွာ စားသောက်နေသည်။ ထိုသူစားနေစဉ်မှာပင် မည်သည့်နေရာက ရောက်လာသည်ကို မသိရဘဲ သန်မာ ထွားကျိုင်းသော ယောကျ်ားကြီးတစ်ယောက်၊ ဆံပင်က မရှိ၊ ခေါင်းတုံးပြောင်နေသည်။ ဝိတ်စ အနီရဲရဲကို ခေါင်းတွင် ပတ်ထားသည်။ ဝတ်ဆင်ထားသော ပုဆိုးမှာ အနီရောင်ပေါ်တွင် အနက်ကွက်ကြီးဖြစ်သည်။ ခါးတောင်းကျိုက်ထားသည်။ မျက်လုံးက နီပြီး ပြူးထွက်နေသည်။ ထိုယောကျ်ားကြီးသည် သူ၏ ညာဘက်လက်တွင် ဆူးချွန်တွေ တပ်ထားသော လက်ကိုင်တုတ်ကြီးနှင့် မညှာမတာ ရိုက်နက်လေသည်။

မြင်မြင်သမျှကို ညှာတာမှု မရှိဘဲ သူ့လက်ထဲရှိ ဆူးတုတ်နှင့် အားကုန်လွှဲရိုက်သည်။ နာကျင်လှသဖြင့် ဟစ်အော်ကာ အကူအညီတောင်းရာကြသည်။ အမှတ်မထင် မြင်လိုက်ရသည့် သူတို့၏ ရုပ်သွင်မှာ ကြောက်ရွံ့ ထိတ်လန့်စရာကောင်းလှသည်။ နဖူးထက်တွင် မျက်လုံးတစ်လုံး။ နားရွက်မှာ ရှည်လျားပြီး၊ မျက်နှာသည် ဝိုင်းပြီး ပြားချပ်နေသည်။ နှာခေါင်းမရှိ။ ပါးစပ်ပေါက်မှာ အပ်ပေါက်လောက်သာ ရှိသည်။ မသန့်စင်သော အညစ်အကြေးများကို လက်တွင် လိမ်းကျံထားပြီး အပ်ပေါက်လောက်ရှိ ပါးစပ်ပေါက်ထဲမှ ရှည်လျား ပျော့ခွေ တွန့်လိမ်လျက်ရှိသည့် လျှာကြီးမှာ ခန္ဓာကိုယ်တွင် ပေကျံနေသော အညစ်အကြေးများကို လျက်နေသည်။

ရိုက်တဲ့သူက ရိုက်သည်။ အ… ကို တစာစာတောင်းနေသည့် ရုပ်ပျက်ဆင်းပျက်သူတွေကိုလည်း တွေ့ရသည်။ အော့နှလုံးနာလှသည့် မြင်ကွင်းကို … မျက်နှာလွှဲလိုက်သည်။

"ငါ အိမ်ပြန်ချင်ပြီ ကာဏ၊ ငါ့… အိမ်ပြန်ပို့ပေးပါ"

"ဟားဟား···ဟား···ဟိတ်… ကောင်မလေး·· နင် ငါနဲ့ လိုက်လာ… တာ၊ ပြန်ပို့လို့ မရဘူးလေ"

"ဟင့်အင်း···ဟင့်အင်း။ ကျွန်… မလိုက်ချင်ဘူး။ အိမ်ပဲ ပြန်ချင်တယ်…"

"ဟိတ်ကောင်မလေး··· န… အိမ်ပြန်လို့ မရဘူး။ နင်ပြန်ရင် နင့်… ဘယ်သူမှ လက်ခံမှာမဟုတ်ဘူး။ …



www.burmeseclassic.com

www.burmeseclassic.com

…လာ၊ ရေ့ကို သွားကြရအောင်"

သူ ပြင်းလို့ မရ။ သူ့ခန္ဓာကိုယ်မှာ လူပုလေး၏ နောက်တွင် ကပ်ပါသွားသည်။

"အမလေး…လေး…ပူလိုက်တာ"

ရုတ်တရက် သူ အော်လိုက်မိသည်။ ရှေ့နားတွင် အလျှံညီးညီး တောက်လောင်နေသော မီးပုံကြီး။ မည်မျှကျယ်သည်ကို မှန်းဆ၍ မရ။ မီးရှိန်၊ မီး၏ အလင်းရောင်မှာ နီရဲပြီး မီးညွန့် မီးစွယ်တို့မှာ မိုးထိအောင် မြင့်တက်နေသည်။ သူ သေသေချာချာ ကြည့်လိုက်သည်။ ကမ်းပါးစောက်ကြီး ပမာရှိသော မီးပုံကြီးထဲသို့ ယောက်ျား၊ မိန်းမတို့ အဝတ်မဲ့ ခန္ဓာကိုယ်နှင့် တစ်ယောက်ပြီး တစ်ယောက် ခုန်ချနေသည်။ နောက်နားဆီမှ လူကြီးက သံ ရူးချွန်တွေနှင့် တို့ကာ တွန်းချသည်။ ထိုလူကြီးမှာ ဦးခေါင်းတွင် မည်းနက်သော ချိုကြီးနှစ်ချောင်းရှိသည်။ ထွားကျိုင်းသော ခန္ဓာကိုယ်မှာ အမှောင်ထဲတွင် ရှိသည်။ လက်နှစ်ဖက်တွင် အမွေးအမျှင်တို့ ထူထပ်စွာ ပေါက်နေသည်။

"ဟိတ်ကောင်မလေး… နင် ဘာကို တွေ့သလဲ"

"ကျွန်မ သိပ်ကြောက်တယ်။ အိမ်ကိုပဲ ပြန်ပါရစေ"

"ဟားဟားဟား…နင်ပြန်တတ်ရင် ပြန်ပေါ့"

ကာဏ ဆိုသူ၏ စကားဆုံးသည်နှင့် သူ့နောက်ဘက်ဆီသို့ ပြေးထွက်လာခဲ့သည်။ ခြေနှစ်ချောင်းကို သွက်နိုင်သမျှ သွက်အောင် လျှောက်လာခဲ့သည်။ ခြေဦးတည့်ရာသို့ ထွက်လာခဲ့သည်။ လာစဉ်ကလည်း ဦးတည်ချက်မရှိ လျှောက်လာပြီး ကာဏဆိုသူနှင့် တွေ့၍ ထူးထူးဆန်းဆန်း ကြောက်စရာအသွင်ကို မြင်ရသည်။ ယခုလည်း ထိတ်လန့် တုန်လှုပ်စွာဖြင့် မြန်မြန် လျှောက်လာသည်။ ခြေလှမ်းက မြေကြီးနှင့် မထိ။ ခန္ဓာကိုယ်က လေမှာ လွင့်နေသလိုပင်။ ယခုထက်ထိ အလင်းရောင်ကို မမြင်ရသေး။ သူ ဘာကြောင့် အမှောင်ထဲ လမ်းလျှောက်နေရသည်ကို စဉ်းစား၍မရဖြစ်နေသည်။ မောမောနှင့်သာ လျှောက်လာပြီး သစ်ပင်ကြီးတစ်ပင်အောက်တွင် ခဏဝင်နားဖို့ စဉ်းစားလိုက်သည်။

"ဟေး…ဟေး…မလာနဲ့၊ မလာနဲ့၊ နင့်အတွက် နေရာမရှိဘူး"

ဆူဆူညံညံ အော်သံတွေ ပွက်လောရိုက်သွားသည်။

သစ်ပင်ကြီးအောက်သို့ ဝင်ကာ ခဏနားမည့် သူ့အတွေးကို ထိုအသံတွေက ဖျောက်ဖျက်ပစ်လိုက်သည်။ သူ တော်တော်လေး အံ့ဩသွားသည်။



မြင်ရသည့် မြင်ကွင်းတွေက မယုံနိုင်စရာပင်။ ကြည့်ပါလေ။ သစ်ပင်၏ အရွက်၊ အကိုင်း၊ ကိုင်းဖျား၊ ပင်စည်၊ ပင်ရင်းတွေ၌ မဲမဲသဲသဲ အဝတ်ချို့တဲ့စွာဖြင့် တွယ်ကပ် ခိုနားနေကြသည်မှာ အပင်ကြီးတစ်ပင်လုံး ပြွတ်သိပ်နေသည်။ အနီးအနားရှိ တစ်တောင်သာသာ အပင်လေးများတွင်လည်း မွဲခြောက်ခြောက် အကောင်ငယ်လေးများ အပင်ကို ဗိုင်းဖက်တွယ်နေကြသည်။

"နင်က ဘယ်သူလဲ၊ ငါတို့ဆီမှာ နေစရာမရှိဘူး"

ထဘီရင်လျား၊ အသားမည်းမည်း၊ ခေါင်းတွင်ရှိ ဆံပင်တို့မှာ ဘေးနှစ်ဖက်၊ အရှေ့အနောက် ဖရိုဖရဲကျနေသည်။ ထိုမိန်းမကြီး စကားပြောသည့်အခါတွင် ပါးစပ်ထဲမှ လျှာကြီး ထွက်လာသည်။ ထိုလျှာကြီးမှာ နီရဲနေပြီး သွေး၊ ပြည်၊ မစင်ပုပ်တွေနှင့် ပြည့်နေသည်။ အသံ အက်အက်နှင့် သူ့ကို လှမ်းပြောသည်။ အပင်ထက်မှ အကောင်ကလေးများကလည်း ဆူညံစွာ အော်ဟစ်နေသည်။ သူ ငိုချင်လာသည်။ အသံကုန် ဟစ်အော်လိုက်ချင်သည်။ အလိုလိုနေရင်း ရင်ထဲမှ ဘုရားတမိသည်။ မြတ်စွာဘုရားကို သတိတရ အာရုံပြုမိလိုက်သည်။

"သမီးလေး…ထ…ထ၊ အိမ်ပြန်ရအောင်"

"ဟင်…အဘိုး၊ သမီးကို ကယ်ပါဦး အဘိုးရယ်"

"ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးကို သတိရတဲ့ သမီးလေးကို အဘိုး ကယ်ပါ့မယ်"

အပေါ်ဖြူ အောက်ဖြူ ဝတ်ထားသော အဘိုး၏ လက်ကို သူ လှမ်းကာ ဆုပ်ကိုင်လိုက်သည်။ အဘိုးခေါ်



www.burmeseclassic.com

www.burmeseclassic.com

ရာသို့ လိုက်လာရင်းက အိပ်ချင်စိတ်ဖြစ်လာ၍ မျက်လုံးကို စုံမှိတ်လိုက်သည်။ ရင်ထဲမှလည်း ပူလောင်သလို ခံစားရပြီး ရေငတ်လာသည်။ အဘိုးကို ရေငတ်၍ ရေသောက်ချင်ကြောင်း ပြောမည်ဟု သူ တွေးလိုက်သည်။

"အဘိုး… ရေ…ရေ… သောက်ချင်လိုက်တာ"

"ဟော…စောယုမွန်၊ စောယုမွန် သတိရလာပြီ"

"ဟဲ့…ဟဲ့…ရေယူခဲ့ကြပါ။ သမီးလေး ရေငတ်လို့တဲ့"

သူ မျက်လုံးမှိတ်ထားသည်။ ရေငတ်လာ၍ အဘိုးထံတွင် သူ ရေတောင်းသောက်သည်။ ယခု နားထဲတွင် နာမည်ခေါ်သံကြားရသည်။ စကားသံတွေလည်း ကြားရသည်။ ရေငတ်လွန်း၍ သူ့လျှာကို သူ့နှုတ်ခမ်းနှစ်ခုနှင့် လိမ်းသတ်နေသည်။

"ရေ…ရေပေးပါ၊ သမီး ရေသောက်ချင်လိုက်တာ အဘိုးရယ်၊ ရေပေးပါ"

"သမီးလေး…၊ သမီးအနားမှာ ဖေဖေနဲ့ မေမေတို့ ရှိကြတယ်။ ရော့…ရော့၊ သမီး ရေသောက်ချင်တယ်ဆို၊ ရော့…သောက်လိုက်"

မျက်လုံးဖွင့်ကြည့်လိုက်သည်။ အခန်းတွင်းရှိ အိပ်ရာ ခုတင်ထက်တွင် သူက ပက်လက်အနေအထားနှင့် ဖြစ်နေသည်။ လက်နှစ်ဖက်တွင် ဆေးသွင်းပိုက်တွေနှင့် ချိတ်ဆွဲထားသည်။ ဒါဆို သူ ရောက်သွားသည့် နေရာတွေကို သူ ပြန်စဉ်းစားသည်။ အားလုံးကို ပီပီပြင်ပြင် မှတ်မိသည်။

"သမီးလေး မိုးရေထဲက ပြန်လာတာ။ မနက်က ကျောင်းမမီမှာစိုးလို့ ဆိုပြီး ထမင်းစားမသွားဘူး။ ကျောင်းက ပြန်လာတော့လည်း မိုးမိပြီး ဖျားတာ။ အပူရှိန်အရမ်းကြီးတော့ သတိမေ့သွားတယ်။ မေမေတို့ဖြင့် စိုးရိမ်လိုက်ရတာ သမီးရယ်"

စောယုမွန် မျက်လုံးအစုံတွင် မြင်ခဲ့ရသော မြင်ကွင်းတို့မှာ ဖျောက်ဖျက်မရ။ ပီပီပြင်ပြင်ဖြစ်နေသည်။

◈◈◈

ခင်မသည် သီလရှင် မ,စရဏာဉာဏီ ပြောပြနေသည်ကို စိတ်ဝင်စားစွာ နားထောင်နေသည်။

"ဆရာလေးလည်း နေပြန်ကောင်းလာတဲ့အခါမှာ ဖေဖေနဲ့ မေမေတို့ဆီ ခွင့်ပန်ပြီး အခု ဘွားဘွားကြီး ကျောင်းမှာ သီလရှင် လာဝတ်တာ။ မေမေတို့ကတော့ ပျော်သလောက်ဝတ်လို့ ပြောတယ်။ ဆရာလေးကတော့ 'လောကီ လူ့ဘောင်ကို ရှောင်ချင်ပြီ"

ဘွားဘွားကြီး ဒေါ်ဉာဏစာရီ၏ သီလရှင် စာသင်တိုက်သို့ ခင်မတို့ မိသားစု မကြာခဏသွားသည်။ တတ်အားသမျှ လှူဒါန်းသည်။ ဆရာလေး မ,စရဏာဉာဏီနှင့် မကြာခဏတွေ့သည်။ ရုပ်ရည်ချောမောလှပသည့် ဆေးကျောင်းသူလေး သီလရှင်ဘဝရောက်လာပုံကို စိတ်ဝင်စား၍ မေးမိသည်။ ဆရာလေးကလည်း အကြောင်းစုံ ပြောပြသည်။ သူ ရောက်ခဲ့သည့် နေရာတွေမှာ ပြိတ္တာဘုံ၊ ငရဲဘုံတို့ဖြစ်သည်။ ကောင်းမှုကုသိုလ်ပြုလေတိုင်း ငရဲမင်းအပါအဝင် အားလုံးသော သတ္တဝါ ဝေနေယျတို့ကို သူ အမျှဝေလေသည်■

* * *

မြမြလှိုင်

အယ်ဒီတာအဖွဲ့၊ ဖုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၃၁။



www.burmeseclassic.com

www.burmeseclassic.com

# ရှုံးတောက်

သစ်လေဝင်းတ

ရွှေတံတားရွာကလေးသည် ခြေတစ်ရာခန့်ရှိ၍ တောင်ငူမြို့ တောင်းမြစ်အရှေ့ဘက်ခြမ်း၊ ရှိမကြီး အစပြုသည့် တောင် တောင်တန်းများ ပတ်လည် နေသောကြောင့် ရွှေတံတား လေးမှာ ပို၍ပင် သာယာလှပ ၏။

ရွာ၏ အရှေ့တောင်ဘက် ကြီးမားကျယ်ပြန့်သော



www.burmeseclassic.com

www.burmeseclassic.com

တောင်လမာ အင်းကြီးရှိ၏။ တောင်လမာအင်းကြီး ၏ ဟိုဘက်တွင် ကရင်ပြည်နယ်ထဲက မြင့်မားမတ်စောက်သော သစ်တောကြီးများဖြင့် ဖုံးလွှမ်းနေသည့် ကျောက်တောင်၊ ကျောက်ကမ်းယံနှင့် ကျောက်ချွန်၊ ကျောက်ထပ်၊ ကျောက်ချပ်ကြီးများမှ စိမ့်ထွက် ယိုစီး၍ ရေစီးသန်သော သန့်ရှင်း ကြည်လင်နေသည့် သောက်ရေခပ် ချောင်းသည်လည်း ရွာခြေမှ ခွေပတ်ကာ စီးဆင်းနေ၏။

ရွာသူရွာသားများမှာ ရိုးမတောင်တန်းကြီးကို အမှီရ၍ ရာသီဥတုကောင်းမွန်သောကြောင့် လုပ်ခင်းလယ်ယာများ ဖြစ်ထွန်းကြ၏။ သုံးရာသီပတ်လုံး ရာသီပေါ် စိုက်ခင်းများကို စိုက်ပျိုးကြ၍ ဝင်ငွေမပြတ် ရရှိသောကြောင့် ဖွံ့ဖြိုးသာယာခြင်းလည်း ရှိကြ၏။

◈◈◈

"မဒေါင်းရေ…တို့ တိုင်ပင်ထားကြတဲ့အတိုင်း သားလေးကို ရှင်သာမဏေပြုပေးကြမယ့် နေ့ရက်က နီးလာပြီကွယ်။ ဒါကြောင့် ဘာတွေကိုများ ကြိုတင် ပြင်ဆင်ထားရမယ် ဆိုတာ မသိတတ်တော့ ကျောင်းထိုင်ဆရာတော်ကို သွားလျှောက်ထားမှ တော်လိမ့်မယ်ထင်တယ်"

ဟု ကိုကောင်းချစ်က ဇနီးသည် မဒေါင်းမေအား ပြော၏။

"ဟုတ်တာပေါ့ ကိုကောင်းချစ်ရယ်။ ရှင်နဲ့ ကျွန်မက နှစ်ဖက်မိဘတွေ မရှိကြတဲ့ လာခြင်းမကောင်းသူတွေ ဖြစ်နေကြလေတော့ သားလေး ချစ်ပိုကို ရှင်သာမဏေပြုပေးကြမယ့်ကိစ္စ ရွာဦးကျောင်းဆရာတော်ဘုရားကို သွားလျှောက်ထားပြီး ဆရာတော့်အမိန့်အတိုင်း လုပ်ကိုင်တာက အကောင်းဆုံးပေါ့"

ဟု ပြန်ပြောရင်းက မဒေါင်းမေခမျာ မျက်ရည်ကျ၏။

ဘဝတစ်ခုကို တည်ဆောက်သမှု ပြုကြရာ၌ မိဘဘိုးဘွားဆွေမျိုးများ၏ ဦးစီး ဦးဆောင်ခြင်းသည် အဓိက ကျသည့် သဘာဝ ဓမ္မလမ်းစဉ်ကြီးလည်း ဖြစ်သည်။ သို့သော်လည်း ယခုအခါတွင် ကိုကောင်းချစ်နှင့် မဒေါင်းမေတို့တို့၏ နှစ်ဖက်မိဘတို့သည်ကား စောစီးစွာဖြင့်ပင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားရှာကြလေပြီ။

"ကဲပါ မဒေါင်းမေရယ်။ မင်းမလဲ စိတ်ကို ထိန်းဦးမှပေါ့။ သူတို့မှ သာမခေါ်သွားခွင့် မကြုံတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ဒါပေမယ့် တို့သားလေးကို ရှင်သာမဏေပြုပေးပြီး အမျှအတန်းဝေလိုက်ရင် သူတို့လည်း ကုသိုလ်ရကြမှာပါ"

ဟု ပြောပြီး ကိုကောင်းချစ်က မဒေါင်းမေ၏ မျက်ရည်များကို သုတ်ပေးလိုက်၏။

သားလေး ချစ်ပို၏ ရှင်ပြုပွဲကို ထမင်းရည် ချောင်းစီး၊ မောင်းတီးပြီး မြိမ့်မြိမ့်သဲလောက်အောင် လှူဒါန်းချင်ကြသော်လည်း လက္ခဏာရေး ပါးရှားသောကြောင့် ထင်သလောက် လှူနိုင်ကြမည်ပင် မထင်ပေ။ သို့သော်လည်း တစ်ဦးတည်းသော သားလေး ချစ်ပိုကို ရှင်သာမဏေပြုပေးရာ၌ ရှိစုမဲ့စုအားလုံးကို ခွဲထုတ်ပြီး စည်စည်ပင်ပင်ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး လှူဒါန်းကြမည်ဟု ရဲရဲကြီး ဆုံးဖြတ်ထားကြ၏။

ဗုဒ္ဓဘာသာတို့၌ သား ရှင်ပြုပွဲသည် နိဗ္ဗာန်နှင့် စပ်သဖြင့် အကြီးဆုံးသော ဘာသာရေးပွဲတော်ကြီးဖြစ်သဖြင့် အရာရာကို စွန့်လွှတ်နိုင်ကြ၏။ အကုန်အကျများလေ ကုသိုလ်ရလေဟူ...
လည်း ကြည်ညို သဒ္ဓါစွာဖြင့်...
ပြည့်ပြည့်ဝဝကြီး ယုံကြည်ထားကြ...

သို့သော်လည်း သူတို့လင်မယား...
က မည်မျှအထိပင် သဒ္ဓါတရား တ...
စွာဖြင့် တစ်ဦးတည်းသော သားလေ...
မောင်ချစ်ပိုကို ရှင်သာမဏေပြု...
ရန် တိုင်ပင်နေကြသည့်တိုင်အောင်...
ကိုကောင်းချစ်၏ သက်တမ်းသည်ကား...
နောက် ၄၅ရက်မျှသာ နေခွင့်ရှိတော...
သည်။ (၁၄-၅-၁၉၅၇)ရက်နေ့သည်...
ကာယကံရှင် ကိုချစ်ရော၊ ဇနီးသည်...
မဒေါင်းမေပါ မသိနိုင်ကြပေ။

"ဟာ…ဒီလင်မယား၊ ခေါင်း...
ဆိုင်ပြီး ဘာတွေကိုများ တိုင်ပင်နေ...
တာတုန်း"

စကားသံကြောင့် ကိုကောင်း...
ခေါင်းထောင်ကြည့်လိုက်ရာ အိမ်...
ရပ်ပြီး မေးနေသည့် ဦးလှမောင်...
ကို တွေ့လိုက်ရသည်။

"ဟာ…ဦးလှမောင်ကြီးပါလ...
ဝင်လာခဲ့ဗျာ"

ဟု ကိုကောင်းချစ်က ဖိတ်...
လိုက်၍ ဦးလှမောင်ကြီးသည် ပြ...
အမူအရာဖြင့် ခြံထဲသို့ ဝင်လာလေ...

"ကျွန်တော်တို့ လင်မယ...
သားလေး မောင်ချစ်ပိုကို ရှင်သာမ...
ပြုပေးမလို့ တိုင်ပင်နေကြတာပါ"

"ဟာ… ကောင်းတာပေ...
ကိုယ့်သားလေးကို ရှင်ပြုပေးတယ်...
တာ မိဘတွေအတွက် တကယ့် မ...
ကုသိုလ်ထူးကြီးပါပဲ။ နို့…မင့်သား...
က အသက် ဘယ်နနှစ်ရှိနေပြီလဲ"

"ခုနစ်နှစ်ရှိနေပြီပေါ့ ဦးလေး..."

ဟု မဒေါင်းမေက ဝင်ပြော...
၏။

"ကောင်းတယ်၊ ကောင်းတ...
တို့များလည်း ကုသိုလ်ပါင်ရတာ...



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ ငါ လာရင်းကိစ္စကို ပြောဦးမယ်။ အခု ငါ သစ်ကွက်တစ်ခု လုပ်ငန်းလိုင်စင်ဖောက်ထားတယ်။ အဲဒါ မင်းနဲ့ တိုင်ပင်ချင်လို့။ မင်းက ဒီလုပ်ငန်းကို ကျွမ်းကျင်တဲ့ လူဆိုတော့ ငါလည်း အားကိုးတယ်။ မင်း ဦးစီးရင် လုပ်ငန်းလည်း မြန်မြန်သိမ်းနိုင်လိမ့်မယ်လို့ ငါ ယုံကြည်တယ်။ ဒါကြောင့် မင်း လိုက်နိုင်, မလိုက်နိုင် သိချင်တယ်"

"ဟာ··လိုက်နိုင်တာပေါ့ ဦးလေးရာ။ ကျွန်တော့်မှာ သားလေးကို ရှင်ပြုဖို့ ငွေလိုနေတာနဲ့ ပိုပြီးတောင်မှ အဆင်ပြေသွားဦးမယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် ငါ လိုအပ်တဲ့ ငွေကြေးကို ပေးထားခဲ့မယ်။ မင်းက လွှဆိုင်း သုံးဆိုင်းနဲ့ တစ်လစာ စားနပ်ရိက္ခာတွေကို စုဆောင်းပြီး အသင့်ပြင်ထားလိုက်တော့"

ဦးလှမောင်ကြီးက စရန်ငွေများ ထုတ်ပေးပြီး တောင်ငူသို့ ပြန်သွားလေ၏။ ကိုကောင်းချစ်နှင့် မဒေါင်းမေတို့မှာလည်း သားငယ် မောင်ချစ်ပိုကို ရှင်ပြုပေးရန်အတွက် လိုအပ်နေသော ငွေကြေးများ ပြည့်စုံ လုံလောက်စွာ ရရှိတော့မည်ဖြစ်၍ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြလေသည်။

◈◈◈

ကျေးငှက်သံများကို ကြားနေရသော်လည်း အဝေးကိုမူ ကြည့်၍မမြင်ရသေးပေ။ ယခုလို ရိုးနက်၊ တောနက်ထဲကြီးကို မိုးရာသီတွင် မိုးသားနှင့် တောင်ခိုး၊ ဆောင်းရာသီတွင် နှင်းမြူ၊ နွေရာသီတွင် မြူခိုးတို့ ခြုံလွှမ်း အုပ်ဖုံးထား၏။

ယခု သစ်ခေါင်းကြီး ဦးလှမောင် ဦးစီးသော လွှဆိုင်း ၇ဆိုင်းပါ အဖွဲ့သည် အရှေ့ရိုးမ၊ သစ်ကွက်အမှတ် (၆၄)သို့ ရောက်ရှိနေကြ၏။



ရောက်စ တစ်ရက် နှစ်ရက် အတွင်းမှာ တဲထိုးခြင်း၊ နတ်ကိုးခြင်း အမှုတို့ကို ပြုကြရ၏။ လုပ်ငန်းပြီးဆုံးသည်အထိ တဲကိုလည်း ဆင်၊ ကျား၊ ဝက်ဝံ စသော တောရဲ ဘီရန်များ အမှတ်တမဲ့ ဝင်ရောက်တိုက်ခိုက်ခြင်းကို ကာကွယ်နိုင်သည်အထိ ခိုင်ခံ့ လုံခြုံအောင် ဆောက်လုပ်ကြရသည်။ ထို့နောက် အနှောင့်အယှက် အတိုက်အခိုက်များ ကင်းရှင်းစေရန်အတွက် တောပိုင် တောင်ပိုင် စသော နတ်စိမ်းများကိုလည်း ပူဇော် ပ,သ၍ ထားကြရသည်။

မနက်စာ ထမင်းစားပြီးသည်နှင့် ဓား၊ လွှ၊ ပေါက်ဆိန် စ..သော သစ်ပင်ကြီးများကို ခုတ်ရှဲကြရာတွင် အဓိက အသုံးပြုသည့် လက်နက် ကိရိယာများကို ထမ်းပြီး တောတန်းအတိုင်း လျှောက်ထွက်လာကြလေသည်။

ဆေးပန်းချီတို့ ရေးမမီနိုင်သော တောသဘာဝ အလှတရားတို့သည် ကြမ်းတမ်းလှပါသည်ဟု ဆိုသော တောလုပ်သား သစ်ခုတ်သမားတို့၏ ရှင်ကိုပင် ဆွဲငင်၍ထားနိုင်လေ၏။ ကြည့်လေသမျှ ဘဝင်ကျစရာများချည်း ဖြစ်သည်။

ပွင့်လင်းရာသီသို့ ရောက်လာ၍ ကိုင်းလျှောက်သော မျောက်တို့သည် အဝေးဆီ၌ တစ်ဖုံ၊ အနီးပတ်ဝန်းကျင်တွင် တစ်မျိုး သစ်သီးလုနေကြသံကို မရိုးရအောင်ပင် ကြားနေရလေသည်။

ထို့နောက် ပျားပန်းခတ်သံ၊ တောကြက်ဖတွန်သံနှင့် အဝေးဆီက ချေဟောက်သံများအပြင် အဝါရောင် ငှက်ကလေးတစ်မျိုး၏ "ရွှေပြည်စိုး··· ရွှေပြည်စိုး"ဟု နိုးနှောနေကြသံများမှာလည်း သာယာလှပေသည်။

တစ်နေရာသို့ အရောက်တွင် သစ်ခေါင်းကြီး ဦးလှမောင်သည် ထမ်းယူလာသော ဓား၊ ပေါက်ဆိန်များကို ချ၍ ဟိုဟိုသည်သည်ကြည့်၏။ ဆေးတံကိုလည်း ဖွာ၏။ ထို့နောက် ပြောသည်။

"ကဲ - ကိုယ့်လူတို့၊ တို့များ သစ်ခုတ်လှဲကြတဲ့အခါ တောတောင်များ ပြုန်းတီးပြီး တောင်ခေါင်းတုံးကြီးများဖြစ်မသွားစေရန်အတွက် သစ်တောဌာနက ချမှတ်ထားတဲ့ စည်းကမ်းအတိုင်းသာ သစ်ခုတ်လှဲခြင်းကို ပြုကြရမယ်။ ဘယ်လိုအမျိုးအစား သစ်ပင်မျိုးကိုမဆို တစ်တန်မကျော်ရင် ခုတ်လှဲခွင့်မရှိဘူး။ ပြီးတော့ တစ်တန်၊ တစ်တန်ကျော်တဲ့ သစ်ပင်များဖြစ်တာတောင် ကြီးထွားပင်စည်ဦးမယ့် အလားအလာရှိတဲ့ သစ်ပင်မျိုးဆိုရင်လည်း စည်းစောင့်တဲ့အနေနဲ့ ခုတ်လှဲခြင်းမပြုဖို့ အထူးလိုအပ်ပါတယ်။ ခုတ်လှဲကြတဲ့အခါမှာလည်း ဘေးဘီက မလိုအပ်တဲ့ အပင်များကို မထိခိုက်၊ မကျိုးကြေစေရန် သတိထားပြီး ရှောင်ရှားကြရမယ်"

www.burmeseclassic.com

ဟု ရှင်းပြ၏။

ဤမည်သော သစ်တောဗျာနမ်၏ စည်းကမ်းကို ကိုကောင်းချစ်တို့လည်း သိထား နားလည်ကြ၏။ ထို့ကြောင့် သစ်လုပ်သားတိုင်းလည်း ဤစည်းကမ်းကို တိတိကျကျ လိုက်နာကြရသည်သာ ဖြစ်၏။

"ဒါ့အပြင် သစ်တောဗျာနက ချမှတ်ထားတဲ့ စည်းကမ်းအချို့လည်း ရှိပါသေးတယ်။ တစ်ကြိမ်ခုတ်လှဲထားတဲ့ သစ်ကွက်ကို နောင် အနည်းဆုံး နှစ်ပေါင်း ၂၀ပြည့်၊ ဒါမှမဟုတ် ကျော်မှ ခုတ်လှဲကြရမယ်။ အဲဒါကတော့ ပြန်ပေါက်တဲ့ အပင်က ပေါက်ပြီး ယခင်က ကြီးထွားစ,ရှိလို့ ချန်ထားခဲ့တဲ့ အပင်တွေကိုလည်း ရင့်အိတဲ့ ကာလရောက်အောင် စောင့်ဆိုင်းပြီးမှ ခုတ်ခွင့်ပြုတဲ့ သဘောပါပဲ။ ဒါမှလည်း သစ်တောပြန်းတီးခြင်းကို ကာကွယ်ရာရောက်ပြီး ရာသီဥတုနဲ့ မိုးလေဝသကိုလည်း စောင့်ထိန်းရာ ရောက်ပါတယ်။ ဒါကြောင့် ဒီစည်းကမ်းကိုလည်း တို့လူတွေအားလုံး မပျက်မကွက်စောင့်ထိန်းကြရမယ်"

သစ်ခေါင်းကြီးထံမှ သစ်တောဗျာန စည်းကမ်းချက်များကို ခံယူပြီးနောက် စမ်းချောင်းထဲက ရေကို လက်ခုပ်ဖြင့် ခပ်ယူပြီး သောက်ကြ၏။ ဆေးလိပ်ဖွာ၊ ကွမ်းဝါးလည်း လုပ်ကြ၏။ ထို့နောက် လုပ်ငန်းခွင်ကို ဝင်ကြရလေသည်။

◈◈◈

ကိုကောင်းချစ်နှင့် ကိုသာဝတို့က လွှတစ်ဆိုင်းဖြစ်၏။ နှစ်ယောက်လုံးက သစ်ပင်လှဲသည့် လုပ်ငန်းကို ကျွမ်းကျင်ကြ၏။ သစ်ပင်ကို လှဲရာ၌ တောင်အောက်ဘက်က ဦးစွာ လွှသွင်း (ဓား ပေါက်ဆိန်ခုတ်)ရသည်။ တစ်ဝက်၊ တစ်ဝက်သာသာခန့် ပြတ်သွားပြီးမှ အပေါ်ဘက်က တစ်ဖန် လွှသွင်းရပြန်သည်။ အပေါ်က လွှသွင်းရာ၌လည်း အောက်စာထက် လက်ဝါးတစ်အုပ်ခန့် အမြင့်ထားပေးရသည်။

အထက်စာနှင့် အောက်စာ ညီခါနီးတွင် သစ်ပင်ကြီး လဲလုလုဖြစ်လာပြီး ယိမ်းယိုင်လာကာ တဗျစ်ဗျစ် မြည်လာ၏။ တောင်အောက်ဘက်၊ သို့မဟုတ် လေဝင်ရာဘက် စသည်ကို ပို၍ ယိမ်းယိုင်လာ၏။

"ကောင်းချစ်…သတိထားနော်။ မင်းဘက်က ချောက်နက်တယ်။ သတိမထားရင် သစ်ပင်လဲသွားတဲ့အခါ ထိန်းရင်း ရှောင်ရင်းနဲ့ ချောက်ထဲကို လှုပ် ကျသွားနိုင်တယ်ကွ"

"စိတ်ချပါ ကိုသာဝရဲ့၊ ကိုသာဝလည်း သတိထားဦး။ သစ်ပင်ကြီးက ကျွန်တော်တို့ ထင်ထားတဲ့ဘက်ကို လဲမှာ သေချာနေတယ်ဗျ"

သစ်ပင်ကြီးသည် တဗျစ်ဗျစ် တဖြောင်းဖြောင်းမြည်ဟိန်းလျက် ဆူညံစွာဖြင့် မြေကြီးပေါ်သို့ လဲကျသွားသည်နှင့် တစ်ပြိုင်နက် အခြားသစ်ပင်မှာ ရစ်ပတ်နေသော ဒိုးနွယ်(ဂုညင်းနွယ်)ကြီးသည် ပြတ်တောက်သွားခြင်းမရှိဘဲ ကိုင်းကြီးတစ်ကိုင်းကို အရှင်က ဖဲ့ဆွဲဖြတ်တောက်ကာ လင်းတကြီး တစ်ကောင်ကဲ့သို့ လေမှာ ပြန့်ဝဲလျက် ကိုကောင်းချစ်၏ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီးကျသွားလေတော့သည်။

ထို့ကြောင့် သစ်ခုတ်သမားများ အချင်းချင်း အော်ဟစ်ကြသံ၊ တောပြိုသံများဖြင့် စွက်စွက်ညံသွားလေ၏။ ကိုကောင်းချစ်ခမျာ တစ်ချက်မျှသာ အော်နိုင်လေသလား မသိနိုင်တော့။ ကိုသာဝ ပြေးသွားသောအခါ ခေါင်းတစ်ခြမ်းပြိုလျက် မန်းသော အိပ်စက်ခြင်းဖြင့် ငြိမ်သက်နေသည်ကိုသာ မိ…
မကောင်းစွာဖြင့် တွေ့လိုက်ရလေသည်…

ချက်ချင်းပင် သစ်ခုတ်သမား…
လည်း စုဝေးရောက်ရှိလာကြ၏။ သ…
ခေါင်းနှင့် တောအုပ်၊ တောကြပ်…
လည်း မရေးမနှောင်းပင် ရောက်ရှိ…
ကြသည်။ ထို့နောက် ဖြစ်ပျက်သွား…
အရိပ်လက္ခဏာများနှင့် ကိုကောင်း…
၏ အလောင်းကို ကြည့်ကာ စိ…
မကောင်းစွာဖြင့် တစ်ယော…
တစ်ပေါက် ပြောဆိုဝေဖန်ကြသည်…

"ဒီအဖြစ်မျိုးကို သစ် လင်…
သတ်တယ်လို့ ပြောကြတယ်။ …
ကြောင့် သစ်ပင်ကို မခုတ်ခင်က …
တင်ပြီး အထူးသတိထားကြည့်…
တယ်။ ဖြစ်သွားမိရင် အသက်ကို…
မရဘူး"

ဟု သည်အဖွဲ့တွင် သစ်…
သက် အရင့်ဆုံးဖြစ်သည့် နဂါးမော…
ရွာသား ဦးခွေးပုက ပြောသ…
ကျောက်ပိုးထိုးရွာသားကြီး ဦးထိ…
လည်း…

"ဟုတ်တယ်ကွ ခွေးပုရ၊ …
တုန်းက ငါပါတယ်လေ။ ဒီအ…
တစ်ထပ်တည်းပါပဲ"

ကိုကောင်းချစ်အတွက် …
မကောင်းစွာဖြင့် တစ်ယောက် …
ပေါက် ပြောဆို ဝေဖန်နေကြ…
လည်း ပညာရှိ သတိဖြစ်ခဲ့ ဆို…
နောက်အကျကြီး ကျသွားလေ…
နောင်တဟူသည်ကား နောက်မှရ…
သတိတရားမျှသာ ဖြစ်၏။ လ…
ကိုချစ်ကောင်း၏ အဖြစ်ကိုမူ …
ယောက်မျှ မကယ်နိုင်ကြတော့…

* * *

ဆောင်…



www.burmeseclassic.com

www.burmeseclassic.com

ကျော်တင့်ဆွေ

# ဆေးဖက်ဝင် ပေါက်ပန်းဖြူ

အရွက်၊ အပွင့်၊ အသီးနုများကို မြန်မာတွေက တို့စရာအဖြစ် စားသုံးလေ့ရှိကြပါတယ်။ ပေါက်ပန်းဖြူရွက်ကို ဟင်းရွက်အဖြစ် စားသုံးကြသလို၊ ရောဂါဝေဒနာများကို ကုသရာမှာလည်း ဆေးဝါးအဖြစ် အသုံးဝင်စေပါတယ်။ ပြုတ်တို့စားရာတွင်လည်း ခံတွင်းကို ကောင်းစေကာ ထမင်းကို မြိန်စေပါတယ်။ သားငါးများနဲ့ အသုပ်အဖြစ် စားသုံးနိုင်ပါတယ်။ ဒါ့အပြင် ကြော်ချက်၊ အချိုဟင်း၊ အချဉ်ဟင်း ဟင်းစားသီးနံအဖြစ် စားသုံးပေးခြင်းဖြင့် ရောဂါအန္တရာယ်ကို ကင်းဝေးစေနိုင်ပါတယ်။

## ဟင်းလျာတစ်ခွက် ရောဂါအတွက်

ရောဂါတွေအတွက် ဟင်းလျာတစ်ခွက်အဖြစ် ပေါက်ပန်းဖြူအနီရဲ့ အရွက်၊ အသီး၊ အပွင့်တို့ကို ရောစပ်ကာ ဆိတ်သားနဲ့ ကြော်စားပေးနိုင်ပါတယ်။ ဒီဟင်းလျာက အင်အားကုန်ခမ်းကာ ပိန်ချုံးခြင်း၊ အသားအရေခန်းခြောက်ခြင်း၊ ပန်းသေ ပန်းညှိုးရောဂါဖြစ်ခြင်း၊ လေ, သလိပ်, သည်းခြေဖောက်ပြန်ခြင်းတို့ကို ပျောက်ကင်းစေနိုင်ပါတယ်။

## အရေပြားရောဂါ

မီးဖိုခေါင် စားသုံးပင် ပေါက်ပန်းဖြူအနီရွက်ကို ထမင်းရည်ပျစ်ပျစ်နဲ့ ကြိတ်လို့ရတဲ့ ကြိတ်ဖတ်များကို နာတာရှည်နေသော အနာများ၊ အနာဆွေးများကို အုံပေးနိုင်ပါတယ်။ အနာစိမ်းများအတွက်လည်း အထက်ပါအတိုင်း အသုံးပြုနိုင်ပါတယ်။ အနာအညှော်ဝင်ခြင်းနဲ့ ငန်းမန်းတို့ ဖြစ်ပါက အသုံးဝင်စေပါတယ်။

ပေါက်ပန်းဖြူရွက်ကို ကြိတ်၍ အရည်တို့ကို ရေနွေးပူ မီးပူလောင်ခြင်းတို့ကို လိမ်းပေးနိုင်ပါတယ်။ အနာစိမ်း၊ အနာဟောင်း၊ အနာဝင်ခြင်း၊ အညှော်မိခြင်း၊ အနာ ငန်းမန်းအားကြီး၍ ရောင်ကိုင်းခြင်း၊ ပြင်းထန်စွာ ကိုက်ခဲခြင်းတို့ကိုလည်း သက်သာစေနိုင်ပါတယ်။

## ကြပ်ထုပ်ထိုး ကုသနည်း

ဒီကုထုံးကို မြန်မာဆေးဆရာများ၊ သမားအစဉ်အဆက်မှ လက်ခံသုံးစွဲ ကုသလျက်ရှိကြပါတယ်။ ကြပ်ထုပ်ထိုးနည်းကတော့ ပေါက်ပန်းဖြူအနီရွက်ကို အိုးတစ်လုံးထဲမှာ ပြုတ်၍ ဆူလာလျှင် အိုးဝကို ပိတ်ပါးတစ်ခုနဲ့ အုပ်စည်းထားပါ။ ထိုပိတ်ပါးပေါ်တွင် ကြပ်ထုပ်ကို တင်ထားပါ။ ထိုကြပ်ထုပ်နဲ့ အနာများကို ထိုးပေးပါ။ ကြပ် ထုပ်ထိုးသင့်တဲ့ ရောဂါတွေကတော့ ကိုယ်လက်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်း၊ အနာဟောင်းဖြစ်စေ၊ အနာဝင်၍ ဖြစ်စေ၊ အညှော်ဝင်မိ၍ ဖြစ်စေ၊ ငန်းမန်းအားကြီးခြင်းတို့ ဖြစ်စေ အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် အခြားရောဂါတွေဖြစ်တဲ့ မျက်စိ နာသူများ၊ တိမ်စွဲမျက်စိရောဂါ၊ အဖောရောဂါတို့ကိုလည်း ကြပ်ထုပ်ထိုး ကုသပေးနိုင်ပါတယ်။

## ပေါက်ပန်းဖြူနီပွင့် လက်ဖက်ရည်

ပေါက်ပန်းဖြူနီအပွင့်များကို အခြောက်လှန်းကာ ပေါက်ပွင့်အနည်းငယ်မျှကို ရောစပ်ကာ လက်ဖက်ရည်ကြမ်းအဖြစ် သောက်ပေးခြင်းဖြင့် ဆီးလမ်းကြောင်းနဲ့ ပတ်သက်တဲ့ ရောဂါတွေဖြစ်တဲ့ ဆီးအိမ်ကျောက်တည်ခြင်း၊ ဆီးခုများခြင်း၊ ဆီးအိမ်နာကျင်ကိုက်ခဲခြင်း၊ ဆီးနည်း ဆီးကျန်ရောဂါ၊ ဆီးပူ ဆီးအောင့်ရောဂါ၊ ဆီးပုပ် ဝမ်းပုပ်ရောဂါများ၊ ဆီးချုပ်ခြင်း၊ ဖျဉ်းစွဲသော ရောဂါ၊ အရေပြားထွင် အပ်စိုက်သကဲ့သို့ ခံစားရခြင်း၊ ဦးနှောက်သို့ သွေးအရောက်များခြင်း၊ အသားအရေ မစိုပြည်ခြင်း၊ သည်းခြေ ခန္ဓာကိုယ်တစ်ခုလုံး အသားဝါရောဂါ၊ ခြေဖျားလက်ဖျား ချွေးမထွက်သော ရောဂါ၊ ဖေးထန်းခြင်း၊ ကိုယ်လက်တောင့်တင်းကာ ရောင်အမ်းသော ရောဂါ၊ သုက်ခန်းခြင်း၊ အရိုးအဆစ်အဆက်တို့တွင် ပြ



www.burmeseclassic.com

www.burmeseclassic.com

သော ကျန်းမာရေးပြဿနာ၊ အရိုးနာကျင်ကိုက်ခဲခြင်း၊ ကိုယ်ပူ၍ ရေငတ်ခြင်း အစရှိတဲ့ ရောဂါလက္ခဏာများအတွက် အသုံးဝင်စေနိုင်ပါတယ်။

**ထိပ်ကပ်နာ၊ ဖွတ်စအိုနာ ကုသနည်း**

ဆေးဖက်ဝင် အသုံးပြုနည်းမှာ ပေါက်ပန်းဖြူအနီနဲ့ အပွင့်ကို အခြောက်လှန်း၍ ထိုအမှုန့်ကို နာရှူဆေးအဖြစ် ရှူပေးခြင်းဖြင့် ဖွတ်စအိုနာနဲ့ ထိပ်ကပ်နာတို့ ကုသရာမှာ အသုံးဝင်ပါတယ်။

**အရေပြားရောဂါကုသနည်း**

ပေါက်ပန်းဖြူအနီရွက်နဲ့ အပွင့်တို့ကို ဆတူ ရောစပ်၍ ရရှိသော အမှုန့်များကို အုန်းဆီ (သို့မဟုတ်) နှမ်းနက်ဆီနဲ့ ဖျော်ကာ လိမ်းဆေးရည်အဖြစ် လိမ်းပေးနိုင်ပါတယ်။ အရေပြားရောဂါတွေ ဖြစ်ကြတဲ့ ဝဲရောဂါ၊ ဝမ်းခြောက်ရောဂါ၊ နင်းခူရောဂါ၊ သွေးရောဂါ၊ ညှင်းရောဂါ၊ ကိုယ်လက်ယားယံသော ရောဂါတို့ကို ကုသရာမှာ အသုံးဝင်ပါတယ်။ ဒါ့အပြင် မကွဲရှနာကိုလည်း လိမ်းပေးနိုင်ပါတယ်။

**ဆံပင်လိမ်းဆေး**

ပေါက်ပန်းဖြူအနီရွက်၊ အပွင့်တို့ကို ဆတူ ရောစပ်ကာ အခြောက်မှုန့်ကို အုန်းဆီနဲ့ ရောစပ်၍ ဆံပင်ကို နေ့စဉ်လိမ်းပေးခြင်းဖြင့် ဗောက်များ၊ သန်းများကို ကာကွယ်စေနိုင်ပါတယ်။ ဦးရေပြား ဆံပင်ကြားထဲမှာ ပေါက်သော အနာအဆာများ၊ ဦးရေပြား ယားယံခြင်း၊ ဦးရေပြား ကျိန်းစပ်ခြင်း၊ ဦးရေပြား တင်းခြင်း၊ ဦးရေပြား ခြောက်ခြင်း၊ ဦးရေပြား ပူခြင်း၊ ဦးရေပြားမှာ အပ်စိုက်သကဲ့သို့ ခံစားရခြင်း၊ ခေါင်းအုံ၍ ထိုင်းမှိုင်းခြင်းတို့ကို ကုသရာမှာ အသုံးဝင်ပါတယ်။

**ကလေးကျန်းမာရေး**

သားဖွားပြီးစ ကလေးချက်ကိုက်နာကို မြန်မာလက်သည်များ အသုံးပြုသော ကုသနည်းမှာ ပေါက်ပန်းဖြူပွင့်ကို အခြောက်လှန်း၍ အမှုန့်ပြုပြီး နှမ်းဆီစစ်စစ်နဲ့ ဖျော်၍ လိမ်းဆေးအဖြစ် အသုံးပြုကြပါတယ်။ အနာကိုလည်း ကျက်စေနိုင်ပါတယ်။ ဒါ့အပြင် ကလေးများတွင် ယားယံစေတတ်တဲ့ အဖုအပိန့်များ၊ အနာများ ရှိက လိမ်းပေးနိုင်ပါတယ်။

**ဆေးဖက်ဝင် ပေါက်ပန်းဖြူပြုတ်ဆေးရည်**

အချို့သော ဒေသပေါက်ပင်များကို ပြုတ်ဆေးရည်အဖြစ် ဆေးဝါးကုသရာမှာ မြန်မာဆေးဆရာများက အများအပြား အသုံးပြုလေ့ရှိကြပါတယ်။ ပေါက်ပန်းဖြူအနီရွက်နဲ့ အပွင့်အပါဝင် ပေါက်ပွင့်တို့ကို ပြုတ်ပြီး ရရှိတဲ့ ပြုတ်ဆေးရည်ဟာ အနာအဆာများကို ဖန်ရည်အဖြစ် ဆေးကြောပေးပါက အနာကို အသားနု အမြန်တက်စေနိုင်ပါတယ်။ ...
အပြင် အဆိုပါ ပြုတ်ဆေးရည်ကို နှာခေါင်းမှ ရှူရှိုက်ပေး...
ခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်တဲ့ ရောဂါတွေကတော့...
နှာခေါင်းသွေးလျှံခြင်း၊ ထိပ်ကပ်နာ၊ ဖွတ်စအိုနာ၊ နှာခေါ...
အတွင်း အပုပ်နံ့ထွက်ခြင်း၊ နားအုံခြင်း၊ နားလေထွက်ခြ...
နားခဏခဏ ယားယံခြင်းများကို သက်သာပျောက်ကင်း...
ပါတယ်။

**သွားခံတွင်းနှင့် လည်ချောင်းရောဂါကုသနည်း...**

ဆေးနည်းကောင်းတစ်လက်ဖြစ်ပါတယ်။ ကျေး...
ဒေသများနဲ့ ကိုက်ညီတဲ့ ဆေးနည်းပါပဲ။ အိမ်သုံး ဆေး...
ဖော်စပ်နည်းကတော့ ပေါက်ပန်းဖြူအနီမြစ်ကို အခြောက်...
အမှုန့်ပြု၍ ၎င်းအမှုန့်တစ်ဆ၊ ဆီးဖြူသီးအခြောက်မှုန့်တ...
သိန္ဓောဆားအမှုန့်တစ်ဆတို့ကို ရောစပ်ကာ ပုလင်းတ...
နဲ့ ထည့်ထားပါ။ အဆိုပါ အမှုန့်များကို နေ့စဉ် သွားတို...
ဆေးကဲ့သို့ တိုက်ပေးခြင်းအားဖြင့် သွားကျန်းမာရေးနဲ့ ...
သက်တဲ့ သွားပိုးစား၊ သွားကိုက်၊ သွားနာခြင်း၊ ခံတွင်း...
ဆိုးသော ရောဂါ၊ ခံတွင်းခြောက်တဲ့ ရောဂါ၊ အသံပျက်...
လည်ချောင်းပူ၍ ရေငတ်ခြင်း၊ တံတွေး ခဏခဏထွက်...
အစားအဆိပ်တောက်ခြင်း၊ ခံတွင်းပျက်ခြင်း စသည်တို့...
ပျောက်ကင်းစေနိုင်ပါတယ်။

အထက်ပါ ဆေးမှုန့်များကို လျှာကို ပွတ်ပေးခြင်း...
လည်း ဖျားခြင်း၊ ခါးတဲ့ အရသာများ လျှာပေါ်တွင် ကျ...
ခဲ့ခြင်း၊ ခံတွင်းပျက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ လေ, သလိပ်, သွ...
ခြေဖောက်ပြန်ခြင်း၊ လျှာလေး အာလေးဖြစ်ခြင်း၊ အစာ...
ဆေးမှား၊ ဇက်ကြောတက်ခြင်း၊ ချွေးငုပ်၊ ချမ်းတုန် ပူ...
ရောဂါများ အသုံးဝင်စေပါတယ်။

**ကိုယ်ဝန်ဆောင်စဉ် အဆိပ်အတောက်ဖြစ်ခြ...**

ပျဉ်းတော်သိမ်အရွက်တစ်ဆ၊ ပေါက်ပန်းဖြူအ...
တစ်ဆ၊ ဆီးဖြူသီးတစ်ဆအခြောက်မှုန့်တို့ကို ရောစ...
ဆေးတစ်ခွက်စာအဖြစ် ဆေးမှုန့် လက်ဖက်ငွန်းတစ်ငွန်း...
ကျွေးခြင်းဖြင့် ကိုယ်ဝန်ဆောင်များ အစားမှား အဆိပ်ရှိ...
သတ္တဝါများရဲ့ အဆိပ်ကို ပြေစေနိုင်ပါတယ်။□

အာရောဂျ ပရမံ ...

* * *

ကျော်တင်...



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မတ်လ

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု

၅ တေး ၆ ကြာ ၇ နေ

ဂမ္ဘီရဆန်းကြယ်

# ၁၂ နှစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

## ➢တနင်္ဂနွေသားသမီးများ

ဤလတွင် ကောင်းတာတွေ ဘယ်လောက်ပဲလုပ်လုပ် သူတစ်ပါးရဲ့ မကောင်းပြောခြင်း အကြောင်းမဲ့ ခံရတတ်ပါသည်။ အလုပ်အကိုင်မှာလည်း ထိခိုက်တတ်သည်။ ငွေကတော့ ဝင်မည်။ စည်းနှင့် ကမ်းနှင့် သုံးပါ။ သင်ကိုယ်တိုင် ကျန်းမာရေး မညံ့ သော်လည်း သင့်အိမ်သားတွေက ကျန်းမာရေးညံ့နေတတ်သည်။ ခရီးတိုလေးတွေ သွားရမည်။ ခရီးသွားလျှင် နစ်ဆင့်ခရီးဖြစ်လိမ့်မည်။ သင့်ငယ်သား (သို့မဟုတ်) ကလေး နေမကောင်းဖြစ်တတ်သည်။ ပတ်ဝန်းကျင်တွင် စနေသား၊ အင်္ဂါသားတို့နှင့် စကားများလိမ့်မည်။ ပြဿနာမဖြစ်အောင် နေပါ။ ယခုလ သင့်ကံဇာတာ မှေးမှိန်နေသည်။

အိမ်ပေါ်တွင်၊ အိမ်နားတွင်လည်း သူခိုးအခိုးခံရတတ်သည်။ ငွေတွေ ဘယ်လောက်ရရ အကြွေးတင်နေဦးမည့် အချိန်ပါ။ ငယ်ရွယ်သူများ ယခုလ အချစ်ရေးတွင် စိတ်သောက ကြုံတွေ့ရတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့် သဘောထား ကွဲလွဲနေတတ်သည်။

အိမ်တွင် အနေအထားပြောင်းလဲမှုကြုံမည်။ ယခုလ အလုပ်တွင်လည်း အပြောင်းအလဲကြုံရဦးမည်။ ဘုရားဖူးထွက်လိုက်ပါ။ စိတ်ချမ်းသာမှုများ ရရှိပါလိမ့်မည်။ ယခုလသည် ကုသိုလ်ကောင်းမှုတွေ များများလုပ်သင့်သည့်လပါ။ ဘာသာရေးဖိလုပ်ပါ။

**ယတြာ။** ။ သပြေပန်း(၇)ညွန့်ကို တန်ခိုးကြီးဘုရား၏ တနင်္ဂနွေထောင့်တွင် တနင်္ဂနွေနေ့နံနက်စောစောသွား၍ လှူဒါန်းပါလေ။ ပြီးလျှင် သရက်ဖက်ပုံ သုံးပါးကို ပုတီး (၇)ပတ်စိပ်ပါ။ အညံ့များ ပြေပျောက်၍ ကောင်းကျိုးချမ်းသာများ ရရှိလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၆၊ ၀၊ ၁)ဂဏန်းများဖြင့် ထီကံစမ်းပါ။ ထီလက်မှတ်တွေကို သေတ္တာထဲ ထည့်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## ➤ တနင်္လာသားသမီးများ

ဤလတွင် ထီပေါက်သကဲ့သို့ ငွေများ အလုံးအရင်းနှင့် ဝင်လိမ့်မည်။ အလှူဒါနတွေ များစွာပြုဖြစ်မည်။ ကံဇာတာ အလွန်ကောင်းနေသည့်လပါပဲ။ မျက်နှာပွင့်လန်းနေမည်။ ပြောဆိုသမျှ အထူးအောင်မြင်နေမည်။ အိမ်ထောင်ရှင်များ လင်မယား ကတောက်ကဆဖြစ်တတ်သော်လည်း ပြဿနာမဖြစ်ပါ။ သို့သော် အိမ်တွင်းရေးအဆင်ပြေအောင်နေလျှင် ပိုပြီးလာဘ်ရွှင်နေမည်။ ငွေလည်း ပိုဝင်လာမည်။ အိမ်ထောင်ရေး သစ္စာရှိရမည့်အချိန်ပါ။ ငယ်ရွယ်သူများအတွက် အချစ်ရေးကိစ္စများ ပြေလည်တတ်ပါသည်။ သို့သော် မျက်နှာအလွန်ပွင့်နေတတ်ချိန်ဖြစ်သဖြင့် ချစ်သူ့အပေါ် သစ္စာရှိဖို့ လိုသည်။ စက်၊ စိန် စသည်တို့ကို အကြောင်းပြု၍ စိတ်ညစ်ရတတ်၏။ ရာထူးတိုးသော်လည်း တစ်ခါတစ်ရံ၌ အလုပ်တွင် မပျော်သလိုလည်းဖြစ်မည်။ ရွှေထွက်တတ်ပါသည်။ ဝမ်းဗိုက် ဥပါဒ်ပေးတတ်ပါသည်။ နားရသည်ဟု မရှိဘဲ အလုပ်များခြင်း၊ ခရီးတိုများ တစ်ခုပြီးတစ်ခု ထွက်နေရပါလိမ့်မည်။ နိုင်ငံခြားခရီး စီစဉ်ထားသူများ ယခုလ မုချထွက်ရအုံး။ ကောင်း၏။ ပျော်ပျော်နေပါ။ ဘာသာရေးဖိလုပ်ပါ။ တစ်ချက်တည်းနှင့် တစ်သက်စာအတွက် ကောင်းစားခွင့် ကြုံနေသည့်ကာလပါ။

**ယတြာ။** ။ တနင်္လာနေ့၌ တစ်ကြိမ်၊ စနေနေ့၌ တစ်ကြိမ်၊ နန်းကြီးသုပ်ကို ဆွမ်းတော်ကပ်ပါ။ ထို့နောက် သင့်အိမ်မှ လွယ်အိတ်တစ်လုံးကို ပုံသကူပစ်သကဲ့သို့ အကျအနထုပ်၍ လမ်းပေါ်မှာ ပစ်ပါ။ ကောင်းကျိုးချမ်းသာများ သင့်ထံသို့ ရောက်လာပါလိမ့်မည်။ ယခုလမှစပြီး ကိုးနဝင်း မိုးလင်းမှ သိမယ်ဆိုသည့် အမိဋ္ဌာန်ကို စွဲစွဲမြဲမြဲပွားထုံသွားပါ။ ကောင်းကျိုးချမ်းသာတွေ မုချ ခံစားရပါအုံး။

**ထီကံစမ်းရန်။** ။ (၇၊ ၁၊ ၂)ဂဏန်းများဖြင့် ထီကံစမ်းပါ။ ပြီးလျှင် ထီလက်မှတ်တွေကို ဘုရားကျောင်းဆောင်ပေါ်မှာ တရိုတသေတင်ထားပါ။

## ➤ အင်္ဂါသားသမီးများ

ကံဇာတာ ကောင်းနေပါသည်။ ရတနာသုံးပါးကို အထူးပူဇော် အားထုတ်မှု ပြုသင့်ချိန်ပါ။ မိဘဆရာတွေကိုလည်း အထူးကန်တော့ပေးပါ။ ကောင်းကျိုးထူးပါအုံး။ ထို့အပြင် ရိုးရာနတ်တွေကိုလည်း ပ,သပေးတာ၊ ဂါရဝပြုပေးတာ၊ အထူးအမျှဝေပေးတာမျိုးတွေ ပြုသင့်ချိန်ပါ။

ဤလအတွင်း ငွေရေးကြေးရေးခက်ခဲမည့်ပုံ ကြုံရသော်လည်း တကယ်တွင် အလိုလို အဆင်ပြေရပါလိမ့်မည်။ ငွေအတွက်နှင့် သောက,မဖြစ်ပါနှင့်။ အလုပ်ကို စိတ်မဝင်စားဘဲ အလုပ်မှရွှေ့ပြောင်း၍ လုပ်ငန်းသစ်များ လုပ်ကိုင်ရန် စိတ်ကူးမိနေပေလိမ့်မည်။ လောလောဆယ်၌ ရွှေ့ပြောင်းရန် မသင့်သေးပါ။ အင်္ဂါနံပစ္စည်းများဖြစ်သည့် စက်၊ စိန် ဝင်တတ်ပါသည်။ အမှုဖြစ်တတ်၏။ အစားမှားခြင်း၊ အစာအဆိပ်သင့်ခြင်းများ ဖြစ်တတ်ပါသည်။ နိုင်ငံခြားခရီးသွားရန် စာရင်းပါပြီးမှ အပယ်ခံရခြင်းမျိုး ဖြစ်တတ်ပါသည်။ စကားများရတတ်ခြင်း၊ တပည့်တပန်း၊ သားသမီးနှင့်ပတ်သက်၍ စိတ်ညစ်ရတတ်ပါသည်။ မြေဝင်တတ်ပါသည်။ ပညာထူးတစ်ခုခု ရတတ်ပါသည်။ ငယ်ရွယ်သူများ ရုတ်တရက် အိမ်ထောင်ပြုရတတ်သည်။ အနေအထိုင် အသွားအလာ ဆင်ခြင်ပါ။ စုတ်ရော လာဘ်ပါ ပွင့်လန်းနေ၏။ ကျန်းမာရေးကောင်းမည်။

**ယတြာ။** ။ ဘုရားစင်ပေါ်မှာ စပယ်ပန်း ရှစ်ကုံးကို ပန်းမွှေ့ယာခင်းလိုက်ပါ။ ပြီးလျှင် မေတ္တာသုတ်ပရိတ်တော်ကို ကျကျနန ရွတ်ပွားပူဇော်ပါ။ သတ္တဝါတွေကို လေးလေးနက်နက် အမျှဝေပေးပါ။ နံနက်စောစောတိုင်း ထိုသို့ဆောင်ရွက်ပါ။ ထို့ပြင် ထန်းလျက် (၁၁)ခဲကို လမ်း၌ တွေ့သောခွေးအား ပစ်၍ကျွေးလိုက်ပါ။ ကောင်းကျိုးချမ်းသာများ ရရှိလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၃၊ ၄၊ ၅) ဂဏန်းတွေနှင့် ထီထိုးပါ။ ထီပေါက်လျှင် ဆယ်ပုံတစ်ပုံလှူဖို့ အဓိဋ္ဌာန်ပြုပါ။ ထီလက်မှတ်တွေကို အဝတ်ဗီရိုထဲမှာ ထည့်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## >ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ဤလအတွင်း ငွေရေးကြေးရေးကို အကြောင်းပြု၍ စိတ်သောက ရောက်စရာ ကြုံရတတ်ပါသည်။ ငွေအလိမ်ခံရတတ် ပါသည်။ ငွေနှင့်ပတ်သက်၍ မည်သည့် ကတိစကားကိုမျှ မယုံပါနှင့်။ နားမယောင်ပါနှင့်။ ထို့ပြင် အသားထဲက လောက်ထွက် ဆိုသည့်အတိုင်း မိတ်ဆွေ၏ မကောင်းကြံစည်ခြင်းကို ခံရတတ်ပါသည်။ အထူးသတိပြုပါ။ သားသမီးကို အကြောင်းပြု၍ စိတ်ဆင်းရဲစရာများ ပေါ်တတ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သွေးနှင့် ပတ်သက်သော ရောဂါများ ဖြစ်တတ်ပါသည်။ လူဝင်လူထွက် မကောင်းပါ။ ညအိပ်ဧည့်သည် လက်မခံပါနှင့်။ စက်၊ စိန်စသည့် အင်္ဂါနှင့် ပတ်သက်သော ကိစ္စများအတွက်မူ ဆောင်ရွက်ရန် အကောင်းဆုံးလဖြစ်သည်။ အဝတ်အထည်များ မမျှော်လင့်ဘဲ ဝင်လာတတ်ပါသည်။ အဖိုးတန် စက်(သို့မဟုတ်) ထိုထည်ပစ္စည်း ဝင်မည်။ ကောင်းသည်။ ယခုကာလ နေအိမ်တွင် မပျော်ဘဲ ဖြစ်နေတတ်သည်။ အိမ်ကို တရော်ကာပ်ပွန်းရည်ဖြင့် ဆေးပါ။ လာဘ်ရွှင်လာပါလိမ့်မည်။ အလုပ်အကိုင်လည်း တိုးတက်မည့်အချိန်ပါ။ အဓိဋ္ဌာန်တစ်ခုလောက် စွဲစွဲမြဲမြဲဝင်ကြည့်ပါ။ ဥပမာ- အရဟံဂုဏ်တော်တစ်ခုတည်းကို နေ့စဉ် ပုတီး (၉)ပတ်လောက် ပုံမှန်လေး စိပ်သွားကြည့်ပါ။ မုချ ထူးခြားစွာ တိုးတက်လာပါလိမ့်မည်။

ကြာ။ ။ တနင်္ဂနွေနေ့ (သို့မဟုတ်) အင်္ဂါနေ့၌ ဒုန်းသီးစိမ်းတစ်လုံးကို အဝလုပ်၍ အရည်များ သွန်ပစ်ပြီး ဆားအပြည့်သိပ်လျက် နံနက် ၅နာရီခန့်၌ ညောင်ပင်ကြီးကြီးသို့သွား၍ ရုက္ခစိုးအား သင်၏ ဒုက္ခများ ပြေပျောက်အောင် ဆုတောင်းပါ။ ညနေပိုင်းတွင် လမ်းမှ ခွေးအား ပဲကြော်နှစ်ခု ကျွေးပါ။ ကောင်းကျိုး ချမ်းသာများ သင့်ထံ ရောက်လာပါလိမ့်မည်။

ဓိကံစမ်းရန်။ ။ (၁၊ ၉၊ ၄)ဂဏန်းတွေနှင့် ထီထိုးပြီး ထီလက်မှတ်တွေကို အိပ်ရာအနီးမှာ ထားလိုက်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

BURMESE CLASSIC .com

## >ကြာသပတေးသားသမီးများ

ဤလအတွင်း အလုပ်အကိုင်များတွင် အဆင်မပြေဖြစ်နေတတ်ပါသည်။ အလုပ်သစ် အကိုင်သစ်များ ပြောင်းလုပ်လိုစိတ် ပါမည်။ မလုပ်ပါနှင့်။ လုပ်မိပါလျှင် ဒုက္ခရောက်ပါလိမ့်မည်။ ငွေလိမ်ခံရတတ်သည်။ ငွေကိစ္စမှန်သမျှ သတိထားပေတော့။ ရာတု၊ ဘိုးတော်တုများ နေအိမ်သို့ ရောက်လာတတ်သည်။ အင်္ဂါနီ စက်ပစ္စည်းများ ဝင်မည်။ ဝင်လျှင် အကျိုးပေးမည်။ ထွက်မည်။ ခရီးတစ်ခုသွားရမည်။ မိတ်ဆွေတစ်ဦးနှင့် ပတ်သက်၍ ငွေကြေးထွက်ကိန်းရှိပါသည်။ အမိအဖ ဆရာသမား သည့် ပုဂ္ဂိုလ်များ၏ အကြံပေးချက်များကို ယူ၍ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ပါသည်။

ငယ်ရွယ်သူများ အချစ်ရေးအတွက် စိတ်ညစ်စရာ ကြုံတွေ့ရတတ်သည်။ သည်းခံပါ။ စိတ်ရှည်ပါ။ သင်တန်းတစ်ခု က်ရောက်ရမည်။ အဆိုပါ သင်တန်းသည် ပညာရေးနှင့် ပတ်သက်သော သင်တန်းဖြစ်ပါသည်။ ကျန်းမာရေး ဂရုစိုက်ရမည့် ာလပါ။ သင့်နေအိမ်မှာ မသန့်ပါ။ ဝိညာဉ်တစ်ခု စွဲကပ်နေတတ်သည်။ ကုသိုလ်တစ်ခုခုပြုပြီး အမျှဝေပေးပါ။

ကြာ။ ။ အုန်းပန်းခိုင် နှစ်ခိုင်ကို တန်နိုးကြီးဘုရား၏ တနင်္ဂနွေထောင့်တွင် ကပ်လှူပါက အညံ့များ ပြေပျောက်၍ ကောင်းကျိုးများကို ရရှိပါလိမ့်မည်။ ထို့ပြင် ကောက်ညှင်းပေါင်းနှင့် ဗယာကြော်ဝယ်ပြီး သူငယ်ချင်းတွေ၊ မိတ်ဆွေတွေကို ကျွေးမွေးကာ ဒါနပြုလိုက်ပါ။

ဓိကံစမ်းရန်။ ။ (၁၊ ၂၊ ၃) ဂဏန်းတွေနှင့် ထီထိုးပြီး ပိုက်ဆံအိတ်ထဲ ထည့်ထားလိုက်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➤ သောကြာသားသမီးများ

ယခုလတွင် သင်သည် ငွေဝင်သလောက် အကုန်အကျလည်း များပေလိမ့်မည်။ ငွေထွက်ပေါက်များ ပိတ်ဆို့ မရအောင် ဖြစ်နေလိမ့်မည်။ ခရီးရှည် သွားရတတ်ပါသည်။ နိုင်ငံခြားသို့ပင် သွားရတတ်ပါသည်။ ထိုခရီးမှာ သင့်အတွက် ကောင်းပါသည်။ မီးလျှပ်စစ် ဒုက္ခပေးတတ်၏။ အမှုပေါ်တတ်၏။ အလုပ်မှ ရုတ်တရက် နားရတတ်သည်။ အတိုက်အခံ ပေါ်တတ်ပါသည်။ တစ်သက်လျှံတွဲလာသော မိတ်ဆွေနှင့် စိတ်ဝမ်းကွဲတတ်ပါသည်။ မုဆိုးဖို မုဆိုးမများ အိမ်ရောက်လာပါက အမှုအခင်းဖြစ်တတ်၍ လက်မခံပါနှင့်။ ခါးနာခဲ့သော် ဆေးထိုးခြင်းမပြုအဲ လူးဆေး သောက်ဆေးဖြင့်သာ ကုပါ။ သင့်အား သူတစ်ပါးက ဆေးဝါးအတတ်ဖြင့် ဒုက္ခပေးတတ်ပါသည်။ အိုးအိမ်နေရာထိုင်ခင်းအတွက်လည်း စိတ်သောက ရောက်စရာများ ပေါ်တတ်ပါသည်။ ကံညံ့နေတာတော့ မဟုတ်ပါ။ တိုးတက်ဖို့ ရှိနေတာကို အဖျက်တွေ ဝင်နေတဲ့ သဘောပါ။ ဝန်းကျင်ကို အာရုံပြုပါ။ လေ့လာပါ။ သူများတွေကို စိတ်ဝင်စားကြည့်လိုက်ပါ။ သူများကိစ္စတွေမှာ (လိုအပ်သလို) စိတ်ပါလက်ပါ ကူညီပေးပါ။ ထူးခြားစွာ ကံကောင်းလာပါလိမ့်မည်။ ယခုအချိန်မှာ မောက်မာ မော်ကြွားတာတွေ လုံးဝ မလုပ်မိပါစေနှင့်။ အိမ်တွင်းရေးကိစ္စတွေ သိမ်မွေ့စွာ ကိုင်တွယ်ပါ။ စကားချိုသာပါ။

**ယတြာ။** ။ ရှောက်သီးတစ်လုံးမှည့်မှည့်ကို ရှာ၍ ဘုရားကျောင်းဆောင်တွင် ဗုဒ္ဓဟူးနေ့ နံနက်စောစော၌ အလုံးလိုက် ကပ်လှူလိုက်ပါ။ လေးလုံးလှူထားပါ။ ထို့ပြင် တနင်္ဂနွေနေ့ညနေ၌ ဘဲဥပြုတ်တစ်လုံးကို အခွံခွာ၍ လမ်း၌ ရှိသော ခွေးတစ်ကောင်အား ချကျွေးပါ။ ကောင်းကျိုးချမ်းသာများ သင့်ထံသို့ ရောက်လာပါလိမ့် မည်။ လောကဝိဇ္ဇဂုဏ်တော်ကို နေ့စဉ် ပုတီး(၁၀)ပတ်လောက် ပုံမှန်စိပ်သွားပါ။

**ထီကံစမ်းရန်။** ။ (၄၊ ၈၊ ၆) ဂဏန်းတွေနှင့် ထီထိုးပြီး ပိုက်ဆံအိတ်ထဲမှာ သိမ်းထားပါ။

BURMESE CLASSIC .com

## ➤ စနေသားသမီးများ

ဤလအတွင်း ရွှေထည်ပစ္စည်း၊ လက်စွပ် ဝင်လာရရှိတတ်သည်။ လုပ်ငန်းသစ်ပေါ်ခြင်း၊ အိမ်သစ်ဆောက်လုပ်ခြင်း၊ အိမ်သစ်ဝင်ခြင်းများ ကြုံတွေ့ရတတ်ပါသည်။ ယခုအချိန်တွင် ပတ်ဝန်းကျင်က သင့်ကို အလွန်အထင်ကြီးနေမည်။ မနာလို ဝန်တိုလည်း ဖြစ်နေတတ်သည်။

ဘုရားဖူးခရီး ထွက်ရတတ်သည်။ နိုင်ငံရပ်ခြားသို့သွားရန် လျှောက်ထားသူများ ဤလအတွင်း သွားရောက်ခွင့်ရရှိတတ် ပါသည်။ နေအိမ်တွင် သူခိုးခိုးခံရတတ်ပါသည်။ သတိထားပါလေ။ အိမ်တွင်းရေး တည်ငြိမ်အောင်နေပါ။ အလုပ်တွင်လည်း အတွင်းရေး မကျေလည်မှုလေးတွေ ကြုံမည်။ သည်းခံပေးပါ။ အိမ်တွင် မြွေနှင့်ပတ်သက်သော နိမိတ်တွေ့ရအံ့။ ကောင်းသည် မြွေဝင်က မသတ်ပါနှင့်။ ထူးခြားစွာ ငွေများဝင်လာပါအံ့။

ငယ်ရွယ်သူများ မင်္ဂလာကိစ္စ တွေ့ကြုံတတ်သည်။ (သို့မဟုတ်) မိတ်ဆွေတစ်ဦး၏ မင်္ဂလာကိစ္စကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ရတတ်သည်။ ထိုသို့ တွေ့ကြုံပါက စိတ်ရော ကိုယ်ပါ ဆောင်ရွက်ပေးပါလေ။ သင့်အတွက် မျှော်မှန်းထားသော ကိစ္စများ အောင်မြင်မှုရရှိပါလိမ့်မည်။

ထီထိုးရန် ဝါသနာပါက မင်္ဂလာစုံတွဲကို များများထိုးပါ။ ထီပေါက်ကိန်းများ ရှိနေပါသည်။ ကံကောင်းနေပါသည်။ ကျန်းမာရေး ဝမ်းဗိုက်ကို ဂရုစိုက်ပါ။

**ယတြာ။** ။ တန်ခိုးကြီးဘုရားရှိ တနင်္ဂနွေထောင့်တွင် ယပ် (၆)ချောင်းကို မိမိနာမည်ရေးပြီး ကပ်လှူပါ။ အညံ့များ ပြေပျောက်၍ ကောင်းကျိုးချမ်းသာများ ရရှိပါလိမ့်မည်။ ယခုတစ်လလုံး သရဏဂုံ သုံးပါးကို နေ့စဉ် ပုတီး (၁၀)ပတ်စိပ်ပြီး ကုသိုလ်ကံ မြှင့်တင်သင့်ပါသည်။

**ထီကံစမ်းရန်။** ။ (၈၊ ၅၊ ၆) ဂဏန်းများဖြင့် ထီထိုးပြီး အိပ်ရာအောက်မှာ ထားအိပ်ပါ။

*အားလုံးသဏ္ဍဝါ ချမ်းသာပါစေ*

*ဆောင်းဗေဒင် ဆရာ...*

*(၀၉-၇၃၀-၂၅၀၇၁ / ၀၁-၅၅၉-၁၇...*

*****



www.burmeseclassic.com